ရွှေကျင်နိကာယ ဂဏသမုဒ္ဒါပကာ

# ပထမ ရွှေကျင်ဆရာတော်ကြီး

## နှစ်တစ်ရာပြည့် အထိမ်းအမှတ်

စာစောင်

# ပထမ ရွှေကျင်ဆရာတော်ဘုရားကြီး၏

# နှစ်[၁၀၀]ပြည့် အထိမ်းအမှတ်

# စာစောင်

# မာတိကာ


| | | | |
|---|---|---|---|
| * | စာတည်းအဖွဲ့၏ပန်ကြားလွှာ | – | ၅ |
| * | နှစ်တစ်ရာပြည့်ဥဒါန်းသာပြီ(တေးထပ်) | သေဠကဝိ | ၆ |
| * | ရွှေကျင်ဂိုဏ်းသား | ပုသိမ်ကြီးအရှင်အရိယဝံသ | ၇ |
| * | သီလရနံ့(ကဗျာ) | ထီးချိုင့်နတ်စိုး | ၈ |
| * | ပထမရွှေကျင်ဆရာတော်ဘုရားကြီး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်စာစောင် | – | |
| * | ရွှေကျင်သာသနာနှစ်(၁၀၀) | လူထုဒေါ်အမာ | ၁၀ |
| * | ရွှေကျင်ဆရာတော်နှင့်သီရိလင်္ကာသာသနာ | ပုသိမ်ကြီးအရှင်အရိယဝံသ | ၁၇ |
| * | ထုတိဝေဒလ္လမင်္ဂလာဂါထာ | အရှင်ပညာသီရိဘိဝံသ(မင်္ဂလာဗိမာန်) | ၂၁ |
| * | သီလရေစင်(ကဗျာ) | အရှင်ဝဇီရဉာဏ(ထီးချိုင့်) | ၂၄ |
| * | ရွှေကျင်ဆရာတော်ဩဝါဒ | ပုသိမ်ကြီးမောင်ရန်ကင်း | ၂၅ |
| * | ရွှေကျင်သာသနာနှင့်ကွမ်းခြံကုန်းမြို့ | မင်းသုဝဏ် | ၂၇ |
| * | နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲကြီး ဘာကြောင့်လုပ်ရသနည်း | ဝိသုဒ္ဓါရုံဦးအဂ္ဂိယ | ၂၉ |
| * | ပထမရွှေကျင်တိုက် | ကထိကရဟန်း | ၃၃ |
| * | သီလဖြူစင်မြတ်ရွှေကျင် | ရွှေထီးဣန္ဒရာ | ၃၇ |
| * | ရွှေကျင်နိကာယဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီးများ | ဒေါက်တာသန်းထွန်း | ၄၁ |
| * | အကျိုးဆောင်ကျမ်းနှစ်ဆူ | ငွေဥဒေါင်း | ၄၅ |
| * | ကြည်ညိုခဲ့ရသောရွှေကျင်ဆရာတော် | ကိုကိုနိုင်(မဟာဝိဇ္ဇာ) | ၅၇ |
| * | ရွှေကျင်ငါးတိုက် | ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ) | ၆၁ |
| * | ရွှေကျင်ဆရာတော်၏ကြည်ညိုဖွယ်ပုံရိပ်များ | ဦးဒေအာင်ကြည် | ၆၇ |
| * | ရွှေကျင်ဂိုဏ်း၏အနှစ်သာရ | အရှင်တိက္ခာနန္ဒ(ကန်တောရ) | ၇၂ |
| * | သူကော်ကောင်းကျက်သရေ | မုံရွာအရှင်နာဂဝံသ | ၇၉ |
| * | ရေနှင့်ကြာ(သို့)ဒကာနှင့်ဆရာ | မောင်ချစ်မွန်(ရေနံ့သာ) | ၈၂ |

# မာတိကာ


| | | | |
|---|---|---|---|
| * | ဩဝါဒကထာ | အရှင်သုဇနပဏ္ဍိတ | ၈၄ |
| * | သီလတရားနှင့်လောကဝတ္တရား | လင်းယဉ်တပည့်ကျော် | ၈၉ |
| * | သူတို့ပြောသောရွှေကျင်ဆရာတော်ကြီး | သာမဏေကျော် | ၉၄ |
| * | အကျယ်ငါးပါး၊များရှစ်ပါး၊ကြမ်းကိုးပါး | သူမြတ်နွယ် | ၉၈ |
| * | သမိုင်းဝင်မှတ်တမ်းများ | ဌေးလွင်(ဆားလင်းကြီး) | ၉၉ |
| * | ရာမညမှရွှေကျင်သာသနာ့မဏ္ဍိုင် | သုံးဆယ်ထိင့်တင်မြင့် | ၁၆၃ |
| * | သီလအဆင်တန်ဆာ(ကဗျာ) | ထီးချိုင့်မိုးနတ်ရှင် | ၁၀၇ |
| * | မဟာဓမ္မိကာရာမရွှေကျင်ကျောင်းကြီး<br>ပြန်လည်ပြင်ဆင်ခြင်း | အရှင်အာဒိစ္စဝံသ(ဆားလင်းကြီး) | ၁၀၈ |
| * | ဒုတိယကန်တောရဆရာတော် | အရှင်ကန်တောရ | ၁၁၂ |
| * | တက္ကသိုလ်ရောက်စာသင်သားပဉ္စင်းပျို | မြကေတု | ၁၁၇ |
| * | ရွှေကျင်ဆရာတော် | ဦးမာနိတသိရိ | ၁၂၃ |
| * | ရွှေကျင်လူပျံတော်သာသနာပြုပုဂ္ဂိုလ်ထူး | အရှင်ပညာဇောတ | ၁၄၄ |
| * | ရွှေကျင်နိကာယစာပေတစေတစောင်း | ဖေယျာဘုန်းညွန့်ဝေ | ၁၄၉ |
| * | အရေအတွက်မှအရည်အသွေးသို့ | အရှင်ပဏ္ဍိတာဘိဝံသ | ၁၅၃ |
| * | ရွှေကျင်ဆရာတော်၏ဝိနယဂရုကဂုဏ် | ဦးဩဒါတသိရိဘိဝံသ | ၁၅၇ |
| * | အဘယဂီရိတောင်ဇိနော့ရသ<br>သာဓုပါမောဇ္ဇသိမ်တော်ကျောက်စာ(ပါဠိ) | | ၁၆၃ |
| * | ပုထုဇဉ်တို့ဖြစ်အင် | ပထမရွှေကျင်ဆရာတော်ကြီး | [illegible] |
| | အဘယဂီရိတောင်ဇိနော့ရသ | | ၁၆၇ |
| * | သာဓုပါမောဇ္ဇသိမ်တော်ကျောက်စာ(မြန်မာ) | | ၁၇၀ |
| * | ပထမရွှေကျင်ဆရာတော်ကြီးပြုစုတော်မူခဲ့သော<br>ကျမ်းစာစာရင်း | | ၁၇၁ |
| * | The Thirteenth Shwegyin<br>Nikaya Convention | Dr. Than Tun | ၁၇၆ |

သာသနာတော်ထွန်းကားပြန့်ပွား
အမှတ်
ရက်စွဲ
စာကြည့်တိုက်

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ၁၉၉၄ | - | ဖေဖော်ဝါရီလ (ပထမအကြိမ်) |
| အုပ်ရေ | - | ၅၀၀၀ |
| အဖုံးပန်းချီ | - | ဦးကျော် |
| ကာလာခွဲ | - | ဦးတင်စိုး / အဝင်း |
| ဖလက် | - | ကိုသိန်းအောင် |
| တန်ဖိုး | | ဓမ္မဒါန |
| စာမူခွင့်ပြုချက် | - | ၃၁/၉၃/၁၁ |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၄၂/၉၄/၂ |
| ထုတ်ဝေသူ | | ဦးသောင်း "ရွှေပင့်ကူစာပေ"<br>အမှတ် ၅၂၂၅(ခ)၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်။ |
| ပုံနှိပ်သူ | - | ဦးအေးမြင့် (မြ-၀၃၃၄၂)<br>သင်းပုံနှိပ်တိုက်<br>အမှတ် ၈၀၊ ၄၃လမ်း၊ ရန်ကုန်မြို့။ |

အတွင်းစာသားများကို ဟိန်းနိုင်ပန်းချီကပုံနှိပ်တိုက်၊ မဟေသီပုံနှိပ်တိုက်၊ စပယ်ပုံနှိပ်တိုက်၊ ဝင်းမွန်စင်ပုံနှိပ်တိုက်တို့၌ ကူညီရိုက်နှိပ်ပေးပါသည်။

မြတ်ရှာမှန်(ကွန်ပျူတာ) စာပေလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ပေးပါသည်။



ရွှေကျင်နိကာယဂဏသမုဋ္ဌာပက ပထမရွှေကျင်သာသနာပိုင်
ဇာဂရာဘိကဝိဓဇ သဒ္ဓမ္မဝံသပါလ ဓမ္မသေနာပတိ သိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
ဇာဂရာဘိဝံသ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု-ဘဒ္ဒန္တ ဇာဂရ
သက်တော်(၇၂) သိက္ခာတော်(၅၂)ဝါ
(၁၁၈၄-၁၂၅၅)



ဒွါဒသမ ရွှေကျင်နိကာယဓိပတိ ဥက္ကဋ္ဌမဟာနာယက
(ရွှေကျင်သာသနာပိုင်)
အဘိဓဇမဟာရဋ္ဌဂုရု, အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တ ပဏ္ဍိတသိရီ ရွှေဟင်္သာဆရာတော်ဘုရားကြီး
သက်တော်(၁၀၀) သိက္ခာတော်(၈၁)ဝါ

ပထမရွှေကျင်ဆရာတော်ဘုရားကြီး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပူဇော်ပွဲ
ကျင်းပရေးဗဟိုကော်မတီ



ဗိုလ်ချုပ်ကျော်သန်း

ဥက္ကဋ္ဌ
တိုင်းမှူး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်
မန္တလေးတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# ပထမရွှေကျင်ဆရာတော်ဘုရားကြီး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပူဇော်ပွဲ ကျင်းပရေးဗဟိုကော်မတီ



**ဗိုလ်မှူးကြီးအောင်ခင်**
ဒုဥက္ကဋ္ဌ
ဒုတိယတိုင်းမှူး၊
အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်



**ဒုတိယဗိုလ်မှူးကြီးအောင်ချစ်**
အတွင်းရေးမှူး
အတွင်းရေးမှူး၊
မန္တလေးတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့



**ဦးထွန်းကြည်**
အဖွဲ့ဝင်
မြို့တော်ဝန်၊
မန္တလေးမြို့စည်ပင်သာယာရေးအဖွဲ့



**ဦးစိုင်းထွန်းဦး**
အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊
မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန



**ဦးနီသန်း**
အဖွဲ့ဝင်
ရဲမှူးကြီး၊
မန္တလေးတိုင်းပြည်သူ့ရဲတပ်ဖွဲ့



**ဒုတိယဗိုလ်မှူးကြီးစန်းတင့်ရီ**
အဖွဲ့ဝင်
လက်ထောက်စစ်ဥပဒေချုပ်၊
အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်

## ပထမရွှေကျင်ဆရာတော်ဘုရားကြီး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပူဇော်ပွဲ ကျင်းပရေးဗဟိုကော်မတီ



**ဒုတိယဗိုလ်မှူးကြီးစောလွင်**
အဖွဲ့ဝင်
ဥက္ကဋ္ဌ၊
မန္တလေးခရိုင်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့



**ဦးကျော်ထွန်း**
အဖွဲ့ဝင်
အုပ်စုညွှန်ကြားရေးမှူး၊
အကျဉ်းဦးစီးဌာန



**ဦးအောင်မြင့်**
အဖွဲ့ဝင်
တိုင်းသာသနာရေးဦးစီးမှူး



**ဦးစံဖေ**
အဖွဲ့ဝင်
အင်ဂျင်နီယာမှူးကြီး၊
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း



**ဦးစောဝင်း**
အဖွဲ့ဝင်
တိုင်းလျှပ်စစ်အင်ဂျင်နီယာ



**ဦးလှမင်း**
အဖွဲ့ဝင်
ဒုအထွေထွေမန်နေဂျာ၊ သစ်လုပ်ငန်း

# ပထမရွှေကျင်ဆရာတော်ဘုရားကြီး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပူဇော်ပွဲ
## ကျင်းပရေးဇာဟိုကော်မတီ



**ဒေါက်တာဦးမင်းဆွေ**
အဖွဲ့ဝင်
တိုင်းကျန်းမာရေးဦးစီးမှူး



**ဦးဒွေး**
အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ချမ်းသာကြီးဆန်လှူအသင်း



**ဦးအောင်ဖြူ**
အဖွဲ့ဝင်
ဒုညွှန်ကြားရေးမှူး၊ တိုင်းသမဝါယမဦးစီးဌာန



**ဦးမြင့်သိန်း**
အဖွဲ့ဝင်
ဒု-အထွေထွေမန်နေဂျာ၊
မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး

ပျက်ကွက်သူများစာရင်း

၁။ ဒုတိယဗိုလ်မှူးကြီးလှရွှေ ၂။ ဒုတိယဗိုလ်မှူးကြီးမောင်ဝင်း ၃။ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း

# ပထမရွှေကျင်ဆရာတော်ဘုရားကြီး
# နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတော်ကျင်းပရေး
# အဆောက်အဦဆောက်လုပ်ရေးအခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ




| | | | | | | |
|---|---|---|---|---|---|---|
| ရှေ့တန်းဝဲမှယာ။ | ။ဦးတင်ထွဋ်၊ အတွင်းရေးမှူး၊ | ဦးစောလွင်၊ အဖွဲ့ဝင် | ဦးကျော်ထွန်း၊ ဒု-ဥက္ကဋ္ဌ | ဦးစံဖေ၊ ဥက္ကဋ္ဌ | ဦးထွန်းရီ၊ အဖွဲ့ဝင် | ဦးဝင်းမောင် တွဲဖက်အတွင်းရေးမှူး |
| နောက်တန်းဝဲမှယာ။ | ။ဦးကျော်ရှိန် အဖွဲ့ဝင် | ဦးသိန်းအောင် အဖွဲ့ဝင် | ဦးစိုင်းသန်းကြွယ် အဖွဲ့ဝင် | ဦးဝင်းနိုင် အဖွဲ့ဝင် | ဒေါ်ညွန့်ညွန့် အဖွဲ့ဝင် | |

ပျက်ကွက်သူများ

၁။ ဗိုလ်မှူးတင်ဦး ၂။ ဗိုလ်မှူးကျော်ညွန့် ၃။ ဗိုလ်မှူးဝင်းအေးလှ ၄။ ဦးအေး ၅။ ဦးမြင့်ဆွေ ၆။ ဦးကံညွန့် ၇။ ဦးစောဝင်း ၈။ ဦးဘသော ၉။ ဦးလှအေး ၁၀။ ဦးဘဏ်ဒင် ၁၁။ ဦးလှကျော် ၁၂။ ဦးမောင်မောင်မြင့်

ပထမရွှေကျင်ဆရာတော်ဘုရားကြီး
နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတော်ကျင်းပရေး
ဆွမ်းချက်ပြုတ်ရေး၊ ဆက်ကပ်လှူဒါန်းရေး၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ



**ဝဲမှယာ။** ။ဦးစိုးမြင့် (အဖွဲ့ဝင်)  ဦးသန်းဖေ (အဖွဲ့ဝင်)  ဦးခင်မောင်မြင့် (အဖွဲ့ဝင်)  ဦးဒွေး (အဖွဲ့ဝင်)  ဒုတိယဗိုလ်မှူးကြီးကြည်မောင် (ဥက္ကဋ္ဌ)
ဒုတိယဗိုလ်မှူးကြီးမောင်ပု (အဖွဲ့ဝင်)  ဗိုလ်မှူးဆန်းအောင် (အဖွဲ့ဝင်)  ဗိုလ်မှူးကျော်ဇင် (အဖွဲ့ဝင်)  ဗိုလ်မှူးဝင်းထွေး (အဖွဲ့ဝင်)

**ပျက်ကွက်သူများ**
၁။ ဒုတိယဗိုလ်မှူးကြီးဇော်သန်း ၂။ ဒုတိယဗိုလ်မှူးကြီးကျော်စွာနိုင် ၃။ ဒုတိယဗိုလ်မှူးကြီးချစ်သန်း
၄။ ဗိုလ်မှူးမောင်စိုး ၅။ ဦးသိန်းဖေ ၆။ ဦးမြင့်သိန်း ၇။ ဦးမြင့်လှိုင်

# ပထမရွှေကျင်ဆရာတော်ဘုရားကြီးနှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတော်ကျင်းပရေး ဘဏ္ဍာရေးနှင့် စာရင်းအင်းထိန်းသိမ်းရေးအထောက်အကူပြု ကော်မတီဝင်များစာရင်း



**ရှေ့တန်း။** ။ဒုတိယရဲမှူးဦးမြင့်မောင်၊ ဦးကိုကိုကြီး၊ ဒုတိယဗိုလ်မှူးကြီးကြည်အေး၊ မြို့တော်ဝန်ဦးထွန်းကြည်၊ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း၊ ဒုတိယဗိုလ်မှူးကြီးဌေးအောင်၊ ဦးမြစိန်

**နောက်တန်း။** ။ဗိုလ်မှူးလှသိန်း၊ ဗိုလ်မှူးအောင်သန်း၊ ဦးစိုးညွန့်၊ ဦးအောင်ဖြူ၊ ဦးသန်းဆောင်၊ ဦးညဏ်ဒင်၊ ဒုတိယဗိုလ်မှူးကြီးကြည်မောင်

ပထမရွှေကျင်ဆရာတော်ဘုရားကြီး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပူဇော်ပွဲ
သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ



ရှေ့တန်း။ ။ဗိုလ်မှူးကျော်ဇင်၊ ဒုတိယဗိုလ်မှူးကြီးမောင်ဝင်း၊ ဦးစိုး၊ ဦးအောင်မြင့်

နောက်တန်း။ ။ဗိုလ်ကြီးဇော်ဖေမြင့်၊ ဗိုလ်မှူးညွန့်အောင်၊ ဗိုလ်မှူးလင်းမောင်

ပျက်ကွက်သူများ။ ။ဦးစိုးသွင်

# ပထမရွှေကျင်ဆရာတော်ဘုရားကြီး
# နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတော်ကျင်းပရေး
# ပြန်ကြားရေးနှင့်မှတ်တမ်းတင်ရေးဆပ်ကော်မတီ



| | | | | |
|---|---|---|---|---|
| ရှေ့တန်း။ | ။ဗိုလ်မှူးဝင်းမောင်<br>အဖွဲ့ဝင် | ဒုတိယဗိုလ်မှူးကြီးဝင်းအေး<br>ဥက္ကဋ္ဌ | ဒုတိယဗိုလ်မှူးကြီးကြည်ဝင်း<br>အဖွဲ့ဝင် | ဦးတင်လှိုင်<br>အဖွဲ့ဝင် |
| နောက်တန်း။ | ။ဦးသန်းမြင့်<br>အဖွဲ့ဝင် | ဗိုလ်မှူးမြင့်ဆွေ<br>အဖွဲ့ဝင် | ဗိုလ်မှူးထွန်းဝေ<br>အတွင်းရေးမှူး | ဦးသိုက်ထွန်း<br>အဖွဲ့ဝင် |

ပျက်ကွက်သူများ

၁။ ဦးမောင်မောင်မြင့် တိုင်းမန်နေဂျာ၊ ဆသရ အဖွဲ့ဝင်

၂။ ဦးထွန်းအောင် တာဝန်ခံအယ်ဒီတာ(သတင်းစဉ်) အဖွဲ့ဝင်



ဝဲမှယာ – ဦးမာနိတသိရိ (သုဓွေးတန်းဘုန်းကြီး)
ဦးလက္ခဏ (ကျစ္စာဘုန်းကြီး)
ဦးအဂ္ဂဉာနာဘိဝံသ (စည်ရှင်ဘုန်းကြီး)


## ပထမရွှေကျင်ဆရာတော်ဘုရားကြီး
## နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်
## စာစောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဆရာတော်များ



ရှေ့တန်း(ဝဲမှယာ) ဆားလင်းကြီးဆရာတော်ဦးအာဒိစ္စ၊ ညောင်တုန်းရွှေဟင်္သာတိုက်ဆရာတော်ဦးကုသလာဘိဝံသ၊ ပုသိမ်ကြီးဆရာတော်ဦးအရိယဝံသ၊

နောက်တန်း(ဝဲမှယာ) ဝိသုဒ္ဓါရုံ အတုလဂုဏ်ရည်ဦးသြဒါတသိရီဘိဝံသ၊ စစ်ကိုင်းကျွန်းဆရာတော်ဦးလက္ခဏ၊ သုံးဆယ်မောင်းထောင်ဆရာတော်ဦးနာဂဝံသ၊ ဝိသုဒ္ဓါရုံ သူရွှေးတန်း ဦးမာနိတသိရီ၊ စည်ရှင် ဦးအဂ္ဂဉာဏာဘိဝံသ

## ပထမရွှေကျင်ဆရာတော်ဘုရားကြီး
## နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတော်ကျင်းပရေး
## ကျန်းမာရေးဆပ်ကော်မတီ




| ဝဲမှယာ။ | ။ဦးတင်လှ | ဦးဘသာ | ဦးထွန်းအောင်ကျော် | ဦးမင်းဆွေ | ဦးတင်လှိုင် |
|---|---|---|---|---|---|
| | အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

ပျက်ကွက်သူများ

| | | |
|---|---|---|
| ၁။ ဒုတိယဗိုလ်မှူးကြီးအောင်နိုင် | တပ်ရင်းမှူး၊ မဆရ(၁) | အဖွဲ့ဝင် |
| ၂။ ဦးစိန်လှိုင် | ကျောင်းအုပ်ကြီး၊ တိုင်းရင်းဆေးသိပ္ပံ | အဖွဲ့ဝင် |
| ၃။ ဦးသန်း | လက်ထောက်ညွှန်ကြားရေးမှူး<br>မန္တလေးမြို့ စည်ပင်သာယာကော်မတီ | အဖွဲ့ဝင် |

## ပထမရွှေကျင်ဆရာတော်ဘုရားကြီး
## နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပူဇော်ပွဲ
## လုံခြုံရေးဆပ်ကော်မတီ



**ဝဲမှယာ။** ။ဗိုလ်ကြီးဝင်းမော်သိန်း ဗိုလ်မှူးစိုးအောင် ဗိုလ်မှူးမြင့်ဆွေ ဒုဗိုလ်မှူးကြီးမောင်ဌေး ဗိုလ်မှူးကြီးမောင်မောင်အေး
အဖွဲ့ဝင် အဖွဲ့ဝင် အတွင်းရေးမှူး အဖွဲ့ဝင် ဥက္ကဋ္ဌ
ဒုဗိုလ်မှူးကြီးစိုးဝင်း ဒုဗိုလ်မှူးကြီးသိန်းဝင်း ဦးလှမြင့် ဦးဘသာ
ဒုဥက္ကဋ္ဌ အဖွဲ့ဝင် အဖွဲ့ဝင် အဖွဲ့ဝင်

**ပျက်ကွက်သူများ**
ဒုရဲမှူးကြီး နိမ့်ဆွန်နန်း တပ်ရင်းမှူး လုံထိန်း(၄)အဖွဲ့ဝင်

ပထမရွှေကျင်ဆရာတော်ဘုရားကြီး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတော်ကျင်းပရေး
ပင့်ဆောင်ရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ



ရှေ့တန်း။ ။ဦးမောင်မောင်ကြီး (အဖွဲ့ဝင်)  ဦးမြင့်ဆွေ (အဖွဲ့ဝင်)  ဦးဇော်ဝင်း (အဖွဲ့ဝင်)  ဦးစိုင်းထွန်းဦး (ဥက္ကဋ္ဌ)  ဗိုလ်မှူးတင်ငွေ (အတွင်းရေးမှူး)  ဦးစိုးသွင် (အဖွဲ့ဝင်)  ဦးအောင်မြင် (အဖွဲ့ဝင်)

နောက်တန်း။ ။ဦးကိုကို (အဖွဲ့ဝင်)  ဦးအောင်မြင့် (အဖွဲ့ဝင်)  ဦးခင်ဦး (အဖွဲ့ဝင်)  ဦးခင်မောင်အေး (အဖွဲ့ဝင်)  ဦးစန်းမြင့်အောင် (အဖွဲ့ဝင်)

ပျက်ကွက်သူများ

၁။ ဒုတိယဗိုလ်မှူးကြီးခင်မောင်လတ်  လက်ထောက်စစ်ဉပဒေချုပ်  ဒုဥက္ကဋ္ဌ


၂။ ဦးလှဆွေ  ဥက္ကဋ္ဌ၊ မဝတ၊ ချမ်းမြသာစည်  အဖွဲ့ဝင်






⇧ အထက်ပုံ။ ။စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ရွှေကျင်ရွာ ရွှေကျင်ဆရာတော်ကြီး ဖွားမြင်တော်မူသည့် အိမ်နေရာတွင် စိုက်ထူထားသည့် အထိမ်းအမှတ်ကျောက်တိုင်။

အောက်ပုံ။ ။စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ရွှေကျင်ရွာရှိ ရွှေကျင်ဆရာတော်ကြီး ရဟန်းဖြစ်ရာသိမ်တော်။



⇧ စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်
ရှိမှကား ချမ်းသာကြီးကျောင်းတိုက်



⇦

ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်
ရှိမှကားတောရကြီးကျောင်းတိုက်ရှိ
ရွှေကျင်ဆရာတော် တရားအားထုတ်
သည့်ဂူ

ပထမရွှေကျင်ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့သော နွားလုန်တောင်တောရကျောင်း (ယခုအခါ မကွေးတိုင်း၊ မင်းလှမြို့၊ သံဖြူကျောင်းအတွင်း ရွှေ့ပြောင်းတည်ဆောက်ထားသည်)





မကွေးတိုင်း၊ မကွေးမြို့နယ်ရှိ နွားလုန်တောင်တောရရှိ ရေကန်တော်



မကွေးတိုင်း၊ မကွေးမြို့နယ်ရှိ နွားလုန်တောင်တောရ သိမ်တော်







⇧ အထက်ပုံ။ ။မကွေးတိုင်း နွားလှန်တောင်တောရ အနောက်ဘက်မှ မြင်ရပုံ။

အောက်ပုံ။ ။မကွေးတိုင်း နွားလှန်တောင်တောရကျောင်းတော်ရာ နေရာမြင်ကွင်း။

⇧ မကွေးတိုင်း၊ မကွေးမြို့နယ် နွားလှန်တောင်တောရ ရွှေကျင်ဂူ။










ပုံ–၁ ပုသိမ်ကြီးမြို့နယ် မင်းကွန်းရွာမြောက်ဘက် ချောင်းမကြီးရွာ အနောက်တောင်ရွှေကျင်ဆရာတော် သီတင်းသုံးတော်မူခဲ့သော သပြေရေထွက်ရှိရာတောတောင်

ပုံ–၂ ရွှေကျင်ဆရာတော် သီတင်းသုံးခဲ့ဖူးသော ချောင်းမကြီးရွာ သပြေရေထွက်မှ သပြေပင်ကြီး (ဒီနှစ်မှ ခုတ်လှဲခံလိုက်ရပါသည်)

ပုံ–၃ ရွှေကျင်ဆရာတော် တောထွက်တော်မူသော မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်




⇧ မန္တလေးမြို့၊ မန္တလေးတောင် မြောက်ဘက်ရှိ ရွှေကျင်ဆရာတော်ကြီး သီတင်းသုံးတော်မူသော ရွှေကျင်အထက်ဂူ (ယနေ့မြင်ကွင်း)





အထက်ပုံ ⇧ မန္တလေးမြို့၊ မန္တလေးတောင် မြောက်ဘက် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မအနီးရှိ ရွှေကျင်အောက်ဂူနှင့် ရွှေကျင်ဆရာတော်ကြီး၏ ခမည်းတော် အရိုးအိုးစေတီ


အောက်ပုံ ရွှေကျင်တိုက်မအတွင်းရှိ နဂါးရေတွင်း






⇧ အထက်ပုံ။ ။မန္တလေးမြို့၊ မန္တလေးတောင် မြောက်ဘက်ရှိ ရွှေကျင်တိုက်မမှ ဟောင်းနွမ်းပျက်စီးနေသော မူလလက်ရာ မာရဘင် (ဇေတဝန်)ဆောင်

အောက်ပုံ။ ။ရွှေကျင်တိုက်မရှိ မာရဘင် (ဇေတဝန်)ဆောင်နှင့် ဘောဂဆောင် မပြုပြင်မီ မြင်တွေ့ရပုံ



⇧ မဟာဓမ္မိကာရာမကျောင်းတိုက်အတွင်း ဆောက်လုပ်မည့် တံခွန်တိုင်ပုံစံ



⇧ မဟာဓမ္မိကာရာမကျောင်းတိုက်အတွင်း ဆောက်လုပ်နေသည့် အမြင့်ပေပေါင်း (၁၁၇)ပေရှိ တံခွန်တိုင်ကြီးပုံ



⇦ သီးလုံးကျောင်း
အတွင်းပိုင်း



⇧ စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်ရှိ သီးလုံးရွာ သီးလုံးကျောင်းကြီး ⇧









ပုံ-၃ မဟာဝေမ္ဘိကာရာမကျောင်းတိုက် စကြ
လက်ရမ်းမှ ကနုတ်ပန်းများ။
(မန္တလေး တိုင်း တိုင်းမှူးဗိုလ်ချုပ်ကျော်သ
ပြန်လည်ပြုပြင်သည်။ တမ္ပဝတီဦးဝင်းမေ
လက်ရာ)။

ပုံ-၄ ကျောင်းကြီး၏ ပြာသာဒ်ဆောင်ပုံ။
(တောင်ဘက်မှ)။

ပုံ-၁ မဟာဝေမ္ဘိကာရာမ ကျောင်းတော်ကြီး
ပြာသာဒ်ဆောင်, စနွေဆောင်, ဇေတဝန်
ဆောင်-ဘောဂတို့ကို တောင်ဘက်မျက်နှာမှ
မြင်ရပုံ။

ပုံ-၂ ဇေတဝန်ဆောင်နှင့် ဘောဂဆောင်ပုံ
(မြောက်ဘက်မှ)။



ရွှေကျင်ဆရာတော် သမုတ်တော်
မူခဲ့သော မင်းကွန်း ငွေကောင်
တောရသိမ်
(မင်းကွန်းတိပိဋကဓရဆရာတော်
ရဟန်းခံသိမ်)



ရွှေကျင်ဆရာတော်ဘုရားကြီး
သက်တော် (၇၂)ဆူ စေတီတော်
(မင်းကွန်းရတနာဂူချောင်အနောက်ဘက်



မင်းကွန်းရတနာဂူချောင်နောက်မှ
ဖောက်တွင်းဂူသစ်
(၁၂၄၆-ခုမှ ၁၃၄၆-ခု၊
နှစ်တစ်ရာပြည့်ဂူတော်)



⇦ ရွှေကျင်ဆရာတော်ကြီး၏ သက်တော်ရစေတီ (၇၂)ဆူမှ ရောင်ခြည်တော်ကွန့်မြူးစေတီ



⇧ မင်းကွန်း ငွေတောင်တောရရှိ ရွှေကျင်ဆရာတော်ကြီး၏ ဓာတုစေတီတော်



⇧ ရွှေကျင်ဆရာတော်ကြီး ၁၂၅၅-ခု လွှန်တော်မူခဲ့သော ရွှေကျင်ဂူတော် (မင်းကွန်း-ရတနာဂူချောင်)

# စာတည်းအဖွဲ့၏ ပန်ကြားလွှာ

ဂဏသမုဒ္ဒပက ပထမရွှေကျင်ဆရာတော်ဘုရားကြီး လွန်တော်မူသော နှစ်တစ်ရာပြည့် အထိမ်းအမှတ် ပူဇော်ပွဲကျင်းပရေး အစည်းအဝေးကို ၁၃၅၅ ခုနှစ်၊ ကဆုန်လဆန်း ၆–ရက် (၂၆–၄–၉၃)နေ့တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်အောင်မြေသာစည်အလယ်တိုက်ကြီး အထက်ထပ်၌ ကျင်းပတော်မူခဲ့ကြသည်။ ထိုအစည်းအဝေးဆုံးဖြတ်ချက်အမှတ် (၆)တွင် ပူဇော်ပွဲလုပ်ငန်းကိစ္စများဆောင်ရွက်ရန် အဖွဲ့ငယ် (၁၀)ဖွဲ့ကို ဖွဲ့စည်း၍ ထိုအစည်းအဝေးက တာဝန်ပေးအပ်သည်။

အဖွဲ့ငယ် (၁၀)ဖွဲ့တွင် အထိမ်းအမှတ်စာစောင် ဖြစ်မြောက်ရေးအဖွဲ့ငယ်ကို အဖွဲ့ဝင် (၈)ပါးဖြင့် ဆရာတော်များက ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပေသည်။

အဖွဲ့ဝင် (၈)ပါးမှာ–

(၁) ညောင်တုန်းမြို့ ရွှေဟင်္သာ ကာရဆရာတော် ဦးကုသလ

(၂) သုံးဆယ်မြို့ မောင်းထောင် ဆရာတော်

(၃) ဆားလင်းကြီးမြို့ တောင်ပေါ်ကျောင်းဆရာတော် ဦးအာဒိစ္စဝံသ

(၄) ပုသိမ်ကြီး ဗဟိုမြို့မကျောင်းဆရာတော် ဦးအရိယဝံသ

(၅) မန္တလေး မဟာဝိသုဒ္ဓါရုံ သူဌေးတန်းဘုန်းကြီး ဦးမာနိတသိရီ

(၆) မန္တလေး မဟာဝိသုဒ္ဓါရုံစည်ရှင်ဘုန်းကြီး ဦးအဂ္ဂဉာနာဘိဝံသ

(၇) စစ်ကိုင်း ကျစ္စာဆရာတော် ဦးလက္ခဏ

(၈) ဂန့်ဂေါမြို့ ကန်တောရတိုက် ဦးတိက္ခာနန္ဒတို့ဖြစ်သည်။

အထိမ်းအမှတ်စာစောင် ဖြစ်မြောက်ရေးအဖွဲ့ငယ်သည် အထိမ်းအမဟတ်စာစောင် ထုတ်ဝေနိုင်ရေးအတွက် ထင်ရှားသောစာရေးဆရာကြီးများ စာပေပညာရှင်များထံ စာမူများတောင်းခံခဲ့ပါသည်။

ဆရာမင်းသုဝဏ်၊ မြကေကု၊ ဆရာဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၊ လူထုဒေါ်အမာ စသောထင်ရှားသော စာရေးဆရာကြီးများက စာမူများပေးပို့ကြ၍ ဝမ်းမြောက်ခဲ့ကြရ ပါသည်။ စာပေဝါသနာရှင်များက ပေးပို့သောစာမူများကိုလည်း လက်ခံရရှိခဲ့ပါသည်။

စာစောင်ဖြစ်မြောက်ရေးအဖွဲ့ သည် ရောက်လာသောစာမူများကို စုပေါင်းဖတ်ပြီး စုပေါင်းတည်းဖြတ်ခဲ့ကြပါသည်။ ဤစာစောင်သည် ကြုံတောင့်ကြုံခဲ တစ်သက်တာတစ်ခါမှ ကြုံရသော စာစောင်ဖြစ်သည်။ ကျေးဇူးကော်, ဂုဏ်တော်ကြီးမားလှသော ရွှေကျင် ဆရာတော်ဘုရားကြီး ပူဇော်သောစာစောင်ဖြစ်ရာ–

စာမူ သန့်ရမည်၊

အရေးအသား ခန့်ရမည်၊


အကြောင်းအရာ လေးနက်မှန်ကန်ရမည်–ဟု စာမူရွေးချယ်ရန်မူတစ်ရပ်ချမှတ်ခဲ့ကြပါသည်။ ထိုရွေးချယ်ရေးမူနှင့် ညီညွတ်သောစာမူများကို ရွေးချယ်ခဲ့ကြပါသည်။

အချို့စာမူများကို အခြေအနေအရ ရွေးချယ်ဖော်ပြနိုင်ခြင်းမရှိသည်ကို စာမူရှင်များအား ဝမ်းနည်းစွာဖြင့် ပန်ကြားအပ်ပါသည်။ စာမူများကို ဂရုတစိုက်ရေးသားပေးပို့ကြသဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပန်ကြားအပ်ပါသည်။

စာတည်းအဖွဲ့။







# နှစ်တရာပြည့် ဥဒါန်းသာပြီ

## (ရှစ်ဆယ်ပေါ်ကွန့်တေးထပ်ကြီး)

အသရေပို နေလိုပျို့၊ သပြေညိုညို့ ရေစင်ဖြာ၊
ရွှေဘိုရွှေမြို့ ရွှေကျင်ရှာတွင်၊ ဘေရ်ရှင်သဘော ပေါ်ခဲ့ထွန်း။
ဖြူစင်သီလ ရှုဟင်မိုယာ ဂူဝင်ပြီးသ ပျော်မြိုင်သာမှာ။
သဘောစိတ်ပါ ကျင့်ကြံ့ ရှုမ်ပို့ညွှန်း။ ။

မညစ်ဖြူဖြူ လစ်လျှူမရှု အပြစ်မြူနှ ရှောဟုပင်ကို၊
မေရုအသွင် ဆင်တော်လွန်း။ ဓေယျတာသကင် ဟင်မော်ကွန်းနဲ့၊
အစဥ်ပေါ်ထွန်း ပြုဟ်ရှေကျင်။ မန်းမြို့နေကြ သွားကြနှုတို့၊
သာဓုပါရှိန်ကြွ ဂုရု မြှော်ကျောကာင်။ ။

ဝိဇယသဃ တိုညက္ကွ ဝိမုတ်ဟော ကျိုင်းထီးဆင်သည်၊
ဂိုဏ်းသီးသခင် ဂဏာခိမ့်၊ မဟာမမ္ဘိ သိုက်မာတ်ရစေစံ၊
ဟိုက်မြတ်အခြေခံ။ ပြည်တကိုနဂရ ကြည်ညိုမပ သီကိုဋ္ဌမကာ
ပွက်ပွက်လျှံသည်၊ အထက်နဟံ ဂုဏ်ဖြိုးပေလို့လေး။
တောင်ယံနေသွင့် ရောက်လျှံဝေတင့် အောင်လံမျှေကျင့် ဗမ္မာစက်ရွှေသည်
ဗြဟ္မာထက်ထွေ စံစား ပူဖျားလေး။ ။

ပစ်ခွါမလှည့် သရစ်ခါ၏ နှစ်ကာစ်ရာပြည့် ဥဒါန်းသာပြီ၊
ဇမ္ဗူမြန်းပါ ရှုအုံး ပါဖျားလေး။ ။

သေဋ္ဌကဝိ
မြင်သားတောရပါဠိသိပ္ပတိုက်
မြင်သားရွာ
ဂန့်ဂေါမြို့။





# ရွှေကျင်ဂိုဏ်းသား


ပုသိမ်ကြီးအရှင်အရိယဝံသ

*ရွှေကျင်ထေရံ သုနိဿာယ၊*
*သိဿကောပိ ရွှေကျင် ဘဝေ။*
*ဟေမပဗ္ဗတံ နိဿာယ၊*
*ဟေမပက္ခီ ဘဝန္တိ တေ။ ။*

ရွှေကျင်ထေရံ=ရွှေကျင်ဆရာတော် မထေရ်မြတ်ဘုရားကြီးကို။ သုနိဿာယ=ကောင်းစွာအမှီ သဟဲပြု၍။ သိဿကောပိ=နိဿရည်း ခံယူငြား တပည့်သား အပေါင်းသည်လည်း။ ရွှေကျင်ဘဝေ= ရွှေကျင်ဖြစ်ရပါပေ၏။ ဝါ–ရွှေကျင်ဂိုဏ်းသား ဖြစ်ရပါပေ၏။

ကိမိဝ=ပမာပုံဆို အဘယ်လိုနည်းဟူမူကား။ ယေပက္ခီ=အကြင်ဖြူ, နီ, ကြောင်, ကျား ငှက်အများတို့သည်။ ဟေမပဗ္ဗတံ=စိတ္တကုဋ် ရွှေတောင်ကို။ နိဿယ=အမှီပြု၍။ ဝသန္တိ=နေကြကုန်၏။ တေပက္ခီ=ထို ဖြူ, နီ, ကြောင်, ကျား ငှက်အများတို့သည်။ ဟေမပက္ခီ=ရွှေရောင်တောက်ကြွား ရွှေငှက်အများတို့သည်။ ဘဝန္တိ=ဖြစ်ကြရလေကုန်သတည်း။

ပုသိမ်ကြီး–အရှင်အရိယဝံသ




# သီလရနံ့

ထီးချိုင့်နတ်စိုး

ကက္ကူရ ပန်းသကငယ်တို့
နမ်းမဝ ကြူထုံ…
ဆန်းသမျှ အမူစုံသည်
ဇမ္ဗူဘုံ မရှိ။ ။

နှင်းဆီနှင့် ပွင့်စံပယ်ငယ်
လှွန်တင့်တယ် မွှေးကြပါဘိ။

လောက၌ ပန်းမာလာ
လွှမ်းဂန္ဓာ စုံ၏၊
ဆန်းမှန်စွာ ထုံငုံအိသော်လဲ
လုမှတိ မရှိပါ။ ။

လေအောက်သာ ကြိုင်ကြိုင်သင်း
မြိုင်အတွင်း မွှေးရနံ့ဖြာ၊

လေအသက် မတက်လာပြီ
ရှက်စရာ အနံ့မျိုးပါပဲ
မဆုံတန်ဖိုး အောက်ထက်ပြိုင်ကာ
ရောက်လျက်ကြိုင်တာ၊
သီလနံ့ တန်ဖိုးဖြာတယ်…
မိုး ဗြဟ္မာ တိုင်ထိပေါ့လေး။ ။

ထီးချိုင့်–နတ်စိုး

# ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏
# နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်စာစောင်

ရွှေကျင်ဆရာတော်ဘုရားကြီးသည် တေဇာရဲညီး မီးပုံကြီး၏ အလယ် ဖွေးခြာဝယ် ဝတ်ဆံပွင့်ချပ်ကို့ဖြင့် တင့်အပ်သွယ်သွယ် ရှုချင်ဖွယ်ရာ ပဒုမ္မာကြာပန်းကြီး လန်းလန်းစွင့်စွင့် ပွင့်ပေါ်လာဘိသကဲ့သို့ ပြောဖန်စုတ် တရားဆုတ်သော ကလိယုဂ်ဆုတ်ကပ်ကာလထဲတွင် အံ့အဲဖွယ်ရာ ပေါ်ထွက်တော်မူလာရပြီး ၁၂၅၅-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇-ရက်(၂၇-၃-၁၈၉၄) ညဉ့်နှစ်ချက်တီးကျော် လဝန်းပေါ်ချိန်တွင် အနာဂတ်သာသနာအတွက် တန်ဖိုးမဖြတ်နိုင်သော သန့်ရှင်းစင်ကြယ်လှသည့် သံဃနိကာယကြီးကို ချန်ထားခဲ့ကာ ဘဝခရီးကို အပြီးသတ်တော်မူခဲ့လေသည်။

ယခု ၁၃၅၅-ခုနှစ်၊ တပေါင်းလသို့ရောက်လျှင် ဆရာတော်ဘုရားကြီး ဘဝခရီးကို အပြီးသတ်တော်မူခဲ့သည်မှာ နှစ်ပေါင်း (၁၀၀)တိတိ ပြည့်ပေလိမ့်မည်။ ထို့ကြောင့်ပြီးခဲ့သော ရွှေကျင်နိကာယ တေရသမဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီးက ဆုံးဖြတ်ချက်အမှတ်(၈)ဖြင့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲ ကျင်းပရန် ဆုံးဖြတ်ခဲ့ပေသည်။

ထိုဆုံးဖြတ်အရ ရွှေကျင်နိကာယမှ တာဝန်ရှိဆရာတော်များနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှူးပြုသော သာသနာပြု ဒကာ, ဒကာမများစုပေါင်း၍ တပို့တွဲလဆန်း ၁၀ (၂၀-၂-၉၄)ရက်နေ့မှစ၍ တပို့တွဲလပြည့်ကျော် ၂-ရက်နေ့(၂၇-၂-၉၄)အထိ ကျင်းပပူဇော်ကြပေလိမ့်မည်။

ထိုသို့ပူဇော်ရာတွင်-

(၁) စာတမ်းများ ဖတ်ကြားပူဇော်ခြင်း

(၂) ကျမ်းစာအုပ်များ ပြသပူဇော်ခြင်း

(၃) ရာပြည့်စာစောင် ထုတ်ဝေပူဇော်ခြင်း

(၄) ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး ၁၃-ပါးတို့၏ ပုံတော်များနှင့် တွဲဖက်သာသနာပိုင် ဥပဥက္ကဋ္ဌဆရာတော်ကြီး ၁၀-ပါးတို့၏ ပုံတော်များကို ပြုလုပ် ပူဇော်ခြင်း

(၅) ညတရားပွဲများ ဟောကြားနာယူပူဇော်ခြင်း

(၆) ဂိုဏ်းဆိုင်ရာ ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ဆက်ကပ်၍ ဩဝါဒယူ ပူဇော်ခြင်းများ ပါဝင်ပေသည်။

ဤစာစောင်သည် ထိုပူဇော်ပွဲကြီး၏ လုပ်ငန်းစဉ်တစ်ရပ်၊ ပူဇော်မှုတစ်ခုအနေဖြင့် ထွက်ပေါ်လာခဲ့ရပေသည်။ ဤစာစောင်၌ ရွှေကျင်ဆရာတော်ဘုရားကြီးအပေါ်၊ ရွှေကျင်ဂိုဏ်းကြီးအပေါ် မိမိတို့အမြင်ကိုရှုထောင့်အမျိုးမျိုးဖြင့် ရေးသားပူဇော်ထားကြပေသည်။ ထိုသို့ရေးသားပူဇော်ကြရာ၌ ဘာသာတစ်ပါး၊ ဂိုဏ်းတစ်ပါးကို ထိပါးစေသည့် အရေးအသားအသုံးအနှုန်းများကို အထူးသတိထားရှောင်ရှားကြရပေသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးအပေါ်၊ ရွှေကျင်ဂိုဏ်းကြီးအပေါ်၌ကား မိမိတို့ထားရှိသော သဒ္ဓါတရားအလျောက်၊ ဉာဏ်အလျောက် ရေးသားပူဇော်ထားကြောင်း ဖော်ပြအပ်ပါသတည်း။

စာစောင်ဖြစ်မြောက်ရေးအဖွဲ့



# ရွှေကျင် သာသနာ နှစ် ၁၀၀ လူထုဒေါ်အမာ

"အရှင်ဘုရား၊ ရွှေကျင်သံဃာ ဖြစ်လာတာ ဘယ်တုန်းကပါလဲ ဘုရား၊ ဘာလို့ပါလဲဘုရား"လို့ ကျွန်မက သက်တော် ၅၀–ခန့်ရှိ မယ်ထင်တဲ့ ဘုန်းတော်ကြီးတစ်ပါး ကို မေးလျှောက်ကြည့်ပါတယ်။

ဖြေတော်မူပုံက "ဆရာ သမားတွေက အားလုံး ရွှေကျင် တွေချည်းပါ၊ ဘုန်းကြီးအခု ၂၉– ဝါရှိပါပြီ။ ရွှေကျင်ဂိုဏ်းထဲရောက် တာလဲ နှစ်–၃၀ ကျော်ပါပြီ။ ဘုန်းကြီး ကိုရင် ၉–ဝါအရမှာ အသက် ၁၆–နှစ်၊ ၁၇–နှစ်သား လောက်ရှိတော့ ဒီဂိုဏ်းကောင်းမှန်း သိလာပါပြီ။ ဆရာသမားအုပ်ချုပ် မှုက အလွန်ကောင်းပါတယ်။ အဲဒီ တော့ စိတ်ချမ်းသာမှုရှိတယ်။ ကျုပ် တို့ကို မြင်ရုံနဲ့ လူတွေက ရွှေကျင် မှန်းသိတယ်၊ ဘယ်တိုက်ကတုန်း မေးတာ။ ကျုပ်တို့မှာ အရှိန်အဝော် လဲ ကောင်းပါတယ်"လို့ ဖြေပါ တယ်။

ပဥ္စင်းပျို တစ်ပါးကို မေး လျှောက်ကြည့်တော့ အဲဒီ ဦးပဥ္စင်း က"ဒကာမကြီးရယ်၊ရွှေကျင်သံဃာ နဲ့ တခြားသံဃာစာတတ်တာချင်း တော့ တူချင်လဲတူမယ်၊ သာချင် လဲသာမယ်ပေါ့။ ဒါပေမယ့် ဆရာ သမား အဆုံးအမနဲ့ စည်းကမ်း မှာတော့ ကျုပ်တို့ကသာတယ် ထင် တာပဲ"လို့ ကျွန်မကို ရီးရီးပဲ ပြော ပြပါတယ်။

မဟာသန္တာခုံ ကျောင်းတိုက် ကြီးကိုရောက်ခဲ့တုန်းက ဆရာတော် အပြင်ကြွနေခိုက် ကြုံတဲ့ ဆုံတဲ့ သံဃာများကို မေးလျှောက်ကြည့် ရာက ကြားခဲ့ရတာများပါ။

ရွှေကျင်ဆရာတော်ကြီး ပျံလွန် တော်မူတာ ၁၃၅၅–ခုနှစ်၊ တပေါင်း လမှာ နှစ် ၁၀၀–ပြည့်တာ ဖြစ်ပါ တယ်။ ဒီနှစ်၁၀၀–ကို အကြောင်း ပြုပြီး ရာပြည့် ပူဇော်ပွဲကျင်းပ မှာပါ။

သာသနာမှာ ရွှေကျင် ဂိုဏ်း ရယ်လို့ ဂဏဝိမုတ်ဂိုဏ်း တသီး တခြား ဖြစ်ပေါ် လာခဲ့တာနဲ့ ပတ်သက်လို့ ခုခေတ်လူငယ်တွေ က ဘာလို့ ရွှေကျင်ဂိုဏ်းခေါ်တာ လဲကအစ သိချင်ကြလိမ့်မယ် ထင် ပါတယ်။ ဒါကြောင့် ခုခေတ် လူငယ်လေးတွေ သဘောပေါက် အောင် နည်းနည်းပြောရရင်–

သာသနာမှာ သံဃာ ဂိုဏ်း တစ်ဂိုဏ်း ရွှေကျင်ဂိုဏ်းလို့ ခေါ်ဝေါ် နေတာက ဒီဂိုဏ်းကြီးကို ရှေ့ဆောင်ရှေ့ရွက် ပြုခဲ့တဲ့ ဆရာ တော်ကြီးက "ရွှေကျင်ဆရာတော် ကြီး"မို့ပါ။

ရွှေကျင် ဆရာတော်ကြီးရဲ့ ဘွဲ့တော်ရင်းက အရှင်ဇာဂရ တဲ့။ နို့ပေမယ့် ကျွန်မတို့ ဆရာတော် သံဃာတော်ကြီးတွေမှာ ငယ် စဉ်က နေ့သင့်နံသင့် ဆရာသမားများက မှည့်ခေါ်ပေးခဲ့တဲ့ ဘွဲ့မည် များထက် နောင်ခါ အကြောင်းအားလျော်စွာ ခေါ်ဝေါ်ကြ လူသိများကြတဲ့ အမည်များနဲ့ အမှတ်အသားပြုထား ကြမှုတွေ အများကြီး ရှိပါတယ်။

တချို့ ဆရာတော်ကြီးတွေ ဆိုရင် ကိုးကွယ်တဲ့ ဒကာ ဒကာမ ကို အကြောင်းပြုပြီးတော့ အဲဒီ ဆရာတော်ရဲ့ ဘွဲ့ကို မှည့်ခေါ် ကြတယ်။ ဥပမာ–မိုင်းကိုင်မြို့စား ကိုးကွယ်တဲ့ ဆရာတော်ကြီးမို့ "မိုင်း ကိုင်ဆရာတော်"တဲ့။

တချို့ကတော့ သိပ်တန်ခိုး ကြီးတဲ့ စာတတ်ပုဂ္ဂိုလ် အကျော် အမော်ကြီးတွေ ဖြစ်လာလင့်ကစား လူတုန်းကအမည်ကိုပဲ ဆရာတော် ကြီးဘဝမှာလဲ ဆက်လက်ခေါ်ဝေါ် နေတာမျိုးလဲ ရှိတတ်သေးရဲ့။ ကျွန်မတို့ငယ်ငယ်က မန္တလေးမြို့ တောင်ပြင်မှာ စာချဆရာတော်ကြီး နှစ်ပါး လူအမည်နဲ့ ခေါ်ဝေါ်နေကြ

တာ ရှိပါတယ်။ ရွှေရေးဆောင်တိုက်ကြီးက ဆရာတော်ဦးကြည်တို့ ဘုရားကြီးတိုက် ဆရာတော်ဦးကြယ်တို့ဟာ အင်မတန် နာမည်ကြီး စာချဆရာတော်ကြီးတွေပေါ့။ တောအရပ်များမှာတော့ ကျောင်းထိုင်ဘုန်းကြီးတွေ၊ ခန်းနေဦးပဥ္စင်းတွေ၊ လူနာမည်အတိုင်း ရပ်ရွာက ခေါ်ဝေါ်ကိုးကွယ်နေကြတာတွေလဲ အများကြီးပါပဲ။

တချို့ ဆရာတော်ကြီးတွေကတော့ မိမိမွေးဖွားရာ ဇာတိရပ်ရွာရဲ့အမည်ကိုစွဲပြီး ခေါ်ဝေါ်တာပါ။ ဒီလို ခေါ်ဝေါ်တာကို ဆရာသမားများဖြစ်ကြတဲ့ ဆရာတော် သံဃာတော်ကြီးတွေက အလေ့အထ ရှိတတ်ပါသတဲ့။ ကိုရင်ဘဝ ပဥ္စင်းငယ်ဘဝမှာ ပေးထားတဲ့ဘွဲ့ထက် ဘယ်ရွာက မောင်ပဥ္စင်းမို့ ဘယ်သူဘယ်ဝါတဲ့ စသည်ဖြင့် ရပ်ရွာကို အမည်လုပ်ခေါ်ဝေါ်ရာက ကြီးလာတဲ့အထိ ဒီအမည် တွင်သွားတော့တာ ဖြစ်ပါသတဲ့။

ဆရာတော် ဦးရန်ကုန်ဆိုရင် ဇာတိက ရန်ကုန်နားက တိုးကြောင်ကလေးကပါ။ နို့ပေမယ့် ရန်ကုန်နား ကပ်နေတဲ့အရပ်ဖြစ်လေတော့ "ရန်ကုန်က၊ ရန်ကုန်က"ဆိုတာကို အကြောင်းပြုပြီး နောင်ကြီးပြင်းတဲ့အထိ "ဆရာတော် ဦးရန်ကုန်" ဖြစ်နေတော့တာပါ။

အလားတူပါပဲ၊ သီးလုံးဆရာတော်၊ သက်ပန်းဆရာတော်ဆိုတဲ့ ဆရာတော်ကြီးတွေဟာလဲ မွေးဖွားတော်မူရာ ဇာတိရွာများရဲ့ အမည်နဲ့ ဆရာတော်ကြီးများ ပေါ်လွင်ထင်ရှားနေတာ ဖြစ်ပါတယ်။

အဲဒီရွာအမည်ဟာ ဘွဲ့တော်ဖြစ်နေရတာ ဘယ်အထိများလဲဆိုရင် သာသနာပိုင် ဖြစ်တော်မူတဲ့အထိ တချို့များ တွင်နေတာပါ။ ဆရာတော် ဦးညေယျကို ဘွဲ့တော်လဲ သိကြပေမယ့် "မောင်းထောင်သာသနာပိုင်" ဆိုတာကပဲ အသုံးများပါတယ်။ သဲအင်း သာသနာပိုင် ဆရာတော်ဘုရားဟာလဲ အတူတူပါပဲ။ သဲအင်းရွာသားမို့ပါ။

ဒီလို ဆရာတော်ကြီးများရဲ့ ဇာတိရပ်ရွာကို အစွဲပြုပြီး ဆရာတော်ကြီးတွေရဲ့ ဘွဲ့တွေ ရွာအမည်ပေါက်နေရာက နောက်တော့ အဲဒီ ဆရာတော်ကြီးတစ်ပါး ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့တဲ့ ဂိုဏ်းကိုပါ အဲဒီ ဆရာတော်ကြီးရဲ့ အမည်ကို သုံးနေကြတာကြောင့် ရွှေကျင်ဂိုဏ်းဆိုပြီး ကျေးရွာ တစ်ရွာရဲ့ အမည်ဟာ သံဃာဂိုဏ်း အမည် လာဖြစ်နေရပါတယ်။

ရွှေကျင်ဆရာတော်ကြီး အရှင်ဇာဂရ မွေးဖွားတော်မူတဲ့ ဇာတိရွာက ရွှေဘိုတောင်လက် ရွှေဘိုမြို့နဲ့ ခရီး (၆)တိုင်ကွာ ဝက်လက်အနောက်ဘက် (၈)မိုင်အကွာ၊ စကားတတ်ကြတယ်ဆိုတဲ့လှတောငါးရွာထဲက တစ်ရွာဖြစ်တဲ့ ရွှေကျင်ရွာပါ။အောက်အရပ်ညောင်လေးပင်နားမှာရှိတဲ့ စစ်တောင်းမြစ်ပေါ်က မဒေါက် ရွှေကျင် မဟုတ်ပါဘူး။ ဒီရွှေကျင်ရွာကလေးက အညာက ရွှေကျင်ပါ။

ရွှေကျင်ဂိုဏ်းရယ်လို့ တသီးတခြား ဖြစ်လာရတာကတော့ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းက ရွှေကျင်ဆရာတော်ကို ကြည်ညိုတော်မူလို့ ဖြစ်ရတာပါပဲ။ မင်းတုန်းမင်းကလဲ ရွှေကျင်ဆရာတော်ကို သူ့ အထွဋ်အထိပ်မရောက်ခင် မင်းသားဘဝကတည်းက ကြည်ညိုခဲ့တာကိုး။

ကြီးလာတော့ ရွှေကျင်ဂိုဏ်းကြီးရဲ့ ဦးစီးခေါင်းဆောင် ရွှေကျင်ဆရာတော်ကြီး ဖြစ်လာမယ့် အရှင်ဇာဂရဟာ အသက် (၁၈)နှစ်သားတုန်းကစပြီး သီးလုံးဆရာတော်ကြီးဆီမှာ ရင်းခြာတဲ့ တပည့်အဖြစ်နဲ့ နေခဲ့ရဖူးတယ်။ ရွှေဘိုသာသနာမှာ နေတစ်ဆူ လတစ်စင်း ထင်လင်းတော်မူတဲ့ သီးလုံးဆရာတော်ကြီးက ပရိယတ်ဘက်မှာရော ပဋိပတ်ဘက်မှာရော စွယ်စုံရုံသာမက လောကီ အသိဉာဏ်မျှမဟုတ်မူ၍ အာသဝက္ခယ အသိဉာဏ်နှင့်တကွ ဆဋ္ဌာဘိညာပုဂ္ဂိုလ် မဖြစ်ဘူးဟု မဆိုဝံ့ချေလို့ သက်ရှိ

ရွှေကျင်သာသနာပိုင် ရွှေဟင်္သာ ဆရာတော်ကြီးက သီးလုံး ဆရာ တော်ဘုရားကို ရေးသားဖူးတဲ့ ဆရာ တော်ကြီးပါ။

ရှင်ဇာဂရဟာ အဲဒီလိုပုဂ္ဂိုလ် ထူး ပုဂ္ဂိုလ်ကျော်ဆီမှာ နှစ်ပေါင်း များစွာ တပည့်ရင်း အန္တေဝါသိက အဖြစ်နဲ့ နေခဲ့ပြီး ရဟန်းအဖြစ် ရောက်တဲ့အခါ ပုဂံမင်း နန်းစံနေတဲ့ အမရပူရမြို့တော်ကိုကြွပြီး သဲအင်း သာသနာပိုင်တိုက်မှာ သီတင်းသုံး တယ်။ ထင်ပေါ်ကျော်ကြားတဲ့ ဆရာတော်ကြီးတွေဆီမှာ ပါဠိ အဋ္ဌကထာ ကျမ်းတွေကို ဆရာ အသီးသီးထံမှာ သင်ယူတယ်။ ရွှေကျင်ဆရာတော်ဟာ ဉာဏ်ပညာ ထက်မြတ်သူမို့ ပေါက်ပေါက် မြောက်မြောက် တတ်မြောက်တော် မူတယ်။

အမရပူရမှာ ရှစ်ဝါစာသင်ပြီး တဲ့အခါတော့ အမရပူရက ပြန်ကြွ ခဲ့ပြီး မန်ကျည်းစဉ်၊ ခေါတော ရှိမ္ဘကားအရပ်တွေမှာ ရဟန်းတွေကို စာသင်စာချပြီး နေတော်မူပါတော့ သတဲ့။

အမရပူရကို စိုးစံတော်မူတဲ့ ပုဂံမင်းဟာ မြန်မာရာဇဝင်မှာတော့ မကျန်းမာတော်မူလို့ မန္တလေးလာ ပြီး ဓာတ်နန်းစံရတယ်လို့ ရေးတာ ဖတ်ရပါတယ်။ အနောက်က ရာဇဝင်ဆရာများကတော့ ပုဂံမင်း ရဲ့ ရောဂါဟာ စိတ်ဝေဒနာလို့ ရေးကြတယ်။ ဒီပုဂံမင်း သာသနာ ရေးအပေါ်မှာ စိတ်ဝင်စားပုံနဲ့ ပတ် သက်ပြီး "ပုဂံမင်းဟာ သာသနာ ရေးကို အလေးမပြု၊ ပုဂ္ဂိုလ်ကောင်း မကောင်း မစိစစ်၊ အရည်အသွေး ရှိမရှိ မဆင်ခြင်မူ၍ ကိုးကွယ်သော ကြောင့် အလဇ္ဇီရဟန်းတို့အား ရှိကြ ၏"လို့ ရေးသားမှတ်တမ်းတင် ထားတာများ ရှိပါတယ်။ ဒါကြောင့် ရွှေကျင်ဆရာတော် လောင်းလျာ အရှင်ဇာဂရဟာ အမရပူရမှာ (၈) နှစ်ပဲ စာသင်တယ်။ အမရပူရ မြို့တော်က တချို့သောရဟန်းများ ရဲ့ပြုမူနေထိုင်ပုံများကို စိတ်ပျက် တော်မူလို့ထင့်၊ ဘေပြန် စာချရင်း သံဃာတော်များကို ဝိနည်းတော်နဲ့ လျော်ညီစွာ နေထိုင်ကြဖို့ တိတိ ကျကျ ဆုံးမတော်မူပါလိမ့်မယ်။ ဒီအချိန်မှာ မင်းတုန်းမင်းက ရွှေဘို ထွက်လာရင်း ရွှေကျင်ဆရာတော် နဲ့တပည့်သံဃာများကို မန်ကျည်း စင်တောကျောင်းမှာ ဖူးတွေ့ရတဲ့ အခါ နှစ်သက်သဘောကျပြီး ငါမင်းဖြစ်တဲ့အခါ ဒီဘုန်းကြီးမျိုး နဲ့ သာသနာပြုရရင် ဘုရား သာ သနာ အသေအချာ ထွန်းလင်းမှာ ပဲလို့အောက်မေ့တယ်။ ဒါကြောင့် စကားစပ်လျှောက်ထားခဲ့တယ်။

မင်းတုန်းမင်း ထီးနန်းရတဲ့ အခါမှာတော့ ရွှေကျင်ဆရာတော် ကို နေပြည်တော် မရမကပင့်ပြီး သာသနာ ပြုစေပါတော့တယ်။ ဆရာတော်သီတင်းသုံးဖို့ ကြိုက်ရာ နေရာ ညွှန်တော်မူပါလျှောက်တော့ လူသူနဲ့ဝေးရာ မန္တလေးတောင်ရဲ့ မြောက်ဘက်ခြေရင်းမှာ ကောင်းပါ ရဲ့ မိန့်လို့ ရွှေကျင် ၅-တိုက်ကို မန္တလေးတောင်ရဲ့ မြောက်ဘက် အဆင်းမှာ တည်ဆောက်ပေးပြီး ဆရာတော်ကြီး သီတင်းသုံးဖို့ အလည်တိုက်ကြီးထဲမှာ မဟာဓမ္မိ ကာရာမ ဆိုတဲ့ တိုင်အလုံးပေါင်း ၂၆၂-တိုင်ပါရှိတဲ့ ကျောင်းတော်ကြီး ကို ဆောက်လုပ် လှူဒါန်းပါတယ်။

ဆရာတော်က တပည့်သံဃာ မြောက်မြားစွာနဲ့ (၁) ထရံကာ တိုက် (မိုင်းလုံတိုက်လဲ ခေါ်တယ်)၊ (၂) ရမည်းသင်းတိုက်၊ (၃) မဟာ ဓမ္မိကာရာမတိုက်၊ (၄) မင်းကင်း တိုက်၊ (၅) မြတောင်တိုက်၊ ရွှေ ကျင် ၅-တိုက်မှာ သာသနာပြုတော် မူပါတယ်။ မင်းတုန်းမင်း မန္တလေး ရွှေမြို့တော်ကို ပင့်ခဲ့တော့ ဆရာ တော်ဟာ ရဟန်းသိက္ခာ ၁၉-ဝါ သာ ရပါသေးသတဲ့။

မန္တလေးမှာ သာသနာပိုင် ဆရာတော် ဦးညေယျကို ရွှေကျင် ဆရာတော်က အကန်တော့ကြွ ကယ်၊ ၃-ကြိမ် ၃-ခါ ကြွပေမယ့် သာသနာပိုင် ဆရာတော်က နှုတ် ခွန်းဆက်သခြင်း မပြုဘူး။ ဒါ ကြောင့် ရွှေကျင်ဆရာတော်က စတုတ္ထအကြိမ် ကြွရောက်ကန်တော့ ဖို့ စိတ်မကူးတော့ဘူး။ နို့ပေမယ့်

တစ်ခါတော့ သာသနာပိုင် ဆရာတော်က အမိန့်အာဏာနဲ့ ဆင့်ခေါ်တယ်။ ရွှေကျင်ဆရာတော်က ကြွတော်မမူဘူး။ မကြွလာကောင်းလားလို့ မဟာဒဏ်ဝန်နဲ့ အတင်းပင့်ခေါ်ဖို့ ကြံစည်တယ်။ ဒါကို ဆရာတော်က သိတဲ့အခါ မင်းတုန်းမင်းကို အကြောင်းကြားတော့ မင်းတုန်းမင်းက ရွှေကျင်ဆရာတော်ကို သုဓမ္မာမှာ အစည်းအဝေးလုပ်ရင် အတင်းအကြပ် ဆင့်ခေါ်ခြင်း မရှိပါစေနဲ့၊ ရွှေကျင်ကို ဂဏဝိမုတ်ခေါ်တဲ့ သီးခြားဂိုဏ်းအဖြစ် သိမှတ်ပါလို့ အမိန့်ရှိပြီး ခွဲထုတ်လိုက်တော့မှ ရွှေကျင်ရယ်၊ သုဓမ္မာရယ် ဆိုပြီး ၂–ဂိုဏ်း ဖြစ်သွားပြီး မင်းတုန်းမင်းလက်ထက်မှာပဲ ရွှေကျင်နဲ့ သုဓမ္မာဂိုဏ်း တစ်သီးတခြား ဖြစ်သွားပါတယ်။

ရွှေကျင်ဆရာတော်ဘုရားသီတင်းသုံးရာ အလယ်တိုက်မှာ သံဃာ ၃၀၀–ကျော် အရန် ၄–တိုက်မှာ သံဃာ ၂၀၀–ကျော်စီ စုစုပေါင်း သံဃာ ၁၀၀၀–ကျော်ကို မင်းတုန်းမင်းက ဆွမ်းမခံစေဘဲ ဆွမ်းဒကာခံထားတော့ ရွှေကျင်သံဃာတွေဟာ ဟိုတုန်းက ဆွမ်းခံစရာ မလိုဘူး။ ပရိယတ်ကိုပဲ အချိန်ရှိသမျှ လုံ့လထုတ်နိုင်တယ်။ နို့ပေမယ့် ဆွမ်းမခံရသကောလို့ သိပ်တော့လဲ ချောင်လည်လှတာ မဟုတ်ဘူး။ ကျောင်းတွင်း နေနည်း ထိုင်နည်း စားနည်း သွားနည်းစတဲ့ ဝိနည်းတော်မှာပါပြီး ရွှေကျင်ဥပဒေတွေက အများကြီး ထပ်ဆင့်ကွပ်ညှပ်ထားလို့ သံဃာတွေဟာ အလွန်ပိပိပြားပြား နေထိုင်ပြီး စာသင်ကြရတယ်။ ရွှေကျင်ဆရာတော်ကြီးက သူကိုယ်တိုင်က အကျင့်အကြံကောင်းမွန်ပြီး တပည့်သံဃာတွေအပေါ်မှာလဲ အဆုံးအမသိပ်ကောင်းတော့ ယောအတွင်းဝန် ဦးဖိုးလှိုင်တို့လို ပုဂ္ဂိုလ်တွေကလဲ ရွှေကျင်ဆရာတော်ကို ကိုးကွယ်တာပါ။

ရွှေကျင် ဆရာတော်ကြီးဟာ သီးလုံးဆရာတော်ကြီးရဲ့ အန္တေဝါသိက တပည့်ကြီး ဖြစ်လေတော့ မင်းကိုးကွယ်ခံရပြီး ရွှေမြို့တော်ကျောင်းမှာချည်း သီတင်းသုံး နေထိုင်တော်မမူဘူး၊ တောကျောင်းတွေကို မကြာခဏကြွပြီး ဝိပဿနာအလုပ်များလဲ လုပ်ဆောင်တော်မူတယ်။

ဆရာတော့် တစ်သက်မှာ– (၁) ကိန္နရာတောရ၊ (၂) ရေတံခွန်တောင်တောရ၊ (၃) စေဥ္စကိုင်တောရ၊ (၄) ကုက္ကိုချောင်တောရ၊ (၅) ဝါးရုံချောင် နွားလန်တောင်တောရ၊ (၆) မင်းကွန်း ငွေတောင်တောရဆိုတဲ့ တောကျောင်းတွေမှာ ၆–ကြိမ် ၆–ခါ တောထွက်တော်မူဖူးတယ်။ သက်တော် ၆၄–နှစ်မှာ မင်းကွန်း ငွေတောင်တောရကို ထွက်ကြွသွားတာ ၉–နှစ်နေပြီးတော့ အဲဒီတောရမှာပဲ သက်တော် (၇၁)နှစ်မှာ ဆရာတော် ပျံလွန်တော်မူပါတယ်။

ဆရာတော် သက်တော်ထင်ရှားရှိစဉ်က ရေးသားသွားတဲ့ ကျမ်းစာအုပ်ပေါင်း ၂၉–အုပ်ရှိပါတယ်။ ခုရာပြည့်ပွဲတော်မှာ သံဃာငယ်များကို အထူးပြု ဆုံးမတဲ့ စူဠသိဿကောဝါဒ စာအုပ်နဲ့ တပည့်သံဃာကြီးများ တံဆိပ်တော် ရ, မရများကို ဆုံးမတဲ့ မဟာသိဿကောဝါဒ စာအုပ်များကို ပြန်လည်ရိုက်နှိပ်တော်မူကြပါလိမ့်မယ်။

ရွှေကျင်ဆရာတော်ကြီး ရေးသားတော်မူတဲ့ စာအုပ်များအနက် ဂမ္ဘီရာဂမ္ဘီရ မဟာနိဗ္ဗုတဒီပနီကျမ်းဟာ နာမည်အကြီးဆုံးကျမ်း ဖြစ်ပြီး ဒီကျမ်းက ထေရဝါဒ ဗုဒ္ဓဘာသာများရဲ့ အထွဋ်အထိပ် နိဗ္ဗာန်နဲ့ ပတ်သက်ပြီး နိဗ္ဗာန်ဟာ ဘာဆိုတာကို ရှင်းလင်းရေးသားတော်မူထားတဲ့ ကျမ်းကြီးဖြစ်ပါတယ်။ ဒီကျမ်းကို မဂ်နဲ့ ဖိုလ်အလုပ် စခန်း လှမ်းလျှောက်နေကြတဲ့ ပုဂ္ဂိုလ်တိုင်းက ဆရာတော် ဘယ်မျှကြိုးစားပြီး ဘယ်မျှကြီးမားတဲ့ စေတနာနဲ့ အားထုတ်ရေးသား ရှင်းလင်းပြသထားတယ်ဆိုတာကို ရိပ်စားနားလည်ကြပါသတဲ့။ ဒီကျမ်းကို ဆရာတော်ဟာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာနဲ့ ဂဏ္ဌိရ

ကျမ်းပေါင်း ၈၄–အုပ်ထဲက မွေ့နောက် ရှာဖွေပြီး ရေးသားထားတာ ဖြစ်ပါသတဲ့။

ဓမ္မသိဿကောဝါဒကျမ်းကို ဆရာတော်ကြီးက မလွန်မြို့ မင်းလှ အရှေ့တောင် မြစ်တစ်ဘက် ဝါးရုံချောင်၊ နွားလန်တောင်တောရမှာ သီတင်းသုံးခိုက် ၁၂၃၈–ခုနှစ်က ရေးသားတော်မူတာဖြစ်ပြီး တပည့်ကြီးများဖြစ်တဲ့ တံဆိပ်ရ, မရ ဆရာတော်ကြီးများကို ဆုံးမတော်မူတဲ့ မဟာသိဿကောဝါဒ စာအုပ်ကို ၁၂၅၄–ခုနှစ် ဆရာတော် မပျံလွန်တော်မူမီ တစ်နှစ်၊ မင်းကွန်း ငွေတောင်တောရမှာ ရေးသားတော်မူခဲ့တာ ဖြစ်ပါတယ်။

ဒီစာအုပ် ၂–အုပ်နဲ့ ပတ်သက်ပြီး စာတတ်လှတယ်လို့ နာမည်ကြီးတဲ့ ထရံကာ ဆရာတော်ကြီး လူထွက်ဦးအုန်းညွန့်ရဲ့မြေး မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆီးပင်ကျောင်းဘုန်းကြီး စာချဆရာတော် ဦးကောဏ္ဍညက "ဒီစာအုပ်တွေမှာပါတဲ့ ဂါထာတွေက ပိဋကပါဠိတော်နဲ့ အဋ္ဌကထာကြီးတွေထဲက ဝါကျကြီးတွေကို ဂါထာအဖြစ်နဲ့ အကျဉ်းချုံးသုံးထားတာတွေ ဖြစ်တယ်။ ဆရာတော်ကြီးဟာ တောရဆောက်တည်တော်မူရာကို ပိဋကတ်တော်နဲ့ အဋ္ဌကထာပေစာတွေကို ယူဆောင်သွားတော်မူမှာ မဟုတ်ဘူး။ ဆရာတော့်နှုတ်ထဲ အမြဲရနေလို့သာ ဒီလိုရေးသားတော်မူနိုင်တာ ဖြစ်လိမ့်မယ်"လို့ သုံးသပ်ဝေဖန်ပြပါတယ်။

ဆရာတော်ကြီးကို မင်းတုန်းမင်းတရားကြီးကရော သားတော် သီပေါမင်းကပါ ဘွဲ့တံဆိပ်များ ဆက်ကပ်ပါတယ်။ ဆရာတော်ဟာ ဘွဲ့များကို နှစ်ခုစလုံး လက်မခံဘဲ ငြင်းပယ်ခဲ့ပါတယ်။

ရွှေကျင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူတာ အခုဆိုရင် နှစ် ၁၀၀–ရှိပါပြီ။ ဒီနှစ်–၁၀၀ အတောအတွင်းမှာ ရွှေကျင်ဂိုဏ်းဟောင်းကြီး ပကတိတည်နေသလား၊ ဆုတ်ယုတ်သလား၊ တိုးပွားသလား ဆိုတာ ကိုကြည့်တော့ အရည်အတွက်အနေနဲ့ မလျော့၊ အရည်အချင်းအနေပါ ဆုတ်ယုတ်မှုမရှိ ပကတိ တိုးပွားတယ်လို့ပဲ ပြောရမှာပါ။ ဒီကနေ့ ရွှေကျင်သံဃာတွေထဲမှာ ပဌမဆရာတော်ကြီး ကျင့်သုံးတော်မူခဲ့တဲ့ တောထွက်ပြီး ဝိပဿနာအလုပ်များ လုပ်တဲ့ အလုပ်တော့ များသင့်သလောက် မများဘူးလို့ မြင်လို့ရပါတယ်။

ရွှေကျင်ဂိုဏ်းကြီး ယနေ့ထက်ထိ တနေ့တခြား စည်ကားတိုးတက်မှုရှိတာနဲ့ ပတ်သက်လို့တော့ ရွှေကျင်ဆရာတော်ကြီးဟာ ကိုယ်တော်တိုင်အနေနဲ့ အလွန်ကြည်ညိုဖွယ်ကောင်းအောင် ဘုရားဝိနည်းတော်များကို တိတိကျကျ ကျင့်သုံးနေထိုင်ပြသွားတော်မူတာရယ်၊ ဆရာတော်ကြီးမှာ ဟောပြောဆုံးမ သိမ်းသွင်းစည်းရုံးမှုအားကောင်းတာရယ်တို့ကြောင့် ဆရာတော်ကြီး သက်တော် ထင်ရှားရှိသေးတဲ့အချိန်မှာပဲ ခေတ်ပြိုင်သာသနာတွင်းက ဆရာတော်အတော်အကောင်းကြီးတွေ ရွှေကျင်ဂိုဏ်းထဲ ဝင်ရောက်လာကြ၊ ဆရာတော်ကြီး တပည့်ခံလာကြတာကြောင့် ဒီဂိုဏ်းအကျိုးကို ဆက်လက်သည်ပိုးမယ့် သာသနာ့တပ်မှူးကြီးတွေ အင်နဲ့အားနဲ့ ရှိနေခဲ့တာကြောင့်လို့ပြောရင် လွဲမှားလှမယ် မထင်ပါဘူး။

ဆရာတော်ကြီး ပျံလွန်တော်မူပြီးတဲ့နောက် ရွှေကျင်ဂိုဏ်းကြီးရဲ့ နံပါတ်(၂) သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော် ဆိုပါရင် ကံရော ဉာဏ်ရော ပညာရော ဝီရိယရောလိုလေသေးမရှိ၊ အဘက်ဘက်က ပြည့်စုံလုံလောက်တဲ့ ဆရာတော်ကြီး၊နှောင်းလူတွေက ရွှေကျင်ဂိုဏ်းဟာ ဝိသုဒ္ဓါရုံဂိုဏ်းပါပဲလို့တောင် သိမှတ်ထားကြတဲ့ အထိ ရွှေကျင်ဂိုဏ်း တာဝန်ကို ပြည့်ပြည့်ဝဝ အောင်အောင်မြင်မြင် ရွက်ဆောင်တော်မူနိုင်ခဲ့တဲ့ ဆရာတော်ကြီး ဖြစ်ပါတယ်။ ဝိသုဒ္ဓါရုံ ဆရာတော်ကြီး လက်ထက်မှာ ရွှေကျင်ဂိုဏ်းဟာ သိသိသာသာ တိုးပွားလာပါတယ်။

ရွှေကျင် ဆရာတော်ကလွဲရင် ဝိသုဒ္ဓါရုံဆရာတော်ဟာ မသိသူ မရှိတဲ့ ဆရာတော်ကြီး၊ မြန်မာနိုင်ငံမှာသာမက ထိုင်းနဲ့ သီဟိုဠ်အထိ ကျော်ကြားထင်ရှားတဲ့ ဆရာတော်ကြီးပါ။

စစ်ကိုင်းတောင်ရိုး မဟာသစ်ဝင်ဆရာတော်က "ဝိသုဒ္ဓါရုံ ဆရာတော်ကြီးဟာ စာချလည်းကောင်းတယ်၊ စာချကောင်းဆို အပြောအဟောကကောင်းတာကိုး၊ တပည့်အသိမ်းအသွင်းလဲ သိပ်ကောင်းတယ်။ အဘယာရာမ ဆရာတော်မြောင်းမြဆရာတော်တို့ဟာ မူလက သုဓမ္မာတွေ၊ ဝိသုဒ္ဓါရုံဆရာတော်ကို ကြည်ညိုလို့ ရွှေကျင်ဖြစ်လာကြတာ။ ဝိသုဒ္ဓါရုံဆရာတော် လက်ထက်မှာ ဂိုဏ်းကြီး ကြီးပွားလာတာပဲ။ ဆရာတော်က တော်တာနဲ့ အမျှ ဘုန်းလဲကြီးတဲ့ ဆရာတော်ပါ"လို့ အားရပါးရ မိန့်ကြားဘူးပါတယ်။

ပြီးတော့ ဆက်လက်ပြီး ဆရာတော်က "ရှေးကတော့ ရွှေကျင်ပဲ သုဓမ္မာပဲဆိုပြီး ဂိုဏ်းကွဲပေမယ့် အချင်းချင်း ဆက်သွယ်ရေးကောင်းနေတာ။ မန်လည်ဆရာတော်၊ လယ်တီဆရာတော်တို့ဟာ ဝိသုဒ္ဓါရုံဆရာတော်နဲ့ ဆက်သွယ်ကူးလူးနေကြတာပဲ။ လယ်တီဆရာတော်ကဆိုရင် သူ့တပည့် လယ်တီပဏ္ဍိတက ဝိသုဒ္ဓါရုံဆရာတော်ဆီမှာ (၁၁)လနေပြီး သက္ကတသင်ယူတယ်။ ဝိသုဒ္ဓါရုံဆရာတော်ရဲ့ ထေရုပ္ပတ္တိကို လယ်တီပဏ္ဍိတက မြန်မာဘာသာနဲ့ရေးတော့ သီဟိုဠ် ဘုန်းကြီး ဦးသီရိမမ္မက ပါဠိလို ရေးတယ်"လို့ ဆက်လက်မိန့်ကြားပါတယ်။

အင်္ဂလိပ်အစိုးရက မြန်မာဘုရင်များနည်းတူ တိုင်းရင်းသားတို့ရဲ့ သာသနာကို ချီးမြှောက်ပါသော်ကောဆိုပြီး အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်များ စတင်ဆက်ကပ်တဲ့အခါ လယ်တီဆရာတော်ဘုရား၊ မန်လည်ဆရာတော်ဘုရားနဲ့ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားတို့ ဆရာတော်ကြီး ၃-ပါးဟာ ပထမဆုံး ဆက်ကပ်လှူဒါန်းတာ ခံရပါတယ်။

ရွှေကျင်သာသနာဟာ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားလို စိတ်ချလောက်တဲ့ ဂိုဏ်းသံဃာကြီးတွေရဲ့ ဦးစီးဦးဆောင်မှုနဲ့ ရပ်တည်ကြီးထွားလာခဲ့ရာမှ အခုဆိုရင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ဆရာတော်ကြီး လက်ထက်တိုင် ရွှေကျင်နိကာယ သမ္မုတိသာသနာပိုင်အားလုံး ၁၂-ဆက်ရှိပါပြီ။

ရွှေကျင်သာသနာ နှစ်(၁၀၀)မှသည် သာသနာတော် တစ်ခေတ်သို့ ရှေ့ကိုဆက်လက်လို့လဲ ရှင်သန်ကြီးထွားပါစေသတည်း။ ။

လှထုဒေါ်အမာ

## မသူတော်

* ကောင်းကင်ကို ဈာန်တန်ခိုးဖြင့်နိုင်၏။
သမုဒ္ဒရာကို လှေသင်္ဘောဖြင့်နိုင်၏။
အမိုက်မှောင်ကို ဆီမီးဖြင့်နိုင်၏။
မသူတော်ကို အဘယ်နည်းဖြင့် နိုင်မည်နည်း ?။


* ငရဲကြီးရှစ်ထပ်ကို ကမ္ဘာဖျက်မီး ကျွမ်းစေ၏။
မြေကြီးအထုကို ကမ္ဘာဖျက်ရေ ကျေမွစေ၏။
မြင့်မိုရ်တောင်ကို ကမ္ဘာဖျက်လေ လွင့်စေ၏။
မသူတော်ကို ဘယ်သူဘယ်သို့ ဖြစ်စေနိုင်သနည်း ?။

* မသူတော်ကိုအမှီပြုလျှင် မသူတော်သာဖြစ်သည်၊
ကျား၏သား သမင်မဖြစ်။

ပထမရွှေကျင်ဆရာတော်ဗုဒ္ဓရားကြီး

# ရွှေကျင်ဆရာတော်နှင့် သီရိလင်္ကာသာသနာ

ပုသိမ်ကြီး-အရှင်အရိယဝံသ



မြန်မာနိုင်ငံနှင့် သီရိလင်္ကာခေါ် သီဟိုဠ်ကျွန်းတို့သည် သာသနာရေး အဓိကအကြောင်းပြု၍ ခင်မင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံခဲ့ကြသည်မှာ သက္ကရာဇ် ၃၈၈-ခုနှစ်၊ ပုဂံခေတ် အနော်ရထာမင်း လက်ထက်မှသည် သက္ကရာဇ် ၁၂၂၁-ခုနှစ် မန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်း လက်ထက်နှင့် ယနေ့တိုင်အောင်ပင် ဖြစ်ပါသည်။

သီရိလင်္ကာ သီဟိုဠ်ကျွန်း၌ သံဃာ့ဂိုဏ်းကြီး နှစ်ခု ကွဲပြားခဲ့ကြသည်။ သက်ရဝါဒီဂိုဏ်းနှင့် အသက်ရဝါဒီဂိုဏ်းတို့ ဖြစ်ကြသည်။ ဤသို့ သံဃာကွဲပြား သူ့ဖက်ကိုယ့်ဖက် လူဒါယကာများပါ ကွဲပြားကြပြန်ရာ အဓိကရုဏ်းမှုအား အရှိန်အဟုန် ကြီးမားစွာနှင့် အထွတ်အထိပ်သို့ ရောက်နေပါတော့သည်။ ဂိုဏ်းကွဲရခြင်း၏ အကြောင်းရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

"တစ်ခုသောမြစ်အတွင်း ဥဒကုက္ခေပ သိမ်တန်ဆောင်းတစ်ခုကိုစွဲ၍" အချင်းချင်းငြင်းခုန်ကြပြီးလျှင် ယခုအခါ ရောယှက်၏ဟု အယူရှိသော "သက်ရဝါဒီဂိုဏ်း"၊ မရောယှက်ဟု အယူရှိသော "အသက်ရဝါဒီဂိုဏ်း"ဟူ၍ နှစ်မျိုးသော နိကာယဂိုဏ်းဝင်များ ဖြစ်သွားကြပါသည်။

ထိုနိကာယဝင် နှစ်မျိုးတို့တွင် "ဤသို့သဘောရှိသော (ယခုဆောက်လုပ်ထား၁``၅) သိမ်တန်ဆောင်းသည် ရွာနယ် (ဂါမခေတ်)မှ စတင်ဆောက်လုပ်လာ၍ မြစ်အတွင်း စိုက်ဆောက်တည်ရှိနေသော သစ်သားတံတား၏အနီး ရေတစ်ဖက် (ဥဒကုက္ခေပ) အတွင်း၌ တည်ရှိနေသောကြောင့် ဂါမသိမ် (ရွာနယ်အပိုင်းအခြား)နှင့် ရောယှက်မှုကို ပြု၏ဟုလည်းကောင်း၊ မပြု၏ဟုလည်းကောင်း"

"ထိုသိမ်တန်ဆောင်း၌ ရှေးကပဉ္စင်းအဖြစ် ရထားသော ပုဂ္ဂိုလ်များ ပဉ္စင်းဖြစ်၏ဟုလည်းကောင်း၊ မဖြစ်ဟုလည်းကောင်း" ဤသို့ဆန့်ကျင်ဖက် ပြောကာ ငြင်းခုန်ကြပါသည်။

(လင်္ကာသာသနဝိသုဒ္ဓိကထာ-မြန်မာပြန် ၁၅၆)

ရွှေကျင်ဆရာတော်သည် သီဟိုဠ်သံဃာတော်များ ညီညွတ်မှုရရှိရေး၊ အဓိကရုဏ်းငြိမ်းအေးရေးအတွက် ကြောင့်ကြောင့်ကြကြ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ မင်းတုန်းမင်းနှင့် အကြိမ်များစွာ တိုင်ပင်

ခဲ့သည်။ ပညာဗဟုသုတ ပြည့်ဝသည့် အရှင်အဂ္ဂဓမ္မာလင်္ကာရ စသော နိုင်ငံတော်ဦးသျှောင် ရာဇဂုရုတံဆိပ်တော်ရ ဆရာတော်တို့နှင့်လည်း ညှိနှိုင်းဆွေးနွေးခဲ့သည်။ ထို့နောက် "သီမာသင်္ကရ ဝိနိစ္ဆယ" ကျမ်းတစ်ဆောင်ကို ပြုစုပုံနှိပ်စေပြီး သီဟိုဠ်နှစ်ဖက် ဂိုဏ်းသံဃာတော်များထံ တင်ပို့လှူဒါန်းခဲ့ကြောင်း ဤသို့ဖော်ပြထားပါသည်။

"တပည့်တော်များသည် အသီးသီးကွဲပြားသော နိကာယဝင်များဖြစ်သည့် သီရိလင်္ကာနေ အရှင်ဘုရားတို့ မကွဲမပြား တစ်သားတည်း ညီညွတ်ခြင်းငှာ ယခုအခါ သီရိလင်္ကာသို့ ရောက်လာမှ အားထုတ်ကြသည်မဟုတ်ပါ။ ရှေးအခါ ဇမ္ဗူဒိပ်ကျွန်း (မြန်မာပြည်) ရတနာပုံ (မန္တလေး) မြို့တော်၌ နေစဉ်ကပင် အဖန်ဖန် အားထုတ်ခဲ့ကြပါသည်။ အရှင်ဘုရားတို့ကို အကြောင်းပြု၍ပင် နန်းတော်တွင်းသို့ဝင်ကာ မင်းတရားကြီးထံသွား၍ မင်းတရားကြီးနှင့်အတူ အဖန်ဖန်အထပ်ထပ် ဆွေးနွေးတိုင်ပင်ခဲ့ကြပါပြီ။

အသီးသီးကွဲပြားသော နိကာယဝင်များဖြစ်သည့် အရှင်ဘုရားတို့ မကွဲမပြား တစ်သားတည်း ညီညွတ်ခြင်းငှာ နှုတ်ဖြင့်သာ မင်းတရားကြီးနှင့် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်မဟုတ်၊ အရှင်ဘုရားတို့ အလေးဂရုပြုခြင်းငှာ အထူးထူး အပြားပြား များစွာသော ဝိနည်းကျမ်းဂန်တို့ကို အထက်အောက်ပြန်လှန် အဖန်ဖန်ကြည့်ရှု သုံးသပ်၍ အကြားအမြင် များသည့်ပညာရှင် ဖြစ်တော်မူကြသော "အဂ္ဂဓမ္မာလင်္ကာရ" အစရှိသည့် ရာဇဂုရုဘွဲ့တံဆိပ်တော်ရ အခြားမထေရ်တို့နှင့် အတူတူ အကြိမ်ကြိမ် ဆွေးနွေးတိုင်ပင်ကာ "သီမာသင်္ကရဝိနိစ္ဆယ"မည်သော သန္နေသကထာကျမ်းစာကို ရေးသားစီရင်ခဲ့ပါပြီ။

ယင်းသို့စီရင်ပြီးလျှင် ယခုကဲ့သို့ မိမိခန္ဓာကိုယ် အမြဲနာကျင်ကိုက်ခဲနေသည့် အနာရောဂါကို မရေတွက်ဘဲ အရှင်ဘုရားတို့ကို အကြောင်းပြု၍ပင် နန်းတော်သို့အကြိမ်ကြိမ်ဝင်ကာ မင်းတရားကြီးအား ပြောကြားတိုင်ပင်၍ အသစ်စက်စက်ဖြစ်သည့် ထိုသီမာသင်္ကရဝိနိစ္ဆယကျမ်းကို ပုံနှိပ်စက်ယန္တရားဖြင့် ပုံနှိပ်စေရန် အားထုတ်ခဲ့ပါပြီ။

လခွဲ (၁၅–ရက်မျှ) ထိုနန်းတော်တွင်းမှာပင် နေ့ရောညဉ့်ပါ နေထိုင်လျက် အက္ခရာအပြစ်၊ ပုဒ်အပြစ်၊ ဝါကျအပြစ်၊ လက်ရေးအပြစ်၊ ပုံနှိပ်အပြစ်တို့ကို အထပ်ထပ်သုတ်သင် ပြင်ဆင်ကာ စာအုပ်ရေများစွာ ပုံနှိပ်စေပြီး သီရိလင်္ကာနေ ပမာနထေရ်ဖြစ်သည့် အရှင်ဘုရားတို့အား အသီးသီးလှူဒါန်းခဲ့ပါပြီ"

(လင်္ကာသာသနဝိသုဒ္ဓိကထာမြန်မာပြန် ၂၃၇/၈)

ရွှေကျင်ဆရာတော်သည် သီဟိုဠ်သံဃာတော်များ ဂိုဏ်းကွဲစေသည့် ပြဿနာရင်းမြစ်များကို တစ်ခုစီတစ်ခုစီ ရှင်းလင်းပြတ်သားစွာ ဖော်ထုတ်၍ နှစ်ဖက်ဂိုဏ်း သံဃာများ ပြေပြေလည်လည်လက်ခံနိုင်မည့်နည်းလမ်းများကို ပါဠိ အဋ္ဌကထာ ဋီကာတို့ဖြင့် ကိုးကားဖော်ဆောင် ညွှန်ပြတော်မူသည်။ ထို့နောက် သီဟိုဠ်သံဃာတော်များ သင့်တင့်ညီညွတ်စွာ နေထိုင်တော်မူကြရန် တိုက်တွန်းတောင်းပန်ခဲ့သည်။

"နှစ်ဖက်နိကာယဝင် ထေရ်အရှင်တို့၊ ဤသို့နှလုံးပြုတော်မူကြပါကုန်၊ အနူးအညွတ် တောင်းပန်ပါသည်။ ဆရာစဉ်ဆက် ဆင်းသက်လာသော အနွယ်ကို အမှီပြု၍ ငါတို့၏ သီးခြား နိကာယဝင်များအဖြစ် တွေ့မြင်ရသော်လည်း ငါတို့ အားလုံးသည် ဘုရားရှင်၏ တပည့်သားများအဖြစ်ဖြင့် အဖတူ ညီနောင်များဖြစ်ကြ၏၊ သာကီနွယ်ဖွား ရှင်ရဟန်း

များအဖြစ်ဖြင့် အနွယ်တူ နိကာယတူများသာ ဖြစ်၏။ ဤသို့နှလုံးပြုသင့်ပါသည်။

(လက်ာသာသနဝိသုဒ္ဓိကထာ-မြန်မာပြန် ၁၅၄)

ဇမ္ဗုဒိပ်ကျွန်းဖွား ထေရ်ကြီး ထေရ်ငယ် တပည့်တော်များက လုံ့လကြီးစွာဖြင့် (တစ်ဖန်) သိက္ခာထပ်ပေးအပ်သော အသက်ရဝါဒီဂိုဏ်းသား ထေရ်ရှင်များသည် အခြားသော သက်ရဝါဒီဂိုဏ်းသား ထေရ်အရှင်များနှင့်အတူတကွ ကံကြီးကံငယ်ပြုမှု၊ ပါတိမောက်ပြမှု ပြုလုပ်ကြကာ အယူဝါဒ တူမျှသည့် တစ်ခုတည်းသော နိကာယဝင်များအဖြစ်ဖြင့် နေထိုင်တော် မူကြပါကုန်။

သက်ရဝါဒီဂိုဏ်းသား ထေရ်ရှင်များက လည်း သိက္ခာထပ်သည့် အသက်ရဝါဒီဂိုဏ်းသား ထေရ်ရှင်များနှင့်အတူ ညီညွတ်ဝမ်းမြောက်ကြကုန်လျက် အတူတကွ ကံကြီးကံငယ်ပြုမှု၊ ပါတိမောက်ပြမှု ပြုလုပ်ကြကာ အယူဝါဒတူမျှသည့် တစ်ခုတည်းသော နိကာယဝင်များအဖြစ်ဖြင့် နေထိုင်တော်မူကြပါကုန်၊ ဤအချိန်မှစ၍ "သက်ရဝါဒီ" "အသက်ရဝါဒီ"ဟု ခေါ်ဝေါ်ခြင်းအမှုမျှ မပြုကြရန် တောင်းပန်ပါသည်။ "

(လက်ာသာသနဝိသုဒ္ဓိကထာ-မြန်မာပြန် ၁၆၃)

ရွှေကျင်ဆရာတော်သည် ရှေးကပင် သီဟိုဠ်သံဃာတော်များထံ "သီမာသက်ရဝိနိစ္ဆယ" စာတမ်းဖြင့်လည်းကောင်း၊ သာသနဝိသုဒ္ဓိသန္ဒေသကထာများကို ပို့သခြင်းဖြင့် လည်းကောင်း၊ အဓိကရဏ်းပြေငြိမ်း၍ တညီတညွတ်တစ်ဂိုဏ်းတည်း ဖြစ်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ရွှေကျင်ဆရာတော်သည် မြန်မာသက္ကရာဇ် ၁၂၃၉-ခုနှစ်၊ တပေါင်းလတွင် သီဟိုဠ်ကျွန်းသို့ စွယ်တော်ဓာတ်ကို ဖူးမြော်ပူဇော်ရန် ကြွတော်မူသည်။ နှစ်သစ်ကူး၍ ၁၂၄၀-ပြည့်နှစ် ဝါကို သီဟိုဠ်ကျွန်း၌ပင် ဝါကပ်တော်မူသည်။ ဆရာတော်သည် ရအပ်သော အချိန်အခွင့်အရေးကို ရယူအသုံးချကာ သီဟိုဠ်သံဃာများနှင့် လူဒါယကာများအား ညီညွတ်ရေးတရားဓမ္မဟောကြား ဩဝါဒပေးတော်မူပါသည်။

အသီးသီး ဂိုဏ်းကွဲနေသော သီဟိုဠ်သံဃာများသည် ရွှေကျင်ဆရာတော်၏ ဩဝါဒအဆုံးအမကို တညီတညွတ်တည်း ခံယူလိုက်နာခြင်းဖြင့် ဖြစ်ပွားနေသော အဓိကရဏ်းကြီးလည်း အပြီးတိုင်ငြိမ်းအေးလေတော့သည်။ ထို့ပြင် သီဟိုဠ်ကျွန်းသား ရဟန်းလောင်းအပါး ၃၀-သည် ရွှေကျင်ဆရာတော်ကို ဥပဇ္ဈာယ်အဖြစ်ယူကာ ရဟန်းအဖြစ်ကို ခံယူကြကြောင်း အောက်ပါအတိုင်း ဖတ်မှတ်၍ ယနေ့ သီရိလင်္ကာနိုင်ငံ၌ ရွှေကျင်ဆရာတော်၏ သာသနာ့မျိုးဆက်များ ပြန့်ပွားနေသည်ကို ဂုဏ်ယူ ဝမ်းမြောက်နိုင်ကြပါမည်။

"ဤသို့ ဇမ္ဗုဒိပ်ကျွန်းသား အရှင်ဇာဂရထေရ် (ရွှေကျင်ဆရာတော်)က သနားကြင်နာသောစိတ်ဖြင့် သန္ဒေသကထာ ပါးလိုက်သောအခါ သီရိလင်္ကာနေ အမရပူရနိကာယဝင် ထေရ်ကြီး ထေရ်ငယ်တို့သည် အလွန်ကြည်လင်ရွှင်ပျသောစိတ်ရှိကြ၍ အရှင်ဇာဂရထေရ် နေထိုင်ရာ ဝါလုကာတိတ္ထရွာအနီး "ရာဇပက္ခအမတ်"၏ အုန်းတောအရာမ်သို့လာ၍ အညီအညွတ်ဝမ်းမြောက်ဝမ်းသာ စည်းဝေးကြပါသည်။

ထိုအခါ ဇမ္ဗုဒိပ်ကျွန်းသား အရှင်ဇာဂရထေရ်သည် သီရိလင်္ကာ၌ အမျိုးမျိုးကွဲပြားနေကြသည့်ရဟန်းတို့ ညီညွတ်ရန်နှင့် သာသနာ့အညစ်အကြေး ကင်းဝေးသန့်ရှင်းစေရန် ရေးသားစီရင်အပ်သော "သာသနဝိသုဒ္ဓိ" အမည်ရှိသောကျမ်းကို အစအဆုံး အားလုံးကြည့်ရှု၍ လည်းကောင်း၊ ဖတ်စေ၍လည်းကောင်း ဆိုလိုရင်း အဓိပ္ပာယ်သိပြီး နှစ်သက်ကြည်ဖြူသဘောကျကြပါသည်။

အမရပူရနိကာယအတွင်း၌ ရေးကဖြစ်ပေါ်ခဲ့သော နှစ်စု၊ သုံးစုကွဲပြားသော နိကာယဝင်ရဟန်းတို့သည် တစ်ပေါင်းတည်းသော နိကာယဝင်များဖြစ်ရန် ညီညွတ်ဝမ်းသာစွာ တစ်ခုသော ဥဒကုက္ခေပသိမ်အတွင်း စည်းဝေးကာ သာမဂ္ဂီဥပုသ်ပြုကြပါသည်။

ဇမ္ဗူဒိပ်ကျွန်းသား အရှင်ဇာဂရထေရ်သည် သီရိလင်္ကာနေ အမရပူရနှယ်နှစ်မျိုး၊ သုံးမျိုးသော နိကာယဝင် ရဟန်းတို့ကို တစ်ခုတည်းသော နိကာယအဖြစ်၌ တည်စေပြီး ထိုနိကာယဝင်ထေရ်အရှင်တို့၏ တပည့်ရဟန်းလောင်း ၃၀-တို့ကို ထို (ဥဒကုက္ခေပ)သိမ်၌ပင် ထိုဆရာတို့၏ အလိုအရ မိမိ(အရှင်ဇာဂရ) အထံ ဥပသမ္ပဒါယူစေ၍ ဇမ္ဗူဒိပ်ကျွန်းသား မထေရ် ၅-ပါး၊ သီရိလင်္ကာကျွန်းသား မထေရ် ၁၀-ပါး၊ ဤ ၁၅-ပါးအစုရှိသော သံဃာဖြင့် ပဥ္စင်းခံပေးခဲ့ပါပြီ။

(လင်္ကာသာသနဝိသုဒ္ဓိကထာ-မြန်မာပြန်၂၅၅/၆)

အမရပူရဂိုဏ်းကြီးမှ သံဃာများသည် မြစ်အတွင်း ရေသိမ်တစ်ခု၌ရှိသည့် တံတားငယ်သည် ဂါမသိမ်နှင့်စပ်ယှက်သည်၊ ဂါမသိမ်နှင့် မစပ်ယှက်ဟု ငြင်းခုန်ကြကာ သက်ရဝါဒီဂိုဏ်းနှင့် အသက်ရဝါဒီဂိုဏ်းဟု ကွဲပြားကြ ပါသည်။ ထို့နောက် ဂါမသိမ်နှင့် စပ်ယှက်သည်ဟု အယူရှိသော သက်ရဝါဒီဂိုဏ်းမှလည်း မိမိရဟန်းအဖြစ်ကို ယုံမှားသံသယရှိ၍ ထပ်မံရဟန်းခံကြသော သံဃာများနှင့်ထပ်မံ ရဟန်းမခံသော သံဃာတို့ ဒဠှီကမ္မဝါဒီဂိုဏ်းနှင့် အဒဠှီကမ္မဝါဒီဂိုဏ်းဟု ထပ်မံကွဲပြားကြပြန်ပါသည်။ ဤသို့စသည်ဖြင့် ဂိုဏ်းပေါင်းများစွာ ကွဲပြားနေကြပါသည်။

ရွှေကျင်ဆရာတော်သည် ယင်းသို့ ဂိုဏ်းပေါင်းများစွာ ကွဲပြားနေသော သီရိလင်္ကာ သီဟိုဠ်သံဃာတော်များကို ပြန်လည်စုပေါင်း၍ အညီအညွတ် တစ်ဂိုဏ်းတည်းဖြစ်အောင် ဓမ္မဝိနယမှန်ကိုပြကာ အောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့ပါသည်။ လောက၌ ဤအောင်မြင်မှုမျိုးကား အလွန်တစ်ရာရခဲသော ကြီးကျယ်မြင့်မြတ်သော သာသနာ့အောင်ပွဲကြီး တစ်ခု ဖြစ်ပါသည်။ အချုပ်ကိုဆိုရသော် ဤအောင်ပွဲသည် ရွှေကျင်ဆရာတော်၏ အောင်ပွဲကြီးဖြစ်သည်ဟု မော်ကွန်းတင်နိုင်သလို "သမဂ္ဂါနံ တပေါ သုခေါ" ဒေသနာအရ သီရိလင်္ကာ သီဟိုဠ်သံဃာတော်များ၏ အောင်ပွဲကြီးဖြစ်သည်ဟုလည်း မော်ကွန်းတင်နိုင်ပါသတည်း။

**ပုသိမ်ကြီး-အရှင်အရိယဝံသ**

အမှတ် ..........
ရက်စွဲ ..........



ရွှေကျင်နိကာယ ဂဏသမုဋ္ဌာပက ပထမရွှေကျင်သာသနာပိုင်

# ရွှေကျင်ဆရာတော်ဘုရားကြီး၏

## နှစ်တစ်ရာပြည့်အထိမ်းအမှတ်ပူဇော်ပွဲ

အရှင်ပညာသိရီဘိဝံသ

# ထုတိဝေဒလ္လမင်္ဂလာဂါထာ

(၁) သုဝဏ္ဏံသောဏ္ဏကာရေန၊
ဓမိတံ နိမ္မလံ ယထာ။
ဒမ္မိတော ရွှေကျင်ထေရေန၊
ရွှေကျင်ဂဏော သမုဗ္ဘဝေါ။

သောဏ္ဏကာရေန=ရွှေကောင်းစစ်, မစစ် ရွှေစင်ဖြစ်, မဖြစ် ရွှေ၏ဓာတ်မြစ်ကို ရွေးစစ်သိမြင် မှတ်ကျောက်တင်သည့် ပညာရှင်ကဝိန် ရွှေပန်းတိမ် သည် ဆရာသည်။

သုဝဏ္ဏံ=အညစ်အကြေး အပြစ်ဘေးတို့နှင့် ရောထွေးသောင်းပြောင်း ရွှေအပေါင်းကို။

နိမ္မလံ=ရွှေရောင်အဆင်း ညစ်ကြေးကင်း၍ ပြောင် ဝင်းထိန်ကြည် အကောင်းဆုံးရွှေရည် စံချိန် မီအောင်။

ဓမိတံယထာ=ရွှေစင်ဟုတ်မဟုတ် မိုက်ဖြင့် ထုတ်၍ မီးမှုတ်ပြုပြင် ရွှေကိုကျင်သကဲ့သို့။

တထာ=ဇမ္ဗူရာဇ်သီဂိ စံချိန်မီ၍ ရွှေရည် ဝင်းဝင်း ညစ်ကြေးကင်းအောင် သန့်ရှင်းပြုပြင် ရွှေ ကျင်သည်နှင့်မခြား အလားပုံယူ ထို့အတူသာလျှင်။

ရွှေကျင်ထေရေန= "ဓာဂရာဘိဓဇ [illegible]ဒ္ဓမ္မဝံသ ဓမ္မသေနာပတိ အတုလာဓိပတိ သီရိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု" မင်းဂုဏ်ပြုပူဇော် တစ်ဆူပေါ်၍ ဇမ္ဗူကျော်ကြား ဂဏသမုဋ္ဌာပက ပထမရွှေကျင် သာသနာပိုင် ဆရာတော်ဘုရား ကြီးသည်။

ဒမ္မိတော=ရွှေကျင်ဂိုဏ်းကျင့်ထုံးဖြင့် အမြင့် ဆုံး စံချိန်မီ ဓမ္မဝိနယနှင့်အညီ အလဇ္ဇီပယ်ခွင်း လဇ္ဇီသွင်း၍ သန့်ရှင်းပြုပြင် ဂိုဏ်းတည်ထွင်လျက် ရွှေကျင်သတ်မှတ် ဆုံးမတော်မူအပ်သည်ဖြစ်၍။

ရွှေကျင်ဂဏော=သီလဂုဏ် ကမ္မာသိအောင် သမာဓိတည်ကြည် ပညာဂုဏ်ရည်ကဲမောက် ရဲရဲ တောက်ပါရမီ ရွှေရည်စိမ်မဟုတ်၊ အလုပ်ဖြင့် သက်သေထူ ဂုဏ်ယူကြွားလောက် လက်ရွေးစင် ရွေးကောက်ပြီးလျှင် မှတ်ကျောက်အတင်ခံ နိုင်ငံ အတွင်း ပြိုင်စံကင်းအောင် သန့်ရှင်းဖွံ့စည်း ရွှေကျင် ဂိုဏ်းကြီးသည်။

သမုဗ္ဘဝေါ="အင်-ကြင်း ခက် ကျိုင်း ရွှေကျင်ဂိုဏ်း"ဟူ၍ သမိုင်းဝေလွင် နှိုင်းနေသွင် ကဲ့သို့ ဂိုဏ်းရွှေကျင် သမိုင်းတိုးလောက်အောင်

ဂိုဏ်းတစ်မျိုးသစ်လျှော် ဖြစ်ပေါ် လာခဲ့ပါပေသတည်း။

(၂) ရွှေကျင်ဇာတော ရွှေကျင်ထေရော၊
ရွှေကျင်နိကာယမာပကော။
ရွှေကျင်ဇာတေန သော ယာတိ၊
ရွှေကျင်ဂဏော သမုန္နတ်။

ရွှေကျင်ဇာတော=ရွှေဘိုမြို့ဟောင်ဘက် ဝက်လက်မြို့နယ်အပိုင် ဂုဏ်လှိုင်ဝေဆော ရွှေကျင်ရွာတွင် တေဇာထင်ပေါ် ခမည်းတော်ဦးမောင် မယ်တော်ဒေါ်မိ ဂုဏ်ရှိထင်ရှား မိဘနှစ်ပါးတို့မှ ဖွားမြင်တော်မူခဲ့ပေသော။

ရွှေကျင်ထေရော=တစ်ထောင့် ကစ်ရာ ရှစ်ဆယ်လေးခုဝယ်လျှင် (၁၁၈၄)တင့်တယ်နဆန်ပုံးညက်ပန်းတို့ ပွင့်လန်းနပျို သာယာပိုသည် ငါဆိုလပြည့်ကျော် (၁၃)ရက်ဟု ရောက်လျက်ကြုံတွေ့အင်္ဂါနေ့တွင် ချမ်းမြေ့ကြည်လင် ဖွားသန့်စင်သည့် ရွှေကျင်ဆရာတော်ဘုရားကြီးသည်။

ရွှေကျင်နိကာယမာပကော=ဗုဒ္ဓသာသနာကမ္ဘာမှာကြီးပွားဖို့ သီးခြားဖွဲ့စည်း ရွှေကျင်ဂိုဏ်းကြီးကို ဦးစီး မဟာနာယကပမာနဖြင့် ပထမစီရင်တည်ထွင် ဖန်ဆင်းတော်မူခဲ့ပါပေ၏။

သော=ရွှေကျင်ဂါမ ဌာနအမည် ဌာနီမှာတင်ဘွဲ့မည်တွင်သည့် ထိုရွှေကျင်ဆရာတော်ဘုရားကြီးသည်။

ရွှေကျင်ဇာတေန=တစ်ဆူဘုရား ပွင့်သောလားကဲ့သို့ ဂိုဏ်းသီးခြားတည်ထွင် ရွှေကျင်ရွာဖွားရွှေကျင်အားဖြင့် ထင်ရှားကျော်မော် ရွှေကျင်ဆရာတော် ဖြစ်ပေါ်တော်မူခဲ့လေသောကြောင့်။

ရွှေကျင်ဂဏော=ရွှေကျင်မည်ထူး မထေရ်မူးကို အဦးအစ စွဲမှီရသဖြင့် အနွတ္ထအမည်တော်ကမ္ဘာပေါ်တွင် ကျော်မော်တင့်လှိုင်း ရွှေကျင်ဂိုဏ်းသည်။

သမုန္နတ်=မြန်မာပြည်တွင်မက ကမ္ဘာကပါအရေးထားကာ လေးစားကြည်ညို ဂုဏ်မိုခို၍ သီဟိုဠ်(သီရိလင်္ကာ)တဖြာ ယိုးဒယား(ထိုင်း) စသောအားဖြင့် နိုင်ငံခြားတိုင်ရောက် ဂုဏ်ဖြိုးမောက်လျက်ထွန်းတောက်တက်လှမ်း အထက်တဝန်းသို့။

ယာတိ=ရွှေကျင့်ရွှေကျင် အသရေလွှင်၍နေအသွင် လတန်းကဲ့သို့ တစ်ကမ္ဘာလုံးထက်ဆွေသမ္မာဘုန်းလက်ဝေ အသာဆုံးကျက်သရေမြင့်မားဂုဏ်ဝင့်ကြွားကာ ထင်ရှားမသွေ ရောက်ရှိခဲ့ပါပေသတည်း။

(၃) ထေရဿ အစ္စယော ကာလော၊
ဣဒါနိ သတိမံ ဂတော။
မဟာမဟံ မယံ ကုမ္မ၊
ထေရဂုဏာနုသာရိကံ။

ထေရဿ=သီရိလင်္ကာ ပြည်မြန်မာနှင့် တဖြာ ထိုင်းမည် ကမ္ဘာတိုင်း အပြည်ပြည်၌ ကြာရှည်ပြန့်ပွား ရွှေကျင်ဂိုဏ်းသား တပည့်တော်များတို့၏ အားကား ကိုးကွယ်ရာသခင် ရွှေကျင်ဆရာတော်ဘုရားကြီး၏။

အစ္စယောကာလော=၁၂၅၅–ခု ရတုရာသီသရဖီတို့ ပွင့်သီခသြောင်း အခါကောင်းသည့် တပေါင်းလပြည့်ကျော် (၇)ရက် ညဥ့်ဝက်သန်းခေါင်ကျော်လဝန်းပေါ်စချိန်အခါ ဝတ်သာအထက်နန်းသို့ တက်လှမ်းခဲ့ရာ အခါကာလသည်ကား။

ဣဒါနိ=၁၃၅၅–ခု ရောက်ပြုကြုံလာ ယခုအခါ၌။

သတိမံ=သာသနာတစ်ခေတ် ကမ္ဘာသစ်၍ဟစ်ရာနှစ်ခေါ် သက်တမ်းတော်တွက်စစ် ရာပြည့်နှစ်သို့။

ဂတော=ရွှေကျင်သာသနာဝင် ကမ္ဘာတွင်၍ထာဝစဥ်မညှိုးမှိန်ပဲ တန်ခိုးတော်အရှိန်အဝါကြောင့်ချိန်ခါရှုထောက် ယခုရောက်ခဲ့လေပြီတကား။

တသ္မာ=ရွှေကျင်နိကာယ ဂဏသမုဋ္ဌာပကပထမရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး၏တစ်ရာပြည့်နှစ်သက်တမ်းသို့ တက်လှမ်းရောက်ရှိလာပြီ ဖြစ်ပါသောကြောင့်။

မယံ=ဘုရားရှင် ရွှေလက်ထက်က ဝိနည်း

ဘက်တွင် တေဒဂ်ရ အတုမရှိ ဥပါလိမှစ၍ သာသနာ့ အဆက်အနွယ်မပျက်ပြယ်ဘဲ စင်ကြယ်တင့်အပ် အကျင့်ဓာတ်ဖြင့် မြင့်မြတ်ဝေလွှင် ရွှေကျင်မည်ခေါ် တပည့်တော်တို့သည်။

ထေရဂုဏာဝနူသ ရိကံ = ရွှေငွေမြဖလ် ရောင်လျှံ ဝင်းစို ရွှေမြင့်မိုရ် အပြန်မကပေသည့် အနန္တဂုဏ် အင် စုံလင်မြတ်လှ မပြတ်တလျှက် အမှတ်တရ အောက်မေ့စေနိုင်သော။

(ဝါ)–ရွှေကျင်ဦးကိုင် သာသနာပိုင်ဟု မဏ္ဍိုင် အဓိပတိ ဂိုဏ်း၏ဖခင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ကြီးမားဂုဏ်အင် စုံလင်မြတ်လှ မပြတ်တလျှက် အမှတ်တရ အောက်မေ့စေနိုင်သော။

မဟာမဟံ=သမိုင်းဝေလွှင် နှိုင်းနေသွင်သို့ ဂိုဏ်းရွှေကျင် ကမ္ဘာသိအောင် တစ်ရာပြည့်ခေါ် ပူဇော်ပွဲသဘင်ကြီးကို။

ကုမ္မ=ရွှေကျင်ဂိုဏ်းသားအားလုံး စုရုံးညီညာ ဉာဏ်အခါဝယ် ပြည်အမတာ အတူမြန်းရန်တို့ လှူဒါန်းကော်ရော် ပူဇော်ကျင်းပကြပါကုန်သည်ဘုရား။

ကုမ္မ=အောင်ဖေယျတု အောင်စေမှုဖြင့် အောင်သပြေနုပန်ဆင် အောင်ငွေခရုသံလွှင် မြန်တခွင် စံတင်ဖို့ အမှန်ပင် ပြုလုပ်ကြပါကုန်သည်ဘုရား။

(၄) သမဂ္ဂါ သမ္မောဒါ ဟောန္တု၊
ရွှေကျင်ဝိသုဒ္ဓဝံသိကာ။
ရွှေကျင်ဝံသာန ရက္ခန္တု၊
သောဓေန္တာ ဂဏာပဒ္ဒဝံ။

ရွှေကျင်ဝိသုဒ္ဓဝံသိကာ=ရွှေကျင်ဝိသုဒ္ဓါရုံ ကမ္ဘာ တုန်အောင် သမ္မာဟုန်တောက်ကြွား ရွှေကျင်မှာပေါက်ဖွားသည့် ရွှေကျင်ဂိုဏ်းသား ရွှေကျင်များတို့သည်။

(ဝါ) "ဥုံရွှေကျင် ဥုံဝိသုဒ္ဓါရုံ
ဒီပဲယင်း ကျိုက္ကစံ အလုံ။
ချမ်းသာ လှတော ကျိုက်လတ် ကန္နီ၊
စံကင်း မြောင်းမြ ကြေးမြင့် ဂဏီ။
ရွှေဟင်္သာစေတီ သံဃိန္ဒာ၊
ရွှေကျင်နိကာယပါလကာ"

သာသနာပိုင်အဆက်ဆက် မပျက်မကွက် အုပ်ချုပ်ခဲ့သည့် ဂုဏ်ပုဒ်ဝေလွှင် ရွှေကျင်မှာဖွား ရွှေကျင်ဂိုဏ်းသား ရွှေကျင်များတို့သည်။

သမဂ္ဂါ=နှစ်ကိုယ့်တစ်စိတ် ယိုဖိတ်မေတ္တာ ချစ်ခင်စွာသာလျှင် သာသနာမှာ အရာရာအရေးကြီးပြီမို့ သွေးစည်းပေါင်းဆုံ ညီညွတ်ကြကုန်သည်။

သမ္မောဒါ=တစ်ဦးတစ်ဦး မေတ္တာကူးလျက် ကြည်နူး ဝမ်းမြောက်ကြကုန်သည်။ ဟောန္တု=ဂိုဏ်းရွှေကျင် အစွဲဓာတ်ဖြင့် အမြဲမပြတ် ကျင့်သုံးပြီး စည်းရုံးရေး မယိုင်လဲစေဘဲ ခိုင်မြဲရင့်သန် အမှန်မသွေ ဖြစ်နိုင်ကြပါစေကုန်သတည်း။

ဂဏာပဒ္ဒဝံ=ဓမ္မဝိနယနှင့် မညီ အလဇ္ဇီ အဓမ္မ ဂိုဏ်းဂဏရန်စွယ် သာသနာ့အန္တရာယ် အပေါင်းကို။

သောဓေန္တာ=ဂိုဏ်းစိတ်ကိုမွေး ဂိုဏ်းအရေး၌ ဂိုဏ်းသွေးထက်သန် ဇာတိမာန်တက်ကြွလျက် အဖက်ဖက်မှမကျဆင်းစေဘဲ အချင်းချင်း ညီညွတ်မှု အင်အားဖြင့် ပယ်ရှားသုတ်သင်နိုင်ပြီးလျှင်။

ရွှေကျင်ဝံသံ=သီလဖြူစင် မြူမတင်ဘဲ ရွှေစင် ဇမ္ဗူရာဇ် ရွှေအစစ်ဟု အခြေအမြစ်ခိုင်မာ ဝိနည်း ဘက်အရာ ကမ္ဘာမှာအတုမရှိ ဥပါလိနွယ်ဝင် ဂိုဏ်း ရွှေကျင်ကို။

အနုရက္ခန္တု=ခေတ်သဘောသို့ မနစ်မျောမသက်ဝင် ဂိုဏ်းရွှေကျင်မပျက်ရေး အသက်ပေးကာကွယ် စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။

အနုရက္ခန္တု=ရွှေကျင်ဂိုဏ်းအမြဲတော ဂိုဏ်းစည်းမျဉ်းဥပဒေကို တစ်ခုတလေမပျက်ပြယ်ရအောင် အသက်သဖွယ်အရေးထားပြီး လေးစားစောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။ ။

အရှင်ပညာသိရီဘိဝံသ
မင်္ဂလာဗိမာန်ကျောင်း
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေးမြို့။

# သီလ ရေစင်
## အရှင်ဝဇီရဉာဏ (ထီးချိုင့်)

ကောင်းကင်က သက်ဆင်
မိုးရေမင်း တဖြာ
အိုင်မင်းနှင့် ကြည့်မှာ
သီတာနှင့် မြစ်ချောင်း။ ။
　　ညစ်အကြေး အတွေ့တွေ
　　ထိုရေတွေ ဆေးက စင်ကြောင်း။
ကိုယ်တွင်း မှာ ငြိနေတာ
ကိလေသာ အပေါင်း၊
ဘယ်လိုရေ ဘယ်မျှလောင်းသော်လဲ
သန့်စင်ကြောင်း မကင်။ ။
　　သီလဆို ရေစင်နှင့် ဆေးပါမှ
　　ကိလေသာ မချကင်းစင်၊
ကိုယ့်ရှိတဲ့ ကိလေမစင်ကို
မရှိစေချင် ကြည်မြနှလုံး ရယ်နှင့်
သီလကုံး ဘေး တကယ်မမြင်
*လေးစလွယ်ကိုဆင်။
　　နိဗ္ဗာန်ထိ တန်ဖိုးစုံလင်တယ်
　　အကျိုးဂုဏ်အင်လွန်ကြီးလို့လေး။

အရှင်ဝဇီရဉာဏ(ထီးချိုင့်)



မှတ်ချက်။ ။*လေးစလွယ်ဆိုသည်မှာ ဣန္ဒြိယသံဝရ စသော သီလလေးပါးကို ဆိုလိုသည်။

# ရွှေကျင်ဆရာတော် ဩဝါဒ

ပုသိမ်ကြီး/မောင်ရန်ကင်း



က။ ကမ္မာရောပိ အယောကန္တံ၊
နိဒ္ဓမန္တော အယောမလံ။
သုသဏ္ဌာနံ မဟာဃ္ဃမ္ပိ၊
သတ္ထံ ကရောတိ သာဓုကံ။

ပန်းပဲသမား၊ လုံ့လအားဖြင့်၊ ချေးများပိတ်ဖုံး၊ သံစိမ်းတုံးကို၊ မီးဟုန်းဟုန်းတိုက်၊ တူနှင့်ရိုက်လျက်၊ စွဲကိုင်သံချေး၊ စင်အောင်ဆေး၍၊ ရန်လေးပယ်ရန်၊ ဓားလှံတံမျိုး၊ အဖိုးထိုက်ကြောင်း၊ လက်နက်ကောင်းကို၊ ပုံပြောင်း သူပြုနိုင်ပေ၏။



ခ။ ကောဇ္ဇကောပီသေလဏ္ဍမ္ပ
ဆိဋ္ဌယမ္ဗန္ဓော ဒုဋ္ဌာနကံ။
သုဒ္ဓသဒ္ဓါခန့် မဟာဂုမ္ဗိ၊
ကြကာရောတိ သာဓုကံ။


ကျောက်ဆစ်သမား၊ လုံ့လအားဖြင့်၊ ကွဲထိခိုက်ကြား ... ၊ ... ကို၊ အသုံးမလို၊ မောက်ပို ... အက်၊ မကောင်းမှုကို၊ အကွက်လယ်လယ် ... ယ်ဖြင့်၊ ... ယ်ထုဆစ်၊ ပြေပြစ် ... ကျ၊ ... အနေ ... ၊ မြမ္မာပဟန်သိကြား၊ ဘုရားဆင်းတု၊ မြတ်အေ ... ပြုကာ၊ စံတုသူ ... ။

ဂ။ အာစရော ... ရ ... ပေ ...
... နံ့ သုခ ... ။
အမ္ဗသိခံ ပဝါရေန္တော၊
မစာဒံ ... သဒ္ဒါ။

ဆရာ ... အားဖြင့် ရှင် ... ကိုယ်နှုတ်၊ မှုရာစွက် ... နိုင်းထုတ်ချေးကာ၊ ပြစ်များစွာကို၊ ဖယ်ခွာနှိပ်နင်း၊ ဆုံးမခြင်းဖြင့်၊ ထံရင်းကပ်ငြား၊ တပည့်သားကို၊ စံထားယဉ်ကျေး၊ ကြီးပွားရေးနှင့်၊ မြတ်လေးလူကောင်း၊ ဖြစ်စေတောင်းသည်၊ ပုံပြောင်း သူပြုနိုင်ပေ၏။ ။

**မှတ်ချက်။** ။ရွှေကျင်ဆရာတော်ဘုရားကြီး၏ ။ ... ပါဠိဂါထာ သုံးပုဒ်ကို မှီငြမ်းပြု၍ ကဗျာပြန်ဆိုထားပါသည်။

**ပုသိမ်ကြီး မောင်ရန်ကင်း**



# ရွှေကျင်သာသနာနှင့်
# ကွမ်းခြံကုန်းမြို့

ဟံသာဝတီခရိုင် ကွမ်းခြံကုန်းမြို့၏ မြောက်ဘက်ကွင်းစပ်တွင် ဟင်္သာဒ်ကျောင်းခေါ် အုန်းတော်ကြီးကျောင်း ရှိပါသည်။ တစ်ခါသော် ကျောင်းထိုင်ပုဂ္ဂိုလ် ပျံလွန်တော်မူ၍ လစ်လပ်သဖြင့် ဒါယကာအချို့သည် စည်းဝေးတိုင်ပင်ကာ မန္တလေးသို့ တက်သွားပြီးလျှင် ဝိသုဒ္ဓါရုံဆရာတော်ဘုရားထံ ချဉ်းကပ်လျက် ကျောင်းထိုင်ပုဂ္ဂိုလ် ခန့်ထားပေးပါရန် ရှိသေစွာ လျှောက်ထားကြလေရာ ဆရာတော်ဘုရား ကမိမိ၏ တပည့်တစ်ပါးဖြစ်သော ခရေးဆရာတော် ဘုန်းတော်ကြီး ဦးကုန္တီသကို ခန့်ထားပေးလိုက်လေသည်။ ဤသို့ဖြင့် ရွှေကျင်သာသနာသည် လွန်ခဲ့သောနှစ်ပေါင်းရာစုခန့်ကျော်အခါက ကွမ်းခြံကုန်းသို့ သက်ဆင်းခဲ့လေသည်။

ဟင်္သာဒ်ကျောင်းသို့ သွားရန်မှာ မြို့မ လမ်းဆုံမှ မြောက်ဘက်သို့ ကန်ပေါက်ကြီးကို ကျော်၍ ဖောက်ထားသော လမ်းသွယ်ရှိသည်။ ကျောင်းဝိုင်းအနောက်ပေါက်ကို ဝင်လိုက်လျှင် ညာဖက်တွင် ရေတွင်း၊ ပြီးလျှင် ကပ္ပိယဇရပ်၊ ပြီးလျှင် ကျောင်းမကြီး ရှိသည်။

ကျောင်းမကြီးကို ဒါယကာအမျိုးမျိုး စုပေါင်း ဆောက်ကြသည်။ ဆွမ်းစားရန်၊ စာချရန်၊ ဧည့်သည်များ တည်းခိုရန်နှင့် ကျောင်းထိုင်ပုဂ္ဂိုလ် ကျိန်းစက်ရန်၊ ပစ္စည်းများထားသိုရန် အခန်းဆောင်အသီးသီး ပါရှိသော ကျောင်းမကြီး ဖြစ်သည်။ ကျောင်းမကြီး၏ ခေါင်းရင်းဘက်တွင် [illegible] သိမ်ကြီးရှိသည်။ သိမ်နှင့် [illegible] ကပ်လျက် [illegible] ရှိသည်။

သိမ်နှင့်ကျောင်းရှေ့အကြား၌ လမ်းမြင့် [illegible] ဆက်သွားပါက [illegible] သွန်းလုပ်ထားသည့် [illegible] ဘုရားကြီး [illegible] သည်။

ကပ္ပိယဇရပ်နှင့် မျက်နှာချင်းဆိုင် မြေနိမ့်ပိုင်းတွင် ကျောင်းဒါယကာ [illegible] ကို ဆောက်လုပ်ထားသည်။ ဤဇရပ်သည် [illegible] ဖြစ်ရုံမျှမက လောကဓာတ်ခနစ် [illegible] ကျောင်းလည်း ဖြစ်သဖြင့် အရေးအကြောင်း [illegible]

စီးဖြန်းရန် ပန်းချီကားများကို ချိတ်ဆွဲထားသည်။ သေခါစပုံ၊ ပုပ်ပွနေပုံ၊ ငှက်ငွင်းတ ကျရောက်ဆိတ်ဆွဲနေပုံ စသည်တို့ဖြစ်သည်။

တစ်ဖန်ကြည့်ပါဦး။ ကျောင်းတိုင်တို့တွင် စာသင်ကျောင်းဆိုင်ရာ မီးတောင်ပုံ၊ ရေတံခွန်ပုံ၊ ပင်လယ်ကမ်းပါးပုံ စသည့် ပထဝီကားချပ်များကို ချိတ်ဆွဲထားသည်။

ဘုန်းတော်ကြီး ဦးဣန္ဒဝံသ၏ တပည့်ဖြစ်သော ဆရာလေး ဦးဖိုးလှိုင်က ဤဇရပ်ထဲတွင် ခုနစ်တန်းကျောင်းဖွင့်ထားသည်။ ကွမ်းခြံကုန်းမြို့ အနောက်ပိုင်းက ကလေးများ ဤဇရပ်တွင် ကျောင်းတက်ကြရာ ကျောင်းသူ ကျောင်းသား တစ်ရာခန့် ရှိသည်ဟု သိရသည်။ ကျောင်းကို မနက်တစ်ကြိမ်၊ နေ့တစ်ကြိမ် တစ်နေ့ နှစ်ကြိမ် တက်ရသည်။

မနက်တွင် ဘုရားရှိခိုးပြီးလျှင် သာသနာရေးစာများကို နာယူကျက်မှတ်ရသည်။ မင်္ဂလသုတ်၊ လောကနီတိ၊ ပရိတ်ကြီးတို့ ဖြစ်သည်။

နေ့ပိုင်းတွင် ညနေလေးနာရီအထိ အတန်းစာများကို သင်ယူရသည်။ နေ့ပိုင်းအတန်းတက် ခေါင်းလောင်းမထိုးခင် ယောကျ်ားကလေးများနှင့် မိန်းကလေးများသည် သင့်တော်ရာ ကစားနည်းတို့ဖြင့် ကစားကြသည်။ ဒီထိုးခြင်း၊ ဘောလုံးကန်ခြင်း၊ ကျည်းသား တောက်ခြင်း စသော ကြမ်းတမ်းသည့် ကစားနည်းတို့ကို ခွင့်မပြု။ ကျောင်းမကြီးအောက်တွင် ကျောင်းသားငယ်များ တိုင်ဦးတမ်း ကစားကြသည်။ မြေကွက်လပ် မန်ကျည်းပင်ကြီးအောက်တွင် မိန်းကလေးများ ကြက်ဖခွပ်တမ်း ကစားကြသည်။

ပုတီးကိုစိပ်၊ ငြိမ်ဆိတ်ဆိတ်၊ ဆေးလိပ်မသောက်ရပါ ဘုရား ဆိုသည်နှင့်အညီ ဆေးလိပ်သောက်ခြင်းကို လုံးဝ ခွင့်မပြု။ အိမ်သာထဲတွင် ခိုးသောက်သည်ကိုပင် ဖမ်း၍ ဒဏ်ပေးသည်။

နေ့ဆွမ်းစားချိန်၌ ကျောင်းခဏဆင်းသည်။ ယောကျ်ားကလေးများက ဆွမ်းစားခန်းတွင် ဆွမ်းတော်ပွဲများကို မျက်နှာပြု၍ တန်းစီကာ လက်အုပ်ချီဆောင့်ကြောင့်ထိုင်ရသည်။ ပဋိသင်္ခါ ယောနိသော စသည်တို့ကို တစ်ဦးက တိုင်ပေး၍ အများက လိုက်ဆိုရသည်။ နောက် သာသနာလျှောက်ကို ဆိုရသည်။ ဆွမ်းစားပြီးသောအခါ ဘုန်းတော်ကြီးဘုရားက ကျောင်းသားတို့ကို ငှက်ပျောသီး ဝေပေး၍လွှတ်လေသည်။

ဤကဲ့သို့ ရွှေကျင်ဂိုဏ်းဝင် ပြာသာဒ်ကျောင်းတွင် ကလေးငယ်များသည် လောကီ လောကုတ္တရာစာများကို သင်ယူခွင့် ရကြလေသည်။

ဘုန်းတော်ကြီး ဦးဣန္ဒဝံသသည် စာသင်သားများ၊ ဥပုသ်သည်များ၊ စာသင်ကျောင်းကလေးများ အတွက်သာလျှင် ကျေးဇူးပြုသည် မဟုတ်သေး၊ တစ်မြို့လုံးရှိ သံဃာတော်တို့အတွက်လည်း ကျေးဇူးပြုသည်။

ကွမ်းခြံကုန်းမြို့တွင် မူဂိုက ကံဂိုဏ်းကျောင်းများနှင့် ကေသာဂိုဏ်းကျောင်း ရှိသည်။ ကံဂိုဏ်းနှင့် ကေသာဂိုဏ်းတို့သည် သပွါယ မမျှကြ။ ဘာသိ ဘာသာ နေကြသည်။ ဘုန်းတော်ကြီး ဦးဣန္ဒဝံသသည်ကား ဤသို့ မဟုတ်။ နှစ်ဖက်သော သံဃာတို့နှင့် သင့်တင့်လျောက်ပတ်အောင် ဆက်သွယ် ပေါင်းသင်း၍ အကြားက ညီညွတ်သင့်တင့်အောင် မိတ်ဆက်ပေးတတ်သည်။ ထို့ကြောင့် တစ်မြို့လုံး တစ်နယ်လုံးက သဘောကျကာ ပြာသာဒ်ကျောင်းကို (ကြားကျောင်း)ဟု ခေါ်စမှတ်ပြုကြလေသည်။ ဤသို့ဖြင့် ကြားကျောင်း ဘုန်းတော်ကြီး ဦးဣန္ဒဝံသသည် ရွှေကျင်သာသနာကို အဖက်ဖက်က ပြည့်စုံအောင် ပြုစုပျိုးထောင်ခဲ့ပါလေသည်။

မင်းသုဝဏ်



# နှစ်(၁၀၀) အထိမ်းအမှတ်ပွဲကြီး ဘာ့ကြောင့်လုပ်ရသနည်း

ဝိသုဒ္ဓါရုံ ဦးအာဂ္ဂိယ

ဤ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်စာစောင်ကို ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲ ဆင်ယင်ကျင်းပကြမည် ဖြစ်၍ မံစဉ် ထုတ်ဝေကြရပါသည်။

ယင်းပူဇော်ပွဲကြီး မည်သို့ ဖြစ်ပေါ်လာရသည်ဆိုသည်ကို တင်ပြလိုပေသည်။

ကျေးဇူးရှင် ပထမရွှေကျင်ဆရာတော်ဘုရားကြီးသည် ၁၂၅၅–ခုနှစ် တပေါင်းလပြည့်ကျော် (၇)ရက်နေ့တွင် ဘဝလွန်တော်မူခဲ့ရာ ၁၃၅၅–ခုနှစ်သည် လွန်တော်မူခဲ့ရာ နှစ်ပေါင်း(၁၀၀)ပြည့်မြောက်သည့် နှစ်ဖြစ်လေသည်။

ဆရာတော်ဘုရားကြီး``ည် ၁၁၈၄–ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ ၁၂၀၄–ခုနှစ်၌ ရဟန်းအဖြစ်သို့ ရောက်ရှိ၍ ရှစ်နှစ်(၈–ဝါ)တိုင်တိုင် ပရိယတ္တိကျမ်းကျင်တတ်မြောက်၍ ပဋိပတ္တိအကျင့်ဂုဏ်နှင့် ပြည့်စုံတော်မူသော ဆရာရင်း သီးလုံးဆရာတော်ကြီးအထံတော်၌ လည်းကောင်း၊ အနယ်နယ်အရပ်ရပ် စာတတ်ဆရာများထံ၌ လည်းကောင်း ပညာသင်ကြားလေ့လာတတ်မြောက်ပြီးမှ ကိုးဝါ (၉–ဝါ)မြောက်က စတင်ကာမန်ကျည်းစဉ်၊ ခေါ်တောရိမ်းမကားရွာကျောင်းတိုက်တို့၌ တပည့်စာသင်သားပေါင်းများစွာအား စာပေပို့ချ လှည့်လည် သီတင်းသုံးတော်မူသည်။

မင်းတုန်းမင်းသည် လွှတ်တက်မင်းသားကြီး အဖြစ် မင်္ဂလာအိမ်တော်၌ စံနေရစဉ်ကပင် ရွှေ ကျ င် ဆရာတော်လောင်းလျာ အရှင်ဇာဂရကို ကြည်ညိုအားကိုးရင်း ရှိခဲ့သည်။ ၁၂၁၄–ခုနှစ်တွင် ဘုရင်အဖြစ်သို့ ရောက်ရှိပြီးနောက် သာသနာရေးကိစ္စများကို အားသွန်ခွန်စိုက် ဆောင်ရွက်လိုသောအခါ အရှင်ဇာဂရကို သတိရခဲ့လေသည်။

မင်းတုန်းမင်းသည် လွန်ခဲ့သော ၆–နှစ်ခန့်က အကြောင်းအရာတစ်ခုကို ပြန်လှန်သတိရ အောက်မေ့မိလေသည်။

အရှင်ဇာဂရ အမရပူရမြို့ ကော် သဲအင်းတိုက်၌ စာသင်သားဘဝဖြင့် စာလိုက်နေစဉ် အာပတ္တာဓိကရဏ်းကိစ္စတစ်ရပ် ဆုံးဖြတ်ပေးရန် သံဃာအများ၏

တာဝန်ပေးချက်ကို အရှင်ဇာဂရ လက်ခံရပေသည်။ ယင်းအမှုကို အမှန်အကန် ဆုံးဖြတ်နိုင်ရန်အတွက် အဖန်ဖန် စဉ်းစားဉာဏ်ဖြင့် သုံးသပ်ဝေဖန်၏။ ဓမ္မဝိနယ ဥပဒေသကို ကြည့်၏။ စဉ်းစားတော်မူ၏။ အဂတိကင်းရှင်းရေးကို ဦးစားပေး ဆောင်ရွက်မည်ဟု ဆုံးဖြတ်တော်မူသည်။ထိုကိစ္စတွင် မင်းတုန်းမင်းသားနှင့် ညှိနှိုင်းတိုင်ပင်မှုမပြုဘဲ မဖြစ်သဖြင့် မင်းတုန်းမင်းသား အိပ်နေရာ အိပ်ဆောင်သို့ အရှင်ဇာဂရ ကိုယ်တိုင်ဝင်ရောက်ပြီး အိပ်ရာမှနှိုးကာ သာသနာတော် သန့်ရှင်းရေးအတွက် အမှုအခင်း အကြောင်းအရာ အလုံးစုံကို ရှင်းလင်းပြောပြပြီး ထိုအမှုကို ပြီးပြတ်အောင် ဆုံးဖြတ်ခဲ့ပေသည်။

အဲဒီအခါတုန်းက မင်းတုန်းမင်းသားသည် "ဤအရှင်မြတ်ကား သာသနာတော်ရေးနှင့်စပ်လျှင် ယထာဓမ္မ လမ်းမှန်ကျကျ ဆောင်ရွက်ခြင်းငှာ စွမ်းနိုင်ပေလိမ့်မည်"ဟု အရှင်ဇာဂရအပေါ် ကြည်ညိုအားရမှုဖြင့် အသိအမှတ်ပြုခဲ့ဖူးပေသည်။ အရှင်ဇာဂရ၏ ဓမ္မဝိနယ လမ်းမှန်ကျအောင် ဆောင်ရွက်ပြုမှုပုံကို ပြန်လှန်သတိရလျက် သာသနာတော်အတွက် အားတက်ရွှင်လန်းသောစိတ်တို့ ဖြစ်ပေါ်ခဲ့ခြင်းသည် မင်းသား၏ သာသနာကြီးပွား သန့်ရှင်းလိုသော စိတ်ရင်း စိတ်မြတ်များဖြစ်ကြောင်း အကဲခတ်သိအပ်လှသည် မဟုတ်ပါလော။

မင်းတုန်းမင်းတရားသည် ဘုရင်မင်းမြတ်အဖြစ်သို့ ရောက်၍ မန္တလေးနေပြည်တော်ကို တည်ထောင်ပြီးကာလ သိက္ခာတော် ၁၉-ဝါရရှိသော ရွှေကျင်ဆရာတော်ကို တပည့်သံဃာအပေါင်းနှင့်တကွ ရိမ်းမကားရွာမှ မန္တလေးရတနာပုံမြို့တော်သို့ ပင့်ဆောင်၍ မန္တလေးတောင်၏မြောက်မျက်နှာအရပ်၌အရန်ကျောင်းတိုက်လေးတိုက်နှင့်တကွ "မဟာဓမ္မိကာရာမ"ဟူ၍ ကမ္ပည်းထိုး စိုက်ထူအပ်သော ရွှေကျင်တိုက်မကြီးကို တည်ထောင်ဆောက်လုပ်လှူဒါန်းခဲ့ပေသည်။

မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးအတွင်း ရွှေကျင်ဆရာတော် အရှင်ဇာဂရ သီတင်းသုံးတော်မူရန် ကျောင်းတော်ကြီး၌ အကြီးစားတိုင်ပေါင်း (၂၆၂) တိုင်ရှိသည်။ ကျောင်းတိုက်အတွင်း အဆောက်အအုံအငယ်စားများပါ ငွေကျပ်ပေါင်း(ငွေဒင်္ဂါး)၂၂၂၃၅၅ ကျပ် ကုန်ကျလေသည်။

ယင်းကိုမှတ်သားဖွယ် သင်္ကေတအဖြစ် အချိုးသံပေါက်စာများ ယခုတိုင် နှုတ်လွတ်ရသည်အထိ ပရိဘာသာ ရှိခဲ့သည်။

——ရွှေကျင်တိုက်မ၊ တိုင်ပေါင်းပြ၊ မှတ်ကြ ဒွိသောဒွါ၊

——ပြည်ပန်းညိုချိုချိုခတ်၊ ရွှေကျင်တိုက်မ ငွေကုန်မှတ်၊

XXXX ဒွိသောဒွါ-အရ တိုင်ပေါင်း ၂၆၂-တိုင်ဟု မှတ်ရပါမည်။

XXXX ပြည်ပန်းညို ချိုချိုခတ်အရ ငွေဒင်္ဂါး အရေအတွက်ကို ဖော်ပြပါသည်။ ခတ်ကစ၍ ၂-ဂဏန်းကို ပဋိလောမနောက်ပြန်ချရပါမည်။၂၂၂၃၅၅-ဂဏန်း ခြောက်လုံးကို မှတ်သားလျက် ငွေဒင်္ဂါး ၂၂၂၃၅၅-ကျပ်(နှစ်သိန်း နှစ်သောင်း နှစ်ထောင့်သုံးရာ ငါးဆယ့်ငါးကျပ်)တိတိ ဖြစ်ပါသည်။

ထိုစကားစဉ်အရ ဤနှစ်(၁၀၀)အထိမ်းအမှတ်ပူဇော်ပွဲသည် ရွှေကျင်တိုက် တည်ထောင်သော အထိမ်းအမှတ် မဟုတ်သေးကြောင်း သိစေပါသည်။

ယခုနှစ် ၁၃၅၅-တွင် ဆရာတော်ကြီး ဖွားမြင်သော ကာလမှစ၍ ရေတွက်လျှင် ၁၇၁-နှစ် ရှိပေပြီ။ ရဟန်းဖြစ်ချိန်ကို အစွဲပြု ရေတွက်လျှင် (၁၅၁)နှစ်ရှိပါပြီ။ ရွှေကျင်တိုက်မကြီးသို့ ရောက်သည့်အချိန်ကို စွဲယူပြီး "ရွှေကျင်ဂိုဏ်း"ဟူသောအမည်နာမ စတင်ပေါ်ထွန်းရာ ကာလကို ရေတွက်လျှင် ၁၃၃-နှစ်ရှိလာပါပြီ။

ယခု အထိမ်းအမှတ်အဖြစ် ပူဇော်သော နှစ်(၁၀၀) ဆိုသည်မှာ ရွှေကျင် ဆရာတော်ကြီး မျက်ကွယ်ပြုခဲ့သော ဘဝလွန်တော်မူသည့် ၁၂၅၅-ခုနှစ်ကို အမှတ်ပြုကာ ၁၃၅၅-ခုနှစ်သည် လွန်တော်မူ မျက်ကွယ်ပြုခဲ့သော နှစ်(၁၀၀)တင်းတင်းပြည့်သောနှစ်ဖြစ်၍ နိကာယ၏ လက်ရှိ မဟာနာယကဥက္ကဋ္ဌ၊ ဥပ

ဥက္ကဋ္ဌ ဆရာတော်ကြီးများသည် ရွှေကျင်ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးနှင့် ဘုန်းရှိန်ကံရှိန်တို့ကြောင့် တပည့်အဆက်ဆက် အရောင်မှေးမှိန်ခြင်း မရှိ ပကတိ အခြေခိုင်၍ ဂိုဏ်းသံဃာများ မယိုင်မယိမ်းဘဲ ခေတ်ကာလ အခြေအနေ မည်သို့ပင်ပြောင်းလဲနေစေကာမူ ရေးစံနမူမပျောက်မပျက်ခြင်းတို့သည် ရွှေကျင်ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့်သာပါပဲ--စသည် ဓမ္မသာကစ္ဆာ မင်္ဂလာစကားများ နှီးနှောပြောဆိုကြရာမှ ၁၃၅၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂-၁၃ရက်(၁၉၉၂-ခု မတ်လ ၁-၂ရက်)နေ့တွင် စစ်ကိုင်းမြို့ ရွှေဟင်္သာတိုက်သစ်၌ ဂိုဏ်းလုံးကျွတ်ကိုယ်စားလှယ် သံဃာ ၆၀၀-ကျော် တက်ရောက် စည်းဝေးကြသော အစည်းအဝေးသို့ ကြွရောက်တော်မူကာ တွေ့ဆုံကြပါသည်။

ဖော်ပြပါ ဦးစီးနာယက ဆရာတော်ကြီးများပင် ဦးကိုင်ပဓာနပြုလျက် သဘာပတိပြုလုပ် ဆောင်ရွက်သော အစည်းအဝေးကြီး ဖြစ်ပါသည်။

ပထမ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်များကို ပြောပြ တသ သတိတရပြောဆိုကြရာမှ အထိမ်းအမှတ်ပူဇော်ပွဲ လုပ်သင့်တယ်၊ လုပ်ရလျှင် အများအကျိုးရှိမှာဘဲ စသည် အတွေးဉာဏ်တို့ ဖြစ်ပေါ်ရာကစပြီး ၁၃၅၅-ခုနှစ်ရောက်လျှင် ဆရာတော်ကြီးအား အမှတ်တရ ပူဇော်ကြရအောင်၊ အနှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲ ပြုလုပ်ကြဖို့ ကောင်းတယ်-ဟု ဆရာတော်ကြီးများ၏ အမိန့်သြဝါဒအရ အစည်းအဝေးကြီးကတညီတညွတ်တည်း လိုက်နာ သဘောကျကာ ဖော်ပြပါအတိုင်း ဆုံးဖြတ်ကြပါသည်။

**အစည်းအဝေးဆုံးဖြတ်ချက်အမှတ်(၈)**

၈။ ရွှေကျင်ဂိုဏ်းကြီးကို စတင်တည်ထောင်တော်မူခဲ့သော ဂဏသမုဋ္ဌာပက ပထမရွှေ ကျင်ဆရာတော်ဘုရားကြီး လွန်တော်မူ၍ အနှစ်တစ်ရာပြည့်သည့် ၁၃၅၅-ခုနှစ်တွင် "နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပူဇော်ပွဲ"ကို ရွှေကျင်နိကာယ ဗဟိုဌာန မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ဆင်ယင်ကျင်းပကြရန် ဆုံးဖြတ်ကြသည်။

ယင်းသံဃာ့အစည်းအဝေးကြီး ဆုံးဖြတ်ချက်ဟူသည် သံဃာအမိန့်ဖြစ်၍ သံဃဖာသု=သံဃာချမ်း သာရေးကို ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခု ဖြစ်သည် ဟု ဂိုဏ်းသံဃာများ သဘောပေါက်ကြသကဲ့သို့ နီးစပ်ရာ ဒကာ ဒကာမတို့လည်း သဘောပေါက်ကြပေသည်။

သာသနာ့ဒါယကာအဖြစ် သာသနာရေး အားပေး ဆောင်ရွက်လျက်ရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယတိုင်းမှူး စသည့် ဒကာများအား ရွှေဟင်္သာဆရာတော်ကြီးနှင့် အကျိုးတော်ဆောင် ဆရာတော်များက စည်းဝေးဆုံးဖြတ်ချက်တို့ကို ဖော်ပြ၍ "ဤသို့" "ဤနှယ်" ဆင်ယင်ကျင်းပလိုကြောင်း ကျောင်းဒကာများမှတစ်ဆင့် ပြောပြကြရာ တိုင်းမှူးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဗဟိုကော်မတီအဖွဲ့ကြီးတစ်ခုဖွဲ့စည်းဆောင်ရွက်ကာ သာသနာပြုကုသိုလ်ကို ယူကြပေသည်။

ဤနှစ်တစ်ရာပြည့်ပွဲတော်ကြီးကား သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့် တွဲဖက်သာသနာပိုင် ဆရာတော်ကြီးများ၏ သြဝါဒနှင့်အညီ နာယကဆရာတော်(၂၅)ပါးကို အကြီးအမှူးပြု၍ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ခေါင်းဆောင်သော ရွှေကျင်ဆရာတော်ဘုရားကြီး အနှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကျင်းပရေး ဗဟိုကော်မတီက တာဝန်ယူကျင်းပသော ပွဲတော်ကြီး ဖြစ်ပေသည်။

ရှင်းလင်းချက်တစ်ခုကို ဆက်လက်တင်ပြလိုပေသည်။

"ဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ကျင်းပရန်"ဟူသော မူလဆုံးဖြတ်ချက်ကို ၁၃၅၅-ခုနှစ်၊ ကဆုန်လဆန်း ၆-ရက်နေ့တွင် ကျင်းပသော အမှုဆောင် သံဃာ ၁၀၁-ပါး အစည်းအဝေးက "မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး၌ ကျင်းပရန်"ဟုပြင်ဆင်

သတ်မှတ်ရခြင်းအကြောင်းရင်းမှာ မင်းတုန်းမင်းတရားကြီး ဆောက်လုပ်လှူဒါန်းသော မဟာဓမ္မိကာရာမ ရွှေကျင်ကျောင်းကော်ကြီးကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင် မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး(ယခု ကုန်သွယ်ရေးဝန်ကြီး) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်၏ လမ်းညွှန်ချက်ဖြင့် မူလပုံစံအတိုင်း အသစ်ထပ်မံ ပြုပြင်တည်ဆောက်ခဲ့ရာမှ နောက်ထပ် လိုအပ်ရာရာ အဆောင်များကို လက်ရှိတိုင်းမှူး နှစ်(၁၀၀)ပြည့်ပွဲ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ကျော်သန်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး အောင်ခင်. မန္တလေးမြို့တော်ဝန် ဦးထွန်းကြည်တို့က ကောင်းသည်ထက်ကောင်းအောင် တိုးချဲ့ပြုပြင်တည်ဆောက်လျက်ရှိနေသည်ကတစ်ကြောင်း၊ သဘာဝအခြေအနေကလည်း ရွှေကျင်တိုက်မ ဖြစ်နေသောကြောင့်လည်းကောင်း သာသနာပိုင် ရွှေဟင်္သာ ဆရာတော်ဘုရားကြီးက သဘာပတိ၊ · ကွဲဖက် သာသနာပိုင် ညောင်ရွှေကန်ကြီး ဆရာတော်နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ စစ်ကိုင်း ပထမ မဟာဂန္ဓာရုံ ဆရာတော်တို့ကအရန် သဘာပတိအဖြစ် ဆောင်ရွက်သော ထို အစည်းအဝေးက အောက်ပါအတိုင်း ပြင်ဆင်ဆုံးဖြတ် တော်မူခဲ့ကြပေသည်။

### အစည်းအဝေးဆုံးဖြတ်ချက်အမှတ်(၁)

၁။ ရွှေကျင် ဂဏသမုဋ္ဌာပက ပထမရွှေကျင်ဆရာတော်ကြီး လွန်တော်မူသည့် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲတော်ကြီးကို ရွှေကျင်နိကာယ မူလ ပဘဝ ဌာနဖြစ်သော မန္တလေးတောင်မြောက်ဘက် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး၌ ဆင်ယင်ကျင်းပရန် ပြင်ဆင်သတ်မှတ် ဆုံးဖြတ်ကြသည်။

### အထိမ်းအမှတ်ဟူသည်

အထိမ်းအမှတ်ပွဲကို ပြုလုပ်ကြသူတိုင်း မည်သူမဆို မိခင် နှစ်ပတ်လည်အထိမ်းအမှတ်၊ ဖခင်အထိမ်းအမှတ် စသည် ပြုလုပ်ကြရာ၌ သတိရ၍ ကုသိုလ်ပြုလုပ်ကြခြင်းပင် ဖြစ်ပါသည်။ အချို့ပုဂ္ဂိုလ်တို့ကား အထိမ်းအမှတ်လုပ်၍ သတိတရ ပူဇော်ခြင်းဆိုသည်ကိုသိကြပေလိမ့်မည်။တစ်ချို့ပုဂ္ဂိုလ်တို့မှ ထိုအကြောင်းကို သိချင်မှ သိပေလိမ့်မည်။မည်သို့ပင်ဖြစ်စေ အထိမ်းအမှတ်ဟူသည် ကုသိုလ်ကောင်းမှုပြုခြင်းတစ်မျိုးဖြစ်သည်ကား မငြင်းနိုင်ကြပေ။

အထိမ်းအမှတ်ဟူသော မြန်မာစကားလုံး၏ အဓိပ္ပာယ်ကို နိုင်ငံတော်အစိုးရ၏ မြန်မာအဘိဓာန်တွင် အောက်ဖော်ပြပါအတိုင်း ဖွင့်ဆိုထားပါသည်။

**အထိမ်းအမှတ်** (နာမ်ပုဒ်) ထူးခြားသော ပုဂ္ဂိုလ်၊ ဖြစ်ရပ် စသည်ကို အကြောင်းပြု၍ ပြုလုပ်သောအမှတ်အသား၊ကောင်းမှု စသည်။

ယင်းဖွင့်ဆိုချက်နှင့်အညီ ဆရာတော်၊ သံဃာတော်များအနေဖြင့်ရော၊ တိုင်းမှူး စသော အာဏာပိုင်အဖွဲ့အစည်းများမှပုဂ္ဂိုလ်များရော၊ ကျောင်းဒကာဒကာမများအနေဖြင့်ရော ရွှေကျင်ဂိုဏ်းကြီးကို တည်ထောင်တော် မူ၍ မြတ်စွာဘုရား သာသနာတော်ကြီး စည်ပင်ပြန့်ပွား ထွန်းကားအောင်၊ ဝိနည်းသာသနာတော်ကြီးထွန်းလင်းအောင် စွမ်းစွမ်းတမံ ဆောင်ရွက်အားထုတ် သာသနာ ပြုတော်မူသွားသော ကျေးဇူးရှင် ပထမရွှေကျင် ဆရာတော်ဘုရားကြီးအား အထူးပြုပူဇော်သောအားဖြင့် ဤနှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကြီးကို ဆင်ယင်ကျင်းပကြခြင်း ဖြစ်ကြောင်း ရေးသားအပ်ပါသတည်း။

ဝိသုဒ္ဓါရုံ ဦးအဂ္ဂိယ




ရွှေကျောင်ဆရာတော်ဘုရားကြီး အစဆုံး တည်ထောင်သော ကျောင်းတိုက်မှာ "ရွှေကျောင်တိုက်မ"ဟု ယခုခေါ်တွင်သော မဟာဓမ္မိကာရာမ ကျောင်းတိုက်ကြီး မဟုတ်ပါ၊ ရှိန်းမကားရွာကြီး၏ တောင်အရပ်၌ ရှိသည့် တောင်ကျောကြီးပေါ်တွင် တည်ရှိသော ဘုံသုံးဆင့်ကျောင်း၊ စကျောကျောင်း၊ ဆွမ်းစားကျောင်းနှင့် ကျောင်းရံ ၄–ကျောင်း ပါရှိသည့် "အောင်မြေလွတ်စံ"ကဗျည်း တင်အပ်သော တောရကျောင်းတိုက်ကြီးလည်း မဟုတ်ပါ။

အမှန်စင်စစ် ရွှေကျောင်ဆရာတော်ဘုရားကြီး အစဆုံး တည်ထောင်သော ပထမ ရွှေကျောင်တိုက်မှာ ထိုရှိန်းမကား ရွာကြီး၏ အနောက်မြောက် တာငါးရာခန့် အကွာ အဘယဂီရိတောင်ဝှမ်း၌ တည်ရှိသော "ခေမာသီဝအဘယဂီရိ တောရ"ကျောင်းတိုက်သာ ဖြစ်သည်။

ရွှေကျောင် ဆရာတော်သည် ၁၂၁၁–ခုနှစ်၊ အမရပူရမြို့ ရှမ်းကလေးကျွန်းတိုက်သစ်မှ ထွက်ကြွလာပြီး စစ်ကိုင်းမြို့ မြောက်ဘက် တစ်မိုင်ခန့်ဝေးသည့် စစ်ကိုင်း ရွှေဘို ကားလမ်းဘေးရှိ မန်ကျည်းစဥ်ရွာ၌ စာချသီတင်းသုံးတော်မူသည်။ မန်ကျည်းစဥ်ရွာ၌ တစ်နှစ်ခန့် သီတင်းသုံးဟန် ရှိသည်။ ကျောင်းတိုက် တည်သည်ဟုကား မှတ်တမ်းမတွေ့ရပေ။ ထို့နောက် ရှမ်းကလေးကျွန်း ဆရာတော် သီတင်းသုံးတော်မူသည့် ဝက်လက်မြို့၏ အနောက်အရပ် ခေါတော ရွာကြီး၏ အနောက်အရပ် ကောင်းပင်ကုန်းတောရ ကျောင်း၌ လည်းကောင်း၊ သရိုင်ရွာ၏ အရှေ့ဘက် သရိုင် တောရကျောင်း၌ လည်းကောင်း သီတင်း သုံးတော်မူသည်။

### ဘေးမဲ့တော

၁၂၁၇-ခုနှစ် ရောက်သော အခါ ခေမာသီဝ အဘယဂီရိ တောရကျောင်းတိုက် တည်ထောင်ပြီး ဖြစ်လေပြီ။ ထို့ကြောင့် မင်းတုန်းမင်းတရားသည် ဧကရာဇ်မင်း အဖြစ်သို့ရောက်၍ ၂–နှစ် ၃–လမျှအကြာ ရတနာပုံ ပထမနန်းစံ မင်းတရားအဖြစ်သို့ မရောက်မီ အမရပူရ ပဥ္စမနန်းစံ မင်းတရား အဖြစ်ဖြင့် ၁၂၁၇–ခု၊ ဝါခေါင် လပြည့်နေ့တွင် ရွှေကျောင်ဆရာတော် သီတင်းသုံးနေသည့် ခေမာသီဝ အဘယဂီရိတိုက် ပတ်ဝန်းကျင်၌ ရှိသော သားငှက်သတ္တဝါတို့ကို ဘေးမဲ့ပေးတော်မူသည်။

ဘေးမဲ့နယ်မြေမှာ ခေမာသီဝ အဘယဂီရိတိုက် ဇိနောရသ သာဓုပါမောက္ခသိမ်တော်မှ ပတ်လည် ဝန်းကျင် စတုရန်းတာ ၅၀၀–စီ ရှိ၏။ အရှေ့ကို ဧရာဝတီမြစ်၊ တောင်ကို သဲဖုတ်ကုန်း၊ အနောက်ကို နှောပင်ကြီး၊ မြောက်ကို ထန်းပင်ကန်၊ အရှေ့တောင်ထောင့် ရေမော်ကျောင်းဆိပ်၊ အနောက်တောင် ထောင့် ကျောက်ရေကန်၊ အနောက် မြောက်ထောင့် လိပ်ပုတ်တောင်၊ အရှေ့မြောက်ထောင့် ရှိမ်းမကား

နယ်အဆုံး ကမ်းထိပ်၌ပေါက်သော မအုပင်။

ဤနယ်လေးရပ် ရစ်ရပ် အတွင်း မှီခိုရှိနေသော ရေပိုးရေ မွှား၊ သားငှက် တိရစ္ဆာန်တို့ကို အဖမ်းအဆီးအပြစ်အခတ် အသတ် အပုတ်မရှိစေနှင့် လွတ်ကင်းချမ်း သာစေ၊ ဘေးမဲ့ပေးတော်မူရာ အရပ် ကိုလည်း ကျောက်တိုင်စိုက်မှတ်၍ အပိုင်းအခြားထားစေဟု အမိန့် ထုတ်တော်မူ၏။ ဘေးမဲ့ပေးရာနယ် မြေကို ရတနာသိခ မြောက်လက် ရဲဘက် မြင်းတပ်ဗိုလ် ဟန်လင်း မြို့စားမင်းတင်ဟန်စေတင်ကအမိန့် တော်မြတ်အတိုင်း ကျောက်တိုင် စိုက်မှတ်သည်။

### သိမ်သမုတ်တော်မူခြင်း

ရွှေကျင်ဆရာတော်၏ ခေမာ သီဝ အဘယဂီရိ ကျောင်းတိုက်၌ လိုအပ်လျက်ရှိသော သိမ်အတွက် သာသနာတော်၌မတုန်မလှုပ် သက် ဝင်ယုံကြည်ခြင်းရှိသော မြင်းတပ် ဗိုလ်က ရာဇဓမ္မဆယ်ပါးကို ထိန်း သိမ်းစောင့်ရှောက်ခြင်းစသော ဂုဏ် နှင့်ပြည့်စုံသော အမရပူရ ပဋ္ဌမ နန်းစံကေရာဇ်မင်းမြတ်ထံ ကပ် ရောက်လျှောက်ထားရာ-

"အရှင်ဇာဂရမထေရ် သီတင်းသုံးနေသော တောရ ကျောင်းတိုက်အတွင်း စတု ရန်း ၇-တာစီ မြေအရပ် သည် ဝိသုံဂါမဖြစ်စေ၊ ၎င်း ဝိသုံဂါမ ဖြစ်ပြီးသော မြေ ကိုလည်း ရတနာသိင်္ဂ မြောက် လက်ရဲဘက် မြင်းတပ်ဗိုလ် ဟန်လင်ကြီးမြို့စားမင်းတင် တန်ဆောင်က ဝိသုံဂါမမြေ စား အသနားတော်မြတ်ခံ၍ ခဏ္ဍာသိမ်သမုတ်ကိုးကွယ်စေ" ဟု အမိန့်တော်ထုတ်တော်မူသည်။

ရွှေကျင်ဆရာတော်သည် ဝိသုံ ဂါမမြေကို စည်မျက်နှာကဲ့သို့ ညီညွတ်စွာ ပြုစေ၍ သီမသမ္မုတိ ကံဆောင်ရန်အတွက် အပေးကျေး ရွာမှ သီလဝန္တ သိက္ခာကာမ သုတ ဓရ သုဟသန္နိစ္စယဖြစ်၍ ထင်ရှား သော မထေရ်တို့နှင့်တကွ ကံ ဆောင် ရဟန်းတော် ၂၀၀ ပါး တိတိ ပင့်ဆောင်သည်။

ထို့နောက် ဝိသုံဂါမ အမိန့်ပင် ရသော်လည်း ပကတိဂါမခေတ်၌ နေသော ရဟန်းတို့ကို အကုန်အစင် ဝိသုံဂါမမြေသို့ ပင့်ဆောင်သည်။ သိမ်သမုတ်ဆဲကာလ၌လည်း ရွာ တစ်ပါးမှလာသော လူ သာမဏေ ရဟန်းတို့ကို ဤဂါမခေတ်အတွင်း သို့ မဝင်စေခြင်းအကျိုးငှာ ပကတိ ဂါမခေတ်၏ အရပ် ၄-မျက်နှာ တို့တွင် တစ်မျက်နှာ တစ်မျက်နှာ ၌ ၉-ကျိပ်သော ယောကျ်ားတို့ကို ထား၍ သေနတ်စွဲကာ လုံကိုင် ကာနှင့် ပမာချိုင့်ဟန် ဝန်းရံလှည့် လည်စေ၏။ ရွှေကျင်ဆရာတော် သည် ဤကဲ့သို့ ဆောင်ရွက်ရခြင်း အကြောင်းကို သိမ်ကျောက်စာ၌ အောက်ပါအတိုင်း ရှင်းလင်း ရေး သားထားပေသည်။

"ရဟန်းတို့ကိုမူကား ဝဂ် ဖြစ်၍ ကံပျက်ရာသောကြောင့် စောင့်ရှောက်သနည်း ဟူငြား စောင့်ရှောက်တစေ၊ လူသာ မဏေတို့ကို အဘယ့်ကြောင့် အံ့၊ ရဟန်းသိက္ခာကို ချ၍ လူသာမဏေ ပြုလုပ်သော သူတို့သည် သိက္ခာ ချစဉ် ကာလ၌ အင်္ဂါ ၆-ပါးနှင့် မပြည့်စုံလျှင် သိက္ခာမကျသော ကြောင့် ရဟန်းကဲ့သို့ပင် ကံကို ဖျက်ဆီးနိုင်သည်။ ထို့ကြောင့် ဂါမခေတ်အတွင်း၌ရှိသော ရဟန်းလူထွက်တို့ကို သိက္ခာ ချစေ၍ ရွာတစ်ပါးမှလာသော လူ သာမဏေတို့ကို စောင့် ရှောက်သည်။ ဝိသုံဂါမ ပေး သည်ဖြစ်လျက် ပကတိဂါမ ခေတ်နှင့်တကွ စောင့်ရှောက် သည်မှာ ဝိနယ ဂရုကဖြစ် စေခြင်းငှာ စောင့်ရှောက် သည်။ ထို့ကြောင့် ပညာရှိ ပုဂ္ဂိုလ်မြတ်တို့က မကဲ့ရဲ့အပ်"

ထို့ပြင် သေနတ်စွဲကိုင်ကာ လုံ ကိုင်ကာဖြင့် ပကတိဂါမခေတ်ကို ပါ စောင့်ရှောက်ရခြင်း၏ အခြား အကြောင်းလည်း ရှိသေး၏။ ထို အကြောင်းမှာ သိမ်သမုတ်ရန် သဘောမတူသော ဝိသဘာဂ ရဟန်းများ ရှိနေခြင်းပင်တည်း။ ထိုရဟန်းတို့၏ အနှောင့်အယှက် ကို တားမြစ်ရန်အလို့ငှာ ဝိသုံ

ဂါမရပါလျက် ပကတိဂါမခေတ်ကိုပါ စောင့်ရှောက်ရခြင်းဖြစ်သည်။

ထိုအကြောင်းကို သိမ်အောင်သောအခါ ဖြစ်ပေါ်လာသည့် ထူးခြားချက်များကို ပြဆိုသည့်အပိုင်း၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

> "ထို ၃–ကြိမ်မြောက် နောက်ဆုံးသမုတ်သော ကြာသပတေးနေ့၌ ဝိသဘာဂ ရဟန်းတို့သည် သီမသမုတိကံကို တားမြစ်ခြင်းကြောင့် ဖြစ်သော အဓိကရုဏ်းသည်လည်း ဤသိမ်၏အပြင်၌ပင် အဆုံးအဖြတ်ကိုရ၍ငြိမ်း၏။"

ရွှေကျင်ဆရာတော်သည် ဝိသုံဂါမမြေ၌ ၇၂–ခုသော ညောင်စောင်းရာတို့ကိုဖွဲ့၍ တစ်ခု တစ်ခုသော ညောင်စောင်းရာ၌ တစ်ကျိပ် တစ်ကျိပ်သော ရဟန်းတို့ကို နေစေ၍ တစ်ခု တစ်ခုသော ညောင်စောင်းရာ၌ ၉–ကြိမ် ၉–ကြိမ်စီ ကမ္မဝါစာကို ဖတ်စေ၍ ညောင်စောင်းရာမှအပ၌လည်း ဝန်းရံလှည့်လည်၍ အလုံးစုံသော ကမ္မဝါစာကို ပေါင်းသဖြင့် အကြိမ် ၇၀၀– ပြည့်အောင် ဖတ်စေ၍ ရေးသိမ်ဟောင်းကို နှုတ်တော်မူသည်။

ရွှေကျင်ဆရာတော်သည် သီမသမ္မုတိကံ ဆောင်ရွက်ရန် ၂၀၀–ပါးသော ရဟန်းတို့တွင် ဗျတ္တိဗလနှင့် ပြည့်စုံသော ပရိယတ္တိဝိသာရဒ သုတဓရ သုတသန္နိစ္စယ သိက္ခာကာမဖြစ်သော တစ်ကျိပ်ရှစ်ပါးသော ရဟန်းတို့ကို ရွေးကောက်လိုက်၏။ ထိုတစ်ကျိပ်ရှစ်ပါးသော ရဟန်းတို့တွင် သဒ္ဓါစသော ဣန္ဒြေနှင့် ပြည့်စုံသော ဖြောင့်မတ်သော သဘောရှိသော ကြီးသောပညာရှိသော အရှင်သိရိအမည်ရှိသော သစ်ဆိမ့်ကြီး ဂိုဏ်းအုပ်ဆရာတော်၊ တောကျောင်း၌ နေလေ့ရှိသော နက်နဲသောပညာရှိသော ပရိယတ္တိ၌ ရဲရင့်သော အားထုတ်အပ်သော ဝိပဿနာရှိသော အရှင်မဟာပဒုမ အမည်ရှိသော သုမေဓာဂိုဏ်းအုပ် ဆရာတော်၊ သဒ္ဓါစသော ဣန္ဒြေနှင့် ပြည့်စုံသော ဝိနည်းကို အလေးပြုတတ်သော ဆင်ပြောင်ကြီးကဲ့သို့ ရဲရင့်သောသတ္တိနှင့် ပြည့်စုံသော အရှင်နန္ဒမည်သော ခင်မွန်ဆရာတော်၊ တောကျောင်း၌နေလေ့ရှိသော ဒုမ္မင်္ကုပုဂ္ဂိုလ်တို့ကိုနှိပ်၍ ပေသလပုဂ္ဂိုလ်တို့ကို ချီးမြှောက်၍ သာသနာကို စောင့်တတ်သော ဖြောင့်မတ်သောသဘောရှိသော ပရိယတ္တိ၌ ရဲရင့်သော ဆန်းကြယ်သော တရားစကားကို ဆိုတတ်သော ခြင်္သေ့ကဲ့သို့ ရဲရင့်သော အသံကိုပြု၍ သံဃာ၏အလယ်၌ အဓိကရုဏ်းကို ဆုံးဖြတ်တတ်သော အရှင်သုဇ အမည်ရှိသော မတ္တရာဂိုဏ်းအုပ်ဆရာတော်။

ဤဆရာတော်ကြီး ၄–ပါးကို ဝိနည်းမိုရ်အရာ၌ ထားသည်။

ထို့နောက် အတိခုဒ္ဒကစသော တစ်ဆယ့်တစ်ပါးသောဝိပ္ပတ္တိသိမ်၏ အဖြစ်တို့ကို လွန်၍ ရဟန်းတို့ကို လဲလှယ်၍ ရေနိမိတ်တို့ကို ၉–ကြိမ်ကြားစေသည်။ ထို့နောက် ရွေးကောက် ထားသော တစ်ကျိပ်ရှစ်ပါးသော ရဟန်းတို့တွင် ၃–ပါးသော ရဟန်း တို့ကို တစ်ပါးစီ ပထမ ဒုတိယ တတိယ ကမ္မဝါစာကို ဖတ်စေသည်။ ၆–ပါးသော ရဟန်းတို့ကို နှစ်ပါးစီ နှစ်ပါးစီတွဲ၍ စတုတ္ထ ပဉ္စမ ဆဋ္ဌမ ကမ္မဝါစာကို ဖတ် စေသည်။ ၉–ပါးသော ရဟန်းတို့ကို ၃–ပါးစီတွဲ၍ သတ္တမ အဋ္ဌမ နဝမ ကမ္မဝါစာကို ဖတ်စေ၍ သမုတ်၏။

ဤသို့လျှင် ပရိသက်၏ ပြည့်စုံခြင်း၊ နိမိတ်၏ ပြည့်စုံခြင်း၊ ကမ္မဝါစာ၏ ပြည့်စုံခြင်းတည်းဟူသော သုံးပါးသော ပြည့်စုံခြင်းနှင့် ယှဉ်သည်ဖြစ်၍ သမုတ်အပ်သော ဗဒ္ဓသိမ်သည် အမရပူရ ပဉ္စမနန်းစံ ဘုန်းလျှံမင်းတရားကြီး၏ လက်ထက်တော်၌ သာသနာတော် ၂၃၉၉–ခုနှစ်၊ သက္ကရာဇ် ၁၂၁၇–ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆–ရက် အင်္ဂါနေ့ ၃–ချက်တီးအချိန်တွင် အောင်မြင်၏။

## ဒုတိယအကြိမ်
## သမုတ်ခြင်း

ရွှေကျင်ဆရာတော်သည် ထိုအင်္ဂါနေ့မှာပင် ညဥ့်အခါ၌ ငါးကျိပ်သော မုတင်ဆောင် ရဟန်းတို့ကို ရွေးကောက်၍ ဝိသုံဂါမခေတ်ကိုသာ စောင့်ရှောက်၍ ရေနိမိတ်ကို သုံးကြိမ်ကြားစေပြီး

ကမ္မဝါစာကို ၆-ကြိမ်ဖတ်ကာ ထပ်မံသမုတ်တော်မူပြန်သည်။

**တတိယအကြိမ်**
**သမုတ်ခြင်း**

ထို့နောက် ၃-ရက်မြောက် ဖြစ်သော ကြာသပတေးနေ့၌ ပကတိဂါမခေတ်၊ ဝိသုံဂါမခေတ် ၂-ပါးကိုပင်ရှေးနည်းအတူအစောင့် အရောက်ထား၍ တစ်ရာ့ငါးကျိပ် သော ရဟန်းတို့နှင့်တကွ ရေနိမိတ်ကို ၆-ကြိမ်ကြားစေကာ ကမ္မဝါစာကို ၉-ကြိမ်ဖတ်ကာ သုံးကြိမ်မြောက်သမုတ်တော်မူပြန်သည်။

**ထူးခြားချက်များ**

ထိုသုံးကြိမ်မြောက်နောက်ဆုံး သမုတ်သော သီတင်းကျွတ်လဆန်း ၈-ရက် ကြာသပတေးနေ့၌--

(၁) သီမ သမ္မုတိကံကို ကန့်ကွက်လိုသော ဝိသဘာဂရဟန်းတို့သည် ဤ၏အပြင်၌ ကျေနပ်လောက်သော အဆုံးအဖြတ်ကိုရ၍ ငြိမ်း၏။

(၂) ဦးဆံကို ဆွဲကိုင်ခြင်းကြောင့်ဖြစ်သော လူနှစ်ယောက်တို့၏ ရန်လည်း သိမ်အပြင်၌ပင် အချင်းချင်းကန်တော့ပြီး မေတ္တာကရုဏာ တိုးပွားစေ၍ငြိမ်း၏။

(၃) ထိုသိမ်အောင်သောနေ့၌လည်းကောင်း၊ ရွှေနေ့၌လည်းကောင်း၊ နောက်နေ့၌လည်းကောင်း လျှပ်စစ်ရောင်နှယ်နှင့်တကွသော မိုးကြိုးသည် အရပ်လေးမျက်နှာမှ တက်၍ ကြီးစွာထစ်ချုန်း မြည်တမ်းကာရွာ၏။

(၄) ရွာ၏ ၂-အိမ် ၃-အိမ် မီးလောင်ရာ ထိုမိုးကြီးကြောင့် ငြိမ်း၏။

(၅) လူအပေါင်းတို့သည် ထိုထူးခြားချက်တို့ကို မြင်၍ ကောင်းချီးပေးကြကုန်၏။

**သိမ်၊တောင်၊ကျောင်းတိုက်**
**တို့၏အမည်များ**

သိမ်၏အမည်မှာ "ဇိနောရသ သာခု ပါမောဇ္ဇ"ဖြစ်သည်။

သိမ်သမုတ်ရာ တောင်၏ အမည်မှာ "အဘယဂီရိ"ဖြစ်သည်။


ကျောင်းတိုက်အမည်မှာ "ခေမာသီဝ အဘယဂီရိတိုက်"ဖြစ်သည်။

ထိုအမည်များနှင့်ပတ်သက်၍ သိမ်ကျောက်စာ၌ အောက်ပါအတိုင်း ဖော်ပြထားပေသည်။

> "ထို ဆိုအပ်ခဲ့ပြီးသော အကြောင်းတို့ကို သိသဖြင့် ငါးမာရ်အောင်မြင် ဘုရားရှင်၏ ရွှေရင်တော်နှစ် သားတော်စစ် ဖြစ်ကုန်သော သူတော်ကောင်းကို့သည် နှစ်သက်ရွှင်လန်း ဝမ်းမြောက်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ၉ ခု အပေါင်းဖြစ်သောကြောင့် လည်းကောင်း၊ အင်္ဂါနေ့ဖွား မင်းတရား၏ဆရာ အင်္ဂါသားရဟန်းသည် အင်္ဂါနေ့၌ သမုတ်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဤသိမ်၏ အမည်ကို ၉-လုံးသော အက္ခရာတို့ဖြင့် တန်ဆာဆင်သည်ကိုလည်းကောင်း၊ အင်္ဂါနံနှင့် ယှဉ်သည်ကို လည်းကောင်း ပြု၍ "ဇိနောရသ သာခု ပါမောဇ္ဇ"ဟု ခေါ်ကြလေကုန်၏။ ဤသိမ်သမုတ်ရာဖြစ်သော တောင်၏အမည်ကိုလည်း "အဘယဂီရိ" တောင်ဟု ခေါ်ကြလေကုန်၏။ သတ္တဝါအပေါင်းတို့ ချမ်းသာသည်ကို လည်းကောင်း၊ အဘယဂီရိတောင် ဝှမ်း၌ တည်သည်ကို လည်းကောင်း စွဲ၍ ကျောင်းတိုက်၏ အမည်ကိုလည်း "ခေမာသီဝ အဘယဂီရိ"တိုက်တော်ဟု ခေါ်ကြလေကုန်၏။

အစဆုံး ရွှေကျင်သာသနာ ပွင့်ထွန်းရာ ဌာနသည် ရွှေဘိုမြင်းမြေ ဖြစ်သကဲ့သို့ အစဆုံး တည်ထောင်သော ရွှေကျင်တိုက်သည်လည်း ဤဆိုခဲ့ပြီးသော ကျောက်စာ အထောက်အထား အရ ရှိမ်းမကားရွာ၏ အနောက်မြောက်တာငါးရာခန့်အကွာ အဘယဂီရိတောင်ဝှမ်း၌ တည်ရှိသော "ခေမာသီဝ အဘယဂီရိ" တောရကျောင်းတိုက်ဖြစ်ကြောင်း သိနိုင်ပေသည်။

**ကထိကရဟန်း**
၁၃၅၄-ခု၊
တပေါင်းလဆန်း၊၉-ရက်။



# သီလဖြူစင် မြတ်ရွှေကျင်

ရွှေထီး၊ ကုန္ဒရာ

ရွှေကျင်ဂိုဏ်းသည် မြန်မာနိုင်ငံတော် သာသနာ့ဂိုဏ်းကြီးကိုးဂိုဏ်းအနက် ထင်ရှားသော ဂိုဏ်းကြီးတစ်ဂိုဏ်း ဖြစ်သည်။

ရွှေကျင်ဂိုဏ်းဟူသည် ရွှေကျင်ဆရာတော်ဘုရားကြီးမှူးတည်ထောင်ခဲ့သော ဂိုဏ်းဖြစ်၍ ရွှေကျင်ဂိုဏ်းဟုခေါ်ခြင်းဖြစ်သည်။

ရှေးကာလက ထင်ရှားကျော်ကြားသော ဆရာတော်များသည် များသောအားဖြင့် မိမိတို့ရပ်ရွာအမည်ကိုစွဲ၍ ထင်ရှားကျော်ကြားတတ်ကြလေသည်။ ဥပမာအားဖြင့် တောင်တွင်းဆရာတော်၊ ပုခန်းဆရာတော်၊ မန်လည်ဆရာတော် စသည်တို့ကဲ့သို့တည်း။

ရွှေကျင်ဆရာတော်သည်လည်း မွေးဖွားရာ ရွှေကျင်ရွာကို အစွဲအမှီပြု၍ ထင်ရှားကျော်ကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ရွှေထွက်သော သုဝဏ္ဏဘူမိဖြစ်ပါသည်။ မြန်မာနိုင်ငံ အရပ်ရပ် စမ်းသပ်ကြည့်ရှုခဲ့လျှင် ရွှေထွက်သောနေရာ များပါသည်။ ရွှေထွက်သည်ဆိုသော်လည်း ရွှေကို အတုံးလိုက်၊ အခဲလိုက်ရှာဖွေတွေ့ရှိခြင်းကား နည်းပါသည်။ များသောအားဖြင့် ရွှေထွက်သောမြစ်ကမ်းအနီးမှ မြေကို မြစ်အတွင်း ကျင်ခွက်ဖြင့် ကျင်ယူကြရခြင်းက များပါသည်။ ထိုသို့ ရွှေကျင်ရသောချောင်းကို ရွှေကျင်ချောင်း၊ ရွှေကျင်ချောင်းအနီး၌ တည်သောရွာကို ရွှေကျင်ရွာဟု ခေါ်ဝေါ်တတ်ကြပါသည်။ ထိုသို့သော ရွှေကျင်ရွာများအတွင်းမှ ထင်ရှားသော ရွာနှစ်ရွာရှိပါသည်။ ထိုရွာများကား စစ်တောင်းမြစ်အနီး၌ တည်သော ရွှေကျင်မြို့နှင့်၊ ရွှေဘိုမြို့နယ် လှတောကြီးငါးရွာ အဝင်အပါ ရွှေကျင်ရွာတို့ ဖြစ်ကြပါသည်။

ရွှေကျင်မြို့သည် မဒေါက်မြို့အောက်၊ စစ်တောင်းမြစ်မှ အရှေ့ဘက် သုံးခွထွက်သွားသော ရွှေကျင်ချောင်းကမ်းပေါ်၌ တည်ရှိသည်။

ရှေးကာလက စစ်တောင်းမြစ်သည် ရွှေကျင်မြို့အနောက်ဘက်မှကပ်၍ စီးဆင်းသည်။ ထို့နောက် အင်းပလွဲရွာနှင့် သောင်ကြီးရွာအကြား မြစ်ကွေ့ဖြစ်နေရာမှ မဒေါက်မြို့အနီး ကျိုးကျစီးဆင်းသွားသောကြောင့် ယခုအခါ စစ်တောင်းမြစ်နှင့် ရွှေကျင်ရွာအတန်မျှ ကွာဝေးခဲ့ပါသည်။ မူလက အိမ်ခြေ

အနည်းငယ်မျှသာရှိသော ရွှေကျင်ရွာသည် တစ်စ တစ်စ လူနေအိမ်ခြေ တိုးပွားလာသောကြောင့် ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၆၀ ပြည့် နှစ်တွင် မြို့ဟုသမုတ်၍ မြို့၏အလားအလာများ သတ်မှတ်ပေးခဲ့လေသည်။

စစ်တောင်းမြစ်အနီး၌တည်ရှိသော ရွှေကျင်သည် ဘိုးတော်မင်းတရား လက်ထက်မှစ၍ မြို့အဖြစ် သတ်မှတ်ခြင်း ခံရသောကြောင့် မြန်မာနိုင်ငံတော် အတွင်း ထင်ရှားသော မြို့တစ်မြို့ဖြစ်ပါသည်။

လှတောကြီးငါးရွာ အဝင်အပါ ရွှေကျင်ရွာသည် ကား ရွှေဘိုမြို့တောင်ဘက် ၁၂-မိုင်ကွာ၌ တည်ရှိ သော ရွာငယ်မျှသာဖြစ်၍ ရွှေကျင်မြို့ကဲ့သို့ ထင်ရှား ကျော်ကြားခြင်းမရှိပါ။ သို့သော် ရွှေကျင်ဆရာတော် ဘုရားသည်ကား ထိုရွှေကျင်ရွာ၌ သက္ကရာဇ် ၁၁၈၄ ခု၊ ဝါဆိုလပြည့်ကျော် ၁၂-ရက် ညဉ့်သုံးချက်တည်း ကျော် ၁၃ ရက် အင်္ဂါနေ့အဝင် ဖွားမြင်တော်မူ သောကြောင့် ဖွားရာဇာတိကိုအမှီပြု၍ ရွှေကျင်ဆရာ တော်ဟု ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ ဆရာတော်၏ ဘွဲ့တော်ကား အင်္ဂါသားဖြစ်သောကြောင့် ဘဒ္ဒန္တ ဇာဂရ ဖြစ်ပါ၏။ သို့သော် ဆရာတော်၏ဘွဲ့တော် ကို သိသူကားအလွန်နည်းပါးလှ၏။ ဖွားတော်မူရာ ကျေးရွာ၏အမည်ဖြင့် ရွှေကျင်ဆရာတော်ဟူ၍သာ အသိများလှပါသည်။ ဆရာတော်၏ငယ်မည်ကား မောင်သန့်ဖြစ်၍ ဖခင် ဦးမောင်၊ မိခင်မှာ ဒေါ်မယ်မိ ဖြစ်ပါသည်။

ဆရာတော်သည် ခုနစ်နှစ်သားအရွယ်မှစ၍ ရွှေကျင်ရွာ မဟာဗောဓိကျောင်းဆရာတော် ဦးပရ ဗုဒ္ဓိထံတော်၌ သင်ပုန်းကြီးစာ သင်ယူခဲ့ပါသည်။ အသက် ၁၄-နှစ်အရွယ် ရှင်သာမဏေ ဖြစ်သော အခါ တစ်နှစ်မျှ သာမဏေဘဝဖြင့် ဥပဇ္ဈာယ် ဆရာထံမှီခို၍ ၁၅-နှစ်သားအရွယ်တွင် ရွှေဘိုမြို့ ဝက်ဘာကျောင်း ဆရာတော်ထံ စာပေသင်ကြားခဲ့ သည်။ အသက် ၁၈-နှစ်တွင် သီးလုံးဆရာတော်ထံ ချဉ်းကပ်၍ ပရိယတ် ပဋိပတ် တရားတို့ကို သင် ကြားတော်မူခဲ့သည်။

* * *

လောက၌ မြေနီ၌နေသော မြေသည်နီ၍ သစ်ရွက် စိမ်း၌နေသော မြေသည် စိမ်းပါသည်။ သတ္တဝါ တို့သည် မှီရာကိုစွဲမှီ၍ ဖြစ်တတ်ကြပါသည်။ ကောင်းသောအမှီကိုရလျှင် ကောင်း၍ ဆိုးသော အမှီကိုရလျှင် ဆိုးတတ်ပါသည်။ တစ်သိုက်တည်း အတူမွေးဖွားခဲ့ကြသော ကျေးသားညီနောင်တို့တွင် လေမုန်တိုင်းကြောင့် လွင့်ပါ၍ အကျင့်ကောင်းသော ရသေ့များထံ ရောက်သောကျေးသားပုပ္ဖကသည် ယဉ်ကျေးသိမ်မွေ့၍ ခိုးသားတို့၏လက်နက်အကြား သို့ ကျရောက်သောသတ္တိဂုမ္ဘ ကျေးသားသည်ကား လွန်စွာမိုက်ရိုင်း ကြမ်းကြုတ်လှပါသည်။

သီးလုံးဆရာတော် ဆိုသည်မှာ ပရိယတ္တိဖက် ၌လည်း ကျွမ်းကျင်၍ ပဋိပတ္တိ ဖက်၌လည်း ရဟန္တာတမျှ ကျော်ကြားပါသည်။

သီးလုံးဆရာတော်ကို အမှီရသော ရွှေကျင်ဆရာ တော်သည်လည်း ပရိယတ္တိနှင့် ပဋိပတ္တိပါ စွယ်စုံ ဆရာတော် ဖြစ်လာပါသည်။

ထို့ကြောင့် မန်ကျည်းစဉ်ရွာ၊ ခေါ်တောရွာ၊ ရှိမ်းမကားရွာ တို့၌ မြောက်မြားလှစွာသော စာသင် သားတို့အား စာပေသင်ကြားပို့ချတော်မူခဲ့သည်။

* * *

ကောဇာသက္ကရာဇ် ၁၂၁၄-ခုနှစ်တွင် ပုဂံမင်း တရား၏ အထိန်းတော် တောင်ပြုံးကြီးမြို့၊ ဟသ်ာတမြို့စား မရွှေ၏ညီမ၊ မဖဲ၏အိမ် ဓားပြတိုက် မှုနှင့်ပတ်သက်၍ မင်းတုန်းမင်းသားအိမ်တော်၊ ညီတော်ကနောင်မင်းသား အိမ်တော်များကို အမေး အမြန်းခံရသောကြောင့် ညီတော် နောင်တော်နှစ်ပါး ရွှေဘိုမြို့သို့ ထွက်ခွါတော်မူခဲ့ကြသည်။

ထိုစဉ်က မင်းတုန်းမင်းတရားသည် အထွတ် အထိပ်သို့ မရောက်သေးချေ။ သို့သော် ရွှေကျင်ဆရာတော်၏သတင်းကို ကြားရ၍ လွန်စွာအားရတော်မူသည်။

ထို့ကြောင့် တပည့်တော်မင်းအဖြစ်သို့ ရောက်ပါက သာသနာတော် သန့်ရှင်း စည်ပင်ရေးကို အားပေးဆောင်ရွက်တော်မူမည်ဟု တောင်းပန်လျှောက်ထားခဲ့ဖူးလေသည်။

သက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် မင်းတုန်းမင်းသား ဘုရင်ဖြစ်တော်မူသည်။ ဘုရင်အဖြစ်သို့ရောက်တော်မူပြီးနောက် ရွှေဘိုမြို့မြောက်ဘက် မြင်းနယ်တစ်ခွင်၌ သာသနာတော် သန့်ရှင်းစည်ပင်အောင် ရွက်ဆောင်တော်မူရန် တောင်းပန်ချက်အရ မြင်းနယ်တစ်ပြင်၌ သာသနာတော်ကြီး သန့်ရှင်းစည်ပင်အောင် ဆောင်ရွက်တော်မူခဲ့သည်။

သက္ကရာဇ် ၁၂၂၂ ခုနှစ်တွင် မင်းတုန်းမင်း ပင့်လျှောက်သဖြင့် မန္တလေးမြို့သို့ ကြွရောက်တော်မူလာသည်။ ထိုစဉ်က သက်တော် ၃၉ နှစ်၊ သိက္ခာတော် ၁၉ ဝါမျှသာ ရှိသေးသည်။

မင်းတုန်းမင်းကြီးသည် ရွှေကျင်ဆရာတော်ကို မြတ်နိုးတော်မူ၍ မန္တလေးတောင်ခြေ၌ ကျောင်းဆောက်၍ ကိုးကွယ်တော်မူသည်။ အခြံအရံတိုက်ကြီးငါးတိုက်ကိုလည်း တည်ဆောက်လှူဒါန်းတော်မူသည်။ တိုက်ကြီးငါးတိုက်တို့ကား–

(၁) မဟာဓမ္မိကာရာမတိုက်

(၂) ထရံကာတိုက်

(၃) ရမည်းသင်းတိုက်

(၄) မင်းခင်းတိုက်

(၅) မြတောင်တိုက်

တို့ ဖြစ်ကြလေသည်။ ထိုတိုက်ကြီးငါးတိုက်တို့ကို ရွှေကျင်ငါးတိုက်ဟု ခေါ်ဝေါ်ကြပါသည်။

ရွှေကျင်ဆရာတော်ကား ပရိယတ္တိဘက်၌လည်း ပါဠိပိဋကတ်တော်မျှမကဘဂ်ါလီ၊ နာဂရီ၊ သက္ကတကျမ်းစာများပါ တတ်မြောက်တော်မူသည်။

ပဋိပတ္တိဘက်၌လည်း အကျင့်သီလလွန်စွာစင်ကြယ်တော်မူသည်။ ဆရာတော်၏ အဆုံးအမ ဩဝါဒများသည် ကြားသူတို့၏ စိတ်နှလုံးကို ယူကြုံးတုန်လှုပ်တော်မူစေနိုင်သည်။

ဆရာတော်သည် ဂမ္ဘီရာ ဂမ္ဘီရ မဟာနိဗ္ဗုတဒီပနီကျမ်း၊ ဒသဓမ္မာလင်္ကာရအဋ္ဌကထာ၊ ဓမ္မောသဓဒီပနီ၊ နေတ္တိလီနတ္ထသင်္ဂဟ၊ နေတ္တိဟာရတ္ထဝိဘာဝနီ စသော ကျမ်းပေါင်းများစွာတို့ကို ရေးသားစီရင်တော်မူခဲ့သည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်အတွင်း၌ ဆရာတော်သည် တပည့်ပေါင်းများစွာတို့ကို စာပေပို့ချရာ၌လည်းကောင်း၊ ဩဝါဒခံ ဂိုဏ်းသံဃာတို့အပေါ် စည်းကမ်းကျနအောင် အဆုံးအမပေးတော်မူရာ၌လည်းကောင်း၊ သီလစောင့်ရှောက် ထိန်းသိမ်းရာ၌လည်းကောင်း၊ တောရကျင့်သုံးဆောက်တည်ရာ၌လည်းကောင်း စံပြတစ်ဆူ ဖြစ်တော်မူခဲ့ပါသည်။

ဆရာတော်သည် သက္ကရာဇ် ၁၂၅၅–ခုနှစ်၊ တပေါင်းလဆုတ် ၇ ရက်နေ့တွင် မင်းကွန်း ငွေတောင် တောရ၌ ပျံလွန်တော်မူပါသည်။ ထိုစဉ်က ဆရာတော်၏ အသက် ၇၂–နှစ်ဖြစ်၍ သိက္ခာတော် ၅၂ ဝါ ရှိခဲ့ပါပြီ။

ယခု ကောဇာသက္ကရာဇ် ၁၃၅၅–ခုနှစ်တွင် ဆရာတော် ပျံလွန်တော်မူသည်မှာ နှစ်ပေါင်း တစ်ရာကြာမြင့်ခဲ့ပါပြီ။

လောက၌ စန္ဒကူး၊ နံ့သာတို့မည်သည် နှစ်ပေါင်း ရှည်ကြာလေ အနံ့မွှေးကြိုင်လေဖြစ်ပါသည်။

သီလရှိသောပုဂ္ဂိုလ်များသည် စန္ဒကူး၊ နံ့သာနှင့် တူကြပါသည်။ ပုဂ္ဂိုလ်ပင် မရှိသော်လည်း သီလရနံ့ကား မပြယ်သည့်ပြင် ဟိုးတက်၍ မွှေးကြိုင်ပါသေးသည်။

ရွှေကျင်ဆရာတော် ပျံလွန်တော်မူသည်မှာ နှစ်ပေါင်း တစ်ရာရှိပါပြီ။ သို့သော် ဆရာတော်၏ သီလရနံ့တော်ကား မွှေးကြိုင်ဆဲ ဖြစ်ပါသည်။ နောင်လည်း မွှေးကြိုင်ဦးမည် ဖြစ်ပါသည်။

လောက၌ ရုပ်ဆင်းသဏ္ဌာန်လှပခြင်းသည် ပျိုရွယ်စဉ် တစ်ခဏမျှဖြစ်၍ တန်ဖိုးမကြီးပါ။ ဘုန်းတန်ခိုးအာဏာ ကြီးမားခြင်းသည်လည်း တစ်သက်တာမျှဖြစ်၍ တန်ဖိုးမကြီးမားပါ။

ပစ္စည်းဥစ္စာ ရတနာ ရွှေ ငွေ ဆိုသည်မှာလည်း ရန်သူနှင့်ဆက်ဆံသောကြောင့် တန်ဖိုးမကြီး အချည်းနှီးသာဖြစ်ပါသည်။

သီလတရားသည်ကား တစ်ခဏမျှမဟုတ် ထာဝရ ကောင်းကျိုးကိုဆောင်သောကြောင့် အလွန်တန်ဖိုးကြီးလှပါသည်။

ထိုမျှ တန်ဖိုးကြီးမားလှသော သီလတော်ဂုဏ်ကြောင့် ရွှေကျင်ဆရာတော့် ဂုဏ်သတင်းသည် ယနေ့ထက်တိုင် ပျံ့လှိုင်ကြိုင်သင်းနေဆဲ ဖြစ်ပါသည်။

ရွှေကျင်ဆရာတော်ဘုရားကြီး၏ သီလဂုဏ်ကို အာရုံထင်ထင် ဉာဏ်၌မြင်၍ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော သီလတရားကို ကြိုးစားဖြည့်ကျင့်သင့်ကြပါသတည်း။

ရွှေထီး ဣန္ဒရာ (ထီးချိုင့်မြို့)

# ဒေါသ

* သည်းခံခြင်းလက်နက်ဆောင်လျှင် ဒေါသမီးမလောင်၊
တုက်လက်နက်ကိုင်ဆောင်လျှင် မွေးဟောင်သည်။

* ရန်သူကို မီးခဲကိုင်ပစ်လျှင် မိမိလက်ကိုသာ ရှေးဦးစွာလောင်၏။
ရန်သူကို အမျက်ထွက်လျှင် မိမိဂုဏ် ရှေးဦးစွာပျက်၏။

* ရန်သူလာဆဲ၍ ပြန်ဆဲလျှင် မိမိလည်း အရှက်ကွဲ၏။
စိတ်ဆိုး၍ မတော်မလျော်ပြုလျှင် မြင်သူအရှက်မကွဲ ပြုသူသာအရှက်ရသည်။

* ဆေးဆရာသည် လူမမာနှင့်ပြိုင်၍ အသက်မထွက်ကောင်း၊
အကောင်းသည် အရူးနှင့်ပြိုင်၍ အဝတ်မလစ်ကောင်း၊
သူတော်ကောင်းသည် မသူတော်နှင့်ပြိုင်၍ ဒေါသမထွက်ကောင်း။ ။

ပထမရွှေကျင်ဆရာတော်ဗရားကြီး



# ဂိုဏ်းလုံးကျွတ်
# ရွှေကျင်နိကာယသံဃာ့အစည်းအဝေးကြီးများ
# ဒေါက်တာသန်းထွန်း

တေရသမ ရွှေကျင်နိကာယ ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီးကို ၁၉၉၂-ခု၊ မတ်လ (၁) ရက်နှင့် (၂)ရက် နေ့များတွင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်၌ ကျင်းပခဲ့ကြသည်။ ထိုအစည်းအဝေးကြီးသို့ ပင့်သံဃာ (၄၃၀)ပါးနှင့် လေ့လာရေးသံဃာ အပါး (၂၀၀)တို့ တက်ရောက်ခဲ့ကြသည်။ အောက်ပါတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ရွှေကျင်နိကာယ အဖွဲ့အစည်းကြီးမှ လစ်လပ်နေသည့် နေရာအသီးသီးကို ရွေးချယ်ဖြည့်စွက် တင်မြှောက်ခြင်း (၆)ရပ်။

ဆုံးဖြတ်ချက် (၃)ရပ်ကို အတည်ပြုခဲ့သည်။

ဆောင်ရွက်မှု(၅)ရပ်ကို မှတ်တမ်းတင်ခဲ့သည်။

ဆုံးဖြတ်ချက် (၈)ရပ်ကို ပြဋ္ဌာန်းခဲ့သည်။

နိကာယအဖွဲ့ဝင် အားလုံးတို့သည် ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီးကို သုံးနှစ်တစ်ကြိမ် ကျင်းပရန် သဘောတူပြဋ္ဌာန်းထားဟန်တူသည်။ ထိုဆုံးဖြတ်ချက်နှင့်အညီ အစည်းအဝေးကြီးကို သုံးနှစ်တစ်ကြိမ်လုနီးနီး ကျင်းပခဲ့သည်။

အောက်ပါတို့မှာ သံဃာ့အစည်းအဝေးကြီး ကျင်းပခဲ့သော နေ့စွဲနှင့်တကွ နေရာဌာန စာရင်းမှတ်တမ်းဖြစ်သည်။ ထိုအစည်းအဝေးတို့ကို ဆန္ဒရှိသည့်အတိုင်း သတ်မှတ်ထားသော အချိန်ကာလ၌ ပုံမှန်မကျင်းပနိုင်ခဲ့သည်ကို သတိပြုမိပေလိမ့်မည်။ အချိန်ကွာဟမှုများသည် မတည်ငြိမ်သော ကာလများကြောင့် ယဉ်ကျေးမှုဆိုင်ရာ ဆောင်ရွက်မှုတို့ကို ရပ်ဆိုင်းထားခဲ့ရသော ကာလများကို ဖော်ပြလျက်ရှိပေသည်။

**ပထမအကြိမ် အစည်းအဝေးကြီး**
၁၉၂၀-ပြည့်၊ ဇွန်လ (၂၃)ရက်။
အောင်မြေသာစည်ကျောင်း၊
မဟာဝိသုဒ္ဓါရာမတိုက်၊
မန္တလေးမြို့။

**ဒုတိယအကြိမ် အစည်းအဝေးကြီး**
၁၉၂၃-ခု၊ ဇွန်လ (၂၀)ရက်။
အောင်မြင်သာစည်ကျောင်း၊
မဟာဝိသုဒ္ဓါရာမတိုက်၊
မန္တလေးမြို့။

တတိယအကြိမ်– ၁၉၂၈–ခု၊ မတ်လ (၅)ရက်။
အောင်မြေသာစည်ကျောင်း၊
မဟာဝိသုဒ္ဓါရာမတိုက်၊
မန္တလေးမြို့။

စတုတ္ထအကြိမ်– ၁၉၂၉–ခု၊ ဧပြီလ (၂၄) (၂၅) နှင့် (၂၆)ရက်။
ပုဂံတောင်ကျောင်းတိုက်၊
ပန်းပဲတန်းရပ်၊
မော်လမြိုင်မြို့။

ပဉ္စမအကြိမ်– ၁၉၃၂–ခု၊ ဇွန်လ (၈) (၉)နှင့် (၁၀)ရက်။
အောင်မြေသာစည်ကျောင်း၊
မဟာဝိသုဒ္ဓါရာမတိုက်
မန္တလေးမြို့။

ဆဋ္ဌမအကြိမ်– ၁၉၃၅–ခု၊ ဧပြီလ (၁၅) (၁၆) နှင့် (၁၇)ရက်။
မြို့မတိုင်းရင်းသား အထက်တန်းကျောင်း၊ ရန်ကုန်မြို့။

သတ္တမအကြိမ်– ၁၉၄၇–ခု၊ မတ်လ (၃) (၄) (၅)နှင့် (၆)ရက်။
တောင်ကြီးမြို့။
ရှမ်းပြည်တောင်ပိုင်း။

အဋ္ဌမအကြိမ်– ၁၉၅၃–ခု၊ ဖေဖော်ဝါရီလ (၂၅) (၂၆)နှင့် (၂၇) ရက်။
မဟာဂန္ဓာရာမချောင်၊
စစ်ကိုင်းတောင်ရိုး။

နဝမအကြိမ်– ၁၉၅၇–ခု၊ ဖေဖော်ဝါရီလ (၁၈) (၁၉)နှင့် (၂၀)ရက်။
ကြခတ်ဝိုင်းကျောင်းတိုက်၊
ပဲခူးမြို့။

ဒသမအကြိမ်– ၁၉၆၃–ခု၊ နိုဝင်ဘာလ (၁၈) (၁၉) နှင့် (၂၀)ရက်။
အောင်မြေသာစည်ကျောင်း၊
မဟာဝိသုဒ္ဓါရာမတိုက်၊
မန္တလေးမြို့။

ကောဒသမအကြိမ်–၁၉၇၅–ခု၊နိုဝင်ဘာလ(၂၂) (၂၃)နှင့် (၂၄)ရက်။
ကြခတ်ဝိုင်းကျောင်းတိုက်၊
ပဲခူးမြို့။

ဒွါဒသမအကြိမ်– ၁၉၈၀–ပြည့်၊ ဒီဇင်ဘာလ (၆)နှင့် (၇) ရက်။
ဝိသုဒ္ဓါရာမ မြို့ထောင့်ကျောင်းတိုက်၊ တောင်ငူမြို့။

အစည်းအဝေးကြီး အသီးသီးတွင် ဖြေရှင်းညှိနှိုင်းရန် အယူးပြဿနာ အကြောင်းအချက်များရှိမည်သာဖြစ်၍ ဤတေရသမအစည်းအဝေးတွင်လည်း အရေးပေါ် ဆောင်ရွက်ရန် သုံးရပ်ရှိသည်။

(၁)– ဥပဥက္ကဋ္ဌဆရာတော် (တွဲဖက်ဥက္ကဋ္ဌ ဆရာတော်) နှစ်ပါး ရွေးချယ်တင်မြှောက်ရန်။

(၂)– ဂိုဏ်းလုံးဝန်ဆောင် ကော်မတီ၏ တွဲဖက်အကျိုးဆောင်...ပါး ရွေးချယ်ခန့်အပ်ရန်။

(၃)– ဂိုဏ်းလုံးဝန်ဆောင် နာယကဆရာတော်တို့၏ ဆုံးဖြတ်ပြဋ္ဌာန်းချက်များကိုအတည်ပြုရန်ဖြစ်သည်။

ဆုံးဖြတ်ချက်များစွာ လုပ်ခဲ့စဉ်တွင် သက်ဆိုင်ရာ အသီးသီးတို့၏ တညီတညွတ်တည်း ဆုံးဖြတ်ခြင်းကိုသာ လိုလားမျှော်လင့်ကြမည်သာဖြစ်သည်။ ဂိုဏ်းတစ်ခုလုံး၏ ဆက်လက်စည်းလုံးခိုင်မာမှုသည် အဓိကအားဖြင့် ဤကဲ့သို့သော ညှိနှိုင်းမှုများပေါ်တွင် မူတည်နေသောကြောင့် ညီညွတ်မှုကို ပို၍ အလိုရှိခဲ့ကြသည်။

ရွှေကျင် နိကာယအဖွဲ့သည် မိမိ၏အစည်းအဝေးကြီးများကို အောက်ပါအစိုးရခေတ်ကာလများတွင်ကျင်းပခဲ့ပေသည်။

ပထမအစည်းအဝေးကြီးမှ သတ္တမအစည်းအဝေးကြီးအထိ ဗြိတိသျှ ကိုလိုနီခေတ်တွင်ကျင်းပခဲ့သည်။ အဋ္ဌမအစည်းအဝေးကြီးနှင့် နဝမအစည်းအဝေးကြီးကို ဖ–ဆ–ပ–လ အစိုးခေတ်တွင် ကျင်းပခဲ့သည်။ ဒသမအစည်းအဝေးကြီးကို တော်လှန်ရေးကောင်စီအစိုးရခေတ်တွင် ကျင်းပပြီး ဧကာဒသမနှင့် ဒွါဒသမအစည်းအဝေးကြီးတို့ကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဦးဆောင်သော နိုင်ငံတော်ကောင်စီခေတ်တွင် ကျင်းပခဲ့သည်။ နောက်ဆုံး အစည်းအဝေးကြီးနှစ်ခုမှအပ ယခင်အစည်းအဝေးကြီး တစ်ဆယ့်တစ်ခုတို့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးမပေါ်ပေါက်မီက ကျင်းပခဲ့ပေသည်။

ရွှေကျင်နိကာယအဖွဲ့ကြီး၏ ရှင်သန်ရပ်တည်မှုတစ်ခုလုံးသည် ဤအစည်းအဝေးကြီးများ၏ အကျိုးကျေးဇူးကြောင့်ဖြစ်သည်ကို မငြင်းနိုင်ပေ။

ထိုအစည်းအဝေးကြီးများသည် ရွှေကျင်အဖွဲ့အစည်းကြီး၏ ဆက်လက်ရှင်သန်မှုအတွက် အမှန်တကယ် အထောက်အကူများ ဖြစ်ကြသည်။ ဥပမာဆိုရလျှင် ပထမအစည်းအဝေးကြီး နှစ်ရပ်တို့သည် ရွှေကျင်သံဃာ့အဖွဲ့ကြီးကို ကျော်ကြား၍ သံဃာတော်များပင် သံသယဖြင့်ပါဝင်သော နိုင်ငံရေးအဖွဲ့အစည်းတို့၏ လွှမ်းခြုံမှုဘေးမှ ကယ်တင်ခဲ့ပေသည်။ မြန်မာမင်းတို့လက်ထက်တွင် အလွန်ကျော်ကြားသော ဗားမဲ့ဆရာတော်ကြီးနှင့် အလွန်ကြည်ညိုလေးစားခြင်း ခံခဲ့ရ၍ ဗြိတိသျှအုပ်ချုပ်သူတို့၏ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အပ်နှင်းခြင်းခံခဲ့ရသော ဆရာတော်ကြီးများသည် အသင်းဝင်လေးငါးထောင်ခန့်ဖြင့် ဤသံဃသမဂ္ဂီကို ဦးဆောင်ခဲ့ကြသည်။ ဤရွှေကျင်သံဃာ့အစည်းအဝေးကြီးတို့သည် သံဃာတော်တို့ကို ကြပ်မတ်စွာ ဘာသာရေးဝိနည်းတော်တို့နှင့်အညီ ကြည်ညိုဖွယ်ဆောင်၍ နေထိုင်စေခဲ့သည်။ တတိယအစည်းအဝေးကြီးမှ ဆဋ္ဌမအစည်းအဝေးကြီးအထိ နယ်ချဲ့ဆန့်ကျင်ရေး ကြီးထွားနေချိန်တွင် ရွှေကျင်ဂိုဏ်းကြီးကို တည်တံ့သန့်စွမ်းစေရုံမှအပ ထူးခြားမှုမရှိခဲ့ပေ။ သတ္တမ အစည်းအဝေးမှာမူ ရွှေကျင်နိကာယအဖွဲ့အစည်းကြီးကို ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ပြန်လည်စည်းရုံးဖွဲ့စည်းခြင်းဖြင့် ထူးခြားခဲ့ပေသည်။ အဋ္ဌမအစည်းအဝေးကြီးသည် မြန်မာတို့၏ နိုင်ငံရေး လွတ်လပ်မှုရရှိပြီးနောက် ပထမဆုံးကျင်းပသော အစည်းအဝေးကြီးဖြစ်ခဲ့ပေသည်။ ယင်းအစည်းအဝေးကြီးသည် လွတ်လပ်ရေးရပြီး ကိုယ်ပိုင်အုပ်ချုပ်မှုအောက်တွင် ရွှေကျင်နိကာယအဖွဲ့ကြီး၏ သဘောထားနှင့် ရပ်တည်ချက်ကို ပြတ်သားစွာအဆုံးအဖြတ်ပေးခဲ့သည်။ ဒွါဒသမ အစည်းအဝေးကြီးသည် ဂိုဏ်းပေါင်းစုံ သံဃာ့ကောင်စီအလယ်တွင် ရွှေကျင်နိကာယအဖွဲ့၏ ရပ်တည်မှုကို ရှင်းလင်းပြတ်သားစွာ ထုတ်ဖော်ပြောဆိုရသည့်အတွက် ပို၍အရေးပါအရာရောက်သော အစည်းအဝေးကြီးဖြစ်ခဲ့ရသည်။ တစ်နည်းဆိုရသော် အစည်းအဝေးကြီးအားလုံးတို့သည် ရွှေကျင်နိကာယအဖွဲ့ကို တည်ထောင်ခဲ့သော ၁၈၆၀–ပြည့်နှစ်တွင် ချမှတ်ခဲ့သော မူလရည်ရွယ်ချက်နှင့် ရည်မှန်းချက်များ ဆက်လက်တည်ရှိရန် လက်ရှိပြဿနာများကို အောင်မြင်စွာဖြေရှင်း၍ လမ်းခင်းခဲ့သည်။ ထင်ရှားစွာပင် ရွှေကျင်နိကာယအဖွဲ့ကြီးသည် သာသနာပိုင်များဟု လူသိများသော အမြင့်ဆုံးဦးဆောင်ဆရာတော်တို့၏ ထိရောက်သော ဦးဆောင်မှုအောက်တွင် လွန်ခဲ့သည့်နှစ်ပေါင်း(၁၃၀)တွင် ရှင်သန်ရပ်တည်မှုကို ဆက်ခဲ့ပေသည်။ ဤအမြင့်ဆုံး (သာသနာပိုင်)ရာထူးနေရာသည် မည်သည့်ကာလတွင်မှ မလစ်လပ်ခဲ့ပေ။ ယခင်က သာသနာပိုင် (၁၂)ပါးရှိခဲ့ပြီး ယခုသာသနာပိုင် အပါအဝင် သာသနာပိုင်ဆရာတော်ပေါင်း (၁၃)ပါးဖြစ်သည်။ ရွှေကျင်ဆရာတော်နှင့် ဝိသုဒ္ဓါရုံဆရာတော်တို့သည်

ပထမရာစုစက် (နှစ်–၅၀)တွင် ရွှေကျင်နိကာယကို ဦးဆောင်ပြီး ဒီပဲယင်းဆရာတော်၊ ကျိုက္ကစံဆရာတော်၊ အလုံဆရာတော်၊ ချမ်းသာကြီးဆရာတော်၊ လှတောဆရာတော်၊ ကျိုက်လတ်ဆရာတော်၊ ကနီဆရာတော်နှင့် စံကင်းဆရာတော်တို့သည် နှစ်ပေါင်း (၁၀၀)ပြည့်စေခဲ့သည်။ မြောင်းမြဆရာတော်နှင့် ကြေးမြင့်ဆရာတော်တို့သည် အလှည့်ကျ အုပ်ထိန်းစောင့်ရှောက်သူများဖြစ်ကြပြီး ရွှေဟသ်ာဆရာတော်[illegible]နေ့ဂိုဏ်းကြီး၏ အုပ်ထိန်းသူဖြစ်သည်။ [illegible]ဟသ်ာဆရာတော်ကြီး၏ လက်ရှိ ဦးဆောင်မှုအောက်တွင် ရွှေကျင်နိကာယအဖွဲ့ကြီးသည် ဂိုဏ်းသက်တမ်း နောက်ထပ်ရာစုပေါင်း အတော်အသင့်ကာလတွင် အလားအလာဟူ အောင်မြင်မှုဖြင့် ဆက်လက်ရပ်တည်ရန် သေချာသောမျှော်လင့်ချက်ရှိပေသည်။

လက်ရှိအခြေအနေအရပ်ရပ်ကို ချိုင့်စစ်ဆေးကြည့်ခြင်းသည် ရွှေကျင်နိကာယအဖွဲ့ကြီး၏အင်အားအထွတ်အထိပ် ရောက်ရှိနေခြင်းကို ပြသပေလိမ့်မည်။ ယနေ့ရွှေကျင်ကျောင်းပေါင်း (၂၄၄၄)ကျောင်းတွင် ရဟန်းသာမဏေပေါင်း (၂၇[illegible])ပါး [illegible]နေထိုင် သီတင်းသုံးလျက်ရှိသည်။ ဤသံဃာတော်တို့သည် တာဝန်ဝတ္တရားများကို အလေးစားဆုံး ဦးဆောင်လမ်းညွှန်ဆရာတော်ပေါင်း (၁၅၀)ပါးတို့၏ အုပ်ထိန်းမှုအောက်တွင် ရှိကြသည်။ ထိုဆရာတော်အားလုံးတို့သည် အဆင့်အမြင့်ဆုံး ဦးဆောင်ဆရာတော် (သာသနာပိုင်)နှင့် အကြံပြုဆရာတော် ငါးပါးတို့သည် ဦးဆောင်အဖွဲ့ချုပ် (သာသနာပိုင်အဖွဲ့) ဖြစ်သည်။ ထိုအဖွဲ့တွင် အတွင်းရေးမှူးဆရာတော် (၃)ပါးနှင့် လက်ထောက်ဝန်ဆောင်ဆရာတော်(၇)ပါး ရှိသည်။ ယနေ့တိုင် ရွှေကျင်အဖွဲ့အစည်းကြီး၏ အင်အားကို ထိပါးစေမည့် အရေးပါ အရာရောက်သည့် ဖြစ်ရပ်မျိုး တစ်စုံတစ်ခု မဖြစ်ခဲ့ချေ။ ထိုအဖွဲ့ကြီးသည် အနာဂတ်တွင် မည်သည့် ပြဿနာကိုမဆို ရင်ဆိုင်ဖြေရှင်းနိုင်လောက်သည့် အင်အားရှိသည်ဟုဆိုလျှင် လျှော့ တွက်ရာ မရောက်ပေ။

**ဒေါက်တာသန်းထွန်း**

ဤဆောင်းပါးကို ဒေါက်တာသန်းထွန်း၏ – THE THIR-TEENTH SHWEGYIN NIKAYA CONVENTION မှ ထုတ်နှုတ်ဖော်ပြပါသည်။



# အကျိုးဆောင်ကျမ်းနှစ်ဆူ

# ငွေဥဒေါင်း

### အလောင်းရှာပုံတော်

"ဆရာတော် အလိုရှိနေတာကို မောင်လှိုင်ကပဲ လိုအပ်သလို ဆောင်ရွက်ပေးလိုက်ပါဘိ"ဟု ဘဝရှင်မင်းတရားကြီးက အမိန့်ချမှတ်လိုက်ပြီးသည့် အချိန်မှစ၍ ကျွန်ုပ်သည် ဆရာတော်၏ ဆန္ဒပြည့်ဝစေရန် ကြိုးစားရှာဖွေခဲ့၏။ ဆရာတော်အလိုရှိသကဲ့သို့ပင် ကျွန်ုပ်သည်လည်း အလိုရှိ၏။ ဆရာတော်က ကမ္မဋ္ဌာန်း နိမိတ်အတွက် အလိုရှိသည်၊ ကျွန်ုပ်က ရေးနေဆဲကျမ်းအတွက် အထောက်အကူရရန် အလိုရှိသည်။ ကျွန်ုပ်သည် ကာယာနုပဿနာကျမ်းကို သိုးဆောင်းတို့၏ အနာတမီကျမ်းမှ အချက်အလက်များနှင့် တွဲဖက်ရေးသားနေဆဲဖြစ်သည်။ ရေးသားရာ၌ စာတွေ့မဟုတ်ဘဲ ကိုယ်တွေ့မျက်မြင်ရေးသားရသော် အထောက်အကူ ပို၍ခိုင်လုံဖို့ရှိသည်။

ဆရာတော်နှင့် ကျွန်ုပ်တို့ အလိုရှိနေသည်မှာ ကား သင့်လျော်သော အလောင်းတစ်လောင်း ရရှိရေးပင် ဖြစ်ပေသည်။

ဆရာတော်သည် ဘုရားရှင်၏ ကမ္မဋ္ဌာန်း နည်းလေးဆယ်အနက်မှ ကာယဂတာသတိကမ္မဋ္ဌာန်း အရှင်ဖြစ်၏။ ကမ္မဋ္ဌာန်းနည်းလေးဆယ်တွင် အရေအတွက်အားဖြင့် ကာယဂတာသတိကမ္မဋ္ဌာန်းဟု တစ်ခုမျှသာ ဖော်ပြသော်လည်း ယင်းကာယဂတာသတိကို ခွဲစိတ်လိုက်သောအခါ သုံးဆယ့်နှစ်ကောဋ္ဌာသရှိ၏။ ပါဠိလိုဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းဟု ခေါ်သည်။ ယင်းသုံးဆယ့်နှစ်ကောဋ္ဌာသကို ခွဲစိတ်လိုက်ပြန်သောအခါ ကေသာ၊ လောမာ၊နခါ၊ ဒန္တာ၊ တစော၊ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေပြား ဟူသော တစပဉ္စက ကမ္မဋ္ဌာန်းမှစ၍ အစုအပုံ ကမ္မဋ္ဌာန်းမျိုးစုံ ထွက်လာသည်။

ယင်းခန္ဓာကိုယ် အစုအပုံ ကမ္မဋ္ဌာန်းမျိုးစုံ အနက်မှ ဆရာတော်သည် အဋ္ဌိက ကမ္မဋ္ဌာန်းခေါ် အရိုးစု ကမ္မဋ္ဌာန်းကို စီးဖြန်းသူဖြစ်ပေသည်။

ဤအကြောင်းကို တစ်ညနေခင်းအချိန်တွင် ဆရာတော်သည် ဘဝရှင်မင်းတရားကြီးနှင့် ကျွန်ုပ်တို့ သုံးဦးသား စကားစပ်မိကြရာမှ အခွင့်သာ၍ ရနိုင်ခဲ့ပါသော် စာတွေ့ထက် ကိုယ်တွေ့ ရှုပွားအားထုတ်နိုင်ရန်အတွက် လူ့ခန္ဓာကိုယ် အရိုးစုတစ်ခု အလိုရှိကြောင်း မိန့်ကြားသည်။ ဘဝရှင်မင်းတရားကြီးက ကျွန်ုပ်ကို ဆရာတော် လိုအပ်သလို ဆောင်ရွက်ပေးပါဘိဟု အမိန့်ချမှတ်သည်။

ဆရာတော်က ဆက်လက်၍ ရနိုင်ခဲ့ပါလျှင် ထင်ထင်ရှားရှား ရှုပွားနိုင်ရန်အတွက် အရိုးစု ထွားထွားသန့်သန့်ဆိုလျှင် ပို၍ သင့်လျော်မည်ဖြစ်ကြောင်း မိန့်ကြားသည်။ ကျွန်ုပ်က အဖြစ်နိုင်ဆုံး ကြိုးစားပါမည်ဟု လျှောက်ထားသည်။

လူသတ္တဝါတို့သည် မပြတ်သေလျက်ရှိနေကြသောကြောင့် သာမန်အားဖြင့် စဉ်းစားလျှင် အလောင်းတစ်လောင်း ရဖို့ဆိုသည်မှာ လွယ်မယောင်ရှိ၏။လက်တွေ့ တွင်မူကား ခက်လှသ ်။ သာမန်အခက်မဟုတ်၊ အခက်ကြီး ဖြစ်နေကြောင်းကိုယ်တွေ့သိရှိလာရသည်။

တစ်ဖန် ကမ္မဋ္ဌာန်းကိစ္စ၊ ကျမ်းကိစ္စဖြစ်၍ တစ်ဖက်တွင် မွန်ရည်ကြီးမြတ်သော ကိစ္စအဖြစ် သတ်မှတ်နိုင်သော်လည်း တစ်ဖက်တွင်မူ လူသာမန်တို့အဖို့ သေခြင်း၊သုသာန်အလောင်းတွင် တွယ်တာမှု စသောအကြောင်းရပ်များရှိနေသောကြောင့် အလောင်းတစ်လောင်း ရဖို့ရန် ဆောင်ရွက်မှုဆိုသည်မှာ လျို့ဝှက်ကိစ္စကြီး ဖြစ်နေပြန်၏။

ဘုရားရှင်လက်ထက်တော်အခါ ရှေးအခါကမူ ဤကိစ္စသည် လွယ်သယောင်ရှိ၏။ အကြောင်းမှာ ကြီးမားမြင့်မြတ်သူတို့က မိမိတို့ဆိုင်ရာအလောင်းကို ဂူသွင်းခြင်း၊ မြေမြှုပ်ခြင်း၊ မီးသဂြိုဟ်ခြင်း ပြုကြသော်လည်း လူသာမာန်ဆင်းရဲသားတို့အဖို့မူ လူသေကောင်ကို အဝတ်ဖြင့် ဖွေးပတ်၍ သုသာန်တစတွင်စွန့်ပစ်ထားကြလေ့ရှိကြသည်။ ထို့ကြောင့်လည်း ဘုရားရှင်သည် သေနနိဂုံးမှ သုသာန်တွင် စွန့်ပစ်ထားသော ကျွန်မတစ်ယောက်၏ အလောင်းမှလူသေကောင်ပတ် အဝတ်ကို ပံ့သကူသင်္ကန်းအဖြစ် ကောက်ယူတော်မူနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ဘုရားရှင်လက်ထက်တော်က မြောက်မြားစွာသော ရဟန်းတို့သည် သုသာန်မှလူသေထုပ်သော အဝတ်တို့ကိုပံ့သကူသင်္ကန်းအဖြစ် ကောက်ယူနိုင်ခဲ့ကြခြင်းဖြစ်သည်။

ကျွန်ုပ်တို့ခေတ်တွင်မူ သုသာန်တွင် စွန့်ပစ်ထားသော အလောင်းဟူ၍ မရှိ။ အားလုံးကိုပင်ဂူသွင်း၊ မီးသဂြိုဟ်၊ မြေမြှုပ်ပစ်ကြ၏။ တောင်မင်း မြောက်မင်း မကယ်နိုင်ဟုဆိုရမည့် ရောဂါရကပ်ဆိုက်ရောက်၍အလောင်းချင်းဆက်လျက်ထပ်လျက်ရှိသော အခါဆိုးမျိုး၌ပင်လျှင်လူသေအလောင်းကို မြှုပ်ဖြစ်အောင် မြှုပ်ပစ်ကြသည်။အလိုရှိသောအလောင်းတစ်လောင်းကို သုသာန်မှ တူးဖော်ယူမည်ဆိုလျှင်လည်း မဖြစ်နိုင်ပေ။

ဤအတွင်း ဆရာတော်က ရနိုင်ခဲ့ပါသော် ထွားထွားသန့်သန့် အလောင်းကို အလိုရှိသည်ဟု

မိန့်ထားသည်။ ကျွန်ုပ်သည်လည်း ဤအတိုင်းပင် ရည်မှန်း၏။ အကြောင်းမှာ အလောင်းကို စစ်ဆေးကြည့်ရှုဖို့ရာ၌ ထွားထွားသန့်သန့်အလောင်းဆိုလျှင် ပို၍ သင့်လျော်သောကြောင့် ဖြစ်သည်။

သို့နှင့် လွယ်မယောင်နှင့်ခက်နေသော အလောင်းရရှိမှုကိစ္စတွင် အခွင့်အခါကို စောင့်ဆိုင်းရင်းဖြင့် ဤကိစ္စတွင် နီးစပ်၍ ယုံကြည်ရသော ဘုရင့်အချုပ်ထောင်မှ တပည့်တစ်ယောက်နှစ်ယောက်ကို တိုးတိုးတိတ်တိတ် မှာကြား စကားထည့်ထားရသည်။

ထိုအခိုက် အိမ်သားတစ်ယောက်က နောက်ဖေးတွင် အချုပ်ထောင်မှ ရာဇဝတ်ခေါင်း ဂါမဏီရောက်ရှိနေကြောင်း၊ကျွန်ုပ်နှင့်တွေ့လိုကြောင်းလာရောက်ပြောကြား၍ ချက်ချင်းပင် နောက်ဖေးဘက် သို့ ထွက်လာခဲ့သည်။ ထိုအချိန်မှာ မှောင်ရီပျိုးစအချိန် ဖြစ်၏။

ရာဇဝတ်ခေါင်း ဂါမဏီသည် ကျွန်ုပ်၏ စိတ်ချရသော တပည့်တစ်ယောက်ဖြစ်၏။ သူ့အမည်ရင်းမှာ ဂါမဏီမဟုတ်သော်လည်း သူ၏ထွားကျိုင်းကြမ်းတမ်းသတ္တိရှိမှုကို အကြောင်းပြုကာ မွန်သူရဲ ကောင်းကြီး ဂါမဏီကိုထင်ဟပ်ခေါ်ဆိုကြရာမှဤအမည်တွင်နေသည်။

နောက်ဖေးဆောင်သို့ ကျွန်ုပ်ရောက်ရှိသွားသောအခါ ဒူးတုပ် အရိုအသေပြုလျက်ရှိသော ဂါမဏီကို တွေ့ရ၏။ အဘယ်ကိစ္စနှင့် ဂါမဏီရောက်လာသည်ကို ကျွန်ုပ်သိ၏။ ထို့ကြောင့် မလိုအပ်သော စကားများ အခြားသူများ မကြားစိမ့်သောငှာ အနီးတွင်ရှိနေသော အိမ်သားများကို အခြားသို့ နှင်ထုတ်လိုက်ပြီးနောက်–

"ဆိုစမ်း ဂါမဏီ၊ ဘာအကြောင်း ထူးလာသလဲ" ဟု မေးလိုက်သည်။

"ဒီနေ့မနက် စကြာယာဥ်ပျံသင်္ဘောတော်မှာ သင်္ဘောသား ကုလားတွေနဲ့ ကုန်သည်တရုတ်ကြီး တစ်ယောက်တို့ ခိုက်ရန်ဖြစ်ကြပါတယ် ဝန်မင်း"

"ငါသိတယ်၊ ဆက်ပြော"

"ဦးခေါင်းကို အရိုက်ခံရတဲ့ ဒဏ်ရာနဲ့ တရုတ်ကြီး သေသွားပါတယ် ဝန်မင်း"

"ငါ သိပြီးပြီ၊ လိုရင်းကို လျှောက်စမ်း"

"တရုတ်ကြီးအလောင်းဟာ ဝန်မင်း သခင်ဘုရား အလိုရှိတဲ့ အလောင်းမျိုးများ ဖြစ်နေမလားလို့ပါ"

"အလောင်း ဘယ်မှာထားသလဲ"

"သုသာန်မှာ အစောင့်နှစ်ယောက် ချထားပါတယ် ဘုရား"

"အရိုက်ခံရတယ်ဆိုတော့ ဒဏ်ရာကြောင့် အရိုးတွေ ဘာတွေ ကျိုးပဲ့မကုန်ဘူးလား"

"ဦးခေါင်းမှာ အနည်းငယ် ပိန်ချိုင့်သွားတဲ့ ဒဏ်ရာမှတစ်ပါး အခြား ဘာဒဏ်ရာမှ မရှိပါ ဘုရား"

တရုတ်ကြီးအသက်က ဘယ်လောက်တဲ့လဲ"

"၄၁–နှစ်ပါတဲ့ ဘုရား"

"အရပ်အမောင်း ကောင်းရဲ့လား"

"လေးတောင်နဲ့ လေးလက်မ ရှိပါတယ်၊ ပြီးတော့ သန့်သန့်ဖွေးဖွေးကြီးပါ ဘုရား"

"တယ် သေချာပါလား ဂါမဏီ၊ အခု ငါလိုက်ကြည့်လို့ သင့်လျော်ပါ့မလား"

"ဒီအချိန်မှာ ဝန်မင်းကိုယ်တိုင် သုသာန်သွားဖို့ သင့်လျော်မည် မထင်ပါ။ မနက်ကျမှ ရာဇဝတ်မှုကို စစ်ဆေးတဲ့အနေနဲ့ သွားသင့်တယ် ထင်ပါတယ်။ ပြီးတော့ တရုတ်ကြီး မိသားစုက အလောင်းကို တောင်းဆိုနေကြပါတယ် ဘုရား"

"မပေးနဲ့၊ စစ်ဆေးစရာရှိတယ်လို့ ပြောထား၊ မောင်မင်း လျှောက်တင်တဲ့အတိုင်း မနက်ကျမှဘဲ ငါ ထွက်ကြည့်ဦးမယ်"

### "မမှိုကာရာမသို့"

စကြာယာဥ်ပျံ သင်္ဘောတော်မှ သင်္ဘောသား ကုလားများနှင့် ကုန်သည်တရုတ်တို့ ခိုက်ရန်ဖြစ်၍ တရုတ်ကွယ်လွန်သွားသည့်ကိစ္စမှာ လွှတ်တော်သို့

ရောက်လာ၍ နေ့လယ်ကပင် ကျွန်ုပ် သိရှိခဲ့ပြီးဖြစ်၏။ သဘော်သား ကုလားနှစ်ယောက်ကို အရေးယူထားသည်။ ဂါမဏိစကားအရ တရုတ်မှာ အရွယ်ကလည်းကောင်း၊အရုပ်အမောင်းမှာလည်း လေးတောင်နှင့် လေးလက်မပင်ရှိသည်ဆို၍ နှစ်သိမ့်ရသည်။ အကြောင်းမှာ သာမန် မြန်မာ၊ ကုလား၊ တရုတ်တို့၏ အရုပ်မှာ မြင့်မားသည့်ဆိုသည့်တိုင်အောင် လေးတောင်ပြည့်သူ ရှားပါသည်။

တစ်ချိန်က သိုးဆောင်းကုန်သည်တစ်ယောက်သည် နေပြည်တော်တွင် ကွယ်လွန်ခဲ့ရာ သူ့အရုပ်အမောင်းကိုမက်မော၍သူ့အလောင်းကို ရနိုင်ဖို့ကြိုးစားခဲ့ဖူးသည်။လူမျိုးအရ ကြီးမားခမ်းနားသူလည်း ဖြစ်၊ အတင်းယူ၍လည်းမလျော်သဖြင့် မအောင်မြင်ခဲ့ပေ။

ကျွန်ုပ်သည် နံနက်ဆွမ်းခံချိန်ခန့်တွင် လှည်းယာဉ်ဖြင့် သုသာန်သို့ ထွက်ခဲ့၏။ သုသာန်မှ ဆရာတော် သီတင်းသုံးရာ ဓမ္မိကာရာမကျောင်းတော်သို့ သွားမည်။ နံနက်ပိုင်းတွင် ဆရာတော်သည် စာတစ်ခါချ၏။ ထို့နောက် ဦးပဉ္စင်း ကိုရင်များ ဆွမ်းခံထွက်ချိန်နှင့် ဆွမ်းစားခါန်အတွင်းမှာ ဆရာတော်အားလပ်သည်။ထိုအချိန်ကိုရည်မှန်း၍ [illegible]

သုသာန်တွင် အသင့်ပြင်ထားသော တရုတ်ကြီး၏အလောင်းကိုတွေ့ရ၏။အစောင့်အချို့ကို သုသာန်ဝန်းကျင်တွင် ချထားသည်။ မှန်လှပေ၏။ ကျွန်ုပ်တို့လိုအပ်သော ခန္ဓာကိုယ်မျိုးပင် ဖြစ်ပေသည်။ ကျွန်ုပ်သည် အလောင်းကိုကြည့်ရှုရင်းနှင့် မှူခင်းနှင့် စပ်သောစကားများကို အသင့်အတင့်မေးမြန်းပြော ဆိုပြီးနောက် ကျောင်းတော်ဘက်သို့ ထွက်ခဲ့သည်။ ဆရာတော်ကို အသင့်ပင် ဖူးတွေ့ရ၏။

ဆရာတော့်အထံသို့ ကျွန်ုပ်လာရောက်ခြင်း၊ ဆရာတော်နှင့် ဆွေးနွေးခြင်းတို့မှာ ကျွန်ုပ်အဖို့ အဆန်းမဟုတ်တော့ပေ။အခွင့်သာတိုင်း ရောက်လာမြဲ ဖြစ်၏။ ရဟန်းဆရာတော်ဖြစ်ခြင်း၊အကျင့်သိက္ခာစင်ကြယ်ခြင်း၊ ပညာကြီးရင့်ခြင်းတို့ကို ထားပါဦး တော့၊ စာသမားတစ်ဦးနှင့်တစ်ဦး တွေ့ဆုံဆွေးနွေး ကြမှုဆိုသည်မှာ စာသမားတို့ ဟောင့်တနှစ်လိုအပ်သော စာသမားတို့၏ နှစ်သိမ့်မှု ဖြစ်၏။

ဆရာတော်၏ ဉပဓိရုပ်မှာ သန့်စင်ကြည်လင်၏။ အကျင့်သိက္ခာ ကြီးမားသလောက် ညွတ်ကိုင်းသိမ်မွေ့၏။ ကျွန်ုပ် အနှစ်သက်ဆုံးသော ဆရာဟော်၏ အရည်အချင်းသည်ကား စာအရေးအသား ကောင်းမွန်လှခြင်းပင် ဖြစ်ပေသည်။

ကျွန်ုပ်တို့ခေတ်၌ သိက္ခာကြီးမား၍ ယက်ထက်မြက်မြက် ကျမ်းပြုဆရာ မြောက်မြားစွာရှိပါ၏။ သို့ရာတွင် သပိတ်သံ၊ အိတ်သံများ၍ အထက်တန်းကျလှမှုကြောင့် ထိုဆရာတို့၏ အများစု ကျမ်းတို့မှာ ပညာရှိတို့ လက်သုံးသာအဖြစ်များပြီး လူသာမန်တို့အဖို့မှူ အလှမ်းမမီနိုင်အောင် ရှိကြရသည်။

ဤဆရာတော်၏ ကျမ်းများသည်မူကား အကြောင်းအရာ အထက်တန်းကျသ [illegible]ာက် အရေးအသား ရှင်းလင်း၏။ ပြေပြစ် ကျစ်လျစ်၏။ ဆွဲဆောင်မှုကြီး၏။ ထို့ကြောင့် ပညာရှိရော သာမန် [illegible] ဖတ်ရှုနိုင်သော ကျမ်းကြီးများ ဖြစ်ကြသည်။ ကျမ်းဂန်သဘောမျှသာမက ပင်ကိုအတွေးအမြင်ကလည်း ကြီးမားလိုက်သေး၏။ ဉပမာအားဖြင့် နိဗ္ဗာန်၏ ခက်ရာ. ခ်ဆစ်တို့ကို ဖော်ပြသော ဤဆရာတော်၏ "ဂမ္ဘီရာ ဂမ္ဘီရ မဟာနိဗ္ဗုတဒီပနီ" သို့မဟုတ် ရုပ်ထူး၊ နာမ်ထူး၊ နိဗ္ဗာန်ထူးကျမ်းဆိုလျှင် သူ့အတွေးသူ့အယူကို ကျွန်ုပ် ဘဝင်မကျလှသေးသော်လည်း အရေး အသား အဆွဲအယူ ကောင်းမွန်လှသောကြောင့် ဖတ်ဆဲခဏတွင် သူ့ဘက်သို့ ပါ၍ပါ၍ သွားခဲ့သည်သာ ဖြစ်၏။

ကျွန်ုပ် ဦးချမိသောအခါ ဆရာတော်က "ဒီနေ့လာပုံ စောလှချည့်လား၊ အကြောင်းထူး ရှိပြီထင်ပါရဲ့"ဟု ပဋိသန္ထာရပြုသည်။အခါတိုင်းဆိုလျှင် ကျွန်ုပ်

သည် ညနေပိုင်း ညဉ့်ဦးပိုင်းများတွင်သာ ဆရာတော့်ထံ အရောက်များ၏။

"စောဆို ဆရာတော် အလိုရှိနေတာ ရရှိတော့မှာမို့ လာလျှောက်တာပါ ဘုရား"

ကျွန်ုပ်က တွေ့ရှိထားပုံအကျိုးအကြောင်းကို လျှောက်ထားသောအခါ ဆရာတော်သည် တပြုံးပြုံးဖြင့် နားထောင်လျက်ရှိ၏။

"ဒီလိုဆိုရင် အရိုးစု မဖြစ်ခင် ဘုန်းကြီးတို့ အသုဘရှုရရင် မကောင်းဘူးလား"

ရိုးသားလှသော ဆရာတော်ဖြစ်၍ ကြုံတောင့်ကြုံခိုက် မိမိ တရားလုပ်ငန်းအတွက်သာ စဉ်းစားဟန်တူသည်။

"မသင့်လျော်သေးပါဘူး ဘုရား၊ ဆရာတော်ရဲ့ ရည်မှန်းချက် မွန်ရည်မြင့်မြတ်ပေမယ့် ကိစ္စက မှုခင်းတန်းလန်းကြီးနဲ့ အများသိတဲ့ကိစ္စ ဖြစ်နေပါတယ်။ ခုနေက မြင်မြင်ထင်ထင် လုပ်ကိုင်လိုက်ရင် လူသာမန်တို့အမြင်နဲ့ ရှုပ်ယှက်ခတ်သွားဖို့ ရှိပါတယ်။ အရိုးစုကျမှပဲရှုမှတ်တော်မူပါဘုရား"

"သာဓုပါ ဒကာကြီး၊ သာဓုပါ"

"ဘဝရှင် မင်းတရား အမိန့်ချမှတ်လိုက်ကတည်းက ကြိုးပမ်းခဲ့ရတာ အခုမှဘဲ အောင်မြင်ရပါတော့မယ်၊ ဒီအကြောင်း ဘဝရှင်ထံ အခုညနေခင်းလောက်မှာပဲ လျှောက်ထားရပါဦးမယ်"

"အနို့၊ အရိုးစုဖြစ်လာအောင်ဘယ်လိုစီစဉ် မှာလဲ"

"ဒါက တပည့်တော်တာဝန်ပါ၊ အရိုးစု ဖြစ်လာတဲ့အခါ ဆရာတော့်ကို လာရောက်လျှောက်ပါ့မယ်၊ တစ်လ ကိုးသီတင်းလောက်တော့ စောင့်ရဦးမှာပေါ့"

"ဒါထက် ဒကာကြီးလဲ ကာယာနုပဿနာကျမ်း ပြုစုနေတယ်လို့ ကြားမိပါကလား"

"မှန်ပါတယ်၊ စလင်း စုဘုရား တောင်းပန်လို့ ပြုစုဆဲပါ ဘုရား၊ ပိဋကတ်ကျမ်းဂန်နဲ့ သိုးဆောင်းတို့ရဲ့ အနာတမီကျမ်းပါအချက်အလက်တွေကို တွဲပြီး ပြုစုနေပါတယ်။ အဲဒီကျမ်းအတွက်ပဲ အခုကိစ္စမှာ တပည့်တော်လဲ စိတ်အားထက်သန်နေရပါတယ်။ စာတွေနဲ့ ကိုယ်တွေ့ပေါင်းလိုက်တော့ ပိုပြီး သေချာဖို့ ရှိတာပေါ့ ဘုရား"

"သာဓုဗျာ သာဓု၊ အဲဒီ သိုးဆောင်းအနာတမီကျမ်းဆိုတာကခန္ဓာကိုယ်အကြောင်းရေးမှာ ပိုပြီးစုံတယ်လို့ ကြားဖူးပါကလား"

"မှန်ပါတယ် ဘုရား၊ သူတို့က လက်တွေ့သမား၊ အနုစိတ်သမားတွေဆိုတော့ ပိုပြီး စေ့စပ်စုံလင်ပါတယ်၊ နို့ပေမယ့် အခြေခံမှာတော့ အတူတူပါပဲ ဘုရား"

"ဒါထက် ဒကာကြီးလဲ ဒါလောက် ကျမ်းတွေပြု၊ အသိပညာတွေ ကြွယ်ဝတဲ့သူဆိုတော့ အလုပ်စခန်းလေး ဘာလေးလဲ ဝင်မိရောပေါ့နော်"

"စွမ်းနိုင်သလောက်တော့ လုပ်ပါတယ် ဘုရား၊ နို့ပေမယ့် တပည့်တော် လက်ရင်းထားတဲ့အလုပ်ကတော့ အာနာပါနပါပဲ ဘုရား"

"အာနာပါနလဲ ဘုရားရှင် ချီးမွမ်းတော်မူတာပါပဲ၊ သူက ကသိုဏ်းပရိကံမလို၊ ကိုယ်ထဲမှာအသင့်ရှိနေတဲ့ ကမ္မဋ္ဌာန်းပေကိုး၊ လုပ်လိုတဲ့အခါ နေရာမရွေး လုပ်နိုင်တာပေါ့။ ဘုန်းကြီးတို့အဖို့တော့ ဆရာသခင်ဖြစ်တဲ့ သီးလုံးဆရာတော်ကြီးရဲ့အဆုံးအမ အလေ့အထကလဲပါလာ၊ ကိုယ်တိုင်ကလဲ ကာယဂတာသတိမှာ စိတ်ထက်သန်လေတော့ အဋ္ဌိက ကမ္မဋ္ဌာန်းကိုပဲ အာရုံစိုက်ရပါတယ်"

"ဆရာတော့်အဖို့ နေရာအသင့်၊ ပတ်ဝန်းကျင်အသင့်နဲ့ဆိုတော့ အင်မတန်သင့်လျော်တဲ့ ကမ္မဋ္ဌာန်းပါ။ ဘုရားရှင်လက်ထက်တော်က သာမဏေ၊ ရဟန်းဖြစ်လာတယ်ဆိုရင်ကေသာ၊လောမာစတဲ့ တစပဉ္စက ကမ္မဋ္ဌာန်း၊ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းပဲ ပေးလိုက်ကြတာပါပဲ၊ အများအားဖြင့်လဲပဲ ကာယဂတာ သတိနဲ့ အကျွမ်းဝင်တတ်ကြတာပဲ၊တပည့်တော်တို့လူဒါယကာများအဖို့တော့ နေရာရှာရ၊ ကသိုဏ်းပရိကံရှာရနဲ့

အသင့်ရှိနေတဲ့ အာနာပါန နဲ့သာ အသင့်တော်ဆုံး ဖြစ်လိမ့်မယ် ထင်ပါတယ် ဘုရား"

"သာဓုဗျာ၊ သာဓု သာဓု"

"ဒါတက် အလျဉ်းသင့်တုန်းမို့ လျှောက်ထား ခွင့်ပြုတော်မူပါ၊ တပည့်တော် ကာယာနုပဿနာကျမ်း ပြုတာကလဲပြုတာပေါ့၊ ဆရာတော့်အနေနဲ့ လက်တွေ့ ပုဂ္ဂိုလ်လဲဖြစ်၊ အရေးအသားကလဲ ပိုင်နိုင်ပြောင် မြောက်ပြီးမို့ ဒွိတ္တိံသာကာရဆိုင်ရာ ကျမ်းတစ်ကျမ်း ပြုစုရန် လျှောက်ထားလိုပါသည် ဘုရား"

"အင်း-ဒကာကြီး လျှောက်ထားလာတော့ ဖွင့် ပြောရမှာပေါ့လေ၊ ဒကာကြီး လျှောက်ထားတဲ့အတိုင်း ယောဂီ ရဟန်းအချို့ တောင်းပန်ချက်အရ "အမတပါန ရှုဖွယ်"ဆိုတဲ့ အမည်နဲ့ ကျမ်းတစ်ကျမ်း ပြုစုနေပါ တယ်၊ အဲဒီကျမ်းရဲ့ တစ်ခန်းတစ်ကဏ္ဍအဖြစ် အဋ္ဌက ကမ္မဋ္ဌာန်းဆိုင်ရာ စာတွေ့ ကိုယ်တွေ့များကို ရေးဖို့ ရည်မှန်းထားပါတယ်၊ အဲဒီရည်မှန်းချက်အတိုင်း ဒေသနာတော်က လူ့ခန္ဓာကိုယ်မှာ အရိုးပေါင်း သုံးရာရှိတယ်လို့ ဆိုထားရာမှာ တရားရှုမှတ်ရင်းနဲ့ ကိုယ်တွေ့လဲလေ့လာချင်လို့ အခွင့်သာ အဆင်သင့် တုန်း ဒကာမင်းတရားကို အပူကပ်လိုက်မိတာပါပဲ"

"ကောင်းပါလေ့ ဘုရား၊ ဒီလိုဆိုတော့ ဆရာတော် နဲ့ တပည့်တော်ဟာ တစ်လှေထဲစီး တစ်ခရီးထဲသွား ဖြစ်နေကြပြီပေါ့၊ အတူတူ လေ့လာကြမှာပေါ့၊ တပည့် တော်တော့ လျှောက်ထားရင်းနဲ့ ပိုပြီးတော့တောင် စိတ် ထက်သန်လာပါပြီ ဘုရား"

## "အလောင်းကောင်မှ အရိုးစုသို့"

သို့နှင့် မှုခင်းအကြောင်းပြချက်ဖြင့် အလောင်း ကောင်ကို ပြန်မပေးတော့ဘဲ ဆွဲထားစေလိုက်သည်။ အစီအစဉ်အားလုံးကို ကျွန်ုပ်၏ ညွှန်ကြားချက်များအရ ရာဇဝတ်ခေါင်း ဂါမဏိက ကြီးကြပ်၏။ အစီအစဉ် မှာ အလောင်းကောင်ထည့်သွင်းရန်ခေါင်းကို ကျွန်း သားဖြင့် အောက်ပိုင်းမှ အလုံပိတ်စေ၍ အထက်သုံး ဘက်တွင် ငါး လိပ်တို့ဝင်ရန် ကွက်ကျားရိုက်၍ ပိတ်သည်။ ထို့နောက်တွင်မူဇေရာဝတီ၏ သင့်လျော် သော ကမ်းကွေ့တစ်နေရာ ရေထဲတွင် မြှုပ်နှံထား စေလိုက်သည်။ ရည်မှန်းချက်မှာ အလောင်းကောင် အရိုးမှတစ်ပါးသော အသား၊ အသွေး၊ အကြော စသည်တို့ကို ငါး လိပ်တို့ စားစေ၍ အရိုးချည်းကျန် စေရန် ဖြစ်၏။ ထို့နောက် အလောင်းကို မသိမသာ အစောင့်အရှောက်ချထားလိုက်သည်။

အရိုးချည်းကျန်စေရန် သီတင်းခြောက်ပတ် သတ် မှတ်သည်။ အရိုးချည်း ကျန်သောအခါတွင် ဆရာ တော်၏ ကမ္မဋ္ဌာန်းဂူကျောင်းသို့ ရွှေ့ပြောင်းရမည် ဖြစ်သည်။ ဂါမဏိ၏အစီအစဉ်မှာ သေသပ်ပိရိလှ၏။ ဤကိစ္စနှင့် ပတ်သက်၍ မည်သည့်သတင်းအနံ့မျှ တစိုးတစ် ထွက်မလာ။

မဟာဓမ္မိကာရာမ၏ ကျောင်းဝင်းတစ်နေရာတွင် ဆရာတော်ဘုရား အလုပ်လုပ်သော ဂူကျောင်းကလေး အသင့်ရှိနေပြီးဖြစ်၏။ သံဃာတော်မြောက်မြားစွာတို့ ဖြင့် ပရိယတ္တိစာသင်တိုက်ကြီး ဖြစ်သော်လည်း ယင်းဂူကျောင်းကလေး၌မူ ဆရာတော်၏ တရားအား ထုတ်ရာနေရာအဖြစ် တပည့်ရဟန်းတို့ လေးစားရိုသေ ကြသည်။သွားစရာရှိလျှင်လည်း သတိဖြင့်သာ သွား လာဆက်ဆံကြသည်။ ဆရာတော်သည် ယင်းကမ္မဋ္ဌာန်းဂူကျောင်းကလေးသို့ ညဉ့်အချိန် စာဝါ ကိစ္စ၊ တပည့်တပန်းကိစ္စများ ကင်းပြတ်သည်နှင့် တစ်ပြိုင်နက် တစ်ပါးတည်း ရောက်ရှိသွားမြဲဖြစ်၏။ တရားအားထုတ်ရင်းဖြင့်ယင်းဂူကျောင်းကလေးအတွင်း ၌ပင် ဆရာတော်မိုးလင်းသည်ကို တပည့်တို့ ကြိမ်ဖန် များစွာ တွေ့ကြရ၏။

ကျွန်ုပ်သည် အချိန်ကျသောအခါ ယင်းဂူကျောင်း ကလေးတွင် အရိုးစု ကမ္မဋ္ဌာန်းကောင်ကို ပို့ဆောင် ထားရှိရန်အတွက် တစ်ညနေတွင် ဆရာတော်နှင့်

အတူ ယင်းဂူကျောင်းကလေးအတွင်းသို့ လိုက်ပါခဲ့သည်။

ဂူကျောင်းကလေးသည် ဝင်ပေါက်တစ်ပေါက်မှ တစ်ပါး နံရံသုံးဘက်တွင် တံခါးပေါက်ဟူ၍မရှိ၊ လုံခြုံလှ၏။ လုံခြုံသလောက် သန့်ရှင်း၍ ဆိတ်ငြိမ်သော ကျောင်းတိုက်တွင် ပို၍ ဆိတ်ငြိမ်၏။ ဤကျောင်းတိုက်၏ ကြီးမားသော ဂုဏ်တစ်ရပ်မှာ စာသင်သား ရဟန်းသံဃာ မြောက်မြားစွာရှိသော်လည်း မရှိတော့သယောင် ဆိတ်ငြိမ်လှခြင်း ဖြစ်၏။ ကျောင်းတိုက်အတွင်းသို့ ဝင်ရောက်သွားလျှင် အေးငြိမ်းမှု၊ ဆိတ်ငြိမ်မှုက ဝင်ရောက်လာသူအား ဝိဝေကနိမိတ်ဖြင့် ဆီးပွေ့သည်။ သံဃာတော်တို့၏ လှုပ်ရှားမှုကို မြင်ရ တွေ့ရခဲသည်။ စာသင်ချိန်၊ စာချချိန်များတွင်သာ စာပြန် စာအံသော တိုးတိုးသက်သာအသံများကို ကြားရသည်။ ဆရာတော်၏ ယင်းဂူကျောင်းကလေးသည် ယင်းဆိတ်ငြိမ်မှုတို့အလယ်မှ ဆိတ်ငြိမ်အေးငြိမ်းမှု၏ တံခွန်မဏ္ဍိုင်သဖွယ် ဖြစ်၏။

ဂူကျောင်း၏ အတွင်းဘက် နံရံအနီးတွင် ဆရာတော် ကမ္မဋ္ဌာန်းထိုင်ဟန်တူသော ဖျာငယ်ကလေးတစ်ချပ်သာ တွေ့ရ၍ အခြား မည်သည့်ပစ္စည်းမျှ မရှိ။ ကျွန်ုပ်သည် အရိုးစု ကမ္မဋ္ဌာန်းခေါင်းယူလာသော အခါ၌ အသင့်ဖြစ်စေရန် အတန်အသင့်ပြင်ဆင်၍ ထွက်လာခဲ့သည်။ ကမ္မဋ္ဌာန်းခေါင်းကို ကျောင်းနောက်ဖေး တံခါးပေါက်မှ ညဦးအချိန်တွင် တိတ်တဆိတ် သွင်းစေရမည် ဖြစ်သည်။

ကမ္မဋ္ဌာန်းကောင်သည် အရိုးချည်းရှိနေပြီဖြစ်ကြောင်း တစ်လကျော်ကျော်အကြာ၌ပင် ဂါမဏီ အစီရင်ခံ၏။ သို့ရာတွင် အရိုးပေါ်တွင် ကပ်တွယ်၍ ကျန်ရှိနေနိုင်သေးသော အဆီအရွဲ အညစ်အကြေးအချို့တို့ လုံးဝကင်းစင်စေရန်အတွက် အိမ်ရှေ့ကိုယ်တော်ကြီး၏ ဒင်္ဂါးစက်ရုံတော်တိုက်တွင် အသုံးပြုသော သိုးဆောင်းဓာတ်ဆေးရည်အချို့ကို တောင်းယူ ကာ ရေနှင့်ဖျော်၍ ဆေးကြောစေလိုက်သည်။ ထို့ နောက် ခေါင်းအဟောင်းမှ ခေါင်းသစ်အတွင်းသို့ ပြောင်းလဲ ထည့်သွင်းစေလိုက်သည်။ထို့နောက်တွင်မူ ထင်းလည်း သဏ္ဌာန်ဖြစ်အောင် ထင်းစည်းများဖြင့် ရောထပ်၍ လှည်းကြီးကြီးတစ်စီးပေါ်တင်ပြီးလျှင်နွေဦး ရာသီ၏ လဆုတ်ပက္ခ၊ အဖိတ်နေ့ ညဦးပိုင်း၌ ကျောင်းတော် နောက်ဖေးပေါက်မှလှည့်ဝင်၍ ဂူကျောင်းကလေး အရောက် ပို့စေလိုက်သည်။ ဆရာ တော်ကိုယ်တိုင် စောင့်ကြို လက်ခံ၏။

ထိုညက ကျွန်ုပ်သည် ဆရာတော့်ထံပါးတွင် အမှတ်မဲ့ ယောင်ယောင်ဖြင့် ရောက်ရှိနေသည်။ ဂါမဏီတို့လှည်းရောက်လာသည့်အခါတွင် ကျွန်ုပ်ကိုယ်တိုင်ထွက်၍ မကြို။ ကင်းသွားသယောင်၊ကမ္မဋ္ဌာန်း ကျောင်းသို့ သွားသယောင်ဖြင့် လက်ဆွဲမီးအိမ်တစ်လုံးကို ဆွဲကိုင်ကာ ဆရာတော်ကိုယ်တိုင် အမှတ်မဲ့ သွား၍ နေရာချသည်။ နောင်အခါတွင် တဖြည်းဖြည်းနှင့် သိရှိလာကြမည်ဖြစ်သော်လည်း ရုပ်ချည်းအားဖြင့်မူ ညဦးအချိန်၌လည်းဖြစ်၊ ပဥ္စင်းငယ်၊ ကိုရင်ငယ်များအဖို့ အထိတ်တလန့်လည်း ဖြစ်ဖွယ်ရှိသောကြောင့် သိုသို သိပ်သိပ် စီစဉ်ရခြင်း ဖြစ်၏။

အဖိတ်နေ့တွင် ပို့ခိုင်းခြင်း၏ ရည်ရွယ်ချက်မှာ နောက်နေ့ ဥပုသ်နေ့သည် စာဝါစာချအားလုံးတို့မှ ဆရာတော် အားလပ်ရက်ဖြစ်သကဲ့သို့ ကျွန်ုပ်အား လပ်ရက်လည်း ဖြစ်၏။ ထိုနေ့တွင် ကျွန်ုပ်သည် ဥပုသ်သည်အဖြစ် ကျောင်းတော်သို့ စောစောကပင် လာရောက်ပြီး ဂူကျောင်းကလေးတွင် ဆရာတော် နှင့်အတူ ကမ္မဋ္ဌာန်းကောင် အရိုးစုများကို စစ်ဆေးကြမည် ဖြစ်၏။

နောက်နေ့ ဥပုသ်တွင် ကျောင်းတော်သို့ ဥပုသ်သည် ဒါယကာ ဒါယိကာမများ လာရောက်ကြမည်ဖြစ်သော်လည်း ဆရာတော်သည် ထိုနေ့ တစ်နေ့လုံး ကမ္မဋ္ဌာန်းဝင်မည်ဖြစ်ကြောင်း ဦးပဥ္စင်းများ

ကို ပြောထားသည်။ ကမ္မဋ္ဌာန်းကောင်ကို စစ်ဆေးရှုမှတ်ခြင်းသည်ကမ္မဋ္ဌာန်းထိုင်ခြင်းပင်မဟုတ်ပါလော။

နံနက်စောစောပင် ကျွန်ုပ်ရောက်ရှိသောအခါ ဆရာတော်သည် အသင့်ဖြစ်နေ၏။ ကျွန်ုပ်နှင့်တွေ့သောအခါ တင်ပျဉ်ခွေပင် မထိုင်၊ ဆောင့်ကြောင့်ထိုင်ကာ အလွယ်ထ လိုက်လာနိုင်ရန် အသင့်အနေအထားတွင် ရှိနေသည်။ ဆရာတော်သည် ရရှိရောက်ရှိနေပြီးသော အခွင့်အရေးကြောင့် ဝမ်းမြောက်တက်ကြွလျက်ရှိနေသည်ကို အထင်အရှား တွေ့ရသည်။

ဆရာတော်က ကျွန်ုပ်နှင့်အတူပါရှိလာသော ယွန်းထည်ဆွမ်းအုပ်ကြီးကို ကြည့်ကာ"ဆွမ်းအုပ်ကြီးတွေ ပါတွေနဲ့ပါလား"ဟု မိန့်လိုက်သောအခါ ကျွန်ုပ်က "မှန်ပါတယ် ဘုရား၊ ဆွမ်းအုပ်ကြီးရော ဘာတွေရောပဲ၊ တစ်နေ့လုံးနေကြမှာဆိုတော့ ဆရာတော်ရော တပည့်တော်ပါ အာဟာရဒုက္ခအရေးက ရှိပေသေးသကိုး ဘုရာ့၊ ဂူထဲရောက်ရင် ဒီ ဆွမ်းအုပ်နဲ့ပဲ ဆရာတော့်ထံမှာ သီလခံမယ်၊ အချိန်ကျရင် ဆွမ်းကပ်မယ်၊ တစ်နေ့လုံး ပြင်ပနဲ့ ဆက်ဆံဖို့ မလိုတော့ဘူးပေါ့ ဘုရား"ဟု လျှောက်ထားလိုက်၏။

ဥပုသ်စောင့်လျှင် ဆွမ်းအုပ် ပါရှိလာခြင်းမှာ အဆန်းမဟုတ်သော်လည်း မိမိတို့၏ သီးခြားကိစ္စကြောင့် ဆရာတော်က မိန့်လိုက်ခြင်းဖြစ်၏။ ဆွမ်းအုပ်ကြီးရော၊ ဘာတွေရော ဟူသော စကားအရ ဆရာတော်က အတန်ပင် မဝေခွဲနိုင်သယောင်နှင့် ကျွန်ုပ်ကို ကြည့်သည်။ မှန်၏။ ဘာတွေရောပါ လျှောက်ထားလိုက်ရခြင်းမှာ ဆွမ်းအုပ်ကြီး အထက်ဆုံးအထပ်ငယ်တွင် ကမ္မဋ္ဌာန်းရပ်မှ ကင်းပြုတ်လျက်ရှိနေပြီးဖြစ်သောအရိုးစုကြီးငယ်များကို လိုအပ်သလိုဆက်စပ်ချည် နှောင်ရန်အတွက် သံနန်းကြိုးများ ယူဆောင်ထည့်သွင်းလာသည်ကို ရည်၍ လျှောက်ထားလိုက်ခြင်းဖြစ်သည်။

**"စစ်ဆေးရှုမှတ်ခြင်း"**

ဆွမ်းစားချိန်တွင် ယနေ့ ဆွမ်းစားကျောင်းလည်း လာ၍မစား၊ လာ၍လည်း မခေါ်ကြနှင့်ဟု ဦးပဥ္စင်းတစ်ပါးကို မိန့်ကြားပြီးနောက် ဆရာတော်နှင့် ကျွန်ုပ်တို့သည် ဂူကျောင်းကလေးဆီသို့ ဆင်း၍ လာခဲ့ကြ၏။ ဆွမ်းအုပ်ကြီးကို ကျွန်ုပ်ကိုယ်တိုင် ဆွဲကိုင်လာသည်။

ဂူကျောင်းကလေးအဝင်တံခါးကို ဖွင့်လိုက်သောအခါ နေရောင်ထိုးဝင်လာ၍ ဂူအလယ်မှ ကမ္မဋ္ဌာန်းခေါင်းကြီးကို ထင်းထင်းကြီးမြင်တွေ့နေကြရ၏။ ညက အနေအထားကျရုံသာချထားလက်ခံပြီး ခေါင်းကိုမူ ဖွင့်၍မကြည့်ရသေးဟု ဆရာတော်က မိန့်သည်။ ဆရာတော်က တစ်နေရာတွင် အသင့်ရှိနေသော ပုရပိုက်တစ်ခုနှင့် ကံကူဆန်ကိုယူ၍ ခေါင်းအနီးအတွင်းဘက်ပိုင်းတွင် ရပ်သည်။ ကျွန်ုပ်ကလည်း အိတ်ထောင့်အတွင်း အသင့်ပါရှိလာသော စက္ကူအချို့နှင့် ခဲတံကို ထုတ်လိုက်သည်။ ဤကိစ္စတွင် အချိန်းအချက်မရှိဘဲနှင့် တွေ့ရှိသမျှ အချက်အလက်များကို မှတ်သားရန်ဟူသော သဘောချင်းတူညီလျက်ရှိကြောင်းကို တွေ့ရှိကြ၍ တစ်ဦးနှင့်တစ်ဦး ကြည့်ပြီး မသိမသာ ပြုံးမိကြသည်။

ထိုအပြုအမူအရ ခေါင်းကိုဖွင့်၍ မကြည့်ကြမီကွင်ပင် "တပည့်တော်တို့ စာရေး စာပြု ကျမ်းပြုပုဂ္ဂိုလ်တွေဟာ တစ်နည်းစဉ်းစားကြည့်ရင် ဒုက္ခကောင်တစ်မျိုးတွေပဲဘုရား"ဟု လျှောက်ထားလိုက်မိ၏။

"ဘယ်လိုတစ်မျိုးလဲ ဒကာကြီး"

"ဘယ့်နှယ်ဘုရား၊ သူများတကာတွေမှာ လောကသဘာဝအရ အထိအတွေ့ တစ်ခုခုရှိလာရင်၊ တွေ့လာရင်တွေ့တဲ့ ရှိတဲ့အလိုက် ပျော်စရာရှိ ပျော်၊ ပူစရာရှိပူ၊ အလိုက်သင့် အားရပါးရ ခံစားလိုက်ကြတာပဲ။ တပည့်တော်တို့အဖို့တော့ မဟုတ်ပေါင်။ တစ်ခုခု တွေ့ထိလာရင်ကိုယ်ခံစားဖို့ထက် သူတစ် ပါးသိအောင် ပြောဖို့

ရေးဖို့သာ စိတ်ကူးကော့တာကိုး။ ဒီတော့ ငိုတာတောင် အရသာရှိရှိ မငိုရဘူးပေါ့။ အခုလဲ ကြည့်ပါလား၊ ဆရာတော်ရော၊တပည့်တော်ရော ကိုယ်သိဖို့ကို အရင် စိတ်မကူးဘူး၊သူတစ်ပါးသိဖို့အတွက် ပြင်ဆင် ကြိုးစား နေကြတာကိုတွေ့ရတော့ စိတ်ကူးမိလာလို့ပါဘုရား"

"မှန်တယ် ဒကာကြီး၊ နို့ပေမယ့် ဒီသဘောတရားဟာ အတ္တဟိတထက်ပရဟိတကို ဦးစားပေးတဲ့ဘုရားရဟန္တာကြီးများရဲ့ သဘောထား မဟုတ်ဘူးလား"

"ဒီကောက်ချက်အတိုင်း မှန်ပေတာပေါ့ ဘုရား၊ စဉ်းစားမိလို့သာ လျှောက်ထားရတာပါ"

ထို့နောက် အလိုက်သင့်တင်ထားသော ခေါင်းအဖုံးကို ကျွန်ုပ်က စတင်ဖွင့်လိုက်သောအခါ အရိုးချည်းသာ ကျန်တော့သော ကမ္ဗောဇ်ကောင်ကြီးသည် ထင်းထင်းကြီးပေါ်လာပေရာ ဆရာတော်က အံ့အားသင့်ဟန် အာမေဋိတ်သံဖြင့်"ဟာ—တကာယ်ကို ဖွေးဖွေးကြီးပါလား ဒကာကြီး"ဟု အမိန့်ရှိလိုက်၏။

"ဘာဖြစ်လို့ပါလဲ ဆရာတော်"

"စာက ခန္ဓာကိုယ်အရိုးစုကို "ဖွေးဖွေးဖြူသော" လို့ ကြိယာဝိသေသန သုံးတယ်၊ လက်တွေ့မှာလဲ ဖွေးဖွေးကြီးတွေ့ရတော့ မှန်လှချည့်လားလို့ အံ့သြဝမ်းမြောက်သွားမိလို့ပါ။ ပြီးတော့ စာက ဖွေးဖွေးဖြူဆိုပေမယ့် အရေ၊ အသား၊ အဆီ၊ သွေးခဲ စတဲ့ မသတီစရာ ညစ်ညစ်ပတ်ပတ်တွေနဲ့ ထွေးရစ်ထားတာဖြစ်လေတော့ အရိုးတွေဟာ တစ်ချို့ဖြူပေမယ့် တစ်ချို့တော့ ညိုညိုမည်းမည်း ရှိလိမ့်ဦးမယ်လို့ တွေးထားမိပေတယ်။ အခုတော့ စားခြောင်း တကယ့် ဖွေးဖွေးဖြူကြီး တွေ့နေရလို့ပါ"

"ဆရာတော့်အတွေးဟာ မှန်သင့်သလောက်မှန်ဖို့ ရှိပါတယ်၊ အခု ကမ္ဗောဇ်ကောင်ကြီး ဖွေးဖွေးဖြူနေရတာကတော့ သန့်စင်နိုင်သမျှ သန့်စင်အောင် သိုးဆေး မာတ်ဆေးများနဲ့ ဆေးကြောထားလို့ပါ ဘုရား"

"အင်း—ခန္ဓာကိုယ်က ပဋ္ဌကဆိုတာ တကယ့်ကို အနိစ္စကောင်၊ ဒုက္ခကောင်၊ အနတ္တကောင် အစစ်ကြီးပဲ"

ထို့နောက် ကျွန်ုပ်က ယူဆောင်လာခဲ့သော သံကြိုးခွေကို ထုတ်၍ပြလိုက်သောအခါ ရည်ရွယ်ချက်သိပြီးသော ဆရာတော်က ပြုံးရွှင်စွာဖြင့် "အရိုးဆက်တွေကို အကောင်အထည်အတိုင်း ပေါ်လာအောင် ဆက်စပ်ပေးဖို့ကတော့ တဖြည်းဖြည်းမှ လုပ်ကြံတာပေါ့။ အခုချက်ချင်းလုပ်ဖို့ကတော့ သူ့ဆိုင်ရာ တစ်ရိုးချင်းရဲ့ ပုံသဏ္ဌာန်နဲ့ အခြေအနေကို တစ်ခုစီတစ်စစီ စစ်ဆေးကြည့်ရှုကြရင် မကောင်းဘူးလား"

"ကောင်းပါတယ် ဘုရား၊ လိုတဲ့အခါအသင့်ဖြစ်အောင် ယူလာတာပါ၊ ပြုတ်နေတဲ့ အရိုးတွေ သူ့နေရာနဲ့သူဆက်ဖို့အလုပ်က သေးသေးမွှားမွှားကလေးတွေလဲ ပါနေတော့ တစ်နေ့နဲ့ပြီးမယ့်ကိစ္စ မဟုတ်ပါဘုရား"

ထို့နောက် ကျွန်ုပ်တို့သည် ကမ္ဗောဇ်ကောင် အရိုးစုကို ခြံရံ၍ ကြည့်ရှုနေရာမှ တစ်ခုချင်းကို စနစ်တကျ စစ်ဆေးသုံးသပ်ရန် ပြင်ဆင်ကြသည်။ ရှေးဦးစွာ ဦးခေါင်းခွံ ဦးခေါင်းရိုးကြီးမှ စတင်၏။

ဆရာတော်က ဦးခေါင်းခွံကြီးကို စတင်ကိုင်မ, လိုက်ပြီးလျှင်"အသက်နဲ့ တွဲနေတဲ့အချိန်မှာ ကိုယ့်ခေါင်းကိုယ် စမ်းကြည့်လိုက်တော့ အဆက်အစပ်မရှိတဲ့အလုံးကြီး အခုံးကြီးလို့ထင်မှတ်ရတယ်၊ လက်တွေ့မှာတော့ အဆက်အစပ်တွေနဲ့ အရိုးခွဲချင်းဆက်စပ်ထားတယ်။ကွဲနေတဲ့ဘူးသီးခြောက်အခွံကို၊ အုန်းသီးခြောက်အခွံတို့ကို ဆက်စပ်ထားတာနဲ့ မတူဘူးလား"

"တူပါ ဘုရား"

ဆရာတော်သည် ဦးခေါင်းခွံကို ချထားလိုက်ပြီးလျှင် နံဘေးရှိ ပုရပိုက်ကို လှန်၍"ဘူးသီးခြောက် အုန်းသီးခြောက်၊ ဦးခေါင်းခွံ"ဟု ... ဆန်ဖြင့် တေးမှတ်လိုက်၏။ အကြွေးမထား ... ကောင်း ...

မှတ်သော သုတေသီ ပညာရှင်ပေတကားဟု ကျွန်ုပ် စိတ်ထဲက ချီးကျူးလိုက်မိသည်။

သုတေသီတို့အလုပ်မှာ ဆိုင်ရာ အချက်အလက်များကို ကိုယ်တွေ့မျက်မြင် တွေ့ကြုံလျှင်သော်လည်းကောင်း၊စိတ်ကူးတွင်ပေါ်လာလျှင်သော်လည်းကောင်း ချက်ချင်း လက်ငင်း တေးမှတ်ရသည်။ စိတ်ဖြင့်သာ မှတ်ပြီး ချက်ချင်း လက်ငင်း မတေးမှတ်မိခဲ့သော် ပျောက်ပျက်ကုန်တတ်၏။ အကြွေးမထား တေးမှတ်သော ဆရာတော်၏ ဝီရိယကို မြင်၍ ချီးကျူးရခြင်းဖြစ်သည်။

ထို့နောက် ဦးခေါင်းခွံကို ကိုင်ပြန်၍ နားထင်ရိုးနှစ်ဖက်ကိုကြည့်ပြီးလျှင်“နားထင်ရိုးတွေက အုန်းသီးမျက်နှာဝကို ဖြတ်ထားတာနဲ့ မတူဘူးလား ဒကာကြီး”ဟု မေးလိုက်ပြန်သည်။

“တူပါ့ ဘုရား”

ဆရာတော်သည် ချက်ချင်းတေးမှတ်လိုက်ရင်းဖြင့် “သူတစ်ပါးကိုပြောတော့ ထင်လွယ် မြင်လွယ်တဲ့ ဥပမာနဲ့ဟပ်ပြီးပြောမှ သဘောပေါက်ကြမှာ၊ ကိုယ့်ခေါင်းကိုယ်စမ်းကြည့်ရုံနဲ့တော့သဘော ပေါက်မှာမဟုတ်ဘူး၊ ဒါကြောင့်မို့ တစ်ကိုယ်လုံး ရိုးသမျှအရိုးတွေကိုဥပမာနဲ့နှိုင်းပြီးပြောဖို့စိတ်ကူးထား ပါတယ်” ဟု မိန့်သည်။

“အင်မတန်လျော်ကန်လှတဲ့ စိတ်ကူးပါဘုရား၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ဥပမာပေါင်း မြောက်မြားစွာနဲ့ ဟောကြားတော်မူပါတယ်၊ ထင်လွယ် မြင်လွယ်တဲ့ ဥပမာတွေကြောင့်ပဲ အလွန် ခက်ခဲတဲ့တရား အချက်အနက်အဓိပ္ပာယ်တွေကို သိလာကြရပါတယ်”

“သာဓုဗျာ၊ သာဓု၊ သာဓု၊ ဒီတော့ အရိုးတွေကို တစ်စမကျန်အောင် အကုန်စစ်ဆေးပြီး ဘုန်းကြီးစွမ်းနိုင်သမျှ ဥပမာတွေနဲ့တွဲတွဲပြီး ပြပါမယ်၊ ဒကာကြီးက လျော်ရင်လျော်သလို၊ မလျော်ရင်မလျော်သလို ဆွေးနွေးပါ၊ဘုန်းကြီးပေးတဲ့ ဥပမာထက်ကောင်းတဲ့ ဥပမာမျိုး ဒကာကြီးဉာဏ်မှာ ထင်လာရင်လဲပြောပါ၊ အားလုံးစစ်ဆေးသုံးသပ်ပြီးတဲ့အခါ ပါဠိတော်မှာ ခန္ဓာကိုယ် အရိုးသုံးရာရှိတယ်လို့ အဆိုအမိန့်ရှိပါတယ်၊ အဲဒီစာကိုလဲ စာတွေ့နဲ့ ကိုယ်တွေ့ နှိုင်းယှဉ်ကြည့် ချင်ပါသေးတယ်”

“ဆရာတော် ဆန္ဒရှိသမျှ စစ်ဆေးမိန့်ကြားပါဘုရား။ စစ်ဆေးလိုက်၊ ရေးလိုက်ဆိုတော့ အလုပ်နှစ်ခုဖြစ်နေပါတယ်၊ ဒီတော့ ဆရာတော်က စစ်ဆေးမိန့်ကြားပါ၊ တပည့်တော် ရေးမှတ်ပါမယ် ဘုရား”

“သာဓု ဒကာကြီး၊ သာဓု၊ သာဓု”

ထို့နောက် ဆရာတော်သည် ဦးခေါင်းရိုးတစ်ခုကိုပင် အနုစိတ်စစ်ဆေးရင်း နဖူးရိုးသည် အောက်သို့ မှောက်ထားအပ်သော ခရုသင်းခွက်သဏ္ဌာန်ကဲ့သို့လည်းကောင်း၊ မျက်ကွင်းရိုးတို့သည် ထန်းသီးကြီးမှ အတွင်းအဆန်ကိုယူ၍ ထားအပ်သော ထန်းသီးဆန် အိမ်ပမာ၊နှာခေါင်းရိုးသည်ထန်းသီးငယ်အတွင်းအဆန်ကိုယူ၍ထားအပ်သော ထန်းသီးဆန်ကဲ့သို့၊ အထက်မေးရိုးသည်လက်သည်းလှီးဓားငယ်ကဲ့သို့ ကုန်းညွတ်သောသဏ္ဌာန်၊ အောက်မေးရိုးသည် ပန်းပဲသူကြီးတို့၏ ကူ္ဍ ဖွဲ့အပ်သော လွန်ကြိုးနှယ် စသည်ဖြင့်မိန့်ကြားသည်ကို ကျွန်ုပ်ကလိုက်၍ ရေးမှတ်ထားရသည်။

ဆရာတော်သည် လည်းကောင်း၊ ကျွန်ုပ်သည်လည်းကောင်း၊ အရိုးစုအပေါ်တွင် စိတ်အားထက်သန်လွန်းကြ၍ သီလခံယူဖို့ပင် နောက်ကျနေခဲ့ရာ အတန်နေမြင့်မှ ဆရာတော်အားကောင်းပန်၍ ပါလာသော ဆွမ်းအုပ်ကိုပင် အလှူပစ္စည်းအဖြစ် ပေးလှူကာ အဋ္ဌင်္ဂသီလ ခံယူလိုက်ရ၏။

တစ်ဖန် ဆွမ်းစားကျောင်းမှ တုံးခေါက်သော ဆွမ်းကိစ္စကို သတိရလာကာ စစ်ဆေးမှုကို ရပ်ပြီး ဆရာတော့်ကို ဆွမ်းကပ်သည်။ ထို့နောက်တွင် ဆရာတော်သည် အရိုးစုတွင် စိတ်ထက်သန်နေသောကြောင့်

အနည်းငယ်မျှသာ ဘုဉ်းပေးသည်။ ဆွမ်းကျန်ကို ကျွန်ုပ် ဆက်၍ စား၏။

ကျွန်ုပ်သည် ဆွမ်းကျန်စားရင်းဖြင့်–

"ဆရာတော်တော့ ဝမ်းမြောက် စိတ်အားထက်သန်နေလို့ ဆွမ်းတောင် ကောင်းကောင်းဘုဉ်းပေးနိုင်ပုံမရဘူး၊ တပည့်တော်တော့ ငယ်ငယ်တုန်းကသာ ဆွမ်းကျန် ဟင်းကျန် စားခဲ့ရပြီး ပြတ်နေခဲ့တာ။ အခု စားရတော့ ရှေးဖြစ်ပေါင်း အောက်မေ့ပြီး စားရလို့ ထင်ပါရဲ့ ခါတိုင်းထက် အရသာတွေ့မိပါတယ် ဘုရား"ဟု လေးလေးနက်နက်များကိုသာ စိတ်ကူးနေ၍ ပင်ပန်းသယောင်ရှိမည်ကို အနားပေးလိုသည့် စေတနာ၊ ပေါ့ပေါ့ပါးပါးစကားဖြင့်သာ လျှောက်ထားလိုက်မိသည်။

"ဟုတ်ပေမှာပေါ့၊ နို့ပေမယ့် ဝိသာသံပရမံရသာ အကျွမ်းတဝင်စားရရင် မြိန်တယ် မြတ်တယ်ဆိုတဲ့ စကားတော်ကလဲရှိသေးသလေ။ ပြီးတော့ ဉပုသ်လဲ ဉပုသ်ကြီးနဲ့၊ အနားမှာလဲကမ္ဘောဇ္ဇန်းရုပ်ကြီးနဲ့ ဆိုတော့ ကုသိုလ်ရနိုင်သလောက်ရအောင် အာဟာရေ ပဋိကူလသညာကိုလဲလက်မလွှတ်စေနဲ့ ယေါဒကာကြီးရဲ့"

"သာဓုပါ အရှင် ဘုရား၊ သာဓုပါ"

ဆရာတော်ကချည်း သာဓုခေါ်နေခဲ့ရာ ကျွန်ုပ်က တစ်လှည့်ကစ်ဖန် ပြန်၍ ခေါ်လိုက်သောကြောင့် ဆရာတော်ပြုံး၏။

## "ကျမ်းနှစ်ဆူ"

အာဟာရကိစ္စပြီးသော် ကျွန်ုပ်တို့သည် ဆက်လက်၍ စစ်ဆေးတေးမှတ်ကြရာ ညနေစောင်းအချိန်မှ ပြီးစီး၏။ ကမ္ဘောဇ္ဇန်းကောင်သည် စင်စင်ကြယ်ကြယ် ဆေးကြောထားစေကာမူ လတ်လတ်ဆတ်ဆတ်ပင် ရှိသေးသောကြောင့် ညှီစို့စို့အနံ့အသက်ကလေးများသည် မသိမသာနှင့် တရိပ်ရိပ် ထွက်ပေါ်လျက်ရှိနေသည်ကို ကျွန်ုပ် သတိပြုမိသော်လည်း ဆရာတော်မှုကား အရေးထားဟန်မတူ။သုသာန်တွင် အလောင်းကောင် အပုပ်ကောင်တို့၏အနီး၌ ဒွတ္တိံသ ကမ္ဘောဇ္ဇန်းကို စီးဖြန်းသော ဘုရားရှင်လက်ထက်တော်မှစ၍ အစဉ်အလာ ရဟန်းတော်တို့အဖို့ ဤမျှ အနံ့အသက်ကို အဘယ်ပုံ ဂရုစိုက်ပါအံ့နည်း။

ကျွန်ုပ်အဖို့မူကား ကျောင်းတော်တစ်နေရာတွင် ကျွန်ုပ် မပြန်မချင်း စောင့်ဆိုင်းနေကြမည်ဖြစ်သော အစေခံများကိုလည်း ငဲ့ရသေး၏။ထို့ကြောင့် မှောင်လုလုအချိန်တွင် ကျွန်ုပ်အား ပြန်ခွင့်ပြုရန် ခွင့်တောင်းသောအခါ ဆရာတော်က တေးမှတ်ရမည့်ကိစ္စလည်း ပြီးစီးပြီဖြစ်၍ အကြည်အသာ ခွင့်ပြုသည်။ အရိုးများကို နန်းချည်ခက်ရန်ကိစ္စကိုမူ ဆရာတော်က သင့်လျော်သလို ဆောင်ရွက်သွားမည်ဟု အမိန့်ရှိသည်။ ကျွန်ုပ်သည် ဆရာတော်အား သုံးကြိမ်မျှမက ဦးနိမ့်၍ မဝနိုင်သော အထပ်ထပ်ဖြင့် ဦးနိမ့်၍ ထွက်လာခဲ့သည်။

ဆရာတော်သည် ထိုညက မီးလင်းသည်အထိပင် ကမ္ဘောဇ္ဇန်းကောင်အနီးမှ မခွာတော့ဘဲ ဂူကျောင်းအတွင်းမှာပင် သီတင်းသုံးသည်ဟု ကြားသိရသည်။ နောက်တစ်ခေါက် ရောက်သောအခါ ကမ္ဘောဇ္ဇန်းကောင်ကို အစီအစဉ်ကျကျ နန်းခက်၍ ဂူကျောင်းအတွင်း ချိတ်ဆွဲထားသည်ကို တွေ့ရ၏။ ဤကမ္ဘောဇ္ဇန်းကောင်ကို ရရှိပြီးသည့်အချိန်မှစ၍ ဆရာတော်သည် ဂူကျောင်းကလေးမှ မခွာတော့ဟု သိရှိရ၏။

ကျွန်ုပ်၏ ကာယာနုပဿနာကျမ်းသည် ဆရာတော်နှင့်အတူ လေ့လာခဲ့သော ကျေးဇူးကြောင့် အချက်အလက် ဝေဝေဆာဆာ ဖြစ်လာခဲ့ရသည်။ သို့ရာတွင် ဆရာတော်၏ အမကာပါန ရှုဖွယ်ကျမ်းမှာ အဋ္ဌိက ကမ္ဘောဇ္ဇန်း၊ သို့မဟုတ် အရိုးစု ကမ္ဘောဇ္ဇန်း ကဏ္ဍမှာ လက်တွေ့လုပ်ငန်း သဘောတွေ ပါဝင်သောကြောင့် ယောဂီတို့အဖို့ ကျွန်ုပ်ကျမ်းထက်ပို၍ လေးနက် သဘောပေါက်လွယ်၏။

ကျွန်ုပ်တို့သည် သူ့ကျမ်း၊ ကိုယ့်ကျမ်း လဲလှယ်၍ ဖတ်ရှုကြ၏။ အဌိက ကမ္မဋ္ဌာန်းကဏ္ဍတွင် ခန္ဓာကိုယ်တစ်ခုလုံးမှ အရိုးများကို ဥပမာအသီးသီးပေးရန် ပေါ်လွင်အောင် ရေးသားပြုစုထားသည်ကို တွေ့ရသောအခါ ကျွန်ုပ်တို့ လေ့လာခဲ့ရာတွင် စေ့စပ်သေချာလှသော ဆရာတော်ကို သတိရရင်းဖြင့် တပြုံးပြုံး ဖတ်ရှုရ၏။

အချက်အလက်အားဖြင့် ကျွန်ုပ်၏ ကျမ်းက စုံလင်သည်ဟု ဆိုနိုင်ပါ၏။ သဘောအနက်အားဖြင့်မူ ဆရာတော်၏ လက်ရာကို မမီနိုင်ပါပေ။ ဥပမာအားဖြင့် ဆရာတော်၏ကျမ်းမှ အောက်ပါအချက်တစ်ရပ်ကိုပင် ဖတ်ကြည့်ပါ။

"လူသေကောင်တို့၏အရိုးကို မိမိကိုယ်ထဲ၌ သွင်း၍ထားရသကဲ့သို့ လည်းကောင်း၊ လူတို့၏ ဦးခေါင်းရိုးကို မိမိဦးခေါင်းရေအတွင်း၌သွင်း၍ ထားရသကဲ့သို့လည်းကောင်း၊ ဗဟိဒ္ဓသဏ္ဍာန်၌ သူတစ်ပါးတို့ကို အောက်မေ့ဆင်ခြင်မိလျှင် သုသာန် ပြင်တို့၌ ပစ်ထားအပ်သောလူသေကောင်ရိုးကဲ့သို့လည်းကောင်း ကွင်းကွင်းကွက်ကွက် ရွံရှာဖွယ်၊ စက်ဆုပ်ဖွယ်၊ ကြောက်လန့်ဖွယ်၊ ငြီးငွေ့ဖွယ်နှင့် တကွ ထင်လာ၏။ ခရီးမ၌ သွားသောသူတို့ကို မြင် သောအခါ၌လည်း ထိုသွားသောသူ၏ ကိုယ်ကောင်ကို လူသေကောင်ရိုးကဲ့သို့ထင်၍ သွားစေတတ်သော စိတ်ပိဉာဉ်ကို လူသေကောင်ရိုး၏အတွင်း၌ဝင်၍ အောင်းသော ဖုတ်ပြိတ္တာ စသည်ကဲ့သို့ ထင်၏။ ဦးခေါင်းရိုးမှစ၍ ခြေရိုးတိုင်အောင်၊ ခြေရိုးမှစ၍ ဦးခေါင်းရိုးတိုင်အောင် အရိုးစဉ်အတိုင်း နှလုံးသွင်းသဖြင့် မိမိကိုယ်၊ လူတစ်ပါးတို့၏ ကိုယ်အလုံး၌ အရိုးစုသာလျှင် ထင်၏"

ဆရာတော်သည်အနီးမှ ဖြတ်၍သွားသော မိန်းမတစ်ယောက်ကို အရိုးစုဟုသာ ထင်မြင်လိုက်သော သီဟိုဠ်ရဟန်းတော်ကဲ့သို့ အရိုးစု ကမ္မဋ္ဌာန်းပေါက်နေပါပြီကောဟု ထင်မြင်လာသောကြောင့် စိတ်ဖြင့် ဦးညွှတ်လိုက်ရသည်။

တော်ကြီးဘုရားသည် ဆရာတော်၏ အမတပါန ရှုဖွယ်ကျမ်းကိုလည်းကောင်း၊ ကျွန်ုပ်၏ ကာယာနုပဿနာကျမ်းကိုလည်းကောင်း ဖတ်ရှု၍ ချီးကျူးတော်မူ၏။ ရွှင်လန်းနှစ်သိမ့်တော်မူ၏။

ကျွန်ုပ်၏ကျမ်းမှာ ကာယာနုပဿနာတစ်ခုတည်းကိုသာ ဦးကည်၍ ရေးသောကြောင့်လည်းကောင်း၊ သိုးဆောင်းကို၏ အနတမိကျမ်းမှ ဖြည့်ဆည်းထား၍လည်းကောင်း အချက်အလက်အားဖြင့် ပို၍ ပြည့်စုံသည်။ ဆရာတော်၏ ကျမ်းမှာ ကျမ်းကြီးအတွင်းမှ ကဏ္ဍတစ်ရပ်အနေဖြင့်သာ ဖော်ပြ၍ အချက်အလက်နည်းပါးသော်လည်း လက်တွေ့သဘောနှင့် အရေးအသား ပို၍ ကျွဲဆောင်သောကြောင့် ယောဂီတို့အားတက်ဖွယ်ဖြစ်သည်ဟု တော်ကြီးဘုရားက မှတ်ချက်ချသည်။ အနာဂတ် သာသနာတော်အတွက် အကျိုးတော်ဆောင်ကျမ်းနှစ်ဆူ ဖြစ်ပါစေသော်ဟု ဆုတောင်းခဲ့သူ ပြုရပါသည်။ ။

ငွေဥဒေါင်း

ကြည်ညိုခဲ့ရသော

# ရွှေကျင်ဆရာတော်

ကိုကိုနိုင် (မဟာဝိဇ္ဇာ)



ယနေ့ မြန်မာနိုင်ငံ သာသနာ့နယ်ပယ်တွင် ရွှေကျင်နိကာယသည် ထင်ရှားစွာ ရပ်တည်လျက် ရှိပါသည်။ ရွှေကျင်နိကာယ ထင်ရှားစွာ ရပ်တည်နိုင်ရေးအတွက် နိကာယကို စတင်ထူထောင်ကာ အခြေခံအုတ်မြစ်ကို ခိုင်ခိုင်မာမာ ချမှတ်ပေးနိုင်ခဲ့သော ဆရာတော်ကြီးမှာ ကျေးဇူးတော်ရှင် ရွှေကျင်ဆရာတော်ဘုရားကြီးပင် ဖြစ်ပါသည်။

ရွှေကျင်ဆရာတော်အလောင်းအလျာကို ရွှေဘိုမြို့ တောင်ဘက် တစ်ဆယ့်လေးမိုင်အကွာတွင်ရှိသော လှုတောကြီးငါးရွာအပါအဝင်ဖြစ်သည့် ရွှေကျင်ရွာတွင် ၁၆ ဇူလိုင် ၁၈၂၂တွင် ဖွားမြင်တော်မူပါသည်။ ငယ်နာမည် မောင်သန့်ဖြစ်ပြီး ခမည်းတော်မှာ ဦးမောင်ဖြစ်၍၊ မယ်တော်မှာ ဒေါ်မိဖြစ်ပါသည်။ အသက်(၇)နှစ်အရွယ်တွင် ဦးဝရဗုဒ္ဓိထံ၌ပင် ရွှေကျင်ဆရာတော် စာပေသင်ကြားပါသည်။ အသက်တစ်ဆယ့်လေးနှစ်အရွယ်တွင် ဦးဝရဗုဒ္ဓိထံ၌ပင် ရှင်သာမဏေအဖြစ် ရောက်ပါသည်။ အသက်တစ်ဆယ့်ငါးနှစ်အရွယ်တွင် ရွှေဘိုမြို့ ဝက်ပါကျောင်းဆရာတော်ထံ ပညာဆက်လက် သင်ကြားပါသည်။ အသက်တစ်ဆယ့်ရှစ်နှစ်အရွယ်တွင် သီးလုံးဆရာတော် ဦးစန္ဒိမာ (၁၇၈၆-၁၈၆၀)ထံ ရောက်ရှိပါသည်။ အသက်နှစ်ဆယ်တွင် ငယ်ဆရာဖြစ်သော ရွှေကျင်ရွာ မဟာဗောဓိကျောင်းဆရာတော် ဦးဝရဗုဒ္ဓိထံ၌ပင် ရဟန်းအဖြစ် ရောက်ရှိပါသည်။ ဘွဲ့တော်မှာ အရှင်ဇာဂရ ဖြစ်ပါသည်။

ရွှေကျင်ဆရာတော်သည် ရဟန်းအဖြစ်ကို ရောက်ရှိပြီးနောက် ရှစ်ဝါတိုင်တိုင် အမရပူရမြို့ရှိ ကျော်ကြားသော ဆရာတော်များထံ စာပေသင်ကြားခဲ့ပါသည်။ စာလိုက်နေစဉ်အတွင်းမှာပင် အဘိဓမ္မာဂဏ္ဌိ ကရဏ်းတစ်ရပ် ဆုံးဖြတ်ပေးရေးကိစ္စနှင့် ပတ်သက်ပြီး အိမ်ရှေ့မင်းသားဖြစ်သော မင်းတုန်းမင်းက လေးစားကြည်ညိုသွားခဲ့ပါသည်။ စာပေသင်ကြားခဲ့ပြီးနောက် မန်ကျည်းစဉ်၊ ခေါ်တော၊ ရှိမ်းမကား

စသော တောကျောင်းတို့၌ စာပေပို့ချတော်မူပါသည်။

ရဟန်းသိက္ခာ တစ်ဆယ့်ကိုးဝါအရတွင် မင်းတုန်းမင်းက ရွှေကျင်ဆရာတော်အား နေပြည်တော်သို့ ပင့်ဆောင်ပါသည်။ ရွှေကျင်ဆရာတော်သည် ၁၈၆၀ တွင် မန္တလေးနေပြည်တော်သို့ ရောက်ရှိပါသည်။ မင်းတုန်းမင်းက မန္တလေးတောင်ခြေမြောက်ဘက်တွင် ကျောင်းတိုက်ငါးတိုက်ကို ဆောက်လုပ်လှူဒါန်းပါသည်။ ယင်းကျောင်းတိုက်များမှာ ထရံကာတိုက် (မိုင်းလုံတိုက်)၊ ရမည်းသင်းတိုက်၊ မဟာဓမ္မိကာရာမ (ရွှေကျင်တိုက်မ)၊ မင်းကင်းတိုက်နှင့် မြတောင်ဝတိုက်တို့ဖြစ်ပါသည်။ မဟာဓမ္မိကာရာမဟု ကမ္ပည်းထိုး၍ လှူခြင်းဖြစ်သော်လည်း သီတင်းသုံးနေထိုင်သော ရွှေကျင်ဆရာတော်ကို အစွဲပြု၍ ရွှေကျင်ငါးတိုက်ဟုသာ ထင်ရှားပါသည်။ မင်းတုန်းမင်း သီးခြားထောက်ပံ့လှူဒါန်းမှုကြောင့် ရွှေကျင်သံဃာများ သီးခြားရပ်တည်လာနိုင်ကြပါသည်။ ရွှေကျင်ဆရာတော်သည် မိမိ၏ဩဝါဒခံ သံဃာအပေါင်းကို အခြားသံဃာတို့နှင့် တန်းတူရပ်တည်လာနိုင်စေရေးအတွက် ဝိနည်းကို အခြေခံ၍ ဟင်းတင်းကျပ်ကျပ် ဆောင်ရွက်ခဲ့ပါသည်။ ရွှေကျင်ငါးတိုက်အတွင်းဝယ် ကျောင်းသားသူတော်ငယ်မှအစ တိုက်အုပ်၊ တိုက်ကြပ်၊ မထေရ်ကြီးများအထိ လိုက်နာကျင့်ကြံရမည့် စည်းကမ်း နည်းလမ်းများကို ချမှတ်ကျင့်သုံးစေခဲ့ပါသည်။ ရွှေကျင်နိကာယ၏ ဓမ္မဝိနယဥပဒေဟု ထင်ရှားခဲ့ပါသည်။ ရွှေကျင်နိကာယ ဖွံ့ဖြိုးတိုးတက်လာရခြင်းတွင် မင်းတုန်းမင်း၏ အထောက်အပံ့ အကူအညီသာမက ရွှေကျင်ဆရာတော်၏ ခေါင်းဆောင်နိုင်မှု စွမ်းအားသည်လည်း အလွန်အရေးပါခဲ့ပါသည်။

ရွှေကျင်နိကာယ၏ သက်တမ်းတစ်လျှောက်ကို လေ့လာကြည့်သောအခါ ယေဘုယျအားဖြင့် ခေတ်သုံးခေတ် တွေ့ရမည်ဖြစ်ပါသည်။ ပထမခေတ်သည် ရွှေကျင်နိကာယကို ဇာတင်ထူထောင်ခဲ့သူရွှေကျင်ဆရာတော်လက်ထက်အဖွဲ့အစည်း ရေရှည်ရပ်တည်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ကို တည်ဆောက်ခဲ့ရခြင်း ဖြစ်ပါသည်။ ဒုတိယခေတ်မှာ မဟာဝိသုဒ္ဓါရုံဆရာတော် (၁၈၃၈–၁၉၁၆)လက်ထက်တွင် ဖွဲ့စည်းပြီးဖြစ်သော အဖွဲ့အစည်းတစ်ခုကို ကြာရှည်လေးမြင့်စွာ ရပ်တည်နိုင်ရေးအတွက် လိုအပ်သောနည်းလမ်းများဖြင့် အထောက်အကူပြုခဲ့ခြင်း ဖြစ်ပါသည်။ တတိယခေတ်သည် နိုင်ငံနှင့်အဝန်း ရွှေကျင်သာသနာပြန့်ပွားတိုးတက်စေရေးအတွက် နိုင်ငံလုံးဆိုင်ရာသံဃာ့အစည်းအဝေးကြီးများကျင်းပကာ လုပ်ငန်းစဉ်ချမှတ်ခြင်းနှင့်အတူ စာပြန်ပွဲများ ပြုလုပ်စေပြီး ပရိယတ္တိသာသနာကို ထိန်းသိမ်းပေးခြင်းဖြစ်ပါသည်။

ရွှေကျင်နိကာယသည် ရွှေကျင်ဆရာတော် မန္တလေးနေပြည်တော်သို့ ရောက်ရှိသော ၁၈၆၀မှ စတင်၍ ထင်ရှားလာခဲ့ပါသည်။ မူလက ရွှေကျင်ငါးတိုက်သာရှိခဲ့ရာမှ ၁၈၈၂တွင် ရွှေကျင်ဩဝါဒခံကျောင်းတိုက် တစ်ဆယ့်နှစ်တိုက်ဖြစ်လာပါသည်။ မင်းတုန်းမင်းက ရွှေကျင်ဆရာတော်ကို ကြည်ညိုရင်းစွဲရှိပြီးဖြစ်သည့်အတိုင်း ၁၈၆၀တွင် အလုံ၊ ဒီပဲယင်း၊ ဇနိကျီ၊ တလုတ်၊ ရတနာသိခ်၊ ကလေး၊ ရာဇဂြိုဟ် စသော နယ်ခုနစ်နယ်တွင် သာသနာပြုရေးအတွက် အာဏာစက်ဖြင့် ကူညီပေးခဲ့ပါသည်။ ဂိုဏ်း အုပ်၊ ဂိုဏ်းချုပ်၊ ဂိုဏ်းထောက်ပုဂ္ဂိုလ်များကို ရွှေကျင်ဆရာတော် စိတ်ကြိုက်ခန့်ထား၍ သာသနာပြုစေခြင်းသည် ရွှေကျင်ဆရာတော်၏ ဩဇာကို နေပြည်တော်တွင်သာမက အခြားဒေသများသို့ပါ ပျံ့နှံ့စေခြင်း ဖြစ်ပါသည်။

ရွှေကျင်နိကာယကို အောက်မြန်မာနိုင်ငံသို့ ပျံ့နှံ့စေရန်အတွက်လည်း ရွှေကျင်ဆရာတော်ပင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အောက်မြန်မာနိုင်ငံတွင် ထင်ရှားသော ဘုန်းတော်ကြီး ဦးသီလ (၁၈၃၂–၁၉၀၇)ခေါင်းဆောင်သော သံဃာများသည် ၁၈၆၅ခုနှစ်ခန့်မှ စတင်၍ တောရဆောက်တည်နေကြပြီဖြစ်ပါသည်။

ယင်းတို့ကို တောရဂိုဏ်းဟု ခေါ်ဆိုကြပါသည်။ ရွှေကျင်ဆရာတော်သည် ၁၈၉၃တွင် အောက်မြန်မာနိုင်ငံသို့ ကြွရောက်သောအခါတွင် တောဂိုဏ်းနှင့် ရွှေကျင်နိကာယပေါင်းစည်းနိုင်ခဲ့ပါသည်။

သီဟိုဠ်တွင် ရွှေကျင်သာသနာမျိုးစေ့ ချပေးနိုင်ခဲ့သူမှာလည်း ရွှေကျင်ဆရာတော်ပင် ဖြစ်ပါသည်။ ရွှေကျင်ဆရာတော်သည် စွယ်တော်ခတ်များ ဖူးမြော်ရန် ၁၈၇၈တွင် သီဟိုဠ်သို့ ကြွရောက်ပါသည်။ သီဟိုဠ်တွင် ဗုဒ္ဓသာသနာမေးမှိန်အားနည်းနေသည်ကို တွေ့ရသောကြောင့် သီဟိုဠ်သံဃာတို့ အားသစ်လောင်း၍ သာသနာပြုနိုင်ရေးအတွက် နှိုးဆော်ထားသော လက်ာသာသနသုဒ္ဓိကထာကို ပါဠိဘာသာဖြင့် ရေးသားပေးခဲ့သည်။ သီဟိုဠ်သံဃာများ ကျေနပ်နှစ်သက်ကြပြီး ရွှေကျင်ဆရာတော်အပေါ် ကြည်ညိုလာကာ ယင်းတို့၏ အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် အားကိုးအားထားပြုကာ ပြဿနာများ တင်ပြလာကြသည်။ ရွှေကျင်ဆရာတော်ထံ ပြဿနာများ တင်ပြ၍ အဆုံးအဖြတ်ခံယူလာကြခြင်းသည် သီဟိုဠ်တွင် ရွှေကျင်နိကာယ၏ ဩဇာ စတင်သက်ရောက်ချိန်ဖြစ်ပါသည်။ သီဟိုဠ်တွင် နိကာယထူထောင်နိုင်ရေးအတွက် မျိုးစေ့ချပေးနိုင်ခဲ့ခြင်းလည်း ဖြစ်ပါ သည်။

ရဟန်းတော်များ၏ ယေဘုယျတာဝန်သည် သုံးမျိုးရှိပါသည်။ ပထမတာဝန်သည် မိမိကိုယ်တိုင် ပရိယတ္တိစာပေများကို တတ်မြောက်အောင် သင်ယူခြင်း၊ ဒုတိယတာဝန်မှာ မိမိတတ်သိထားသော ပညာရပ်များကို ပြန်လည်သင်ပြပေးရခြင်းဖြစ်ပြီး တတိယတာဝန်မှာ တောရဆောက်တည်ခြင်းပင် ဖြစ်ပါသည်။ ထိုတာဝန်တို့ကို ထမ်းဆောင်ကြရာတွင် ပထမနှင့် ဒုတိယတာဝန် ထမ်းဆောင်စဉ်ကာလများသည် မြို့တွင်း၊ ရွာတွင်း နေထိုင်ကြရသော ဂါမဝါသီအဖြစ် တည်ရှိနေရပါသည်။ တတိယတာဝန်ဖြစ်သော တောရဆောက်တည်ခြင်းကို ပြုမှသာလျှင် အရညဝါသီအဖြစ် ရောက်ရှိမည်ဖြစ်ပါသည်။ ရွှေကျင်ဆရာတော်သည် ထိုတာဝန်သုံးမျိုးစလုံးကို ထမ်းဆောင်နိုင်ခဲ့ပါသည်။ ရဟန်းသိက္ခာရစ်ဝါအထိ စာပေသင်ယူခဲ့ပြီး တစ်ဆယ့်ကိုးဝါအထိ စာပေပို့ချခဲ့ပါသည်။ ထို့နောက် မန္တလေးနေပြည်တော်ကို ရောက်ရှိပြီး ပရိယတ္တိစာပေပို့ချခြင်းနှင့်အတူ နိကာယဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့ပြီး ၁၈၇၅တွင် စတင်၍ တောရဆောက်တည်ပါသည်။ ရွှေကျင်ဆရာတော်သည် နေပြည်တော်မှ ထွက်ခွာလာပြီး ကိန္နရာတောင်၊ ရေတံခွန်တောင်၊ စေဥ့်ကိုင်တောရ၊ ကုက္ကိုချောင်တောရတို့တွင် တောရဆောက်တည်ပါသည်။ သီဟိုဠ်သို့ မကြွရောက်မီတွင် မလွန်မြို့နယ် မင်းလှရွာအရှေ့တောင်ဘက် ဝါးရုံချောင် နွားလဲတောင်တောရ၌ သီတင်းသုံးပါသည်။ သီဟိုဠ်မှ ပြန်လည်ကြွရောက်လာရာတွင်လည်း မင်းလှရွာ တောရကျောင်းမှာပင် သီတင်းသုံးပါသည်။ သို့သော်လည်း သီပေါမင်း၏ ပင့်ဆောင်ချက်အရ ၁၈၈၀တွင် နေပြည်တော်သို့ ပြန်လည်ကြွရောက်၍ သီတင်းသုံးရပြန်ပါသည်။

သီပေါမင်းသည်လည်း ဖခင် မင်းတုန်းမင်းကဲ့သို့ပင် ၂၃မေ ၁၈၈၀တွင် ရွှေကျင်ဆရာတော်အား တောင်တော်ဆရာတော် ဦးမာလာနှင့် တွဲဖက်၍ သာသနာစောင့် သာသနာပြုတာဝန်ကို ပေးအပ်တော်မူပါသည်။ ရွှေကျင်ဆရာတော်ကို အထူးပြု၍ အပ်သောနယ်မှာ ကိုးနယ် ဖြစ်ပါသည်။ ရွှေကျင်ဆရာတော်သည် ဇဟိုဋ္ဌာနအဖြစ် ရှစ်ခုသတ်မှတ်ရန် တပည့်ကြီးများကို စေလွှတ်တာဝန်ထမ်းဆောင်စေပါသည်။ ဇဟိုဋ္ဌာန ရှစ်ခုမှာ ရွှေမြို့တော်အတွင်း ကျောက်ဆည်နယ်၊ ရမည်းသင်းနယ်၊ တောင်တွင်းကြီးနယ်၊ မင်းလှနယ်၊ အလုံနယ်၊ ရွှေဘိုနယ်၊ ဗန်းမော်နယ်တို့ဖြစ်ပါသည်။ ရှမ်းပြည်သည် ရွှေကျင်ဆရာတော်တာဝန်ယူရသော နယ်တွင် ပါဝင်သော်လည်း

အကြောင်းမညီညွတ်၍ မဆောင်ရွက်နိုင်ခဲ့ပါ။ သီပေါမင်းက ရွှေကျင်ဆရာ တော်အား သာသနာစောင့် သာသနာပြုတာဝန်ပေးအပ်သောအချိန်သည် အောက်မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းယူပြီးချိန် ဖြစ်နေပါသည်။ ရွှေကျင်ဆရာတော်ကို အထူးပြု၍ အပ်သော နယ်ကိုးနယ်သည် အထက်မြန်မာတစ်နိုင်ငံလုံးနီးပါး ဖြစ်နေပါသည်။ ရွှေကျင်ဆရာတော်၏ အဆုံးအမ ဩဝါဒနှင့် စည်းကမ်းနည်းလမ်းများပိုမိုပျံ့နှံ့လာခဲ့ရပါသည်။

သာသနာစောင့် သာသနာပြုတာဝန်ကို ကမ်းဆောင်တော်မူပြီးနောက် ၆ နိုဝင်ဘာ ၁၈၈၄တွင် သီတင်းသုံးရာ ရွှေကျင်တိုက်မမှ မင်းကွန်းရွာမ အနောက်မြောက်ဘက်ရှိ မင်းကွန်းငွေတောင် တောရသို့ ကြွရောက်ကာ တောရဆောက်တည်ပါသည်။ မင်းကွန်းငွေတောင်တောရ၌ပင် ၂၈ မတ် ၁၈၉၄တွင် ပျံလွန်တော်မူပါသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် မင်းတုန်းမင်းနှင့် သီပေါမင်း နှစ်ပါးစလုံးလက်ထက်၌ "ရာဇဂုရု" ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း ခံရပါသည်။ ကျမ်းစာပေါင်း ၃၈စောင်ကို ရေးသားပေးခဲ့ပါသည်။ ရွှေကျင်နိကာယကို စတင်ထူထောင်ချိန်မှစ၍ (၃၅) နှစ်နီးပါး ခိုင်မာသော ခေါင်းဆောင်မှုကို ပေးနိုင်ခဲ့ပါသည်။ ရွှေကျင်နိကာယကို ထူထောင်ခြင်းနှင့်အတူ ဆက်လက်တည်တံ့ကြီးပွားရေးအတွက် အခြေခံအုတ်မြစ်ကို ချပေးနိုင်ခဲ့ပါသည်။ ရွှေကျင်ဆရာတော်အပေါ် ဘုရင်နှစ်ပါးလုံးက ကြည်ညိုရင်းစွဲရှိပြီး ဖြစ်ခြင်း၊ ဆရာတော်ကိုယ်တိုင် အပြောကောင်းခြင်း၊ တပည့်ပရိသတ်ကို သည်းခံ၍ မွေးတတ်ခြင်းတို့ကြောင့် ရွှေကျင်နိကာယ ကြီးထွားတိုးတက်လာခဲ့ရပါသည်။ ထို့ပြင် ရွှေကျင်နိကာယ တိုးတက်ထွန်းကားရေးအတွက် အရေးပါသော အကြောင်းတစ်ရပ်ဖြစ်သည့် ရွှေကျင်ဆရာတော်၏ သံသယကုက္ကုစ္စ ကြီးမားဟတ်ခြင်းကိုလည်း လက်ဆင့်ကမ်းနိုင်ခဲ့ပါသည်။

ယခုအခါ ကျေးဇူးတော်ရှင် ရွှေကျင်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခဲ့သည်မှာ အနှစ်၁၀၀ရှိပြီဖြစ်ပါသည်။ သို့သော်လည်းရွှေကျင်နိကာယကြီး ဖွံ့ဖြိုးတိုးတက်နေခြင်းနှင့်အတူ အံ့ချီးဖွယ်ရာ ဂုဏ်ပုဒ်တော်များစွာတို့သည် အစဉ်ထာဝရ ရှင်သန်နေဦးမည်သာ ဖြစ်ပါသည်။ ။

**ကိုကိုနိုင်**
(မဟာဝိဇ္ဇာ)

## ကိုးကားသောစာအုပ်စာတမ်းများ


ပဏ္ဍိတ၊ ရွှေဟသ်ာဆရာတော်၊ အရှင်။ **ရွှေကျင်နိကာယသာသနာဝင်**၊ ရန်ကုန်၊ ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၆၃–

အာနန္ဒာပဏ္ဍိတ– တရားဏာသီဆရာတော်၊ အရှင်။ **ရွှေကျင်နိကာယ မှတ်တမ်း**၊ ရန်ကုန်၊ သုဓမ္မဝတီပုံနှိပ်တိုက်၊ ၁၉၆၄။

Than Tun, Dr. **History of Shwegyin Nikaya (Shwegyin Sect in the order of Buddhist Monks) in Buma. 3 vol.** Kagoshima. The cemter for Historical Research, 1982.

ကိုကိုနိုင်၊ ဦး။ "ရွှေကျင်နိကာယ (၁၉၂၀-၆၀)"၊ မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ မန္တလေးတက္ကသိုလ်၊ ၁၉၉၂။




# ရွှေကျင်ငါးတိုက်

ဦးမောင်မောင်တင်၊ မဟာဝိဇ္ဇာ၊

F.15

# ရွှေကျင်ငါးတိုက်

ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)

မန္တလေးတောင်သမိုင်းကို ၁၂၈၅-ခု၊ တပေါင်းလကွယ်နေ့တွင် ယင်းခဲမောင်မောင်သည် ပြုစုပြီးခဲ့၍ "မန္တလေးတောင်မြောက်ဘက်ရှိ ရွှေကျင်ငါးတိုက်ခေါ်သော ကျောင်းတိုက်များ"ဟူ၍ ပြသရာ

"ရမည်းသင်းတိုက်၊ ထရံကာတိုက် ရွှေကျင်တိုက်မ ၎င်းမှာ မန္တလေးတောင်မြောက်က လင်ပန်းတိုက်စား မိဖုရား သီရိသုစန္ဒာဒေဝီက သုံးထပ်စပြင်ခံဆောက်လုပ်သည်။ ကျောင်းတော်ကို ရွှေကျင်ဆရာတော်အား လှူတော်မူသည့် မင်းကင်းတိုက်မြောက်ပြင် မြတောင်တိုက်၊ ၎င်းကျောင်းတိုက် ငါးတိုက်ကို ရွှေကျင်ငါးတိုက်ခေါ်သည်ဟူ၍သာ ရေးသားခဲ့သည်။

မန္တလေးတောင်သမိုင်းတွင် မန္တလေးရွှေမြို့တော်ရှိ ရှေးဘုန်းကြီး ကျောင်းတိုက်ကြီးများအကြောင်း ရှားရှားပါးပါး စုံစုံလင်လင်မှတ်ကမ်းတင်ထားသော်လည်း ရွှေကျင်ငါးတိုက်နှင့်စပ်လျဉ်း၍ ဤမျှသာ တွေ့ရသည်။

ဤသို့ဖြင့် ရွှေကျင်ငါးတိုက်အကြောင်းကို ပိုမိုသိရှိရန် လွန်ခဲ့သောအနှစ် ၃၀ ကျော်ကစ၍ လေ့လာခဲ့ပါသည်။ ရှေးဦးစွာ မန္တလေးတောင်အကြောင်း သိထားအပ်ပါသည်။ မန္တလေးတောင်၏ တည်နေရာသည် ၂၂ ဒသဝမ-၁ မိနစ် မြောက်လတ္တီတွက် ၉၆ ဒီဂရီ ၆ မိနစ် ၃၀ စက္ကန့် တောင်လောင်ဂျီတွက်ကွင်ရှိ၍ မန္တလေးတောင်သည် ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်၊ ကြေးနီတောင်၊ ဆေးဒါန်းတောင်၊ နဂါးရစ်တောင်၊ မန္တလေးတောင်ဟု ဆိုအပ်သော မြရည်ရောင်စို တောင်ညိုခုနစ်လုံးဖြင့် တန်ဆာဆင်ထားသည်ဟု "ကုန်ဘောင်ဘက်မဟာရာဇဝင်တော်ကြီး" မျက်နှာ ၁၃၈၁။ မန္တလေးမြို့တည် နန်းတည် စာတမ်း မျက်နှာ ၂ ၌ ဆိုထားသည်။ မန္တလေးတောင်ပေါ်၌ ဆုတောင်းပြည့်စေတီရှိသည် (ကုန်းဘောင်မျက်နှာ-၁၁၁၉)။ မန္တလေးတောင်ပေါ်ဘုရား ရှင်နှင့် စောင်းတန်း၊ စရပ်။ ရေကန်များကို ပြင်ဆင်တည်လုပ်ကျွေးဖော်သည့် ကုသိုလ်ဖော်မှာ ဘကြီးတော်ဘုရား (စစ်ကိုင်းမင်း) ကောင်းမှုဆိုထားသည် (သက္ကရာဇ် ၁၁၈၀-၁၁၉၁)။ သက္ကရာဇ် ၁၂၂၀ ပြည့် သီတင်းကျွတ်လ။ မင်းတုန်းမင်းတရားရတနာပုံမြို့တော်ကြီး ဆောက်လုပ်စဉ် ရွှေနန်းတော်က မန္တလေးတောင်ထိပ်အရောက် လက်ဝဲ-လက်ယာ မီးစောင်းတန်းသုံးညထွန်းညှိပူဇော်ကော်မူသည်

(မျက်နှာ–၁၄၁၇)။သက္ကရာဇ် ၁၂၂၆–ခု၊ ပထမဝါဆို လ၌ သမီးတော် စလင်းမြို့စား မင်းသမီးက ကုသိုလ်တော်ပွား မန္တလေး တောင်ထိပ်ဘုရားဦးတွင် စရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ မန္တလေး အနောက် စောင်းတန်းအလယ် လက်ယာဘက်တွင် ပလ္လင်ခံရပ်ပွားတော်ကြီးနှင့်တကွ ကိန်းဝပ်တော်မူရာ မှန်စီပြသာဒ်တော်ကြီးကို မင်းတုန်းမင်း ဆောက်လုပ်သည့် တစ်ဝက်ဘုရားဟူ၍တည်သည်။

သက္ကရာဇ် ၁၂၄၀–ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁–ရက်နေ့ သီပေါမင်းနှင့်မိဖုရားတို့ မန္တလေးတောင်ထိပ် စေတီတော်ဘုရား၊ မြတ်စောညီနောင်ဘုရား၊ ဗျာဒိတ်ညွှန်း၊ ရွှေရပ်တော်ကြီးဘုရားများကို အဖူးအမြော်ထွက်သည်။ မန္တလေးတောင်ခြေတွင် ကွန်းဆောက် စံနန်းတော်မှစ၍ တောင်ထိပ်ရောက်စခန်း သင့်ရာနန်းတော်များကို ဆောက်လုပ်ပြီးစေသည်။ မင်းနှစ်ပါးထွက်တော်မူ၍ ရှေ့ခြောက်တပ်၊ နောက်ခြောက်တပ် တပ်ဝင်း ခင်းကျင်း၍ ရထားတော်နှင့် ထွက်တော်မူသည်။ မြတ်စွာဘုရားရှင်တို့အား အထူးထူးသော လှူဒါန်းဖွယ်တို့ဖြင့် ပူဇော်ပြီး ထိုနေ့မှာပင် နန်းတော်သို့ဝင်သည်။

• မန္တလေးတောင်ပေါ်ဘုရားခေါ် ဆုတောင်းပြည့်စေတီသည် ရေးပုဂံခေတ်အခါ အနော်ရထာမင်း တရုတ်ပြည်မှ စွယ်တော်ပင့်အပြန်တည်ထားသော ဘုရားဟုဆိုသည်။ အမရပူရမြို့တည် နန်းတည် ဘိုးတော်ဘုရားလက်ထက် အိမ်ရှေ့မင်း သီရိမဟာဓမ္မာဘိဇယသီဟသူရလည်း ဤဘုရားကိုပြင်ခဲ့သည်။ သက္ကရာဇ် ၁၁၈၁–ခုနှစ် ဘကြီးတော် (စစ်ကိုင်းမင်း) တစ်ကြိမ်ထပ်မံ၍ ပြင်ဆင်ရာ စေတီတော်နှင့်တကွ စောင်းတန်း စရပ် ရေကန်များပါ ပြင်ဆင် တည်ထောင်ကြောင်း၊ မင်းတုန်းမင်းတရားကြီးလက်ထက် နရပတိစည်သူကောင်းမှု "မြတ်စောနောင်" ဘုရားနှစ်ဆူကို ဆုတောင်းပြည့်စေတီ တိုက်အုပ်ဂူအတွင်း ကိုးကွယ်ထားသည်။ မုံရွှေးဇေတဝန် ဆရာတော်ဘုရားကြီး၏ ရာဇဝင်ချုပ်ခေါ် "စေတီယကထာ" ကျမ်း၌ ဘိုးတော်ဘုရားသားတော် အိမ်ရှေ့မင်းသည် ဆုတောင်းပြည့်ဘုရားကို ရှေးအပြည့်တည်ခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။

ဤသို့ မန္တလေးတောင်၏မြောက်ဘက် ... မန္တလေးတောင်ရိပ်ကိုခို၍ "ရွှေကျင်ငါးတိုက်"ကို မင်းတုန်းမင်းတရားကြီးလက်ထက်၌ တည်ဆောက်ခဲ့သည်။ ရွှေကျင်ငါးတိုက်ကို "မဟာဓမ္မိကာရာမတိုက်" ဟူ၍ ကမ္ပည်းတင်သည်။ ယင်းရွှေကျင်ငါးတိုက်တွင် ရွှေကျင်တိုက်မကြီးကို အရံကျောင်းတိုက်လေးတိုက်နှင့်တကွ သက္ကရာဇ် ၁၂၂၃–ခုဖွင့် တည်ဆောက်ပြီးလျှင် မင်းတုန်းမင်းတရားကြီးက ပထမရွှေကျင် ဆရာတော်ဘုရားကြီး ဦးဇာဂရကို ရှိမ်းမကားရွာမှ တပည့်သံဃာများပါပင့်ပြီး ကျောင်းတင်လှူဒါန်းသည်။ ဤသို့ တည်ဆောက်သော ရွှေကျင်တိုက်မကြီးတွင် ထူးခြားစွာ တိုက်ပေါင်း ၂၆၂ တိုက်ရှိပြီး တိုက်အတွင်း အဆောက်အဦအချို့ အပါအဝင် ငွေပေါင်း ၂၂၂၃၅၅ ကျပ် ကုန်ကျသည်။ ဤသည်ကို "ရွှေကျင်တိုက်မ၊ တိုင်းပေါင်းပြ၊ မှတ်ကြဖွိုသောဒွါ။ ။ ပြည်ပန်းညို ချိုချိုခက်၊ ရွှေကျင်တိုက်မငွေကုန်မှတ်"ဟူ၍ မင်းကွန်းငွေတောင်တောရပတ္တမြားဆရာတော်က အကျဉ်းချုပ်မှတ်ရန်ပြခဲ့သည်။

ရွှေကျင်ငါးတိုက်အမည်မှာ–(၁)ထရံကာတိုက် မိုင်းလုံတိုက်လည်းခေါ်သည်။ (၂) ရမည်းသင်းတိုက်။ (၃) မဟာဓမ္မိကာရာမရွှေကျင်တိုက်။ (၄) မင်းကင်းတိုက်။ (၅) မြတောင်တိုက်များ ဖြစ်ကြသည်။ ရွှေကျင်တိုက်သည် အရှေ့အနောက်တန်းလျက်ရှိပြီး တိုက်မကြီးသည် အလယ်ဗဟိုမှာရှိသည်။

ရွှေကျင်ငါးတိုက်၏ ရွှေကျင်ပထမဆရာတော်ကြီးသည် ရှင်ဇာဂရ ဖြစ်သည်။ ရွှေဘိုမြို့တောင်ဘက် လုတောကြီးငါးရွာ အဝင်အဝါ "ရွှေကျင်ရွာမှဖြစ်

သည်။ သက္ကရာဇ် ၁၁၈၄–ခု၊ ဝါဆိုလပြည့်ကျော် ၁၂–ရက်နေ့တွင် အဘဦးမောင်၊ အမိဒေါ်မိ တို့မှ ဆရာတော်လောင်း–ငယ်မည် မောင်သန့်ကို ဖွားမြင်သည်။ ငယ်စဉ်က မောင်သန့်သည် မဟာဗောဓိကျောင်းတိုက်ဆရာတော် ဦးဝရဇုဒ္ဓိနှင့် ရွှေဘိုမြို့ ဝက်ပါကျောင်း ဆရာတော်တို့ထံ စာပေပိဋကတ်သင်ကြားသည်။ အရွယ်ရောက်လတ်သော် ရဟန်းပြု၍ ရဟန်းဘွဲ့မှာ–ရှင်ဇာဂရ ဖြစ်သည်။ ထို့နောက် သီးလုံးဆရာတော်ထံ၌ ဆက်လက်စာပေသင်ကြားသည်။ ၁၉ ဝါရသော် မင်းတုန်းမင်းတရားက ပင့်ဆောင်၍ မန္တလေးမြို့ မန္တလေးတောင်မြောက်ဘက် ရွှေကျင်ဝိဟာရငါးတိုက် မဏိပဗ္ဗတ မြတောင်တိုက်၊ မင်းကင်းတိုက်၊ ရွှေကျင်တိုက်မ၊ ထရံကာတိုက် (မိုင်းလုံတိုက်)၊ ရမည်းသင်းတိုက် ဟူသော မဟာဓမ္မိကာရာမ ရွှေကျင်တိုက်ငါးတိုက်တွင် သီတင်းသုံးနေတော်မူသည်။ သက္ကရာဇ် ၁၂၃၀–ပြည့်နှစ်တွင် အလုံ၊ ဗန်ကျီ၊ တလုပ်မြို့၊ ရတနာသယံမြို့တို့တွင် သာသနာပြုရန် လွှဲအပ်ခြင်းခံရသဖြင့် ဆရာတော်သည် ဂိုဏ်းချုပ်ဂိုဏ်းအုပ်အဖြစ် ဆောင်ရွက်ရသည်။ သက္ကရာဇ် ၁၂၃၃–ခုတွင် "မဟာဝိသုဒ္ဓါရာမ"တိုက်ကို အလှူခံတော်မူသည်။ ၁၂၃၈–ခုတွင် သီဟိုဠ် (သီရိလင်္ကာ)သို့ ကြွမည်ပြုရာ မလွန်မြို့ မင်းလှရွာသို့ ရောက်ခိုက် တပည့်များ၏ လျှောက်ထားချက်အရ ဝါးရုံချောင်း၊ နွားလန်တောင်တောရတွင် သီတင်းသုံးရပြန်သည်။ တဖန် သီပေါမင်းလက်ထက် သက္ကရာဇ် ၁၂၄၃–ခုတွင် မန္တလေးမြို့သို့ ပြန်လည်ပင့်ဆောင်ကိုးကွယ်ခြင်းခံရပြီး "ဇာဂရာဘိဝံသဓဇ သဒ္ဓမ္မဝရဓမ္မ ဒေသနာပတိအတုလာဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့နှင့် သာသနာပိုင်အဖြစ် ကပ်လှူခံရသည်။ သက္ကရာဇ် ၁၂၄၆–ခု၌ ဆရာတော်သည် မင်းကွန်းငွေတောင်တောရကြွ၍ ဝါကပ်ဝါဆိုသည်။ ဆရာတော်ဘုရားကြီးသည် သက္ကငှကျမ်းဂန်လည်း တတ်ကျွမ်းသည်။ သက္ကရာဇ် ၁၂၅၅–ခုနှစ်၊ သက်တော်(၇၁)နှစ်တွင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသည်။ ဆရာတော်ဘုရားကြီးသည် ပါဠိပိဋကတ်ကျမ်းပေါင်း ၃၆ ကျမ်း ပြုစုခဲ့ပေသည်။

ရွှေကျင်တိုက်မကြီး၏ တောင်ဘက်တွင် ပတ္တမြားကန်ရှိ၍ ထိုကန်၏အထက်တွင် ရွှေကျင်ပဌမဆရာတော်ဘုရားကြီး၏ ကျောက်ဂူရှိသည်။ ထိုဂူအတွင်း၌ ဆရာတော်ဘုရားကြီး၏ ကြေးရုပ်တုတော်ပူဇော်ထားခဲ့သည်။

ရွှေကျင်ငါးတိုက်အဝင် မဏိသေလာပဗ္ဗတ မြတောင်တိုက်ရှိသည်။ သက္ကရာဇ် ၁၂၃၆–ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးသည် မန္တလေးတောင်ခြေမြောက်ဘက်ဟွင် ကျောင်းကြီးဆောက်ပြီး မြတောင်ဆရာတော်အရှင်အာလောကကို ကျောင်းတင်သည်။ ရှင်အာလောကသည် ပုဂံမြို့ ဝက်ကြီးအင်းရွာ၌ သက္ကရာဇ် ၁၁၈၃–ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့တွင် ဖွားသည်။ ငယ်စဉ်က သင်္ဂဇာ ဆရာတော်ထံ စာပေသင်ကြားပြီး ရဟန်းပြုသည်။ မင်းတုန်းမင်း၏သမီးတော် မြတောင်မင်းသမီး (နောင်သီပေါမင်း၏ မိဖုရားခေါင်ကြီး ဖြစ်သူ)သည် ၉–နှစ်အရွယ်ကပင် ဆရာတော်ကို ကိုးကွယ်သည်။ မြတောင်မင်းသမီး မိဖုရားခေါင်ကြီး ဖြစ်လျှင် သက္ကရာဇ် ၁၂၄၄–ခုနှစ်တွင် မန္တလေးအနောက်ပြင် "မဏိရတနာရာမ" မြတောင်တိုက်ကို ဆောက်လုပ်ပြီး ဆရာတော်အား လှူဒါန်းသည်။

ဆရာတော်ကြီးသည် မင်းတုန်းမင်းလက်ထက်၌ "အာလောကာဘိဝံရ အတုလဓိပတိဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်များရသည်။ သက္ကရာဇ် ၁၂၅၇–ခုနှစ် သက်တော် ၇၄–နှစ်တွင် ပျံလွန်တော်မူသည်။ ပါဠိကျမ်းဂန်ပေါင်း၉–ကျမ်းပြုစုခဲ့သည်။ ဤမဏိသေလာရာမတိုက်တွင် သိမ်ကျောင်းနှင့် ဘုန်းကြီးဦးဝိသုဒ္ဓလက်ထက်ပြုစုသော "ဆုတောင်းရ"

စေတီရှိသည်။ ကျောင်းကြီးသည် ၁၉၄၅–ခု မဟာမိတ် အမေရိကန်တို့ပြန်လာရာ မီးသင့်လောင်သဖြင့် ရှေးကျောင်းဟောင်းကြီး မရှိတော့ချေ။

ရမည်းသင်းတိုက်၌ ရှေးကပဋ္ဌမရွှေကျင် ဆရာတော်ဘုရားကြီးနှင့်တွဲဖက်၍ သာသနာပြုသော ဝါယမ ဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော် ဦးဝါယမ သီတင်းသုံးခဲ့သည်။

ထရံကာတိုက်–မိုင်းလုံတိုက် ဟူ၍လည်း ခေါ်ကြသော အရံကျောင်းတွင် ဆရာတော်ဣန္ဒာကာဘိဓဇသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဦးဣန္ဒက ဆရာတော်သီတင်းသုံးခဲ့သည်။ ထရံကာတိုက်ခေါ်သည်ကား တိကျစွာမသိရ။ မိုင်းလုံ အမည်သည်ကား မင်းတုန်းမင်း တရားကြီးလက်ထက် သရစိမ်း မိဖုရား သီရိသုစန္ဒာမဟေတွင်–

(၁) နောင်မွန်မင်းသမီး သီရိဘုမလ္လာဝတီ

(၂) မောင်တော် ငရနဲမင်းသား–ငယ်ကလွန်

(၃) နှမတော် တိုက်စားမင်းသမီး သုသီရိစန္ဒာဝတီ

(၄) ညီမတော် မိုင်းလုံမင်းသမီးဟု သီရိကေသာဝတီ (မယ်ငြိမ်း)

ဟူ၍ရှိရာ–မိုင်းလုံတိုက်သည် မိုင်းလုံမင်းသမီး၏ ကသိုလ်တော်များ ဖြစ်မည်လော ကြံဆရသည်။ စဉ်တူစွာ–မင်းကင်းတိုက်သည်လည်း မင်းတုန်းမင်း၏ သမီးတော် မင်းကင်းမင်းသမီး (မကွေးမိဖုရားသမီး သီပေါ မင်းလက်ထက် တေ့နှင့်စပ်လျဉ်း၍ အင်္ဂပတ်မြို့ဝန်ထံ အပ်ထားရာလွန်)၏ ကသိုလ်များဖြစ်မည် မသိရချေ။

ရွှေကျင်တိုက်မကို ဆောက်လုပ်လှူဒါန်းသော လင်းပန်းတိုက်စား မိဖုရား သီရိသုစန္ဒာဒေဝီသည် ဆွေကြီးမျိုးကြီးမှဖြစ်သည်။ မြောက်နန်းမိဖုရား ရှင်သဲနှင့်လည်း ညီအစ်မတော်သည်။ မြန်အောင်စာရေးကြီး၏ ပထမဇနီး မရှိနောက် ဒုတိယဇနီး သခင်ကြီးမှ လင်ပန်းမိဖုရားကိုမွေးသည်။ ဤမြောက်နန်းမိဖုရား မယ်သဲ၏ဖခင်သည်လည်း မြန်အောင်စာရေးကြီးပင် ဖြစ်သည်။ လင်ပန်းတိုက်စားမိဖုရားတွင် သက်ပန်းတိုက်စား သီရိသုပဘာဒေဝီမိဖုရား၊ မအေတူ သခင်ကြီးမှ သီရိသုန္ဒာမဟေဘွဲ့ခံ သရစိမ်းမိဖုရားတို့ ရှိကြသည်။ လင်းပန်း၏မောင်တစ်ဦးမှာ ရေနံ့သာမြို့စား ဦးရွှေမောင်ဖြစ်သည်။ မင်းတုန်းမင်းက အမည်ပျောက်၍ "ရေနံ့သာ" ဟူ၍သာ ခေါ်လေ့ရှိသည်။ လင်ပန်းမိဖုရားတွင် သမီးတော် သုသီရိမြတ်စွာရတနာဒေဝီကို ဖွားမြင်၍ မင်းတုန်းမင်းတရားကြီး ချစ်မြတ်နိုးတော်မူသဖြင့် "ပင်တိုင်စံ" ဖြစ်ရသည်။ သီပေါမင်းလက်ထက် အနိမ့်အကျထားရာနာ၍လွန်သည်။ မောင်တော်–ညီတော် ၁–ငယ်က လွန်သည်။ ညီတော် မင်းသား သတိုးဗညားသည် ခမည်းတော် မင်းတုန်းမင်းတရားကြီး၏ တမာပင်မိဖုရားတွင်ဖြစ်သည့် ကုပ်ရှာမင်းသမီးနှင့် စုံဘက်ရာဖြစ်သည်။ "ဘိုးတော်ချစ်" မြေးတော်ကို သီပေါမင်းလက်ထက် လက်ဝဲဝင်းတော်မှူးထံ အပ်ထားရာလွန်သည်။ ကျပင်းမင်းသားမှာ ရန်ကုန်မြို့သို့ မယ်တော် ရွှေ့ပြောင်းစံတော်မူရာ အတူပါသည်။ ညီတော် ရနောင်မင်းသား ဗညားလေးသည် သီပေါမင်းလက်ထက် ၁၂၄၀–ခုနှစ် သေတော်မှာလွန်သည်။ ထရံကာတိုက် အမည်သည်ကား ထရံကာမည့်ကျော် ဆရာတော်ကိုစွဲ၍ ခေါ်ခဲ့ဟန်တူသည်။

ရွှေကျင်ငါးတိုက် မတည်ထောင်မည့်ကာလ ခမည်းတော် သာယာဝတီမင်းလက်ထက် မင်းတုန်းမင်းသားသည် မင်းသားကြီးတို့နေရာကိုခံယူပြီး လွတ်ရုံးသို့ တက်ရောက်စီရင်စဉ်အခါကပင် မွေးကိုမြို့နယ် သီးလုံးတောရ ဆရာတော်ရှင်စန္ဒိမာ "စန္ဒိမာဘိဝံသသီရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့ဆိပ်

တော်ရ ဆရာတော်ကိုကြည်ညိုသဖြင့် မင်းဖြစ်သောအခါ ရတနာပုံနေပြည်တော်သို့ ပင့်သေးသည်။ မလိုက်ပါသဖြင့် သီးလုံးရွာ၌ပင် "ရတနာပုံစံကျောင်းတော်" ဆောက်လုပ်လှူဒါန်းသည်။ တဖန်-သီးလုံးဆရာတော်နှင့် အယူသီလတူမျှသော ရွှေဘိုနယ် ခေါ်တောရွာနေ ရှင်နန္ဒမထေရ် ရှမ်းကလေးကျွန်းဆရာတော်အား သက္ကရာဇ် ၁၂၁၇-ခုတွင် ပင့်၍ အမရပူရအနောက်ပြင် ရှမ်းကလေးကျွန်းအရပ်တွင် ကျောင်းတော်ဆောက်လုပ်လှူဒါန်းသည်။

ထေရဝါဒ သာသနာတော်သည် ရှေးပုဂံခေတ် ပုဂံဆပဒမထေရ်၊ ထို့နောက် ပုခန်းကြီးဆရာစဉ်ခုနစ်ဆက်၊ ဒိပဲယင်း နံ့မောဆရာစဉ်နှစ်ဆက်မှ သီလုံးဆရာတော်လက်ထက်တိုင် စောင့်ရှောက်လာကြသော ပုဂံဂိုဏ်းကွဲစဉ်က ပစ္ဆိမဂိုဏ်း၊ ထို့နောက် အတင်အရုံကွဲသောအခါ အာရုံဂိုဏ်း၊ ဘိုးတော်ဘုရားလက်ထက် သဘာဂ ဝိသဘာဂ ဇုဋ္ဌဂဏ္ဌိ မဟာဂဏ္ဌိ ကွဲသောအခါ သဘာဂဂိုဏ်းဟုတွင်ခဲ့ပြီးနောက် မင်းတုန်းမင်းတရားကြီးလက်ထက်တော်မှ ရွှေကျင်ဂိုဏ်းဟူ၍ ဖြစ်ပေါ်လာသည်။

ရွှေကျင်ဆရာတော်သည် ၁၉-ဝါရမှ မန္တလေးမြောက်ပြင်၊ မန္တလေးတောင်ခြေ မဟာမမ္မိကာရာမ တိုက်တော်သို့ ရောက်လာသည်။ ထိုစဉ်က ရှမ်းကလေး သာသနာကို ပျိုးထောင်ခဲ့ကြသည်။

ရွှေကျင်ဂိုဏ်းသာသနာတွင် သီးလုံးဆရာတော်ဘုရားကြီးနှင့် ရှမ်းကလေးကျွန်း ဆရာတော်ဘုရားကြီးများနောက်ပိုင်းတွင် မန္တလေးတောင် ရွှေကျင်ငါးတိုက်မှ ဆရာတော်ဘုရားကြီးများက ဆက်လက်ပြီး သာသနာတော်ဝန်ကို ထမ်းဆောင်စောင့်ထိန်းလာကြသည်။ ရန်ကုန်မြို့မှာလည်း ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးသည် အညာအုန်းတဇဉ်တောရ၌ အရညကင်ရုတင်ဆောက်တင်ပြီး၍ ၁၄-ဝါမြောက်တွင် ရွှေကျင်တိုက်ဝင် မိုင်းလုံးတိုက်၌ ဝါကပ်ပြီး စာချ သီတင်းသုံးနေထိုင်သည်။ ထိုစဉ်အခါ သီပေါမင်းတရားက ပဋ္ဌမစာချဆရာတော်အဖြစ် ချီးမြှင့်ပူဇော်သည်။ ထိုနောက်တွင် ရန်ကုန်မြို့ ကျောင်းတော်ရာတိုက်တွင် သာသနာပြုသွားရာ သီပေါမင်းက "သာသနာလင်္ကာရသဒ္ဓမ္မာဘိဝံသက ဝိဇမဟာဓမ္မ ရာဇာဓိရာဇဂုရု" ဟံဆိပ်ဆက်ကပ်သည်။ တစ်ဖန် သံတောင်ဟုန်မြို့ ရွှေဟင်္သာတောရတိုက်ကို အလှူခံ ရပြီး သာသနာပြုပြန်သည်။ ဆရာတော်ကြီးသည် သက္ကရာဇ် ၁၂၇၃-ခု သီတင်းကျွတ် ၄၈-ဝါတွင် ရန်ကုန်မြို့ ကျောင်းတော်ရာသို့ပြန်သည်။ ၁၂၈၇-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့ ၆၄-ဝါ မြောက်၊ သက်တော် ၈၃-နှစ် ဆရာတော်ကြီး ပျံလွန်တော်မူသည်။

ဤသို့ဖြင့် ရွှေကျင်သာသနာတော်ကြီးကို မန္တလေးမြို့ ရွှေကျင်ဂိုဏ်း သက်တော်ရှည်စံကင်း ဆရာတော်ဘုရားကြီး (၁၀၂-နှစ်)၊ သက်တော်ရှည် သရေတော် ဦးကောဏ္ဍ (၁၀၄-နှစ်)တို့ ဆက်လက်ပြီး ရွှေကျင်ဂိုဏ်း သာသနာပိုင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ယခုအခါ စစ်ကိုင်း ရွှေဟင်္သာကျောင်းတိုက် သက်တော်ရှည် သာသနာပိုင် ဆရာတော်ဘုရားကြီးသည် မြတ်စွာဘုရား၏ သာသနာတော်ကြီးကို နေလို လလို ထွန်းလင်းစေရန် ကြိုးစားဆောင်ရွက်လျက် ရှိရာ "ဘာမှ" အကြိမ်ကြိမ် ခေါ်ရပါသတည်း။

ဦးမောင်မောင်တင်
(မဟာဝိဇ္ဇာ)



# ရွှေကျင်ဆရာတော်၏ ကြည်ညိုဖွယ်ပုံရိပ်များ

ဦးအောင်ကြည်

ရွှေကျင်ဆရာတော် (၁၁၈၄–၁၂၅၅)သည် ကုန်းဘောင်ခေတ် နောက်ဆုံးမင်းနှစ်ပါး၏ အကိုးကွယ်ခံ ရာဇဂုရု ဆရာတော်ဖြစ်သည်။ ရာဇဂုရု ဖြစ်သော်လည်း ဆရာတော်သည် မင်းနေပြည်တော်မှာ မပျော်မွေ့၊ တောမှာသာ ပျော်မွေ့တော်မူသည်။ ဆရာတော်၏ ဘဝနောက်ဆုံးအချိန်များသည် တောမှာပင် ကုန်လွန်တော်မူသွားခဲ့သည်။

ဆရာတော်သည် မင်းနှစ်ပါးတို့က ရာဇဂုရုဘွဲ့ တံဆိပ်တော် ဆက်ကပ်ကြသော်လည်း ထိုဘွဲ့တော်ကို လက်ခံတော် မမူခဲ့။ မင်းဆက်ကပ်သောဘွဲ့ထက် မိမိကိုယ်တိုင် ကျင့်ကြံကြိုးကုတ် အားထုတ်ထားသော သီလ သမာဓိ ပညာများကိုသာ အလေးထားတော်မူသည်။

ဆရာတော်ဘုရား အလေးထားတော်မူသော ဆရာတော်ဘုရား၏ သီလ၊ သမာဓိ၊ ပညာများကို တိုင်းတာ တွက်ချက် ဖော်ပြနိုင်စွမ်းသော စွမ်းရည် ကျွန်တော့်မှာ အလျဉ်းမရှိပါ။ စိုးစဉ်းမျှ မရှိပါ။ ဤအကြောင်းအရာများကို တွက်ချက်တိုင်းတာ ဖော်ပြနေပါလျှင်လည်း ပညာရှိတို့ ရယ်ဖွယ်သာ ဖြစ်ပါမည်။ မည်သို့မျှ အမြီးအမောက် တည့်မည်မဟုတ်ပါ။ ရှေ့နောက်လည်း ညီမည် မဟုတ်ပါ။

သို့ပါ၍ ထိုအကြောင်းအရာများကို ပေယျာလခံ ဝကွက်ချန်ပြီး ဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ် ရုပ်လုံးအချို့ကိုသာ စွမ်းနိုင်သမျှ ဦးစားပေး ဖော်ပြချင်ပါသည်။

* * *

### ရွှေကျင်ဆရာတော်နှင့် သူ့သတ်ဩဝါဒမေတ္တာစာ

သမိုင်းကိုလေ့လာလျှင် သမိုင်း၏ အမည်းစက်များကို မြင်တွေ့ရတတ်၏။ ယင်းသည် မြန်မာတို့

ဆိုရိုးစကားအရ ဆွမ်းဆန်ထဲ ကြွက်ချေးရောသည့် ပုံပင် ဖြစ်၏။

ငရမန်သည် ပုဂံခေတ်၏ အမည်းစက်ဖြစ်၏။

သိုဟန်ဘွားသည် အင်းဝခေတ်၏ အမည်းစက် ဖြစ်၏။

ဇေက်ာသည် တောင်ငူ ခေတ်၏ အမည်းစက် ဖြစ်၏။

ရနောင်မောင်မောင်တုတ်သည် ရတနာပုံခေတ်၏ အမည်းစက် ဖြစ်၏။

ဂဠုန်စောသည် ပြည်ထောင်စုခေတ်၏ အမည်းစက် ဖြစ်၏။

ရွှေကျင်ဆရာတော်ဘုရားသည် အာဏာအားကိုး၊ လက်နက်အားကိုး တုတ် ဓား မိုးပြီး ကြမ်းချင် တိုင်းကြမ်း၊ ရမ်းချင်တိုင်းရမ်းနေသည့်–

*တစ်ဘဝတွက်တာနှင့် သံသရာမှာ
ပျွမ်းစောက်ထိုး၊
အဝီစိမှာ အောက်ဆုံးမျိုး၊
ကိုယ်ကျိုးကြီး နဲစရာ၊
အဒ္ဒဿေန အသဒ္ဒေန= ဓား မကျိုး လုံမရ၊
နန္ဒီသေနတို့ ထုံးပုံ၊
တရားမပျက် မှုကုန်အောင်
နလုံးရည်နှင့် မကြံဆောင်၊
အစွယ်နှင့် လက်သည်းကို အားခဲသည့်
တောကျားရဲအကောင်လို*

မိမိခေတ်မှာ ရာဇဝင်ရိုင်းခဲ့သော သမိုင်း၏ အမည်းစက် ရနောင်မောင်မောင်တုတ်ကို **သူသတ်သြဝါဒမေတ္တာစာ** ရေးသားပြီး ဤသို့နှယ် မေတ္တာရေ့ထား ဆုံးမခဲ့သည်။

၁။ မဟော့ရမ်းနှင့်၊ မဟော့ရမ်းနှင့်၊
ဟော့ရမ်း ပရမ်းပတာဖြစ်တတ်သည်။
၂။ မပေါ့လွှမ်းနှင့်၊ မပေါ့လွှမ်းနှင့်၊
ပေါ့လွှမ်း ဥစ္စာကုန်ခန်းတတ်သည်။
၃။ မကြော့ကြမ်းနှင့်၊ မကြော့ကြမ်းနှင့်၊
ကြော့ကြမ်း သူများရယ်သွမ်းသွေးတတ်သည်။
၄။ မရုန့်ကြမ်းနှင့်၊ မရုန့်ကြမ်းနှင့်၊
ရုန့်ကြမ်း သူများမုန်း၍ ပန်းတတ်သည်။
၅။ မသော့သွမ်းနှင့်၊ မသော့သွမ်းနှင့်၊
သော့သွမ်း အဝီစိမှာ ခါးပန်းသတ်လိမ့်မည်။

* * *

## ရွှေကျင်ဆရာတော်နှင့်မြောက်ဥယျာဉ်တော်

အခါတစ်ပါး၌ ရွှေကျင်ဆရာတော်ဘုရားနှင့် တကွ ဆရာတော်အချို့ကို မင်းတုန်းမင်းတရားကြီးက မြောက်ဥယျာဉ်တော်သို့ပင့်၍ ကြွတော်မူလာကြရာ ဆရာတော်များ ရောက်နှင့်သော်လည်း မင်းတရားကြီး ရောက်မလာသေး၍ ဆရာတော်များသည် ဥယျာဉ်တော်အတွင်း ထိုထို၌ာနတို့သို့ အညောင်းပြေကြွရောက်ကြည့်ရှုတော်မူကြသဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီးသည်လည်း နေရာမှထ၍ တစ်ခုသောသစ်ပင်အောက်၌ သစ်ကိုင်းကို လက်လှမ်းဆွဲကာ ရပ်တော်မူနေစဉ် မင်းတရားကြီး ဥယျာဉ်တော်သို့ ရောက်လာလေသည်။

မင်းတရားကြီး လာနေသည်ကို မြင်သော်လည်း ရွှေကျင်ဆရာတော်သည် နေတော်မူမြဲ သစ်ကိုင်းကို လက်လှမ်းဆွဲကိုင်လျက်ရှိသော ဣရိယာပုထ်ကို မဖျက်မူ၍ လက်လှမ်းလျက်ပင် နေတော်မူသည် ဟူ၏။

ရွှေကျင်ဆရာတော် ဣရိယာပုတ် မဖျက်ဘဲ နေတော်မူသည်ကို မြင်သော အခြား ဆရာတော်တစ်ပါးက–

*ရွှေကျင်ဆရာတော်၊ မင်းတရားကြီးကို လက်ကတီးမွေးများ ပြနေပါသလား*ဟု ပြက်ရယ်ပြုသည်ဟု တစ်ဆင့် ကြားသိရသည်။

ရွှေကျင်ဆရာတော် ဣရိယာပုတ် မဖျက်ဘဲနေတော်မူခြင်းမှာ မဟာနိဒ္ဒေသ ပါဠိတော်လာ*ကြည်ညို

ဖွယ်ကို ရှေးရှု၍ ဣရိယာပုတ်ပြုပြင်ခြင်း(ကုဟန) မဖြစ်စေရန်* နေတော်မူခြင်း ဖြစ်သည်။

လာဘ်လာဘကို တောင့်တ၍ သူတစ်ပါးကြည်ညို အောင် ရပ်ခြင်း၊ သွားခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း ကိုပြုလျှင် ကုဟန ဖြစ်၏။ ပူဇော်သကာကို တောင့်တ ပြုလျှင်လည်း ကုဟန ဖြစ်၏။ ယင်းကုဟနကြောင့် ရသောပစ္စည်းဖြင့် အသက်မွေးသော ရဟန်းသည် မိစ္ဆာဇီဝဖြင့် အသက်မွေးသည် မည်၏။ အာဇီဝ ပါရိသုဒ္ဓိသီလ ပျက်၏။

ဤသီလကို စောင့်ထိန်းတော်မူသောအားဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီးသည် ဣရိယာပုထ်ကို မဖျက်ဘဲ သစ်ကိုင်းကို ကိုင်ဆွဲလျက် နေမြဲနေတော် မူခြင်း ဖြစ်လေသည်။

* * *

## ရွှေကျင်ဆရာတော်နှင့် လှူသူတော်ကပ္ပိယ

အခါတစ်ပါး၌လည်း ရွှေကျင်ဆရာတော်ဘုရား ကြီး၏ လှူသူတော်ကပ္ပိယသည် နံနက်ဘက်၌ ရွှေကျင်ဆရာတော်ဘုရားကြီးအား ဝါးဆေးအနည်း ငယ်ကို ကပ်၏။ ဆရာတော်ဘုရားကြီး အသုံးပြု တော်မူပြီးနောက် သူတော်ကပ္ပိယသို့ ပြန်၍ စွန့် လိုက်၏။

နောက်တစ်နေ့နံနက်၌ သူတော်ကပ္ပိယသည် ဝါးဆေးကပ်ပြန်၍ ဆရာတော်ဘုရားကြီးသည် အနည်းငယ်သုံးတော်မူခြင်း၊ သံသယရှိသဖြင့်–

* ဟဲ့–သူတော်၊

ဒီဆေးဟာ မနေ့က ကပ်ပြီးဆေး မဟုတ်လား*

ဟု မေးတော်မူရာ ကပ္ပိယက–

* ဟုတ်ပါသည်*ဟု လျှောက်လျှင်၊

* ဟယ်–ကိုယ်ကျိုးနဲပါပြီ*ဟု ညည်းတွားတော် မူကာ အားလုံးကို စွန့်တော်မူလိုက်လေသည်ဟူ၏။

အဘယ်ကြောင့် ညည်းတွားတော်မူသနည်းဟူမူ–

ရဟန်းကိုယ်တိုင် အကပ်ခံ၍ တစ်နေ့တာ သိုမှီး ထားသည့် ယာဝကာလိကဝတ္ထုကို တစ်ဖန်သုံးဆောင် လျှင်သန္နိဓိပါစိတ်အာပတ်သင့်ခြင်းကြောင့် ညည်းတွား တော်မူခြင်းဖြစ်သည်။ကြီးသည် ငယ်သည်မဟူ သိက္ခာ ပုဒ်တော်ကို ဤသို့လျှင် ရိုသေ လေးစားတော်မူပါ ပေသည်။

## ရွှေကျင်ဆရာတော်နှင့် မင်းတုန်းမင်း

တစ်နေ့သ၌ မင်းတုန်းမင်းတရားကြီးသည် အမတ်တစ်ယောက်ကို စေလွှတ်၍ ရွှေကျင်ဆရာတော် ဘုရားကြီးအား ဆွမ်းအလှူခံကြွတော်မူရန် နန်းတော် သို့ ပင့်စေသည်။ အမတ်သည် ရွှေကျင်တိုက်သို့ သွား၍ ရွှေကျင်ဆရာတော်ဘုရားကြီး၏ထံမှောက် ရောက်ကာလ ရွှေကျင်ဆရာတော်ဘုရားကြီး သက်န်းရုံတော်မူနေသည်ကို မြင်ရ၏။

* ဒကာတော်ရေမြေ့ရှင်က နန်းတော်သို့ ကြွရောက် ဆွမ်းအလှူခံတော်မူရန် ပင့်လျှောက်ပါ ကြောင်းပါ ဘုရား*

ဟု လျှောက်ထား၏။

ဆရာတော်ကြီးသည် မည်သို့မှ ပြန်လည်အမိန့် မရှိဘဲ သက်န်းရုံပြီးက သပိတ်ကို လွယ်တော်မူ၍ ကျောင်းပေါ်မှ သက်ဆင်းကြွသွားတော်မူသဖြင့် အမတ်သည် နောက်မှလိုက်၍ အခြေအနေကို စောင့် ကြည့်ရာ မန္တလေးတောင်၏ မြောက်ဘက် အဘိုးအို အမယ်အိုတို့ တဲသို့ ဆွမ်းစားကြွတော်မူသည်ကို တွေ့ရလေ၏။

အမတ်သည် ရွှေကျင်ဆရာတော်ဘုရားကြီးကို လည်း နန်းတော်သို့ ကြွရန် ထပ်မံ မပင့်ဝံ့၊ မင်းတရားကြီးကိုလည်း မကောင်ဝံ့နှင့် အချိန်ကြာမြင့်မှ နန်းတော်သို့ရောက်၍ မင်းတရားကြီးက–

* ရွှေကျင်ဆရာတော် ကြွလာပြီလား*

ဟု မေးမြန်းမှ မြင်ခဲ့သည့်အတိုင်းတင်လျှောက်ရာ မင်းကရားကြီးသည် ဝမ်းသာအားရ ရှိလှ၍-

* ငါကဲ့သို့သောမင်း ရှိသေး၏လော*

ဟု ဆို၍ လက်ပန်းပေါက်ခတ်သည်ဟူ၏။

အကြောင်းမူကား ရှင်ဘုရင်က ပင့်လျက် ဘုရင့်မျက်နှာကိုမကြည့်၊ ရှေးဦးစွာပင့်ထားသော သူဆင်းရဲအဘိုးအို အဘွားအိုတို့တဲသို့သာ တရားအားလျော်စွာ ကြွသွားတော်မူခြင်းဖြင့် ယထာ သာသနာ့မျက်နှာကိုသာ သတ္တိရှိရှိ ကြည့်တော်မူသော ဂုဏ်နှင့်ပြည့်စုံတော်မူသော ရဟန်းကောင်း ရဟန်းမြတ်ကို အားထားကိုးကွယ်ရသော သာသနာ့ဒါယကာအနေဖြင့် ဝမ်းမြောက်လှသောကြောင့် ဖြစ်လေသည်။

* * *

## ရွှေကျင်ဆရာတော်နှင့် အကျဉ်းကျခံရဟန်းသုံးပါး

အခါတစ်ပါး၌ ထန်းပင်ရင်းတိုက်နေ ကသာစား မင်းသားကလေး၏ အင်္ကျီကို အခြားသူတစ်ယောက်က ဝတ်သွားရာ ထိုကိစ္စနှင့်ပတ်သက်၍ မလိုသူတို့က-

*ပုန်ကန် လုပ်ကြံကြလိမ့်မည်*

ဟု ကုန်းချော ပြောဆိုသဖြင့် ထန်းပင်ရင်းတိုက်သား ဦးမေဓာဝိ စသော ဘုန်းကြီးသုံးပါးကို *ကြံရာပါ*ဟု စွပ်စွဲပြီး ဖမ်းဆီးကာ နက်ဖြန်နံနက်(၁၀)နာရီအချိန်မှာ ကွပ်မျက်ရန် အမိန့်ချပြီး ချုပ်ထားသတတ်။

ထိုအခါ မတ္တရာဆရာတော်၊ မင်းတဲဆရာတော်၊ မန္တလာဆရာတော်တို့သည် ကြံရာမရကြ၍ *မောင် ရွှေကျင်ထံ သွားကြပါဦး*ဟု အကြံပေးသဖြင့် ဘုန်းတော်ကြီး ဦးမဥ္ဇူသည် ရွှေကျင်ဆရာတော်ဘုရားကြီး၏တူ ကိုရင်ရာဓကိုခေါ်၍ အချုပ်နှင့်ထားသော ဘုန်းကြီးသုံးပါးကိုပြပြီးလျှင် ရွှေကျင်ဆရာတော် သီတင်းသုံးတော်မူသော ကျောင်းတံခါးကိုခေါက်လျှင်

*ဘယ်သူတုန်း*ဟု မေးတော်မူလိုက်၏။

*ဘုရား တပည့်တော် ရာဓပါ ဘုရား*

*ဒကာမကြီး ဘာဖြစ်သလဲ*

*ဒကာမကြီး ဘာမှ မဖြစ်ပါဘုရား*

*အနို့-ဘာကိစ္စရှိလို့တုန်း*

*အခြား အရေးကြီးသောကိစ္စရှိ၍လာပါကြောင်း*

လျှောက်ထားမှ တံခါးဖွင့်တော်မူသည်။ ထိုအခါ ဘုန်းတော်ကြီး ဦးမဥ္ဇူက-

*ကသာ မင်းသားအမှုကိစ္စနှင့်ပတ်သက်ပြီး ဘုန်းကြီးသုံးပါးကို ကြံရာပါဟုဆို၍ ဖမ်းဆီးချုပ်နှောင်ထားပါသည်။ နက်ဖြန် နံနက်(၁၀)နာရီမှာ ကွပ်မျက်ပါလိမ့်မည်။ ဆရာတော်ဘုရား ကယ်မတော်မူပါမည့်အကြောင်း*

လျှောက်ထားရာ-

*အင်း-အင်း၊ကိုယ်ကျိုးနဲလို့၊ ကိုယ်ကျိုးနဲလို့ ဖြစ်မှ ဖြစ်ရလေ သာသနာ့ ဒါယကာ၊ သာသနာ့ဒါယကာ သံဃာတွေ သတ်ပစ်ရင်တော့ ရာဇဝင်ရိုင်းတော့မည်*

ဟု ညည်းတွားတော်မူကာ-

*ကိုယ်တော်တို့က တပည့်တော်ကိုချည်း အားကိုးမနေကြနဲ့၊ ကူညီဖို့ ဆရာတော်များ ရှာကြဦး၊ ကိုင်း-မိုးချုပ်လှပြီ၊ ပြန်ကြပေတော့၊ နက်ဖြန်မနက်ကြွလာခဲ့မည်*

ဟု မိန့်တော်မူလိုက်၏။

နောက်တစ်နေ့ နံနက်စောစောပင် ရွှေကျင်ဆရာတော်ဘုရားသည် သုဓမ္မာဇရပ်သို့ ရောက်နှင့်နေတော်မူ၏။ ၎င်းနောက် မတ္တရာဆရာတော်၊ မင်းတဲဆရာတော်၊ မန္တလာဆရာတော်တို့ အသီးသီး ကြွရောက်တော်မူလာကြသဖြင့် ထိုဆရာတော်များနှင့်အတူတကွ ဆွမ်းဘုဉ်းပေးတော်မူကြပြီးလျှင် နန်းတော်သို့ ကြွသွားတော်မူကြကုန်၏။

နန်းတော်သို့ ရောက်ကြသောအခါ ရွှေကျင်ဆရာတော်ဘုရားကြီးက မင်းတရားကြီးအား-

*ရဟန်းတွေကို ရာဇဝတ်မှုဖြင့် နက်ဖြန် (၁၀) နာရီမှာ သတ်မည်ဟု ကြားသိရသည်၊ မှန်ပါသလား* ဟု မေးမြန်းတော်မူရာ၊*မသိရပါ*ဟု လျှောက်၍ မိန်းမထိန်း လေ့ကလေးကို မင်းတရားကြီး မေးတော်မူရသည်။*မှန်ပါကြောင်း*ကို တင်လျှောက်ကာလမှ မင်းတရားကြီး အမှန်ကို သိရသောဟူ၏။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် မင်းတရားကြီးကို မြည်တွန်ဆုံးမတော်မူလေသည်။ မင်းတရားကြီးလည်း ဩဝါဒစကားတော်ကို ရိုသေစွာ ကြားနာပြီးနောက် ချုပ်နှောင်ထားသော ရဟန်းတော်သုံးပါးကို *လွတ်စေ*အမိန့်ထုတ်ပြန်တော်မူလိုက်၏။ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ထိုရဟန်းတော်သုံးပါးကို ကိုယ်တော်တိုင် ခေါ်ဆောင်တော်မူခဲ့သည် ဟုသတည်း။

* * *

ဤသည်တို့မှာ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ် ပုံရိပ်များဖြစ်ပါသည်။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ပုံရိပ်များကား များပြားလွန်းလှပါသည်။ ဗြဟ္မာဗြဟ္မေ လျှာကုဋေဖြင့် ပြောပြကြသော်လည်း ကုန်ဆုံးနိုင်ဖွယ် မရှိပါ။ ယခုဖော်ပြခဲ့သည်မှာ ထို များပြားလှစွာသော ကြည်ညိုဖွယ် ပုံရိပ်များထဲမှ တစွန်းတစ်စမျှသာ ဖြစ်ပါသည်။

ရွှေကျင်ဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ် ပုံရိပ်များကို ဖူးမြော်ကြည်ညိုရင်း ရွှေကျင်ဆရာတော်ဘုရားကြီး၏ ရွှေကျင်စိတ်ဓာတ်၊ ရွှေကျင် သာသနာတော်မြတ် ကမ္ဘာတည်သရွေ့ တည်မြဲပါစေသတည်းဟု ဆုတောင်းပတ္ထနာ ပြုအပ်ပါသည်။

ဦးအောင်ကြည်

**ဝန်ခံချက်။** ။ဂဏသမုဋ္ဌာပက ရွှေကျင်နိကာယဓမ္မသေနာပတိ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ရွှေကျင်ဂိုဏ်းကျင့်ထုံးကြီးနှင့် အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟသာဆရာတော်ဘုရားကြီး၏ ရွှေကျင်နိကာယ သာသနာဝင်ကျမ်းဂန်များမှ အချက်အလက်များကို ကိုးကားရည်ညွှန်းပြီး ကြည်ညိုပူဇော်ခြင်း ဖြစ်ပါသည်။

---

## အဆုံးအမ

* ဆုံးမချင်သူ သဲလုံးအမျှ များပါစေဟု ရှင်ရာဟုလာ နှလုံးသွင်းသည်။

* အပြစ်ပြဆုံးမသူကို ရွှေအိုးပေးသူဟု ဆည်းကပ်ရမည်။

* ပန်းပဲဆရာအထုမခံသောသံတုံး လက်နက်အဖြစ်သို့မရောက်၊
ကျောက်ဆစ်ဆရာ အဖြတ်မခံရသောကျောက်တုံး အရုပ်အဖြစ်သို့မရောက်၊
ဆရာကောင်းအဆုံးအမမခံသောတပည့် သူတော်ကောင်းမဖြစ်။ ။

ပထမရွှေကျင်ဆရာတော်ဘုရားကြီး



# ရွှေကျင်ဂိုဏ်း၏ အနှစ်သာရ

## အရှင်တိက္ခာနန္ဒ(ကန်တော်ရ)

ယခုမျက်မှောက်ခေတ် မြန်မာနိုင်ငံရှိ သာသနာ ဂိုဏ်းကြီး (၉)ဂိုဏ်းအနက် ရွှေကျင်ဂိုဏ်းသည် ဒုတိယအကြီးဆုံးဂိုဏ်းဖြစ်သည်။ ရွှေကျင်ဂိုဏ်း စတင်ပေါ်ပေါက်လာချိန်ကို "အင် ကျင်း ခက် ကျိုင်း၊ ရွှေကျင်ဂိုဏ်း" ဟူသော သင်္ကေတလင်္ကာဖြင့် မှတ်တမ်းထားကြသည်။ ထိုဆောင်ပုဒ်အရဆိုပါလျှင် ရွှေကျင်ဂိုဏ်းသည် ယခုအခါ သက်တမ်း အနှစ်တစ်ရာကျော်ပေပြီ။ အတိအကျဆိုပါက ၁၃၂-နှစ် သက်တမ်းရှိနေပေပြီ။ ဤမျှသက်တမ်းရင့်ညောင်း အရှည်ကောင်းနေသော ရွှေကျင်ဂိုဏ်းကြီးသည် မည်သို့သော အနှစ်သာရနှင့် ပြည့်စုံပါသနည်း၊ ရွှေကျင်ဂိုဏ်းကြီး၏ အနှစ်သာရကား အဘယ်နည်း။

ရွှေကျင်ဂိုဏ်း၏ အနှစ်သာရကို မဖော်ပြမီ ရွှေကျင်ဂိုဏ်း ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို စိစစ်လိုပါ၏။ "ရွှေကျင်သာသနာ နှစ်တစ်ရာ"၊ "ရွှေကျင်သာသနာဝင်"၊ "ရွှေကိုင်းသား၏ မင်္ဂလာ လေးရာပြည့်"၊ "မြောင်းမြဆရာတော် ဘယ်လိုသာသနာ ပြုခဲ့သလဲ" စသော မှတ်တမ်းများအရ မင်းတုန်းမင်းကြီး၏ ဂဏာဝိမုတ်အမိန့်ကြောင့် ရွှေကျင်ဂိုဏ်း ပေါ်ပေါက်လာသည်ဟု သိရသည်။ ရဟန်းသား၏ မြတ်သောရဟန်းစာအုပ်ကမူ 'ဂဏာဝိမုတ်အမိန့်ကြောင့် ရွှေကျင်ဂိုဏ်းဖြစ်ပေါ်လာသည် ဆိုခြင်းမှာ ယုတ္တိမတန်ကြောင်း ဆိုထားသည်။ ရတနာပုံနိဒါန်း စာအုပ်တွင်ပါရှိသော စကားရပ်တို့ကို ကိုးကား၍

ရွှေကျင်ဆရာတော် မန္တလေးမြို့တော်သို့ မရောက်မီကပင် ရွှေကျင်ဂိုဏ်းကွဲ ဖြစ်ပေါ်လာဟန်ရှိပုံ၊ ဤသို့ ဂိုဏ်းကွဲရသည်မှာလည်း ဝိနည်းကြောင်းအရ ဟုတ်ဟန်မရှိဘဲ အခြားအကြောင်းရှိမည် ထင်ရပုံတို့ကို ဖော်ပြထားသည်။ စံကင်းဆရာတော် (ဂုရုပ္ပတ္တိကထာ) စာအုပ်တွင်မူ ရွှေကျင်ဆရာတော်ကြီး၏ အအုပ်အချုပ်ကောင်းခြင်း၊ အသင်အပြ ဆုံးမသြဝါဒကောင်းခြင်းတို့ကြောင့် တပည့်ပရိသတ်များ၊ ကျောင်းကန်များ တိုးပွားလာသည်၊ များပြားလာသည်၊ စည်းလုံးခိုင်မာလာသည်။ ခိုင်မာလာသည်နှင့်အမျှ ရွှေကျင်နိကာယဟူသော ရုပ်ပုံလွှာသည် သာသနာ့သမိုင်းကားချပ်၌ ပေါ်လာသည်ကို ရွှေကျင်ဂိုဏ်းဟု ခေါ်ဝေါ်သုံးရာမှ တွင်ကျယ်၍ ရွှေကျင်ဂိုဏ်း ဖြစ်လာသည်ဟု ဆိုထားသည်။ ရွှေကျင်ဆရာတော်၏ ဂိုဏ်းဂဏစိတ်ကြောင့် ရွှေကျင်ဂိုဏ်း ဖြစ်လာသည် မဟုတ်ဟု ဖော်ပြထားသည်။

ဂုရုပ္ပတ္တိကထာလာ ရွှေကျင်သမိုင်းကြောင်း စကားရပ်သည် ရွှေကျင်ဂိုဏ်း ဖြစ်လာပုံကို မှန်ကန်မှုနှင့် အနီးကပ်ဆုံး၊ အပြစ်အကင်းဆုံး ဖော်ပြချက်ဖြစ်သည်ဟု ဤအရှင်ယူဆပါသည်။ တကယ်အစစ်အမှန်ကိုမူ ရွှေကျင်ဆရာတော်ဘုရားကြီးသာ သိပေလိမ့်မည်။

ဤစာရေးသူ လေ့လာမိသမျှ ဖတ်မိဘူးသမျှ ရွှေကျင်ဆရာတော်ကြီး၏ ကျမ်းစာများတွင် ဂိုဏ်းခွဲဂဏစွဲဖြင့် (သက–ပရခွဲ၍) ရေးသားချက် တစ်စုံတစ်ရာကိုမျှ မတွေ့မသိစဖူးပါ။ အကြောင်းအရာအပေါ် ဓမ္မဒိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်၍သာ ရေးသားတော်မူသည်တို့ကို တွေ့ရှိရပါသည်။ သာသနာတော်အတွက် တရားတော်ကိုသာ အလေးထား၍ သူတစ်ပါးကို မထိမခိုက် ရေးသားတော်မူသည်တို့ကို ဖတ်ရှုရပါသည်။ စာရေးသားရာ၌သာ သက–ပရမခွဲ၊ ဂိုဏ်းဂဏ မစွဲသည်မဟုတ်၊ သဟဓမ္မိကခေါ် သီတင်းသုံးဖော် သံဃာတော်များနှင့် ပြောဆိုဆက်ဆံရာ၌လည်း အားလုံးဘုရားသားတော်ချည်း ဟူသော အမှတ်ထား၍ ဆက်ဆံပြောဆိုသည်ကိုသာ တွေ့ရ (ဖတ်ရှုသိရ)ပါသည်။ မိမိထက် အသက်သိက္ခာ တစ်နှနက် တစ်ရက်ကြီးသူတို့ကို အလွန်သက္ကစ္စ ဂါဝရပြု၍ နိဝါတ နိမာနတရား လက်ကိုင်ထား၍ ဆက်ဆံပြောဟောသကဲ့သို့ အသက်သိက္ခာငယ်သူ သီတင်းသုံးဖော်တို့ကိုလည်း ဘုရားသားတော်ချင်း ညီရင်းအစ်ကိုပမာ ဆက်ဆံပြောဟောသည်ကိုသာ ဖတ်ရှုသိရှိဖူးပါ၏။ ဤမျှဖြူစင်သန့်ရှင်းသော အရိယာကြီးတစ်မျိုး ဖြောင့်မတ် ဖြူစင်လှသော ဆရာတော်ကြီးတစ်ပါးအနေဖြင့် မိမိထင်ပေါ်ရန် ဂိုဏ်းဂဏကို တည်ထောင်လိမ့်မည် မဟုတ်ပါ။ သံဃာ့အဖွဲ့အစည်းကြီးကို ခွဲလိမ့်မည် မဟုတ်ပါ။

သို့သော် ဓာတုသော ဘိက္ခဝေ သတ္တာ သံသန္ဒန္တိ၊ သမေန္တိ–ဟု ဟောတော်မူသော ဒေသနာတော်အရ သာသနာစိတ်ဓာတ် သိက္ခာကာမဓာတ်ရှိသူချင်း အယူသီလ တူမျှသူချင်း ပေါင်းသင်းနေထိုင်ကြမည်မှာ မလွဲပေ။ သာသနာပိုင်ဆရာတော်၏ ဆင့်ခေါ်မှု၊ မင်းတုန်းမင်းကြီး၏ ဂဏဝိမုတ်အမိန့်ဖြင့်အန္တရာယ်တားဆီးပေးမှုတို့သည် အရုပ်ဆိုး အကျည်းတန်လှသည်ဖြစ်ရာ ရွှေကျင်ဂိုဏ်း ဖြစ်ပေါ်လာခြင်း၏ သမိုင်းကြောင်း မဖြစ်သင့်ပေ။ ယုတ္တိလည်းမရ၊ သာဓကလည်း မခိုင်မာချေ။ ဝိနည်းတော်အတိုင်း ကျင့်ကြံသူ၊ ဝိနည်းတော်နှင့်အညီ ဝတ်ရုံ နေထိုင် စားသွား ကျင့်ကြံသူ မည်သည့်ရဟန်းမဟူ သမန္တပါသာဒိကဂုဏ်နှင့် ပြည့်စုံကြသည်ချည်းပင်ဖြစ်သည်။ ရွှေကျင်ဆရာတော်ဘုရားကြီးသည် သီးလုံးဆရာတော်ဟူသော အရိယာသူတော်ကောင်းကြီး၏ တပည့်ဖြစ်ရာ ရွှေကျင်ဆရာတော်၏ အသွင်အပြင် ဣန္ဒြေတော်သည် အလွန်ကြည်ညိုဖွယ်ရှိနေမည်မှာ မလွဲပါ။ သီရိဓမ္မာသောကမင်းကို

ကြည်ညိုစေသော နိဂြောဓသာမဏေ၏ အသွင်မျိုး၊ အနော်ရထာကို ကြည်ညိုစေသော အရှင်အရဟံ ထေရ်၏ အသွင်မျိုးဖြစ်နေပါမည်။ ရွှေကျင်ဆရာ တော်၏ ကြည်ညိုဖွယ် အသွင်အပြင်နှင့် တရား တော်ကိုပါ ကြားနာရသူ သူတော်ကောင်းဓာတ်ခံ ရှိသော မင်းတုန်းမင်းသားသည်လည်း သီရိဓမ္မာ သောကမင်း အနော်ရထာမင်းကဲ့သို့ပင် ကြည်ညို ဆည်းကပ်မည် ကေန်ဖြစ်ပါသည်။

မင်းတုန်းမင်းသာမက ရွှေကျင်ဆရာတော်၏ ကြည်ညိုဖွယ် အသွင်နှင့် တရားတော်(အဆုံးအမ)ကို ကြားနာရသူ သူတော်ကောင်းစိတ်ဓာတ်ရှိသူ လူတိုင်း၊ ရဟန်းတိုင်း ရွှေကျင်ဆရာတော်ထံ ဆည်းကပ်ကြ ပေမည်။ သြဝါဒခံကြ၊ တပည့်ခံကြပေမည်။

ကြည်ညိုဆည်းကပ်သူ ဒါယကာ ဒါယိကာမ များ၊ တပည့်ခံသူ၊ နည်းခံသူ၊ သြဝါဒခံသူ သီတင်း သုံးဖော် သံဃာတော်များသည် ရွှေကျင်ဆရာတော် မန္တလေးသို့ မရောက်မီကပင် ထုနှင့်တယ်နှင့် ခိုင် မာစွာ ရှိနေပုံရပါသည်။ သို့ဖြစ်၍သာ မင်းတုန်း မင်းကြီးက မဟာဓမ္မိကာရာမတိုက်မကြီးနှင့်တကွ မြတောင်တိုက်၊ ထရံကာတိုက်၊ ရမည်းသင်းတိုက်၊ မင်းကင်းတိုက် ဟူသော ကျောင်းတိုက်ကြီးတွေကို ရွှေကျင်ဆရာတော်ကြီးအား လှူဒါန်းဟန်ရှိပါသည်။ ရွှေကျင်ဆရာတော်ကြီး၏ သြဝါဒခံ ဒကာ-ဒကာမ ရဟန်းသံဃာ ပရိသတ်အင်အားကြောင့် ဆင့်ခေါ် ခံရမှု၊ ဂဏဝိမုတ်အမိန့်ထုတ်ပြန်မှုတို့ ပေါ်လာရ ဟန်ရှိပါသည်။ မျက်မှောက်ခေတ်တွင် အသိုင်း အဝိုင်းဖြင့် ထင်ရှားလာသူကို မလိုသူတို့က အာဏာ ဖြင့်၊ အသင်းအဖွဲ့ဖြင့် ဗလက္ကာရပြု နှိပ်ကွပ်ခြင်း ကြဉ်ဖယ်ခြင်းတို့ကို တွေ့မြင်နေရသည်ဖြစ်ရာ ရွှေကျင်ဆရာတော်ကြီးလည်း ဤသို့ပင် ဖြစ်ခဲ့ဟန် ရှိပါသည်။ ဆရာတော်တစ်ပါးတည်း အကျင့်ကောင်း နေမှု၊ ကျော်ဇောနေမှုဖြင့် ဆင့်ခေါ်ခံရခြင်း ပေါ် ပေါက်ရန် မရှိပေ။ အဘယ့်ကြောင့်ဆိုသော် ထိုခေတ် က တစ်ကိုယ်တော် အကျင့်ကောင်း ထင်ရှားသော ဆရာတော်များ အထင်အရှားရှိနေကြသောကြောင့် ဖြစ်ပါသည်။

ဤသို့ ရွှေကျင်ဆရာတော်ကြီးသည် မိမိ၏ ပရိယတ် ပဋိပတ် စွမ်းရည်ဖြင့် အအုပ်အချုပ် အသိမ်းအပိုက် ကောင်းခြင်း၊ အဆုံးအမသြဝါဒ ကောင်းခြင်း ဟူသော အာစရိယဝတ်ရည်ဖြင့် ရွှေမြို့ တော်သို့ မရောက်မီကပင် သြဝါဒခံ၊ နည်းခံနည်းယူ ပရိသတ်မှာ အင်နှင့်အားနှင့် ထုနှင့်ထည်နှင့် အခိုင် အမာရှိနေခဲ့ရာ ရွှေမြို့တော်သို့ ရောက်သောအခါ ကျောင်းတိုက်ကြီးငါးတိုက်ကို ရရှိခြင်း၊ မဟာဗိုလ် ဆရာတော်၊ ရှမ်းဘလေးကျွန်းဆရာတော် အစရှိသော အကျင့်ကောင်း ကျမ်းဂန်တတ် ဆရာတော်ကြီးတို့၏ အကူအညီ အထောက်အပံ့ အရှိန်အဝါ အသင်းအပင်း ကို ရရှိခြင်းတို့ကြောင့် များမြတ်ကြီးကျယ်သော ရွှေကျင်သြဝါဒခံ သံဃာ့အစုအပေါင်း (သံဃသာ မဂ္ဂီအပေါင်းအစုကြီး) တစ်ခု အလိုအလျောက် ဖြစ် ပေါ်တည်ရှိလာပုံ ရပါသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် အင်နှင့် အားနှင့် ဟုနှင့်ထည်နှင့် ခိုင်မာသိပ်သည်းစွာ ဖြစ် ပေါ်တည်ရှိလာသော မိမိ၏ ပရိသတ်အင်အားကို မိမိ၏ဂိုဏ်း မိမိ၏အသင်းအပင်းအဖြစ် ဖွဲ့ကိုင်မှတ် ယူထားပုံမရပါ။ ထိုအချက်သည် စူဠသီဿကောဝါဒ ကျမ်းလာ သြဝါဒများဖြင့်လည်းကောင်း၊ ဓမ္မော သဓဒီပနီဖြင့်လည်းကောင်း၊ ဘုရားကြီး ဆရာတော် အရှင်ဇာဂရ၊ ဆရာတော်ဦးရန်ကုန်၊ ဘုန်းတော်ကြီး ဦးသီလ၊ အုတ်ဖိုဆရာတော် အရှင်ဥက္ကံသ အစရှိသော အယူသီလ တူမတူ ဆရာတော်ကြီးများနှင့် အတူ တကွ သာသနာပြုခြင်းဖြင့်လည်းကောင်း အလွန် ထင်ရှားပါသည်။ ရေလယ်တွင် သင်္ဘောဖြင့် အချုပ် ချထားခံရသော ရဟန်းတော်များကို ကယ်တင်ခြင်း၊

ထန်းပင်ရင်းတိုက် ရာဇဝတ်သင့် ရဟန်းသုံးပါးကို သေဒဏ်မှလွတ်အောင် ကယ်တင်ခြင်းတို့သည်လည်း ဂိုဏ်းစွဲ ဂဏစွဲမရှိ၊ မိမိ၏ ပရိသတ်ကြီးပွားရေး တစ်ခုကိုသာ ဆောင်ရွက်သည်မဟုတ် သာသနာတော်ကြီးတစ်ခုလုံးအတွက် ဘုရားအလိုတော်အတိုင်း ပရိသတ်ကို မွေးမြူစောင့်ရှောက်နေသည်။ သန့်ရှင်းစင်ကြယ်သော ဗုဒ္ဓသာသနာတော်ဖြစ်ရန် ပြုစုနေသည်ဆိုသည်မှာ အလွန်ပေါ်လွင်နေပါသည်။

ဆရာတော်ကြီးသည် ယင်းသို့ပင် မိမိ၏ နိကာယ မိမိ၏ဂိုဏ်းဟု မသုံးသပ်မစွဲယူသော်လည်း မိမိဩဝါဒကို တစ်သွေမတိမ်း ဦးထိပ်ရွက်ပန် ခံယူကြမည့် ပရိသတ်ကိုသာ အထူးဦးစားပေး၍ ဦးတည်၍ ဩဝါဒပေးခြင်း၊ ဆုံးမခြင်းတို့ကို ပြုတော်မူပါသည်။ ဓမ္မောသဓဒီပနီစာတန်း၊ ရှိမ်းမကား ဩဝါဒ၊ စူဠသိဿကောဝါဒ၊ မိုးကောင်းတိုက် ဥပဒေ၊ အလုံမြို့ဥပဒေတို့သည် ထင်ရှားသော သာဓကတို့ ဖြစ်ပါ၏။ ဓမ္မောသဓဒီပနီ၊ လင်္ကာသာသန သုဒ္ဓိကထာနှင့် သာသနဝိသောဓနီ စာတန်းတို့ကို ကြည့်ပါလျှင် အနီးအဝေးမကြည့်၊ သက–ပရ မခွဲ၊ သရဋ္ဌ–ပရဋ္ဌခွဲ မပိုင်းခြား၊ ဘုရားသာသနာတော် ပျံ့နှံ့ရာ မြေအပြင်ရှိ သိက္ခာကာမ သီလဝန္တ သပ္ပုရိသ ရှင်လူအားလုံးတို့အား (ဘုရားသာသနာတော် တည်ရှိပြန့်ပွားတိုးတက်ရေးအတွက်) ဆုံးမခြင်း၊ လမ်းညွှန်ခြင်း ပြုတော်မူသည်ကို တွေ့ရပါသည်။ အလွန်ကြီးမားသော မေတ္တာ ကရုဏာ၊ အလွန်ထက်သန်သော လုံ့လဉဿာဟဖြင့် သာသနာတော် တစ်ခုလုံးအတွက် သာသနာပြုတော်မူသည်ကို တွေ့ရပါသည်။

ယင်းသို့ဆိုလျှင် ရွှေကျင်နိကာယ ရွှေကျင်ဂိုဏ်းသည် အဘယ်ပုဂ္ဂိုလ်ထံ အမွန်အစရှိပါသနည်း၊ အဘယ်ကြောင့် ရွှေကျင်နိကာယ ရွှေကျင်ဂိုဏ်းဟု အမည်သီးခြား ဂိုဏ်းသီးခြား ဖြစ်လာပါသနည်း။

ဤနေရာ၌ ဥပမာဖြင့် ပြပါအံ့၊ ကျမ်းစာများ၌လည်း **"ဥပမာယ မိဓေကစ္စေ ဝိညူ ပုရိသာ ဘာသိတဿ အတ္ထံ အာဇာနန္တိ"**ဟု မိန့်ဆိုထားတော်မူကြပါသည်။

မြေဆီ ရေဆီနှင့် ပြည့်စုံသည့်အရပ်တွင် သစ်ပင်ကြီးတစ်ပင် ရှိပါသည်။ ထိုသစ်ပင်ကြီးသည် ကိုယ်လုံးကိုယ်ထည် ပင်စည်လုံးပတ် အလွန်ဖွံ့ထွားကြီးမား၏။ မြင့်လည်းမြင့်၏။ ပြန့်လည်းပြန့်၏။ ခက်မကြီးငါးဖြာလည်းရှိ၏။ ခက်ငယ်ပေါင်း များစွာလည်း ထက်အောက်ဝဲယာ ဖြာထွက်နေ၏။ ရွက်ရင့် ရွက်နုတို့နှင့် ပြည့်စုံ၏။ အပင်အောက်သို့ နေခြည်ပြောက် မထိုးဖောက် မရောက်နိုင်အောင် မိုးစက် မိုးပေါက် မယိုမကျနိုင်အောင် ထူထပ်သိပ်သည်းစွာဖြင့် ရွက်ရင့် ရွက်နုတို့က လွှမ်းဖုံးပိတ်ကာထား၏။ အဆင်းအနံ့နှင့် ပြည့်စုံသည့် အပွင့်ကိုလည်းဆောင်၏။ မွှေးပျံ့သင်းကြိုင်၏။ ဝတ်ရည် ဝတ်မှုန်နှင့်ပြည့်စုံ၏။ အသီးနှင့်လည်း ပြည့်စုံ၏။ နတ်ဩဇာသွင်းထားသည့် သစ်သီးပမာ လွန်စွာ ချိုဆိမ့်သော အရသာရှိ၏။ ဆွတ်ခူးသုံးဆောင် စားသုံး၍ မကုန်နိုင်အောင် ပေါများ၏။ ထိုသစ်ပင်ကြီးသို့ အမျိုးမျိုးသော ကျေးငှက်သတ္တဝါများ လာရောက်နားခိုကြ၏။ သမင် ဒရယ် ဂျီ(ချေ)ယုန် စသော သတ္တဝါများ လာရောက်နားခိုကြ၏။ အရပ်လေးမျက်နှာမှ တစ်ကောင်ချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ လာရောက်နားခိုကြ၏။ ပျား၊ လိပ်ပြာ၊ ပိတုန်း စသည်တို့လည်း ပန်းဝတ်ရည်ကို စားသုံးစုတ်ယူရန် လာရောက်ကြ၏။ အသီးစားသတ္တဝါက အသီးစား၏။ အရွက်စားသတ္တဝါက အရွက်စား၏။ ပန်းဝတ်ရည်သောက်သည့် သတ္တဝါက ဝတ်ရည်သောက်၏။ အရိပ်အာဝါသကောင်းခြင်း၊ အသီးအပွင့်နှင့်ပြည့်စုံခြင်း၊ အလွန်ကောင်းမြတ်သော အဆီအနှစ်အရသာနှင့် ပြည့်စုံခြင်းကြောင့် တခြားတစ်ပါးသို့ မသွားမပြန်ကြတော့၊ သစ်ပင်ကြီး၌ပင်

ညီညွတ်ပျော်ရွှင် ချစ်ခင်စွာ မိသားစုသဖွယ်နေကြ၏။ ရောက်လာပြီး သတ္တဝါအမျိုးမျိုးတို့က ပြန်မသွားကြသည့်အပြင် အသစ်အသစ်ကျေးငှက်မျိုးစုံသည်လည်း အပင်ကြီး၏ထူးကဲသော ဂုဏ်ရည်သတင်းကြောင့် ရောက်လာမစဲ တဖွဲဖွဲပင်ဖြစ်ချေ၏။ ထိုအခါ ထိုသစ်ပင်ကြီးသည် အလွန်များပြားသော ကျေးငှက်သတ္တဝါအစုအဝေးကြီး၏ နားခိုနေထိုင်ရာဌာနကြီးဖြစ်လေတော့သည်။

နှစ်ပေါင်းများစွာ ကြာမြင့်လက်သော် ထိုသစ်ပင်ကြီးသည် သင်္ခါရသဘောအရ အိုမင်းရင့်ရော်လာ၏။ ထိုအချိန်တွင် ထိုအပင်ကြီး၏ မျိုးစေ့မှ ပေါက်ရောက်ပြန့်ပွားလာသော သစ်ပင်ကြီးများလည်း ပတ်ဝန်းကျင်တွင် အစီအရီရှိနေပေပြီ။ အရိပ်၊ အပွင့်၊ အသီးကိုဆောင်၏။ ထိုအပင်များအနက် တစ်ပင်မှာမူ ထိုမူလအပင်ကြီးနှင့် မတိမ်းမယိမ်းရှိအောင်ပင် ဖွံ့ထွားစည်ပင်၏။ တစ်ရံသောအခါတွင်မူ ထိုမူလသစ်ပင်ကြီးသည် မိုးဒဏ် လေဒဏ် သင်္ခါရဒဏ်ကြောင့် ပြိုလဲသွားတော့သည်။

ထိုအခါ ထိုသစ်ပင်ကြီးတွင် စုပေါင်းခိုနားနေခဲ့ကြသော ကျေးငှက်စသော သတ္တဝါပေါင်းများစွာတို့သည် မူလသစ်ပင်ကြီး၏ မျိုးဆက်၊ နောက်ပွားသစ်ပင်ကြီး၏ မူလသစ်ပင်ကြီးနည်းတူ အကိုင်းအခက်၊ အရွက်၊ အပွင့်၊ အသီး၊ အရသာ၊ အရိပ်ရေတို့နှင့် ပြည့်စုံသည်ကိုလည်း သိကြ၊ အချင်းချင်း ချစ်ခင်နီးနှော သာမဂ္ဂီရသ သဘောကိုလည်း ခံစားသိရှိကြသဖြင့် အဝေးပြင်ပအရပ်လေးမျက်နှာရှိ သစ်ပင်များသို့ တကွဲတပြားစီ ပြန်မသွားကြတော့ဘဲ တစ်စုတဝေးတည်းပင် ချစ်ခင်ညီညွတ်စွာ ဆက်လက် နေထိုင်ကြရန်ဆုံးဖြတ်၍ မိမိတို့၏နားခိုရာအဖြစ် မူလသစ်ပင်ကြီး၏ မျိုးဆက်သစ်ပင်ကြီးကိုပင် သတ်မှတ်လိုက်ကြသည်။ ထိုမျိုးပွားသစ်ပင်ကြီးမှာပင် စုပေါင်းခိုအောင်း နေထိုင်ကြလေသည်။ သာမဂ္ဂီရသ သဘောကို သိရှိ၍ ထိုသစ်ပင်မျိုး၏ အဆီအနှစ်အရသာကို စားသုံးဖူးကြသည်ဖြစ်ရာ မူလသစ်ပင်ပြိုလဲတိုင်း မျိုးဆက်တစ်ပင်သို့ပြောင်း၍သာ အစဉ်အဆက် မပျက်မယွင်း ရင်းနှီးညီညွတ်စွာ စုပေါင်းနေထိုင်ကြလေ၏။

ဤသည်မှာ ဥပမာဖြစ်ပါသည်။ ဥပမာ ဥပမေယျ နှီးနွှယ်စပ်ယှဉ်ပြပါမည်။

၁။ ထိုသစ်ပင်ကြီးနှင့် ရွှေကျင်ဆရာတော်ဘုရားကြီးသည် တူ၏။

၂။ ထိုသစ်ပင်ကြီး၏ ပင်စည်၊ ခက်မ၊ ခက်ငယ်၊ အရွက်ရင့်၊ ရွက်နု၊ အပွင့်၊ အသီး၊ ဝဏ်မှုံ၊ ဝတ်ရည်၊ ချိုမြိန်သည့်အရသာတို့နှင့် ရွှေကျင်ဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိ၊ ပညာ၊ မေတ္တာ၊ ကရုဏာ၊ ခန္တီ၊ အဇ္ဇဝ၊ မဒ္ဒဝ၊ သဇ္ဇ၊ သုခုမ၊ သုဘာသိတ၊ မဓုရဓမ္မကထိက၊ ဝိစိတြဝါစာ၊ ကလျာဏဝါက္ကရဏ၊ ပိဋက ကတ္တယဆောက၊ ဂန္ထဓုရကောဝိဒ၊ ဓုတင်္ဂရေ၊ အာရဒ္ဓဝိပဿက၊ မဟာပုည မဟာနုဘာဝ၊ သီရိမန္တ၊ သမန္တ ပါသာဒိက စသောဂုဏ်ထူးဝိသေသတို့သည်တူ၏။

၃။ အရပ်လေးမျက်နှာမှ လာရောက်ခိုနားကြသော များစွာသော ကျေးငှက်တို့နှင့် ရွှေကျင်ဆရာတော်ဘုရားကြီးထံ လာရောက်နည်းခံကြသော နာနာရဋ္ဌ၊ နာနာဒေသ၊ နာနာကုလ ရဟန်းရှင်လူတို့သည်တူ၏။

၄။ ထိုသစ်ပင်ကြီး၏ မျိုးဆက်ပွားသစ်ပင်များနှင့် ပထမဂိသုဒ္ဓါရုံဆရာတော် စသော ရွှေကျင်ဆရာတော်၏ တပည့်ကြီးများသည် တူ၏။

၅။ ထိုမူလသစ်ပင်ကြီး ပြိုလဲသောအခါ ထိုသစ်ပင်ကြီး၌ နားခို နေထိုင်ကြသော

ကျေးငှက် သတ္တဝါ အစုအဝေးကြီးက အသိုက်အအုံမပျက် ချစ်ခင်ညီညွတ်စွာ ဆက်လက် နေထိုင်ကြရန် ဆုံးဖြတ်ခြင်း၊ နားခိုရာဌာနအဖြစ် မျိုးဆက်ပွား သစ်ပင်ကြီးကို သတ်မှတ်ကြခြင်းနှင့် ရွှေကျင်ဆရာတော်ကြီး လွန်သောအခါ ရွှေကျင်ဆရာတော်ကြီး၏ တပည့်ပရိသတ်များ မပြိုမကွဲ ညီညွတ်စည်းလုံးမြဲဖြင့် အကြီးအမှူးကို တင်မြှောက် ပူဇော်၍ သြဝါဒခံကာ နေထိုင်ကြရန် ဆုံးဖြတ်ခြင်း၊ အကြီးအမှူးအဖြစ် ရွှေကျင်သံဃာ၏ ဦးစီးဦးကိုင် သာသနာပိုင်အဖြစ် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးအား တင်မြှောက် ပူဇော်ခြင်းသည် တူ၏။

၆။ မူလသစ်ပင်ပြိုလဲတိုင်း မကွဲမပျက် မခွဲမထွက်ဘဲ မျိုးဆက်ပွား သစ်ပင်ကြီးကိုသာ အမှီပြု၍ အစဉ်မပျက်နေကြခြင်းနှင့် ရွှေကျင်နိကာယကြီး၏ သာသနာပိုင် လွန်တော်မူတိုင်း အသစ်တင်ပူဇော်၍ အသိုက်အအုံမပျက် အနွယ်အဆက်မပျောက် စောင့်ရှောက် နေထိုင်ကြသောရွှေကျင်သံဃာအပေါင်းသည်တူ၏။

ဤသည်မှာ ဥပမာ ဥပမေယျ နီးနှောယှဉ်စပ်ပြခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ–ရွှေကျင်နိကာယသမိုင်းမှာ ဤသို့တည်း။

(က) ရွှေကျင်ဆရာတော်ဘုရားကြီးသည် ရွှေကျင်နိကာယ သံဃာအစုအဝေးကြီး၏ အမွန်အစ ပဘဝဖြစ်၏။ သို့သော် နိကာယတစ်ခု သီးခြားပြု၍ တည်ထောင်ခဲ့သည် မဟုတ်ပါ။

(ခ) ပထမဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးအား ရွှေကျင်ဆရာတော်ကြီး၏ သိဿာနုသိဿများစွာတို့က ရွှေကျင်ဆရာတော်ကြီး၏ သြဝါဒဂ္ဂါဟ နယဂ္ဂါဟ သံဃာကို ဦးစီးထိမ်းကွပ်စောင့်ရှောက်ပါရန် ပန်ကြားလျှောက်ထားသော အခါမှစ၍ ရွှေကျင်ဂိုဏ်းအမည်ဖြင့် နိကာယတစ်ခု သီးခြားပြု၍ ဖြစ်လာသည်။ သို့သော် ဝိသုဒ္ဓါရုံဆရာတော်ကြီးသည်ဂဏာသမုဋ္ဌာပကမဟုတ်ပါ။

(ဂ) ရွှေကျင်ဂိုဏ်း ရွှေကျင်နိကာယကို မည်သည့်ပုဂ္ဂိုလ်ကမျှ တည်ထောင်လုပ်ဆောင် ဖွဲ့စည်းပေးခဲ့သည်မဟုတ်၊ ရွှေကျင် ဆရာတော် ဘုရားကြီး၏ အဆုံးအမ သြဝါဒ မမ္မဝိနယ အဆီအနှစ်တို့က စုစည်းဖော်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ ပုဂ္ဂိုလ်ကမဟုတ်၊တရားတော်က ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။ ထိုသံဃာ အပေါင်းအစုကြီးကို အများက ရွှေကျင်ဟု အမည်ပေါ်ဟာရ ပြုကြခြင်း ဖြစ်ပါသည်။ ယင်းသို့ဆိုလျှင် ရွှေကျင်ဂိုဏ်း၏ အနှစ်သာရသည် အဘယ်နည်း။

အနှစ်ကိုရှာရာ၌ အကိုင်းအခက်တွင် ရှာ၍မရ၊ ပင်စည်၌သာ ရှာဖွေတွေ့ရှိနိုင်ပါသည်။ ယခုလည်း ရွှေကျင်ဂိုဏ်း၏ အနှစ်သာရကို ရှာဖွေရာ၌ နိကာယပဘဝ နိကာယပုဗ္ဗ နိကာယပုဂ်ဂ ရွှေကျင်ဆရာတော်ဘုရားကြီး၊ ပဌမဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၊ ဒီပဲယင်းဆရာတော် ဘုရားကြီး၊ ဘုန်းတော်ကြီးဦးသီလထေရ် အစရှိသော နိကာယဦးသျှောင် နိကာယထိပ်ခေါင်ကင် အရှင်မြတ်ကြီးတို့၌သာ ရှာဖွေတွေ့ရှိနိုင်မည် ဖြစ်ပါသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးသည် သာသနာပြုတော်မူရာ၌

ဝိနယောနာမ သာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ ဟူသော ဒေသနာအတိုင်း ဝိနည်းကို အဦးထား၍ သာသနာပြုပါသည်။ ကိုယ်တော်တိုင်လည်း ဝိနည်းတော်အတိုင်း ကျင့်၏။ ဝိနည်းပညတ်ကို မလွန်မကျော်၊ တပည့်များကိုလည်း ဤအတိုင်း တသွေမတိမ်းလိုက်စေ၏။ ဝိနည်းတော်ကို အသက်မက မြတ်နိုး၏။ ဝိနည်းအရာ ဧတဒဂ်ရ အရှင်ဥပါလိ ရဟန္တာအရှင်မြတ်ကြီးကဲ့သို့ ဝိနယော အာသယော မယှံ-ဂါထာအတိုင်း ဝိနည်းသည်သာ ငါ၏တည်ရာ၊ ငါ၏လည်းလျောင်းရာဟု မှတ်ယူကျင့်သုံးတော်မူပါသည်။ ၁၂၅၅-ခုနှစ် တပေါင်းလပြည့်ကျော်(၇)ရက်နေ့ည လဝန်းပေါ်ချိန် တစ်ဘဝတစ်ခန္ဓာ ချုပ်ပျက် ပြောင်းရွှေ့တော့မည့် နောက်ဆုံးအချိန်မှာပင် (ပါတိမောက္ခံ ဝိသောဓေန္တော-အပ္ပေဝ ဇီဝိတံ ဇဟေ၊ ပညတ္တံ လောကနာထေန-န ဘိန္ဒေ သီလ သံဝရံ) ဂါထာကို နှုတ်တော်က တတွတ်တွတ် ရွတ်ဆို၍ ဥဒါန်းထား၍ လွန်တော် မူခဲ့ပါသည်။ ပထမ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၊ ဘုန်းတော်ကြီး ဦးသီလထေရ် စသောနိကာယ ထိပ်ခေါင်တင် အရှင်မြတ်ကြီးတို့လည်း ဤနည်းနှင်နှင် ဝိနယဂရုက သိက္ခာကာမ သီလဝန္တ တွေချည်း ဖြစ်ပါ၏။ ဝိနည်းပညတ်ချက်ကို တစ်ဆံချည်မျှ အတိမ်းမခံပါ။ အသက်ဟူသော အကြောင်းကြောင့်ပင် ဝိနည်းတော်ကို အထိမခံ၊ သီလကို မညှိုးစေပါ။ ထိုအချက်များသည် ယင်းဆရာတော်ကြီးတို့၏ ထေရုပ္ပတ္တိများဖြင့် ထင်ရှားပါသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် အရှင်သာရိပုတ္တရာထေရ်အလား အလွန်နိဝါတ နိမာန တရား နှင့် ပြည့်စုံတော်မူပါသည်။ သြဝါဒ ဒါယက သံဃပိတရ သံဃရာဇာမထေရ်ကြီးဖြစ်သော်လည်း သီတင်းသုံးဖော်သံဃာတော်တို့က ပြောဆိုခြင်း၊ လျှောက်ထားခြင်းတို့ကို လက်ခံပြုပြင် ဆောင်ရွက်တော်မူပါသည်။ အချင်းချင်း ပြောဆိုသတိပေးခြင်း၊ အချင်းချင်းပြုပြင်ခြင်း၊ ပြောဆိုသည်ကို ဝမ်းမြောက်စွာ ခံယူခြင်း၊ ပြုပြင်ခြင်းတို့သည် ရွှေကျင်ဂိုဏ်း၏ အသက်သဖွယ် ရှိခဲ့ပါသည်။ ဝိနည်းစည်းကမ်းအောက်ဝယ် အချင်းချင်း ပြောဆိုပြုပြင်ခြင်းဖြင့် ရွှေကျင်ဂိုဏ်းသည် ကျစ်လျစ်သိပ်သည်းစွာ အနှစ်တစ်ရာကျော်လာသည့်တိုင်အောင် တည်တံ့ကြီးပွားနေပေသည်။

ယင်းသို့ဆိုလျှင် ရွှေကျင်ဂိုဏ်း ရွှေကျင်နိကာယ၏ အနှစ်သာရသည်

၁။ ဝိနည်းစည်းကမ်းအတိုင်း ကျင့်သုံးခြင်းနှင့်
၂။ အချင်းချင်း ပြောဆိုပြုပြင်လက်ခံ ကျင့်သုံးခြင်းတို့ ဖြစ်ပါ၏။

မှန်ပါသည်။ ရွှေကျင်ထိပ်ခေါင်တင် အရှင်တိုင်းပင် ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ-ဂါထာတော်ကို ဥဒါန်းဂါထာတော်အဖြစ် လက်ကိုင်ပြုတော်မူကြခြင်း၊ အညမညဝစန အညမညဝုဋ္ဌာပနမှုကာင်း၍ ဝိနည်းတော်ကို ပြည့်စုံစွာ မကျင့်သုံးမရွက်ဆောင်နိုင်ခြင်းတို့သည် ခိုင်လုံသောအချက်များဖြစ်ကြောင်း ရေးသားအပ်ပါသတည်း။

ဝန်ခံချက်။ ဤဆောင်းပါး၌ ဖော်ပြထားသော ရွှေကျင်သမိုင်းကြောင်းနှင့် အနှစ်သာရသည် ဤစာရေးသူ၏ ယူဆချက်သာ ဖြစ်ပါသည်။ ရှုးစမ်းလေ့လာတွေ့ရှိမှုအပေါ် အခြေခံ၍ မိမိဉာဏ်မီသမျှဖြင့် မိမိယူဆချက်ကို ...ပြ၍ ရွှေကျင် ဆရာတော်ဘုရားကြီးနှင့် တကွ ရွှေကျင်သံဃာအပေါင်းအစုကြီး ပူဇော်ခြင်းသာဖြစ်ကြောင်း ဝန်ခံပါသည်။

**အရှင်တိက္ခာနန္ဒ (ကန်တောရ)**



# သူတော်ကောင်းကျက်သရေ

မုံရွာ အရှင်နာဂဝံသ

**ရိုးရိုးကျင့်၊**

**မြင့်မြင့်ကြံ၊**

**မှန်မှန်လုပ်၊**

**ကုတ်ကုတ်နေ၊**

**သူတော်ကောင်း ကျက်သရေ။**

ဤဩဝါဒ လင်္ကာလေးကို မြောင်းမြ–ပဒ္ဓေတာရုံတိုက်၌ နေစဉ် ရှင်ငယ်ဘ၀တည်းက ဆရာသမားများ၏ သင်ပြပေးချက်ဖြင့် ရနေပါသည်။ သဘောကျ နှစ်သက်ပြီး ဩဝါဒလင်္ကာနှင့် ညီနိုင်သမျှညီအောင် နေထိုင်ခဲ့ပါသည်။ မိမိကိုယ်တိုင် လူကြီးဖြစ်လာသည့် အခါမှာလည်း တပည့်များအား လက်ဆင့်ကမ်း ဩဝါဒပေးပြီး နေထိုင်စေခဲ့ပါသည်။ ဤဩဝါဒ လင်္ကာ၏ ပိုင်ရှင် ဆရာတော်ဘုရားကိုကား သေချာစွာမသိပါ။ သို့သော် ရွှေကျင်ဆရာတော်များ အဆက်ဆက် လက်ဆင့်ကမ်းပြီး တပည့်များအားဩဝါဒပေးလာတာကို ထောက်ဆပြီး ပထမရွှေကျင် ဆရာတော်ဘုရားကြီး စသော သာသနာ့ထိပ်ခေါင်တင် ဆရာတော်ကြီး တစ်ပါးပါးဖြစ်ရမည်ဟု မျှော်မှန်းကြည်ညိုရပါသည်။

လက်တွေ့ကျင့်သုံးပြီး သူတော်ကောင်း ကျက်သရေဆောင်တော်မူသော ဆရာတော်ဘုရားကြီး၏ ရင်မှဖြစ်သော ဩဝါဒဟု ယူဆလေးစားပါသည်။ ဂဏ သမုဒ္ဒာပက ရွှေကျင်ဆရာတော်ဘုရားကြီး၏ လွန်တော်မူသော အနှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲတော်မြတ်တွင် အထက်ဖော်ပြပါ ဩဝါဒလင်္ကာလေးကို အဓိပ္ပါယ်ဖွင့်ဆို ရေးသားပြီး လေးစားစွာ ပူဇော်အပ်ပါသည်။

**ရိုးရိုးကျင့်**

ရှင်ရဟန်းများသည် သူတော်ကောင်းများ ဖြစ်ကြပါသည်။ သူတော်ကောင်းဆိုတာ အရာရာဆန်းကြယ်၍ မတင့်တယ်ပါ၊ ခေတ်ဆန်၍ မလျှော်ပါ၊ စား၀တ်နေရေးမှစပြီး ရိုးသား ဖြူစင်ရပါမည်။ သွားလာ နေထိုင်မှု ပြောဆိုဆက်ဆံမှု အသုံးအဆောင်တို့မှစပြီး ရိုးသားရပါမည်။ ခေတ်ဆန်မှုဖြင့် ဂုဏ်မယူသင့်ပါ၊ ခေတ်ဆန်သည် ဟူသော စကားကို အဓိပ္ပါယ်ဖော်ဆောင်ရလျှင် လူနှင့်တူတာကို ခေတ်ဆန်သည်ဟု ပြောနေကြပါသည်။ ခေတ်ဆန်သူသည် တောထွက်ပြီး တရားအားထုတ်သည်ကို မကြားဘူး မမြင်ဘူးပါ။ အကျင့်ပျက် လူထွက်သူကိုသာ ကြားဖူး မြင်ဖူးပါသည်။ ခေတ်

ဆန်သောသူသည် မြတ်ဗုဒ္ဓ၏ လူနှင့်မတူစေရ ဟူသော အဘိဇ္ဈာသုတ်လာ ဩဝါဒတော်နှင့်လည်း ဆန့်ကျင်နေပါသည်။

ထို့ကြောင့် ရှင်ရဟန်းများသည် အရာရာရိုးသားမှုရှိ၍ သူတော်ကောင်း ကျက်သရေရှိပါသည်။

တစ်ဆင့်စကား ကြားဖူးသည်မှာ တစ်ခါတုန်းက နိုင်ငံခြားမှ မဟာယာန သာသနာပိုင် ဆရာတော်တစ်ပါး တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားထံ ရောက်လာပါသည်။ ဆရာတော်ဘုရားနှင့် သာသနာရေးကိစ္စများ ဆွေးနွေးမေးမြန်းပါသည်။ နိုင်ငံကျော် ကမ္ဘာကျော် ဆရာတော်တစ်ပါး၏ ကျောင်းပေါ်၌ ခေတ် အသုံးအဆောင်များ ကာမျှမတွေ့ရဘဲ ရိုးရိုးကျောင်းလေးပေါ်၌ ဘုန်းကြီးအသုံးအဆောင်ရိုးရိုးများကိုသာ တွေ့ရ၍ အထူးကြည်ညို လေးစားသွားပါသည်၊ သူ့တိုင်းပြည် ပြန်ရောက်သည့်အခါ သူ့မှာရှိသော ခေတ်အသုံးအဆောင်များ အားလုံးစွန့်လွှတ်လိုက်သည်ဟု ကြားသိရပါသည်။

ယခုနိုင်ငံ၌ ထင်ရှားနေသော တန့်ကြည့်တောင် ဆရာတော်၏ အတွေ့အကြုံတစ်ရပ်ကလည်း သင်ခန်းစာယူသင့်ပါသည်။ သူကိုယ်တိုင် ပြောပြချက်ကို ရေးသားတင်ပြပါမည်။ တစ်ခုသောနှစ်၊ တစ်ခုသောဝါတွင်းကာလ မန္တလေး လေယာဉ်ကွင်းမှာ ပုဂံ–တန့်ကြည့်တောင်ပြန်ရန် လေယာဉ်စောင့်နေပါသည်။ အချိန်စောနေ၍ ဧည့်ခန်းတစ်နေရာ၌ သက်န်းခြုံပြီး တရားနှလုံးသွင်းနေပါသည်။ အချိန်စေ့၍ သက်န်းခြုံ ဖွင့်လိုက်သောအခါ တိဘက် ဘုန်းကြီး တစ်ပါး လက်အုပ်ချီပြီး မိတ်ဆက်ရပ်နေတာကို တွေ့ရပါသည်။

စကားပြန်မှတစ်ဆင့် စားသောက်ဖွယ် တစ်ခုကို ကပ်လှူလိုကြောင်း ပြောပြမှု ကောသနိက်၊ ပတ္တပိုဏ်ရှုကင် ဆောက်တည်ထား၍ ဘာမျှမလိုကြောင်း ပြောပြီး တားမြစ်ခဲ့ပါသည်။ ဆရာတော်၏ သင်္ကန်းရုံ၊ သပိတ်လွယ်၊ ယပ်၊ နေရာထိုင်တည်း ဟူသော ရိုးသားသော ပရိက္ခရာတို့ကြောင့် လေးစား ကြည်ညိုသွားပါသည်။ ဆရာဒကာဖြစ်ပြီး အမေရိကန် ကြွရောက်ရန်ပါ ပင့်ဖိတ်ကာ မကြာခင် လေယာဉ်လက်မှတ်များ ပို့လိုက်ပါသည်။

အမေရိကန်ကြွတိုင်း အရာရာတာဝန်ယူသည့် ဒကာတစ်ယောက်ဖြစ်သွားပါသည်။ သင်္ကန်းရုံ–သပိတ်လွယ်မှု၏ ကျေးဇူးဟု ဆရာတော်ကိုယ်တိုင် အမိန့်ရှိပါသည်။ ခေတ်ဆန်ဆန်နေလျှင် ဘယ်သူမှပင့်မည်မဟုတ်ပါဟုလည်း ဖြည့်စွက်ပြောဆိုပါသည်။

## မြင့်မြင့်ကြဲ

ရှင်ရဟန်းများသည် စိတ်နေစိတ်ထား မြင့်မြတ်ရပါမည်။ ပစ္စည်းလေးပါး ဒကာ–ဒကာမ၊ ဘုန်းဂုဏ် စသည့် လောကာမိသမှုဖြင့် အာရုံကောင်းတိမ်မနေဘဲ နိဗ္ဗာန်အထိ အာရုံရှိရပါမည်။ နိဗ္ဗာန်ရရေးအတွက် အခြေခံသီလမှစပြီး ဖြည့်ကျင့် အားထုတ်ရပါမည်။ မြတ်ဗုဒ္ဓသည် ရှင်ရဟန်းများအဖို့ သီလစသည် ပြည့်စုံရုံမျှဖြင့်ပင် အားရတော် မမူသေးပါ။ မဟာသာရောပမသုတ်တော်၌ လာဘ်လာဘသည် သာသနာတော်၏ အကိုင်းအခက်၊ သီလသည် သာသနာတော်၏ အပွေး၊ သမာဓိသည် သာသနာတော်၏ အခေါက်၊ ဈာန်အဘိညာဉ်သည် သာသနာတော်၏ အကာ၊ မဂ်ဖိုလ်နိဗ္ဗာန်သည်သာ သာသနာတော်၏ အနှစ်ဟု မိန့်တော်မူပါသည်။ အနှစ်ဆိုက်အောင်ကျင့်မှ နှစ်ခြိုက်မြတ်နိုးတော်မူပါသည်။

ယခုခေတ်၌ကား အကိုင်းအခက်နှင့် သံသရာလည်နေကြပါသည်။ အကိုင်းအခက်နှင့် အားရနေကြပါသည်။ အကိုင်းအခက်နှင့် အချိန်ကုန်နေကြပါသည်။ ပကတိအကိုင်းအခက်သည် အဆောက်အဦး ပရိဘောဂအတွက် ဘာမှအသုံးမဝင်သလို သာသနာတော်၏ အကိုင်းအခက်ဖြစ်သော လာဘ်လာဘ၊ အကျော်အစော စသည်

များလည်း အသုံးမတတ်က နိဗ္ဗာန်နှင့်ဝေးပြီး ဂိဇ္ဈကုဋ် ဆေးဖြစ်တတ်ပါသည်။ ထို့ကြောင့် ရှင်ရဟန်းများသည် စိတ်နေစိတ်ထားမြင့်မြတ်ပြီး ၂၉နေတတ်ရန် လိုအပ်ပါသည်။

## မှန်မှန်လုပ်

ရှင်ရဟန်းများ သည် အနေမှန်၊ အလုပ်မှန်ရန် အရေးကြီးပါသည်။ ရှေ့တွင် တစ်မျိုး၊ ကွယ်ရာတစ်ဖုံ မဖြစ်စေသင့်ပါ။ သူတော်ကောင်းဆိုတာ လက်ဖဝါးနှင့် မတူစေရ၊ ခြေဖဝါးနှင့် တူစေရမည်ဟု ရှေးသူတော်ကောင်းတို့ ဆိုထုံးစကားရှိပါသည်။ လက်ဖဝါး၏ သဘောသည် မှောက်ချီ လှန်ချီ လုပ်တတ်၍ ခြေဖဝါးကတော့ အမြဲတမ်း မှောက်ထားပါသည်။ ထို့အတူ သူတော်ကောင်းသည် အရာရာအနေမှန်ရမည် ခုတစ်မျိုး အတော်ကြာတစ်မျိုး မဖြစ်စေရပါ။ စားဝတ်နေရေး၊ လူမှုဆက်ဆံရေးကစပြီး မှန်ကန်သည့်မူ ချပြီး မူအတိုင်း လက်တွေ့ ကျင့်သုံးရန် အရေးကြီးပါသည်။ အဂတိကင်းစင်ရန် အရေးကြီးပါသည်။ အဂတိလေးပါးသည် သူတော်ကောင်းများ၏ အကြီးမားဆုံးရန်သူကြီးများ ဖြစ်ပါသည်။ အဂတိကြောင့် အနေမမှန်၊ အလုပ်မမှန် ဖြစ်နေကြပါသည်။

မြတ်ဗုဒ္ဓက အဂတိသုတ်တော်၌ လဆုတ်ပက္ခ၌ ထွက်သောလသည် တစ်နေ့တစ်ခြားအလင်းရောင် ဆုတ်ယုတ်သကဲ့သို့ ထို့အတူ အဂတိလေးပါး လိုက်စားသောသူသည် တစ်နေ့တစ်ခြား အခြံအရံ အကျော်အစောမှ ဆုတ်ယုတ်၏ဟု ဟောတော်မူပါသည်။ အဂတိ ကင်းစင်ပြီး အနေမှန်၊ အလုပ်မှန်သောသူသည် လဆန်းပက္ခမှ ထွက်လာသောလသည် တစ်နေ့တစ်ခြား အလင်းရောင်များ ပြည့်ဝလာသလို ထို့အတူ အခြံအရံ အကျော်အစောများ တစ်နေ့တစ်ခြားပြည့်ဝလာကြောင်း အပြန်အားဖြင့် ဟောကြားတော်မူပါသည်။ ထို့ကြောင့် အဂတိကင်းကင်းဖြင့် အရာရာ အလုပ်မှန်၊ အနေမှန်ရန် အရေးကြီးပါသည်။

## ကုတ်ကုတ်နေ

ရှင်ရဟန်းများသည် သူတော်ကောင်းများ ဖြစ်၍ ရိုးရိုးကုတ်ကုတ်နေသင့် ကြပါသည်။ကာမဘောဂီလောကီ လူသားများလို ကြွားကြွားဝါဝါ မနေသင့်ကြပါ။ ကြွားဝါမှု၊ ပလွှားမှုများသည် လောကကိုအထင်ကြီးပြီး သူတော်ကောင်းတရားအားနည်းသော လူသားတို့၏ အလုပ်များ ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် ဝါတော်နှစ်ဆယ် ပထမ ဗောဓိအတွင်း ပံသကူသင်္ကန်းသာ ခွင့်ပြုတော်မူခဲ့ပါသည်။ ရဟန်းတော်များသည် ပံ့သကူသင်္ကန်းကိုဝတ်ပြီး ဆွမ်းခံစားကာ ရဟန်းတရားများကို အားထုတ်တော်မူကြပါသည်။

အများအားဖြင့် တစ်ပါးနေကျောင်းကလေးများဖြင့် အာဝါသမျှတကာ မင်္ဂဖိုလ်ရရေးကိုသာ အလေးထားတော်မူကြပါသည်။ ထို့ကြောင့် ပထမ ဗောဓိကာလသည် မြတ်ဗုဒ္ဓ၏ သာသနာအထွန်းလင်းဆုံး အတောက်ပဆုံး ကာလဟုဆိုရပါမည်။ ပုထုဇဉ်မရှိ အရိယာတို့ဖြင့်သာ တင့်တယ်စံပါယ်နေပါသည်။ ထိုအချိန်က မြတ်ဗုဒ္ဓသာသနာသည် လပြည့်နေ့ညတိမ်သားကင်းစင်သော မိုဃ်းကောင်းကင်၌ ထွန်းလင်းနေသည့် ရွှေလမင်းကြီးနှင့် တူလှပါသည်။ ယခုခေတ် အရှင်မြတ်များ စဉ်းစားသင့်ကြပါသည်။ အရာရာခေတ်နောက်လိုက်ပြီး ကျင့်သုံးနေထိုင်လုပ်ကိုင်ပါက မိမိတို့ရည်မှန်းချက်ပန်းတိုင် ပျောက်ကွယ်သွားမှာ စိုးရပါသည်။ သူတော်ကောင်း ကျက်သရေနှင့် ဆန့်ကျင်ဘက် ဖြစ်သွားစရာရှိပါသည်။ ထို့ကြောင့်အထက်ဖော်ပြပါသူတော်ကောင်းကျက်သရေများကို မိမိတို့သန္တာန်မှာ ပန်ဆင်လိုက်နာကြမှသာ နိဗ္ဗာန်နှင့်တစ်နေ့ထက်တစ်နေ့ နီးလာမည် ဖြစ်ကြောင်းလျှောက်ထားပြီးဆောင်းပါးကို နိဂုံးချုပ်အပ်ပါသည်။ ။

ဦးနာဂဝံသ (နာယက)
သဒ္ဓမ္မ ပဇ္ဇောတာရုံကျောင်းတိုက်
အောင်ချမ်းသာရပ်၊ မုံရွာမြို့
စစ်ကိုင်းတိုင်း။
(-၂၊ ၁၂၊ ၅၄-ပြီး)




(၁)

မိုးတိမ်တို့မှ သန့်စင်စွာမွေးဖွားလာကြသော
ရေတို့သည်လည်းကောင်း၊
မြေမှအမြစ်တွယ်ရှင်သန်ကြသော
ကြာပန်းတို့သည်လည်းကောင်း၊
အလှကိုယ်စီရှိကြသော်လည်း . . . .
ရေနှင့်ကြာတို့ ပေါင်းစပ်ဖွဲ့စည်းရာမှ
ဖြစ်တည်လာသော အလှကိုမူ
ယှဉ်၍မရ တုပ၍မရ။

ရွှေကျင်ဆရာတော်သည်လည်း မြန်မာနိုင်ငံ ဗုဒ္ဓသာသနာတွင် အလွန်ကြီးကျယ်သော ဂုဏ်သတင်းများစွာဖြင့် ထင်ပေါ်ကျော်ကြားသည့် ဆရာတော် မထေရ်မြတ် . . .။

မင်းတုန်းမင်းကြီးသည် မြန်မာ့သမိုင်း၌ ကုန်းဘောင်မင်းဆက် (၁၁)ဆက်မြောက်အနေဖြင့် ဘုန်းတန်ခိုးအာဏာ ပညာကြီးရင့်၍ အလွန်ထင်ရှားကျော်စောသောမင်း . . .။

မင်းတုန်းမင်းကြီးသည် ရွှေကျင်ဆရာတော်အား အထူးကြည်ညိုကိုးကွယ်၍ ဆရာနှင့်ဒကာ ရေနှင့်ကြာအလား။ ရေလည်းတင့် ကြာလည်းမြင့်။ ဒကာလည်းတင့် ဆရာလည်းမြင့်ပြီး မွေးဖွားရှင်သန်ထွန်းကားတော်မူသည့် ရွှေကျင်သာသနာတော်ကြီး၏ ထင်ရှားကြီးကျယ်မှုကိုမူကား . . .

မင်းတုန်းမင်းကြီးသည်လည်းကောင်း . . .

ရွှေကျင်ဆရာတော် မထေရ်မြတ်ကြီးသည် လည်းကောင်း . . .

လိုက်၍မမီ၊ ယှဉ်၍မရ . . .

(၂)

ဗုဒ္ဓသာသနာတော်ကို ကြည်ညိုလေးစားရာတွင် မင်းတုန်းမင်းကြီးသည် ရှာမှရှားသော မင်းတစ်ပါးဖြစ်သည်။ မင်းတုန်းမင်း၏ နှလုံးသားဝယ် ဗုဒ္ဓသာသနာသည် ခိုင်ခိုင်မာမာအမြစ်တွယ် နေခဲ့သည်။ ဗုဒ္ဓသာသနာတော်ကြီးကို ဖြူစင်သန့်ရှင်းစေချင်သည့် စိတ်ဆန္ဒတို့သည် မင်းတုန်းမင်း အိမ်နိမ့်စံစဉ်ကတည်းက ပြင်းပြခဲ့သည်။

မင်းတုန်းမင်းသားဘဝ ညီတော်ကနောင်မင်းသားနှင့်အတူ အမရပူရရွှေမြို့တော်မှ ရွှေဘိုသို့အသွားလုတောရွာအရပ်တွင် ရွှေကျင်ဆရာတော်လေးအား ဖူးမျှော်လိုက်ရစဉ် ရွှေကျင်ဆရာတော်လေး၏ အနေအထိုင်ကျစ်လစ်ခြင်း၊ တည်ကြည်ခြင်း၊ အပြော

အဟောနှုန်းညွှန်းသိမ်မွေ့ခြင်း၊ သေသပ်ပိရိခြင်းတို့နှင့် အတူ ဝိနည်းကိုထူးကဲစွာ လေးစားလိုက်နာခြင်း စသည့်ဂုဏ်အင်္ဂါလက္ခဏာများကို မျက်ဝါးထင်ထင် တွေ့မြင်ကြည်ညိုမိရာမှ သာသနာတော်ကို ထူးခြားစွာ သန့်ရှင်းစင်ကြယ်စေနိုင်မည့် မထေရ်မြတ် တစ်ပါးဖြစ်လာမည်ကို မင်းတုန်းမင်းသား၏ စိတ်ဝယ် အခိုင်အမာယုံကြည်မှု ဖြစ်ပေါ်လာလေသည်။ "ငါအထွတ်အထိတ်ရောက်လျှင် ဤဆရာတော်လေးအား ရွှေမြို့တော်သို့ ပင့်၍ကိုးကွယ်မည်" ဟုလည်း တစ်ကိုယ်တည်း ကြံစည်မိခဲ့သည်။

မင်းတုန်းမင်းသား အထွတ်အထိတ်သို့ ရောက်ရှိလာသည့်အခါ ရွှေကျင်ဆရာတော်လေးအား မရ၊ ရအောင် သုံးကြိမ်တိုင်တိုင်ပင့်**ဆောင်**၍ မန္တလေးတောင်ခြေမြောက်ဘက် **တောအုပ်အတွင်း** မဟာဓမ္မိကာရာမတိုက်ကြီးကို **ခမ်းနားကြီးကျယ်**စွာ ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထရံကာတိုက်၊ ရမည်းသင်းတိုက်၊ မင်းကင်းတိုက်၊ မြတောင်တိုက် ဟူသည့် အရံကျောင်းတိုက် လေးတိုက်ကိုလည်း ဆောက်လုပ်လှူဒါန်းပေးခဲ့သည်။

နောင်အခါတွင်လည်း သာသနာပိုင်ဆရာတော်မှအစ သုဓမ္မာဆရာတော်တို့က ဆင့်ဆိုမှုလွတ်ကင်းစေရန် ဂဏဝိမုတ် (ဂိုဏ်းမှအလွတ်ပုဂ္ဂိုလ်) ဟု မင်းမိန့်ထုတ်ခဲ့လေသည်။ ယင်းသို့ အမိန့်တော်ပြန်တမ်း ထုတ်ဆင့်မှုမှာ ကြီးမားစွာ ယုံကြည်မှု ကြည်ညိုမှုများမရှိဘဲ ဆောင်ရွက်မည်မဟုတ်ချေ။ ထိုကာလက သာသနာပိုင်ဆရာတော် ဦးဥ ယျသည် မင်းတုန်းမင်းကြီး၏ ဖခမည်းတော်လက်ထက်မှစ၍ ကိုးကွယ်ခဲ့သော ဆရာတော်ဖြစ်ပါသည်။ ထိုအခါမှစ၍ ရွှေကျင်ဆရာတော်နှင့် သဘောတူမျှကြသော သံဃာစုကို ရွှေကျင်ဂိုဏ်းဟုခေါ်လာကြပြီး ရွှေကျင်ဂိုဏ်းကြီးကို မည်သည့်ပုဂ္ဂိုလ်ကမှ အဆင့်အဆိုအခေါ်အငင်မပြုနိုင်တော့ဘဲ ရွှေကျင်ဂိုဏ်းသည် ဂိုဏ်းသီးဂိုဏ်းခြား ဖြစ်ခဲ့သည်။ ရွှေကျင်ဂိုဏ်းသည် မင်းတုန်းမင်း၊ သီပေါမင်းနှင့် အင်္ဂလိပ်အုပ်စိုးစဉ် ကာလအထိ မည်သည့်လက်အောက်ခံမဟုတ်ဘဲ ဂိုဏ်းသီးဂိုဏ်းခြားဖြစ်ခဲ့သည်။ ရွှေကျင်ဂိုဏ်း တသီးပုဂ္ဂလ စည်းကမ်းတကျ နေထိုင်လာခဲ့ရာ ယခုအချိန်တိုင်အောင် ရှေးဆရာတော်ကြီးများ၏ အစဉ်အဆက် နည်းဥပဒေများအတိုင်း လေးစားလိုက်နာကာ စည်းရုံးစွာ နေထိုင်လာခဲ့သည်။

(၃)


ဤသို့ ရွှေကျင်သာသနာထွန်းကားလာခဲ့သည်မှာ မင်းတုန်းမင်း၏ မားမားမတ်မတ်ရပ်တည်ပေးမှုများနှင့် ကြီးမားသောအထောက်အပံ့များသည် အဓိကကျ အရေးပါအရာရောက်လှပါသည်။

မင်းတုန်းမင်းကြီးသည် ၁၁၇၆–ခုနှစ်တွင် ဖွားမြင်တော်မူပြီး၊ ရွှေကျင်ဆရာတော်ကား ၁၁၈၄–ခုနှစ်တွင် ဖွားမြင်တော်မူခဲ့ရာ မင်းတုန်းမင်းကြီးသည် ရွှေကျင်ဆရာတော်ထက် ၈–နှစ်ကြီးပါသည်။ မင်းတုန်းမင်းကြီးသည် ရွှေကျင်ဆရာတော်အား သာသနာတော် သန့်ရှင်းစင်ကြယ်ရေးအတွက် အားလည်းကိုးသည်၊ ယုံလည်းယုံကြည်သည်။ ထို့အပြင် ညီငယ်တစ်ဦးကဲ့သို့ ချစ်မြတ်နိုးခဲ့သည်။

ထို့ကြောင့်လည်း ရွှေကျင်သာသနာနှင့် ရွှေကျင်ဆရာတော်တည်း ဟူသော ကြာပန်းကြီးသည် မင်းတုန်းမင်းကြီး၏ သဒ္ဓါကြည်ညို ကိုးကွယ်မှုရေကန်ကြီးဝယ် ငွါးငွါးစွင့်စွင့် ဝင့်ထယ်ခဲ့သည်။ ရွှေကျင်သာသနာတော်ကြီး ပေါ်ထွန်းလာရာတွင် ရွှေကျင်ဆရာတော်သည် အဓိက နံပါတ်တစ်ဖြစ်လေလျှင် မင်းတုန်းမင်းကြီးသည် နံပါတ်နှစ်ဖြစ်ပါလိမ့်မည်။

ရွှေကျင်ဆရာတော်နှင့် မင်းတုန်းမင်းကြီးတို့သည်ကား ရွှေကျင်သာသနာတော်တွင် တကွဲတပြားခွဲခြား၍ မရကောင်းသည့် ရေနှင့်ကြာ (သို့မဟုတ်) ဒကာနှင့်ဆရာသာတည်း။

မောင်ချစ်မွန် (ရေနံ)



# သြဝါဒကထာ

အရှင် သုဇနပဏ္ဍိတ

ရွှေကျင်နိကာယ ရွှေကျင်ဂိုဏ်းကြီး၏ ဂဏသမုဋ္ဌာပက ဂဏာဓိပတိ ရွှေကျင်ဆရာတော် ဘုရားကြီး တစ်ဘဝဇာတ်သိမ်း၍ အငြိမ်းဓာတ် ဝင်ခဲ့သည်မှာ ၁၃၅၅ ခုနှစ်၌နှစ်ပေါင်း(၁၀၀) တစ်ရာ ရှိလေပြီ။ ရွှေကျင်နိကာယကြီး၏ အမွန်အစ ပဘဝကို "အင်ကြင်းခက်ကျိုး" ရွှေကျင်ဂိုဏ်းဟု ဆောင်ပုဒ် ပြုခဲ့ကြသဖြင့် အမွန်အစပဘဝသည် ကောဇာ သက္ကရာဇ် ၁၂၂၂-ခုနှစ်ပင် ဖြစ်ပေသည်။ မန္တလေး ရတနာပုံရွှေမြို့တော်ကို တည်ထောင်သည့် ခုနှစ်ကို "အုတ်ကျစ်ကျော်အေး" မန္တလေးဟု မှတ်တမ်း ပြုခဲ့ကြရာ ကောဇာသက္ကရာဇ် ၁၂၂၀-ခုနှစ်၌ မန္တလေးရတနာပုံ ရွှေမြို့တော်အစ ဖန်တည်း တည်ထောင်ခဲ့ကြောင်း မှတ်သားရသည်။ မန္တလေး ရတနာပုံရွှေမြို့တော် စတင်တည်ဆောက်ပြီးနောက် တစ်နှစ်ဖြစ်သည့် ၁၂၂၂-ခုနှစ်သည် အမွန်အစပဘဝ ပေတည်း။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့သည် မှစတင်ရေတွက်အပ်သော အတိတ်သာသနာကား ၂၄၀၄-ခုနှစ် ဖြစ်လေသည်။ ယနေ့ ၁၃၅၅-ခုနှစ်၌ ရွှေကျင် နိကာယ=ရွှေကျင်ဂိုဏ်းကြီး၏ သက်တမ်းမှာ ၁၃၃-နှစ်ရှိလေပြီ။ နှစ်ပေါင်း ၁၃၃-နှစ် ကာလ ကြာခဲ့သော်လည်း ရွှေကျင်ဂိုဏ်းကြီးကား ကမ္ဘာ့ ဖွေ့ခွင် မြန်မာ့မြေအပြင်ဝယ် တည်တံ့ခိုင်ဖြိုးကာ စည်ပင်ပြန့်ပြောလျက်ပင် ရှိပေသေးသည်။ ပြည် မြန်မာဝယ် ဗုဒ္ဓမြတ်စွာ၏ ထေရဝါဒသာသနာ၌ ရွှေကျင်ဂိုဏ်းကြီးပေါ်ထွန်း ခဲ့ခြင်းကြောင့် ဗုဒ္ဓမြတ်စွာ ၏ စစ်မှန် တိကျသော အဆုံးအမများကို လိုက်နာ ကျင့်သုံးနေကြသည့် တပည့်သားသာဝကများကို ယနေ့တိုင် ဖူးမြင်တွေ့ကြုံနေကြရသည်။ သဒ္ဒါဓာတ် ပြည့်ဝသောပညာရှင်တိုင်းက ကြည်ရွှင်ဝမ်းသာ ဖြစ်ကြ ရသည်။

"ရွှေကျင်"ဆိုသည့် သဒ္ဒါရုံကို ကြားရသူ တိုင်း၊ "ရွှေကျင်"ဆိုသည့် ရူပါရုံကို မြင်ရသူတိုင်း "ကောဒိသွာနပ္ပသီဒတိ" တွေ့ကြုံဆုံစည်းရသူမှန်သမျှ အဘယ်သူသည် ကြည်ညိုနှစ်သိမ့် ပီတိမစိမ့်ဘဲ ရှိပါ အံ့နည်း" ဟူသကဲ့သို့ သဒ္ဒါကြည်လင် ပီတိရွှင်ကြ ရသည်။ ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်းကို ရှာဖွေစိစစ် အသိဉာဏ်လှစ်ခဲ့မိသည်။

ရွှေကျင်သာသနာ အကြောင်းကို အဝါးဝစွာ သေချာဂနသိထားသူ ဖြစ်သည့်အတိုင်း ဂဏသမု ဋ္ဌာပက ရွှေကျင်ဆရာတော်ဘုရားကြီးမှစ၍ ဝိသုဒ္ဓါရုံ

စသော ရွှေကျင်ဆရာတော် အဆက်ဆက်တို့သည် သူတစ်ပါးနှင့်မတူ တစ်မူထူးခြားစွာ တပည့် ရဟန်းသာမဏေ ဒါယကာ ဒါယိကာမတို့အား အဆုံးအမ ပေးခြင်းတည်းဟူသော အကြောင်းရင်းကိုပင် ထင်လင်းစွာ တွေ့ရပေသည်။ ထို့ကြောင့် အဆုံးအမ ဩဝါဒသည် သာသနာ၊ သာသနာသည် အဆုံးအမ ဩဝါဒ ဖြစ်လေရာ အဆုံးအမ ဩဝါဒကို ဆရာပြုလုပ်သူတို့ကလည်း အခါမလပ်ပေး၊ တပည့်ဖြစ်သူကလည်း တသွေမတိမ်း နာယူမှတ်သား ကျင့်ကြံကြလျှင် သာသနာသည် အစွန့်ရှည်စွာ တည်မည် ဖြစ်ပါသည်။ ဆရာဖြစ်သူများကလည်း တပည့်သားသာဝကတို့အား အဆုံးအမဩဝါဒကိုမပေး၊ သိသမျှ ရသမျှ ဆုံးမဩဝါဒကိုလည်း တပည့်သားသာဝကတို့က မလိုက်နာကြလျှင် သာသနာသည် ကြာရှည်မည် မဟုတ်ပါ။ ကြား၍လည်းမကောင်း၊ ကြည့်ရှုကြည်ညိုစရာလည်း မကောင်းပါ။

ရွှေကျင်ဆရာတော် အဆက်ဆက်ကား ခက်လက်ဝေဆာသော အဆုံးအမများဖြင့် သာသနာကို တည်တံ့စေရမည်ဟု ရည်သန်ခဲ့ကြဟန် တူပါသည်။ အများနှင့်မတူ တစ်မူထူးခြားသော အဆုံးအမ ဩဝါဒများကြောင့်လည်း ရွှေကျင်သာသနာသည် ယနေ့တိုင် တည်တံ့ပြန့်ပွားကာ သန့်ရှင်းသပ်ရပ်စွာပင် ခိုင်ဖြိုးလျက်ရှိနေပါသည်။

## ဩဝါဒကထာ(၂)

ရွှေကျင်ဆရာတော်ဘုရားကြီးသည် မဟာသီဃကောဝါဒ စူဠသီဃကောဝါဒ စသောအားဖြင့် တပည့်ရဟန်းသာမဏေ လူဝတ်ကြောင် ဒကာဒကာမတို့အား မြောက်မြားလှစွာသော အဆုံးအမ ဩဝါဒများကို ပေးခဲ့ပါသည်။ ထိုဩဝါဒများသည် ပစ္စုပ္ပန် သံသရာ နှစ်ဖြာသောကောင်းကျိုးကို ပေးစွမ်းနိုင်သော အဆုံးအမတို့သာလျှင် ဖြစ်ပေသည်။ အကျိုးနှစ်ပါးကို တိုးပွားအောင် လိုက်နာကျင့်သုံးရန်ကား တပည့်သား သာဝက သာဝိကာတို့၏ တာဝန်သာ ဖြစ်ပေသည်။

ပုထုဇဉ်ဖြစ်ကြသော လူရှင်ရဟန်းတို့ကား အဝိဇ္ဇာအမှောင်တိုက်သို့ ရောက်ကြကာ တရှုးရှုးဖြင့် မာန်ရစ်မူးတတ်ကြသည်။ မာန်မာနတရားကား အထက်သို့မပို့ အောက်သို့သာအရောက်ပို့တတ်သော တရားဖြစ်သည်။ ထိုမာနတရားကား လက်ကိုင်ထားရမည့် တရားမဟုတ်ချေ။ ထိုမာနတရားကို ပယ်ရှားရန် အလွန်အရေးကြီးလှပေသည်။ ထို့ကြောင့် ရွှေကျင်နိကာယ၊ ဂဏသမုဋ္ဌာပက ဆရာတော်ဘုရားကြီးက . . .

* ခေါင်းမတုံးခင်၊ တို့မောင်ရှင်၊ သင့်လျော်ရုံမျှ နာနမူး
* ခေါင်းတုံးပြီးနောက်၊ မာန်မို့မောက်၊ ဆေးမလောက်အောင် တက်တက်ရူး
* သို့မဖြစ်အောင်၊ သတိဆောင်၊ အားလုံးခေါင်က ကျူးစေသော . . .။

ဟူ၍ အဆုံးအမ ဩဝါဒကို ပေးတော်မူခဲ့ပါသည်။ ကျေးဇူးတော်ရှင် ရွှေကျင်ဆရာတော် ဘုရားကြီးကဲ့သို့ပင် ရှေးဆရာတော် အဆက်ဆက်တို့ကလည်း မာန်မာနတရားပယ်ရှားကြရန် ဆုံးမခဲ့ကြပါသည်။

"ငါသာငါထက်၊ မာန်မတက်နှင့်၊ အထက်နေမင်း၊ လေးကျွန်းချင်းလည်း၊ မလင်းတိမ်တိုက်၊ တစ်ကျွန်းမိုက်၏၊ နှိုင်းလိုက်သည်သာ၊ သည်အရာကို၊ ပညာရှိကာ၊ သတိရလိမ့်၊ လက်ကိုနှိုးတွေ့၊ နေကိုနှိုးသင့်၊ မြေနှင့်ပမာ၊ ကျင့်အပ်ရာ၏"

မန်လည်ဆရာတော်ကလည်း နှလုံးကို လေပင့်၍ ဘဝင်မြင့်ကာ ထောင်လွှားတက်ကြွ မာန်မာနဖြစ်ခြင်းသည် သူတစ်ပါးတို့ မြင်ပြင်းကပ်ဖွယ်ရာ အကျိုးမဲ့ကိုသာ ဖြစ်စေရုံမက နောက်နောင်ဘဝတို့၌လည်း အမျိုးညံ့ဖို့အကြောင်း မကောင်းသက်သက် ဖြစ်မည်ကို သိမြင်တော်မူကာ အစွယ်ကျိုးသောမြွေ

ဦးချိုကျိုးသောနွား ခြေသုတ်ကြိုးဝန်းအလားကဲ့သို့ မာန်မာနတရားကို ပယ်နှုတ်ချိုးနှိမ်သင့်ကြောင်းကို ဆုံးမခဲ့ဖူးပါသည်။

"မာန်မလုပ်ချင်လို့၊ မာန်လုပ်လျှင် လွယ်မည်သာပ၊ ငယ်နာမည် နငယ်သတ်ရုံပ၊ နေရပ်ကယ် ရွှေမန်လည်နှင့်၊ မာန်နှစ်လုံး မာန်စုံဆင့်၊ ဖူးအညွန့်ခေါင်ကတင်၊ သို့ကတဲ လုပ်ပဲသမွှဇော်နှင့် မာန်မဝင် ဉာဏ်ရှင်သုံးပါလို့"

ရွှေကျင်ဆရာတော်ဘုရားကြီးက တပည့်ရဟန်းသာမဏေတို့အား စာပေပရိယတ် တတ်သိနားလည်မှု ရှိမရှိနှင့်စပ်၍လည်း ဆုံးမဩဝါဒပေးခဲ့ပါသေးသည်။ ပရိယတ္တိသဒ္ဓမ္မတည်း ဟူသောစာပေသည်ကား ပရိယတ္တိသဒ္ဓမ္မ ပဋိပတ္တိသဒ္ဓမ္မ ပဋိဝေဓသဒ္ဓမ္မတည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာ၏ အခြေခံ အုတ်မြစ်ဖြစ်သည်။ ပရိယတ်စာပေတတ်သိနားလည်မှုမှာ အလွန်အရေးကြီးပါသည်။ ပရိယတ်စာပေတတ်သိမှု နည်းပါက အရာရာအလွဲအမှားများကို ပြုလုပ်ကာ သူကျိုးကိုယ်ကျိုး နှစ်မျိုးလုံး ဆုတ်ယုတ်တတ်သည်။ ထို့ကြောင့် "စာမကတ်မှု၊ အခေါက်ထူ၊ လူထဲ ရှင်ထဲ အသုံးမကျ" ဟူ၍ ဆုံးမခဲ့ပါသည်။ စာပေပရိယတ် တတ်သိလိမ္မာပါလျက် ငါသာအတတ်ဆုံး၊ ငါနှင့်တူသူမရှိ စသည်ဖြင့် လေခတ်သော တံခွန်ကဲ့သို့ ထောင်လွှားမာန ဟက်ကြွနေလျှင်လည်း မြင်သမျှ တွေ့သမျှ ကြားသမျှ ပုဂ္ဂိုလ်တိုင်းက အော့နှလုံးနာတတ်ကြသည်။ ထိုပုဂ္ဂိုလ်အား မာန်မာနကြောင့် မည်သူမျှ မချဉ်းကပ်ကြသဖြင့် အကျိုးမရဖြစ်တတ်ကြသည်။ ထို့ကြောင့် "စာတတ်ပြန်လျှင်၊ စိတ်ကြီးဝင်၊ လူမြင်တိုင်းက၊ အော့ချင်ကြ" ဟူ၍ ဆုံးမဩဝါဒ ပေးခဲ့ပါသည်။ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းသည် စာပေပရိယတ်ကို တတ်သိလိမ္မာအောင် သင်ကြားမှတ်သားနာယူပါ။ စာပေပရိယတ်ကို တတ်သိပြန်ကလည်း ငါသာစာတတ်ဟု မာန်မာနမထားမူ၍ ကိုယ်နှင့်ရည်တူအခြားသူများကိုလည်း တတ်သိလိမ္မာအောင် အားထုတ်၍ မာန်မာနတရားများကို ပယ်ရှားသင့်ကြောင်းကို . . .

* စာမတတ်မှု၊ အခေါက်ထူ၊ လူထဲ ရှင်ထဲ အသုံးမကျ၊
* စာတတ်ပြန်လျှင်၊ စိတ်ကြီးဝင်၊ လူမြင်တိုင်းက အော့ချင်ကြ။
* သို့မဖြစ်အောင်၊ သတိဆောင်၊ အမောင်ခဲ့ပါမှ-ဟူ၍ ဆုံးမဩဝါဒ ပေးတော်မူခဲ့ပါသည်။

## ဝိသုဒ္ဓါရုံဆရာတော်

အဝိဇ္ဇာအမှောင်လွှမ်းသဖြင့် ပုထုဇဉ်အကန်းစားတိုင်း ရှောင်ကမ်းကမ်းဖြစ်ကာ သံသရာဝဋ်လမ်းမှ မထွက်မြန်းလိုကြ။ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်၍ သန္တိသုခသို့ အရောက်လှမ်းကြရန် လမ်းကြောင်းကို ဗုဒ္ဓမြတ်စွာသည် ဖြောင့်ဖြူးစွာ ပြခဲ့ပြီးဖြစ်သည်။ "ကိုယ့်ရေးကိုယ့်ရာ၊ ကိုယ့်တွက်တာကို၊ ကိုယ်သာရှေးရှု၊ အလေးပြုလော့" ဆိုသည့်အတိုင်း သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန်အရေးကို ကိုယ်ကိုင်ကြိုးပမ်း အားထုတ်ကြပါရန် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရား ဆုံးမခဲ့ပါသည်။

* ရန်သူဝိုင်းထား၊ ထိုယောကျ်ားကား၊ ပြေးသွားဖို့ရာ၊ လမ်းပေါက်သာလျက်၊ ပြေးမထွက်၊ လမ်းထွက်မဟုတ်ပေ။
* မစင်လူးလျှင်၊ အေးကြည်လင်သည့်၊ ရေစင်ရှိလျက်၊ မဆေးရက်၊ ရေတွက် မဟုတ်ပေ။

ဆရာတော်ဘုရားကြီးက တပည့်သားရဟန်းရှင်လူတို့အား ဆက်လက်၍ ဗုဒ္ဓုပ္ပါဒနဝမခေတ်ကြီးနှင့် ကြုံကြိုက်ခိုက်၊ ငိုက်မနေကြနဲ့၊ ငေးမနေကြနဲ့၊ တွေးမနေကြနဲ့၊ ဘာဝနာအလုပ်ကို အားထုတ်ရမည့် အခါကောင်းကြီးဖြစ်သည်။ သံတုံး

ကို အပ်ဖြစ်အောင်သွေးသော ယောကျ်ားကဲ့သို့ ပြင်းထန်သော လုံ့လဝီရိယဖြင့် ဘာဝနာအလုပ်ကို အားထုတ်ကြရန် အောက်ပါအတိုင်း သတိပေးခဲ့ပါသည်။

* ဘေးပွဲကြုံ၊ အေးသဲတုံ၊ ကိုယ်စီကုပ်ပါလို့၊ အားထုတ်သင့်သား၊
* သို့ပါကို၊ ဘယ်တော့ဘာလိုလိုနဲ့၊ နောင်ရေးကို မြော်ခေါ်လင့်လို့၊ ဘာဝနာသီခေါင် လွင့်တယ်၊ ဖျင်းဖင့်အများ။

မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် တပည့်သား ရဟန်းတော်များအတွက် သက်သက်လိုက်နာကျင့်ကြံအားထုတ်ကြရန် ဩဝါဒကိုလည်း ပေးခဲ့ပါသေးသည်။ မေတ္တာဓာတ် ကရုဏာဓာတ်ကြီးမားမြင့်မြတ်လှသော ဩဝါဒကထာများကို **အရေးထား၍ တလေးတစား လိုက်နာကြပါမူ လောကသံသရာနှစ်ဖြာသောကောင်းကျိုးကို မြေကြီးလက်ခတ်**မလွဲ ရရှိကြမည်ဖြစ်ပါသည်။**လိုက်နာကျင့်သုံးကြရန်**ကား တပည့်ရဟန်းတော်များ၏ **တာဝန်သာ**တည်း။

* ရဟန်းကိစ္စ၊ နှစ်ရှုရ၌၊ **လုံ့လအားသည်း**၊ ဟိတ်ဟန်းနည်း၍၊ **ပစ္စည်းမသို၊ စိတ်မကို**၊ ခင်ပျိုကြီးပွားကြောင်း၊ ခင်အိုလည်း ကြီးပွားကြောင်း။
* ပစ္စယေလက်ကိုင်မပြုရာ၊ လွဲအပ်ရာ လက်ထောက်သဒ္ဓဟံ၊ ဖိုချောင်ယံ နပဝေသ၊ သံဃာဘဇေး၊ ရသမျှကို၊ စကသေဝေ ပဋိပဒါ၊ အေးလိုကြသူတို့ သိက္ခိတာ၊ အေးစွာနေရန်ဘို့ ပစ္စယော။ ။

## ဒီပဲယင်းဆရာတော်

တတိယ ရွှေကျင်သာသနာပိုင်၊ ဒုတိယ မဟာဝိသုဒ္ဓါရုံ ဒီပဲယင်းဆရာတော် ဘုရားကား ထိထိမိမိ၊ တိတိကျကျ၊ မိမိရရ ပြောတတ်၊ ဟောတတ်၊ ရေးတတ်၊ သားတတ်သည့် ထူးခြားသော ဆရာတော်ဖြစ်သည်။ တိုတိုတိတိနှင့် လိုရင်းမိအောင် စစ်စစ်ဖုဖု ဆုံးမတတ်သည်။ နက်နက်နဲနဲ၊ ညက်ညက်ညောညော လိုရင်းကို တိုတိုကျဉ်းကျဉ်းဖြင့် မိန့်ကြားရေးသား ဩဝါဒပေးတတ်သည်။ ဆရာတော်သည် ရဟန်းရှင်လူ တပည့်သာဝကသာဝိကာ အားလုံးတို့အတွက် . . .

* စားသမျှမစင်၊ ထားသမျှမသေခင်၊ ပြုသမျှကုသိုလ်အပင်၊ ယခုကာလ ဘဝကောင်းတွင်၊ စားလဲစား၊ ထားလဲထား၊ ပြုလဲပြုကြမှ တော်မည်ထင် . . .ဟု

ဆုံးမစကား မိန့်ကြားခဲ့ပါသည်။ **မိမိပိုင်ဆိုင်အစိုးရ**သည့်စည်းစိမ်ဥစ္စာ ရတနာများကို **စားသုံးမှီဝဲမှုပြုပါက** မစင်သာဖြစ်သည်။ အာရက္ခသမ္ပဒါဖြင့် မလှူမဒါန်း ကုသိုလ်မပြု၊ စားလဲမစားမူ၍ ထိန်းသိမ်းစောင့်ရှောက်ထားပါမူ စားလဲမစားရ၊ အရိပ်ပမာ မိမိနောက်သို့လည်းမပါ၊ မသေခင်သာ စောင့်ရှောက်ထိန်းသိမ်း ရပြီးဘာအကျိုးမျှမရှိ။ ယခုအခါ ဗုဒ္ဓုပ္ပါဒနဝမခေတ်ကောင်း အခါကောင်းတွင် မိမိနောက်သို့ အရိပ်ပမာ လိုက်ပါလာမည့် ကုသိုလ်ကောင်းမှုကိုသာ ပြုသင့်ကြောင်းကို အသိဉာဏ်တံခါး ဖွင့်လှစ်ခဲ့ပါသည်။

လူမှုဆက်ဆန်ရေးနှင့်စပ်၍ ဆန့်ကျင်ပြောဆိုဆက်ဆန်မှုကား လွယ်ကူသည်။ လူကြီးကို မဆိုထားဘိ၊ ကလေးသူငယ်ပင် ပြုလုပ်နိုင်သည့်အရာဖြစ်သည်။ "သူ့သဘောကို၊ လိုက်လျောညီထွေ၊ ကျင့်တတ်စေ" ဆိုသလို တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်ဘက်မပြု၊ ဆန့်ကျင်ဘက်မပြောမူ၍ သူတစ်ဖက်သားကို ကိုယ့်အလိုပါအောင် အသိဉာဏ်ကြွယ်ကြွယ်ဖြင့် ပြုလုပ်သင့်ကြောင်းကိုလည်း အောက်ပါအတိုင်း ဆုံးမဩဝါဒ ပေးခဲ့ပါသည်။

* ဆန့်ကျင်မဖွယ်၊ မခက်လွယ်၊ သူငယ်သော်လည်း တတ်နိုင်သည်။
* မဆန့်ကျင်ဖွယ်၊ ခက်မလွယ်၊ ပညာကျယ်မှ တတ်နိုင်သည်။

ဗုဒ္ဓဘာသာဝင်တို့ကား ဝိပဿနာအလုပ်ကို အပတ်တကုတ် ကြိုးပမ်းအားထုတ်ကာ "ကျွန်လူ့ဘောင်၊ တရားသံဝေဆောင်လို့၊ မီးသုံးရောင် အမြန်ငြိမ်းကာပ၊ ဒုက္ခာကို ဆုတ်ခွာတိမ်းလို့ရယ်၊ သိမ်းစို့ဇာတ်လမ်း" ဆိုသကဲ့သို့ သံသရာဝဋ်မြစ် ဖြတ်တောက်ကာ အေးငြိမ်းရာ သန္တိသုခသို့အရောက် လှမ်းကြရမည် ဖြစ်ပါသည်။ စစ်မှန်တိကျသော ဝိပဿနာ လုပ်နည်းလုပ်ဟန်ကို ရရှိရန်ကား လွန်စွာ အရေးကြီးပါသည်။ နည်းမှန်လမ်းမှန်ရအောင် စာပေကျမ်းဂန်ကို သုတေသနပြု ရှာဖွေလေ့လာ၊ လက်တွေ့ရရှိပြီးသော ဆရာကောင်း သမားကောင်းများထံ မှီဝဲဆည်းကပ်၍ အားထုတ်ရန် အရေးကြီးကြောင်းကိုလည်း အောက်ပါအတိုင်း သတိပေးစကား ဩဝါဒကထာကို မိန့်ကြားခဲ့ပါသည်။

* လောဘဖက်လျှင် ဒါနခက်သည်၊
* မကြောက်မရှက်၊ သီလခက်သည်၊
* သုတမဖက်၊ မလေ့ကျက်လျှင်၊ ဝိပဿ**နာ** ခက်သည်၊
* အမှန်ကျန၊ နည်းကောင်းရလျှင်၊ ယုံယုံကြည်ကြည်သာ အားထုတ်၊
* သည်ထက်ကောင်းသောအလုပ်၊ တလောကလုံးမှာ မရှိပြီ။

**အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်**

နဝမကိုးပါးမြောက် = ရွှေကျင်သာသနာ ပိုင်ဆရာတော်ကား ပထမ အဦးအစ အဘိဓဇ မဟာရဋ္ဌဂုရု သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးပင်ဖြစ်သည်။ စာရေးသူကား ဆရာတော်ကြီး၏ အဆုံးအမ ဩဝါဒများကို လက်တွေ့မျက်တွေ့ ခံခဲ့ရသူပါတည်း။ "သဒ္ဓမ္မောဂရုကာ တဗ္ဗော" ဟူသော ဒေသနာတော်ကို ရွတ်ဆိုတော်မူကာ ဩဝါဒ ပေးလေ့ရှိပါသည်။

ဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒ ကထာများစွာတို့အနက် ကာလဒေသ အချိန်အခါနှင့် အထင်ဟတ်မိဆုံး ဩဝါဒတစ်ခု ရှိပါသည်။ မန္တလေး တစ်ဝိုက်တွင် သီတင်းဝါလကျွတ်ပြီး **သည့်နောက်** တပေါင်းလပြည့်လောက်အထိ ရပ်ကွက် တိုင်း **မမှာရုံတိုင်းပင်** များပြားလှစွာသော ဘုရားပွဲများကို **သံဃဒါနဆွမ်းတော်ကြီး** လောင်းပွဲနှင့် ပူးတွဲ၍ ကျင်းပလေ့ရှိကြပါသည်။ ဗုဒ္ဓမြတ်စွာဂုဏ်တော် ရည်ရော်မျှော်မှန်း၍ ပြုလုပ်ခြင်းမှာ အနည်းငယ်သာ ဖြစ်၍ ဇာတ်ပွဲအငြိမ့်ပွဲစသော များပြားလှစွာသော ပျော်ပွဲ ရွှင်ပွဲများဖြင့် ခြိမ့်ခြိမ့်သဲ ကျင်းပကြခြင်းသာ များပေသည်။ ယနေ့ထိပင် ဘုရားပွဲဟု ဝေါဟာရ ဖြစ်နေသော်လည်း ပျော်ပွဲရွှင်ပွဲများကို မျက်မြင်ကိုယ်တွေ့ တွေ့မြင်ကြရဆဲပင်ဖြစ်သည်။ တိတိကျကျပြောရသော် "ကသိုလ်တပဲ၊ ငရဲတစ်ပိဿာ" ဟုပင် ပြောရမလိုဖြစ်နေပါသည်။ ထိုမြင်ကွင်းကို ထင်လင်းစွာ **သိရှိတော်မူ**သော ဆရာတော်ဘုရားကြီးက ကြင်နာ**သနား** မေတ္တာပွားကာ . . .

"တစ်**နှစ်တစ်**ခါ၊ ငရဲရှာ၊ လူ့ရွာဘုရားပွဲ" ဟူ၍ ဆုံးမတော်မူခဲ့ပါသည်။ မျက်မှောက်လူသားများသည် "သတိတမန်၊ ဉာဏ်မြေကတုတ်၊ ပညာစွမ်းချွန်းကဲ့သို့အုပ်" ရန်သာရှိပါတော့သတည်း။

ရွှေကျင်နိကာယ=ရွှေကျင်ဂိုဏ်းကြီး နှစ်ပေါင်း တစ်ရာကျော်၍ နှစ် ၂–ရာတွင်းသို့ ရောက်ရှိအောင် ခိုင်ဖြိုးကြီးထွား တည်တံ့ပြန့်ပွားနေသည်မှာ အဆုံးအမ သာသနာ၊ ဩဝါဒကထာများကြောင့်သာလျှင် ဖြစ်ပေသည်။ ထို့ကြောင့် အဆုံးအမ ဩဝါဒများကို တသွေမတိမ်း လိုက်နာလျက် သန္တိသုခအမတဓာတ်သို့ ဆိုက်ကပ်နိုင်အောင် ကြိုးစားကြရန်သာ ရှိပေတော့သတည်း။

အရှင်သုဇနပဏ္ဍိတ

# သီလတရားနှင့် လောကဝတ်တရား

လင်းယဉ် "တပည့်ကျော်" ရေးသားပူဇော်သည်

ရွှေကျင် ဂဏသမုဒ္ဒာပက ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ ဂုဏ်ပြုစာတမ်း ဂုဏ်ပြုစာစောင် တစ်ကျမ်းတစ်ဖွဲ့ ပူဇော်သည့်အနေဖြင့် စုဆောင်းရေးသားပြီး ၁၃၅၅–ခုနှစ် ပထမရွှေကျင်ဆရာတော်ဘုရားကြီးကို ကြည်ညိုဖူးမြင်လျက် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲကြီး ကျင်းပကာ ဝိုင်းဖွဲ့စုရုံး ဖတ်ရှုကြရန် စာအုပ်ရိုက်နှိပ်ထုတ်ဝေဖြန့်ဖြူးရန် စသည် စီစဉ်နေသည်။ စာစောင် ထုတ်ဝေရေးအဖွဲ့ ဖွဲ့စည်းထားသော အဖွဲ့များရှိနေသည် ဆိုတဲ့ သတင်းများ အလျှံပယ် ကြားနေရ၍ ယင်းကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အကြောင်းအရာ ကြည်ညိုခဲ့ရ ကြားဖူးခဲ့သမျှ ရေးသားပူဇော်လိုစိတ် ကျိတ်မှိတ်ဖြစ်ရှိနေရသော ကြောင့် ရေးသားပူဇော်ခွင့်ပြုပါရန် တောင်းပန်ပြီး ဤဆောင်းပါးစာမူကို ဝိသုဒ္ဓါရုံတိုက်သို့ ပေးပို့ဆက်ကပ်လိုက်ပါသည်။

ကြားဖူးသည်မှာ "လမင်းသည် အရောင်ပြည့်မှ ကောင်းကင်အလယ် တင့်တယ်သည်၊ ရဟန်းသည် သီလပြည့်မှ သာသနာ့တောအုပ်အလယ် တင့်တယ်သည်"ဟူသော ပေါရာဏကထာဆိုလောက်သော ယင်းစကားကို ရှေးဆရာတော်ကြီးများထံမှ ကြားရဖူးပါသည်။ မှန်ပါသည်။ ယင်း"သုတိသာရ" အနှစ်ရှိလှသောစကားသည် ရှေး ရွှေကျင်ဆရာတော်ကြီးများ၏ ခေတ်အခါအတွင်း (သို့မဟုတ်) သီးလုံးဆရာတော်ကြီးများ၏ ခေတ်အခါတွင်းမှာ ပေါ်ထွန်းခေတ်စားခဲ့သော စကားဖြစ်တန်ရာပါသည်။

ယခုမျက်မှောက်ခေတ် သာသနာမှာ မြတ်ဗုဒ္ဓသာသနာတော်အတွက် အချက်အချာအကျဆုံးသော ယင်းစကားတော်မျိုး များများပြောနိုင် ရေးနိုင်တွင်ကျယ်နိုင်ပါစေဟု ဆုတောင်းသင့် မျှော်လင့်တောင်းတသင့်လှပါပေသည်။

"သီလကို အပျက်မခံလင့်၊ လောကဝတ်လူမှုရေးရာ အပျက်ခံသင့် ခံလိုက်ပါ။ သီလနှင့် စပ်လျဉ်းလာလျှင် အသက်ကိုပင် စွန့်တန်စွန့်ရပါ၏။ သီလကိုကား အဘယ်အခါမျှ မစွန့်ရာ။ ရဟန်းအဖြစ်ကို ဒုလ္လဘဟု ပြောကြသည်၊ ရဟန်းအဖြစ်၏ ဒုလ္လဘဟူသည် အသက်ကိုမငဲ့မူ၍ သီလကို ချစ်သော ရဟန်းအဖြစ်ကိုသာ "ဒုလ္လဘ"ဟု ခေါ်ဆိုရပေသည်"ဟုသီလဝိသောဓနီကျမ်း၌ ဆိုထားပေသည်။

ဓနံ စဇေ အင်္ဂ ရက္ခံ၊
အင်္ဂ စဇေယျ ဇီဝိတံ။
သဒ္ဓမ္မံ ရက္ခမာနောတု ထု၊
သုဗ္ဗံစဇေယျ ပဏ္ဍိတော။

ဤဂါထာအဓိပ္ပာယ်မှာ ခြေ လက် အင်္ဂါကို စောင့်သောသူသည် ရွှေငွေဥစ္စာကို စွန့်တန်စွန့်ရာ၏။ အသက်ကို စောင့်သောသူသည် ကိုယ်လက်အင်္ဂါကို စွန့်ရာ၏။ သူတော်ကောင်းတို့၏ သီလတရား စောင့်သောသူသည်ကား ဆိုအပ်ပြီးသော ရွှေငွေဥစ္စာ၊ ကိုယ်လက်အင်္ဂါ အသက်ကိုပါမကျန် စွန့်တန်စွန့်မှသာလျှင် တကယ်ပင် အကျိုးအကြောင်း မြင်သိတဲ့ ပညာရှိဖြစ်နိုင်ကြောင်း ဝိသုဒ္ဓိမဂ်ကျမ်းကြီး၌ ဆိုထားကြောင်းကို ပရမတ္ထသရုပဘေဒနီကျမ်းကြီးများမှာ ဖော်ပြထားပေသည်။

ပါတိမောက္ခ ဝိသောဓေန္တော၊
အပ္ပေဝ ဇီဝိတံ ဇဟေ။
ပညတ္တံ လောကနာထေန၊
န ဘိန္ဒေ သီလ' သံဝရံ။

ဟု ဝိသုဒ္ဓိမဂ်ကျမ်းကြီး ကျမ်းခိုင်ကပင် ဆိုပြောဆုံးမလျက်ရှိပြန်ပါသည်။

ပါတိမောက္ခ သံဝရသီလတရား စောင့်သိရှိသေသော ရဟန်းမြတ်သည် အသက်ကိုသော်လည်း စွန့်တန် စွန့်ရာပါသည်။ မြတ်ဗုဒ္ဓ ပညတ်အပ်သော သီလသံဝရ စောင့်ရှောက်မှုကိုကား အဘယ်ခါမျှ မဖျက်ဆီးရာပါတကား။ မင်းမင်း လူလူ သူဟူသမျှ ပုဂ္ဂိုလ်အကြီးစား အငယ်စားတို့သည် ရွှေကျင်ဆရာတော်ကြီးအပေါ် အစွမ်းကုန်လေးစားကြည်ညိုရှိခဲ့ကြသည်မှာ ဆရာတော်ကြီးသည် သီလတရား၊ ဝါသူတော်ကောင်းတရားနှင့် ဆက်နွှယ်ထိစပ်လာလျှင် အသက်ကို စွန့်လွှတ်မည့်ပုဂ္ဂိုလ်ယူး ပုဂ္ဂိုလ်မြတ်ကြီး ပါတကားဟု ကိုးစားယုံကြည်မှုကို ခံယူရရှိခဲ့ပေစွတကား။ မင်းကွန်းငွေတောင်ကျောင်း ဆရာတော်ကြီး တစ်ဘဝလွန်တော်မူမည့်နေ့ ယင်းနေ့၏ အလျင်တစ်ရက်ကစပြီး လွန်တော်မူ ကမ္မဇရုပ်ချုပ်ခါနီးအထိ ထို-

ပါတိမောက္ခ ဝိသောဓေန္တော၊
အပ္ပေဝ ဇီဝိတံ ဇဟေ။
ပညတ္တံ လောကနာထေန၊

နဘိန္ဒေ သီလ သံဝရံ-ဟူ၍သာ ကွတ်ကွတ်မြည်လျက် ရွတ်ဆိုနေသည်ကို အများကြည်ညိုကြရ၏။ လက်စွဲတော် ကပ္ပိယကာရက အဖြစ်နေထိုင်သော ဘိုးသူတော်ကြီး အနားမှာ ရှိစေတော်မူသည်-တဲ့။

စုတိကမ္မဇရုပ်ချုပ်သည့်နေ့ဖြစ်သော ၁၂၅၅-ခုနှစ် တပေါင်းလပြည့်ကျော် ၇-ရက်နေ့တွင် ရေအာဟာရ တစ်မျိုးဖြင့်သာ အေးအေးသက်သာ လဲလျောင်းတော်မူကာ ယင်းဂါထာအပိုဒ် ၄-ပိုဒ်ကို ပီပီပြင်ပြင် ရွတ်ဆိုတော်မူရာမှ **တဖြည်းဖြည်း** အသံတော်သည် ကျယ်ကျယ် **မရွတ်ဆိုနိုင်ဘဲ** အသံတိမ်ဝင်သွားပြီး တိုးတိုးရွတ်ဆိုတော်မူရာမှ 'ဘိုးသူတော်ကြားရဲ့လား'(ကြားပါဘုရား) လျှောက်ရင်း ဆရာတော်ကြီးက ဆက်ရွတ်နေသည်။ 'ကြားရဲ့လား' (ကြားပါဘုရား)လျှောက်ရင်း လျှောက်ရင်းမှ နောက် 'ကြားရဲ့လားလို့' မမေးတော့ဘဲ နှုတ်ခမ်းပါးစပ်ခံတွင်းကလေး လှုပ်နေတော်မူသည်ကိုသာ တွေ့ရရာမှ ခံတွင်းပါးစပ်လည်း ငြိမ်သွားရော စုတိကိစ္စလည်း ကပ်တော်မူငြိမ်းတော်မူသွားတာပါပဲဟု အစဉ်အဆက် ပြောရိုးစကားတွင်ကျယ်ကျန်နေရစ်လေသည်။ (စံကင်းဆရာတော်ကြီး၏ ဩဝါဒ ဓမ္မကထာ တရားတော်၊ နှာ-၃၀)။

သီလ အကျင့်ပျက်၍ အပြစ်အာပတ်ဟု ဆိုအပ်သော ခုနစ်မျိုးသော အာပတ်တို့တွင် ဒုက္ကဋ်အာပတ်၊ ဒုဗ္ဘာသီအာပတ်တို့သည် အငယ်စား အသေးစားတို့ဖြစ်ပေသည်။ စားချင်အပ်သည်၊ ဟောတိ=ဖြစ်၏။ လုပ်ချင်အပ်သည်၊ ဟောတိ=ဖြစ်၏။ စားချင်ရာစား လုပ်ချင်ရာလုပ် အပ်သည် ဟူသော ရဟန်းပျက်ရဟန်းရော်တို့၏ စကားထဲပင် ပါဝင်နေသော ပါစိတ်အာပတ်ဆိုသည်ကတော့ အလယ်အလတ်တန်းစားဖြစ်ပေသည့်တကား။

ကျေးဖူးရှင် ရွှေကျင်ဆရာတော်ဘုရားကြီးသည် အငယ်တန်းစား ပါစိတ်အာပတ်ကိုထားဘိဦး၊ ဒုက္ကဋ် ဒုဗ္ဘာသီ အာပတ်မျှကိုပင် အသင့်မခံ အသက်ကိုသာ စွန့်တန်စွန့်ရာ၏ ဆိုသော ဒေသနာတော် လာသည့်အတိုင်း မဆုတ်မဆိုင်း ကျင့်တော်မူသောကြောင့် လွန်စွာ ကြည်ညိုကြရပါပေတကား။

စာဖတ်သူရဟန်းတော်များ ဒိဋ္ဌာနုဂတိ အယူအကျင့် အတုလိုက်၍ ကျင့်နိုင်စေရန်နှင့် စာဖတ်သူ လူတကာ တကာမတို့ ဗုဒ္ဓဘာသာ သာသနာ

တော်၏ အခြေခံ ဝိနည်းတရားတော်များကို သိရှိနိုင်စေရန် အနည်းငယ် ဆက်လက်တင်ပြပါဦးမည်။

**အာပတ်အသေးစား ‘ဒုက္ကဋ်’ ရှစ်မျိုး**

**ပုဗ္ဗပယောဂဒုက္ကဋ်**=မေထုန်မှုမဖြစ်မီ ရှေ့အဖို့၌သင့်သော၊ ခိုးသည်မှ ရှေ့အဖို့၌သင့်သော ဒုက္ကဋ်။

**သဟပယောဂဒုက္ကဋ်**=မေထုန်အမှု ခိုးမှုနှင့်အတူဖြစ်သော ဒုက္ကဋ်။

**အနာမာသဒုက္ကဋ်**=ရွှေငွေစသော ရတနာ၊ စားသောက်ဖွယ်ပစ္စည်း၊ လက်နက်၊ တူရိယာပစ္စည်း၊ မိန်းမရုပ်စသည် ကိုင်တွယ်သုံးသပ်ခြင်းကြောင့် သင့်သော ဒုက္ကဋ်။

**ဒုရူပစိဏ္ဏဒုက္ကဋ်**=စားစရာ အသီးအရွက်ရှိသော သစ်ပင်ကို ကိုင်တွယ်ခြင်းကြောင့် သင့်သောဒုက္ကဋ်။

**ဝိနယဒုက္ကဋ်**=ဆွမ်းခံစဉ် မြူစသော ဆွမ်းရှိသော သပိတ်ကို တဖန် ပြန်အကပ်မခံဘဲဆွမ်းခံမှု၊ မြူ လူးသော စားသောက်ဖွယ် မဆေးကြောဘဲ စားမှုကြောင့် သင့်သောဒုက္ကဋ်။

**ဉာတဒုက္ကဋ်**=အသင်းခွဲခြင်း လုံ့လပြု အတို့အရှိ အရှုပ်ဝါသနာပါသော ရဟန်းအား မပြောဆိုခြင်းကြောင့် သင့်သော ဒုက္ကဋ်။

**ဉတ္တိဒုက္ကဋ်**=သံဃာက ဉတ်ကမ္မဝါစာဖြင့် ဆုံးမသောအခါ ဆုံးမခံရ ရဟန်း ဉတ်အဆုံးသင့်သော ဒုက္ကဋ်။

**ပဋိဿဝဒုက္ကဋ်**=ဤကျောင်း၌ ဝါဆိုအံ့ဟု ဝန်ခံပြီးမှ ဝါမဆိုခြင်းကြောင့် သင့်သော ဒုက္ကဋ်။

(ဒုတိယပါရာဇိကပါဠိအဋ္ဌကထာဘာသာဋီကာ၊ နှာ–၂၇)

ယင်းမှတစ်ပါး ဒုက္ကဋ်အာပတ်များစွာ ဝိနည်းပါဠိ အဋ္ဌကထာတို့၌ ရှိပါသေးသည်။ စာရေးသူ၏ နှလုံးသွင်းအာဘောဂကို ရိုးသားစွာ ဖော်ပြရမည်ဆိုလျှင် ဤသို့သော အာပတ်အငယ်စားမျှကိုပင် အထိမခံဟူသော ဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ဂုဏ်ကျေးဇူးတို့ကို ရှိခိုးခြင်းဖြစ်ပါသည်။ ဒုက္ကဋ်အာပတ်အမျိုးမျိုးရှိသည်အနက် သေခိယ ၇၅–ပါးသော သိက္ခာပုဒ်များ ချွတ်ယွင်းလျှင် ဒုက္ကဋ်အာပတ်သင့်၏ဆိုသောအချက်တို့ကို သုတလိုလား အမျိုးကောင်းသားတို့ ကြည်ညိုစေချင်ပါသည်။ ဝစ္စပဿာဝကုဋိအိမ်ရှေးရှုစွာ ဝင်ရောက်မည့် ရဟန်းကို တားမြစ်၍ မိမိကအလျင် အလုအယက်ဝင်ခြင်း၊ ကြီးသောထေရ်ကြီး အနီးနားရောက်ပါလျက် မိမိကနေရာမှမထခြင်း၊ မပန်ကြားဘဲ ညအခါ မီးထွန်းခြင်း၊ လေသာပြတင်းတံခါး မပန်ကြားဘဲ ဖွင့်ခြင်းပိတ်ခြင်း၊ မော်တော်ကားပေါ်သို့ မထေရ်ကြီးရှေ့မှ တိုး၍တက်စီးခြင်း၊ မထေရ်ကြီးရှေ့မှအလျင် ဆင်းသက်ခြင်း (တချို့ဌာနတို့၌ လုပ်ရည်ကိုင်ရည်ကို ကြည့်၍ သိက္ခာဝါငယ်သော်လည်း အဖွဲ့တွင် ဥက္ကဋ္ဌရာထူး၊ အကျိုးဆောင်ရာထူးဖြင့် ချီးမြှင့်ကြရာ ယင်းရာထူးရှင် ရဟန်းတော်ကလေးတို့သည် နေရာတကာ ရှေ့ကချည်းဖြစ်နေတာ တွေ့နေရ၍ လူဒါယကာများသည်ပင် တွေ့ရကြည့်ရတာ စိတ်နှလုံးမချမ်းမသာ ဖြစ်ကြရ၏ဟု ကြားနေရပေပြီ၊ သတိထား သတိပြုကြရန် ဤဆောင်းပါးဖြင့် ဤနေရာမှနေ၍ တောင်းပန်လိုက်ရပေသည်။)

သုတရှာမှီး ရတနာအပွင့်အသီးကို အလိုရှိကြသော ပုဂ္ဂိုလ်တို့အတွက် ဆက်လက်တင်ပြပါရစေဦး။ ရေချိုးရာတွင် ရေသနပ်ပုဆိုးအထည်အလွှမ်း၊ ရေအလွှမ်း ၊ အဆောက်အအုံအလွှမ်းဟု ဆိုအပ်သော ယင်းအကာအကွယ်သုံးမျိုး တစ်မျိုးမျိုးရှိလျှင် မိမွေးတိုင်း ရေချိုးသော် အပ်စပ်ပေသည်။ ပထမရွှေကျင်ဆရာတော်ဘုရားကြီးသည် အကာအကွယ်သုံးပါးရှိလင့်ကစား ဘယ်အခါမျှ မိမွေးတိုင်း **ရေမချိုးခဲ့**ပေဟု ပါသာဒိကဂုဏ် ဆောင်တော်မူသည်။

ကိုယ်နံ့နံ့သူမဟုတ်ဘဲ ဆပ်ပြာမွှေးဖြင့် ရေချိုးကလည်း ဒုက္ကဋ်အာပတ်သင့်၏။ ရွှေကျင်ဆရာတော်

ဘုရားကြီးသည် ဆပ်ပြာမွှေးမဟုတ်သော ရိုးရိုးဆပ်ပြာခဲကိုပင် လက်ဆေးမှုကိုသာ သုံးစွဲခဲ့သည်။ ဒုက္ကဋ်အာပတ်သင့်စရာအကြောင်းဝတ္ထုတို့သည် ရေချိုးသောအခါ နံရံ၌ကိုယ်ကိုပွတ်ခြင်း၊ တိုင်၌ပွတ်ခြင်း၊ သစ်ပင်၌ပွတ်ခြင်း၊ တစ်ပါးကျောဖြင့် တစ်ပါးပွတ်ခြင်း၊ လက်သည်းရှည်ထားခြင်း၊ ဆံပင်ဖြူနှုတ်ခြင်း၊ နှုတ်စေခြင်း၊ ဆံပင်ကို ကပ်ကျေးဖြင့် ဖြတ်ခြင်း၊ ဖြတ်စေခြင်း၊ ရွာတွင်းသို့ ခါးပန်းကြိုး မပါဘဲဝင်ခြင်း စသည်တို့လည်း ဒုက္ကဋ်အာပတ်ပင် ဖြစ်၏။

ရှစ်လက်မထက်လွန်သော သွားတိုက်တံဖြင့် သွားတိုက်ခြင်း စသည်တို့သည်လည်း ဒုက္ကဋ် အာပတ်သင့်ပေသည်။

လိုရင်းအကျဉ်းချုပ်မှာ ရဟန်းနှင့် မလျော်သော အမူဟူသမျှတို့ကို ပြုကျင့်ခြင်းသည် ဒုက္ကဋ်အာပတ်တို့ချည်း သာတည်းဟု မှတ်သားအပ်ပေစွတကား။ အာပတ်(၇)ပုံတွင် အသေးဆုံးနံပါတ် (၇)ဖြစ်သော ဒုဗ္ဘာသိအာပတ်ဟူသည်မှာ ပြက်ရယ်ပြောင်လှောင်လိုသောသဘောဖြင့် ရဟန်းကိုဖြစ်စေ၊ သာမဏေကိုဖြစ်စေ၊ လူကိုဖြစ်စေ "ပိဋကအိုးကြီးလာပြီကွဲ့၊ ရဟန္တာကြီး ကြွလာပြီလေ၊ မင်းကြီးလာပြီကွဲ့" စသည် ပြောဆိုခြင်းမျိုးကို ဒုဗ္ဘာသိအာပတ်ဟူ၍ သိအပ်ပေစွတကား။

ပထမရွှေကျင်ဆရာတော်ဘုရားကြီးသည် အာပတ်ကို လွန်စွာကြောက်တတ် ရှက်တတ်သော လဇ္ဇီပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း၊ သီလကိုလွန်စွာ ချစ်မြတ်နိုးသော ပေသလပုဂ္ဂိုလ်ကြီး ဖြစ်ကြောင်းကုန်စင်ကို ရွှေကျင်နဝမသာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီး (လင်းယဉ်ရွာဇာတိ) အထံမှတစ်ဆင့် ကြားရခဲ့သမျှ ရေးသားပူဇော်ပါဦးမည်။

(က) ဒို့ဆရာတော်ကြီးသည် ရေချိုးခန်းလုံခြုံလို့ အဆောက်အအုံ အလွှမ်းအကာရှိသော်လည်း ရေသနုပ်မပါဘဲ ဘယ်အခါမှ ရေမချိုးခဲ့ဘူး။

(ခ) တစ်ခါတရံ လူမြင်ကွင်း သစ်ပင်ရင်း ဖြစ်စေ ရေတွင်းအုတ်ခုံ ဖြစ်စေ ရေချိုးသည့်အခါ အပိုကေသီဖြစ်ဖြစ် သင်းပိုင်ဖြစ်ဖြစ် ကိုယ်ကို လွှမ်းပတ်ဝတ်ပြီးမှ ရေချိုးခဲ့တယ်။

(ဂ) မလျော်မလျောက်ပတ်သော အမူအရာ များ တရံတစ်ခါမျှ မမြင်ရ မကြား ခဲ့ရဘဲ တို့ကျေးဇူးရှင် ပထမမဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးက ပြောဖူးတာကတော့ ညကျိန်းစက်သည့်အခါ လွှမ်းဝတ်ရုံထားသော ကေသီသင်္ကန်းဟာ မနက်ကျိန်းစက်ရာမှ နိုး၍ထလာသည့်အခါမှာလည်း ညကအတိုင်း "ပုံမပျက်"တွေ့ရတယ်ဟု မိန့်ပါသည်။

(ဃ) ရွှေကျင်ဆရာတော်ကြီးသည် ဝိနည်းအရာသံသယကုက္ကုစ္စကလည်း လွန်စွာအားကြီးတော်မူတယ်။ ဒီလင်းယဉ်ကျောင်းကြီး စတင်တည်ထောင်တော်မူတဲ့ "အရှင်နရိန္ဒ"ဆိုတာ ရွှေကျင်ဆရာတော်ကြီးနှင့် ညီဝမ်းကွဲတော်စပ်တယ်။ ညီဖြစ်သူ၏ ကျောင်းဝင်းထဲသို့ ရွှေကျင်ဆရာတော်ကြီး ကြွလာတော်မူဖူးတယ်။

"ကျောင်းကြီးတွေက အဆောင်ဆောင် မောင်နရိန္ဒ အပ်အပ်စပ်စပ်ဟုတ်ရဲ့လား" ဆိုသော သံသယဝင်လာပုံရပါတယ်။ ကျောင်းအောက်ကိုလည်း မဝင် ကျောင်းပေါ်ကိုလည်း မတက်တော့ဘဲ ခြံစောင်အဝတ်ပုခက်ပေါ်မှာတင် သီတင်းသုံးတော်မူကာ သာသနာ့မှုရေးရာ မိန့်တော်မူတယ်။ အိမ်းကောင်းပြီကောင်းပြီ၊ရောက်ရတာ ဝမ်းသာပါတယ်၊ ပြန်လိုက်ဦးမယ်ဆိုပြီး မောင်နရိန္ဒ ကျောင်းဝင်းကြီးက "တယ်မြေက ညီညွတ်သာယာပေသကိုး"မိန့်တော်မူရင်း ပြန်လည် ထွက်ခွာတော်မူသည်ဟု စံကင်းဆရာတော်ကြီးထံမှတစ်ဆင့် ကြားရသော ပါသာဒိကဂုဏ်တော်တို့ အံ့ဩလောက်ပေစွတကား။

ရွှေကျင်ဆရာတော်ကြီးကဲ့သို့သော ပုဂ္ဂိုလ်ထူး

ကြီးများအား ဤသို့လည်း ဂုဏ်ပြုပူဇော် ကော်ရော် ညွတ်ပျောင်း စကားကောင်းဆိုရာတွင် ဖော်ပြလတ့ံ ပါ စကားတစ်ရပ်ကိုလည်း မကျန်ရအောင် ဖော် ဆောင်ပါရစေ။

"အသက်ကိုမငဲ့၊ ဒါယကာတို့၏ မျက်နှာကို မငဲ့၊ လာဘ်လာဘကိုမငဲ့၊ သီတင်းသုံးဘော်တို့၏ မျက်နှာကိုမငဲ့၊ ဘုရားရှေ့မျက်နှာတော်ကိုသာငဲ့၍ ဝိနည်းနှင့်အညီ ကျင့်ဆောင်ရာသည်" (ဝိနည်း ဥပဒေတော်ကြီး၊ နှာ–၁၈၃)

## ရွှေကျင်ဆရာတော်မျက်နှာမလိုက်

နေ့တစ်နေ့တွင် ဘဝရှင်မင်းတုန်းမင်းတရားကြီး သည် အမတ်တစ်ယောက်ကို စေလွှတ်၍ ဆရာတော် ကြီးအား ယနေ့ယခု နန်းတော်သို့ ကြွရန် ဆွမ်းအလှူခံ ဘုဉ်းပေးတော်မူရန် ပင့်စေ၏။ အမတ်ဒကာ ကျောင်း ပေါ်သို့အရောက် ဆရာတော်ကြီး နီးနားရောက်သော ကာလ၌ ဆရာတော်ကြီး သင်္ကန်းတော်များ ပြင်ဆင် ဝတ်လျက် သင်္ကန်းသပ္ပါယ်(ရုံ)တော်မူနေသည်ကို တွေ့ရ၏။ ဒကာတော်ရေမြေ့ရှင်က နန်းတော်သို့ ကြွရန် ဆွမ်းအလှူခံကြွတော်မူရန် ပင့်လျှောက်ကြောင်း ပါဘုရား၊ ကြွရောက်ချီးမြှောက်ပါရန် ပင့်လျှောက် ပါသည်ဘုရားဟု အမတ်ကလျှောက်၏။

ဆရာတော်ကြီးသည် ပြန်လှန်မိန့်တော်မမူဘဲ မိမိအစီအစဉ်အတိုင်း သင်္ကန်းရုံပြီး သပိတ်ကိုလွယ် ကာ ကျောင်းပေါ်မှ ဆင်းကြွတော်မူ၏။

အမတ်သည် နောက်ထပ်မလျှောက်ဝံ့သဖြင့် နောက်ကလိုက်၍ အခြေအနေကို အကဲခတ်လိုက်လံ ကြည့်ရှုရာ ရေးကြိုပင့်ထားသော အဘိုးအို အမယ်အို တို့၏ လက်သမားတဲအိမ်သို့ ကြွရောက်ချီးမြှောက် တော်မူသည်ကို အပ်ကျမပ်ကျ သိရရာ ဆရာတော် ကြီးကို ထပ်မံမပင့်ဝံ့ နန်းတော်ကိုလည်း ချက်ချင်း မပြန်ဝံ့ဘဲ ဖြစ်နေရာမှ အချိန်ကြာမြင့်သော် မပြန် မဖြစ်လို့ နန်းတော်ပြန်လည်ရောက်ရှိကာလ မင်း တရားကြီးက "ဆရာတော်ကြီး ကြွလာပြီလား"ဟု မေးမြန်းလေရာ မြင်ခဲ့တွေ့ခဲ့သည့်အတိုင်း သံတော်ဦး တင်လျှောက်လေ၏။ ထိုအခါ မင်းတရားကြီးသည် အလွန်ဝမ်းသာပီတိဖြစ်ပြီး "ငါကဲ့သို့သောမင်းရှိသေး ၏လော၊ ဤသို့ မျက်နှာမလိုက်တတ်သော ဆရာ တော် ငါ့အလွန်ကံကောင်း၍ ကိုးကွယ်ဆည်းကပ် ရပေစွတကား"ဟု လက်မြှောက်ကြွေးကြော် လက် ပမ်းပေါက်ခတ်သော ဟူ၏။

အကြောင်းကိုဆိုသော် ယထာဓမ္မသာသနာတော် ၏ မျက်နှာ၊ ဘုရားရှေ့မျက်နှာတော်ကိုသာငဲ့၍ လောကဝတ္တရား လောကရေးရာ မလိုက်မပါဘဲ ရဲရဲရင့်ရင့် သတ္တိရှိရှိနှင့် ဝိနယဂရုကတ သီလတရား သက်သက်ကိုသာ ငဲ့တော်မူသော ဆရာတော်မြတ် ပေတကား။ ဂုဏ်မရှိမျက်နှာငယ်သော လယ်သမား တို့ တဲအိမ်သို့ ရှေးပထမ ကြိုတင်ပင့်၍ ကြွရောက် ချီးမြှောက်တော်မူပါပေတယ်။ ဓမ္မဝိနယ ဂရုကတ အကျင့်တရားနှင့် ပြည့်စုံပေစွ၊ ပြည့်စုံပေစွဟု ပီတိ သောမနဿတို့သည် မင်းတရားကြီး၌ မကြုံစဖူး ထူးကဲစွာ ဖြစ်တော်မူသောကြောင့်သာ "လမ်းပမ်း ပေါက် ခတ်မိသည်တိုင်" ဖြစ်ဖွယ်ရှိပေစွတကား–

လဒ္ဓိသူတော်ကောင်း ဆရာကောင်းသမား ကောင်း သူတော်ကောင်း ပုဂ္ဂိုလ်မြတ်ကြီးအား သာသနာပြု သူတော်ကောင်း မင်းကောင်းစိုးကောင်း ဖြစ်သော မင်းတုန်းမင်းတရားကြီး၏ လေးစား ကြည်ညိုပုံကို ရေးမည်ဆိုက ဆုံးအံ့မထင်ဟူ၍သာ အဆုံးသတ် နိဂုံးကမ္ပတ် အုပ်လိုက်ရပါသတည်း။

တပည့်ကျော်
လင်းယဉ်

ဥုးအဂ္ဂိယ
ဇယမေဒနီဝါဆိုကျောင်း
ဝိသုဒ္ဓါရုံ၊မန္တလေး။

# "သူတို့ပြောသောရွှေကျင်ဆရာတော်ကြီးအကြောင်း"

သာမဏေကျော်

## (၁) တာဝန်ပေးသောစာလေးတစ်စောင်

၁၇-၇-၉၃

သာမဏေကျော်(အရှင်ဓမ္မိကာ လင်္ကာရာဘိဝံသ) ထံ စာရေးလိုက်ပါသည်။

ပထမရွှေကျင်ဆရာတော်ကြီး၏ စူဠသိဿကောဝါဒ ကျမ်းစာအုပ်တို့ကို ခေတ်မီသားနား အထားအသိနေသားတကျဖြစ်ပြီး ခမ်းနားထည်ဝါဖြစ်စေချင်ပါသည်။အမှားအယွင်း နည်းနိုင်သမျှ နည်းစေချင်ပါသည်။ တပည့်တော်တို့အနေဖြင့်လည်း ရန်ကုန်မှာ ကြာကြာနေပြီး (proof)ဖတ်ဖို့ မဆောင်ရွက်နိုင်တော့ မန္တလေးမှာ (copy)ယူဖို့၊ ဖတ်ဖို့စီစဉ်ပါသည်။ ဒီအစီအစဉ်ကလည်း တစ်ကြိမ်သာပို့နိုင်မှာဖြစ်လို့ (proof)ကို တစ်ကြိမ်တည်းဖတ်ရုံနှင့် လုံလောက်မည်မဟုတ်ပါ။ စာအုပ်ကောင်းတစ်ခုဖြစ်ဖို့ဆိုလျှင် (၄)ကြိမ်လောက် ဖတ်နိုင်မှ အဆင်ပြေပါလိမ့်မည်။

သို့ဖြစ်ပါ၍ပထမအကြိမ်(copy)မူကိုသာမဏေကျော်ဖတ်ပြီး ပြင်ပေးစေလိုပါသည်။ ၎င်းပြင်ပြီးမူကို သာမဏေကျော်ပဲဖတ်,ပြင်စေလိုပါသည်။ သာမဏေကျော် ဒုတိယအကြိမ် ဖတ်,ပြင်,ရိုက်ပြီး မူကိုမှ တပည့်တော်တို့ မန္တလေးသို့ ပို့စေချင်ပါသည်။၎င်းမူကို တတိယအကြိမ်အနေနဲ့ တပည့်တော်တို့ပြင်ဆင်ပြီး ပြန်ရိုက်ကြပါမည်။ ၎င်းတတိယအကြိမ် ပြင်ရိုက်ပြီးမူကို သာမဏေကျော်က နောက်ဆုံးကြည့်ပြီးမှ စက်တင်ရိုက်နှိပ်ဖို့ အတည်ဖြစ်ပါလိမ့်မည်။

သာမဏေကျော်အနေဖြင့် ဤကျမ်းစာအုပ်ကို အကောင်းဆုံးဖြစ်အောင် ကူညီဆောင်ရွက်ပေးပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

ဥုးလက္ခဏာ
ကျွန်းရွာချောင်၊စစ်ကိုင်းတောင်ရိုး။

## (၂) ပညာရှင်များလက်ဖျားခါလောက်သည်

မန္တလေးမြို့၊ ရွှေကျင်နိကာယဗဟိုဌာနမှ တာဝန်ရှိဆရာတော်များ၏ကိုယ်စား ဆရာတော် ဥုးလက္ခဏာက အထက်ပါအတိုင်း တာဝန်ပေးလာသဖြင့် မိမိတာဝန်တွေကြားမှ ကြိုးစားကာ ဆောင်ရွက်ပေးရပါသည်။ ယင်းကျမ်းစာနှစ်စောင်မှာ ရေးမူအတိုင်း ရိုက်နှိပ်ထားသဖြင့် စာအနေအထားမှာ မရှင်းလှပါ။ ထို့ကြောင့် တာဝန်ရှိဆရာတော်တို့လည်း အစွမ်းကုန်ကြိုးစားကာ ကြိုတင်ပြင်ဆင်ထားသည်ကို တွေ့ရပါသည်။ ကွန်ပျူတာစာလုံးဖြင့် ခေတ်မီသားနားစွာ

အထားအသိနေသားတကျဖြင့် ရိုက်နှိပ်လိုက်သော အခါ စာအနေအထားမှာ ရှင်းလင်းလာပါတော့သည်။

ထိုစာအုပ်နှစ်အုပ်ကို ဖတ်ရှုရသောအခါ ပထမ ရွှေကျင်ဆရာတော်ကြီးကို အလွန်အကဲပဲ ကြည်ညို လေးစားလာပါသည်။ ရွှေကျင်ဂိုဏ်းကြီးကို စတင် တည်ထောင်နိုင်ခဲ့သော ဆရာတော်ကြီး၏ စွမ်းရည် တို့ကို နားလည်သဘောပေါက်ခွင့် ရလာပါတော့ သည်။ ထိုစာအုပ်နှစ်အုပ်ဖြင့် တပည့်တို့ကို ဆုံးမ တော်မူထားသော ရွှေကျင်ဆရာတော်ကြီး၏ တပည့် တို့အပေါ်ထားရှိသောမေတ္တာတော်အား၊ကရုဏာတော် အားတို့ ထုထည်ကြီးမားလှသည်ကို သိခွင့်ရလာပါ သည်။ ရွှေကျင်ဆရာတော်ကြီးမှာ မေတ္တာ၊ကရုဏာ အား ကြီးမားရုံမျှမက ပညာတော်အားလည်း အလွန် ကြီးမားကြောင်း တွေ့ရှိရပါသည်။ ကျမ်းစာ ဗဟုသုတအစုံအလင် ဥပမာ၊ဥပမေယျ တစ်ပုံ တစ်ပင် ဖြင့် မြန်မာစကားပြေ အရေးအသား ပါဠိစာပေ အရေးအသားတို့ကို ထိပ်တန်းမြန်မာစာ ပညာရှင်၊ ထိပ်တန်းပါဠိပညာရှင်တို့လက်ဖျားခါလောက်အောင် ပင် ရေးသားဖွဲ့နွဲ့ထားသည်ကို တွေ့ရှိရပါသည်။ စူဠသိဿကောဝါဒကျမ်း၌ အခန်းပေါင်း(၁၅)ခန်းပါ ရှိပြီး မဟာသိဿကောဝါဒကျမ်း၌ ဂါထာပေါင်း (၄၀၀)ကျော်ဖြင့် ဖွဲ့နွဲ့သီကုံးထားပါသည်။

## (၃) မလေးစားဘဲမနေနိုင်တော့ပါ

ပထမရွှေကျင်ဆရာတော်ကြီး ရေးသားအပ်ခဲ့ သောကျမ်းစာ(၁၂၁)အုပ်ရှိကြောင်း သိရှိရပါသည်။ ထို(၁၂၁)အုပ်ထဲမှာ ပါဠိဘာသာဖြင့် ရေးသားအပ် သောကျမ်းစာမှာ(၂၅)အုပ်ပါရှိပါသည်။ဤ ဆောင်း ပါးရေးသူအနေဖြင့် ထိုကျမ်းစာတို့ကို စုံစေ့အောင် မဖတ်ရသေးသည့်တိုင်ဤစူဠသိဿကောဝါဒကျမ်းနှင့် မဟာသိဿကောဝါဒကျမ်းတို့ကို ဖတ်ရှုရရုံဖြင့်ပင် ရွှေကျင်ဆရာတော်ကြီး၏ပရိယတ်, ပဋိပတ် အရည် အသွေးတို့ကို မလေးစားဘဲမနေနိုင်တော့ပါ။လေးစား သည်ထက် ပို၍လေးစားလာကာ ရွှေကျင်ဆရာတော် ကြီး၏ ကြည်ညိုဖွယ်ရာ ဂုဏ်အင်္ဂါ,အရည်အသွေး တို့ကို ပိုမို၍သာ သိချင်လာပါတော့သည်။ ထို့ကြောင့် ယခုသက်တော်(၁၀၀)ရှိသည့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့နှင့် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့ တို့ကို ရရှိထားသည့်(၁၃)ပါးမြောက် ရွှေကျင်သာသနာ ပိုင် ရွှေဟသာ်ဆရာတော်ကြီး ရေးသားထားအပ်သော "ရွှေကျင်နိကာယသာသနာဝင်စာအုပ်"ကို ဖတ်ရှု ကြည့်ပါသည်။ ထိုစာအုပ်မှာ ပထမရွှေကျင်ဆရာ တော်ကြီး၏ ကြည်ညိုဖွယ်ရာ ဂုဏ်များစွာပါရှိလေ ရာ တစ်ချို့တ လေမျှကိုသာ စာရှုသူတို့လည်းကြည်ညို သဒ္ဓါပွားခွင့်ရစေရန် ရွှေကျင်ဆရာတော်ကြီးကို သိမီ လိုက်သော ဆရာတော်ကြီးများ၏ မိန့်ကြားချက်များ အရ ဖော်ပြလိုက်ပါသည်။

## (၄) ရွှေကျင်ဆရာတော်ကြီး၏ ကျက်သရေဆောင်တွေပေါ့

ခနေဖြူမြို့မှ ပျံလွန်တော်မူပြီးသည့် ဂန္ဓာရုံဆရာ တော်က"ရွှေကျင်သာသနာနှစ်တစ်ရာ"ကို ရေးသည့် ဒုတိယစာပြင်မှူးချုပ် ဝဏ္ဏကျော်ထင် ဦးဘသန်း ငယ်စဉ်က ဦးဘသန်းအား မိန့်တော်မူခဲ့သည်မှာ–

"ဘုန်းကြီးက သာမဏေအဖြစ်နဲ့ ရွှေကျင်တိုက် (၅)တိုက်ကို ရောက်ခဲ့ဖူးတယ်၊ရွှေကျင်(၅)တိုက် အကြောင်း စဉ်းစားလိုက်တဲ့အခါ အလွန်ကြည်နူးဖွယ်၊ လွမ်းဆွတ်ဖွယ်ကောင်းတဲ့ အချက်တွေ ပေါ်လာတယ်၊ ရွှေကျင်(၅)တိုက်ရှိ သံဃာတွေဟာ စာသင်သားဆို ပေမယ့် စာပေပရိယတ္တိတစ်ဖက်တည်းကိုသာ ကြိုးစား အားထုတ်ကြတာ မဟုတ်ဘူး၊ တစ်လ(၄)သီတင်း အဖိတ်နေ့ညအခါ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒတရားသံကိုနာယူကြရတယ်။အပြောကောင်း အဟောကောင်းဆိုတော့ တရားနာယူကြတဲ့ တပည့် သံဃာတွေဟာ လေငြိမ်ရာမှာထွန်းထားတဲ့ မီးတိုင် များလို ငြိမ်ငြိမ်ပြီးနေလိုက်ကြတာ တစ်ခါတစ်ခါတရား နာနေရင်း ဘုရားသက်တော်ထင်ရှားရှိစဉ် သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်မှာ ရဟန်းသံဃာများ

အား ဘုရားကိုယ်တော်တိုင် တရားအမြိုက်ဆေး တိုက်ကျွေးတယ်ဆိုတာ ဒီလိုနေမှာပဲလို့ တွေးမိပြီး ကြက်သီးမွေးညင်းများ ထ,မိကြတယ်။"

"တရားပွဲပြီးတဲ့အခါ ထ,ကြွသံ၊လှုပ်ရှားသံ မကြားရ၊ စကားပြောသံမကြားရ၊ ငြိမ်သက်စွာ ထ,ပြန်သွားကြတယ်။မန္တလေးတောင်ဆိုတာလဲ အဲဒီ အခါတုန်းက သစ်ပင်တွေစီရရီပေါက်ပြီး စိမ်းစိမ်း စိုစိုနှင့် အလွန်ကြည်နူးဖွယ်ကောင်းတယ်၊အဖိတ်နေ့ ညအခါ တရားနာယူကြပြီးချိန်ကျလျှင် စာသင်သား တွေဟာ ကိုယ့်အခန်းထဲမှာ မနေကြတော့ဘဲ သစ် တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်ရောက်ကုန်ကြတယ်၊ နံနက်ရောင်ဖြူလာချိန်ကလတက်(တုံး)ခေါက်သံကြား မှပဲနေရာထိုင်ကလေးတွေ ပခုံးပေါ်တင်ပြီးကျောင်း ကိုက်ထဲ အလျှိုအလျှို ပြန်ရောက်လာကြတယ်၊ သီတင်းနေ့ကျပြန်တော့လဲ ကြီးငယ်မရွေး သံဃာ အားလုံးကောသနိက်ဓုတင်၊ ပတ္တပိုဏ်ဓုတင် ဆောက် တည်ကြကယ်၊ စကားဝိုင်းဖွဲ့ပြီး ငြင်းခုံစကားပြော ဆိုနေတာမျိုးကို တစ်ခါမှ မမြင်ခဲ့ရဘူး၊ ဘယ်သူ့ ကိုပဲကြည့်လိုက် ကြည့်လိုက်ကြည်ညိုစရာ၊ အားကျ စရာတွေကိုပဲမြင်ရတယ်၊ ရွှေကျင်ဆရာတော် ဘုရားကြီး၏ ကျက်သရေဆောင်တွေပေါ့"

### (၅) ငါတို့လဲ ဒါကိုမြင်တာနဲ့ ရွှေကျင်ဂိုဏ်းထဲရောက်လာတာပဲ

ထို့ပြင် ရွှေကျင်ဆရာတော်ကြီး၏ တရားပွဲကို သေသေချာချာမီလိုက်သော ဓနုဖြူမြို့ ရွှေကျင်ကျောင်း တိုက်(၄)တိုက်ရှိရာတွင် အရှေ့ဆုံး စမ်းချောင်းတိုက် ဆရာတော်ကြီး အမိန့်ရှိသည်ကို ဤသို့ကြားသိမှတ် သားခဲ့ဖူးပါသည်။ မိန့်တော်မူဖူးသည်ကား-

"ငါတို့ သင်္ဂဇာတိုက်မှာ နေစဉ်အခါ ရွှေကျင် ဆရာတော်ကြီးတရားဟောကောင်းကြောင်း ကြား သိရတာနဲ့ အဖော်ဦးပဉ္ဇင်းတွေခေါ်ပြီး မန္တလေး တောင်ခြေရွှေကျင်ဆရာတော်ကြီးကျောင်းတိုက်သို့ သီတင်းနေ့ညအခါ တရားနာရောက်ခဲ့ဖူးတယ်။အလွန် တရားအဟောအပြောကောင်းတဲ့ ဆရာတော်ကြီးပဲ၊ တစ်ခါတရားတော်ကိုနာမိလျှင် နောက်ဆက်ကာ ဆက်ကာ နာချင်နေတော့တာပဲ၊ တရားနာလာတဲ့ အခြားတိုက်က ရဟန်းများကို "တရားနာပြီး မပြန်ရ တော့ဘူး၊ ညအိပ်ပြီး နက်ဖြန်နံနက်ဆွမ်းစားပြီးမှ ပြန်ရမယ်"လို့ တရားဟောရင်း အမိန့်ထုတ်လိုက်တော့ မပြန်ရဘူးပေါ့၊ နံနက်ဆွမ်းကျွေးတဲ့အခါ ဆရာတော် ဘုရားကြီးရဲ့ ဖိုးသူတော်တစ်ယောက်က ဆွမ်းစားနေ တဲ့ အာဂန္တုသံဃာတွေကြားမှာရှိသေစွာ လမ်းလျှောက် ပြီး "သေခိယနှင့်အညီ စားတော်မူကြပါဘုရား၊ ဇွန်းကို ဖြည်းဖြည်းချတော်မူပါဘုရား၊ရှုပ်ရှုပ်စပ်စပ် မမြည်အောင် ဘုဉ်းတော်မူပါဘုရား၊ ဆွမ်းလုပ်ကိုလဲ ပရိမဏ္ဍလဖြစ်အောင်(ဝိုင်းဝန်းအောင်) ပြင်တော်မူ ပါ ဘုရား" စသည်ဖြင့် အမြဲသတိပေးနေတယ်၊ ဖိုးသူတော်သာ ဆိုရတယ်၊ ဝိနည်းကိုအကုန်တတ်ပြီး နားလည်းပြီးသား ဖြစ်နေဟန်တူပါတယ်၊ဆွမ်းစား ပြီးတဲ့အခါ ရွှေကျင်ဆရာတော်ဘုရားကြီးကို ကန် တော့ပြီး ပြန်လာခဲ့ကြတယ်။

နောက်သီတင်းနေ့ကျတော့ တရားနာသွားဖို့ရန် အဖော်အပေါင်းဦးပဉ္ဇင်းများကို တရားနာလိုက်ဖို့ခေါ် တဲ့အခါ ဦးပဉ္ဇင်းတွေက "တရားနာရတာကတော့ ကောင်းပါတယ်၊ နံနက်ဆွမ်းစားနေတုန်းမှာ ဟိုလို စားပါ၊ ဒီလိုစားပါ၊ ရှုပ်ရှုပ်စပ်စပ်မမြည်ပါစေနှင့်၊ ဆွမ်းလုပ်ကိုပြင်လိုက်ပါဦးလို့ ဝိနည်းစကားပြောတဲ့ ဖိုးသူတော်ကို အမြင်ကပ်လှတယ် ကိုယ်တော်"လို့ ပြန်ပြောကြတယ်၊ ဖိုးသူတော်ကိုက အတော်အချိုး ကျနေတဲ့ ပုဂ္ဂိုလ်ဖြစ်နေတယ်၊ ငါတို့လဲ ဒါတွေကိုမြင် တာနဲ့ တစ်စတစ်စ ရွှေကျင်ဂိုဏ်းထဲ ရောက်လာ တာပဲ"ဟူ၏။

### (၆) ရွှေကျင်ဆရာတော်ကြီး၏ ဥပဓိနှင့်သမာဓိ

"ရွှေကျင်ဆရာတော်ဘုရားကြီး၏ ရုပ်ပုံတော်မှာ မပိန်လွန်း မဝလွန်း၊ အရပ်တော်မြင့်မြင့် ထောင် ထောင်မောင်းမောင်းရှိတော်မူသည်။ ဦးခေါင်းတော်

ပြေပြစ်၍ ဖွံ့ဖြိုးတော်မူသည်။ နဖူးတော်ကျယ်ပြန့်သည် ၊နှာတံပေါ်သည်၊ အသံဝါဖြစ်၍ ခံ့ညားသည်၊ သာယာသော အသံတော်ရှိသည်၊ ဩဇာရှိသော အသံမျိုးဖြစ်သည်၊ နားရွက်တော်ကျယ်ပြန့်သည်၊ အသားတော်မှာ အသားလတ်ဖြစ်သည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် တောရကျောင်း၌ သီတင်းသုံးနေတော်မူရာတွင်လည်း များသောအားဖြင့် သစ်ပင်ဝါးပင်အောက်၌သာလျှင် ကေစာရီ(တစ်ပါးတည်း)သီတင်းသုံးတော်မူလေ့ရှိသည်။ သစ်ပင်ရင်း၌ ကျောင်းကလေးဖြင့်လည်း သီတင်းသုံးတော်မူတတ်သည်။ အနီးအဝေးအရပ်ဒေသတို့မှ ဖူးမြော်ရန်၊ တရားပေစာနာယူကြရန် လာကြသော ပရိသတ်တို့သည် ဝေးဝေးလှမ်းလှမ်းကပင် ဖိနပ်ချွတ် ထီးရုပ်၍တိတ်ဆိတ်ငြိမ်သက်စွာ လာကြရသည်။ ဗီးလိမ်းပြုပြင်ခဲ့ကြသော မာတုဂါမတို့သည်လည်း ဗီးလိမ်းပြုပြင်မှုကိုဖျက်၍ ပကတိ အနေဖြင့်သာ အဖူးအမြော်လာကြသည်ဟု သိရသည်။ ဘယ်သူကမှ ကြိုတင်မပြောသော်လည်း ကြီးမားသောသမာဓိအရှိန်၊ သီလဂုဏ်ရောင်တို့ကြောင့် အလိုအလျောက်ကြောက်ရွံ့လေးစားကြပေသည်။သစ်ရိပ် ဝါးရိပ်အောက်၌သာလျှင် တရားစကား ဟောပြောတော်မူလေ့ရှိသည်”ဟု ရွှေကျင်(၅)တိုက် အဝင် ထရံကာတိုက်သား အဖြစ်ဖြင့် နေခဲ့ဖူးသော စစ်ကိုင်းတောင်ရိုး ကြံခင်းချောင် ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူခဲ့ပါသည်။

## (၇) ရွှေကျင်ကို အလျင်က အထင်သေးမိတယ်

ရတနာပုံနေပြည်တော် တောင်ပြင် ဒက္ခိဏာရာမတိုက် ဆရာတော်ကြီးသည် အခါတစ်ပါး သုဓမ္မာသဘင်မှအပြန် ကျောင်းတိုက်များသို့ လှည့်လည်သည့် အနေဖြင့် ရွှေကျင်တိုက်သို့ ကြွတော်မူလာပေသည်။ တိုက်တွင်းသို့ ရောက်တော်မူလျှင် ရွှေကျင်တိုက်နေ သူတော်ယော်တို့သည် လက်အုပ်ချီမိုး အရိုအသေရှိခိုးလျက် ထိုင်နေကြ၏။ “မင်းတို့ ဆရာတော် ဘယ်ကျောင်းမှာ နေသလဲ”ဟု သူတော်တို့အား မေးရာမြှောက်ချီထားသောလက်အုပ်ဖြင့် “ဤကျောင်းမှာပင် သီတင်းသုံးပါသည်ဘုရား”ဟု လျှောက်ကြသတဲ့။

ရွှေကျင်ဆရာတော်ဘုရား မြင်တော်မူသဖြင့် လှေကားမှဆင်း၍ ခရီးဦးကြိုဆိုကာ ဘုရားကြီးဆရာတော်အား မြင့်မြတ်သောနေရာသို့ ပင့်ဆောင်၍ တုပ်ဝပ်ရိုကျိုး ရှိခိုးလျက်သာ နိမ့်ရာမှနေ၍ ဘုရားကြီး ဆရာတော်သည် အတန်ကြာမျှ အာလာပသလ္လာပနှင့်တကွ စာပေကျမ်းဂန်နှင့်စပ်သော စကားများကို မိန့်ကြားတော်မူ၍ ကျေနပ်ဝမ်းမြောက်သောလက္ခဏာဖြင့် ပြန်ကြွတော်မူလေသည်။ ရွှေကျင်ဆရာတော်ကြီးသည် ကျောင်းတိုက်အာရာမ်ပြင်သို့တိုင်အောင် လိုက်ပို့တော်မူလိုက်၏။

ဘုရားကြီးဆရာတော်သည် ဒက္ခိဏာရာမတိုက်သို့ ရောက်သောအခါ –

“ရွှေကျင်ကို အလျင်က အထင်သေးမိပေတယ်၊ ရွှေကျင်တိုက်က သူတော်ငယ်လေးတို့ကသော်မှ ယဉ်ကျေးလေးစားကြပါပေတယ်၊ ရွှေကျင်ဆရာတော်ကိုယ်တိုင်လဲပဲ တို့ကိုရိုသေလေးစားသည်မှာ သာမဏေလေးသဖွယ်ပင် ဖြစ်ပါပေတယ်၊ နိဝါတ (ကိုယ့်ကိုယ်ကိုနှိမ့်ချခြင်း)၊ နိမာန (မာန်မာနမရှိခြင်း)ဂုဏ်ရှိပါပေတယ်”ဟု ချီးမွမ်းစကား မိန့်ကြားတော်မူသည်ဟု တစ်ဆင့်စကားမှတ်သားရဖူးလေသည်တဲ့။

ဤသို့အစရှိသော ကြည်ညိုဖွယ်ရာဂုဏ်အဖြာဖြာတို့နှင့် ပြည့်စုံတော်မူသော ပထမရွှေကျင်ဆရာတော်ကြီး၏ ပရိယတ် ပဋိပတ် ပန်းရနံ့တို့သည် နှစ်(၁၀၀)ပြည့်သွားသည့်တိုင်အောင် မွှေးကြိုင်လျက်ရှိနေသည့် ပမာ နောင်နှစ်ရာပေါင်းများစွာ၌လည်း ဆက်လက်မွှေးကြိုင်ကာ ရနံ့လှိုင်နေဦးမည်မှာပါတကား။ ။

သာမဏေကျော်
ရွှေကောင်ကုန်းသာသနာ့ရိပ်သာ။

# ကျယ်–၅–ပါး များ–၈–ပါး ကြမ်း–၉–ပါး

❁ ❁ ❁

(က) စကားပြောကျယ်၊ အရယ်ကျယ်၊ အခေါ်ကျယ်လည်း ပယ်ရမည်။
အချေလည်းကျယ်၊ အသမ်းကျယ်၊ ဤကျယ်ငါးပါး ပယ်ရမည်။

(ခ) စကားပြောများ၊ အရယ်များ၊ အအိပ်များလည်း ပယ်ရမည်။
ပစ္စည်းစုများ၊ အလုပ်များ၊ အစားများလည်း ပယ်ရမည်။
လူငယ်နှင့်အား၊ ရောနှောများ၊ လည်ပတ်များလည်း ပယ်ရမည်။
ဤသည်တို့ကား၊ များရှစ်ပါး၊ ကြိုးစား ပယ်ရမည်။

(ဂ) စားကြမ်း၊ အိပ်ကြမ်း၊ အသွားကြမ်း၊ ထိုင်ကြမ်းကိုလည်း ပယ်ရမည်။
ရယ်ကြမ်း၊ စိတ်ကြမ်း၊ ကိုယ်နှုတ်ကြမ်း၊ ဆုံးမကြမ်းလည်း ပယ်ရမည်။
ဤသည်တို့ကား၊ ကြမ်းကိုးပါး၊ ကြိုးစား ပယ်ရမည်။
အကျယ်ငါးပါး၊ များရှစ်ပါး၊ ကြမ်းကိုးပါးကို ပယ်ရမည်။
ရွှေကျင်ဆရာကော်၊ ဟောမိန့်ဖော်၊ ဉာဏ်မြော်ကျင့်ရာသည်။

[မှတ်ချက်= ရွှေကျင်ဆရာတော်ဘုရားကြီး၏ ကျယ်ငါးပါး များရှစ်ပါး ကြမ်းကိုးပါးဩဝါဒကို မှီငြမ်းပြု၍ ကဗျာပြန်ဆိုထားသည်။]

သူမြတ်နွယ်



# သမိုင်းဝင် မှတ်တမ်းများ

ဖေလွင်၊ ဆားလင်းကြီး

ရွှေကျင်နိကာယ ဂဏသမုဋ္ဌာပက ဖြစ်တော်မူသော ရွှေကျင်ဆရာတော်ဘုရားကြီးကို ကြည်ညိုလေးစားအားထားလှသော ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးသည် သက္ကရာဇ် ၁၂၄၀–ပြည့်နှစ် သီတင်းကျွတ်လဆန်း (၆)ရက် အင်္ဂါနေ့ နေ့နှစ်ချက်တည်းကျော် ခြောက်မောင်းအချိန်တွင် လူ့ပြည်ငြီး၍ နတ်ထီးစံတော်မူသည်။ ထိုအချိန်က ရွှေကျင်ဆရာတော်ဘုရားကြီးသည် သီရိလင်္ကာသို့ ရောက်ရှိသီတင်းသုံးတော်မူသည်။

၁၂၃၉–ခုနှစ်တွင် စွယ်တော်စသည်ကို ဖူးမြော်ပူဇော်ရန် သီရိလင်္ကာသို့ကြွတော်မူပြီးဝါကပ်တော်မူသည်။ သီတင်းကျွတ်မှ ပြန်ကြွလာတော်မူသည်။ ပြန်ကြွတော်မူပြီး မင်းလှရွာ တောကျောင်း၌ သီတင်းသုံးတော်မူသည်။ သက္ကရာဇ် ၁၂၄၃–ခုနှစ်တွင် သီပေါမင်း၏ ပင့်လျှောက်ချက်အရ မန္တလေးမြို့တော်သို့ ပြန်ကြွတော်မူပြီး ရွှေကျင်တိုက်မ၌ သီတင်းသုံးတော်မူသည်။

သီပေါမင်းသည် ထိုနှစ်မှာပင် ရွှေကျင်ဆရာတော်ဘုရားကြီးအား *[၁] ဇာဂရာဘိဓေ သဒ္ဓမ္မဝံသ ဓမ္မသေနာပတိ အတုလဓိပတိ သီရိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဟူသော သာသနာပိုင် ဘွဲ့တံဆိပ်တော်ကို ကပ်လှူသည်။ ရွှေကျင်ဆရာတော်က လက်ခံတော်မမူပေ။ တောင်တော်ဆရာတော်အား *[၂] မာလာလင်္ကာရဓဇ ဓမ္မသေနာပတိ အတုလာဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော သာသနာပိုင် ဘွဲ့တံဆိပ်တော်ကို ကပ်လှူတော်မူသည်။ သီပေါမင်းသည် မိမိစိုးပိုင်သော နိုင်ငံတော်ကို ကိုးဌာနခွဲခြားသတ်မှတ်ကာ ဆရာတော်နှစ်ပါးအား သာသနာပြုရန် တောင်းပန်လျှောက်ထားသည်။

ထိုဆရာတော်နှစ်ပါးအား သာသနာပြုရန်အတွက် "သာသနာပြုအမိန့်တော်ကို ၁၂၄၃–ခုကဆုန်လပြည့်ကျော် (၁၁)ရက်နေ့ နံနက် ညီလာခံဆောင်တော်ရှေ့ စနုဆောင်တွင် နာခံတော်ဦးပြားက ပြန်ဆိုခဲ့သည်။အတွင်းဝန်မင်း မြို့စားမင်း၊ အတွင်းဝန်

---

*[၁] ဇာဂရာဘိဓေ သာသနပါလ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု

*[၂] မာလာလင်္ကာရ သာသနဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု။ သာသန ဗဟုသုတပကာသနီ၊ စာ–၁၇၃။

တိုင်းတာမြို့စားမင်း၊ အတွင်းဝန်ပေါက်မြိုင် မြို့စားမင်း၊ အတွင်းဝန် မြို့သစ်မြို့စားမင်း၊ အတွင်းဝန် လေှသင်းဝန်၊ စလေမြို့စားမင်းတို့ရှေ့ အစုံအညီတွင် ပြန်ဆိုခဲ့သည်။

ဤသာသနာပြု အမိန့်တော်ကို သက္ကရာဇ် ၁၂၄၃–ခုနှစ်၊ နယုန်လဆန်း (၂)ရက်နေ့တွင် ရေးကူးသော ပုရပိုက်မူမှ ကူးယူကာ ရွှေကျင်နိကာယသာသနာဝင် (အကျဉ်း)တွင် ရွှေဟသ်ာဆရာတော်ဘုရားကြီးက ဖော်ပြထားပါသည်။ ရွှေကျင်ဆရာတော်ဘုရားကြီး တာဝန်ယူ အုပ်ချုပ်ရသော ကိုးဌာနကိုလည်း ရွှေကျင်နိကာယ သာသနာဝင် (အကျယ်–အကျဉ်း) နှစ်အုပ်လုံးတွင် ဖော်ပြထားပါသည်။

စာရေးသူထံရှိသော ပုရပိုက်မူတွင်လည်း–

"သက္ကရာဇ် ၁၂၄၃–ခု၊ ကဆုန်လဆန်း(၁)ရက်နေ့ မုဒ္ဒါဘိသေက မဟာဘိသိက်ခံတော်မူသည့်အခါ၌ နိုင်ငံတော်အတွင်း အရပ်ရပ်ကျေးရွာများမှာ (၉)ဌာန ဝေပုံပါရှိသည့်အတိုင်း သာသနာတော်ကို မှိုင်းမကြည့်ရှု ပြုစုတော်မူရန် တောင်တော်ဆရာတော်ကြီး၊ ရွှေကျင်ဆရာတော်ကြီး ၂ ပါးကို သာသနာဒါယကာ မဟာဧကရာဇ်မင်းက နယ်ပုံရေးသားလျှောက်ထားချက်အရ ၉ဌာန ဝေပုံဘုရား" ဟု ခေါင်းစည်းတပ်ပြီး ၉–ဌာနစာရင်းကို ဖော်ပြထားသည်။ သို့သော် ကိုးဌာနစာရင်းမှာ ပုရပိုက်က တစိတ်စုတ်ပျက်နေ၍လည်းကောင်း၊ ဌာနအမည်များ ရေးသားပုံမသန့်ရှင်း၍ အပြည့်အစုံဖတ်၍ မရတော့ပေ။

ဤအကြောင်းအရာများမှာ သမိုင်းအတွက် တန်ဖိုးရှိလှ၍ ဖတ်ရသမျှ ကူးယူဖော်ပြလိုပါသည်။ ပထမဌာနမှာ ရွှေမြို့တော်နယ် မတ္တရာမြို့ဟု နှစ်ဌာနသာရှိသည်။

ဒုတိယဌာနမှာ–ေ ျက်ဆည်ရွာ (ခရိုင်ပါ) အဝမြို့၊ တိုက်ထီးလှိုင်၊ ရဲရမန်ရွာ၊ ဘော ၄၄ ရွာ၊ ခင်လယ်နယ်၊ မကြည်းကျောင်း၊ ဂုံ–၅ရွာ ပေါက်မြိုင်၊ နွားထိုး၊ ညောင်အုပ်မြို့ တောင်သာမြို့ တို့ဖြစ်သည်။

တတိယဌာနမှာ–သာဂရမြို့၊ လှိုင်းတက်မြို့၊ ထရံကာမြို့၊ ယင်းတော်မြို့၊ ရနောင်မြို့၊ နင်းကြမ်း၊ သစ်ကြိတ်ကြီး၊ ညောင်ရမ်းမြို့တို့ ဖြစ်သည်။

စတုတ္ထဌာနမှာ–တောင်တွင်းကြီးမြို့၊ မိတ္ထီလာမြို့၊ ကျောက်ပန်းတောင်းမြို့၊ ပင်းတလဲမြို့၊ မင်းမြို့၊ နတ်မောက်မြို့ တို့ဖြစ်သည်။

ပဉ္စမဌာနမှာ မင်းလှရွာ၊ တရုတ်မြို့၊ မြင်းခြံရွာ၊ ပုပ္ပါးမြို့၊ ပုဂံမြို့၊ စည်ကူးဆုံ၊ မြစ်သား၊ စလေမြို့ တို့ဖြစ်သည်။

ဆဋ္ဌဌာနမှာ–အလုံမြို့၊ ကျောက်မျက်မြို့၊ အမြင့်မြို့၊ ဆားလင်းမြို့၊ ပြောင်ပြာမြို့၊ ဆင်ရှည်မြို့၊ ကျောက်ရစ်မြို့၊ နဘတ်ကြီးမြို့၊ အလ္လကပ္ပမြို့၊ မြင်းမူမြို့၊ စစ်ကိုင်းမြို့ တို့ဖြစ်သည်။ မြို့အမည်များကို ဖတ်၍ရသော်လည်း ဌာနမကွဲပြား၍ ကျန်ရှိနေသော မြို့အမည်များကို မဖော်ပြလိုက်ပါ။

ထိုပုရပိုက်တွင် ကို ့ူနဦးစီးနာယကဆရာတော်ကြီးများစာရင်းကိုလည်း တွေ့ရှိရသည်။ ကိုးဌာနဦးစီးဆရာတော်ကြီးများ စာရင်းကိုလည်း တင်ပြပါဦးမည်။

**၉–ဌာနဦးစီးနာယကဆရာတော်ကြီးများ**

၁။ ပထမဌာန၊ ရွှေကျင်ဆရာတော်၊ တောင်တော်ဆရာတော်–၂

၂။ ဒုတိယ၊ မြတောင်ဆရာတော်၊ ရွှေကျင်တိုက်အုပ်–၂

၃။ တတိယ၊ ရမည်းသင်းဆရာတော်၊ ဦးကေသရ

၄။ စတုတ္ထ၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်၊ ပင်းတလဲဦးကေသရ–၂

၅။ ပဉ္စမ၊ ဆင်ပေါင်ဝဲ ဆရာတော်၊ မင်းလှ ဆရာတော်–၂
၆။ ဆဋ္ဌမ၊ ခင်မွန်ဆရာတော်၊ ပုခန်းကြီး ဆရာတော်–၂
၇။ သတ္တမ၊ သရိုင်ဆရာတော်၊ မိုင်းလုံ ဆရာတော်–၂
၈။ အဋ္ဌမ၊ အုတ်ကျောင်းဆရာတော်၊ မင်းကင်း ဆရာတော်–၂
၉။ နဝမ၊ အလုံနယ်ဂိုဏ်းထောက် ဦးသောမ၊ ဦးဉာဏ–၂

၎င်းဆိုင်ရာဌာနရှိ အားပေးဆရာတော်–ဦးယသ၊ ဦးမာလာ၊ ဦးအရိယဝံသ၊ ဦးသုဝဏ္ဏ၊ ဦးကလျာဏ ဟု ရေးသားထားသည်။

ရွှေကျင်ဆရာတော်နှင့် တောင်တော်ဆရာတော်နှစ်ပါးအား သာသနာပြုရန် ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းနှင့် သာသနာပြုအမိန့်ဇော်များကို ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီးတွင် ဖော်ပြမထားပေ။ သာသနဗဟုသုတပ္ပကာသနီ၌–

"ထိုသက္ကရာဇ် ၁၂၄၁–ခုနှစ်၊ တပေါင်းလတွင် တောင်တော်ဆရာတော်နှင့် ရွှေကျင်ဆရာတော်ကို သာသနာပိုင်နှစ်ပါး တင်မြှောက်ပြီးလျှင်"ဟု ရေးသားထားရာ ထိုသက္ကရာဇ်မှာ စောလွန်းနေပါသည်။ အဘိသိက်ခံသောနှစ်မှာ၁၂၄၃–ခုနှစ်ဖြစ်ရာ ၁၂၄၃–ခုနှစ်သာ အမှန်ပြင်သင့်ပါသည်။ ပေးအပ်သော ဘွဲ့အမည်များမှာလည်း ကွဲပြားနေပါသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး၌ ကောဇာသက္ကရာဇ် (၁၂၄၃)ခုနှစ်၌ သာသနာပြု စေလွှတ်တော်မူကြောင်း ကိုးကားဖော်ပြထားသည်။ သာသနာပြု စေလွှတ်သော ဆရာတော်များစာရင်းတွင် ရွှေကျင်တိုက် ပထမစာချ ရှင်ဂန္ဓမာ၊ ရွှေကျင်တိုက် ဆရာတော် ရှင်ကလျာဏ၊ ရွှေကျင်တိုက် ပထမစာချ ရှင်ဇောတ၊ ရွှေကျင်တိုက်စာချ ရှင်သောမ ဟု ရွှေကျင်ဆရာတော် ဘုရားကြီး၏ တပည့်များပါဝင် သည်ကို တွေ့ရှိရပေသည်။

စာရေးသူထံရှိသောပုရပိုက်တွင် သာသနာပိုင်ဆရာတော်ကြီးနှစ်ပါးက ၆ မှတ်အဝင်အပါ သံဃာများထံထုတ်ပြန်သော အမိန့်စာကိုလည်း တွေ့ရှိရသည်။ သမိုင်းသုတေသီများ လေ့လာနိုင်ရန်နှင့် တိမ်မြုပ်မသွားရန် ဖော်ပြပါဦးမည်။

"နိုင်ငံတော်အဝှန်း (၉)ဌာန ဦးစီးသာသနဝိသောဓက ဆရာတော်ကြီးနှစ်ပါး အဓိန့်ရှိအပ်သည့်နိုင်ငံတော်ဝန်းကျင် ကိုးဌာနအနက် (၆)မှတ်ဌာနအဝင်အပါ သံဃာကြီးငယ်တစ်စုတို့။ သာသနဒါယကာ မဟာကေရာဇ်မင်းမြတ်သည် သာသနာတော်မြတ် စင်ကြယ်သန့်ရှင်း၊ ထွန်းလင်းတောက်ပခြင်းကို လွန်မင်းစွာတောင့်တခြင်း ရှိသည်နှင့်အညီ ဆရာတော်အရှင်မြတ်တို့က သာသနာတော်မြတ်ကို ဓမ္မစက်ဒေသနာဖြင့် အထူးနေရာကျအောင် သုတ်သင်ရှင်းလင်းတော်မူပါ၊ တကာတော်ကလည်း သာသနာတော် အန္တရာယ်မတော်ပြုကျင့် ပြောဆိုသူတို့ကို အာဏာစက်ဖြင့် နိုင်နင်းအောင်နှိပ်ကွပ်ဆုံးမပါမည်–အကြိမ်ကြိမ် တောင်းပန်လျှောက်ထားရှိသည်ဖြစ်၍ (၉)ဌာနအနက် (၆)မှတ် ဌာနအဝင်အပါ မြို့ရွာသံဃာတော်တို့၌ အလုံးစုံပြောဆိုဆုံးမရန်ရှိသည်များကို တစ်လုံးတစ်ဝတည်း အုပ်ချုပ် သုတ်သင်စေခြင်းငှာ၊ ပုခန်းကြီးဆရာတော် ခင်မွန်ဆရာတော်တို့ကို (၆)မှတ်ဌာန နာယကအရာနှင့် လွှဲအပ်ရှိသည်ဖြစ်သည်။ (၆)မှတ်ဌာန အဝင်အပါ မြို့ရွာသံဃာကြီးငယ်တစ်စုတို့လည်း ပုခန်းကြီးဆရာတော် ခင်မွန်ဆရာတော်တို့ ပြောဆိုဆုံးမရာ မသွေလုန်ဘဲ သံသရာမှလွတ်ရာလွတ်ကြောင်း ကောင်းမြတ်သော ပရိယတ် ပဋိပတ်တို့ကို ကျိုးစားအားထုတ်ကြရမည်။

ထိုစာကို ၁၂၄၃–ခုနှစ်က ထုတ်ပြန်တော် မူသည်။ (၆)မှတ်ဌာနတွင် တာဝန်ကျသော သာသန

ဝိသောဓကေ ဆရာတော်ဖြစ်တော်မူသော ခင်မွန် ဆရာတော် ပုခန်းကြီးဆရာတော် နှစ်ပါးကလည်း မိမိဆိုင်ရာ မြို့နယ်ကျေးရွာများသို့ ထုတ်ပြန် လျှောက်ထားအပ်သော စာကိုလည်း ထို ပုရပိုက်တွင် တွေ့ရသည်။

"၆-မှတ်ဌာန၊ သာသနဝိသောဓကေ ဆရာတော် နှစ်ပါးတို့ လျှောက်ထားအပ်သည်၊ ၆-မှတ် ဌာန အဝင်အပါ မြို့ကျေးရွာ သံဃာတစ်စုတို့။ ၆-မှတ် ဌာနအဝင်အပါ မြို့ကျေးရွာ သံဃာတို့၌ ပြောဆို ဆုံးမသုတ်သင်ရန် ရှိသည်များကို တစ်လုံးတစ်ဝ တည်းအုပ်ချုပ်ဆုံးမ စီရင်ရမည်။ (၉)ဌာန ဦးစီး နာယက ဆရာတော်ကြီးနှစ်ပါးတို့ အမိန့်ကို နာခံ ရသည့်အတိုင်း (၆)မှတ်ဌာနတွင်းရှိ မြို့ရွာသံဃာ တို့၌ ဆုံးမပြောဆိုသုတ်သင်ရှင်းလင်းရန် ရှိသည် များကို ကောင်းမွန်စွာနှလုံးထားကြကုန်သည်ဖြစ်၍ ခမည်းတော် မင်းတရားကြီးလက်ထက် ၁၂၁၇- ခုနှစ် ပြန်ဆိုအပ်သောအမိန့်တော် ပြန်တမ်းတွင် ပါရှိသမျှ အလဇ္ဇီပါပ ဓမ္မတို့မှ ဝေးစွာလွတ်အောင် ရှောင်ကြဉ်ကြကုန်လျက် ဒွေမာတိကာ ခုဒ္ဒသိက္ခာ အစရှိသော ဝိနည်းကျမ်းဂန်တို့နှင့်တကွ ဂန္ထဓုရ ဝိပဿနာဓုရနှစ်ပါးကို ချမ်းမြေ့သာယာငြိမ်ဝပ်စွာ ကြိုးစားအားထုတ်နေထိုင်ကြရမည့် အကြောင်းနှင့် လျှောက်ထားအပ်သည် (၆)မှတ်ဌာန အဝင်အပါ မြို့ကျေးရွာ သင်္ဃာတို့။"

ဤကား ပုရပိုက်တွင် တွေ့ရှိရသော သမိုင်းဝင် မှတ်တမ်းများ ဖြစ်ပါသည်။ ဤမှတ်တမ်းပါ အမိန့်စာများကို ဖတ်ရှုခြင်းဖြင့် ရှေးခေတ်စာပေ အရေးအသားကိုလည်း လေ့လာခွင့်ရနိုင်သည်။ သာသနာ့ဝင် သမိုင်းအတွက်လည်း အထောက် အထားပြုနိုင်ပါသည်။ ပုရပိုက်မှာ ဆွေးနေပြီဖြစ်၍ တိမ်မြုပ်မသွားရန် ရေးသားတင်ပြအပ်ပါသည်။

ငွေးလွင် (ဆားလင်းကြီး)

## [illegible]ကောင်းစိတ်ဓာတ်

* သစ်ပင်ကြီးသည် ခုတ်လှည်းသူကိုသော်လည်း
မလှည်းမချင်း အရိပ်ဖြင့်အေးစေသည်။

* နံ့သာတုံးသည် မီးရှို့သူကိုသော်လည်း
မကျွမ်းမချင်း အနံ့ဖြင့်မွှေးစေသည်။

* သူတော်ကောင်းသည် ညှဉ်းဆဲသူကိုသော်လည်း
မသေမချင်း အကျိုးဆောင်၏။

ပထမရွှေကျင်ဆရာတော်ဘုရားကြီး

# ရာမညမှ ရွှေကျင်သာသနာ့မဏ္ဍိုင်

(သို့မဟုတ်)

# မြို့သုံးဆယ်နှင့် ပထမရွှေကျင်ဆရာတော်

သုံးဆယ်ထိပ်ဌေးတင်မြင့်

"ရွှေအဆင်းရှိသော ဟင်္သာအပေါင်းတို့ ပျော်ရွှင်နေကြရာ စိတ္တကုဋ်တောင်ခြေတွင်ရှိသော ဟင်္သာကန်ကြီးကဲ့သို့ မန္တလေးရွှေမြို့တော်ကြီးသည် ရဟန်းတော်တို့၏ သင်္ကန်းအရောင်တို့ဖြင့် တပြောင်ပြောင်တဝင်းဝင်း ထွန်းလင်းတောက်ပ၍နေ၏" ဟူ၍ ရတနာပုံခေတ်ကသာသနာ့ဂုဏ်ရည်ကိုမြင့်တင်ဖော်ကျူးခဲ့သည်။

စိတ္တကုဋ်တောင်ခြေ ရွှေဟင်္သာကန်တော်ကြီးမှ ရွှေဟင်္သာအချို့တို့သည် ရာမညတိုင်း နဒီဇရာနှင့် လှိုင်နဒီတခိုသို့ လာရောက်ပျံဝဲပျော်မြူးကြကုန်သည်။ တစ်နည်းအားဖြင့် မန္တလေးတောင်ခြေမှ ရွှေကျင်သာသနာရောင်သည် ဟံသာဝတီတောင်ခြေ တောင်စွယ် မြစ်ရိုးတသွယ်သွယ်သို့ ထွန်းလင်းတောက်ပြောင်လျက်ရှိသည်။

ပထမ ရွှေကျင်ဆရာတော်ဟူသော စကားသံကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ဂါထာပေါင်း (၇၅) ဂါထာရှိ ဝိစိတြဝန္နာဘုရားရှိခိုးတော်ကြီးကို သတိရကြည်ညိုလိုက်မိသည်။ ပါဠိရေအနက်ပါ ဆန်းကြယ်အံ့မခန်းအောင် စီကုံးပူဇော်ထားသဖြင့် ဖတ်ရှုသူတိုင်း မြတ်စွာဘုရား၏ ဂုဏ်တော်ကို ကြည်နူးနှစ်သိမ့်ပီတိဖြာစေခဲ့ပါသည်။

ရွှေကျင်ဆရာတော်သည် မင်းတုန်းမင်းတရားကြီး၏ ဆောက်လုပ်လှူဒါန်းသော မန္တလေးတောင်ခြေ ရွှေကျင်ငါးတိုက်တို့ကို အလှူခံတော်မူပြီးနောက် ရတနာပုံ ရွှေမြို့တော်မှ အောက်ပြည်ဒေသ ရာမညတိုင်း၊ မွန်တိ၊ မွန်စ၊ မွန်ည–မည်သော မွန်သုံးရပ်နယ်မြေသို့ သာသနာပြုခရီး ဒေသစာရီကြွချီတော်မူခဲ့သည်။ ပထမဆုံး ဟံသာဝတီနယ်မြေတစ်လျှောက် ကြွတော်မူရာ လှိုင်သုံးနယ်အပါအဝင် သုံးဆယ်မြို့သို့ ရောက်ရှိတော်မူလာခဲ့သည်။

ရွှေကျင်ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်သတင်းတို့သည် ဆရာတော်ဘုရားကြီး ကြွတော်မမူခင်ကပင် ကြိုတင်၍ ရာမည

တိုင်း တစ်တိုင်းလုံး မွေးပျံ့ကြိုင်လှိုင်လျက်ရှိနေသည်။ သုံးဆယ်မြို့သို့ ဆရာတော်ဘုရားကြီးနှင့် နောက်ပါ တပည့်များ ကြွလာတော်မူရာ သုံးဆယ်မြို့ ဆင်စုရပ်တွင် တရားမဏ္ဍပ်ထိုး၍ မြို့သူ မြို့သားတို့က ပူဇော်ကြသည်။ ဆင်စုရပ်သည် ယခု သုံးဆယ်မြို့ ချောင်းဦးတံတားထိပ်နေရာအဝန်းဖြစ်သည်။ ဆင်စုဟု ခေါ်ခြင်းမှာ ဆင်များစုဝေးစခန်းချရာမှ ခေါ်တွင်လာခြင်း ဖြစ်သည်။

ဤသုံးဆယ် လှိုင်ဘောလယ်နယ်သည် ဆင်နှင့် ပတ်သက်၍ ထင်ရှားခဲ့သောနယ်ဖြစ်သည်။ ဘိုးတော်ဗဒုံမင်းတရား ရွှေလက်ထက်တော်တွင် လှိုင်နယ်မှ ဆင်ဖြူတော်တစ်စီးရခဲ့သဖြင့် သုံးဆယ်ဆင်စုသို့ အခြံအရံဆင်များနှင့်တကွ သယ်ဆောင်၍ ပို့လာသည်။ ဆင်ဖြူတော်မ၏အမည်မှာ မနှင်းနွယ်ဖြစ်သည်။ ချောမော လှပ၍ တင့်တယ်သော ငွေကောင်အသွင် ဆင်ဖြူတော်၏ အဆင်းအင်္ဂါ လက္ခဏာနှင့် ပြည့်စုံသော ဆင်ဖြူတော်ဖြစ်သည်။ ဆင်အခြံအရံနှင့်တကွ ဆင်ဖြူတော်ကို စံရွှေးမြို့မှတစ်ဆင့် အမရနေပြည်တော်သို့ ပို့ဆောင်ဆက်သကြရသည်။ ဆင်ဖြူတော် ယာယီ စခန်းချရာ၊ စုဝေးရာအရပ်ဖြစ်၍ ဆင်စုရပ်ဟု တွင်ခဲ့သည်။ ဆင်ဖြူတော်၏ဘွဲ့အမည်မှာ သိရီဘဒ္ဒဝတီ ဖြစ်သည်။

(သိရီဘဒ္ဒဝတီ ဆင်ဖြူတော်ကို လှိုင်သုံးဆယ်နယ်မှ ဆက်သကြောင်း ဒဂုန်ခင်ခင်လေး၏ စာဆိုတော်ကြီးများ အတ္ထုပ္ပတ္တိ အတွဲ(၂)၊ သာယာဝတီမြို့နယ် မှတ်တမ်းအရ သိရှိရသည်။ ထို့ပြင် ဆွေစဉ်မျိုးဆက် လက်ဆင့်ကမ်း နှုတ်သမိုင်း မှတ်တမ်းအရလည်း သိရပါသည်။)

ရွှေကျင်ဆရာတော်ဘုရားကြီး၏ ပရိယတ် ပဋိပတ်ဂုဏ်တို့ကြောင့် ရောက်လေရာရာ မြို့ရွာတိုင်း၌ ဆင်ဖြူတော်ဝင်လာသည့်အလား အုတ်အုတ်ကျက်ကျက် နှစ်သက်ဝမ်းမြောက်ကြကုန်သည်။ များစွာသော ရဟန်းရှင်လူတို့သည် လာရောက်ဆည်းကပ် ပူဇော်ကြလျက် တရားဓမ္မ ဆုံးမဩဝါဒများ ခံယူကြလေသည်။

ဆရာတော်ဘုရားကြီး သာယာဝတီခရိုင်၊ သုံးဆယ်မြို့သို့ ကြွရောက်လာသည့်သတင်းကို ကြားသိကြသည်နှင့် တစ်ပြိုင်နက် စံရွှေးမြို့သူကြီးနှင့်တကွ ဆရာတော်ဘုရားကြီးအားဖူးတွေ့လိုသော ဒကာ ဒကာမအပေါင်းတို့သည် စံရွှေးမြို့သို့ ပင့်ဆောင်ကြလေသည်။ စံရွှေးမြို့ (စွယ်ရွှေး-မွန်စကား)သည် သုံးဆယ်မြို့အနောက် ငါးမိုင်ခန့်အကွာ လှိုင်မြစ်ကမ်းနဖူးတွင်ရှိသော ဆိပ်ကမ်းမြို့ဖြစ်သည်။ ယခုအခါ စံရွှေးမြို့သည် ရပ်ကြီးအဆင့်သာ ရှိတော့သည်။

စံရွှေးမြို့ သင်္ဘောကျင်းအရပ်တွင် မဏ္ဍပ်ထိုး၍ ဆရာတော်ဘုရားကြီးအား ဖူးတွေ့ပူဇော်ကြသည်။ စံရွှေးမှ ဒါယကာ ဒါယိကာမများအား တရားရေအေးတိုက်ကျွေး ဆုံးမတော်မူခဲ့သည်။ ထို့ပြင် စံရွှေးမြို့မှ ရှင်လောင်းနှစ်ပါးကိုလည်း သာမဏေအဖြစ်သို့ရောက်အောင် ဆရာတော်ဘုရားကြီးကိုယ်တိုင် ချီးမြှောက်တော်မူခဲ့ကြောင်း မှတ်သားရဖူးပါသည်။

ရွှေကျင်ဆရာကော်ဘုရားကြီးသည် မိမိအား ဆည်းကပ်ပူဇော်ကြကုန်သော ဒကာ ဒကာမအပေါင်းတို့အား ကျောင်းကျိုးတရား ဖြစ်ပွားစိမ့်သောငှာ ကိုယ်တော်တိုင်လည်း တရားဓမ္မများကို ဟောကြားတော်မူသည့်အပြင် တစ်ခါတစ်ရံ နောက်ပါတပည့်များအားလည်း တရားပွဲများ၌ ဟောစေတော်မူခဲ့သည်။ ဆရာကော်ဘုရားသည် သာသနာပြုနိုင်လောက်သော ဗျတ္တပဋိဗလနှင့် ပြည့်စုံသော တပည့်ကြီးငယ်တို့ကိုသာ ရွေးချယ်တော်မူလေ့ရှိသည်။ ယင်းတပည့်များကို နောက်ပါ ပစ္ဆာသမဏအဖြစ် ပြုတော်မူသည်။ ဤတွင် သာသနာပြု လှည့်လည်ရာ၌ မောင်းထောင်ဆရာတော် ဉးဝိမလကို ဦးစားပေး လိုက်ပါစေတော်မူသည်။

ထိုအချိန်၌ မောင်းထောင်ဆရာတော်သည် ရွှေကျင်ငါးတိုက်၏ ပထမစာချဆရာတော်ဖြစ်လေသည်။ ရတနာပုံ ဒုတိယနန်းစံမင်းတရား ရွှေလက်ထက်တော်၌ "ဝိမလာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု"တံဆိပ်တော် ဆက်ကပ်ခံခဲ့ပြီးဖြစ်သည်။ မောင်းထောင်ဆရာတော်လေးသည် ရွှေကျင်

ဆရာတော်ဘုရားကြီး၏ သာသနာပြုခရီးတစ်လျှောက် တွင်လည်းကောင်း၊ တရားပွဲများတွင်လည်းကောင်း အထူးအထောက်ပံ့ပြုပေးသော ဆရာတော်ဖြစ်သည်။ တရားပွဲများတွင် မောင်းထောင်ဆရာတော်သည် ရွှေကျင်ဆရာတော်ဘုရား၏ နည်းနိသျှအတိုင်း ဆုံးမ သြဝါဒပေးတော်မူသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် စံရွေးမြို့တွင် အနီးအဝေးမှ ဒကာ ဒကာမများအား တရားဓမ္မ သြဝါဒပေးခြင်း၊ သာသနာရေးကိစ္စများကို ဆောင်ရွက် ခြင်းတို့ ပြီးဆုံးသောအခါ သုံးဆယ်မြို့သို့ ပြန်လည် ကြွတော်မူသည်။ သုံးဆယ်မြို့တွင်လည်း နယ်သူ/ နယ်သားများ၊ မီးရထားလမ်းတစ်လျှောက်မှ ဒကာ ဒကာမများသည် လာရောက်ဖူးမြော်ကြည်ညိုကြ သည်။

ဤတွင် ရွှေကျင်ဆရာတော်ဘုရားကြီး၏ နောက် ပါ ၄၁ပည့်များအနက်မှ မောင်းထောင်ဆရာတော် သည် မြို့သူ မြို့သားများ၊ နယ်သူနယ်သားတို့၏ မျက်ဝန်းအိမ်တွင် ဝင်ကြွ ကိန်းဝပ်နေပေတော့သည်။ တရားဟောပုံကိုလည်း ကြည်ညိုကြသည်။ သက်န်း ကော်ရုံပုံ၊ အသွားအလာ၊ အမူအရာ၊ အနေအထိုင်၌ တည်ကြည် ငြိမ်သက်ပုံ၊ အကျင့်သိက္ခာနှင့် ညီညွတ် ပုံတို့ကို ငွန်စွာမှ နှစ်သက်ကြည်ညိုကြသည်။ ရွှေကျင် ဆရာတော်ဘုရားကြီး၏ ကိုယ်ပွားတော်တစ်ပါးဆို လျှင် မမှားနိုင်ဟု ယုံကြည်ကြသည်။

သုံးဆယ်မြို့သူ မြို့သားတို့သည် ရွှေကျင်ဆရာ တော်ဘုရား၏ တရားဓမ္မ အဆုံးအမတို့ကို အားရ တင်းတိမ် ရောင့်ရဲဖွယ်မရှိ ဖြစ်ကြသည်။ ထို့ကြောင့် ရွှေကျင်ဆရာတော်ကြီးအား အနီးကပ် ကိုးကွယ်ခွင့် မရနိုင် သည့်တိုင်အောင်ဆရာတော်ကြီး၏ကိုယ်စား ကိုယ်ပွား ရွှေကျင်သာသနာ ဝိနည်းစည်းကမ်း နှင့်ပြည့် စုံသော ရဟန်းတော်တစ်ပါးကိုကိုးကွယ်ဆည်း ကပ် လိုသော ဆန္ဒ သဒ္ဓါများပြင်းပြကြသဖြင့် သုံးဆယ်မြို့၌ ရွှေကျင် သာသနာ ပန္နက်စိုက်ထူပေးပါမည့်အကြောင်း တောင်းပန်လျှောက်ထားကြသည်။ ထို့နောက် ဆရာ တော်ကြီးအား စက်သေဌေး ဦးညွန့်+ဒေါ်မင်းရှင်၊ မြို့တော်ဝန် ဦးဘိုးဆိတ်၊ မြို့ဝန် ဦးလူငယ် စသော မြို့ လူကြီးများသည် အစဉ်မပြတ် ဆည်းကပ်ရန် ရဟန်း တော်တစ်ပါး ချီးမြှောက်ပေးသနား တော်မူ ပါရန် တောင်းခံလျှောက်ထားကြသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ဤမြို့ ဤ နယ် တွင် သာသနာ စည်ပင် ပြန့်ပွားထွန်းကားလိမ့် မည်ဟူသော ယုံကြည်ချက်ရှိတော်မူသည့်အလျောက် မောင်းထောင်ဆရာတော် ဥုးဝိမလကို သာသနာပြု စခန်း တာဝန်ခံအဖြစ် အပ်နှင်းတော်မူခဲ့သည်။ မောင်း ထောင်ဆရာတော်လေးသည် ရွှေကျင်ဆရာတော်ကြီး အား ကြည်ညိုလေးစားအားထားတော်မူခြင်း၊ သုံးဆယ် မြို့နယ် ဒကာ ဒကာမများ၏ ကောင်းကျိုးချမ်းသာ ရရှိစေရန် သဒ္ဓါတရားရှိခြင်းတို့ကြောင့် သုံးဆယ်မြို့ တွင် ရွှေကျင်သာသနာစခန်း အခြေချရန် တာဝန်ကို နှစ်ခြိုက်ဝမ်းမြောက်စွာ လက်ခံတော်မူခဲ့သည်။ မောင်း ထောင်ဆရာတော်ကား ရာမညတိုင်း အနောက်ပိုင်း မှ ရွှေကျင်သာသနာ့မဏ္ဍိုင်တည်း။

သုံးဆယ်မြို့ ဒကာ ဒကာမများသည် မောင်း ထောင် ဆရာတော်ထံမှ ပဋိညာဉ်ဝန်ခံချက် ရရှိကြ သောအခါ ဝမ်းမြောက်ဝမ်းသာနှစ်သက်စွာဖြင့်ကျောင်း တိုက်တည်ဆောက်ရန် သုံးဆယ်မြို့ အရှေ့တောင် ယွန်းယွန်း "မဟာစေတီလှ" ဘုရားအရှေ့ဘက်ကပ် လျက်နေရာကို ရွေးချယ်သတ်မှတ်၍ သုတ်သင်ရှင်း လင်းကြပြီး ကျောင်းအဆောက်အအုံကို ဆောက်လုပ် လှူဒါန်းကြသည်။ မဟာစေတီလှဘုရားမှာ သုံးဆယ် မြို့ ဆင်စုရပ်၊ သမာဓိမြို့ဝန်မင်းဦးလူငယ်+ဒေါ်ရွှေ မယ်၊ သမီး စာဆိုတော် ဒေါ်မိ (ပကိဏ္ဏက မေတ္တာ စာနှင့် ပရိတ်မွှန်းစာပေများရေးသူ)တို့ တည်ထား ကိုးကွယ်သော စေတီတော်ဖြစ်သည်။ ၁၂၄၄ ခုနှစ်တွင် တည်ထားသည်ဟု သိရ၏။ မဟာစေတီလှဘုရား အနီး တည်သော ကျောင်းတိုက်ကိုလည်း မဟာစေတီ လှ ကျောင်းတိုက်ဟု ခေါ်တွင်သည်။ နောင်အခါ မောင်းထောင်ဆရာတော်၏ မွေးရာဇာတိအမည်

အတိုင်း မောင်းထောင်ကျောင်းတိုက်ဟူသော အမည်သာ ထက်အောက်ဝန်းကျင် ကျော်ကြားခဲ့သည်။

ရွှေကျင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ နည်းနိသျစည်းစနစ်တို့နှင့်အညီ သုံးဆယ်မြို့တွင် ၁၂၅၂ခုနှစ်မှစ၍ မောင်းထောင်ဆရာတော် ဦးဝိမလသည် သုံးဆယ်မြို့ကို ဗဟိုပြု၍ ရွှေကျင်သာသနာတော်ကို စည်ပင်ပြန့်ပွား ထွန်းကားအောင် ဆောင်ရွက်တော်မူခဲ့သည်။ ထို့ပြင် ခရမ်းသုံးခွ ဥက္ကံ၊ လှိုင်ဘောလယ် ဥက္ကံ၊ ပုသိမ်မြို့နယ် မြစ်ဝကျွန်းပေါ်ဒေသ၊ မင်းလှနယ် မိုးညိုမှစ၍ သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)ထိ သွားရောက် သာသနာပြုတော်မူခဲ့သည်။


ကျေးဇူးတော်ရှင် ပထမရွှေကျင်ဆရာတော်ဘုရားကြီး စိုက်ပျိုးခဲ့သော သာသနာ့ဥယျာဉ်အတွင်းမှ ထူးခြားသော လူပညာရှိပုဂ္ဂိုလ်၊ ရဟန်းပညာရှိ ပုဂ္ဂိုလ်တို့အနက် မြန်မာတွင်သာမက ကမ္ဘာမှာပါ ကျော်ကြားခဲ့သော သာသနာ့အာဇာနည်တစ်ပါး ပေါ်ထွန်းခဲ့သည်။ ဤရဟန်းတော်ကား အခြားသူမဟုတ်ပါ။ ရန်ကုန်မြို့၊ ကမ္ဘာအေးအနီးရှိ မဟာဂန္ဓာရုံကျောင်းဆရာတော် အရှင်ပညာသာရ ဖြစ်ပါသည်။ ဆရာတော်သည် ကိုရင်ဘဝနှင့် ပထမကြီးတန်း အောင်မြင်ခဲ့သည်။ မြန်မာနိုင်ငံ တိပိဋကဓရ စာမေးပွဲလောကတွင် ပထမဆုံးသော "ဝိသိဋ္ဌဝိနယဓရ" ပုဂ္ဂိုလ်ကျော်ဖြစ်လာခဲ့သည်။ ထို့နောက် အရှင်ပညာသာရဆရာတော်သည် တစ်ပါးတည်းနေထိုင် သီတင်းသုံးလျက် ရာသက်ပန် ပဋိပတ်လုပ်ငန်းဖြင့် ဘဝကို ကုန်လွန်စေခဲ့ပါသည်။ ၁၃၄၈–ခုနှစ်တွင် ခန္ဓာဝန်ချသွားတော်မူခဲ့သည်။ ဆရာတော်သည် သုံးဆယ်မြို့ အရှေ့တောင်ရပ် (၅)မိုင်ကွာရှိ သစ်ရွာကုန်းရွာ ဦးဘိုးဘ+ ဒေါ်သိန်းရင်တို့၏ သာထူးရတနာတည်း။ သာသနာဝင်တွင် မရှိသလောက် ရှားပါးလှသော ဤသို့သော သာသနာ့အာဇာနည် ယောကျာ်းကောင်းမျိုးကို သုံးဆယ်မြို့ မောင်းထောင်ကျောင်းတိုက်မှ မွေးထုတ်နိုင်ခဲ့ခြင်းသည် ပထမရွှေကျင်ဆရာတော်ဘုရား၏ အနန္တ ကျေးဇူးဂုဏ်ကြောင့်သာတည်းဟု အမှုကွန်းထိုးအပ်ပါသည်။

ထို့ကြောင့် သုံးဆယ်မြို့နှင့် ရွှေကျင်ဆရာတော်ဘုရား၊ သို့မဟုတ် ရာမညမှ ရွှေကျင်သာသနာ့မဏ္ဍိုင်သည် ယနေ့တိုင် တည်တံ့ခိုင်မြဲစည်ပင်ပြန့်ပွားထွန်းကား တောက်ပလျက်ရှိနေသည်။ ယခုအချိန် သာယာဝတီမြို့နယ်တွင် ရွှေကျင်နိကာယဂိုဏ်းဝင် ကျောင်းပေါင်း (၁၄)ကျောင်းရှိပြီး ယခုနှစ် ဝါဆိုသံဃာ ရဟန်း (၅၁)ပါးနှင့် သာမဏေ(၇၁)ပါး စုစုပေါင်း (၁၂၂)ပါး ရှိပေသည်။ ရွှေကျင်ဂိုဏ်းဝင် သံဃာများသည် တစ်နှစ်ထက်တစ်နှစ် တိုးပွားလျက် ရှိပေသည်။ ထို(၁၄)ကျောင်းတို့တွင် မောင်းထောင်ကျောင်း ပရိယတ္တိ စာသင်တိုက်သည် ကျောင်းတိုက်တည်သက်နှစ်ပေါင်း (၁၀၀)ကျော်ပြီဖြစ်သဖြင့် အလွန်ထင်ရှားသော စာသင်တိုက်ကြီးဖြစ်ပေသည်။ ၁၃၅၃–ခုနှစ်မှစ၍ တည်ထောင်သော ဆရာတော် ဦးဇနကာဘိဝံသ၏ အမရပူရမြို့ မဟာဂန္ဓာရုံ ကျောင်းတိုက်ခွဲဖြစ်သော သုံးဆယ်မြို့အနီးရှိ မဟာဂန္ဓာရုံကျောင်းတိုက်သည်လည်း တဖြည်းဖြည်း တိုးတက်စ ပြုနေပြီဖြစ်သဖြင့် ထင်ရှားကျော်ကြားလတ္တံ့သော စာသင်တိုက် တစ်တိုက် ဖြစ်ပေသည်။

နောင်အနာဂတ်တွင်လည်း အဆများစွာ ကုဋေကုဋာ သာသနာတော်အကျိုး သယ်ပိုးနိုင်သော အာဇာနည်များ ပေါ်ထွန်းနိုင်စေကြောင်း အဓိဋ္ဌာန်ဆုတောင်းလိုက်မိပါတော့သည်။

သုံးဆယ် ထိန်ဝင်းမြင့်
ခြံကြီးဝင်း၊
သုံးဆယ်မြို့။


၁၃၅၅–ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၄)ရက်၊
၁၉၉၃–ခုနှစ်၊ အောက်တိုဘာလ (၄)ရက်။



# သီလ အဆင်တန်ဆာ
# ရှစ်ဆယ်ပေါ် တေးထပ်

လှပတင့်တယ် ရှုဘွယ်ကောင်း
နုနယ်ဖော့ဖယောင်း အဆင်တန်ဆာ၊
တုဖွယ်ပျော့ပျောင်း အမြင်မှာသာတယ်
အယဉ်မဟာ ယဉ်ကျေးမှူး။ ။
      ဘယ်လိုလှလှ အရွယ်တိုင်း မလျော်သည်
      ငယ်ပိုင်းကြီးဖော် ကိုယ်နှင့်တန်မှထူး။ ။
အကြီးအဝတ် အငယ်ဆင်သော်
တကယ်အမြင် မဟန်ဘူး၊
အငယ်အဆင် ဉာဏ်ပလူးသမို့
မတန်လွန်ကျူး အကြီးကိုဆင်။ ။
   ကြည့်၍မလျော် ခန္ဓာပျက်လို့ ·
   တန်ဆာအတွက် ရုပ်ဆိုးပါရအင်.....
သီလဆိုသော တန်ဆာအဆင်သည်
ရတနာတွင် ခေါင်က စီးတာမို့
အငယ့် အကြီး ဘယ်သူဆင်ဆင်
ယဉ်ထက် ပိုလို့ယဉ်။ ။
   ဆင်ကြစမ်းတော့ စိတ်အမှန်စင်သည်
   နိဗ္ဗာန်ဝင်အောင် ယဉ်ကျေးပါလိမ့်လေး.....။
တန်ဆာအမြတ် သီလအဆင်သည်
ကြည်မြအစဉ် ရွှင်အေးပါလိမ့်လေး။ ။

ထီးချိုင့် မိုးနတ်ရှင်



ကုန်းဘောင်ခေတ်၏ ခေတ်နှောင်းပိုင်းတွင် ထင်ရှားလှသော ဘုရင်တစ်ပါးကို ဖော်ပြပါဟု ဆိုလျှင် မင်းတုန်းမင်းတရားကြီးဟု ဖြေဆိုရသော် လွန်အံ့မထင်ပေ။ မင်းတုန်းမင်းတရားကြီးကား ယခုတိုင် ကမ္ဘာကအသိအမှတ်ပြုရသော မန္တလေးမြို့တော်ကြီးကို တည်ထောင်ပြုစုတော် မူခဲ့သည်။ မင်းတုန်းမင်းတရားကြီးသည် သာသနာရေးကိစ္စများကိုလည်း အထူးအာရုံစိုက်၍ ပြုစုတော်မူခဲ့သည်။

မင်းတုန်းမင်းတရားကြီးသည် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သာသနာဝင်တွင် သမိုင်းတင်ရမည့် လုပ်ငန်းကြီး နှစ်ရပ်ကို ဆောင်ရွက်ခဲ့သည်။ ပဥ္စမသံဂါယနာတင် ဓမ္မသဘင်ကြီးကို ဆင်ယင်ကျင်းပပြီး ကမ္ဘာကအံ့သြရသည့် ပိဋကတ်ပါဠိတော်များကို ကျောက်ထက်အက္ခရာ တင်ခဲ့သည်။ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးဟု စာပေပညာရှင်များက ဂုဏ်ပြုရေးသားကြသည်။

ဒုတိယ သာသနာပြု လုပ်ငန်းကား မင်းသားဘဝကပင် ကြည်ညိုလေးစား အားထားလှသော ရွှေကျင်ဆရာတော်ကို မန္တလေးမြို့တော်သို့ အရပင့်ဆောင်ကာ ဂဏဝိမုတ် သီးခြားဂိုဏ်းအဖြစ် အသိအမှတ်ပြု ကိုးကွယ်ခဲ့သည်။ ထို့ကြောင့်ပင် ရွှေကျင်ဂိုဏ်းသည် သာသနာတော်တွင် ထင်ရှားသော ဂိုဏ်းတစ်ဂိုဏ်း ဖြစ်လာသည်။ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီးကို ပြုလုပ်ပြီး နိုင်ငံတော်က ဂိုဏ်းကြီး (၉)ဂိုဏ်းကို အသိအမှတ်ပြုသောအခါ ရွှေကျင်ဂိုဏ်းသည် ဒုတိယနေရာတွင် နေရာယူနိုင်ခဲ့သည်။

မင်းတုန်းမင်းတရားကြီးသည် ရွှေကျင်ဆရာတော်ကို မန္တလေးမြို့တော်သို့ပင့်ဆောင်ပြီး ဆရာတော်ညွှန်ပြသည့် ဆိတ်ငြိမ်အေးမြသော မန္တလေးတောင်၏ မြောက်ဘက်တွင် ဆရာတော်သီတင်းသုံးရန် ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ (၁၂၂၁) ခုနှစ်တွင် ဆောက်လုပ်၍ “မဟာဓမ္မိကာရာမတိုက်” ဟု ကမ္ပည်းတပ်တော်မူသည်။ ထိုအချိန်က မင်းတုန်းမင်းတရားမှာ သက်တော်(၅၉)နှစ်ဖြစ်၍သက်တော်စေ့ ကျောင်းဆောင် (၅၉)ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။

# မဟာဓမ္မိကာရာမ ရွှေကျင်ကျောင်းတော်ကြီးပြန်လည်ပြုပြင်ခြင်း

အရှင်အာဒိစ္စဝံသ၊တောင်ကြီး၊



ကုသိုလ်တော် ကျောင်းတော်ကြီးမှာ ကျောင်းဦး ပြာသာဒ်ဆောင်၊ ဓနုဆောင်၊ဇေတဝန်ဆောင်၊ ဘောဂ ဆောင်တို့ကို အရှေ့အနောက်တန်းလျက် တည် ဆောက်ထားပြီး သုံးထပ်စမြင်ဆောင်တို့ဖြင့် ခံ့ညား ထည်ဝါ မြန်မာမှု ဗိသုကာစနစ်ဖြင့် တည်ဆောက် ထားသည်။ အရှေ့ဘက်တွင် အုတ်လှေကားတစ်စင်း၊ တောင်ဘက်တွင် သုံးစင်း၊ မြောက်ဘက်တွင် အုတ် လှေကား သုံးစင်းပါရှိရာ အုတ်လှေကား (၇)စင်း တပ်ထားသော ကျောင်းတော်ကြီးဖြစ်သည်။ ကျောင်း တိုင်ပေါင်းမှာ (၂၆၂)တိုင်ရှိ၍ မှတ်သားလွယ်ရန် "ရွှေကျင်တိုက်မ၊ တိုင်ပေါင်းပြ၊ မှတ်ကြ ဒွိသောဒွါ" ဟု ဆောင်ပုဒ်ရေးသားထားသည်။ ကုန်ကျငွေပေါင်း မှာ (၂၂၂၃၅၅) နှစ်သိန်းနှစ်သောင်းနှစ်ထောင် သုံးရာငါးဆယ်ငါးကျပ် ကုန်ကျသည်။ ကုန်ကျငွေ ပေါင်းကိုလည်း "ပြည်ပန်းညို ချိုချိုခတ်၊ ရွှေကျင် တိုက်မငွေကုန်မှတ်"ဟု အမှတ်အသားပြုခဲ့ကြသည်။

ဘုရင်မင်းမြတ် ဆောက်လုပ် လှူဒါန်းသော ကျောင်းတော်ဖြစ်ရာ ငွေရောင်၊ မှန်ရောင်၊ ရွှေရောင် တို့ဖြင့် ဝင်းပြောင်ထိန်လက်နေသည်။ ရွှေရောင် လွှမ်းနေသော မြန်မာ့ကနုတ်ပန်းတို့ဖြင့် ခြယ်မှုန်း ထားရာ ဖူးမြင်ရသူတိုင်း ကြည်နူးကြည်ညိုကြပါသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး မင်းတုန်း မင်းကြီး၏ကုသိုလ်တော်စာရင်းတွင် ကျောင်းတော် ကြီး ဆောက်လုပ်ခြင်းကိုမတွေ့ရသော်လည်း ကျောင်း တော်ကြီး ရေစက်သွန်းချလှူဒါန်းမည့် သဘင်ကို (၁၂၃၄)ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၁၁)ရက် ၁၈၇၂ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့ ထုတ်မြန်မာသတင်းစာ တွင် ဖော်ပြထားသည်။

မင်းတုန်းမင်းတရားကြီးသည် ရွှေကျင် ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရန် မဟာ ဓမ္မိကာရာမ ကျောင်းတော်ကြီးကိုသာ ဆောက်လုပ် လှူဒါန်းခဲ့သည်မဟုတ်ပေ။ မဟာဓမ္မိကာရာမ ကျောင်း တိုက်ကြီး၏ အရှေ့ဘက်တွင် မင်းကင်းတိုက်၊ မြတောင်တိုက်နှင့် အနောက်ဘက်တွင် ထရံကာ တိုက်၊ မှိုင်းလုံ ရမည်းသင်း(မိတ္ထီလာတိုက်) အရံ ကျောင်းကြီး (၄)ဆောင်ကိုပါ ဆောက်လုပ်လှူဒါန်း ခဲ့သည်။ ရွှေကျင်ငါးတိုက်ဟု ထင်ရှားခဲ့သည်။ ရွှေကျင်ငါးတိုက်တွင် သံဃာတော်တစ်ထောင်ကျော်

ရှိ၍ မင်းတုန်းမင်းကြီး လက်ထက်မှစ၍ သီပေါမင်း လက်ထက်တိုင်အောင် သံဃာတော်များအား ကပ္ပိယများဖြင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစေသည်။

ထိုအချိန်က မန္တလေးတောင်၏ မြောက်ဘက်တွင် ခံ့ညားထယ်ဝါသော သာသနိက ကျောင်းတိုက်အဆောက်အဦများ၊ သံဃာတော်များသီတင်းသုံးလျက်ရှိရာ မန္တလေးမြို့တော်၏ သာသနာ့ကျက်သရေဆောင်၊ သာသနာရေး ထွန်းလင်းရာဌာနဖြစ်ခဲ့ပါသည်။

ဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး ကျောင်းတော်တည်ဆောက်ချိန်ကစ၍ ရေတွက်လျှင် နှစ်ပေါင်း (၁၃၃)နှစ်ရှိ၍ ကျောင်းတော်ရေစက်သွန်းချသောနှစ်မှစ၍ ရေတွက်လျှင်ပင် နှစ်ပေါင်း (၁၂၀)နှစ်ရှိခဲ့ပေပြီ။

မူလ ကျောင်းဒါယကာ မင်းတုန်းမင်းတရားကြီး နတ်ရွာစံ၍ သီပေါမင်းလည်း ပါတော်မူခဲ့လေပြီ။ အားပေးချီးမြှောက် စောင့်ရှောက်သူ ကင်းမဲ့လာသောအခါ တိုးတက်ဖို့မဆိုထားဘိ တည်တံ့ရန်ပင် ခဲယဉ်းလာသည်။

"ကျောင်းတော်ကြီးအိုအို . . . လက်ရမ်းငယ်ပြို" ဟု ဖွဲ့ဆိုထားသော စိန်ဗေဒါ၏ မင်္ဂလာဖြောည့်နှင့် အတိုင်း ကျောင်းအိုကြီးဘဝသို့ ရောက်ခဲ့လေပြီ။ ရွှေကျင်ဂိုဏ်း၏ ထိပ်ခေါင်တင်ဆရာတော်ကြီးမှာလည်း ကျေးဇူးတော်ရှင် ရွှေကျင်ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ မဟာဓမ္မိကာရာမ ကျောင်းတိုက်ကြီးကို ပြုပြင်ထိန်းသိမ်း စောင့်ရှောက်လိုသောဆန္ဒ ရှိတော်မူခဲ့ကြပါသည်။

သို့သော် ဤမျှကြီးကျယ်သော ကျောင်းတော်ကြီးကို မူလလက်ရာမပျက် ပြင်ဆင်နိုင်ရေးကားဆက်၍မတွေးဝံ့အောင်ဖြစ်ခဲ့ရသည်။ ရွှေကျင်တိုက်မကြီး ပြုပြင်ရေးမှာ မမျှော်လင့်သော အခြေအနေမှ တစ်ရှိန်ထိုး ကံကြမ္မာတက်၍ လာခဲ့သည်။

သာသနာတော်ကို ကြည်ညိုလေးစား၍ သမိုင်းရေး အမြင်ရှိလှသော အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဗိုလ်ချုပ်ထွန်းကြည် (ယခု ဒုတိယဗိုလ်ချုပ်ကြီး ကုန်သွယ်ရေးဝန်ကြီး)သည် (၁၀-၆-၉၂) နေ့တွင် မဟာဓမ္မိကာရာမ ကျောင်းတိုက်ကြီးကို ကွင်းဆင်းစစ်ဆေး၍ ပြုပြင် ပြင်ဆင်ရန် လမ်းညွှန်ချက်ပေးခဲ့သည်။ ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်နှင့်အတူ ဒုတိုင်းမှူး ဗိုလ်မှူးကြီးအောင်ခင်၊ မြို့တော်ဝန်လည်း ပါဝင်ခဲ့ပါသည်။ ထိုလမ်းညွှန်ချက်အရ(၁၅-၆-၉၂) နေ့တွင် ပြင်ဆင်ရေးလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။ အလျား ၁၁၆-ပေ၊ အနံ ၇၂-ပေရှိ တိုင်ကြီး (၁၁၅)တိုင် ပါဝင်သော ဇေတဝန်ဆောင်နှင့် ဓနုဆောင် နှစ်ဆောင်မှာ (၁၅-၁-၉၃)နေ့တွင် ပြီးစီးအောင်မြင်ခဲ့ပါသည်။ ကုန်ကျငွေမှာ (၂၇.၄) သိန်းကုန်ကျခဲ့သည်။ မန္တလေးမြို့စည်ပင်သာယာရေးကော်မတီနှင့် မြန်မာ့သစ်လုပ်ငန်းမှ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည် ကုန်သွယ်ရေးဝန်ကြီး ဖြစ်သွားသောအခါ ဗိုလ်ချုပ်ကျော်သန်းသည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတာဝန်ကို ထမ်းဆောင်သည်။ ဗိုလ်ချုပ်ကျော်သန်းသည် ပြင်ဆင်မှုလုပ်ငန်းမပြီးသေးသော ဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးကို (၁၈-၁-၉၃)နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ တိုင်းမှူးဗိုလ်ချုပ်ကျော်သန်းနှင့် ဒုတိုင်းမှူး ဗိုလ်မှူးကြီးအောင်ခင်၊ မြို့တော်ဝန် ဦးထွန်းကြည် (စည်ပင်သာယာရေးကော်မတီ မန္တလေး)တို့သည် ဆက်လက်ပြင်ဆင်ရေးကို လမ်းညွှန်မှုပေးခဲ့ကြသည်။ (၂၂-၂-၉၃)နေ့တွင် လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ကြသည်။ အလျား ၈၆-ပေ၊အနံ ၇၆-ပေ၊ တိုင်ကြီး (၂၀)တိုင် ပါဝင်သော ဝရန်တာနှင့် လှေကား(၂)စင်း ပြီးစီးအောင်မြင်ခဲ့သည်။ လုပ်ငန်းပြီးဆုံးရန် (၃၁-

၇-၉၃)နေ့ကို လျာထားခဲ့သော်လည်း(၁၅-၇-၉၃) နေ့တွင် ပြီးစီးခဲ့လေသည်။ ခန့်မှန်းကုန်ကျငွေမှာ (၇၇၇၀၀၀၀)ကျပ် ဖြစ်သည်။ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီဆောက်လုပ်ရေးဌာနမှ တာဝန်ယူ၍ ပြုပြင်ဆောက်လုပ်ခဲ့သည်။

မဟာဓမ္မိကာရာမ ကျောင်းတိုက်ကြီးမှာ ရှေးခေတ် မြန်မာမှု ဗိသုကာစနစ်ဖြင့် တည်ဆောက်ထားသော ကျောင်းကြီးဖြစ်ရာ ကြီးမားကျယ်ပြန့်လှပါသည်။ ပြင်ဆင်မှုလုပ်ငန်းမှာ အပြီးမသတ်သေးပါ။ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်သန်းသည် (၃၀-၄-၉၃)နေ့တွင် ဒုတိယအကြိမ် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးပြီး တိုင်းမှူးသည် ဒုတိုင်းမှူး ဗိုလ်မှူးကြီး အောင်ခင်၊ မြို့တော်ဝန်နှင့်အတူ လုပ်ငန်းလမ်းညွှန်မှုကို ပေးခဲ့သည်။ တိုင်းမှူးနှင့် မြို့တော်ဝန်တို့၏ လုပ်ငန်းလမ်းညွှန်ချက်အရ (၆-၅-၉၃) နေ့တွင် လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ကြသည်။ အလျား ၇၀ ပေ၊ ၆ လက္ခမ၊ အနံ ၅၄ပေ ကျယ်ဝန်းသော ပြာသာဒ်ဆောင်နှင့် ဘေးဝရန်တာဆောင်များ ပြီးစီးခဲ့ပါသည်။ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ ဆောက်လုပ်ရေးဌာနကပင် တာဝန်ယူ၍ ဆောက်လုပ်ပေးခဲ့သည်။

ဓမ္မိကာရာမ ကျောင်းတိုက်ကြီး ပြုပြင်တည်ဆောက်ရေး လုပ်ငန်းကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ လမ်းညွှန်ချက်ကိုခံယူပြီး မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးထွန်းကြည်က ဗြဟ္မာရုပ်၊ နတ်ရုပ်၊ ဟင်္သာရုပ်တို့ဖြင့် တန်ဆာဆင်ကာ ပေ(၃၀)ကျော်အမြင့်ရှိ တံခွန်တိုင်ကြီးကိုလည်း အနီးကပ်ကြီးကြပ်လျက် ဆောက်လုပ်ခဲ့သည်။

ကော်မတီအဖွဲ့ဝင် ဦးစောလွင်၊ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ ဆောက်လုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းကြည်၊ မြန်မာဗိသုကာ ပညာရှင် ဦးစံရင်၊ လက်ထောက်အင်ဂျင်နီယာ ဒေါ်တင်တင်အုန်းတို့က ကြီးကြပ်လျက် မြန်မာ့သစ်လုပ်ငန်းမှ ပူးပေါင်းဆောင်ရွက်ကြရာ မဟာဓမ္မိကာရာမ ကျောင်းတော်ကြီး ပြင်ဆင်ရေးလုပ်ငန်းကား အောင်ပွဲခံရုံသာ ရှိပေတော့သည်။

မဟာဓမ္မိကာရာမ ကျောင်းတော်ကြီး ပြင်ဆင်ပြီးချိန်တွင် ထူးခြားသောတိုက်ဆိုင်မှုဖြင့် တိုက်ဆိုင်လျက်ရှိရာ လွန်စွာဝမ်းမြောက်မိကြပါသည်။ ကျေးဇူးတော်ရှင် ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ လွန်တော်မူသောနှစ် (၁၀၀)ပြည့် ပူဇော်ပွဲကို မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် ဆုံးဖြတ်တော်မူကြသည်။

ရွှေကျင်ဂိုဏ်း၏ သမိုင်းမှတ်တိုင်ကြီး ဖြစ်သော မဟာဓမ္မိကာရာမ ကျောင်းတော်ကြီးကို ကျောင်းအိုကြီးဘဝမှ ပြင်ဆင်ရန် လမ်းညွှန်ပေးကြသော ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်သန်း၊ ဒုတိုင်းမှူး ဗိုလ်မှူးကြီး အောင်ခင်၊ မြို့တော်ဝန်ဦးထွန်းကြည်နှင့် လုပ်ငန်းတာဝန်ကို ထမ်းဆောင်ပေးကြသော မြို့နယ်စည်ပင်သာယာရေးကော်မတီ ဆောက်လုပ်ရေးဌာန၊ မြန်မာ့သစ်လုပ်ငန်းတို့ကို ရွှေကျင်နိကာယအနေဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ဖော်ပြအပ်ပါသတည်း။

အရှင်အာဒိစ္စဝံသ (ဆားလင်းကြီး)



# ဒုတိယ ကန်တောရ ဆရာတော်
# အရှင်ကန်တောရ

မကွေးတိုင်း၊ပခုက္ကူခရိုင်၊ ဂန့်ဂေါမြို့နယ်၊ ကန်ရွာနယ်မြေအတွင်း၌ တည်ရှိသော ကန်တောရကျောင်းတိုက်ကို မြန်မာသက္ကရာဇ် ၁၂၆၆–ခုနှစ်တွင် တည်ထောင်သည်။ တည်ထောင်သောဆရာတော်တို့မှာ ဆရာတော် အရှင်ကေတုထေရ်နှင့် ဆရာတော် အရှင်ဇယန္တထေရ်တို့ ဖြစ်ကြသည်။ ဆရာတော် အရှင် ဇယန္တထေရ်ကို ဒုတိယ ကန်တောရ ဆရာတော်ဟု ဒေသက သိကြသည်။ အမှန်အားဖြင့် ဆရာတော်နှစ်ပါးသည် ကျောင်းတိုက်ကို တမင်တည်ထောင်ခဲ့ခြင်း မဟုတ်ကြပေ။ ကာယ–စိတ္တ ဝိဝေကအကျိုးငှာ တောထွက်ရာမှ တပည့်များလိုက်လာဆည်းကပ်နည်းခံကြရာမှ ကျောင်းတိုက်ကြီးတစ်ခု ဖြစ်ပေါ်လာရခြင်း ဖြစ်လေသည်။

ရှေးဘုန်း ရှေးကံနှင့် ပြည့်စုံကြသော ဆရာတော်များဖြစ်၍ တောထွက်၍ မကြာမြင့်မီပင် ဝိပဿနာအားထုတ်ရာတောမြိုင်သည် ကျောင်းတိုက်ဖြစ်လာသည်။ တောမြိုင်သည်လည်း သာမညတော မဟုတ်၊ ကျားနေဝံအောင်း ကြောက်မက်ဖွယ်ကောင်းသော တောကြီးဖြစ်သည်။ လူသုံးယောက်ဖက်၊ လေးယောက်ဖက်မျှ လုံးပတ်ကြီးသည့် သစ်ပင်ကြီးတို့ဖြင့် အုံ့ဆိုင်းနေသော အဓိကရ တောကြီးပင်ဖြစ်သည်။ ဆရာတော်ကြီးနှစ်ပါးသည် ဦးသုဇာတဘွဲ့မည်ရှိသည့် ရဟန်းငယ်တစ်ပါးကို ပစ္ဆာသမဏပြု၍ တောထွက်ခဲ့ကြသည်။ အနီးကျေးရွာ ဒါယကာတို့က သုံးဆောင်တွဲ ကျောင်းငယ်တစ်ခုကို ဆောက်လုပ်လှူဒါန်းကြသည်။ ယခု ကျောင်းတိုက်အတွင်းရှိ သာသန မူလ

ကျောင်းနေရာသည် ဆရာတော်နှစ်ပါးတို့ တောထွက်စဥ် သီတင်းသုံးသော သုံးဆောင်တွဲ ကျောင်းနေရာပင် ဖြစ်သည်။

ဒုတိယဆရာတော်သည် တစ်ဖက်တွင် တပည့်များကို စာပေကျမ်းဂန်ပို့ချ၍ တစ်ဖက်တွင် မိမိအတွက် သမထ ဝိပဿနာတရားကို အချိန်ထား၍ အားထုတ်တော်မူသည်။ တပည့်သံဃာတို့ကို ဝိနည်းတော်နှင့်အညီ ကျင့်သုံးစေခြင်း၊ ရွှေကျင်စည်းမျဥ်းအတိုင်း အုပ်ချုပ်ခြင်း၊ ဩဝါဒပေးခြင်းတို့ကြောင့် ကန်တောရ ကျောင်းတိုက်သည် တိုင်းစွန်ပြည်ဖျားဖြစ်လျက် တောကြီးမျက်မည်းဒေသ၌ပင် ကျောင်းပေါင်း ၃၀–ကျော် ရဟန်းသာမဏေ ၂၀၀–ခန့်အထိ ဖြစ်တောင့်ဖြစ်ခဲအလွန်အံ့သြဖွယ် ကြီးပွားဖြစ်ထွန်းခဲ့လေသည်။ ထိုသို့ဖြစ်သည်ကို ကျေးဇူးတော်ရှင် ဥပဇ္ဈာယ်ဆရာတော် (ကလေးသုံးမြို့ ဂိုဏ်းချုပ်၊ မန္တလေးမြို့မြောက်ပြင် ရွှေကျင်တိုက်မ၏ စတုတ္ထမြောက် ဆရာတော်)က ယုံကြည်တော်မမူနိုင်ဖြစ်ကာ–

> "ဒို့ ဒီချောင် (ယောနယ်)မှာ နှစ်ပေါင်းသုံးဆယ်ကျော် သာသနာပြုတာတောင်ပဲရဟန်း ၉– ပါး တစ်ကျိပ် စုစည်းမိတယ်မရှိဘူး၊ မောင်ဇယန္တတို့ ကန်တောရမှာ သံဃာ သုံးလေးဆယ် ရှိတယ်ဆိုတာ ဒို့ဖြင့် ယုံပေါင်ကွယ်"

ဟု သံသယစကားဆို၍ အံ့သြမှုကို ပြုတော်မူလေသည်။နောင်တွင် သာသနာ့ရေးကိစ္စတစ်ခုဖြင့် ကလေးမြို့နယ်မှ ဂန့်ဂေါမြို့နယ် မင်းရွာသို့ ကြွတော်မူရာတွင် ကန်တောရကျောင်းတိုက်သို့ ကိုယ်တော်တိုင် ရောက်ရှိတွေ့မြင်တော်မူ သောအခါတပည့်ကိုအလွန်ချီးကျူးအားပေးတော်မူလေသည်။

ကန်တောရ သမုဋ္ဌာပကဆရာတော်နှစ်ပါးသည် ဤသို့ တပည့်ပရိသတ်များစွာဖြင့် စာသင်တိုက်ကြီးဖြစ်လာသည်ကို သာသနာတော်အတွက် ဝမ်းသာတော်မူကြသော်လည်း မိမိတို့၏ အတ္တဟိတ (ဝိဝေကဓမ္မ) အတွက် အနှောင့်အယှက်ဟု ယူဆတော်မူကြသည်။ သို့ဖြစ်၍ ၁၂၈၄–ခုနှစ် ဝါဦးတွင် ကန်တောရကျောင်းတိုက်ကို စွန့်ခွာ၍ မှင်ရန်းရွာ(ယခုရေရှင်မရွာ)အနီးရှိ တောရသောမိဿကတောင်သို့ တောထွက်ကြွတော်မူကြပြန်သည်။ သို့သော် ကန်တောရမှ တပည့်ရဟန်းများနှင့် ဒါယကာ ဒါယိကာမတို့က လိုက်လံလျှောက်ထား ပင့်ဆောင်ကြပြန်သဖြင့် ကန်တောရသို့ပင် ပြန်လည်ကြွလာတော်မူကြသည်။ ထို နှစ်မှစ၍ ကန်တောရ ဝိနည်းပြန်ပွဲကို စတင်ကျင်းပပြုလုပ်တော်မူသည်။ အများအကျိုးငှာ စာပေကျမ်းဂန်ချပို့တော်မူခြင်း၊ တရားဟောခြင်း၊ ကျမ်းစာရေးသားခြင်းတို့ကို ပြုတော်မူသည်။

ဒုတိယဆရာတော်ရေးသားသည့် ကျမ်းစာပေါင်းမှာ ၄၀–ကျော်မျှ ရှိသည်။သို့သော် ကျမ်းစာကြီးများမဟုတ်ပေ။ ရှင်လူတို့ အလွယ်တကူ ဖတ်ရှု နားလည်ကျင့်ဆောင်နိုင်မည့် ကျမ်းစာငယ်များကိုသာ ရေးတော်မူသည်။ ဒုတိယဆရာတော်သည် ဥပဇ္ဈာယ်ဆရာဖြစ်သော ကလေးသုံးမြို့ ဂိုဏ်းချုပ် သာသနာပြု ဆရာတော်ကြီးကဲ့သို့ပင် အလွန်ပင် ဝိနည်းကို အလေးအမြတ်ပြုသည့် ဝိနယဂရုက ပုဂ္ဂိုလ်ဖြစ်တော်မူသည်။ အများသူငါတို့ ဂရုမထားမိကြသည့် စာအိတ်ခေါင်းကပ်ခြင်း၌ လျှာတွင် တံတွေးအစိုဓာတ်ယူရန် ကပ်ခြင်းကို မိမိလည်းမပြု၊ တပည့်များကိုလည်း စာအိတ်ခေါင်းပါ ကော်သည် ယာဝကာလိကပစ္စည်းများနှင့် ပြုလုပ်ထားခြင်းဖြစ်ရာ နေလွဲအခါ ဝိကာလဘောဇနအပြစ် သင့်မည်ဟု မိန့်ကြားဆုံးမသွန်သင်တော်မူသည်။ တစ်ခါတွင် ပထမ ဝိသုဒ္ဓါရုံဆရာတော်ကြီး၏ အန္တိမပူဇာပွဲသို့ ကလေးဝမှတစ်ဆင့် မုံရွာသို့ သင်္ဘောဖြင့် ကြွတော်မူသည်။ ကပ္ပိယဒကာအဖြစ် ကန်ရွာမှ ဒကာ ဦးအုန်းပွင့် ပါသည်။ ဒါယကာတို့က ခရီးစရိတ် ဆွမ်းစရိတ် စုဆောင်း၍ ကပ္ပိယထံ အပ်နှံလှူဒါန်းလိုက်ကြသည်။ ဆရာတော်ကိုလည်း ယင်းသို့ အပ်နှံလှူဒါန်းလိုက်ကြောင်း လျှောက်ထားကြသည်။ သို့သော် ကပ္ပိယက မိမိထံမှာ အလိုရှိသောအခါ အပ်သော ပစ္စည်းတောင်းခံတော်မူပါဟု ဖိတ်မန်လျှောက်ထားခြင်းမပြုဘဲ နောက်တော်က လိုက်ပါသွားသည်။

သဘော်မစီးရမီ လမ်းခရီးတို့၌ ဘုန်းတော်ကြီးကျောင်းများ၌သာ တည်းခိုသွားလာသဖြင့် ဆွမ်းကိစ္စအတွက် ပြဿနာမရှိသော်လည်း သဘော်ပေါ်ရောက်သောအခါ၌မူ ပြဿနာရှိလာသည်။ ဆွမ်းဘုဉ်းပေးချိန်ရောက်သောအခါ ဒုတိယဆရာတော်သည် သက်န်းရုံတော်မူသည်။ သပိတ်လွယ်တော်မူသည်။ ကပ္ပိယ ဒါယကာက ရေလယ်သဘော်ပေါ်မှာ ဆရာတော် ဘယ်ကိုကြွမှာပါလိမ့်ဟု အံ့သြစိတ်ဖြင့် ကြည့်နေစဉ် ဆရာတော်သည် သူ၏ရှေ့တွင် လာရပ်တော်မူသည်။ ထိုအခါမှ ကပ္ပိယသည် ပျာပျာသလဲဖြစ်ကာ "အလိုတော်ရှိသည်ကို မိန့်တော်မူပါ" ရန် လျှောက်ထားလေသည်။ ဆရာတော်က ဆွမ်းစားချိန် ရောက်ပြီဖြစ်၍ ဆွမ်းအလိုရှိကြောင်း မိန့်တော်မူသည်။ ထိုခါတွင်မှ မိမိ၏ မေ့လျော့ပေါ့ဆမှုကို သတိရကာ ပစ္စယ ဒါယကာတို့က နဝကမ္မငွေမည်မျှအပ်နှံ လှူဒါန်းလိုက်ပါကြောင်း၊ အလိုရှိသောအခါ လိုအပ်သောပစ္စည်းကို တောင်းခံတော်မူပါဟု လျှောက်ထားလျက် ဟဆက်တည်းပင် ပစ္စည်းလေးပါးကိုပါ ဖိတ်ကြားလျက် ပစ္စည်းလေးပါးဒကာ ခံယူလေသည်။

၁၃၀၉-ခုနှစ်၊ တပို့တွဲလအခါ မရဏန္တိကဝေဒနာကို ခံစားနေရစဉ်၌ ဝမ်းထဲပူလောင်မှု ငြိမ်းအေးသွားစေရန်အကျိုးငှာ ဆေးဆရာကြီးက ဥပဋ္ဌာကရဟန်းတော်အား တိုက်ကျွေးရန်ဆေးကပ်ထားခဲ့သည်။ ထမင်းမီးဖုတ်ကို ရေစိမ်၍ ထိုရေဖြင့် တိုက်ပါရန်ကိုလည်း လျှောက်ထားခဲ့သည်။ ထိုသည်ကို ဆရာတော်က ကြားတော်မူသည်။ သို့ဖြစ်၍ မွန်းလွဲအချိန် ဆေးကပ်သောအခါ လက်ခံတော်မမူတော့ပေ။ သို့နှင့် ဆေးသမားထံ အပြေးအလွှားသွား၍ အခြားရေဖြင့် တိုက်ရန်နည်းရှိက ညွှန်ကြားရန် မေးရသည်။ ဆေးဆရာက လယ်ပုစွန်တွင်းဝတွင်ရှိသော ပုစွန်မြေကျစ်ကို မီးဖုတ်၍ စိမ်သည့်ရေမှာလည်း ထမင်းမီးဖုတ်ရေနှင့် အာနိသင်အတူပင်ဖြစ်ပါကြောင်း၊ ထိုရေနှင့် တိုက်နိုင်ပါကြောင်း လျှောက်ထားလမ်းညွှန်သဖြင့် ပုစွန်ကျစ် မီးဖုတ်ရေနှင့် ပြောင်းလဲ၍ ဆေးကပ်ပါသည်ဟု လျှောက်ထား၍ ဆေးကပ်သော်လည်း ဆရာတော်သည် သံသယရှိတော်မူသဖြင့် ထိုဆေးကို လက်ခံဘုဉ်းပေးတော် မမူတော့ပေ။

ဆရာတော်သည် အစဉ်အမြဲအာရညိကဓုတင်နှင့် ဝိနည်းတိစီဝရိတ်ကို ဆောင်တော်မူသည်။ တပည့်ပရိသတ်နှင့်အတူ နေရသော်လည်း ကာယ-စိတ္တဝိဝေကကို အမြဲရယူတော်မူသည်။ တစ်ခါတစ်ရံ ကျောင်းတိုက်အရှေ့ဘက် ကိုက်၁၀၀-ခန့် အဝေးတွင်ရှိသော မြောင်းမချောက်သို့ ကြွ၍ တစ်ပါးတည်း သီတင်းသုံးလေ့ရှိတော်မူသည်။ ရွှေကျင်နိကာယ သမုဋ္ဌာပက ရွှေကျင်ဆရာတော်ဘုရားကြီးသည် ပရိသတ်နှင့်နေရသော်လည်း တောင် စောင်းရှိ ဂူတွင်း၌ မိမိအကျိုးငှာ ဝိပေကယူသကဲ့သို့ပင် ဖြစ်သည်။ ဆရာတော်သည် ဗောဓိယင်္ဂဝတ်၊ စေတီယင်္ဂဏဝတ်တို့ကိုလည်း အမြဲပင် ပြုတော်မူသည်။ နံနက်တစ်ချိန်၊ ညနေချမ်းတစ်ချိန် တံမြက်လှည်းခြင်း၊ ရေကပ်လှူခြင်း ပြုတော်မူသည်။ ကျောင်းတိုက်သည် ရှေးဟောင်းသမိုင်းဝင် စေတီတစ်ဆူဖြစ်သော ကျောင်းတော်ရာစေတီတော်၏ အနီး (အရှေ့တောင်ထောင့်အရပ်)တွင် ကိုက်၁၀၀-ခန့်အကွာ လယ်ရိုးခြားလျက် တည်ရှိသည်။ ကေ ၂၀-ကျော်မျှ ကျယ်ဝန်းသည်။ ကျောင်းတိုက်၏ မြောက်ဘက်တွင် ဗောဓိပင်ရှိသည်။ သို့ဖြစ်ရာ နေ့စဉ် စေတီယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ်ကို ပြုတော်မူလေသည်။

ဆရာတော်၏ ဣန္ဒြိယသံဝရသီလ ပြည့်စုံမှုကို စိတ္တဂုတ္တမထေရ်နှင့် စံယှဉ်လေ့ရှိကြသည်။ စိတ္တဂုတ္တမထေရ်မြတ်သည် မိမိသီတင်းသုံးရာ ကုရဏ္ဍကလိုဏ်အတွင်းရှိ နံရံဆေးရေး ပန်းချီတို့ကိုလည်းကောင်း၊ လိုဏ်ဂူအပေါက်ဝရှိ ကံ့ကော်ပင်ကို လည်းကောင်း မော်၍ မကြည့်စဖူးပေ။ ဤမျှ စက္ခုန္ဒြေကို စောင့်တော်မူသည်။ ကန်တောရ ဒုတိယဆရာတော်သည်လည်း ဤနည်းနှင်နှင်ပင် ဖြစ်တော်မူသည်။ ဆရာတော်အား ပရိသတ်အစုအဝေး၌ဖြစ်စေ၊ တစ်ပါးတည်း သီတင်းသုံးရာမှာဖြစ်စေ အစဉ်အမြဲ မျက်လွှာကိုချ၍ သီတင်းသုံးသည်ကိုသာ ဖူးတွေ့ကြရသည်။ အခန်း

တွင် **ကန့်လန့်ကာချ၍** တစ်ပါးတည်းနေရာမှာပင် **စင်္ကြံလှမ်းနေသည်**ဟု သိရသည်။ တစ်ကြိမ်တွင်အဖူး **အမြော်ရောက်**လာသော ဒကာတို့က ကန့်လန့်ကာ **ကို အမှတ်မဲ့**ပင့်တင်မိရာကန့်လန့်ကာနားတွင် ကုလားထိုင်ဖြင့်သိတင်းသုံးနေသော ဆရာတော်ကို ဘွားကနဲ တွေ့ကြရသည်။ ဆရာတော်သည် မျက်လွှာပင့်၍ ကြည့်တော်မမူဟုဆိုသည်။ ထို့အတူပင် ကာယိန္ဒြေ တို့ကိုလည်း စောင့်တော်မူသည်။ ဆရာတော်သည် ရေသုံးသပ်ချိန်မှတစ်ပါးကိုယ်မှ ဧကသီကို ပယ်ခွာထားသည်မရှိပေ။ ဧကသီကိုပင် ပင့်၍ ရှေ့ သို့ သိမ်းယူ၍ သွားလေ့၊ ထိုင်လေ့ မရှိပေ။ အလွန်ပူအိုက်သည့် နွေကာလများမှာပင်ဧကသီကိုခွာ၍သင်းပိုင်ကို(ဧကသီ အစား)ပတ်၍ နေလေ့မရှိပေ။ အမြဲပင် ပရိသတ်ရှေ့ တွင်နေသကဲ့သို့ဧကသီကိုအဝန်းညီစွာရုံ၍သာ သိတင်းသုံးလေ့ ရှိသည်။ဤသို့အလွန်ဣန္ဒြေနှင့်ပြည့်စုံခြင်း ကြောင့် မိမိထံ ဝတ်ပြုရောက်လာသော ကန်တောရ ဒုတိယဆရာတော်ကိုကြည့်၍ထူးတဲ့ပုဂ္ဂိုလ်ဟုဗျာကရဏ သိရောမဏိ အဘယာရာမ ဆရာတော်ကြီးက မှတ်ချက်ပြုတော်မူသည်ဟု ဆိုပါသည်။

ဆရာတော်၏ ဣန္ဒြေသမ္ပတ္တိကို မြင်ဘူး၊ ဖူးတွေ့ဘူးသူတိုင်းက ဆရာတော်သည် အရိယာအဆင့် တစ်ခုခုသို့ရောက်နေသော ဆရာတော်ဖြစ်သည်ဟု ဆုံးဖြတ်ကြသည်ဆိုသည်။ ယောနယ်တွင် အရိယာ ပုဂ္ဂိုလ်ထူးအဖြစ်လည်း ကျော်ကြားတော်မူသည်။ ဆရာတော် လွန်တော်မူမည့်နေ့တွင် လျှော်ပြုပ်သည်။ ကျောင်းတိုက်အတွင်း၌ အမိုက်မှောင် ဖြစ်သည်ဟု ဆိုသည်။ ဆရာတော် လွန်သောအခါ ရွှေကျင် ဗဟိုဌာန ဆရာတော်ကြီးများက ရက်တိုတိုဖြင့် အကျယ်မချဲ့ဘဲ အန္တိမဈာပနကိစ္စ ဆောင်ရွက်ကြရန် အမိန့်ပြုသော်လည်း ဆရာတော်၏ တပည့်အဆက် အနွယ်တို့မှာ ဂန့်ဂေါနယ်၌သာမက ကလေးမြို့နယ်၊ ထီးလင်းမြို့နယ်၊ ပေါက်မြို့နယ်တို့တိုင် ပျံ့နှံ့နေရာ ထိုတပည့်တို့က သဘောမတူနိုင်ကြသဖြင့် တစ်နှစ် ထား၍ သာစုကိုဋ္ဌနသဘင်ကို ခမ်းနားစွာပြုလုပ် ပူဇော်ကြသည်။ တစ်နှစ်ပြည့်၍ **သာစုကိုဋ္ဌနသဘင်** ပြုရန် အလောင်းတော်ကို စံကျောင်းတော်မှ ပင့်ဆောင်ရန် ခေါင်းတော်ကို ဖွင့်လှစ်သောအခါ မပုပ်မယောင် မူလအသွင်မပျောက် ခြေလက်ပျော့ပျောင်းလျက်ရှိသော အလောင်းတော်ကို ဖူးတွေ့ရလေသည်။

ဆေးမထိုး အူမထုတ်ဘဲထားသော်လည်း မပုပ်မယောင် အနံ့အသက် မထွက်မနံ ရှိနေသည့်အတွက် ယောဒေသ၌ အလွန်ပင် ကျော်ကြားခဲ့လေသည်။ ညဥ့်သန်းခေါင်ချိန် ရုပ်ကလာပ်တော်ကို မီးပူဇော်သောအခါတွင်လည်း အစပ်ထမ၌သာ ထင်းတို့ကို မီးတင်ရှို့ရသည်။ နောင်တွင် အလောင်းတော်မှ မီးရှူး မီးပန်းတို့ ပစ်လွှတ်သကဲ့သို့နေအောင် မီးပန်းများ ဖြာထွက်လျက် မီးပူဇော်မှုမှာ အလိုလို ပြီးငြိမ်းသွားခဲ့လေသည်။ သို့သော် ဓာတ်တော်များ မကျမကျန်ပေ။

ဤသို့ ပရိယတ်ဖက်တွင်ရော၊ ပဋိပတ်ဖက်တွင်ပါ ထူးချွန်ကျော်ကြားတော်မူသော ကန်တောရ ဒုတိယနာယကဆရာတော် အရှင် ဇယန္တ ကို မြန်မာ သက္ကရာဇ် ၁၂၃၈–ခုနှစ်၊ တပို့တွဲလဆန်း(၃)ရက်နေ့ အင်္ဂါနေ့တွင် ကလေးမြို့နယ်၊ ပထမ ရေရှင်မှန်ပင် ရွာ၌ ခမည်းတော် ဦးသာယာ၊ မယ်တော် ဒေါ်ပိုးအုံ တို့မှ ဖွားမြင်တော်မူခဲ့သည်။ ငယ်မည်တော်မှာ မောင်သက်လု ဖြစ်သည်။ မွေးကာစ၌ အလွန်နုနယ်သေး ငယ်သဖြင့် သေမင်းထံမှ အသက်ကို လုယူမွေးရ လိမ့်မည်ဟု ပြောဆိုကြသည်ကို အကြောင်းပြု၍ မောင်သက်လုဟု အမည်မှည့်သည်ဆို၏။ ဘုန်းကြီးရဟန်းကို အလွန်ကြောက်သည်။ ဘုန်းကြီး ရဟန်းကို မြင်လျှင် မမြင်ရာသို့ ပုန်းရှောင်ပြေးသည်။ အလွန်ပင် ရဟန်းသံဃာနှင့် ဝေးသည်ဆို၏။

ငါးနှစ် ခြောက်နှစ်သားအရွယ်သို့ ရောက်သောအခါ တစ်ရက်တွင် သူငယ်ချင်းများနှင့် တစ်နေရာတွင် ပျော်ရွှင်ကစားသည်။ ထိုကစားရာအနီးအိမ်တစ်ဆောင်၏ အမိုးစွန်းတွင် စာသိုက်ကိုတွေ့၍ မွေးကာစ စာသူငယ်လေးကို ဖမ်းယူလာခဲ့ကာ မိဘများကို

ပြသည်။ ထိုအခါ မိဘတို့က အနီးအနားတွင် တကျည်ကျည် မြည်လာနေသော(စာသူငယ်လေး၏ အမေ ဟုတ်သည် မဟုတ်သည် မသိရသော)စာက လေးငှက်ကို ပြကာ ဤသို့ ပြောဆို ဆုံးမသည်။

"မောင်သား၊ ယခု မောင်သား ယူလာခဲ့သော စာသူငယ်ကလေး၏ အမေက လာရောက် ကြိမ်ဆဲနေပြီ၊ သင်လဲသူတို့လို မိကွဲ ဖကွဲ ဖြစ်ပါစေလို့ ကြိမ်ဆဲနေပြီ၊ ငရဲလားတော့မည်၊ အမိ အဖတို့နှင့် ကွဲရတော့မည်"ဟု ပြောဆို ဆုံးမသည်။ နောင်တွင် မပြုဝံ့အောင် ချောက်လှန့် ပြောကြားသည်။ ထိုအခါ ဆရာတော်လောင်းလျာ သူငယ်ကလေးသည် အလွန် အမင်း ထိတ်လန့်ကာ ငိုကြွေးတော့သည်။ ငရဲဘေးမှ လွတ်နိုင်ရာကိုလည်း မျက်ရည်စက်လက်ဖြင့် မေးမြန်းသည်၊ စာသူငယ်ကိုလည်း ယခင်ယူခဲ့ရာ မူလ ငှက်သိုက်တွင်းသို့ အပြေးပင် သွားပို့သည်ဆို၏။ အပြန်မှာလည်း ငရဲလွတ်နိုင်ရာကို ပို့ပေးပါ၊ ငရဲကို ကြောက်လှပါသည်ဟု တစာစာ ပြောလေသည်။ ဤအသက်အရွယ်ဖြင့် သံဝေဂဉာဏ်ဖြစ်ခြင်းကား အံ့ဖွယ်သရဲပင် ဖြစ်သည်။ မိဘတို့က ငရဲမှ လွတ်အောင် လုပ်နိုင်သူတို့မှာ ဘုန်းကြီး ရဟန်းများသာဖြစ်ကြောင်း၊ ရဟန်းသံဃာများသာ ငရဲမလားအောင် လုပ်ပေးနိုင်ကြောင်း ပြောပြ ချော့မော့ကြသည်။ ထိုအခါ သူငယ်လေး မောင်သက်လုသည် ရဟန်းသံဃာထက် ငရဲကို ပို၍ကြောက်သဖြင့် မိမိအလွန်ကြောက်လှသော ဘုန်းကြီးများထံ အအပ်အပို့ခိုင်းတော့သည်။ ကျောင်းထားပေးရန် ပူဆာတော့သည်။ မိဘများကလည်း ချက်ချင်းပင် ရေရှင်မှန်ပင်ကျောင်းဆရာတော် ဦးအာဒိစ္စထံ အပ်နှံပေးကြသည်။ ထိုစဉ်မှစ၍ မထေရ်လောင်းလျာသည် အိမ်သို့ပြန်၍ မကပ်တော့ဘဲ ဘုန်းတော်ကြီးကျောင်း၌သာ စွဲမြဲကာ အသက်၁၄–နှစ်အရွယ်တွင် ရှင်သာမဏေဖြစ်ပြီး ၁၇–နှစ်အရွယ်တွင် ကလေးသုံးမြို့ သာသနာပြုဆရာတော်ကြီး သီတင်းသုံးရာ အင်းတင်တောရကျောင်းသို့ ရောက်ရှိသည်။ ဆရာတော်ကြီး၏ ခြေတော်ရင်းတွင် ဝပ်စင်းပညာသင်သည်၊ ဆရာတော်လောင်းလျာ ရှင်ဇယန္တ ရောက်လာမည်ရှိသောအခါ ကလေးသုံးမြို့ ဆရာတော်ကြီးသည် ဆင်ဖြူတော်တစ်စီး ဆိုက်ရောက်လာသည်ဟု အိပ်မက် မြင်မက်တော်မူလေသည်။

၁၇–နှစ်အရွယ် သာမဏေဘဝမှ ရဟန်းဖြစ်၍ (၇)ဝါရသည်တိုင်အောင် သာသနာပြုဆရာတော်ကြီး၏ ခြေတော်ရင်း၌ စွဲမြဲစွာနေ၍ ပညာသင်သည်။ ဥပဇ္ဈာယ်ဖြစ်သော သာသနာပြုဆရာတော်ကြီး၏ ဝိနည်းဆိုင်ရာ နည်းနိဿယတို့ကို ရယူတော်မူသည်။ ထို့နောက်တွင် မန္တလေးမြို့အရှေ့ပြင် မဟာဝိသုဒ္ဓါရုံတိုက်သို့ ရောက်ရှိသည်။ ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးထံတွင် နည်းခံယူသည်။ သို့သော် ထို၌ ဥတုသပ္ပါယ မရသဖြင့် မန္တလေးမြောက်ပြင် မဟာဓမ္မိကာရာမ (ရွှေကျင်တိုက်မ)သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ မိမိလည်း ပညာသင်၊ သူတစ်ပါး ကိုလည်း ပညာပေး၍ မြို့တော်တွင် နှစ်နှစ်မျှ နေထိုင်ခဲ့သည်။ ၁၂၆၆–ခုနှစ်တွင် ကန်ရွာအနောက်ကျောင်း၌ ကျောင်းထိုင် သီတင်းသုံးကော်မူသော ဦးရိုးတော်ဆရာ၏ အမိန့်အရ ဇာတိဒေသသို့ ပြန်လာခဲ့ရသည်။ ထိုနှစ်မှာပင် ဝါဆိုလဆန်း(၅)ရက်နေ့၌ အာရုံပွမ်းတီးရွာနီးကျောင်းကို ဖွင့်နှာ၍ တော်ထွက်တော်မူလေသည်။ မြန်မာသက္ကရာဇ် ၁၃ဝ၉–ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၁၃)ရက်နေ့တွင် အဖျားဝေဒနာဖြင့်ပင် သက်တော် (၇၁)နှစ်၊ သိက္ခာတော် (၅၁)ဝါအရတွင် ဒိဝယာယီ ကြွချီတော်မူလေသည်။

ဒုတိယကန်တောရဆရာတော်သည် ယောနယ်ဒေသ၌ သာသနာ နေရောင်တပြောင်ပြောင် တောက်ပအောင် ပရိယတ်၊ ပဋိပတ် စွမ်းအားဖြင့် သာသနာပြု ဆောင်ရွက်တော်မူသည်။ ကန်တောရ အနွယ်သည် မြန်မာပြည်ဒေသအနှံ့သို့ပင် ပြန့်ပွားတော်မူသည်။ ရွှေကျင်သာသနာဝင်တွင်လည်း ပရိယတ်၊ ပဋိပတ် ဝန်ဆောင်အဖြစ် ထင်ရှားတော်မူလေသည်။ ။

**အရှင်ကန်တောရ**

# တက္ကသိုလ်ရောက် စာသင်သားပဋ္ဌင်းပျို

မြကေတု

ရန်ကုန်တက္ကသိုလ် သမိုင်းတစ်လျှောက်တွင် မည်သည့်အခါကမျှ မကြုံစဖူး မတွေ့ရဖူးသော ရဟန်းပုဂ္ဂိုလ်တစ်ပါးအနေနှင့် နေ့ကျောင်းသားအဖြစ် လက်ခံကာ စာပေကို ဆက်လက်သင်ကြားခွင့်ပြုသည့် ကိစ္စရပ်သည် ကြံတောင့်ကြံခဲ ၁၉၃၉ခုနှစ် အချိန်အခါက ကျောင်းအုပ်ကြီး ဦးဖေမောင်တင် လက်ထက်တွင် ပေါ်ပေါက်ခဲ့ဖူးပါသည်။

ဤဖြစ်ရပ်သည်ရှေးအခါက မည်သည့်အခါကမျှ မပေါ်ပေါက်သေးသောကိစ္စမျိုးဖြစ်၍ ထူးထူးကဲကဲ တက္ကသိုလ်သမိုင်းတစ်ရပ်အနေဖြင့် တင်ပြသင့်သည်ဟု ထင်မြင်မိပေသည်။

တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ စသည်တို့ကို ကျောင်းသားအဖြစ် မှတ်ပုံမတင်ပါလေဘဲ ပြင်ပမှ အလွတ်ဖြေဆို အောင်မြင်သွားကြပါလေကုန်သော ရဟန်းပျိုများ ထားရှိခဲ့ဖူးပါသည်။ သို့သော် ရဟန်းဝတ်ဖြင့် ကျောင်းသူကျောင်းသားများနှင့် အတူ နေ့ကျောင်းတက်ကာ ဝိဇ္ဇာအောင်ပန်းကို ဆွတ်လှမ်းပန်ဆင်သွားသော ရဟန်းပျိုကိုကား ကျွန်ုပ်တို့ သမိုင်းတွင် မြုပ်နှံဖုံးကွယ်ထား၍ မရစကောင်းပါပေ။

ယင်းရဟန်းကား ရှင်ကေလာသဖြစ်ပါသည်။

ရှင်ကေလာသသည် ရဟန်းဝတ်ဖြင့် တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူး၍ နိုင်ငံခြားသို့သွားရောက်ကာ သာသနာပြုရန် ဆန္ဒပြင်းပြလျက်ရှိသည်အားလျော်စွာ ၁၉၃၉ခုနှစ်၊ ဇွန်လလယ်လောက်တွင် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ထံ လာရောက်တွေ့ဆုံပြီး မိမိအား တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူးခွင့်ပြုပါမည့်အကြောင်း မေတ္တာရပ်ခံ၍ ကျောင်းနေခွင့်ပြုပါရန် တောင်းဆိုခဲ့လေသည်။

ရှင်ကေလာသသည် ရခိုင်–သံတွဲသားဖြစ်၍ သူ၏ဖခင်မှာ သံတွဲမြို့ရှိ မူလတန်းကျောင်းတစ်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဆရာဒိုင်ဖြစ်လေသည်။ မိခင်မှာမူ ပစ္စည်းဥစ္စာ အနည်းငယ်ပြည့်စုံသည်ဟု ဆိုရမည့် ထားဝယ်သူ ဒေါ်မေခင် ဖြစ်လေသည်။ ထို့ကြောင့် ရှင်ကေလာသသည် အဖေ ရခိုင်ပြည်သား၊ အမေ ထားဝယ်သူဖြစ်၍ ရခိုင်–ထားဝယ်ကပြားဖြစ်ပြီး ဟောင်သူလယ်သမားအရေးတော်ပုံ မတိုင်မီက မန္တလေးမြို့၊ ကယ်လီဟိုက်စကူးကျောင်း (၉)တန်း၌ စာပေသင်ကြားနေသူဖြစ်ပါသည်။ ထိုသို့ကျောင်းနေစဉ် သာယာဝတီ တောင်သူလယ်သမားအရေးတော်ပုံကြီးဖြစ်ပွားလာလျက် ရှင်ကေလာသ၏ဖခင် ဆရာဒိုင်အား အရေးတော်ပုံခေါင်းဆောင်ဆရာစံနှင့် ရင်းနှီးသောမိတ်ဆွေဖြစ်သည်ဟုဆိုကာ ဖမ်းဆီးခေါ်ဆောင်လျက် သာယာဝတီထောင်တွင် ထိန်းသိမ်းထားလေသည်။ တစ်နှစ်ခန့်ကြာမှ ဝတ်လုံတော်ရ သခင်မြက ဆရာဒိုင်ဘက်မှ အယူခံပေးသဖြင့် ထောင်မှ ဆရာဒိုင် လွတ်မြောက်လာလေတော့သည်။

ဆရာဒိုင်သည် ထောင်မှထွက်လျှင် ဇနီးသည်ရှိရာ ထားဝယ်သို့သွား၍ ကံဇာတာညှိုးနွမ်းနေခြင်းကို ဖြေဖျောက်သန့်ရှင်းစေရန် ရဟန်းဝတ်လေတော့သည်။ သားရှင်ကေလာသကိုလည်း မိမိနှင့်အတူ ဒုလ္လဘရဟန်း ဝတ်စေလိုသဖြင့် မန္တလေးမြို့တွင် စာသင်နေရာမှ ထားဝယ်သို့ခေါ်ပြီး သားနှင့်အတူ တစ်ပြိုင်တည်း ရဟန်းဘောင်ကို တက်ကြလေသည်။ ဤသို့ ရဟန်းဝတ်ဖြင့် ဆရာဒိုင်သည် ပျော်ပိုက်စွာ သီတင်းသုံးနေရာမှ တစ်နှစ်ခန့်ကြာသောအခါတွင် ဆရာဒိုင်သည် ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။ ထို့နောက်

သားဖြစ်သူ ရှင်ကေလာသသည် မိမိတို့နှင့်အတူသီလ ရှင်ဝတ်နေသော မိခင်ထံခွင့်တောင်း၍ မိခင်ထံမှ ရသမျှ ဝတ္ထုငွေများကို တောင်းခံကာ အဖော်ရဟန်းပျို များနှင့်အတူ စွယ်တော်မြတ်တည်ရှိရာ သီဟိုဠ်ကျွန်းသို့ ကြွမြန်းတော်မူလေသည်။

သီဟိုဠ်တွင် တစ်နှစ်ကျော်ကာလမျှ ရဟန်းဝတ် ဖြင့် သီတင်းသုံးပြီး တစ်ဝါဆိုပြီးနောက် ပညာကို ဆက်လက်သင်ကြားရန် စိတ်ဆန္ဒပြင်းပြလျက်ရှိလေ ရကား သီဟိုဠ်ရှိ ရဟန်းတော်များနှင့် တိုင်ပင်နှီးနှော ကာ ကာလကတ္တားမြို့သို့သွားရောက်ပြီး ရဟန်းဝတ် နှင့်ပင် ကာလကတ္တား ယူနီဘာစီတီက ကျင်းပပြုလုပ် သော မက်ထရစ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာဝယ် ထူးထူးကဲကဲ"လက်တားစ်"လေးခုဖြင့် အောင်မြင်ခဲ့ လေသည်။ (လက်တားစ်ဟူသည်မှာ ဂုဏ်ထူးအဆင့် အမှတ်နှင့်ညီမျှသည်)။ ထို့ကြောင့် ရှင်ကေလာသသည် ပညာကို ဆက်လက်ရှာမှီးရန် အားတက်လာလျက် ရဟန်းဝတ်နှင့်ပင် ကာလကတ္တားယူနီဘာစီတီမှ ဝိဇ္ဇာဘွဲ့ကို ဆွတ်ခူးရယူရန် အားသန်လျက်ရှိလေသည်။ ဝိဇ္ဇာဘွဲ့ကို ရရှိသည့်ကာလ အနောက်နိုင်ငံများသို့ သွားရောက်ကာ သာသနာပြု လုပ်ငန်းများကို လုပ် ဆောင်ရန် အားကြီးမာန်တက်လျက် ရှိနေလေတော့ သည်။

ထိုအချိန်အခါတွင် ရှင်ကေလာသအတွက် အထူး စိတ်ပျက်ဖွယ်ရာတစ်ရပ် ဖြစ်ပေါ်လာသည်မှာ မြန်မာ ပြည်ကို အိန္ဒိယပြည်မှ ခွဲထုတ်လိုက်သဖြင့် အပိုဘာသာ ကို (မိခင်ဘာသာ) မြန်မာဘာသာဖြင့် ယူရန် ခွင့်မပြုခြင်းကြောင့် အခက်အခဲရှိနေရပြန်ချေပြီ။ မြန်မာ ဘာသာအစား ဟိန္ဒီဘာသာကိုဖြစ်စေ၊ အူရဒူဘာသာ ကိုဖြစ်စေ၊ဘင်္ဂါလီဘာသာကိုဖြစ်စေ ယူပြီးမှ ကျောင်း တက်ခွင့်၊ စာမေးပွဲဖြေဆိုခွင့် စသည်တို့ကို ခွင့်ပြုနိုင် မည်ဖြစ်ပေသည်။

ထို့ကြောင့် ပညာကို ဆက်လက်သင်ကြားရန် ပြင်းပြနေသော ရှင်ကေလာသသည် စိတ်ပျက် လက်ပျက် နှင့် မြန်မာပြည်ဘက်သို့ ကူးလာခဲ့ပြန် သည်။ မြန်မာပြည်၌လည်း ၁၉၃၈ခုနှစ်က ဗိုလ်အောင် ကျော် အရေးအခင်းကြီးဖြစ်ပြီး ကျောင်းသားများ သပိတ်မှောက် လျက်ရှိလေသည်။ သည်အထဲ ရွှေဖီ အရေးအခင်း ကြောင့် မဖြစ်သင့်တန်သော လူမျိုးရေးပဋိပက္ခကြီး ကလည်း ဖြစ်လာရပြန်ချေပြီ။ တက္ကသိုလ်၌လည်း အပြောင်းအလဲများဖြစ်ပေါ်ကာ တပ်ပျက် ဗိုလ်ခန့် ဆိုသလို မြန်မာလူမျိုး ကျောင်းအုပ်ကြီးကို အင်္ဂလိပ် များက မတတ်သာ၍ခန့်ထားရတော့သည်။တက္ကသိုလ် သမိုင်းတွင် မြန်မာလူမျိုးတစ်ဦးကို ကျောင်းအုပ်ကြီး အဖြစ် တာဝန်ဆောင်ရွက်စေခြင်းမှာ ပထမဆုံးအကြိမ် ပင်ဖြစ်လေတော့သည်။နိုင်ငံခြားသား ပါမောက္ခများက လည်း မြန်မာလူမျိုး ကျောင်းအုပ်ကြီးဖြစ်လာသည်ကို မလိုမုန်းထားကြကာ အမျိုးမျိုး ဒုက္ခပေးလျက်ရှိလေ သည်။

ဤမျှ တိုင်းပြည်တွင် ဒုက္ခအမျိုးမျိုးကို ရင်ဆိုင် နေကြရလေကာ ဒေါက်တာဘမော်အစိုးရအပေါ် အယုံအကြည်မရှိအဆိုကို လွှတ်တော်တွင် တင်သွင်း မဲခွဲဆုံးဖြတ်ကြရာ၌ ဒေါက်တာဘမော်အစိုးရ ပြုတ်ကျ ပြီး နန်းရင်းဝန် ဦးပု အစိုးရတက်လာကာ ကျောင်း သားသပိတ်များက တောင်းဆိုသော လိုလားချက်များ ကို ရက်ရက်ရောရော ပေးလိုက်သဖြင့် ကျောင်းသား သပိတ်များသည် ၁၉၃၀ပြည့်၊ ဒီဇင်ဘာလကုန်လောက် တွင် လှန်လိုက်ကြပြီး ကျောင်းများပြန်ဖွင့်၍ အေးငြိမ်း စွာ ပညာသင်ကြားလျက် ရှိနေကြပါပြီ။ ၁၉၃၉ခုနှစ်၊ မတ်လတွင် စာမေးပွဲပြုလုပ်ပြီး အောင်စာရင်းထုတ်ပြန် ခဲ့ပြီးနောက် ၁၉၃၉ခု၊ ဖွန်လကုန်လောက်တွင် ရှင်ကေ လာသသည် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ထံ လာရောက်တွေ့ဆုံပြီး မိမိပညာရှာမှီးလိုသည့် ကိစ္စကို ရေလည်စွာ ရှင်းလင်းပြောပြသဖြင့် ကျောင်းအုပ်ကြီး

သည် ဤမျှ ပညာကို ဆက်လက်သင်ကြားရန် ဆန္ဒပြင်းပြနေသောရဟန်းပျိုအားအတတ်နိုင်ဆုံးအကူအညီပေးရန်ဆုံးဖြတ်လိုက်ပြီးရှင်ကေလာသအား လျှောက်လွှာကိုတင်သွင်းရန်နှင့်အုပ်ချုပ်ရေးအဖွဲ့ကို ထောက်ခံတင်ပြပေးမည့်အကြောင်းကိုကတိပေးလိုက်လေသည်။

ကျောင်းအုပ်ကြီးသည် စဉ်းစားမိသည်။ ရှေးအခါက မြန်မာပြည်တွင် အခြေခံပညာသည် ဘုန်းကြီးကျောင်းများက စတင်အခြေခံလျက် ဘုန်းတော်ကြီးများကသာ စာပေသင်ကြားပေးကြသည်။ ယခုတိုင်အောင်လည်း တောရွာများတွင် မြန်မာကလေးငယ်များသည် ဘုန်းကြီးကျောင်းများ၌သာလျှင် စာပေအခြေခံကို သင်ကြားနေရပေသေးသည်။ ရှေးအခါက လူပုဂ္ဂိုလ်များ တည်ထောင်ထားသည့် ကျောင်းဟူ၍ပင် မရှိခဲ့ပေ။ အနောက်နိုင်ငံများ၌လည်း ထို့အတူပင်၊ ရှေးအခါက အောက်စဖို့ဒ်တက္ကသိုလ်သည်ပင်လျှင် ဘုန်းတော်ကြီးများက စတင်၍ အခြေခံပညာကို သင်ကြားလာခဲ့ရာမှ ယခုအခါ နာမည်ကျော် တက္ကသိုလ်ကြီး ဖြစ်လာခဲ့သည်။ ရှေးအခါက ယင်းတက္ကသိုလ်က ဘုန်းတော်ကြီးများဝတ်ဆင်သည့် ဝတ်ရုံသည်ပင်လျှင်ယခုအခါ ဘွဲ့နှင်းသဘင်များ၌ ဘုန်းတော်ကြီးများ၏ အစဉ်အလာဝတ်ရုံကို ဘွဲ့နှင်းဝတ်ရုံအဖြစ် အသုံးပြုနေကြသည်။

ဤမျှ ဘုန်းတော်ကြီးများက စတင်၍ အခြေခံပညာကို သင်ကြားပေးလာခဲ့ပြီးမှ ယခုအခါ လူပုဂ္ဂိုလ်များက တည်ထောင်သော ကျောင်းတွင် ပညာရှာမှီးလိုသော ရဟန်းပုဂ္ဂိုလ်တစ်ပါးကို ပညာသင်ခွင့် မပေးနိုင်ဟု ငြင်းဆိုလိုက်ပါက လွန်စွာ အမြင်ကျဉ်းမြောင်းရာရောက်မည့်အပြင် တွက်ကတ်ရာလည်း ရောက်လှသည်။ ထို့ကြောင့် ကျောင်းအုပ်ကြီးသည် အစွမ်းကုန်ကြိုးစား၍ ရှင်ကေလာသအား ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်နိုင်ရလေအောင် ဆောင်ရွက်ပေးလိုက်လေသည်။

ဤသို့အားဖြင့် ရှင်ကေလာသသည် ၁၉၃၉ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့ကအစပြု၍ ကျောင်းတက်ခွင့်ရရှိပြီး ကျောင်းသူ ကျောင်းသားများနှင့်အတူ သင်တန်းများကို အချိန်မှန် တက်ရောက်လျက်ရှိနေပေတော့သည်။

(ဤအကြောင်းများကို စာရေးဆရာမ မလေးလုံ ရေးသားပြုစုသည့် "ဖေမောင်တင် ခေါ် ဘသက်ရှည်"အတ္ထုပ္ပတ္တိ၊ ဒုတိယအုပ် စာမျက်နှာ ၂၈၅တွင် ရှင်ကေလာသက ဦးဖေမောင်တင်အား ပြောပြသည့် စကားရပ်များမှ ထုတ်နုတ်တင်ပြခြင်း ဖြစ်ပါသည်။ ၁၉၇၅ခုနှစ်ထုတ်၊ သစ္စာ စာပေတိုက်၊ ၃၉-လမ်း၊ ရန်ကုန်။)

၁၉၃၉ခုနှစ်၊ ဇွန်လကုန်ပိုင်းလောက်တွင် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်သည် ကျွန်တော့်အား သူ၏ရုံးခန်းသို့ခေါ်၍ ဇူလိုင်လ (၁)ရက်နေ့ကအစပြုပြီး ရဟန်းပျိုတစ်ပါးသည် စာသင်ကြားလာမည်ဖြစ်ကြောင်း၊ ဘာသာတွဲများအဖြစ် မြန်မာဘာသာ၊ ပါဠိဘာသာနှင့် အရှေ့တိုင်းသမိုင်းဘာသာရပ်များကို သင်ယူမည်ဖြစ်ကြောင်း၊ ယင်းပုဂ္ဂိုလ်အတွက် တစ်ယောက်ထိုင် စာသင်ခုံတစ်ခုကို အခန်းတွင်းသင်ပြမည့် ဆရာ၏ စားပွဲခုံ လက်ယာဘက်က သီးသန့်ထားပြီး သင်ကြားစေလိုကြောင်း၊ ကျောင်းခေါ်စာရင်းကို သီးခြားမှတ်ထား၍ အတန်းတွင်း၌ နာမည်ဘွဲ့ကို ထုတ်ဖော် မခေါ်စေလိုကြောင်း စသည်တို့ကို မှာကြားပါသည်။ မြန်မာဘာသာသင်တန်းများကို ကျွန်တော် သင်ကြားပို့ချလျက်ရှိနေသော အခန်းနံပါတ်(၂၁)တွင် သင်ကြားရသည်ဖြစ်၍ ရဟန်းပျိုအတွက် စာသင်ခုံကို ထိုနေ့ နံနက်စောစော ကိုယ်တိုင်သယ်ချလာပြီး ကုလားထိုင်တစ်လုံးကိုလည်း ယူကာ ချထားရပါသည်။

ထိုအခါ ကျွန်တော်သည် မဟာဝိဇ္ဇာတန်းကို

အောင်မြင်ခဲ့ပြီး မြန်မာစာဌာနၶဲပင် ပြန်လည်အမှုထမ်းကာ သင်တန်းများကို ပို့ချနေပါသည်။ ဥပစာအောက်တန်းမှစ၍ ဝိဇ္ဇာအထက်တန်းအထိ တာဝန်ယူသင်ကြားပို့ချရပါသည်။

ထိုအခါကကျွန်တော်သင်ကြားပို့ချရသော သင်တန်းများမှာ တနင်္လာနေ့ နံနက်(၉)နာရီတွင် "စိတ္တကျော်သူဆို ရတုများ"၊ ဗုဒ္ဓဟူးနေ့ နံနက်(၉)နာရီတွင် "ဟတ္ထိပါလ ပျို့"တို့ ဖြစ်ကြပါသည်။ ထိုစဉ်အခါက ကျောင်းတက်နေသူ ကျောင်းသား၄၀ ခန့်နှင့် ကျောင်းသူ၂၀ခန့် ဖြစ်ပါသည်။ သူတို့၏ အသက်အရွယ်မှာလည်း ကျွန်တော်နှင့် မတိမ်းမယိမ်းပင် ဖြစ်ကြပါသည်။ နံနက်(၉)နာရီမထိုးမီ (၅)မိနစ်အချိန်မှာ ကျောင်းတက်ခေါင်းလောင်းထိုးသဖြင့် ကျောင်းသားများ ဝင်လာကြပါသည်။ ကျွန်တော်သည် စောစောရောက်နှင့်လျက် ခပ်တိုးတိုးပင် ဩဝါဒစကားကို ပြောကြားရပါသည်။ ယနေ့သည် ရဟန်းတော်တစ်ပါး စတင်ကျောင်းတက်မည်ဖြစ်၍ ငြိမ်သက်စွာနေကြရန်၊ အတန်းထဲ၌ နေထိုင်မှုဆင်ခြင်ကြရန်၊ ဗုဒ္ဓဘာသာ ပီသစွာလျှင် လိမ္မာစွာ နေထိုင်ကြရန်၊ ဟားတိုက်၍ မရယ်ကြရန် စသည်တို့ကို ပြောနေရင်းပင် ကျောင်းသူများ ဝင်လာကြပါသည်။ သူတို့၏ ဒေါက်ချာဆံထုံးကြီးများကား တစ်ပေကျော်ကျော်ရှိပြီး အတန်းထဲဝင်လာကြကာ ရှေ့ဆုံးခုံတန်းတွင် ထိုင်ကြပါသည်။ တစ်ယောက်ထိုင် စားပွဲခုံကိုကြည့်ပြီး စဉ်းစားမရအောင် ရှိနေကြဟန်တူပါသည်။ ဒုတိယကျောင်းတက်ခေါင်းလောင်းထိုးသည်နှင့်တစ်ပြိုင်နက် ပဉ္စင်းပျိုသည် ထီးကို ချိုင်းကြားညှပ်ကာ စာအုပ်များပိုက်၍ အေးဆေးစွာ ဣန္ဒြေရှိစွာဖြင့် ကြွလာပါသည်။

အခန်းရှေ့၌ ရပ်နေသော ပဉ္စင်းပျိုအား ကျွန်တော်က နေရာထိုင်ခင်းပေးသဖြင့် ရှင်ကေလာသသည် ပေးထားသောနေရာတွင် ထိုင်လျက် ဦးခေါင်းကိုငုံ့ကာ စာအုပ်အပေါ်၌ စူးစိုက်လျက်ရှိပါသည်။

ကျွန်တော် အလွန် ရင်တုန်ခဲ့ရပါသည်။ အလုပ်တာဝန်ထမ်းဆောင်သည့်နေ့မှစပြီး ယနေ့တိုင် ရင်မတုန်ခဲ့ဖူးပါ။ စာသင်ရန်မှာလည်း ညက ကြေညက်အောင် ကြိုဖတ်ခဲ့ပါသည်။ ကျောင်းခေါ်ချိန် စာရင်းကို အသံတုန်တုန်နှင့်ပင်ခေါ်ပြီး စာအုပ်ကို ဖွင့်လိုက်သည်။

ယခင်ကဆိုလျှင် ကျောင်းသားများ ဆော့ကစားကြသော စက္ကူလေယာဉ်ပျံကလေးများ အတန်းထဲတွင် တဝဲဝဲကျလာတတ်ပေသည်။ ယနေ့ မည်သည့်ဆော့ကစားနည်းကိုမျှ မတွေ့ရပါ။ကျောင်းသူများ၏ဆံထုံးထဲသို့လည်း ပဲလှော်စေ့များ ပစ်ချခြင်း မရှိလှပါ။ အလွန်ငြိမ်သက်နေကြပါသည်။ ကျွန်တော် တိုးတိုးကလေး"သာဓု" ခေါ်မိပါသည်။ ကျွန်တော် ရင်တုန်ရခြင်းမှာ ယနေ့သင်ကြားရမည့်စာအုပ်သည် စိတ္တကျော်သူဆို ရတု ဖြစ်နေပါသည်။ ရတုအပိုဒ်ကလည်း "ချစ်၍ ခေါ်သည်" ဟူသော စာပိုဒ်ဖြစ်နေ၍ ရင်တုန်ရခြင်း ဖြစ်ပေသည်။ ဗုဒ္ဓဟူးနေ့ သင်ကြားရမည့်စာက "ဟတ္ထိပါလ"ပျို့ဖြစ်၍ ဤကဲ့သို့သော ရဟန်းတော် တက်ရောက်သင်ကြားမည့်အတန်းနှင့် သင့်တော်ပနံရပါဦးမည်၊ သို့သော် မတွက်နိုင်ပါချေ။ ကျိတ်မှိတ်၍ပင် သင်ရပါတော့မည်။ ကျောင်းသားများလည်း လိမ္မာကြပါသည်။ ကြိုတင်ဩဝါဒ ပေးထားသည့်အတိုင်း ငြိမ်သက်တည်ကြည်နေကြပါသည်။ ထို့ကြောင့် "ချစ်၍ ခေါ်သည်၊ လိုက်တော်မူခဲ့"အစရှိသည့် ရတုစာပိုဒ်ကို သင်ကြားလိုက်ရပါသည်။ အတန်းဆင်း ခေါင်းလောင်းထိုးမှ ဘဝင်ကျသွားပြီး ရင်တုန်ပျောက်သွားပါတော့သည်။ ဆရာများ အနားယူခန်းကိုရောက်လျှင် ချွေးများကိုသုတ်၍ သက်ပြင်းကြီးများ ချလိုက်မိပါတော့သည်။

ဗုဒ္ဓဟူးနေ့ နံနက် ရောက်လာပြန်ချေပြီ။ ဟတ္ထိပါလပျို့ကို သင်ကြားရမည်ဖြစ်၍ အတန်းထဲရောက်ရောက်ချင်း ပဉ္စင်းပျို မရောက်လာသေးမီ

ကျောင်းသားများကို ဆုံးမစကား တိုးတိုးပြောကြားရပါသေးသည်။

ယနေ့ ကျောင်းတက်နေသော ရဟန်းပျိုသည် စာတတ်ပုဂ္ဂိုလ်ဖြစ်သည်။ စာမတတ်၍ကျောင်းလာတက်သည်မဟုတ်။ယခု ဆရာတို့ သင်နေသော ဟတ္ထိပါလ ပျို့ကို ထုံးလိုချေ ရေလိုနှောက်နိုင်သည့် ပုဂ္ဂိုလ်ဖြစ်သည်။ သို့သော် အဘယ်ကြောင့်ကျောင်းတက်ရပါသနည်းဟူမူ ကျောင်းတက်ကြိမ် ၇၅ ရာခိုင်နှုန်းပြည့်မှသာ စာမေးပွဲ ဖြေဆိုခွင့်ရနိုင်မည်ဖြစ်၍ ကြိုးစားကာ ကျောင်းတက်ရခြင်းဖြစ်သည်။ ထို့ကြောင့် ကျောင်းသားများသည် မိသားဖသားပီပီ ဦးပဥ္ဇင်းရှေ့တွင် ဣန္ဒြေရရ၊ ဗုဒ္ဓဘာသာဖြစ်ကြသည့်အားလျော်စွာ ယဉ်ကျေးသိမ်မွေ့စွာ နေထိုင်ကြပါဟူ၍ သြဝါဒပေးရပါသည်။

ဦးပဥ္ဇင်း၏ တည်ငြိမ်သော ဣန္ဒြေတော်ကိုကျွန်တော် အလွန်ကြည်ညိုလေးစားမိပါသည်။ စာသင်ချိန်တွင် ဦးပဥ္ဇင်းသည် စာဥ္စသာ စိတ်ဝင်စားပြီးမည်သည့်ဘက်ကိုသော်မျှ မရှုစားပါ။ စာသင်ပြီးသည်နှင့်တစ်ပြိုင်နက် ဣန္ဒြေရစွာ နေရာမှထ ပြန်ကြွသွားတတ်ပါသည်။ ကျွန်တော်၏စိတ်ဥ္စကား ကျောင်းသားများသည် အနောက်အပြောင် တတ်ကြသဖြင့် အစိုးရိမ်လွန်နေဟန်တူပါသည်။ မျက်စိမှာ ကျီးကန်းတောင်းမှောက်ဆိုသလို အမြဲလန့်နေရသဖြင့် ဆရာလုပ်ရသည့်ဒုက္ခကို ထိုအခါမှပင် တတ်သိနားလည်လာရပါတော့သည်။ ဤသို့နှင့်ပင် ပထမနှစ်ဝက်ကုန်ပြီးနောက်ကျောင်းအုပ်ကြီးက ခေါ်ယူပြန်သဖြင့် ကျွန်တော်သွားရောက်ရာတွင် "အတန်းထဲမှာ စာသင်ရတာ အဆင်ပြေရဲ့လား"ဟူ၍ မေးပါသည်။ အဆင်ပြေကြောင်း၊ သို့သော် စာသင်ရသည်မှာ ကျီးလန့်စာ စားရသကဲ့သို့ဖြစ်ရပါကြောင်းကိုပြောပြအစီရင်ခံခဲ့ပါသည်။ တစ်နေ့တွင် ကော်ရစ်ဒါ၌ ရှင်ကေလာသနှင့် အမှတ်မထင်ဆုံမိရာ ကျွန်တော်က လက်ယုက် ရှိခိုးလိုက်သည်ကိုအားတုံ့အားနာနှင့် ပဥ္ဇင်းပျိုက "ဆရာ့ကို ကျုပ်အားနာတယ်၊ ကျုပ် ကျောင်းသားတွေနဲ့လဲ အဆင်ပြေပါတယ်၊ ဆရာ စိတ်မပူပါနဲ့၊ ကျောင်းသားများဟာလိမ္မာကြပါတယ်"ဟူ၍ ပြောပြသဖြင့် ကျွန်တော်အလွန်ဝမ်းသာသွားရပါသည်။ ထိုအခါက ကျွန်တော်ကဲ့သို့ပင် မြန်မာစာပို့ချသော ဆရာနှစ်ဦးရှိပါသေးသည်။ သူတို့မှာ ဆရာဦးတင်နှင့် ဆရာဦးတိုးအောင်တို့ ဖြစ်ကြပါသည်။ ယခုအခါ သူတို့သည်လောကကြီးကို စွန့်ခွာသွားခဲ့ကြပါချေပြီ။ သို့နှင့်ပင်တစ်နှစ်လွန်မြောက်ပြီး ၁၉၄၀ပြည့်နှစ်သို့ရောက်လာပါသည်။ ထို့နောက် ၁၉၄၀မှ ၁၉၄၁ခုနှစ်ရောက်၍ရှင်ကေလာသသည်လည်း ဝိဇ္ဇာတန်းများတွင် တက်ရောက်၍သင်ကြားလျက်ရှိနေပါသည်။ ၁၉၄၂ ခုနှစ်ဦးပိုင်းတွင်စစ်ရိပ်စစ်ငွေ့များသမ်းလာသဖြင့် ရဟန်းပျိုမှာ ဝိဇ္ဇာအထက်တန်းသို့ ရောက်ရှိသင်ကြားရင်းမှအခက် အခဲ အမျိုးမျိုးနှင့် ရင်ဆိုင်ကာ အပြေးအလွှားကျောင်းတက်ခဲ့ရပါသည်။ တက္ကသိုလ်ကိုလည်း ဗျိုင်းရေအိုးစင်ရပ်သို့ ပြောင်းရွှေ့ကာ ဗုံးဆံအမြောက်သံများအကြားမှ နောက်ဆုံးစာမေးပွဲများကို ကျင်းပနိုင်ခဲ့ပါသေးသည်။

ထို့နောက် စစ်ကြီးဖြစ်လာသည်နှင့် တစ်ပြိုင်နက် တက္ကသိုလ်ကို မန္တလေးမြို့ ကပိုင်အရပ်သို့ရွှေ့ပြောင်းကြရသဖြင့် ကျွန်တော်သည်လည်း ကပိုင်သို့ မလိုက်နိုင်တော့ဘဲဇာတိချက်ကြွေ တောင်ငူမြို့သို့ပြောင်းရွှေ့လာခဲ့ရပါတော့သည်။

ရှင်ကေလာသသည် နောက်ဆုံးကျင်းပသော ဝိဇ္ဇာအထက်တန်းစာမေးပွဲကို အောင်မြင်ပြီးနောက်စစ်ကြီးပြီးဆုံး သည့်ကာလတွင် ပညာရှာမှီးလိုစိတ်မကုန်သေးသဖြင့် ကာလကတ္တားသို့ပြန်သွားပြီးကာလကတ္တားယူနီဘာစီတီ၌ပင် ပညာကို ဆက်လက်သင်ယူရာ မဟာဝိဇ္ဇာဘွဲ့တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ပြန်သည်။

**ထို့နောက်** စစ်အပြီးတွင် အနောက်နိုင်ငံများသို့ ခရီးလှည့်လည်၍ ပညာဆည်းပူးရင်း ဗုဒ္ဓဘာသာ **တရား**ကို ဟောပြွက်သာသနာပြုရင်းနှင့်ပင် ပြင်သစ် **ပြည်** ပါရီမြို့သို့ရောက်သွားလျက်၊ ယင်းပါရီမြို့ **"ဆော်ဗွန်း"**တက္ကသိုလ်တွင် တက်ရောက်သင်ကြားရာ၌ (M.A,.M.F.)အမ်၊ အေ၊ အမ်၊ အက်ဖ်ဘွဲ့ကို **ဆွတ်**ခူးရရှိပြန်ပါသည်။ ထိုနောက် အတန်ကြာသော် မြန်မာပြည်သို့ ပြန်လာခဲ့ကာပြည်ရွာငြိမ်သက်အေးချမ်းသည့်အချိန်၌ ရှင်ကေလာသအား ကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ပေးအပ်ထားခြင်း ခံခဲ့ရသည်ဟု သိရှိရပါသည်။

ရှင်ကေလာသဆရာတော်သည် ယခုအခါ သက်တော်ထင်ရှား ရှိနေသေးသည်ဟုလည်း ကြားသိရပါသည်။ ကျွန်တော် ကြည်ညိုရင်းဖြစ်သော ဦးပဥ္စင်းစာသင်သားကလေးသည် တစ်နေ့နေ့တွင် ထင်ရှားကျော်စောမည့် ဆရာတော်ကြီး အမှန်ဖြစ်လာလိမ့်မည်ဟု ထိုအခါကပင် ယုံကြည်ခဲ့ပေသည်။

ဆရာတော်သည် ကျောင်းနေစဉ်အခါက အဖြစ်အပျက်ကလေးများကိုလည်းသတိရပေလိမ့်မည်ဟု ထင်ပါသည်။ ကြောက်ကြောက်ရွံ့ရွံ့နှင့် ဘဝင်တုန်ကာ စာတတ်ပုဂ္ဂိုလ်ကြီးတစ်ဦးရှေ့မှောက်တွင် အာဝဇ္ဇန်းမရှင်နိုင်ဘဲ"ချစ်၍ခေါ်သည်၊ လိုက်တော်မူခဲ့၊ မပျောင်းနွဲ့နှင့်"အစချီသည့် စိန္တကျော်သူ ရတုကိုသင်ကြားရာ၌ ဒေါက်ချာဆံထုံးကြီးများနှင့် ရှေ့တန်းကနေပြီး ပြုံးစိစိလုပ်နေကြကုန်သော ကျောင်းသူမကြီးများ၏ ဣန္ဒြေမဆည်နိုင်ပုံကိုလည်း ယခုတိုင် မြင်နေလိမ့်ဦး မည်ထင်ပါသည် ဘုရား။

ယခင်နှစ်ပေါင်း (၅၀)နီးပါးအချိန်အခါက (၁၉၃၉-၄၂)ရန်ကုန်တက္ကသိုလ် မြန်မာစာပြ ဆရာကလေးအဖြစ် အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်၍ စေတနာကို ရင်ဝယ်ပိုက်ကာ မလျှောက်ဝံ့ဝံ့ လျှောက်ဝံ့ဝံ့ဖြင့် သင်ကြားပို့ချလာခဲ့ရသော ကျွန်တော် မြကေတုအား ဆရာတော် မှတ်မိနေကောင်း မှတ်မိနေပါလိမ့်မည်။

ဆရာတော်အား ထိုအခါက ရှင်ကေလာသအဖြစ် ကြည်ညိုရင်းဖြစ်သည့်အတိုင်း နောင်အခါ အကယ်၍ ဆရာတော်သည် ကျော်စောထင်ရှားလာသည့် ကိုင်းပြု ပြည်ပြု သာသနာတော်ပြု ဆရာတော်ကြီးဖြစ်လာလျှင် သွားရောက်ဖူးမြော်မည်ဟု အားခဲထားပါသော်လည်း ယခုအခါ အသက်ကကြီးလာပြီး အိုမင်းသည့်ဘဝကို ရင်ဆိုင်နေရပြီဖြစ်၍ ဆရာတော်ရှိရာကို မသွားရောက်နိုင်သည်ကို စိတ်မကောင်းလှပါ။ ဆရာတော် ကျန်းမာ ချမ်းသာလျက်ရှိပါစေသောဝ် ဟူ၍သာ ဆုတောင်းနေ ရပါတော့သတည်း။ ။

**မြကေတု**

## လာဘ်စည်းစိမ်

* လာဘ်လာဘစည်းစိမ်သည် စိတ်ကူးတိုင်းမဖြစ်၊
တောခရီး၌ အိပ်မက် မက်ကောင်းတုန်း ဆင်နင်းခံရသည်နှင့်တူသည်။

**ပထမရွှေကျင်ဆရာတော်ဗုရားကြီး**

# ရွှေကျင်ဆရာတော်

ဦးမာနိတသီရိ

## မောင်သန့်

### (ဥသြရေလား–ရွှေကျင်ဖွား)

"ငါ့ကိုချစ်လျှင် ပြည်သူကို ချစ်"ဟု သစ္စာပေး၍ နန်းတက် လာသော "သီရိတြိဘုဝနာဒိတျ ပဝရပဏ္ဍိတ မဟာဓမ္မ ရာဇာဓိရာဇ"ဟူသော ဘွဲ့တံဆိပ်နာမံကို ခံယူတော်မူသော ရတနာပူရ စတုတ္ထမြို့တည် နန်းတည် ဘကြီးတော် စစ်ကိုင်း မင်း နန်းစံ၍ ၂–နှစ်အကြာ ရတနာ သိခ ရွှေဘိုမြို့တော်၏ တောင်ဘက် ခရီး ၆–တိုင်အကွာ ယခုခေတ် ဝက်လက် မြို့နယ် အဝင်အပါ ဝက်လက်မြို့မှ အနောက် ၈–မိုင် ခန့် အကွာ ရွှေဘို မန္တလေး ကားလမ်းအနီး ပေါက်ကန်ပြည် ကျစွာမင်း၏ ဆွေတော် မျိုးတော် ဖြစ်သော ရွှေလှပေါ် မင်းညီအစ်ကို မောင်နမ ငါးဦးတို့ တည်ထောင် ခဲ့သော–

(၁) လှတောကြီးရွာ

(၂) ကျည်းကန်ရွာ

(၃) မဲကုန်းရွာ

(၄) ရေထွက်ရွာ

(၅) ရွှေကျင်ရွာ

ဟူသော လှတောကြီး ၅–ရွာ အဝင်အပါ ရွှေကျင်ရွာတွင် ဇာတိ၊ ကုလ၊ အာစာရဂုဏ်နှင့် ပြည့်စုံသော ကုန်သည်ကြီး ဦးမောင်၏ ဇနီး ဒေါ်မယ်မိ၏ ဝမ်းကြာတိုက်၌ ၁၁၈၄–ခု၊ တော်သလင်းလပြည့်ကျော် ၁၂–ရက် ညဥ့်နေဝင် မြန်မာ ၄–ချက်တီးကျော်၊ စက်နာရီ ၇–နာရီ မိနစ် ၃၀–ခန့်အချိန်တွင် ရွှေကျင်နိကာယဟူသော လွန်စွာ သန့်ရှင်းစင်ကြယ်လှသည့် သံဃာ ဂိုဏ်းကြီးကို စတင်တည်ထောင် တော်မူမည့် ရွှေကျင်ဆရာတော် ပဋိသန္ဓေနေတော်မူသည်။

## အိပ်မက်မြင်ပုံ

မယ်တော် ဒေါ်မယ်မိသည် ၁၁၈၄–ခု သစ်ဆင်းလခေါ်သော တော်သလင်းလပြည့်ကျော် တစ်ခု သော ညဥ့်အချိန်၌ ဝတ်ဖြူ စင်ကြယ်နှင့် လူသူတော်တစ်ယောက် လာ၍ တန်ဖိုးမဖြတ်နိုင်သော ပတ္တမြားလက်စွပ်ကြီးကို "ရော့နင် ဝတ်ဆင်လေတော့"ဟုဆို၍ ပေး သွားသည်ဟု အိပ်မက်မြင်မက်လေ သည်။

## ဖွားတော်မူခြင်း

ပဋိသန္ဓေနေတော်မူ၍ ၁၀–လတိတိအကြာ ၁၁၈၄–ခု၊ ဝါဆို လပြည့်ကျော် ၁၂–ရက် ညဥ့်သုံး ချက်တီးကျော်၊ ၁၃–ရက် အင်္ဂါ နေ့သို့ အဝင် ကောင်းမြတ်သော အချိန်တွင် သဂါရဝ သပတိဿ ဟိရီ ဩတ္တပ္ပ ဝီရိယ ပညာ သဒ္ဓါ စသော ဂုဏ်တို့နှင့် ပြည့်စုံသော ရွှေကျင်ဆရာတော်လျာကို ဖွားမြင် တော်မူသည်။

## မွေးချင်းများ

အမည်မှည့်အံ့သောနေ့၌ ပညာ ရှိတို့နှင့် တိုင်ပင်ညီညွတ်၍ အနာ ဂတ်အကြောင်းအချက်နှင့် ဆက် သွယ်ညီညွတ်လှသော မောင်သန့် ဟူသော အမည်ကို မှည့်ခေါ်ကြ ကုန်၏။

ဦးမောင်- ဒေါ်မယ်မိတို့မှ–

(၁) မယ်ခရု

(၂) မောင်ဆန်း

(၃) မောင်သန့်

(၄) မယ်နော်

(၅) မယ်ခော်

ဟု သားသမီး ၅–ယောက် ဖွားမြင်ရာ ဆရာတော်ဘုရားကြီး သည် တတိယမြောက်သားရတနာ ဖြစ်သည်။

## အဝါရောင်ကြိုက်

အဖြူ၊ အနီ၊ အဝါ၊ အပြာ၊ အနက်စသော အရောင်တို့တွင် အဝါရောင်သည် မြင်ရသူတို့၏

စိတ်ကို ကြည်လင်စေ၏။ ပွင့်လင်းစေ၏။ သာသနာတော်၏ အထိမ်းအမှတ်အရောင်ဖြစ်၏။ အရဟတ္တဓဇ ရဟန္တာအရှင်မြတ်ကြီးတို့၏ တစ်ထောင့်ငါးရာ ကိလေသာတို့ကို အောင်မြင်တော်မူရာ၌ လွှင့်ထူအပ်သည့် အလံတံခွန်ဟူသော သင်္ကန်း၏အရောင် ဖြစ်သည်။

မောင်သန့်ကလေးသည် မိခင်၏နို့ချိုကိုလည်းစို့ရ အအေးအပူမျှတ၍ ခန္ဓာကိုယ်ချမ်းသာသော်လည်း စိတ်အလိုမကျနိုင်အောင် ဖြစ်နေသဖြင့် အမြဲလိုလိုငိုနေသည်။ ထို့ကြောင့် ဖခင်ကြီးက ဗေဒင်ပညာရှင်များကို မေးမြန်းကြည့်ရာ ခမည်းလိုနေကြောင်း သိရသည်။

ခမည်းမှာ အခြားမဟုတ် ပိတ်အဖြူကို နနွင်းဆိုး၍ အပေါ်၌ ဆွဲထားပေးရန် ဖြစ်သည်။ ထို့ကြောင့် ထိုအတိုင်း နနွင်းဆိုးပြီး အပေါ်၌ ဆွဲပေးလိုက်မှ အငိုကင်း၍ ကြည်လင်ခြင်း ဖြစ်လေသည်။

## နွားနို့မညှစ်ရ

မောင်သန့် ၂-နှစ်ကျော် ၃-နှစ်ခန့် ရှိနေပြီ။

ဟိုပြေး သည်လွှား ဆော့ကစားနေရင်း တစ်ခုသော နံနက်ခင်းတွင် မိခင် ဖခင် အလုပ်လုပ်နေသည်ကို သတိပြုမိ၏။

နွားကလေးကို ချည်ထားရာမှ ကြိုးဖြုတ်လွှတ်လိုက်ရာ နွားကလေးသည် ပြေးသွား၍ မိခင်နွားမကြီး၏နို့ကို အားပါးတရစို့သည်။ မိခင်နွားမကြီး၏ဗိုက်ကို ခေါင်းဖြင့် တိုက်ကာ တိုက်ကာ အမြီးကလေး ရမ်းကာ ရမ်းကာ စို့နေရှာသည်။

"ဩော်...ဆာရှာလို့ ဖြစ်မှာပဲ"ဟု မောင်သန့် ကိုယ်ချင်းစာမိ၏။

ထိုသို့စို့၍ မကြာမီ နွားကလေးကို အတင်းဆွဲခေါ်သွားပြီး တိုင်၌ချည်၍ နွားမကြီးမှနို့ကို ညှစ်ယူကြလေသည်။ ထိုအခါ မောင်သန့်၏နှလုံးသားတွင် နာကြင်သကဲ့သို့ ဖြစ်သွားသည်။

နွားကလေးက စို့ချင်ရှာလွန်း၍ တရုန်းရုန်း။

"ဩော်...သူ့အစာကိုအတင်းလုယူကြတာပဲ"ဟု မောင်သန့် မှတ်ချက်ချမိ၏။ ဤနို့ကို နွားမကြီးက လူတွေအား ပေးချင်မည်မဟုတ်၊ သားငယ်ကိုသာ တိုက်ချင်ရှာလိမ့်မည်။ နွားကလေးကလည်း သူ့အစာကို လုယူခြင်းဖြစ်၍ ကျေနပ်မည်မဟုတ်။

မောင်သန့်မနေနိုင်ငိုမိတော့၏။

နောက်ရက်ရောက်သော အခါ၌လည်း ဤမြင်ကွင်းကို တွေ့မြင်ရပြန်၍ မောင်သန့် ငိုရပြန်၏။

နေ့စဉ်နို့ညှစ် နေ့စဉ်ငို။

မိဘတို့က လက်လျှော့ကြရ၏။ နောက်နို့မညှစ်ရဲတော့ပေ။

သူတော်ကောင်းတို့၏ စိတ်ထားသည် အကြင်နာ(ကရုဏာ)တရား၌ အခြေခံ၏။ သူတော်ကောင်းဆိုသည်မှာ ကြီးမှကောင်းလာသည်မဟုတ်၊ ငယ်စဉ်ကပင် ကောင်းခဲ့ကြပါတကား။

## ကျောင်းသားမောင်သန့်

မောင်သန့်အသက် ၇-နှစ်ရှိလေပြီ။

ပညာသင်ကြားရမည့်အရွယ်ဖြစ်၍ မိဘများက မိမိတို့ရွာ၌ အလွန်ထင်ရှားသော မဟာဗောဓိကျောင်း ဆရာတော် လူအမည် ဘိုးရွှန်း ခေါ် ဦးဝရဇ္ဇ အထံသို့ ပို့အပ်ကြသည်။

လူတို့သိရ,တတ်ရမည့် သိစရာတတ်စရာ အားလုံးတွင် စာပေပညာသည် လိုရင်းအကျဆုံး ဖြစ်၏။ စာပေပညာ တတ်မြောက်ပါက အခြားသော သိစရာ တတ်စရာတို့ သိရန် တတ်ရန် လမ်းပွင့်တော့သည်။

မောင်သန့်သည် ဆရာတော် ဦးဝရဇ္ဇအထံ၌ "နမော ဗုဒ္ဓါယ သိဒ္ဓံ"အစချီ၍ သူငယ်တို့သိရ, တတ်ရမည့် အက္ခရာအရေးအဖတ်မှစ၍ သင်ယူရသည်။ ဗုဒ္ဓဘာသာဝင်တို့၏ အရင်းခံအကျဆုံးဖြစ်သည့် ယဉ်ကျေးမှုဆိုင်ရာ ဘာသာရေးကျင့်ဝတ်တို့ကို သိခွင့်ရပေပြီ၊ မောင်သန့် ပျော်နေသည်။

မောင်သန့် ကျောင်းသွားတော့မည်ဆိုလျှင် အမေက ထန်းလျက်ခဲ၊ ပဲလှော်တို့ကို အဆာပြေစားရန် ပေးလိုက်မြဲဖြစ်၏။ သို့သော် ထိုသရေစာတို့ကို မောင်သန့် မစားဘဲ ချန်ထားသည်။ ကျောင်းအားချိန်၊ စာအံနားချိန်များ၌ ကျောင်းခြံစည်းရိုး ချုံနွယ်တို့၌ မှီခိုနေထိုင်ကြသော ပျားအုံကလေးများကို ဖွပ်ကြ၊ ခဲဖြင့်ပေါက်ကြသော သူတို့ကို ထန်းလျက်ခဲ၊ ပဲလှော်တို့ကိုပေး၍ မလုပ်ကြရန် တောင်းပန်တားမြစ်သည်။ တချို့က မောင်သန့် ပေးသော ထန်းလျက်ခဲ၊ ပဲလှော်တို့ကို လက်ခံစားသောက်ပြီး မောင်သန့်စကားကို နားထောင်ကြသည်။ တချို့က မောင်သန့်ပေးသော သရေစာများကိုကား စားသည်။ မောင်သန့်၏စကားကိုတော့ နားမထောင်ကြ၊ တချို့ မောင်သန့် ပေးသော သရေစာများကိုလည်း မယူ၊ သူတို့လုပ်လိုရာ ပျားဖွပ်ခြင်း စသည်တို့ကိုလည်း လုပ်ကြသည်။

ဤသို့ဖြင့် မောင်သန့်သည် ကိုယ်တိုင် ဒုစရိုက်ကင်း၍ အခြားကျောင်းသားများကိုလည်း ဒုစရိုက်ကင်းသော ကျောင်းသားများဖြစ်အောင် ဆွဲဆောင်ပြုပြင်သည်။

စာပေပညာရပ်အနေဖြင့်လည်း သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့်၊ လောကနီတိ၊ ပရိတ်ကြီးတို့ကို ကြိုးစားသင်ယူပြီးဖြစ်၍ သဒ္ဒါကျမ်း၊ သင်္ဂြိုဟ်ကျမ်းတို့ကို စတင်သင်ယူနေပြီ။

**နွားကျောင်းသား**
**မောင်သန့်**

မောင်သန့်သည် တောရွာဘုန်းကြီးကျောင်းသားများ ထုံးစံအတိုင်း တစ်ရံတစ်ခါ မိဘများ မအားလပ်၍ စေခိုင်းလျှင် နွားကျောင်းလိုက်ရသည်။ နွားစားကျက်ကောင်းရာ မန်ကျည်းအုပ်စပ်ကန်တောသို့ အဖော်နွားကျောင်းသားများနှင့် အတူလိုက်သည်။ နွားစားကျက်သို့ ရောက်သောအခါ နွားများကို ဂရုတစိုက်ကျောင်းသည်။

အခြားသူငယ်များကား နွားများကို ပြစ်ထားပြီး ပျားဖွပ်၊ ယုန်လိုက်၊ပတတ်လိုက်ခြင်းများကို လုပ်ကြသည်။ သတ္တဝါငယ်များကို ညှင်းဆဲကြသည်။

ထိုအခါ မောင်သန့်သည် အမေက ပေးလိုက်သော ထန်းလျက်ခဲ၊ ပဲလှော်တို့ကိုပေး၍ မလုပ်ကြရန် တောင်းပန်တားမြစ်သည်။ တချို့က မောင်သန့်စကားကို နာယူကြသည်။ တချို့ မနာယူကြ။

မောင်သန့်သည် "အသေဝနာစ ဗာလာနံ"ဟူသော မင်္ဂလာတရားကို သင်ယူထားသူပီပီ မိမိစကားကို နားမထောင်ဘဲ ဒုစရိုက်လုပ်သူများနှင့် နွားအတူမကျောင်းတော့ပေ။ ထိုနွားကျောင်းသားသူငယ်များတွင် မောင်သန့်၏စကားကို အမြဲနားထောင်သူကားရှိသည်။ ထိုသူကား ရေထွက်ရွာက သူငယ်ချင်းမောင်ဌေး ဖြစ်သည်။ မောင်ဌေးသည် မောင်သန့်၏စကားကို အမြဲနားထောင်သည်။ မောင်သန့်ကိုလည်း လေးစားချစ်ခင်သည်။ ထို့ကြောင့် မောင်သန့်သည် မောင်ဌေးနှင့်သာ အတူနွားကျောင်းတော့သည်။ မောင်ဌေးကိုလည်း အထူးခင်မင်သည်။

တစ်နေ့သောအခါ အဓိဋ္ဌာန်ဖြင့် ရွတ်ပွားနေကျ ဂုဏ်တော်တစ်ထောင် မရွတ်မပွားရသေးသဖြင့် ညနေတွင် မောင်ဌေးကိုသာ ပြန်လွှတ်ပြီး သစ်ပင်ရင်း၌ထိုင်ကာ ဂုဏ်တော်တစ်ထောင်ပြည့်အောင် ရွတ်ပွားကာ နေရစ်သည်။ မိဘနှစ်ပါးနှင့် ဆွေမျိုးတို့သည် အခြားနွားကျောင်းသားများ ပြန်ရောက်ကြပါလျက် မောင်သန့်မရောက်သဖြင့် စိတ်ပူပြီး နွားစားကျက်သို့ လာရောက်ရှာဖွေကြသည်တွင် သစ်ပင်ရင်း၌ နှုတ်ခမ်းကလှုပ်လှုပ်လှုပ်ကာ ထိုင်နေသော မောင်သန့်ကို တွေ့ကြရလေသည်။

အကျိုးအကြောင်း မေးကြသဖြင့် မောင်သန့်လည်း ဂုဏ်တော် ၉-ပါးကို နေ့စဉ်တစ်ထောင်ကျ ပွားမြဲဖြစ်ရာ ယနေ့တစ်ထောင်

မပြည့်သေး၍ ရွတ်ပွားနေပါကြောင်း ပြောရသည်။

ထိုအကြောင်းကို ရွှေကျင်ရွာရေထွက်ရွာတို့၌ ယနေ့တိုင်အောင် ဥဒါန်းစကား အနေဖြင့် ပြောဆိုလျက်ရှိကြကုန်၏။

ငယ်စဉ်ကပင် ဒုစရိုက်ကင်းသန့်ရှင်းသူ၊ ဂုဏ်တော် ပန်းခိုင် လက်ကိုင်သူ မောင်သန့်ပါတကား။

## ရှင်ဇာဂရ

မောင်သန့်အသက် ၁၄–နှစ်ရှိပြီ။

၇–နှစ်သားအရွယ်မှစ၍ ဆရာတော် ဦးဝရဇုဒ္ဓိထံသို့ ရောက်ပြီး စာပေပညာ သင်ကြားလာရာ ယခုအခါသဒ္ဒါကျမ်းဆိုင်ရာ၊အဘိဓမ္မတ္ထသင်္ဂဟကျမ်းဆိုင်ရာအထိ ကျေကျေပွန်ပွန် ရှိရုံမက သဘောပေါက်သည့်အဆင့်သို့ ရောက်နေပြီ။ ရှင်သာမဏေတို့ ကျင့်သုံးဖွယ်ရာ ပစ္စဝေက္ခဏာ၊ လိင်၊ ဒဏ်၊ သေခိယသိက္ခာပုဒ်များ၊ မဟာဝါခန္ဓက လာကျင့်ဝတ်များ၊ စူဠဝါခန္ဓကလာကျင့်ဝတ်များပါ လေ့လာပြီးဖြစ်၍ ရှင်သာမဏေအဆင့်သို့တက်ကာ အထက်တန်းပါဠိတော် အဋ္ဌကထာကျမ်းစာကြီးများကို ဆက်လက်လေ့လာဖို့ အဆင်သင့် ဖြစ်နေပေပြီ။

ထို့ကြောင့် ၁၁၉၈–ခုနှစ်တွင် ဦးမောင်–ဒေါ်မယ်မိတို့က ကျွေးမွေးလှူဒါန်းကာ မောင်သန့်ကို ရှင်ပြုပေးကြ၏။ မောင်သန့်သည် ဆရာတော်ဦးဝဇိရဇုဒ္ဓိကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရပေပြီ၊ ဘွဲ့ကော်မှာ ရှင်ဇာဂရဖြစ်သည်။ ဇာဂရဆိုသည်မှာ "နိုးကြားသူ"ဟု အဓိပ္ပာယ်ရ၏။ တစ်သံသရာလုံး ကိလေသာဖြင့် အိပ်ပျော်နေရာမှ နိုးကြားသူ ဖြစ်ရပေပြီ။

ရှင်ဇာဂရသည် နိုးကြားသူပီပီ အပြင်းထူ၍ ပေါ့ပေါ့ဆဆနေသူမဟုတ်၊ လိင်ဆယ်ပါး ဒဏ်ဆယ်ပါး သိက္ခာပုဒ်များကို နင်းနယ်လွန်ကျူးခြင်းမရှိ၊ သေခိယသိက္ခာပုဒ်များကို အထူးလေးစားကာ ကျင့်သုံးသည်။ ဝတ်ပိုင်းလာ ကျင့်ဝတ်တရားတို့ကိုလည်း လိုဂွက်မရှိအောင် ဖြည့်ကျင့်နေသူသာဖြစ်သည်။

## ရွှေဘိုမြို့ စာသင်တက်

ရှင်ဇာဂရသည် ၁၁၉၈–ခုနှစ်ဝါ ဥပဇ္ဈာယ်ဆရာထံ၌ သီတင်းသုံးပြီး အထက်ကျမ်းဂန်ကြီးများကို ဆက်လက်သင်ယူနိုင်ရန် ၁၁၉၉–ခုနှစ် သက်တော် ၁၅–နှစ်အရွယ်တွင် ရွှေဘိုမြို့သို့တက်၍ ဝဏ်ဘာဆရာတော်ကြီးအထံ၌ ၂–နှစ်ကြာမျှ သဒ္ဒါကျမ်းဆိုင်ရာတို့ကို ဆက်လက်လေ့လာခြင်း၊ သုတ္တန်ဆိုင်ရာ အဘိဓမ္မာ ဆိုင်ရာ ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို လေ့လာခြင်းပြုသည်။

ရှင်ဇာဂရသည် ဝဏ်ဘာ ဆရာတော့်ထံမှ သက်တော် ၁၈–နှစ်အရွယ် ၁၂၀၂–ခုနှစ်တွင် သီးလုံးတောရ ဂဏဝိမုတ်အမိန့်တော်ရ "စန္ဒိမာဘိဝံသသိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဆရာတော်ဘုရားကြီးအထံသို့ ရောက်သည်။

## သီးလုံးဆရာတော်

သီးလုံးဆရာတော်ကြီးကား ရွှန်းတက်ရွာ ဇာတိဖြစ်သည်။ ရွှန်းတက်ရွာ၌ ၁၁၄၈–ခုနှစ်တွင် ဖွားတော်မူသည်။ အမရပူရမြို့တည် နန်းတည် ဘိုးတော်ဘုရား မင်းတရားလက်ထက်မှစ၍ မြေးတော် မှန်နန်းရှင်၏ညီတော် ရွှေဘိုမင်း လက်ထက်တိုင် ပျံ့လွင့်ကျော်စောတော်မူသော ဒီပဲရင်း နမောဂိုဏ်း အုပ် အရှင်ဝိစာရိန္ဒ၏တပည့် ဖြစ်သည်။ ၁၁၆၈–ခုနှစ်တွင် ရဟန်းဖြစ်၍ ရွှေဘိုမြို့၏ အနောက်မြောက်ရွှန်းသီးလုံးရွာ သီးလုံးမင်းကြီး "မဟာမင်း မင်းခေါင်" တည်ထောင်လှူဒါန်းအပ်သော လေးထပ်ကျောင်းကြီး၌ သီတင်းသုံးတော်မူသည်။ ၁၁၆၈–ခုနှစ်တွင် ဂမ္ဘီရတ္ထဒေသနာ ၄–စောင်တွဲကျမ်းကြီးကို ပြုစုအောင်မြင်သည်။

သီးလုံးဆရာတော်ကြီးအထံ၌ အမြဲတမ်း သံဃာတစ်ရာဝန်းကျင်

ရှိပုံရသည်။ ၁၂၁၆–ခု၊ တပေါင်းလ မင်းတုန်းမင်းတရားကြီးက သီးလုံးကျောင်းတိုက် သံဃာများအတွက် ဆွမ်းစရိတ်သက်န်းနှင့် ကွမ်းသီးများ လှူဒါန်းရာ၌ သက်န်းလှူစာရင်းကို ကြည့်ပါက ထိုနှစ်ထိုလတွင် ရဟန်းပေါင်း ၃၈–ပါး၊ ရှင်သာမဏေပေါင်း ၂၉–ပါး နှစ်ရပ်ပေါင်း ၆၇–ပါး ရှိကြောင်း သိရသည်။

ရှင်ဇာဂရ သီးလုံးတောရသို့ ရောက်သောအခါ ဆရာတော်ကြီးမှာ သက်တော် ၅၄–နှစ်သာ ရှိသေးသည်။ ထိုစဉ်၌ ဆရာတော်ကြီးထံတွင် စက်ရုံဆရာတော်လျာ အရှင်သုမနရှိနေသည်။

ရှင်ဇာဂရ သီးလုံးတောရသို့ မရောက်လာမီ ညဥ့်တွင် စက်ရုံဆရာတော်လျာ အရှင်သုမနသည်–

"ကကြိုးတန်ဆာ အပြည့်အစုံဆင်ထားသော ဆင်ဖြူတော်ကလေးတစ်စီး ကျောင်းတိုက်အတွင်းသို့ ဝင်ရောက်လာသည်"ဟု အိပ်မက်မြင်သည်။

ထိုအိပ်မက်ကို ဆရာတော်ကြီးအား လျှောက်ထားရာ ဆရာတော်ကြီးက "ယနေ့ရောက်လာသော ပုဂ္ဂိုလ် လူဖြစ်စေ၊ သာမဏေဖြစ်စေ၊ ရဟန်းဖြစ်စေ ငါ့ထံသို့ အရောက်ပို့ရမည်"ဟု အမိန့်ရှိထားလေသည်။ ထိုနေ့မှာပင် ရှင်ဇာဂရသည် စာပလွေထမ်း၍ သီးလုံးတောရကျောင်းတိုက် ရောက်သွားရာ စက်ရုံဆရာတော်လျာ အရှင်သုမနတို့က ကြိုဆို၍ သီးလုံးဆရာတော်ကြီးထံ ပို့ကြလေသည်။ ထိုအခါ ဆရာတော်ကြီးက–

"ဤသာမဏေ နောင်အခါ သာသနာ၌ အလွန်ထင်ရှားသော ပုဂ္ဂိုလ် ဖြစ်လိမ့်မည်"ဟု သံဃာ့အလယ်တွင် မိန့်ကြားတော်မူသည်။

ရှင်ဇာဂရသည် သီးလုံးဆရာတော်ကြီးထံ၌ ပရိယတ္တိဆိုင်ရာ ဝိသုဒ္ဓိမဂ် **အဋ္ဌကထာ** စသော အထက်တ**န်း** ကျမ်းစာကြီးများကို သာမက ပဋိပတ္တိဆိုင်ရာ လက်တွေ့ကျင့်သုံးပုံတို့ကိုလည်း သင်ကြားနည်းယူ တပည့်ရင်း အန္တေဝါသိက ဖြစ်ခွင့်ရသည်။

### အရှင်ဇာဂရ

၁၂၀၄–ခု၊ သက်တော် ၂၀–ပြည့်သောအခါ ငယ်ဆရာဖြစ်သော ရွှေကျင်ရွာ မဟာဗောဓိဆရာတော်ကြီးထံသို့ ပြန်၍ ရဟန်းအဖြစ်သို့ တက်ရောက်တော်မူသည်။

ရဟန်းဖြစ်သည်မှစ၍ ဟိစိဝရိတ်ခုတင်၊ ပိဏ္ဍပါတ်မှကင်ကို အမြဲဆောင်တော်မူသည်။

ထိုသို့ ရဟန်းအဖြစ်သို့ ရောက်တော်မူပြီးနောက် ပညာရှိအကျော်အမော်များ စုဝေးရာ အမရပူရ ရာဇဌာနီ မင်းနေပြည်မှစ၍ အမြို့မြို့အရွာရွာတို့၌ ဆရာပေါင်း ၂၀–ကျော်တို့ထံတွင် ပရိယတ္တိများကို နည်းခံသင်ယူတော်မူသည်။ ထိုသို့ ပရိယတ္တိဓမ္မများကို နည်းခံသင်ယူနေသောကာလမှာ ၁၂၀၄–ခုနှစ်မှ ၁၂၁၀–ခုနှစ်အထိ ၇–နှစ်တိုင် ကြာလေသည်။

အရှင်ဇာဂရ စာပေသင်ယူခဲ့သော ကျောင်းတိုက်များမှာ–

(၁) သဲအင်း ကျောင်းတိုက်၊ မင်းအိုကျောင်းတိုက်ဟုလည်း ခေါ်သည်။

(၂) ဖားကရာတိုက်၊

(၃) မြသိန်းတန်တိုက်၊ စပါးတောတိုက်ဟုလည်း ခေါ်၊

(၄) ပုပ္ပါကျောင်းတိုက်။

### မင်းတုန်းမင်းသားနှင့်တွေ့ပုံ

တစ်နေ့သောအခါ အရှင်ဇာဂရသည် အာပတ္တာဓိကရဏ်းကစ်ခု ဆုံးဖြတ်ရန် ကြုံလာသည်။ ထိုအဓိကရဏ်းအတွက် ဝိနိစ္ဆယချမှတ်ရာ၌ လောကဓမ္မသတ် လမ်းကြောင်းနှင့် ဗုဒ္ဓဝိနည်းလမ်းကြောင်းများနှင့် ညှိနှိုင်းချမှတ်ရမည် ဖြစ်သည်။ မိမိမှာ ဝိနည်းလမ်းကြောင်းအရ ဝိနိစ္ဆယချရန် အထောက်အကား ပြည့်စုံပြီ ဖြစ်သော်လည်း လောကီ ဓမ္မသတ်နှင့်စပ်၍ညှိနှိုင်းလိုသေးသည်။ ထိုကြောင့် ပွက်

တော်မင်းသား တာဝန်ထမ်းနေရသော မင်းတုန်းမင်းသား၏အိမ် သွားတွေ့ပြီး ညှိနှိုင်းသည်။ ထိုအခါ မှစ၍ တစ်ဦးနှင့်တစ်ဦး အထူးရင်းနှီးပြီး ယုံကြည်စိတ်ချသွားကြသည်။

၁၂၀၉–ခုနှစ် ၅–ဝါရသည့် အခါမှစ၍ အရညကင်ဓုတင်နှင့် ခလုပစ္ဆာဓုတင်တို့ကို အမြဲဆောင်သည်။ ကြွင်းဓုတင် ၉–ပါးတို့ကိုလည်း ရံခါရံခါ ဆောင်သည်။

**သန့်ရှင်းသော နိကာယ**
**ထူထောင်ရန် တိုင်ပင်**

၁၂၁၀–ပြည့်နှစ်တွင် ရွှေကျင်ဆရာတော်လျှာ အရှင်ဇာဂရ၊ ဂူဖြူဆရာတော်လျှာ အရှင်မေဓာ စသော အရှင်မြတ်တို့သည် ရှမ်းကလေးကျွန်း ဆရာတော် အရှင်နန္ဒကို အကြီးအမှူးထား၍ သာသနာတော် သန့်ရှင်း စင်ကြယ်တည်တံ့ထွန်းကား ပြန့်ပွားရေးကို တိုင်ပင်ကြကာ ရှမ်းကလေးကျွန်း အရပ် "ရှမ်းကလေးကျွန်း တိုက်သစ်"ကို တည်ထောင်ကြလေသည်။

၁၂၁၁–ခုနှစ်တွင် ခေါင်းဆောင်ဖြစ်သော အရှင်နန္ဒကို "အမရပူရ၊ အင်းဝ၊ စစ်ကိုင်း သုံးမြို့နယ်မှ ထွက်သွားစေ"ဟု သာသနာပိုင်၏အမိန့်ဖြင့် နယ်နှင်ဒဏ်ခံရသည်။ ထို့ကြောင့် ဒ. ဂျင်နန္ဒ ရွှေဘိုတောင်လက် ခေါ်တောရွာ၏ အနောက်ဘက်"ငြိမ်းကုန်းတောရ" ဟုလည်း ခေါ်သော "ကောင်းပင်ကုန်းတောရ" ကျောင်း၌ သီတင်းသုံးရသဖြင့် တည်ထောင်စနိကာယပျက်ရ၏။

ထိုအခါ အရှင်ဇာဂရလည်း စစ်ကိုင်းအနောက်ဘက် မန်ကျည်းစင်ရွာ၌ သီတင်းသုံးကာ စာပေပို့ချနေတော်မူ၏။

၁၂၁၄–ခုနှစ်၊ တပေါင်းလဆန်း ၁၁–ရက် မင်းတုန်းမင်းနန်းတက်သည်။

၁၂၁၇–ခုနှစ် ရွှေဘိုမြင်းမြေကို သာသနာပြုရန် အပ်နှံသည်။

ထိုနှစ် ဝါခေါင်လပြည့်နေ့ ရှိမ်းမကားအနောက်မြောက် ခေမာသိမ အဘယဂီရိတောရကျောင်းတိုက် ပတ်ဝန်းကျင် ဘေးမဲ့ပေး၊ ယင်းနှစ် သီတင်းကျွတ်လဆန်း ၆–ရက် အင်္ဂါနေ့ "ဓိနောရသာဓုပါမောဒ္ဒ" သိမ်သမုတ်ပြီး

ထိုနှစ် တပို့တွဲလဆန်း ၁၀–ရက်နေ့တွင် "ဓမ္မဝိနယပြန်တမ်း" ခေါ် သာသနာပြုရာဇာ အမိန့်တော်ကို ထုတ်ပြန်။ ထိုနှစ်မှစ၍ ရွှေကျင်ကျောင်းတိုက်ကြီးကို စတင်တည်ထောင်သည်။ သို့သော် ကိုယ်တော်တိုင်မကြွဘဲ တိုက်အုပ်ဆရာတော် အရှင်ဝါယာမ စသောတပည့်ကြီးများအား လွှဲအပ်ထားသည်။

**ရွှေကျင်တိုက်မကြီး**

ရွှေကျင်တိုက်မကြီး၌ ကျောင်းတိုက်များမှာ—

(၁) မင်းတုန်းမင်း တရားကြီးနှင့် ကျပင်းမင်းသား သတိုးဗညားကျန်း တပင်တိုင်စလင်းမင်းသမီး သီရိသုမြတ်စွာရတနာဒေဝီတို့၏ မယ်တော် လင်ပန်းတိုက်စားမိဖုရား "သီရိသုစန္ဒာဒေဝီ"တို့ ဆောက်လုပ်လှူဒါန်းသော အလယ်ကျောင်းကြီး (ယခုပြင်နေသော ကျောင်းကြီး)။

(၂) ဆင်ဖြူမရှင် အလယ်နန်းမိဖုရားကြီးကောင်းမှု (၇)ခန်း (၈) ခန်းပြင် လေးဖက်လှည့် လှေကား လေးစင်းနှင့် သိမ်ကျောင်းကြီး အရှေ့ အနောက်သို့။

(၃) ခမ်းပတ်မင်းကြီးကျောင်း၊ ရှိမ်းမကား ဆရာတော် သီတင်းသုံးသည်။

(၄) အရှေ့ပေါက် မြောက်ဘက် သီပေါစော်ဘွားကောင်းမှု၊ အာဂန္တုကျောင်း။

(၅) လောင်းရှည် မင်းကြီးကျောင်း၊ ဟသ်ာတဆရာတော် ဦးဂန္ဓမာ သီတင်းသုံး။

(၆) ရွှေတိုက်မင်းကြီးကျောင်း၊ ငွေတောင်ဆရာတော် သီတင်းသုံး။

(၇) ရေနံချောင်း အတွင်းဝန်မင်းကျောင်း၊

ပင်းတလဲဆရာတော် အရှင်ဝိမလ။

(၈) မြင်းစုဝန်ကြီးကျောင်း၊ ညောင်တုံးဆရာတော် သီတင်းသုံး။

(၉) ဖောင်ဝန်မင်းကျောင်း၊ ဆရာတော်ဦးနရိန္ဒ။

(၁၀) လေ့သင်းအတွင်းဝန်မင်းကျောင်း၊ မောင်းထောင်ဆရာတော် ဦးဝိမလ။

(၁၁) စီးတော်မြင်းဝန်ကျောင်း၊ ဆရာတော်ဦးပညာသိရီ။

(၁၂) ရွှေတိုက်အတွင်းဝန်မင်းကျောင်း၊ ဆရာတော်ဦးပညိန္ဒိယ။

(၁၃) ပတ္တမြားသေဌေး ဦးမှတ်ကလေးကျောင်း၊ ဆရာတော်ဦးတေဇနိယ။

(၁၄) မကွေးအတွင်းဝန်မင်းကျောင်း (အနောက်ပေါက်နား) လှတောအုတ်ကျောင်း ဆရာတော် (နောင်သာသနာပိုင်ဖြစ်)

(၁၅) အောင်မြင်ဝန်ထောက်မင်းကျောင်း၊ ဆရာတော်ဦးနန္ဒ။

(၁၆) ဂူသင်း ဦးရွှေတောင်ကျောင်း၊ မောက်ကျိုးဆရာတော် ဦးအာဒိစ္စ။

(၁၇) မကွေးအတွင်းဝန်မင်း အုတ်တိုက် (အောက်ဂူအနီးမှာ)

(၁၈) ညောင်ပင်ကျောင်း၊ ဆရာတော်ဦးသာသန။

(၁၉) လွှတ်တော် စာရေးကြီးကျောင်း၊ ထရံကာဆရာတော်။

(၂၀) ပြင်စီစုဖုရားကျောင်း၊ ဆရာတော်ဦးမော်။

(၂၁) အနောက်နန်းမတော် မိဖုရားကျောင်း၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်။

(၂၂) ကသာမင်းသားကျောင်း (ယခုအုတ်တိုက်နေရာ) ဆရာတော်ဦးဇာနေယျ (ထိပ်တင်ဘုန်း၏ဆရာ)

(၂၃) မိုးလှိုင်မင်းသားကျောင်း (ယခုအရိုးအိုးစေတီ နေရာ) ပုသိမ်ဆရာတော် ဦးသုမန။

(၂၄) မင်းကင်းစုဖုရားကျောင်း၊ ဦးအာစိဏ္ဏ။

(၂၅) ရန်အောင်မြင် ဝန်ထောက်မင်းကျောင်း၊ ဦးသုဇာတ

(၂၆) လွှတောင်ဦး ရွှေတောင်ကျောင်း၊ ဦးဝိသုဒ္ဓ စာချ။

(၂၇) အနောက်နန်းမတော် မိဖုရားကျောင်း၊ ဦးနန္ဒိယ။

(၂၈) မကွေးမိဖုရားကျောင်း (ပြင်စီမင်းသမီး မယ်တော်) ဦးခန္တီ။

(၂၉) ဂတိမ်း၊ ငဖဲ၊ ကံမသုံးမြို့စားမင်းကင်းမိဖုရားကျောင်း၊ ဦးဇနိတ။

(၃၀) အရှင်ထိပ်စုမြတ် ဘုရားကြီးကျောင်း (ဆင်ဖြူမရှင်သမီးအကြီး) ဦးဇယန္တ။

(၃၁) ယင်းခဲစုမိဖုရားကျောင်း၊ ဦးနန္ဒမာလာ၊ ဝေဠုဝန်ဆရာတော်။

(၃၂) ညောင်ရမ်း မင်းသားကျောင်း၊ ဦးဝိဇယ။

(၃၃) စောလုမင်းသမီးကျောင်း၊ ဦးတေဇိန္ဒ။

(၃၄) အထက်ဂူတော် (လေကားပါ ဒါးတန်းရေတွင် ဒကာကြီးဦးဒွန်း ဆောက်သည်ဟုတွေ့ရ၏။ တံခါး၌ ဆေးနီများသုတ်ထားသည်ဟုလည်း သိရ၏။ ကုန်းဘောင်ဆက်တ၊ နှာ-၃၇၅၀ ၌ မင်းတုန်းမင်းလှူ၏ဟုပါ၏။)

(၃၅) အောက်ဂူတော် (သီပေါမင်းကောင်းမှု၊ တံခါး-ဆေးနီသုတ်)

(၃၆) အထက်စကြံတော် (ဦးကြီး ဒေါ်လုံး မလွှတောင်ကောင်းမှု)

(၃၇) အောက်စကြံတော်
(မြတောင်စုဖုရား ကောင်းမှု)။
(၃၈) မလွန်မင်းသားရွှေကျောင်း (မင်းတုန်းမင်း၏ သား အကြီးဆုံး) အထက်ဂူတော်မှ အနောက်ဘက် ဂန္ဓမာတောင်ထိပ်။ ရွှေကျင် ၅-တိုက်လုံးကို အုပ်ချုပ်ရသော တိုက်အုပ်ဆရာတော် သီတင်းသုံး။
(၃၉) သံတော်ဆင့် ဦးတုတ် ကလေးကျောင်း၊
ဖောင်တော်ဂူဆရာတော်။
(၄၀) သံတော်ဆင့် ဦးယော ကျောင်း၊
ကြီးသည်ကုန်း ဆရာတော်။
(၄၁) ကျောက်မြောင်း အတွင်းဝန် မင်းကျောင်း၊
မောက်ကျိုး ဆရာတော် ဦးကဝိန္ဒ။
(၄၂) စလေဆရာကြီး ဦးပုည ကျောင်း၊
ဆင်ဖြူကျွန်း ဆရာတော် ဦးနန္ဒသာရ။
(၄၃) ရုပ်စုံကျောင်း၊
အလယ်တိုက်ကြီးနှင့် အလုံးစုံအကုန်တူ၏။ (စကြံကျောင်း၏ တောင်ဘက်)။

ဤကျောင်းများတွင် အမှတ် (၁) ကျောင်းတော်ကြီးမှာ တိုင်ပေါင်း ၂၆၂၆-တိုင်ရှိ၍ ကုန်ငွေများ ဒေါင်းဒင်္ဂါး ၂၂၂၃၅၅-ကျပ်ကုန်သည်။ ထို့ကြောင့်—

* ရွှေကျင်တိုက်မ၊ တိုင်ပေါင်းပြ၊ မှတ်ကြဒ္ဓိသောဒ္ဓါ (ကြက်သွန်ကြီးလည်းမှု) ပြည်ပန်းညိုချိုချိုခတ်၊ ရွှေကျင်တိုက်မ ငွေကုန်မှတ်–ဟု ဆိုရိုးမှတ်တမ်းပြုကြကုန်၏။

**အရန် ၄–တိုက်**

ရွှေကျင်တိုက်မကြီး၏ အရန်ကျောင်းတိုက် ၄–တိုက်ရှိသည်။ ရွှေကျင်တိုက်မကြီး၏ အရှေ့ဘက်ကပ်လျက် မင်းကင်းတိုက်၊ ၎င်း၏ အရှေ့ဘက် ကားလမ်းခြား၍ မြတောင်တိုက်၊ ရွှေကျင်တိုက်မကြီး၏ အနောက်ဘက် ကပ်လျက် ထရံကာတိုက် (မှိုင်းလုံတိုက်ဟုလည်း ခေါ်သည်)။ ၎င်းတိုက်၏အနောက်ဘက် ကားလမ်းမကြီးခြားလျက် ရမည်းသင်းတိုက်၊ (မိတ္ထီလာတိုက်ဟုလည်း ခေါ်သည်)တို့ဖြစ်သည်။

**အင်ကြင်းခက်ကျိုင်းရွှေကျင်ဂိုဏ်း**

ကျောင်းတိုက်ကြီး တည်ဆောက်မှု အပြည့်အစုံ မပြီးသေးသော်လည်း ၁၂၂၂–ခုနှစ်၊ ဝါဆိုလတွင် ရွှေကျင်ဆရာတော်ကြီးကို ရှိမ်းမကား သရက်ချောင်းတောရမှ ပင့်ကြရ၏။ မလိုက်လိုကြောင်း အတန်တန်ငြင်းနေသဖြင့် မယ်တော် ခမည်းတော်တို့ကို မန္တလေးမြောက်ပြင် သူရဲတပ်အရပ်၌ မင်္ဂလာအိမ်တော်နှင့် နေစေပြီးမှ ပင့်ရ၏။

ထို ရွှေကျင် ဆရာတော်ကြီး ရွှေကျင်တိုက်၌ စတင်ဝါဆိုသည့်နှစ်ကို ရွှေကျင်ဂိုဏ်းတည်နှစ်အဖြစ် "အင်ကြင်းခက်ကျိုင်း၊ ရွှေကျင်ဂိုဏ်း"ဟု ဥဒါန်းဆိုကြကုန်၏။

ရွှေကျင်ဆရာတော်ကြီး ရွှေကျင်တိုက်၌ သီတင်းသုံးသည်ဟု ဆိုသော်လည်း စာချချိန် ဩဝါဒပေးချိန်လောက်သာ တိုက်တွင်း၌ နေ၍ နေ့ပိုင်း၌ အထက်ဂူတော်၌ တစ်ပါးတည်း ကျမ်းဂန်ပြုခြင်း၊ ဘာဝနာပွားခြင်း အလုပ်များဖြင့် သီတင်းသုံးတော်မူသည်။ ညအခါ ဘုရားဝတ်တက် စာပြန်စာအံ့ကိစ္စများပြီးချိန်တွင် ကောဏ္ဍသော နန္ဒာကံအတွင်း၌ မင်းတုန်းမင်း ဆောက်လုပ်လှူဒါန်းအပ်သော ၃–ခန်းပတ်လည် ကျောင်းကလေး၌ တစ်ပါးတည်း သီတင်းသုံးတော်မူသည်။

နံနက်အရုဏ်တက်ပြီးမှ ရွှေကျင်တိုက်သို့ ပြန်ကြွသည်။ ထိုခေတ်က ရွှေကျင်တိုက်မကြီး၌ ၃၀၀–ပါးကျော် အရန် ၄–တိုက်၌ ၂၀၀–ခန့်စီ ရှိကြသဖြင့် အားလုံး တစ်ထောင်ခန့်ရှိလေသည်။

**နေ့စဉ်လုပ်ငန်း**

တိုက်အုပ်၊တိုက်ကြပ်၊ ကျောင်းဘုန်းကြီး၊ စာချဘုန်းကြီး၊ အာမခံ

ဆရာတော်တို့၏ အုပ်ချုပ်မှုအောက်၌ နေထိုင်ကြရသော သံဃာများနှင့် သူတော်ယယ် ကပ္ပိယကျောင်းသားများမှာ နံနက် အရုဏ်မတက်မီ တုံးကြီးခေါက်လျှင် ထကြရသည်။ ဘုရားဝတ်တက်ပြီး ပြန်မအိပ်ကြရ၊ သစ်ပင်အောက် လွင်တီးခေါင် စသည်၌ နိသဇ်၊ ရက္ခမူ၊ အဗ္ဘောကာသိကစုတင်များ ဆောက်၍ တရားနှလုံးသွင်းကြရသည်။ ထို့နောက် တံမြက်လှည်းခြင်း၊ သောက်ရေဖြည့်ခြင်း စသည့် ဝတ္တရားများ ဆောင်ရွက်ကြရသည်။ ထို့နောက် ပေများ၊ ပုရပိုက်များခင်း၍ စာအံစာတက်ကြရသည်။ နံနက် ၉-နာရီခန့်တွင် ဆွမ်းတော်တင် ကလတက်ခေါက်သည်။ ထိုအခါ သင်းပိုင် ကိုယ်ဝတ်တို့ကို ညီညာစွာ ပြင်ဆင်၍ ဘုရားကျောင်းသို့ သွားကာ ဘုရားရှိခိုး ဝတ်တက်ကြရသည်။ နောက် ဆွမ်းတော်ပွဲအုပ် ရောက်လာသောအခါ ဆွမ်းတော်ပန်းဘော် ရေတော်များ ကပ်လှူကြရသည်။ ထို့နောက် ဆွမ်းစား ကလတက်ခေါက်သည့်အခါ ဆွမ်းစားကျောင်း၌ ပြုကျင့်ရသော ဥပဒေပါအတိုင်း ကောင်းမွန်စွာ ဘုဉ်းပေးကြရသည်။ ထို့နောက် စာတက်ခြင်း၊ စာကျက်ခြင်း စသော ပရိယတ္တိဆိုင်ရာတို့ကို အားထုတ်ကြရသည်။

ရေချိုးဆိပ်ရောက်သွားသည့်အခါ၌လည်း နှစ်ပါး သုံးပါးစသည် စုပေါင်း၍ စကားပြောခြင်း၊ ရေချိုးခြင်း မပြုကြဘဲ ဥပဒေရှိသည့်အတိုင်း တစ်ပါးစီသာ ဆိတ်ငြိမ်စွာ ဣန္ဒြေရရ ခပ်ကြရ ချိုးကြရသည်။ ညနေ ၄-နာရီကျော်လျှင် စာအံ၊ စာချရပ်နား၍ ပန်းကန်ပွတ်ခြင်း၊ တံမြက်လှည်းခြင်း စသော သေနာသနဝတ်များ ဆောင်ရွက်ကြရသည်။ ဘုရားပန်း၊ ရေချမ်းများ ကပ်လှူကြရသည်။

ထို့နောက် ညဆိုစာများ ကျက်မှတ်ကြရသည်။ ထို့နောက် ဘုရားဝတ်တက်ကြရပြီး ဘုရားဝတ်တက်ဆင်းလျှင် ညဥ့်စာပြန်ရာ သိမ်တန်ဆောင်းသို့သွား၍ စာပြန်ကြရသည်။ စာအံတိတ် ကလတက်ခေါက်မှ ရပ်နားပြီး မိမိနေရာကျောင်းသို့ သွားပြီး သင့်လျော်ရာ ကမ္မဋ္ဌာန်းများ စီးဖြန်းပွားများကာနေကြရသည်။ အိပ်ကလတက်ခေါက်မှသာ တုံးလုံးလှဲကာ အိပ်ကြရသည်။

## အောင်မြေလွှတ်စံကျောင်းတော်ကြီး

မင်းတုန်းမင်းတရားကြီးသည် ရွှေကျင်ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရန် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရှိမ်းမကားရွာ တောင် တောရကြီးတိုက်အတွင်း၌ ၁၂၂၄-ခုနှစ် နတ်တော်လမှစ၍-

(၁) အောင်မြေလွှတ်စံကျောင်းတော်ကြီး

(၂) ဘုံသုံးဆင့်ကျောင်း၊

(၃) စကျောကျောင်း

(၄) ဆွမ်းစားကျောင်းများကို ငွေတော်ထုတ်ပေး၍ ဆောက်လုပ်စေရာ ၁၂၂၅-ခုနှစ် တပေါင်းလတွင် ပြီးသည်။

တောရတိုက်ကြီးမှ မြောက်ဘက် ရှိမ်းမကားရွာအထိ တောင်ဘက်၌ ငါးရယ်ရွာအထိ၊ အနောက်ဘက်၌ သဲဖြူချောင်းအထိ၊ အရှေ့ဘက်၌ ဧရာဝတီမြစ်ရိုးအထ[illegible] ငင်း နယ်လေးရပ် သတ်မှတ်ပြီး ဘော[illegible] ပေးတော်မူသည်။ ဘောမဲ့အုပ်အဖြစ်လည်း ငရိုးအား အပ်လေသည်။ (ကျောက်စာရှိ၏)

## ဂဏာဝိမုတ်

တစ်နေ့သောအခါ သာသနာပိုင်ဆရာတော်သည် ရွှေကျင်ဆရာကျော့ထံသို့ အမြန်လာရောက်ရန် ဆင့်စာပို့သည်။ ရွှေကျင်ဆရာတော်လည်း -

"သာသနာပိုင် ဆရာတော် ဘုရားကြီးဟာ တို့မန္တလေး ရောက်လာတဲ့အတွက် စိတ်ချမ်းသာပုံ မပေါ်ဘူး၊ တို့လဲ လွတ်လွတ်လပ်လပ် သာသနာ ပြုခွင့်ရမှာ မဟုတ်ဘူး၊ သာသနာပိုင် ဆရာတော်ကြီးလဲ စိတ်

Ɛ.34

ချမ်းသာ၊ တို့လဲ လွတ်လွတ်လပ်လပ် **သာသနာ** ပြုရအောင် တောပြန်မယ်" နန်းတွင်းဝင်ပြီး အကျိုးအကြောင်း မိန့်တော်မူသည်။ မင်းတုန်းမင်းတရားကြီးက တောပြန်မကြွရန် တောင်းပန်လျှောက်ထားပြီး ရွှေကျင်ဆရာတော်အပေါ်၌ "သာသနာပိုင်နှင့် သုဓမ္မာအဆင့်ခေါ်မရှိစေရန်" အမိန့်ထုတ်သည်။ ထိုအချိန်မှစ၍ ရွှေကျင်ဆရာတော်နှင့် တပည့်အပေါင်း တို့သည် သုဓမ္မာဂိုဏ်းမှ ကင်းလွတ်သော ဂဏဝိမုတ်အဖြစ် သာသနာပြုခွင့်ရကြသည်။

ဤစကားတို့၏ ခိုင်မာသော အထောက်အထားမှာ ထိုအချိန်မှ စ၍ ရွှေကျင်ဆရာတော်နှင့် ရွှေကျင်ဂိုဏ်းသားတို့အပေါ်၌ သာသနာပိုင်နှင့် သုဓမ္မာက တစ်ကြိမ်တစ်ခါမျှ ဆင့်ခေါ်မှု၊ ဂိုဏ်းချုပ် ဂိုဏ်းအုပ်စသည် ခန့်အပ်တာဝန်ပေးမှု မရှိခြင်းပင်ဖြစ်သည်။

## အခွန်ဘဏ္ဍာနှင့်စပ်၍ မေးလျှောက်ခြင်း

မင်းကြောဇာက ဝန်ရှင်တော်မင်းကြီး၊ အတွင်းဝန်၊ မြို့ဝန်၊ စာရေးတော်ကြီး၊ သံတော်ဆင့်မင်းတို့ကို စေလွှတ်၍ ရွှေကျင်ဆရာတော်ထံ အောက်ပါအချက်များကို လျှောက်ထားသည်။

(၁) မည်သည့်ကုန်မဆို ပေါက်ဈေးနှင့်ချုပ်၍ ဝယ်ပြီးလျှင် တစ်ဦးတစ်ယောက်က တစ်ဝတည်း ရောင်းလျှင် အဒိန္နာဒါန် ထိုက်, မထိုက်။

(၂) မည်သည့်ကုန်မဆို တစ်ဝတည်းမချုပ်ဘဲ ပေါက်ဈေးနှင့် ဝယ်ပြီးလျှင် တစ်စုံတစ်ခုသောအရပ်သို့ အခြားသူတို့က အထုတ်အယူ မရှိစေရ၊ တစ်ဝတည်းရောင်းလျှင် အဒိန္နာဒါန်ထိုက်, မထိုက်။

(၃) မည်သည့်အလုပ်မဆို ကျွန်တော်မျိုးတစ်ယောက်က လုပ်ရပါလျှင် အမြတ်များစွာ ရမည်ဖြစ်သောကြောင့် အခွန်တော် မည်မျှ ဆက်ပါမည်အမိန့်တော်ခံ၍ အခြားသူတို့က ၎င်းအလုပ်ကို မလုပ်စေရ၊ တစ်ဦးတစ်ယောက်တည်းကိုသာ လုပ်စေ၍ အခွန်ခံယူခြင်းသည် အဒိန္နာဒါန် ထိုက်, မထိုက်။

ထိုမေးလျှောက်ချက်တို့ကို ရွှေကျင်ဆရာတော်က ၁၂၂၆-ခုနှစ်၊ တပို့တွဲလဆန်း ၄-ရက်နေ့တွင် ဆုံးဖြတ် ပြန်ကြားတော်မူသည်။

## ရွှေစက်တော်သို့ဘုရားဖူးကြွ

ရွှေကျင်ဆရာတော် ရွှေစက်တော်သို့ ဘုရားဖူးကြွလိုကြောင်း မင်းတရားကြီးထံ အကြောင်းကြားလျှင် မင်းတရားကြီးက ချမ်းချမ်းသာသာသီတင်းသုံးလိုက်ပါနိုင်စေရန် သင်္ဘောဖြင့် ခမ်းနားတင့်တယ်စွာ ပို့ပါမည်ဟု အကြောင်းပြန်လျှောက်ထားသည်။

ရွှေကျင် ဆရာတော်က သင်္ဘောဖြင့် ခမ်းခမ်းနားနား ကြွားကြွားဝါဝါမသွားလိုကြောင်း၊ ရွှေစက်တော်၌ တည်းခိုရန် နေရာပြုလုပ်ပေးဖို့ စကုမြို့ဝန်ထံသို့သာ မှာကြားပေးစေလိုကြောင်း ဆိုက်ကပ်ဝင်ထွက်လိုရာ မြို့ရွာဆိပ်ကမ်းတို့၌ ဆိုက်ကပ်ဝင်ထွက် လွယ်ကူစေရန် လှေဖြင့်သာ သွားလိုကြောင်း မိန့်ဆိုပြန်ကြားသဖြင့် မင်းတရားကြီးက ပိတ်အုပ်၊ ရွှေဖယောင်းတိုင်၊ ငွေဖယောင်းတိုင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ပုံနှိပ်ကမ္မဝါစာ၊ ဆွမ်းဆန်တော်မှ စ၍ ဆွမ်းအတွက် ရိက္ခာတော်တို့ကို အပြည့်အစုံပေး ပို့လှူဒါန်းသည်။

ရွှေကျင်ဆရာတော်၏ အလိုတော်အတိုင်း လှေကြီးနှစ်စင်း၊ လှေငယ်တစ်စင်း၊ ပေါင်းလှေသုံးစင်းတို့ကို ခင်းကျင်းစီမံပြီးလျှင် လှေကြီးတစ်စင်း၌ ရွှေကျင်ဆရာတော်၊ တပည့်ကြီးနှစ်ပါး၊ သာမဏေတစ်ပါး၊ ကပ္ပိယနှစ်ယောက်၊ ကျောင်းသား ဖိုးသူတော်နှစ်ယောက် လိုက်ပါစီးနင်းသည်။ အခြားလှေကြီးတစ်စင်း၌ တိုက်အုပ်၊ တိုက်ကြပ်၊ စာချ စာသင်သားအားဖြင့် သံဃာနှစ်ကျိပ်ကျော်နှင့် လှေသား သုံးယောက် လိုက်ပါသည်။ လှေငယ်

တစ်စင်း၌ ရွှေကျင်ဆရာတော်၏ ခမည်းတော် မယ်တော်နှင့် ပြုစုလုပ်ကျွေးသူတို့အပြင် လှေသားသုံးယောက် လိုက်ပါသည်။

ရွှေကျင် ဆရာတော်သည် အသီးသီးစီစဉ်ပြီး ၁၂၂၉–ခု၊ တပို့တွဲလပြည့်ကျော် ၁–ရက်နေ့ မြို့တော်မှ စုံဆင်းထွက်ကြွတော်မူသည်။ အင်းဝဆိပ်ကမ်းသို့ ရောက်မှသာ သံဃာများက လူဆိုး သူဆိုး သူခိုး ဓားပြများ ကြောက်ရွံ့တိမ်းရှောင်စေခြင်းငှာ လှေကြီးများ ပေါင်းမိုးပေါ်၌ ကမ္ဗလာနီကြီးကို လွှမ်းအုပ်၍ ပေါင်းမိုး ဝဲယာ နှစ်ဖက်မှ အလံနှစ်ချက်ကို စိုက်ထူကြသည်။ ရွှေကျင်ဆရာတော်မှာ ဤမျှလောက်ပြုသည်ကိုပင် အလွန်ရှက်တော်မူလှသည်။

ခုနစ်ရက်ခန့်ကြာလျှင် မင်းဘူးဆိပ်ကမ်းသို့ရောက်သည်။ မင်းဘူးဆိပ်ကမ်း၌ ၂–ရက်နားနေစဉ် စကုမြို့ဝန် အကြိုရောက်သဖြင့် လိုက်ပါကြပြီး စကုမြို့၌ တစ်ညမျှ အိပ်ကြ၏။ ထိုမှခရီးဆက်ကြရာ လမ်းတစ်ညအိပ်ပြီး နောက်ရက် ရွှေစက်တော်သို့ ရောက်၏။ ရွှေစက်တော်၌ ခုနစ်ရက်တိုင်တိုင် ပါဒစေတီတော်ကို ဖူးမြော်ကြည်ညိုကြသည်။ ဆွမ်းတော်မှစ၍ ဆီမီးရေချမ်း၊ ပန်း၊ မီးရှူးမီးဝါ၊ တံခွန်ကုက္ကား စသည်တို့ဖြင့် ပူဇော်ကြရ၏။

စက်တော်ရာမှ ပြန်ကြွလာသောအခါ ညဥ့်အိပ်ရပ်နားရာ ဆိပ်ကမ်းသောင်ပြင်တို့၌ စက်တော်ရာပုံကို သဲခုံပေါ်၌ တင်ထားပြီးလျှင် အားလုံးတော်တက် ရှိခိုးပူဇော်ကြရသည်။ အသွားအပြန် ၂–လခန့်ကြာသည်။

ရွှေစက်တော်သွားစဉ်ကပင် လမ်းခရီး၌ စက်တော်ရာအကြောင်းကြားဖူးသမျှ ရွှေစက်တော်ဘုရားရှိခိုးဂါထာများရေးဖွဲ့၍ ကပည့်ရဟန်း သာမဏေတို့အား ပို့ချသင်ကြားပေးတော်မူသည်။ စက်တော်ရာဘုရား ဂါထာသက်သက် ၁၆–ဂါထာဖြစ်သည်။ အနက်ပါကျက်မှတ်စေသည်။ ရွှေစက်တော်ကို ဖူးမြော်ပူဇော်ရန် မန္တလေးမြို့မှ ထွက်ကြွတော်မူသည့် အချိန်မှစ၍ ဆောက်တည် ကျင့်သုံးခဲ့သော ကျင့်ဝတ် ပဋိပတ်တို့ဖြင့်လည်း ပူဇော်သည်ကို ရှစ်ဂါထာဖြင့် ပြသည်။ စုစုပေါင်း ၂၄ ဂါထာ ဖြစ်သည်။

**ဒုတိယအကြိမ် သာသနာပြုရန် နယ်များလွှဲအပ်**

မင်းတုန်းမင်း တရားကြီးသည် ၁၂၃၀–ပြည့်နှစ်တွင် ရွှေကျင်ဆရာတော်အလိုတော်ကျ သာသနာတော် သုတ်သင် ပြုစုစောင့်ရှောက်ရန် အလုံမြို့၊ ဒီပဲယင်းမြို့၊ ဗန့်ကျီမြို့၊ တလုပ်မြို့၊ ရတနာသိမ်ရွှေကိုမြို့၊ ကလေးမြို့၊ ရာဇဂြိုဟ်မြို့ စသောမြို့နယ် တို့ကို လွှဲအပ်တော်မူသည်။ ယင်းကာလသည် ၁၂၂၇–ခု၊ တပို့တွဲလဆန်း ၁–ရက် (၁၆–၁–၁၈၆၆) ရက်နေ့က သာသနာပိုင် ဆရာတော်ကြီး ပျံလွန်တော်မူပြီဖြစ်၍ သာသနာပိုင် လစ်လပ်လျက်ရှိသည်။ ဤအကြိမ် သာသနာ သုတ်သင်ရန် လွှဲအပ်သည်မှာ ဒုတိယအကြိမ်ဖြစ်သည်။ (၁၂၁၇–ခုနှစ်တွင် ရတနာသိမ်မြောက်ဘက်မြင်းမြေကိုလွှဲပြီး ဖြစ်သည်။)

ရွှေကျင်ဆရာတော်သည် ၁၂၃၀ ပြည့်၊ တန်ခူးလဆန်း ၂–ရက်ည ရွှေကျင်တိုက်၌ "အလုံမြို့ ဥပဒေ"ခေါ်သော ပဋိဉာဉ်သတိဥပဒေကို ရွှေကျင်တိုက်သစ် ဆရာပေါ် ၄–ပါးနှင့်တကွ ဂါးတောမဆရာတော်၊ ညောင်ကန်ဂိုဏ်းအုပ်ဆရာတော်၊ ဂိုဏ်းထောက်ဆရာတော်၊ မောင်းထောင်ဆရာတော်၊ စိန္တွေးဆရာတော်၊ ခုံညင်းဆိပ်ဆရာတော်စသော ဂိုဏ်းအုပ်ဂိုဏ်းထောက်တို့၏ အလယ်၌ ထုတ်ပြန်သည်။

**သားတော်များကို ရွှေကျင်ဆရာတော်ထံအပ်နှံ**

မင်းတုန်းမင်းတရားကြီးသည် သက္ကရာဇ် ၁၂၃၄–ခုနှစ်တွင် လက်ရှိရှိသည် နှလုံးရည် ရှိမည်ထင်သော သားတော်တို့ကို ပိဋကစာပေ သင်ကြားပေးရန် ရွှေကျင်ဆရာ

တော်ထဲ အပ်နှံသည်။

မင်းသားများမှာ—

(၁) သက်ပန်းတိုက်စား မိဖုရား သီရိသုမဟာဒေဝီတွင် မြင်သည့် ရွှေကူမင်းသား သတိုးဗညားလော။

(၂) မိုးလှိုင်မင်းသား မဟာဓမ္မရာဇာ။

(၃) တောင်ညိုမင်းသား သတိုးမင်းရဲကျော်။

(၄) ထီးလှိုင်တိုက်စားတွင် မြင်သည့် သာဂရမင်းသား သတိုးမင်းရဲကျော်ထင်။

(၅) လောင်းရှည်မြို့စား သီရိမဟာသုပဘာဒေဝီတွင် မြင်သည့် သီပေါမင်းသား သုသီရိ မဟာဓမ္မရာဇာတို့ ဖြစ်သည်။

မင်းတုန်းမင်းတရားကြီးသည် ဥပစ္ဈာယ်ဆရာတော်နှင့် သားတော် ရှင်သာမဏေများ နေထိုင် သီတင်းသုံးရန် ရွှေနန်းတော်ကြီး၏ အရှေ့ရပ် သစ်တပ်တော်၏ အပြင်ဘက် လက်ယာပိုင်းတွင် လှပတင့်တယ် ရှုဖွယ်မခန်း ရွှေနန်းတော်ကြီး၏ ကျက်သရေတိုးပွားဖွယ်ရာ ဖြစ်သော နန်းဦးကျောင်းကို တည်ဆောက် စီမံတော်မူထားသည်။

ရွှေကျင်ဆရာတော်ကြီးသည် မိမိကိုယ်စား နန်းဦးကျောင်း၌ သီတင်းသုံးပြီး မင်းသားများကို ဟောပြောဆုံးမ ပိဋကစာပေများ သင်ကြားပေးရန် တောင်တော်သာသနာပိုင်ဆရာတော်လျှာ အရှင်မာလာနှင့် ပုသိမ်မြို့ သဘော်ကျောင်းတောရ ဆရာတော်လျှာ အရှင်သီရိသုမနာ စာရတို့ကို တာဝန်ပေးသည်။

ထိုမထေရ်နှစ်ပါးသည် နန်းဦးကျောင်း၌ ဝါဆိုလျက် တောင်တော်သာသနာပိုင်လျှာ အရှင်မာလာထေရ်က သီပေါမင်းသား၏ ဥပစ္ဈာယ်ဆရာ အဖြစ်ဖြင့်လည်းကောင်း၊ အရှင်သီရိသုမနာစာရထေရ်က ရွှေကူမင်းသား၊ မိုးလှိုင်မင်းသား၊ တောင်ညိုမင်းသား၊ သာဂရမင်းသားတို့၏ ဥပဇ္ဈာယ်ဆရာအဖြစ်ဖြင့် လည်းကောင်း ဆုံးမသွန်သင်ပေးကြရသည်။ မင်းသားများက ရှင်သာမဏေများအဖြစ်ဖြင့် စာပေသင်ယူကြရသည်။

သီပေါမင်းသားသည် ၁၂၃၇–ခုနှစ်မှစ၍ ၁၂၃၉–ခုနှစ်အထိ သုံးနှစ်တိုင် ပဋ္ဌမပြန် သုံးကြိမ်ပြန်ဆိုသည်။ (၁၂၄၀–ပြည့်၊ တော်သလင်းလ အိမ်ရှေ့နှင်းသည်။)

## ရဟန်းတော် ၃–ပါးကို ကယ်တော်မူခြင်း

အခါတစ်ပါး၌ ထန်းပင်ရင်းတိုက်နေ ကသာစားမင်းသားကလေး၏ အကျီကို အခြားသူတစ်ယောက် ဝတ်သွားရာ ထိုအကျီအတွက်နှင့် ပတ်သက်၍ မလိုသူက ပုန်ကန်လုပ်ကြံလိမ့်မည်ဟု ဂုံးချောပြောဆိုသဖြင့် ထန်းပင်ရင်းတိုက်သား ဦးဓမ္မသာမိ စသော ဘုန်းကြီးသုံးပါးကို ကြံရာပါဟု ဖမ်းဆီးကာ နက်ဖြန်နံနက် ၁၀–နာရီအချိန် ကွပ်မျက်ရန် အမိန့်ချပြီး ချုပ်ထားသတတ်။

ထိုအခါ မတ္တရာဆရာတော်၊ မင်းတဲဆရာတော်၊ မန္တလာရာမဆရာတော်တို့သည် ကြံရာမရဖြစ်၍ မောင်ရွှေကျင်ထံ သွားကြပါဦးဟု အကြံပေးသဖြင့် ဘုန်းတော်ကြီး ဦးမဉ္ဇူသည် ရွှေကျင်ဆရာတော် ဘုရားကြီး၏တူ ကိုရင်ရာဇကို ခေါ်၍ အချုပ်နှင့်ထားသော ဘုန်းကြီးသုံးပါးကို ပြပြီးလျှင် ရွှေကျင်ဆရာတော် သီတင်းသုံးတော်မူသော တောကျောင်းသို့သွားကြရာည ၁၀–နာရီလောက်မှရောက်၍ ရွှေကျင်ဆရာတော် သီတင်းသုံးတော်မူသော ကျောင်းတံခါးကို ခေါက်လျှင် ဘယ်သူတုံးဟု မေးတော်မူ၏။ ဘုရားတပည့်တော် ရာဓပါဘုရား၊ အနို့ ဘာကိစ္စ ရှိတုံး၊ အခြား အရေးကြီးသော ကိစ္စရှိ၍ လာပါကြောင်းလျှောက်မှ တံခါးဖွင့်တော်မူသည်။

ဘုန်းတော်ကြီး ဦးမဉ္ဇူက ကသာစားမင်းသား၏ အကျီကိစ္စနှင့် ပတ်သက်၍ ဘုန်းကြီး ၃–ပါးကို ကြံရာပါဆို၍ ဖမ်းဆီးချုပ်နှောင်ထားပါသည်။ နက်ဖြန်နံနက် ၁၀–နာရီ ကွပ်မျက်ပါလိမ့်

မည်။ ဆရာတော်ဘုရား ကယ်တော်မူပါမည့်အကြောင်း လျှောက်ထားရာ "အင်းအင်း ကိုယ်ကျိုးနည်းလို့၊ ကိုယ်ကျိုးနည်းလို့၊ ဖြစ်မှဖြစ်ရပလေ၊ သာသနာ့ဒါယကာ သံဃာတွေ သတ်ပစ်ရင်တော့ ရာဇဝင်ရိုင်းတော့မည်"ဟုညည်းညူတော်မူကာ ကိုယ်တော်တို့က တပည့်တော်ကိုချည်း အားကိုးမနေကြနဲ့၊ ကူညီဖို့ ဆရာတော်များ ရှာကြဦး၊ ကိုင်း မိုးချုပ်လှပြီ ပြန်ကြပေတော့၊ နက်ဖြန်နံနက် ကြွလာခဲ့မည်ဟု မိန့်တော်မူလိုက်၏။

နောက်နေ့နံနက်၌ ခပ်စောစောပင် ရွှေကျင်ဆရာတော်ဘုရားသည် သုဓမ္မာဇရပ်သို့ ရောက်နေတော်မူနှင့်၏။ ၎င်းနောက် မတ္တရာဆရာတော်၊ မင်းတဲဆရာတော်၊ မန္တလာရာမဆရာတော်တို့ အသီးအသီး ကြွရောက်တော်မူလာကြသဖြင့် ထိုဆရာတော်များနှင့် အတူတကွ ဆွမ်းဘုဉ်းပေးတော်မူကြပြီး လျှင် နန်းတော်သို့ ကြွတော်မူကြကုန်၏။

နန်းတော်သို့ ရောက်သောအခါ ရွှေကျင်ဆရာတော်ဘုရားကြီးက မင်းတရားကြီးအား"ရဟန်းတွေကို ရာဇဝတ်ပြစ်မှုဖြင့် နက်ဖြန် ၁၀–နာရီ သတ်မည်ဟု ကြားသိရသည်။ မှန်ပါသလား"ဟု မေးမြန်းတော်မူရာ"ဒကာတော်မသိရပါ"ဟု လျှောက်၍ မိန်းမထိန်း ငလူကလေးကို မင်းတရားကြီး မေးတော်မူရသည်။ ဟုတ်မှန်ပါကြောင်းကို တင်လျှောက်ကာလမှ မင်းတရားကြီး အမှန်ကိုသိရသောဟူ၏။ ရွှေကျင်ဆရာတော်ဘုရားကြီးသည် မင်းတရားကြီးကို မြည်တွန်ဆုံးမတော်မူလေသည်။ မင်းတရားကြီးလည်း ဩဝါဒစကားကို ရိုသေစွာ ကြားနာပြီးနောက် ချုပ်နှောင်ထားသော ရဟန်းတော် ၃–ပါးကို လွှတ်စေအမိန့် ထုတ်ပြန်တော်မူလိုက်၏။ ရွှေကျင်ဆရာတော်ဘုရားသည် ထိုရဟန်းတော် ၃–ပါးကို ကိုယ်တိုင်ခေါ်ဆောင်တော်မူခဲ့သည်ဟူသတည်း။

### မတ္တရာမြို့ဝန်ဦးစံအုန်းကိုကယ်ခြင်း

မတ္တရာမြို့ဝန် ဦးစံအုန်းကား ရွှေကျင်ဆရာတော်ဘုရားကြီး၏ အစ်မကြီး အမယ်ခရုရ၏ သမီးလတ် အမယ်ဆွယ်၏ ခင်ပွန်းဖြစ်သည်။ ထိုမတ္တရာမြို့ဝန်သည် လူဆိုး သူခိုးတို့ကို မွေး၍ တိုင်းပြည်ကို ပုန်ကန်လိမ့်မည်ဟု ဘုရင်ရွှေနားကြားလေသည်။ ထို့ကြောင့် ဘုရင်မင်းမြတ်က အရှင်ဖမ်းစေ၍ သေမိန့်ချမှတ်ပြီး ထောင်၌ထားသည်။ ထိုအခါ မြို့ဝန်ကတော် အမယ်ဆွယ်သည် မည်သူ့ကိုမျှ အားကိုးရာမရသဖြင့် ဦးလေးတော်ဖြစ်သော ရွှေကျင်ဆရာတော်ဘုရားကြီးထံသို့လာ၍ အသက်ကယ်မပေးတော်မူပါမည့်အကြောင်း လျှောက်ထားရသည်။

ရွှေကျင် ဆရာတော်လည်း သနားတော်မူသဖြင့် ရွှေနန်းတော်သို့ ဝင်တော်မူသည်။ မင်းတရားကြီးက "ဘာအလိုရှိပါသလဲဘုရား"ဟု လျှောက်ထားသောအခါ "စံအုန်းအသက်လှူပါ"ဟု အမိန့်ရှိသည်။ မင်းတရားလည်း "စံအုန်းအသက်ကို ဆရာတော်အား လှူပါ၏ဘုရား"ဟု လျှောက်ထားကာ ဓိဂိတဒါန ပြုတော်မူသည်။

ရွှေကျင်ဆရာတော်ဘုရားသည် ဒကာစံအုန်းကို တရားဟော၍ နောင်အခါ ကောင်းမွန်စွာနေရန် အမိန့်ရှိသည်။ ဒကာစံအုန်းလည်း ကောင်းမွန်စွာနေရန် ဝန်ခံလေသည်။ နောက် အင်္ဂလိပ်မင်း တက်လာသောအခါ ဦးစံအုန်းသည် စဉ့်ကူးမြို့အုပ် ဖြစ်လေသည်။

### ဗိုလ်ရိုင်ကိုကယ်ခြင်း

ဗိုလ်ရိုင်ကား ရှမ်းမကား ပတ်ဝန်းကျင်ဒေသမှနေ၍ ဗြိတိသျှတို့ကို ဆန့်ကျင်တိုက်ခိုက်ခဲ့သော ဗိုလ်ရိုင်တည်း။ (မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၊ အပိုင်း(၂) နှာ ၃၁၀)။

ဗိုလ်ရိုင်သည် နမ်းအခွန်တော်များကို စားကားသဖြင့် ဘုရင်ကြီးက ဖမ်းကားသည်။ ထိုကိစ္စကို ရွှေကျင်ဆရာတော်ကြီး မသိဘဲ

ချမ်းသာကြီးဆရာတော်လျာ အရှင် ဇနိန္ဒတို့က ရွှေကျင်ဆရာတော်ကြီး အနေဖြင့် မေတ္တာစာ ရေးသွင်းကြ သောကြောင့် ဘုရင်ကြီးက လွှတ် စေ၍ "ရွှေကျင်ဆရာတော်ထံ အပ်ခဲ့"ဟု ဝန်များအား အမိန့်ပေး လေသည်။

ဆိုင်ရာ ဝန်များကလည်း ဗိုလ်ရိုင်ကိုခေါ်၍ ရွှေကျင် ဆရာ တော်ထံ သွားကြပြီး "ငရိုင်ရောက် ပါပြီဘုရား"လျှောက်ထားကြသည်။ ရွှေကျင် ဆရာတော်ကြီးလည်း အကြောင်းစုံ မသိရသေးဘဲ အလိုက် သင့် "ကပ္ပိယငရဲထံအပ်ခဲ့"ဟု မိန့်လိုက်ရသည်။ နောက်မှ အကြောင်းစုံကို စစ်ဆေးမေးမြန်း ကြည့်၍ သိရသောအခါ "ငါ့ ဂါထာတော်တော်မန်းကြ၊ အာဏာ စက်မလိုက်ဘဲနေမယ်"ဟုမိန့်တော် မူလေသည်။

## တံဆိပ်တော်ကိုပယ်လှန်ခြင်း

"ဥေယျမဇ္ဈာဘိမုနိဝရညာဏ ကိတ္တိ သိရိဓဇဓမ္မသေနာပတိ မဟာ ဓမ္မရာဇာဓိရာဇဂုရု သာသနာပိုင် ဆရာတော်ကြီးသည် ၁၂၂၇–ခုနှစ်၊ တပို့လဆန်း ၁–ရက် (၁၆–၁– ၁၈၆၆)က ပျံလွန်တော်မူသဖြင့် သာသနာပိုင် လစ်လပ်လျက်ရှိ သည်။ မင်းတုန်းမင်းတရားသည် သာသနာပိုင် လစ်လပ်လျက်ရှိ သည်မှာ ၆–နှစ်ရှိပြီဖြစ်၍ သာ သနာပြုဆရာတော်တို့ကို တံဆိပ် ဘွဲ့မည်ပေး၍ အရေးအရာ လွှဲအပ် မြဲ ထုံးစံရှိသည်နှင့်အညီ ရွှေကျင် ဆရာတော်အား သာသနာပြုတံဆိပ် ဆက်ကပ်၍ သာသနာပိုင်အပ်ရန် စီစဉ်သည်။ ထိုအစီအစဉ်ကို ရွှေ ကျင်ဆရာတော်က လက်မခံဘဲ ပယ်လှန်တော်မူသည်။

ရွှေကျင်ဆရာတော် ဤသို့ သာသနာပြုတံဆိပ်တော် လက်မခံ ဘဲ သာသနာပိုင်အလုပ်ကို ပယ်လှန် ခြင်းမှာ အောက်ပါအကြောင်းများ ဖြစ်ကြောင်း တွေ့ရသည်။

(၁) ရွှေကျင်ဆရာတော်ရေး သော "ခင်ကြီးထီပေါက်ဆေးဖော် နည်း"မည်သော စာတမ်း၌ "ဤ ဘဝအသက်ထက်ဆုံး၊ သံတုံး တံဆိပ် ထိပ်ကိုအရိုက်မခံပြီ၊ ဤ ဘဝအသက်ထက်ဆုံး မှူးမတ်တို့ ဆရာ ရာဇဝလ္လဘပုဂ္ဂိုလ် ငါမလုပ် ပြီ"ဟူသော မိဋ္ဌာန်ချက်များကို တွေ့ရသည်။

(၂) ရွှေကျင်ဆရာတော်သည် မင်းတုန်းမင်းကြီးအား သာသနာ တော် စင်ကြယ်ဆောင်ရွက်ရေးကိစ္စ တို့၌ လမ်းညွှန်ကူညီခဲ့သော်လည်း ကိုယ်တိုင် မင်းဆရာလုပ်ရန် ရည် ရွယ်ချက်မရှိပေ။ ရဟန်း ၅–ဝါရ သည်မှစ၍ အရညကင်ဓုတင် ဆောက်တည်ပြီးဖြစ်၍ တော ကျောင်း၌သာ နေလိုသော ဆန္ဒ ပြင်းထံလျက်ရှိသည်။ ရွှေကျင်တိုက် တည်ထောင်ပြီး မန္တလေးသို့ ပင့်စဉ်ကလည်း မိအိုဖအိုတို့ကို ငဲ့၍ သာ လိုက်ခဲ့ရသည်။ ထို့ကြောင့် "မိအို ဖအိုတို့ အသက်ထင်ရှားရှိစဉ် သာ မင်းနေပြည်မှာ နေပါမယ်"ဟု ဘုရားရှင်ထံ မိဋ္ဌာန်သစ္စာဆိုပြီး တောထွက်ဖို့ အကြံတော်ရှိသည်။

## တောထွက်တော်မူခြင်း

ရွှေကျင်ဆရာတော်ကြီးသည် သာသနာတော်မြတ်၏ ဝန်ကို ရွက် ဆောင်အားထုတ်သည့် အရာ ဂဏပလိဗောဓ ကြောင့်ကြနှိပ်စက် ပင်ပန်းခြင်းဖြစ်တော်မူရကား ၁၂၃၆–ခု သက်တော် ၅၃–နှစ်၊ သိက္ခာတော် ၃၃–ရှိသည့် အခါ ရတနာပုံနေပြည်တော် မန္တလေးမြို့ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မှ ဖဲခွာ၍ ကီနုရာတောင်၊ ရေတံခွန် တောင်၊ ကျောက်ကြီးတောင်၊ စဉ့် ကိုင်တောရ၊ ကုက္ကိုချောင်တောရ တိုက်တို့၌ သီတင်းသုံး၍ ဘာဝနာ နိဝါသဖြင့် ဝိပဿနာဓုရကို ဆောင် ရွက်တော်မူသည်။

"သုလဒ္ဓံ ဝတ ဘော၊ သုလဒ္ဓံ
ဝတ ဘော–ဟု၊ မြိုင်တောကြီး
လယ်၊ ဝမ်းမြောက်ဖွယ်ကို၊
တကယ်ရဟန်း၊ ညနေချမ်း
တွင်၊ ဥဒါန်းမြွက်ဆို၊ ငါ၏
ကိုယ်၌၊ နဂိုသီလ၊ စင်ကြယ်
လှ၏၊ တေရသလျှင်၊ မြဲဓုတင်
နှင့်၊ ဆင်ခြင်ပစ္စဝေက်၊ ည

နံနက်လည်း၊ တံမြက်လှည်း
ဝတ်၊ ရေတည်ဝတ်ကို၊ မချွတ်
စေရ၊ သန္တောသမီ၊ သန္တုဋ္ဌိဟု၊
ဖြည့်ညီပျော်မွေ့၊ ရသရွှေ့ဖြင့်၊
ညနေ့ရောင့်ရဲ၊ ဖော်သဟဲကင်း၊
ယောက်ထဲချမ်းသာ၊ အား
ထုတ်ပါမှ၊ ပြည်သာနိဗ္ဗာန်၊
ရောက်မည်မှန်၏" ရေးတော်
မူသည့်အတိုင်း ကိုယ်တော်
တိုင် လက်တွေ့ကျင့်သုံးတော်
မူခြင်းပင် ဖြစ်သည်။

## မင်းကေရာဇ်ထံမေတ္တာစာသွင်း

ရွှေကျင်ဆရာတော်ဘုရားသည် မင်းရောဇ်ထံသို့လည်း တောထွက်မည့်အကြောင်း အသိပေးပန်ကြား၍ သတိပေးဆုံးမသည့် ဩဝါဒ မေတ္တာစာသွင်းသည်။ ထိုစာ၌—

ဆရာ ယခု ရေးအခါကြုံစည်ရင်းရှိသည့်အတိုင်း ဒုလာရောဂါ သက်သာခိုက် သပ္ပါယအကြောင်း ကြုံကြိုက်၍ သဒ္ဓါဆန္ဒအလိုက် စွမ်းနိုင်သမျှ တောအရပ်သို့ သွားလာလှည့်လည်နေထိုင်လိုသေးကြောင်း။

ရံခါရံခါလည်း ဒုလာရောဂါကြီး ပေါ်လာတတ်သည်ဖြစ်၍ ရောဂါဝေဒနာ မသက်မသာမစွမ်းနိုင်သည့်အခါများကြီး မကြာနေရင်း တိုက်တာသို့လည်း လာစရာရှိသည် အကြောင်း။

ဆရာမရှိသည့်အခိုက် သတိ အရေးကြီးကြောင်း။

မနိုပ်သင့်သော မှူးမက်ပညာရှိ အမှုတော်ထမ်း ကျွန်တော်မျိုးကိုကို နှိပ်နင်းပယ်ချ နိဂ္ဂဟမပြုမိအောင်၊ မချီးမြှောက်ထိုက်သော သူတို့ကိုလည်း အလွန်အကြူး အလူး မြှောက်စားခြင်း ပဂ္ဂဟမပြုမိအောင် သတိထားရန် အကြောင်း။

ကေသရာဇာခြင်္သေ့မင်း၏ အာခေါင်ကြား၌ ကပ်ငြိစူးဝင်သော အရိုးဆူးကို နှုတ်ဝံ့သူ အလွန်ရနိုင်ခဲသကဲ့သို့ ပြည်ကြီးသနင်း မင်းကေရာဇ်တို့၏ သတိမှောက်မှားသည့် အရာဌာနများကို ဆီးတားကန့်မြစ်ဝံ့သူ အလွန်ရနိုင်ခဲသည်များကို နှလုံးထား၍ ရာဇဓမ္မတရား မပျက်မပြားရအောင် အခါခပ်သိမ်း သတိပေးအပ်သည့်အကြောင်း၊ ရှေးဘုရားအလောင်း မင်းကောင်း မင်းမြတ်တို့တံတွာ မပညတ်သေးသော ဥပဒေများ မပညတ်ဘဲ ရှေးပညတ်ပြီး ဥပဒေများကိုလည်း မပျက်စီးစေဘဲ ကျင့်ဆောင်ရန်အကြောင်း။

အမှုထမ်း ကျွန်တော်မျိုးတို့ မများလောက်သင့်ဘဲ များယွင်းသည့် အရာများ တွေ့ကြုံသည့်အခါမှာလည်း ဤသတ္တဝါသည် မိမိချမ်းသာရာကို လွန်စွာ တောင့်တသည် ဖြစ်လျက် မိမိ၏ အသက်စည်းစိမ် အန္တရာယ်ကြီးကျယ်စွာသော ဘေးရောက်မည်ကို လွန်စွာကြောက်ပေနှင့် တတ်ရှာသည်ဖြစ်လျက် ယခုဘဝ လောဘ ဒေါသအကုသိုလ်အကွက် ရှေးဝိပါက်ကံဟောင်းလည်း နှိပ်စက်၍ မိမိပျက်စီးစရာအကြောင်းကို မိမိပြုမိရှာလေပြီဟု နှလုံးထား၍ လွန်စွာ သနားသည်းခံမိအောင် သတိဆောင်အပ်သည်အကြောင်း။

သင်္ခါရုပေက္ခာဉာဏ် ဒေသနာ လာရှိသည့်အတိုင်း ပုဂ္ဂိုလ်သတ္တဝါ ငါသူတစ်ပါး ငါ, ငါ၏ဥစ္စာ ဘယ်ဟာတစ်ခုမရှိဟု သင်္ခါရုပေက္ခာ ဉာဏ်ဖြစ်စေခြင်းငှာ လွန်စွာ သတိဆောင်အပ်သည့်အကြောင်း သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်ဟု ပါရှိသည်။

## တောထွက်ရာဌာနများ

ရွှေကျင်ဆရာတော်ဘုရားကြီး တောထွက်ရာဌာနများမှာ ကိန္နရာတောင်၊ ရေကံခွန်တောင်၊ ကျောက်ကြီးတောင်၊ စဉ့်ကိုင်တောရ၊ ကုက္ကိုချောင်တောရမှ နောက်ဆုံး မင်းလှမြို့ အရှေ့ကောင် နွားလဲတောင်တောရအထိ ဖြစ်သည်။

ဆရာတော်ဘုရားကြီးသည် တစ်နေရာ တစ်ဌာနတည်း၌ ကြာကြာသီတင်းသုံးခြင်းမပြုဘဲ သင့်လျော်လိမ့်မည်အထင်ရှိရာ အရပ်တို့သို့ ရွှေ့ပြောင်းသီတင်းသုံးတော်မူသည်။ ကိန္နရာတောင်၌ သီတင်းသုံးနေရာမှ ကပ္ပိယအများ ဆွေတော်မျိုးတော်များနှင့် ကေရာဇ်မင်းတရားကို၏ တောင်းပန်ချက်ဖြင့် စဉ့်ကိုင်ရွာ၏ တောင်ဘက်

ဇောဓိချောင်တောရသို့ ရွှေ့ပြောင်း သီတင်းသုံးတော်မူသည်။ သို့သော် ဂဏပလိဗောဓဂိုဏ်းဆိုင်ရာ ကိစ္စများကြောင့် မြို့တော်သို့ ပြန်ပြန်ကြွနေရသဖြင့် ဓမ္မ၏အန္တရာယ်ဖြစ်လျက်ရှိသည်။

ဤအချက်နှင့်စပ်၍ ပဌမရွှေကျင် သာသနာပိုင် ချမ်းသာကြီးဆရာတော်ကြီး၏ မှတ်တမ်းကို အောက်ပါအတိုင်း တွေ့ရသည်။

"ဦးဇနိန္ဒမှာ ရွှေကျင်ဆရာတော်ကြီး စဉ့်ကိုင်ဂူမှာနေတော်မူသောအခါ ဆရာတော်ကြီးထံ စဉ့်ကိုင်ဂူသို့ သွားနေ၏။ ဆရာတော်ကြီး မြို့သို့ကြွရောက်ပြီး ပြန်လည်တော်မူသောအခါ စဉ့်ကိုင်ဂူသို့ ရောက်မလာ၊ ကုက္ကိုချောင် ဆောင်ပေါ်မှာ ဂူဖောက်၍ နေ၏။ စဉ့်ကိုင်ဂူကိုသော ရေစက်မချရသေးပါ။ ကုက္ကိုချောင်တော်ပေါ်မှာ ရေရှားလှပါသည်ဟု ဦးနရိန္ဒနှင့်သွား၍ လျှောက်ထားကြသောအခါ "ဂူဖောက်၍ နေသည်ကို ဦးပဥ္စင်းတို့က ဝမ်းသာရမည်။ ငါတို့ဆရာ ဤဂူကြီးကို စုံမက်၍ အောက်ပြည်အောက်ရွာ မသွားပေဘူးဟု မှတ်ရမည်။ စဉ့်ကိုင်ကျောင်းဒကာတို့၏သား ဖိုးသူတော်လေးများကို စာချ၍ နေကြလေ"ဟု မှာတော်မူလိုက်၏။

ဤသို့ ကိန္နရာတောင်မှ ကုက္ကိုချောင်တောရအထိ လှည့်လည်သီတင်းသုံးရင်း (၂)နှစ်တာကာလ အချိန်ကုန်လွန်သွားသည်။

ယခုအခါ ကုက္ကိုချောင်တောရ၌လည်း ဂဏပလိဗောဓကြောင့်ကြမှု မကင်းသောကြောင့် တဖြည်းဖြည်းချင်း ဧရာဝတီမြစ်ကို စုံဆင်းရင်း မြစ်ရိုးတစ်လျှောက် သင့်လျော်လိမ့်မည့် အထင်ရှိရာ အရပ်တို့သို့ ရောက်လေတိုင်း မြစ်၏အရှေ့ဘက် အနောက်ဘက် အခါခါ ကမ်းသို့တက်၍ လှည့်လည် ရှာဖွေသော်လည်း စိတ်တိုင်းကျ သင့်လျော်ရာ သပ္ပါယဌာနကို မတွေ့သဖြင့် ဆက်လက် စုံဆင်းလာရာ မင်းလှရွာသို့ ရောက်လာတော့သည်။

[illegible] တောင်အရပ်—

(၁) မဟာပါသာဒတောင်၊

(၂) အင်ကြင်းတောင်၊

(၃) နွားလန်တောင်ဟု ဆိုအပ်သော တောင်သုံးလုံးတို့၏အကြား နန္ဒမူလိုဏ် မဥ္ဇူသကကျောင်း၌ သီတင်းသုံးတော်မူသည်။

## သီရိလင်္ကာနိုင်ငံသို့ကြွ

ဆရာတော်သည် မင်းတရားကြီးထံသို့ ခတ္တိယောဝါဒ ကျမ်းစာဖြင့် ဩဝါဒပေးခဲ့ပြီး အနှစ်နှစ်အလလက တောင့်တခဲ့သော စွယ်တော်ဓာတ်ဖူးမြော်ရေး ခရီးစဉ်ကို သာသနာနှစ် ၂၄၂၁–ခု၊ မြန်မာနှစ် ၁၂၃၉–ခုနှစ်၊ တပို့တွဲလတွင် စတင်ခဲ့သည်။ ဆရာတော်ဘုရားကြီး ကြွတော်မူမည့် ဤခရီးစဉ်ကို မင်းတရားကြီးကလည်းကောင်း၊ ဆွေမျိုးသားချင်း အလုပ်အကျွေး ဒကာ ဒကာမတို့ကလည်းကောင်း စိုးရိမ်ကြောင့်ကြမှုဖြင့် တားမြစ်ခဲ့ကြ၏။

ထို့ကြောင့် ဆရာတော်ဘုရားကြီးသည် ညဥ့်အခါ၌ တိတ်တဆိတ်ကြွတော်မူသည်။ ရန်ကုန်မြို့သို့ရောက်သောအခါ ကျောင်းတော်ရာ ရွှေကျင်တိုက်၌ ၁၅–ရက်မျှနားနေ၍ဖိတ်ကြားသော ပဝါရိတကပ္ပိယကာရက တို့ဖြင့် သင်္ဘောခရီးစဉ်ကိစ္စ၊ တည်းခိုနေထိုင်ရေးကိစ္စ၊ စွယ်တော်ဓာတ်ဖူးမြော်ရေးကိစ္စ၊ ဝါဆိုသီတင်းသုံးနိုင်ရေးကိစ္စတို့ကိုစီစဉ်၍ ပြည့်စုံလျှင် မီးသင်္ဘောဖြင့် ခရီးဆက်တော်မူသည်။ ဆရာတော်ဘုရားကြီး၏နောက်၌ ရဟန်း ၄–ပါး၊ ကပ္ပိယကာရက ဒကာ ၅–ယောက်တို့ လိုက်ပါကြသည်။

ခရီးသွားတို့၏အကြား နေရာထိုင်ခင်းကျဉ်းကျပ်သောကြောင့်လည်းကောင်း၊ လူမျိုးခြား ဘာသာခြားတို့အကြား၌ လိုက်ပါရခြင်းကြောင့်လည်းကောင်း၊ ဝိနည်း

စည်းကမ်းကို လုံခြုံစွာ ထိန်းသိမ်း ရသောကြောင့်လည်းကောင်း လွန်စွာဆင်းရဲတော်မူသည်။ သမုဒ္ဒရာ၌ ရက်ပေါင်း ၂၀-တိတိ ကမ်းမမြင်ရ၊ သင်္ဘောထွက်ချိန်မှစ၍ ၂၅-ရက်မြောက်သောနေ့ရောက်မှ သီရိလင်္ကာနိုင်ငံ ဂါလုမြို့သို့ ရောက်သည်။

တစ်ခုသော ဥယျာဉ်၌ ၇-ရက်မျှနားနေ အပန်းဖြေပြီး လေရောဂါကို သက်သာစေ၍ ဂါလုမြို့မှ ကိုလမ္ဗာမြို့သို့ စေတော်မူသည်။ ကြွရင်း လမ်း၌ သီရိလင်္ကာနိုင်ငံသား ရဟန်းရှင်လူတို့အား သင့်လျော်သော တရားစကားတို့ကို ချီးမြှင့်တော်မူသည်။ ကိုလမ္ဗာမြို့သို့ ရောက်သောအခါ တစ်ယောက်သော အမတ်၏ ဆိတ်ငြိမ်ရာ မွေ့လျော်ဖွယ်ရာရှိသော ဥယျာဉ်၌ ၇-ရက်၊ ၈-ရက် နားနေသည်။

ဘုရားရှင် စွယ်တော်ဓာတ် ပူဇော်ရန် ထိုစွယ်တော်နှင့် ထိုက်တန်သော ဆန်းကြယ်၍ အဖိုးများစွာ ထိုက်တန်သည့် အမျိုးမျိုးသောထီး တံခွန် ကုက္ကား အစရှိသည့် များစွာသော ပူဇော်ဖွယ်ဝတ္ထုတို့ကို ဖိတ်မန်ထားသူ ပဝါရိတဒါယကာတို့အား စီမံဆောင်ရွက်စေသည်။ လာသမျှသော ရဟန်းရှင်လူတို့အား တရားဟောတော်မူသည်။ ကိုလမ္ဗာမြို့မှ သေခဏ္ဍာသေလ (ကန္ဒီ)မြို့သို့ မီးရထားဖြင့် ကြွတော်မူသည်။ သေခဏ္ဍာသေလ (ကန္ဒီ)မြို့သို့ ရောက်သောအခါ စွယ်တော်ထိန်း မထေရ်ကြီး ၂-ပါးနှင့် အမတ်ကြီးတို့ထံ သာသနာနှစ် ၂၄၂၁-ခု၊ မြန်မာနှစ် ၁၂၄၀-ပြည့်၊ ကဆုန်လဆန်း ၈-ရက်နေ့တွင် စွယ်တော်ဓာတ်ကို ပူဇော်ရန် ပန်ကြားလွှာ သန္ဒေသကထာကို ပို့တော်မူသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် စွယ်တော်ထိန်း မထေရ်ကြီး ၂-ပါးနှင့် ပဓာနအမတ်ထံမှ အခွင့်ရလျှင် စွယ်တော်ကို ရွှေကြုတ်မှ ဖွင့်ထုတ်ပင့်ဆောင်၍ စွယ်တော်ဓာတ်ကို အဖိုးများစွာထိုက်၍ အလွန်ကောင်းမြတ်သော တင့်တင့်တယ်တယ်ကြည်ညိုဖွယ်ရှိသည့် ထီးဖြူတော် ၈-လက်၊ မျက်နှာကြက်တော်ကြီး ၆-ခု၊ တံခွန်ကုက္ကားများစွာတို့ဖြင့် တန်ဆာဆင်အပ်သော ဆန် ၁၀-တင်းချက် ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် ခင်းကျင်းစီမံအပ်သည့် ဆွမ်းတော်ကြီးပွဲများကို ကပ်လှူ၍ အရာမကများစွာသော ဆီမီး၊ ဆီမီးတိုင်၊ ပန်း၊ နံ့သာတို့ဖြင့် ပူဇော်တော်မူသည်။

ထိုသေခဏ္ဍာသေလ(ကန္ဒီ)မြို့မှ ပြန်ကြွသောအခါ လမ်းခရီးအကြား၌ ထိုထို မြို့ရွာ နိဂုံး ထိုထိုအရပ်တို့၌ လာလာသမျှသော ရဟန်းရှင်လူတို့ကို သင့်လျော်သော တရားတို့ကို ဟောပြောဆုံးမရင်း ဖြည်းဖြည်းသက်သာ ကြွတော်မူရင်း ဝါဆို သီတင်းသုံးတော်မူမည့် ဝါလုကာဟိတ္တရွာသို့ ရောက်ပြီး ထိုရွာအနီး ရာဇပက္ခအမတ် စိုက်ပျိုးတည်ထောင်ထားသော အုန်းတောဖြင့် နှလုံးမွေ့လျော်ဖွယ် အလွန်တင့်တယ်သောတောင်၌ ထိုရာဇပက္ခ ဆောက်လုပ်အပ်သော ကျောင်း၌ သီတင်းသုံးတော်မူသည်။ ဆရာတော်ဘုရားကြီးသည် ၁၂၄၀-ပြည့် ဝါဆို ဝါလုကာဟိတ္တရွာ ရာဇပက္ခအမတ်၏ အုန်းတောဥယျာဉ်ကျောင်း၌ ဝါကပ်တော်မူသည်။

## မြန်မာပြည်သို့ပြန်ကြွ

ရွှေကျင် ဆရာတော်သည် ၁၂၄၀-ပြည့်နှစ် ဝါကျွတ်ပြီးသောအခါ မြန်မာပြည်သို့ ပြန်ကြွရန် စီစဉ်တော်မူသည်။ ထိုအခါ မိမိသီတင်းသုံးဆဲဖြစ်သော အုန်းတောကျောင်း၏ ကျောင်းဒကာ ရာဇပက္ခအမတ်က မြန်မာပြည်သို့ ပြန်ရောက်သောအခါ သီရိလင်္ကာနိုင်ငံ၌ စီစဉ်ရေးသားအပ်ပြီးသော လင်္ကာသာသန ဝိသုဒ္ဓိကထာကျမ်းကို ပုံနှိပ်ပြီး သီရိလင်္ကာနိုင်ငံသို့ ပို့ပေးတော်မူပါရန် တောင်းပန်လျှောက်ထားသည်။

ထိုလျှောက်ထား တောင်းပန်ချက်ကို လက်ခံ၍ မီးသင်္ဘောဖြင့်

မြန်မာပြည်သို့ ပြန်ကြွတော်မူသည်။

၁၂၄၁–ခုနှစ်၊ မင်းလှရွာ နန္ဒမူလိုဏ် မဥ္ဇူသကကျောင်း၌ ဝါကပ် သီးတင်းသုံးတော်မူသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် သီရိလင်္ကာနိုင်ငံ ဝါလုကာတိတ္ထရွာ အုန်းတောကျောင်း ဒကာရာဇပက္ခအမတ် လျှောက်ထားတောင်းပန်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ရန်ကုန်မြို့သို့ ပြန်ကြွ၍ မင်းတုန်းမင်းတရားကြီး လှူဒါန်းအပ်သော မြေပေါ်၌ ရတနာသုံးပါးကို ဆည်းကပ်ကြသည့် ဒကာတို့ တည်ထောင် ဆောက်လုပ်အပ်သော "မဟာဓမ္မဒီပိကာရာမ" ကျောင်းတိုက်၌ မိမိအတွက် သီးသန့်ပြုလုပ်အပ်သော လိုဏ်ဂူ၌ သီတင်းသုံးတော်မူပြီး "လင်္ကာသာသနဝိသုဒ္ဓိကထာ"ကျမ်းကို ပုံနှိပ်စေသည်။

မြန်မာသံတော်ဆင့် ပုံနှိပ်တိုက်၌ ပုံနှိပ်သည်။

၁၂၄၁–ခု၊ နှောင်းတန်ခူးလဆုတ် ၁၀(၃–၄–၁၈၈၀)ရက် စနေနေ့တွင် ပြီးသည်။

**ကျောင်းတော်ရာ**

**ရွှေကျင်တိုက်လဲ**

ရွှေကျင်ဆရာတော်သည် မန္တလေး ရွှေကျင် ၅–တိုက်အပါအဝင် မှိုင်းလုံ(ထရံကာ)တိုက်၌ စာချဘုန်းကြီးအဖြစ် တာဝန်ပေးထားခဲ့ရာမှ ထွက်လာပြီး မလွန်မြို့မင်းလှရွာကြီးမှ တာ ၇၀၀–ကွာဝေးသော နတ်လယ်လူးတောရ၌ တရားအားထုတ်သောအရှင်သာသနကို ခေါ်၍ ရန်ကုန်မြို့"ကျောင်းတော်ရာ မဟာဓမ္မဒီပိကာရာမ" ကျောင်းတိုက်ကြီးကို အုပ်ချုပ်သာသနာပြုရန် တာဝန်အပ်နှင်းတော်မူသည်။ တာဝန်အပ်နှင်းသည့်ရက်စွဲမှာ ၁၂၄၂ခု၊ နတ်တော်လပြည့်ကျော် ၁၂(၁၈၈၀–ဒီဇင်ဘာ၂၈)ရက် အင်္ဂါနေ့ ဖြစ်သည်။

ကျောင်းတော်ရာမြေမှာ ရန်ကုန်မြို့ မဟာမင်းကြီး အီဒင်လက်ထက်မင်းတုန်းမင်းတရားကြီးက ကျောင်းတော် ဆောက်လုပ်သာသနာပြုရန် မဟာသီရိဘောဂသာရ ဘွဲ့ခံသေဌေး ဦးစံကို ကိုယ်စားလှယ်အဖြစ်စေလွှတ်၍ တောင်းခံခဲ့ရာ မြေတိုင်းမင်းကြီးနှင့်တကွ [illegible] ကြီး ကံမကောင်တို့ သေဌေး ဦးစံနှင့်အတူ တိုင်းတာ၍ ပတ်လည်နိမိတ် သတ်မှတ်ပိုင်းခြားပြီး မန္တလေးရတနာပုံမြို့တည် နန်းတည် ပဥ္စမ သင်္ဂါယနာတင် မင်းတရားကြီးအား အပိုင်ဆက်သထားသော မြေဖြစ်သည်။

အရှင်သာသနသည် ရွှေကျင် ဆရာတော် ချီးမြှင့်အပ်နှင်းသောတာဝန်ကို အလွန်ကြည်ဖြူရှိသေစွာခံယူလျက် ၁၈–ဝါမြောက်ဖြစ်သော ၁၂၄၂–ခု၊ ပြာသိုလဆန်း ၂–(၁၈၈၁–ဇန်နဝါရီ–၁)ရက် စနေနေ့ကစ၍ မဟာဒီပိကာရာမ ကျောင်းတော်ရာ ရွှေကျင်တိုက်ကြီးကို လက်ခံအုပ်ချုပ် သာသနာပြုတော်မူသည်။

**၉–ဌာန သာသနာပြု**

ရွှေကျင်ဆရာတော်သည် သီပေါမင်းက ၉–ဌာန သာသနာပြုတော်မူပါရန်တောင်းပန်ခြင်းကြောင့် မင်းလှရွာ နွားလန်တောင်တောရ နန္ဒမူလိုဏ် မဥ္ဇူသကကျောင်းမှ မန္တလေးရတနာပုံ ရွှေကျင်တိုက်သို့ ပြန်လည်ကြွရောက်တော်မူလာပြီး–

(၁) သာသနာပြုရန် နယ်ပယ်ပိုင်းခြား သတ်မှတ်ခြင်း၊

(၂) သာသနာပြု ခေါင်းဆောင်များကို စိစစ်ရွေးချယ်ခြင်း ကိစ္စတို့ကို ဆက်တိုက်ဆောင်ရွက်တော်မူသည်။

**ရွှေကျင်ဆရာတော်အား**

**သာသနာပြုအပ်ခြင်း**

သီပေါမင်း တရားသည် ၁၂၄၃–ခုနှစ်တွင် ရွှေကျင်ဆရာတော်ဘုရားကြီးကို မင်းလှရွာ နွားလန်တောင်တောရ နန္ဒမူလိုဏ် မဥ္ဇူသက ကျောင်းတော်မှ မန္တလေးရတနာပုံနေပြည်တော်သို့ပင့်၍ မိမိပိုင် နိုင်ငံတော်အတွင်း၌ ၉–ဌာနခွဲဝေပြီး သာသနာပြု စောင့်ရှောက်ပေးတော်မူပါရန် လျှောက်ထားကာသာသနာပြုစေခဲ့ပြီး ဖြစ်သော်လည်း တရားဝင် သာသနာပိုင် ခန့်အပ်

ခြင်း၊ သာသနာပိုင်တံဆိပ် ကပ်လှူခြင်းများ မပြုသေးပေ။

ထိုကိစ္စကို ၁၂၄၄–ခု၊ တပေါင်းလဆန်း ၁၁(၁၈၈၃–ဖေဖော်ဝါရီ ၁၆)ရက် ရောက်မှသာ ဆောင်ရွက်သည်။ ဆောင်ရွက်ပုံမှာ သုဓမ္မာဇရပ်တော်၌ တံဆိပ်တော်ရ ဆရာတော်များ အစုံအညီရှေ့တွင် တောင်တော် ဆရာတော်"မာလာလင်္ကာရ သီရိဓဇမဟာရာဇဂုရုအား မာလာလင်္ကာရ သာသနဓဇဓမ္မသေနာပတိ မဟာ ဓမ္မရာဇာဓိရာဇဂုရု" ဟူသော သာသနာပိုင် တံဆိပ်တော်ကို လည်းကောင်း၊ ရွှေကျင်ဆရာတော်အား "ဇာဂရာဘိဓေ သာသနပါလ ဓမ္မ သေနာပတိ မဟာ ဓမ္မ ရာဇာဓိ ရာဇာဂုရု"ဟူသော သာသနာပိုင် တံဆိပ်တော်ကို လည်းကောင်း ဆက်ကပ်ပြီး သာသနာပြုအပ်သည့် အမိန့်တော်ပြန်တမ်းကို ဖတ်ကြားစေ၍ သာသနာပြု အပ်နှင်းတော်မူသည်။

**မင်းကွန်းငွေတောင်တောရသို့ တောထွက်တော်မူခြင်း**

သီပေါမင်းတရားသည် မိမိ ထီးနန်းစည်းစိမ်ကို မစွန့်ရမီ တစ်နှစ်တိတိအလိုဖြစ်သော၁၂၄၆–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်(၁၈၈၄–နိုဝင်ဘာ–၈) ရက်စနေနေ့တွင် ဆရာတော် ၈၀–ပါးကျော်တို့အား အဆင့် ၆ဆင့်ခွဲ၍ တံဆိပ်ဆက်ကပ်လှူဒါန်းသည်။

သက်တော် ၆၂နှစ်၊သိက္ခာတော် ၄၂–ဝါရရှိပြီဖြစ်သော ရွှေကျင်ဆရာတော်ဘုရားကြီးသည် မိမိအားလှူဒါန်းသည့် "ဇာဂရာ ဘိကဝိဓဇ သဒ္ဓမ္မဝံသ ဓမ္မသေနာပတိအတုလဓိပတိ သီရိပဝရမဟာ ဓမ္မရာဇာဓိရာဇဂုရု" ဟူသော အက္ခရာ ၄၁ လုံးရှိသည့် သာသနာပိုင်တံဆိပ်ပေဟ်ကြီးကို တက်ရောက်အလှူခံခြင်းမပြုဘဲ ထိုတံဆိပ်ကပ်လှူသည့်နေ့မှာပင် ရတနာပုံနေပြည်တော် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မမှ ဖဲခွာ၍ ရေဝတီမြစ်၏ အနောက်ဘက် မင်းကွန်းရွာ ငွေတောင်တောရသို့ မိမိ၏ ကြွင်းကျန်သော သက်တော် ၉–နှစ် ၄လဟူသောကာလကို ကုန်လွန်စေရန် ကြွသွားတော်မူသည်။

ဆရာတော်ဘုရားကြီးကား လေးညို့မှလွတ်လေပြီးသော မြား၊ အဖော်အပေါင်းမှ ခွဲခွာလေ ပြီးသော ဆင်ပြောင်ကြီးပမာ အတွယ်အတာမရှိ မိမိလိုရာဖြစ်သော သေနာသနရုက္ခမူလ ကောင်စွယ်တော်တန်း ချောက်ကမ်းလျှိုမြောင်၊ ချောင်နှင့်ဥမင်၊တောင်စဉ်ရှိုင်းချိုင့်များ၌ ကေစာရီယောဂီ ယုံးစံနည်းခံကျင့်သုံးနိုင်ပါပေစွ။

**ပဋ္ဌိစ္စသမုပ္ပါဒနယဒီပနီကျမ်းပြု**

ရွှေကျင် ဆရာတော်ဘုရားကြီးသည် မင်းကွန်းရွာ အနောက်ဘက်ရှိမင်းကွန်းတောင်ရိုးငွေတောင် တောရသို့ရောက်လျှင် သီပေါ မင်း၏ မိဖုရားခေါင်းကြီး စုဖုရားလတ်၏မယ်တော် ဆင်ဖြူမရှင် မိဖုရားကြီး၏ တောင်းပန်လျှောက် ထားချက်အရ "ပဋိစ္စသမုပ္ပါဒနယ ဒီပနီ"ကျမ်းကို ရေးသား ပြုစုတော်မူသည်။

**ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတာ ဒီပနီကျမ်း**

အလွန်မြင်နိုင်ခဲသော အရာ ၄ဌာန နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးမှာ–

(၁) ပဋိစ္စသမုပ္ပါဒ်အရာဌာန

(၂) နိဗ္ဗာန်ဟူသော အရာဌာန

တို့ ဖြစ်သည်။ ထို ၂–ဌာနတို့တွင် သဗ္ဗညုဘုရားတို့၏ ငြိမ်သက်ရာ၊ ဥပဓိ ၄–ပါးတို့ကို ပယ်စွန့်ရာ၊ တဏှာ၏ကုန်ရာ၊ တဏှာကင်းရာ၊ သခ်ါရအားလုံးတို့၏ ချုပ်ရာ နိဗ္ဗာန်သည် ပို၍ အသိအမြင်ခက်လှသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် သိမြင်နိုင်ရန် ခဲယဉ်းလှသော ပဋိစ္စ သမုပ္ပာဒ်အရာဌာနကို ပဋိစ္စသမုပ္ပာဒနယဒီပနီကျမ်းဖြင့် ဖွင့်ဆိုရေးသားပြီးနောက်–

ထိုကက်များစွာပို၍ ခက်ခဲလှသော နိဗ္ဗာနဓာတ်ဆိုင်ရာကို ဤဗုဒ္ဓသာသနာ၌ အကျယ်ဝန်းဆုံးပြဆိုသည့် "ဂမ္ဘီရာဂမ္ဘီရနိဗ္ဗုတာ ဒီပနီ

ကျမ်း"ကြီးကို ပြုစုတော်မူသည်။

**မဟာသိဿကောဝါဒကျမ်း**

မဟာသိဿကောဝါဒကျမ်းကား မြန်မာနိုင်ငံတော် သာသနာ့သမိုင်း၌ စံတင်ရမည့် အနုသာသနမဟာကာဗျကျမ်းကြီးပင် ဖြစ်သည်။ ပဇ္ဇကာဗျ၊ ဂဇ္ဇကာဗျ၊ ဝိမိဿကာဗျဟူသော ကာဗျအမျိုးအစား ၃–မျိုးတွင် ဝိမိဿကာဗျအမျိုးအစား၌ ပါဝင်သည်။

ရွှေကျင်ဆရာတော်ကြီးသည် ဤမဟာကာဗျ ကျမ်းကြီးဖြင့် မြန်မာနိုင်ငံ သီရိလင်္ကာနိုင်ငံရှိ တပည့် ရဟန်းသာမဏေ လူပုဂ္ဂိုလ်တို့အား မိမိ၏ပေါင်းသင်းဆက်ဆံရေးဆိုင်ရာမူဝါဒကို ညွှန်ပြဆုံးမတော်မူသည်။ ထိုသို့ မိမိ၏ ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ မူဝါဒကို ပြဆိုဆုံးမရာ၌ ဖြုန်းဖြုန်း ဒိုင်းဒိုင်းကြီး ပြဆိုဆုံးမခြင်း မပြုသေးဘဲ ပညာရှိဖွယ်ရာ နာကြားရသူ တပည့်တို့ နားဝင်လာအောင်–

(၁) ကာမာနံအာဒီနဝကထာ

(၂) သီလသံဝရကထာ

(၃) ပဏ္ဍိတုပသေဝနကထာ

(၄) ဗာလာနုပသေဝနကထာ

(၅) ခန္တီသံဝရကထာ

(၆) ပကိဏ္ဏကကထာ

ရှေ့ပိုင်းတို့ဖြင့် အမျိုးမျိုး ဖျောင်းဖျမိန့်ဆိုပြီးခါမှ ပကိဏ္ဏကကထာ နောက်ပိုင်းစကားများဖြင့် မိမိ၏ သံဝါသဆိုင်ရာ "ပေါင်းသင်း ဆက်ဆံရေးမူဝါဒ"ကို ညွှန်ပြဆုံးမတော်မူထားသည်။

ထိုသို့ ညွှန်ပြဆုံးမရာ၌ လွန်စွာ သုတိသာသည့် ပါဠိဝေါဟာရ၊ မြန်မာဝေါဟာရတို့ကို ကျွမ်းကျင်လိမ္မာစွာဖြင့် အသုံးပြုပြီး သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရတို့ဖြင့် တန်ဆာဆင်အပ်သော ယမက ဂါထာ အဖွဲ့အနွဲ့တို့ဖြင့် ဖတ်ရသူ နာရသူ တို့ နားမဝင်မရှိစေရအောင် ရေး သားညွှန်ပြဆုံးမတော်မူထားလေသည်။

ဤကျမ်းကို လေ့လာခြင်းဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီး၏ ကဝိတို့တံထွာ သဒ္ဒါအရာ ဆန်းအရာ အလင်္ကာအရာတို့၌ နိုင်နင်းလှပုံ၊ ပိဋကတ်အရာ၌ နှံ့စပ်ပုံ၊ လောကီ လောကုတ္တရာဖတ် စုံပုံတို့ကို အကဲခတ်နိုင်မည့် အပြင် ရွှေကျင်ဆရာတော်ဘုရားကြီး၏ သူတော်ကောင်း တရားဆိုင်ရာ အဆင့်အတန်းကိုလည်း ခန့်မှန်းနိုင်ပေလိမ့်မည်။ သာသနာတော်၌ နိကာယကြီးတစ်ခုအဖြစ် ကျန်ရစ်စေနိုင်မည့် စွမ်းရည်ကိုလည်း တွေ့မြင်ရပေလိမ့်မည်။

ဤ မဟာသိဿကောဝါဒ ကျမ်းစာပါဌ်ကို ၁၂၅၂–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆–ရက်နေ့တွင် ရေးသားပြီးစီး၍ နိဿယကို ၁၂၅၄–ခု၊ ဝါဆိုလတွင်မှ ပြီးစီးအောင်မြင်သည်။ ထို့ကြောင့် ဤကျမ်းစာကို ရွှေကျင်ဆရာတော်ဘုရားကြီးမလွန်မီ တစ်နှစ်ရစ်လ အလိုကာလတွင် အလုံးစုံရေးသားပြီးဆုံးသည်ဖြစ်ရာ ရွှေကျင်ဆရာတော်ဘုရားကြီး၏ နောက်ဆုံး မှာတမ်းတော်ကြီးဟူ၍လည်း ဆိုနိုင်ပေသည်။

**နောက်ဆုံးခရီး**

ဆရာတော်ဘုရားကြီးသည် သက်တော် ၇၀–ပြည့်၍ ၇၂–နှစ်သို့ ရောက်လာပြီဖြစ်၍ အားတော်ပိုနည်းလာသည်။ ငယ်စဉ်က ဖြစ်နေကျ သွေးဒူလာရောဂါ နှိပ်စက်မှု တိုးလာသည်။ ခြေဆစ်လက်ဆစ်ကိုက်၊ ခါးကိုက်၊ လူပင်ပန်းပြီး နှုံးနေသည်။

ထိုကာလတွင် အရင်းအချာတပည့်ကြီးတို့ အိပ်မက်ကြီးများ မြင်မက်ကြသည်။ သက်တော်စေ့တည်[illegible]အပ်သော စေတီတော် ၇၂–ဆူတွင် မှန်စေတီ တော်မြတ်မှ ရောင်ခြည်ဓာတ် လွှတ်သည်ကို ဖူးတွေ့ကြရသည်။ ဤသို့ နိမိတ်ကြီးများဖြင့် တွေ့ကြရသဖြင့် ဆရာတော်ဘုရားအတွက် စိုးရိမ်နေကြသည်။

ဆရာတော်ဘုရားကြီးအား ဖွဲ့လျော့တော်မမူ အထက်မြစ်သစ်သို့ လှေဖြင့် ဆန်တက်ပြီး ရောက်ရာ ရေဆိပ်ကမ်းများ၌ တရားဟောတော်မူရန် စိတ်တော်ညွတ်လျက်ရှိသည်။ ထို့ကြောင့် အထက်သို့

ကြွတော်မူပြီး ရောက်ရာ ရောက်ရာ ဆိပ်ကမ်းတို့၌ နားနေပြီး တရားဟောတော်မူသည်။ အထက် ရွှေလိမဲဇာတောင်၊ မြတောင်၊ မန်လည်မြို့မှ ပြန်ပြီး စုံကြွလာသည်။ ကျောက်မြောင်း ဆိပ်ကမ်းသို့ ရောက်သောအခါ ဒကာ ဒကာမတို့အား "ကုသိုလ်တစ်ပဲ ငရဲ တစ်ပိဿာဒီပနီ" စာတမ်းကို ရေးသား ဟောကြားတော်မူသည်။

ဤသို့ဖြင့်မင်းကွန်းအနီး ကင်းရွာ၏ အထက် ချောင်းမကြီးရွာသို့ ရောက်သောအခါ ယင်းရွာမှ အထက် လျှိုမြောင်အကြားသို့ ကြွပြီး သပြေပင်ကြီးအောက်၌ သီတင်းသုံးနေသည်။

သုံးရက်မြောက်သောအခါ အဖျားဝင် ဝမ်းဖောက်လာ၍ မင်းကွန်းအထက် ငွေတောင်တောရသို့ ထမ်းစင်ဖြင့် ပင့်ပြီး သီတင်းသုံးနေကျဂူတော်၌ ထားကြရသည်။ ထိုဂူတော်အတွင်း၌ ၁၂၅၅–ခု၊ တပေါင်းလပြည့်ကျော် ၇–ရက် (၂၇–၃–၁၈၉၄)ညဉ့်နှစ်ချက်တီးကျော် လဝန်းပေါ်ချိန်တွင် တစ်ဘဝလုံး လောကဘက်သို့ မငဲ့မကွက် သာသနာအတွက်သာ အချိန်ပြည့် ဆောင်ရွက်တော်မူခဲ့သော ဆရာတော်ဘုရားကြီးသည် အနာဂတ် သာသနာအတွက် မိမိ၏ ကိုယ်စား သန့်ရှင်းစင်ကြယ်လုသည့် ရွှေကျင်နိကာယကြီးကို ထားခဲ့ကာ ဘဝခရီးကို အပြီးသတ်တော်မူသတည်း။

**စေတီတော်မြတ်နှစ်ဆူ**

ယောမင်းကြီး အုတ်ကျောင်း ဆရာတော်၊ မဟာဝိသုဒ္ဓါရာမဆရာတော်၊ ရွှေကျင်တိုက်မဆရာတော် အရှင်ဝိစာရ၊ တတိယထရံကာ ဆရာတော် အရှင်အရိယဝံသ၊ မိုးဗြဲတပ်စစ်ကဲတော်ကြီးနှင့် မဟာမုနိဘုရားလူကြီး ရေတွင်းဒကာတို့ ဦးစီးသော အမှုဆောင်အဖွဲ့သည် မင်းကွန်းအောက် ငွေတောင်တောရတိုက်၊ ရွှေကျင်ဆရာတော်ဘုရားကြီး၏ နိဗ္ဗာန်ကျောင်းရာ၌ ၁၂၅၆–ခုနှစ်တွင် ဆရာတော်ဘုရားကြီး၏ အရိုးတော်မှာက် ကိန်းဝပ်ရန် မှန်စေတီတစ်ဆူ၊ ၁၂၅၇–ခုနှစ်တွင် မြို့ဘက် ရွှေကျင်တိုက်မ သိမ်တော်ဦး၌ စေတီတော်ကြီး တစ်ဆူတို့ကို တည်ထားခဲ့ကြသည်။

ဆရာတော်ဘုရားကြီးသည် မိမိကိုယ်တိုင် သံသရာဝဋ်မှ လွတ်ကြောင်း ကောင်းမြတ်သော ရဟန်းတရားတို့ကို ကြိုးစားကျင့်သုံးတော်မူခြင်းဖြင့် အတ္တဟိတကို ဖြည့်ကျင့်တော်မူခဲ့သည်။ သာသနာတော်ကြီး ထွန်းလင်းတောက်ပ အများ ချမ်းသာရဖို့ ပရဟိတ သာသနာပြုလုပ်ငန်းတို့ကိုလည်း အများနှင့်မတူအောင် အထူးကြိုးစား အားထုတ်တော်မူခဲ့သည်။

ဤစေတီမြတ်နှစ်ဆူသည် ရွှေကျင်ဆရာတော်ဘုရားကြီး၏ ထိုမွန်မြတ်သော လုပ်ငန်းနှစ်ရပ်တို့ကို ဖော်ညွှန်းသည့်အနေဖြင့် တည်ရှိတော်မူကြကုန်၏။

ထိုနှစ်ဆူတွင် မင်းကွန်း ငွေတောင်တောရအောက်တိုက် နိဗ္ဗာန်ကျောင်းရာ၌ တည်ထားအပ်သော မှန်စေတီတော်မြတ်သည် ဆရာတော်ဘုရားကြီး ကိုယ်တိုင် သံသရာဝဋ်မှ လွတ်ကြောင်း ကောင်းမြတ်သော ရဟန်းတရားတို့ကို ကြိုးစားကျင့်သုံးခဲ့သည့်သင်္ကေတဖြစ်သည်။

မန္တလေးမြို့ဘက် ရွှေကျင်တိုက်မသိမ်တော်ဦး၌ တည်ထားအပ်သောစေတီတော်မြတ်ကြီးကား ဆရာတော်ဘုရားကြီး သာသနာတော် ထွန်းလင်းတောက်ပ အများချမ်းသာဖို့ ပရဟိတ သာသနာပြုလုပ်ငန်းတို့ကို သူမတူအောင် အားထုတ်၍ သန့်ရှင်းစင်ကြယ်လှသည့် သံဃနိကာယကြီးတစ်ခု ဖြစ်ပေါ်စေခဲ့ခြင်း၏ သင်္ကေတ ဖြစ်သည်။

ဤသို့လျှင် စေတီမြတ်နှစ်ဆူသည် ဆရာတော်ဘုရားကြီး၏ ဤမွန်မြတ်သော လုပ်ငန်းနှစ်ရပ်တို့ကို ဖော်ညွှန်းကာ တည်ရှိနေပေတော့သတည်း။

စေတီမြတ်နှစ်ဆူ
ပြည့်သူတို့ညွတ်တွား။
မြတ်ရွှေကျင်ရိုးတော်မှာက်
ကိန်းဝပ်ရာန့်နား။

ဦးမာနိကာသိရိ



# ရွှေကျင်လူပျံတော် သာသနာပြုပုဂ္ဂိုလ်ထူး ဘဒ္ဒန္တပညာဇောတာဘိဝံသ

"ပထမရွှေကျင်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသည့်နှစ်တစ်ရာပြည့် အထိမ်းအမှတ် ပွဲတော်ကြီး ကပို့တွဲလမှာ ကျင်းပမည်ဖြစ်ကြောင်း သိရပါသည်။ ရွှေကျင်သာသနာ နှစ်တစ်ရာအတွင်း ရွှေကျင်လူပျံတော်များစွာရှိသည့်အနက် လူဝတ်ကြောင်ဘဝ "အဂ္ဂမဟာ ပဏ္ဍိတ"ဘွဲ့တံဆိပ်ရ ရွှေကျင်လူပျံတော် သာသနာ ပြုပုဂ္ဂိုလ်ထူးများ ပေါ်ပေါက်ခဲ့ဖူးပါသလား၊ ငါ့ရှင် သိသလောက် ရှာဖွေတင်ပြစေလိုပါသည်" ဟူသော သီတင်းသုံးဘော် ပုဂ္ဂိုလ်ကျော်တစ်ပါး၏ မေးမြန်းချက်အရ—

"အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းသည့် သမိုင်းကြောင်းကို ရှာဖွေစိစစ်သောအခါ ၁၂၇၇–ခုနှစ်မှစ၍ ဆက်ကပ်ခဲ့သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းသမိုင်းကြောင်းသည် ယခုဆိုလျှင် နှစ်ပေါင်း (၇၆)နှစ် ရှိခဲ့ပြီ ဖြစ်သည်။ ထို (၇၆)နှစ်တွင် ဒုတိယကမ္ဘာစစ်ကြောင့် ၁၀–နှစ်လစ်လပ်ခဲ့ပြီး တော်လှန်ရေးကောင်စီ လက်ထက် ၁၇–နှစ် ရပ်နားခဲ့သောကြောင့် အမှန်တကယ် ဘွဲ့တံဆိပ်တော် ဆက်ကပ်သည့်နှစ်ပေါင်းမှာ (၄၉)နှစ်သာ ရှိပေသည်။ ထို (၄၉)နှစ်တာ ကာလအတွင်း—

(က) ဗြိတိသျှအစိုးရလက်ထက်
၂၅–နှစ်အတွင်း ၉၂–ပါး၊

(ခ) ဖ–ဆ–ပ–လ အစိုးရလက်ထက်
၁၀–နှစ်အတွင်း ၇၉–ပါး၊

(ဂ) နိုင်ငံရေးပါတီနှင့် တော်လှန်ရေးအစိုးရ ပေါင်းစပ်ကာလ
၁–နှစ်အတွင်း ၂၈–ပါး၊

(ဃ) နိုင်ငံတော်ကောင်စီလက်ထက်
၁၀–နှစ်အတွင်း ၆၈–ပါး၊

(င) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့
၃–နှစ်အတွင်း ၁၆၇–ပါး

စုစုပေါင်း "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်ရပြီး

၄၃၂-ပါး ရှိသွားပြီ ဖြစ်ပေသည်။ (ဤစာရင်းမှာ ၁၉၉၂-ခုနှစ်အထိကို ဆိုလိုသည်။)

ယင်း ၄၃၂-ပါးအနက်မှ ဗြိတိသျှ အစိုးရ လက်ထက် ၂၅-နှစ်အတွင်းဝယ် ပုဂ္ဂိုလ်ပညာရှိ ၄-ဦးကို ထူးထူးခြားခြား "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ် ချီးမြှင့်ခဲ့ဖူးသည်ကို တွေ့ရှိရပေသည်။

ထိုလူပုဂ္ဂိုလ် ပညာရှိ ၄-ဦးမှာ

၁။ ပါဠိဆရာဖြေ

၂။ ထရံကာဆရာကြီးဦးအုန်းညွန့်

၃။ ဆရာကြီးဦးလင်းနှင့်

၄။ လယ်တီဆရာမြို့တို့ ဖြစ်သည်။

အထက်ဖော်ပြပါ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်ရ လူပညာရှိ ၄-ဦးအနက် (၂)နံပါတ် ထရံကာဆရာကြီး ဦးအုန်းညွန့်ကား ရွှေကျင်သာ သနာ နှစ်တစ်ရာအတွင်း ရွှေကျင်လူပုံတော် များစွာ ရှိသည့်ထဲမှ ထူးထူးခြားခြား ပြိုင်ဘက်ရှားသည့် "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်ရရှိသည့် ရွှေကျင် လူပုံတော် သာသနာပြုပုဂ္ဂိုလ်ထူးကြီး ဖြစ်ပေသည်။

ထရံကာဆရာကြီး ဦးအုန်းညွန့်၏ တစ်ဘဝ ဖြစ်စဉ်နှင့် သာသနာပြုသမိုင်းကြောင်းကို တင်ပြဦး မည်။ ဆရာကြီး ဦးအုန်းညွန့်ကို စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သရိုင်ရွာကြီးနေ ဦးဖိုး ခင်-ဒေါ်ဖွားဆုံတို့မှ ၁၂၀၇-ခုနှစ်၊ တန်ဆောင်မုန်းလ တွင် ဖွားမြင်သည်။ ငယ်နာမည်ကား တနင်္ဂနွေသား ဖြစ်၍ "မောင်အုန်းညွန့်"ဟု မှည့်ခေါ်ကြသည်။ ၇-နှစ်သားအရွယ်တွင် သရိုင်ရွာ ပထမ ရွှေတောင် ဆရာတော် ဦးသုဇာတထံ၌ အပ်နှံ၍ ပညာသင်ကြား စေကာ ၁၀-နှစ်သားအရွယ်တွင် ရှင်သာမဏေဘဝသို့ ရောက်ရှိခဲ့သည်။ ရှင်သာမဏေဘွဲ့အမည်မှာ "ရှင် ဣန္ဒက"ဟူ၍ ဖြစ်သည်။

အရှင်ဣန္ဒကသည် သာမဏေဘဝဖြင့် စာ ပေသင်ကြားနေစဉ် တစ်နေ့တွင် နာမည်ကျော် သီးလုံး ဆရာတော်ဘုရားကြီးသည် ရွှေတောင်ဆရာတော်နှင့် တွေ့ဆုံတော်မူရာ "မိမိမှာ အသက်ကြီးပြီ ဖြစ်သော် လည်း နောင်သာသနာရေးအတွက် ဉာဏ်ထက်မြက် သူရှိပါက ပညာသင်ပေးလိုကြောင်း" အမိန့်ရှိပါ သဖြင့် မကြာမီမှာပင် ရွှေတောင်ဆရာတော်သည် ရှင်ဣန္ဒကအား သီးလုံးဆရာတော်ကြီးထံ စေလွှတ် တော်မူသည်။ ရှင်ဣန္ဒကသည် သီးလုံးဆရာတော်ကြီး ထံ၌ ကျိုးနွံစွာ ပညာသင်ယူခဲ့ပြီး နောင်အခါ သီးလုံးဆရာတော်ဘုရားက ရွှေကျင်ဆရာတော်ထံ လွှဲပြောင်းအပ်နှံ ပေးလိုက်သည်။

ရွှေကျင်ဆရာတော်သည် သရိုင်ရွာမှ ရှိန်း မကားတောရသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသော အခါ ရှင်ဣန္ဒကလည်း လိုက်ပါသွားရသည်။ ၁၂၁၄- ခုနှစ် မင်းတုန်းမင်း မင်းအဖြစ်သို့ ရောက်ရှိပြီးနောက် မန္တလေးနေပြည်တော်ကြီးကို တည်ထောင်ပြီးလျှင် ရွှေကျင်ဆရာတော်ကိုလည်း နေပြည်တော်သို့ ပင့် ဆောင်တော်မူသည်။ ထို့နောက် မန္တလေးတောင်၏ မြောက်ဘက်တွင် "ထရံကာတိုက်၊ ရမည်းသင်းတိုက်၊ မင်းကင်းတိုက်၊ မြတောင်တိုက်"ဟူသော အရန် ကျောင်းတိုက်လေးတိုက်နှင့် တကွ "မဟာဓမ္မိကာ ရာမ"ဟု ကမ္ပည်းယိုးအပ်သော ရွှေကျင်တိုက်ကြီး ကို ဆောက်လုပ်လှူဒါန်းတော်မူသည်။ ထိုအချိန်တွင် ရှင်ဣန္ဒကသည်လည်း ရွှေကျင်ဆရာတော်နှင့် အတူ လိုက်ပါလျက် သီတင်းသုံးတော်မူခဲ့သည်။

ရှင်ဣန္ဒက၏ အရည်အချင်းကို သိမြင် တော်မူသော ရွှေကျင်ဆရာတော်သည် မဓမ္မိကာရာမ တိုက်သို့ ရောက်ပြီးနောက် မကြာမီမှာပင် ရှင်ဣန္ဒက ကို စာချခိုင်းတော်မူသည်။ ၁၂၂၇-ခုနှစ်တွင် ရှင် ဣန္ဒက အသက်(၂၀)ပြည့်ပြီ ဖြစ်သဖြင့် ဇာတိ သရိုင်ရွာသို့ ပြန်ကြွကာ မိဘ ၂ ပါးတို့၏ ပစ္စယာ နုဂ္ဂဟဖြင့် ပဉ္စင်းအဖြစ်ကို ခံယူမှုခဲ့သည်။ ပဉ္စင်းဖြစ် ပြီးနောက် မန္တလေး ရွှေကျင်တိုက်မကြီး၌ပင် ပြန်

လည် သီတင်းသုံးတော်မူကာ ရွှေကျင်ဆရာတော်ကြီးထံတွင် စာပေသင်ကြားရင်း တစ်ဖက်မှလည်း စာပေပို့ချပေးလျက်ရှိသည်။ အရှင်ဉာဏ၏ ရာဇသတ်, ဓမ္မသတ် ကျွမ်းကျင်မှု၊ အဟောအပြော ကောင်းမှုတို့ကြောင့် သီပေါမင်းသားသည် အရှင်ဉာဏအပေါ် ကြည်ညိုလေးစားခြင်း ရှိခဲ့သည်။ မင်းတုန်းမင်းတရားကြီးသည် အရှင်ဉာဏအား "ရာဇဂုရု"တံဆိပ် ကပ်လှူရန်စီစဉ်ခဲ့ဖူးရာ ရွှေကျင်ဆရာတော်ဘုရားကြီးက "အသက်ငယ်သေးသည်"ဟု တားမြစ်သောကြောင့် ဆိုင်းငံ့ထားခဲ့ရလေသည်။

၁၂၃၀-ပြည့်နှစ်တွင် ရွှေကျင်ငါးတိုက်အပါအဝင် ထရံကာတိုက်၌ အာဝါသိကနာယက လစ်လပ်ခဲ့ရာ ရွှေကျင်ဆရာတော်ကြီးက သိက္ခာ ၇-ဝါရပြီဖြစ်သော အရှင်ဉာဏအား ထရံကာတိုက်သို့ ကြွရောက်သီတင်းသုံးတော်မူရန် စေလွှတ်တော်မူသည်။ ထိုအခါတွင် အကြောင်းတိုက်ဆိုင်လာသဖြင့် မင်းတုန်းမင်းတရားကြီးက အရှင်ဉာဏအား "ဉာဏကာဘိဓေသီရိပဂရ မဟာဓမ္မ ရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်ကို လှူဒါန်းတော်မူခဲ့သည်။ ထိုအခါမှစ၍ အရှင်ဉာဏ[illegible] "ထရံကာဆရာတော်"ဟု ကျော်စောခဲ့လေသည်။

၁၂၄၀-ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆-ရက်နေ့တွင် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး နတ်ရွာစံတော်မူ၍ သားတော် သီပေါမင်း အရိုက်အရာ ဆက်ခံတော်မူသည်။ ၁၂၄၃-ခုနှစ်တွင် သီပေါမင်းသည် မိမိပိုင်စိုးသော နိုင်ငံတော်ကို ၉-ဌာန ခွဲခြားသတ်မှတ်၍ ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် တောင်တော်ဆရာတော်ဘုရားကြီးများအား "သာသနာပိုင်" တံဆိပ်တော်များ ဆက်ကပ်ကာ သာသနာပြုတော်မူရန် တောင်းပန်၍ သာသနာပြုစေတော်မူသည်။

သာသနာပြု ၉-ဌာန သတ်မှတ်အပ်နှံရာ၌ ထရံကာဆရာတော် အရှင်ဉာဏကသည် ၇-အမှတ် သတ္တဋ္ဌာန ဖြစ်သော စစ်ကိုင်း၊ ရွှေဘို၊ ကျောက်မြောင်း၊ ငရနဲ၊ စော်သဏ္ဍိ၊ စော်သနီ၊ ထန်းတပင် စသော ပဋ္ဌလင်းမြို့၊ ဒီပဲယင်းမြို့များသို့ သာသနာပြုရန် တာဝန်ယူရလေသည်။ ထိုအချိန်၌ ထရံကာဆရာတော်မှာ သိက္ခာ ၁၆-ဝါမျှ ရရှိတော်မူသေးသည်။

၁၂၄၆-ခုနှစ် တော်သလင်းလတွင် သီပေါမင်းသည် သာသနာပြုဆရာတော် အမှူးရှိသော တံဆိပ်တော်ရ ဆရာတော်များတွင် အဆင့်အတန်းအလျောက် အနိမ့်အမြင့် ၅-မျိုးသတ်မှတ်၍ လှူဒါန်းလေရာ ထရံကာဆရာတော်သည် တတိယတံဆိပ်တော်ကို ရရှိတော်မူလေသည်။ တံဆိပ်တော်ကား "ဉာဏကာဘိဓေ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ပင် ဖြစ်သည်။

သီပေါမင်းတရားသည် ထရံကာဆရာတော်အား မင်းတိုင်ပင် လွှတ်တော်ဝန်ကြီး (မင်းကြီးသက်တော်ရှည်) ခန့်ထားရန် ရည်ရွ[illegible]ခဲ့ဖူးသည်။ တစ်နေ့တွင် ထရံကာဆရာတော်အား နန်းတော်သို့ ပင့်၍ မိမိ၏ အကြံအစည်ကို လျှောက်ထားရာ [illegible] လက်မခံချေ။ နောက်ဆုံး လျှောက်ထားဖန် များလာသောအခါ ဆရာတော်က "ရွှေကျင်ဆရာတော်ကြီးနှင့် တိုင်ပင်ပါရစေဦး"ဟု အမိန့်ရှိလိုက်သည်။ ထရံကာဆရာတော်သည် ထိုအကြောင်းကို ရွှေကျင်ဆရာတော်ကြီးထံ လျှောက်ထားရန် ကြွသွားရာ ရွှေကျင်ဆရာတော်ကြီးက လက်ခံ၍ပင် စကားပြောတော်မမူဘဲ ပြစ်တင်မောင်းမဲကာ နှင်ထုတ်လိုက်လေသည်။

ဤတွင် ထရံကာဆရာတော်သည် စိတ်အပူကြီးပူကာ ချက်ချင်းလူဝတ်လဲလိုက်တော့သည်။ ထိုအခါကား ထရံကာဆရာတော် သိက္ခာ ၂၀-အရောက် သက္ကရာဇ် ၁၂၄၇-ခုနှစ် ဝါဆိုလတွင် ဖြစ်သည်။ သိက္ခာချ လူဝတ်လဲပြီးနောက်

ထရံကာဆရာတော် လူထွက် ဦးအုန်းညွန့်သည် သီပေါမင်းနှင့် သွားရောက်တွေ့ဆုံရန် အစီအစဉ် လုပ်သည်။ ထိုစဉ် ကင်းဝန်မင်းကြီးနှင့်ဦးစွာ တွေ့ဆုံလေရာ ကင်းဝန်မင်းကြီးက "ယခုချက်ချင်း ရွှေတော်သို့ဝင်ရန် မသင့်သေးကြောင်း၊ ကြိုတင်အမိန့်ခံယူ၍ အစီအစဉ်များ ပြုလုပ်ပြီးမှ ခေါ်ယူမည် ဖြစ်ကြောင်း၊ ဤအတောအတွင်း လူရေးလူရာနှင့် အသုံးအနှုန်းများကို လေ့လာသင်ကြားဖို့လိုကြောင်း" အကြံပေးသဖြင့် ဦးအုန်းညွန့်သည် ဇာတိသရိုင်ရွာသို့ ပြန်လာခဲ့လေသည်။

ဦးအုန်းညွန့်သည် ဇာတိသရိုင်ရွာသို့ ပြန်နေခိုက်မှာပင် သီပေါမင်းတရား ပါတော်မူသွားခဲ့လေသည်။ ထို့ကြောင့် ဦးအုန်းညွန့်သည် ရည်ရွယ်ချက်အတိုင်း ဖြစ်မလာတော့သဖြင့် စိတ်နလုံးတုံးတုံးချလိုက်ရတော့သည်။ နောင်အခါ အစ်မကြီးဖြစ်သူ ဒေါ်နန်းကြည်က မဆွေတုတ်အမည်ရှိ အမျိုးသမီးတစ်ဦးနှင့် လက်ဆက်ပေးခဲ့ရာ သားသမီး ၅ ယောက် မွေးဖွားခဲ့သည်။ ဒုတိယမြောက်သား "မောင်စိုးတင်"မှာ နောင်တွင် စစ်ကိုင်းတောင်ရိုး ဝိဇ္ဇာဒပ္ပဏဆရာတော် "အရှင်ဝိသုဒ္ဓိ"ဖြစ်လာခဲ့သည်။

ဆရာကြီးဦးအုန်းညွန့်တို့ မိသားစုသည် ရပ်ရွာတွင် ချမ်းသာအေးချမ်းစွာ နေထိုင်ခဲ့ကြသည်။ ရပ်ရွာ၏ လေးစားကြည်ညိုခြင်းကိုလည်း ခံယူကြရသည်။ ၁၂၆၈–ခုနှစ်တွင် စစ်ကိုင်းတောင်ရိုးမှ ဆရာကြီး ဒေါ်ဥမ္မာရီ၊ ဒေါ်သီလဝတီ၊ ဒေါ်ခေမာဝတီ၊ ဒေါ်မာလာရီ အစရှိသည့် သီလရှင်များသည် ဆရာကြီးဦးအုန်းညွန့်ထံ ပညာသင်ကြားရန် ရောက်ရှိခဲ့ကြသည်။ ဆရာကြီးသည် သီလရှင်များကို နေ့ဝါ၊ ညဝါများ ပို့ချပေးရသည်။ ၄–နှစ်ခန့်အကြာ ထိုသီလရှင်များက ဆရာကြီးအား စစ်ကိုင်းတောင်ရိုးသို့ ပင့်ခေါ်သွားကြသည်။

ထို့ကြောင့် ဆရာကြီးဦးအုန်းညွန့်သည် ၁၂၇၂–ခုနှစ်တွင် စစ်ကိုင်းတောင်ရိုးသို့ လိုက်ပါလျက် စာပေပို့ချရလေသည်။ ယင်းသို့ ပို့ချနေစဉ် မစိုးရိမ်ခုနှစ်တိုက်အဝင် ဇောခိချောင် ကျောင်းဒကာကြီး ဦးစံဟိန်းသည် ဆရာကြီးကို ကြည်ညိုလှသဖြင့် စာချကျောင်းတစ်ဆောင် ဆောက်လုပ်၍ ဆရာကြီးအား အမြဲနေထိုင်စေလျက် တစ်လလျှင် ၂၀–ကျပ် ထောက်ပံ့ခဲ့ပေသည်။

ဆရာကြီးဦးအုန်းညွန့်ထံသို့ စစ်ကိုင်းတောင်ရိုးရှိ သံဃာတော်များ၊ သီလရှင်များနှင့် မင်းကွန်း၊ မန္တလေးစသော ပတ်ဝန်းကျင်မှ စာသင်သားရဟန်းသာမဏေ သီလရှင်များလည်း များပန်းခပ်မျှ လာရောက်၍ စာလိုက်ကြသည်။ ထို့ပြင် အောက်မြန်မာပြည်မှ စာသင်သား ရဟန်းတော်များပင် ဆရာကြီးထံ စာဂစ်ငါစ နှစ်ဝါစ နည့်ရရန် သင်ယူကြသည်။ ဤမျှ ဆရာကြီး ဦးအုန်းညွန့်၏ ပညာဂုဏ်သတင်းမှာ ထုံသင်းမွှေးကြူပေသည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရကို့က ၁၂၇၉–ခုနှစ်တွင် (ဆရာကြီး အသက် ၇၂–နှစ်အရွယ်) "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်ကို လှူဒါန်းဆက်ကပ်ခဲ့ပေသည်။

ဆရာကြီး စစ်ကိုင်းတောင်ရိုး၌ နေထိုင်စဉ် စာလိုက်သီလရှင်များသည် ဆရာကြီးအား ဆရာသမားအနေ မိဘအနေ ချစ်ခင်လေးစားကြသဖြင့် မညှိုးငယ်ရအောင် အစွမ်းကုန်ပြုစု စောင့်ရှောက်ခဲ့ကြသည်။ ဆရာကြီး၏ဇနီး ဒေါ်ဆွေတုတ်မှာ အသက်(၅၅)နှစ်အရွယ် ၁၂၈၆–ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပြီး ထရံကာဆရာကြီး ဦးအုန်းညွန့်မှာမူ အသက်(၈၁)နှစ်အရွယ် ၁၂၈၇–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၆)ရက်နေ့တွင် စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယချောင်၌ ကွယ်လွန်အနိစ္စ ရောက်ခဲ့ပေသည်။

အထက်ပါ အကြောင်းအရာတို့ကို ဖော်ရှုရသဖြင့် ရွှေကျင်သာသနာ နှစ်တစ်ရာအတွင်း

"အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ရ ရွှေကျင်လူပျံတော် သာသနာပြုပုဂ္ဂိုလ်ထူး ရှိခဲ့ဖူးသလို ရွှေကျင်သာသနာမှာ သိက္ခာတော် ငယ်ငယ်ရွယ်ရွယ်နဲ့ "ရာဇာဓိရာဇဂုရု"ဘွဲ့ရရှိသည့် ရဟန်းတော် သာသနာပြုပုဂ္ဂိုလ်ထူး ရှိခဲ့ဖူးပါသလားဟူသော မေးလိုသူ၏ အဖြေကိုပါ သိရှိပြီး ဖြစ်ပါလိမ့်မည်။

ထိုသို့ သိရှိရသည်အားလျော်စွာ—

"လောကလောက၊ ဖြစ်သမျှမှာ၊ အို-နာ-သေကွဲ၊ တွေ့ရမြဲတည်း။ မလွဲမုချ၊ သို့ဖြစ်ရကား၊ သင်သေသွားသော်၊ နောက်သားနောင်လာ၊ ကျိုးများစွာတို့၊ သင့်ဇာတိမြေ၊ သင်တို့ပြေလဲ၊ အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။ သင်၏မျိုးသား၊ သင့်စကားလဲ၊ ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်မှု၊ သင်ဦးချ၍၊ အမျှဝေရာ၊ စေတီသာနှင့်၊ သင်နေခဲ့ရာ၊ ကျောင်းတိုက်တာဝယ်၊ ပညာအရောင်၊ ဉာဏ်တန်ဆောင်လဲ၊ ပြောင်ပြောင်ဝင်းလျက်၊ ဂုဏ်လင်းတက်၍၊ သင့်အတွက်လျှင်၊ ကျန်စေချင်သည့်၊ အသင် အားထုတ်ရန် ဖို့တည်း"ဟူသော—

ရှေးပညာရှိများ၏ သတိပေးတိုက်တွန်းချက် အဆုံးအမ ဩဝါဒလင်္ကာပိုဒ်ကို အလေးထားကာ အမျိုး ဘာသာ သာသနာတိုးတက်ကြီးပွားရေးကို အထူးရှေးရှုလျက် ကျင့်ကောင်းစာတတ်သာသနာပြုပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်၊ ပုဂ္ဂိုလ်ချွန်ဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေ"ဟု ဆန္ဒပြုရင်း ရွှေကျင်လူပျံတော်များစွာထဲမှ လူ့ဝတ်ကြောင်ဘဝ "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ရ ရွှေကျင်လူပျံတော် သာသနာပြုပုဂ္ဂိုလ်ထူး ထရံကာဆရာကြီး ဦးအုန်းညွန့်အား ဖော်ထုတ်ဂုဏ်ပြုပါသတည်း။ ။

**ဘဒ္ဒန္တ ပညာဇောတာဘိဝံသ**

ပတ္တမြားကျောင်းတိုက်

မန္တလေး၊ ချမ်းအေးသာဇံမြို့နယ်

**ကိုးကားသောစာများ—**

(၁) မြန်မာနိုင်ငံဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိ(လှသမိန်)

(၂) လယ်တီဂန္ထဝင်ကျော်သမိုင်း (လယ်တီဦးလှပိုင်)

(၃) ပဋ္ဌာနတာရုံ မြေင်းမြဆရာတော် အရှင်ဉာဏိက(လန်ဒန်)ပူဇော်ပွဲအထိမ်းအမှတ်စာစောင်

(၄) ၁၉၉၂-ခုနှစ်ထုတ် သာသနာ့ရောင်ခြည်စာစောင်များ။

---

## တရားသံ

* မသူတော်ဓမ္မကထိက မိမိတရားသံကို မကြားသော်လည်း တရားဟောခရသည်။

* တရားဟောတတ်လျက် မကျင့်တတ်လျှင် မျောက်အုန်းသီးရသည်နှင့်တူ၏။

**ပထမရွှေကျင်ဆရာတော်ဘုရားကြီး**

# ရွှေကျင်နိကာယစာပေ တစေ့တစောင်း

ဓေယျာဘုန်းညွန့်ဝေ

စာပေသည် လူမျိုးတစ်မျိုးအတွက် အသက်သွေးကြောဖြစ်သည်။ ယဉ်ကျေးမှုသမိုင်းမှတ်တိုင်ဟုလည်း ဆိုကြသည်။ ခေတ်တစ်ခေတ်၏ မီးရှူးတန်ဆောင်ဟုလည်း အသိအမှတ်ပြုကြသည်။ ဤခံယူချက်ကို ဦးထိပ်ထက်တွင် ပန်ဆင်၍ လူမျိုးတိုင်းမိမိတို့ဆိုင်ရာ ယဉ်ကျေးမှုသမိုင်းစာပေ ရှင်သန်ကြီးထွားရေး တည်တန့်ခိုင်မြဲရေးကို အလေးထားဆောင်ရွက်ခဲ့ကြသည်။ ဆောင်ရွက်နေကြဆဲလည်းဖြစ်သည်။

မြန်မာနိုင်ငံ သမိုင်းပင်လယ်ပြာကြီးထဲ၌ ပုဂံ၊ မြင်းစိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ဟူသော သမိုင်းမြစ်ငယ်များ အသွယ်သွယ်စီးဆင်းကျရောက်လျက်ရှိသည်။ ယင်းသမိုင်း မြစ်ငယ်များအတွင်း၌လည်း ခေတ်ကာလအလျောက် ပေါ်ပေါက်ထွန်းကားခဲ့သည့် စာပေမြစ်ချောင်း၊ မြစ်လက်တက်များ ခက်လက်စိပ်မြွာဝေဖြာစီးဆင်း ကျရောက်လျက်ပင်ရှိသည်။ ယင်းမြစ်ချောင်း မြစ်လက်တက်များ တိမ်ကောပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊ ပင်လယ်ပြာကြီး တိမ်ကောပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းပင် ဖြစ်သည်ဆိုက မှားမည်မထင်။

* * *

တိမ်မြုပ်ပျောက်ကွယ်နေသော ရွှေကျင်နိကာယ သမုဒ္ဒပက ရွှေကျင်နိကာယ၏ သခင်၊ ရွှေကျင်ဆရာတော်ဘုရားကြီး၏ လက်ရာ ရွှေကျင်နိကာယ၏ အသက်ပမာဖြစ်သော အဆိုပါကျမ်းစာများကို ရွှေကျင်နိကာယတစ်ရပ်လုံး အတိုင်းအတာဖြင့် ရှာဖွေဖော်ယုတ် ထိန်းသိမ်းရေးအတွက် ရွှေကျင်နိကာယစာပေထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းကြပါရန်-

၁၃၃၇-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇-ရက် (၂၄-၁၁-၇၅)နေ့ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်ကြီးအတွင်း ကျင်းပပြုလုပ်ခဲ့သည့် (၁၁)ကြိမ်မြောက် ရွှေကျင်နိကာယသံဃာ့အစည်းအဝေးကြီး၌ အတက်ပါအဆိုပြုချက်အရ ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့ အစည်းတစ်ရပ် ပေါ်ပေါက်လာခဲ့ပေသည်။

ထိုစဉ်က ဤရွှေကျင်နိကာယစာပေထိန်းသိမ်းရေးအဖွဲ့အတွင်း အဖွဲ့ဝင်သံဃာ ၂၅-ပါးမျှသာဖြစ်သည်။ မြန်မာနိုင်ငံ တစ်ဝှမ်းလုံးတွင် ရွှေကျင်နိကာယဝင် သံဃာဦးရေ နှစ်သောင်းပတ်ဝန်းကျင်ရှိ၏။ ဤကောဒသမ (၁၁)ကြိမ်မြောက် ရွှေကျင်နိကာယသံဃာ့အစည်းအဝေးကြီးသို့ ကြွရောက်တော်မူလာကြသည့် သံဃာ့ကိုယ်စားလှယ်ဦးရေမှာ တစ်ထောင်မျှသာ ဖြစ်သည်။

မြန်မာနိုင်ငံ ရွှေကျင်နိကာယဝင် သံဃာဦးရေနှစ်သောင်းဝန်းကျင်ကို ကိုယ်စားပြုသည့် သံဃာ့ကိုယ်စားလှယ် တစ်ထောင်နှင့်စာလျှင်သော်လည်းကောင်း၊ ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့၏ လုပ်ငန်းပမာဏနှင့်စာလျှင်သော်လည်းကောင်း အဖွဲ့ဝင်ဦးရေမှာ နည်းနေသည်ဟု ယူဆရသည်။ သို့အတွက်-

၁၃၃၈-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂-ရက်နေ့ (၁၇-၁၁-၇၆)နေ့ ရွှေကျင်နိကာယဗဟိုဌာနချုပ်ဖြစ်သည့် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်တွင် ကျင်းပပြုလုပ်သည့် ရွှေကျင်နိကာယစာပေထိန်းသိမ်းရေးအဖွဲ့ နှစ်ပတ်လည် သံဃာ့အစည်းအဝေးကြီး၌ အောက်ဖော်ပြပါ အတည်ပြုချက်နှင့်အတူ အဖွဲ့ဝင်ဦးရေကို (၅၄)ပါးအထိ တိုးချဲ့ဖွဲ့စည်းလိုက်သည်။

ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့၏ အတည်ပြုဆုံးဖြတ်ချက် ၁၂-ရပ်-

၁။ ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့တွင် ပါဝင်ဆောင်ရွက်သင့်သော အဖွဲ့ဝင်စာရင်းကို ရွှေကျင်နိကာယ ဝိနည်းပြန်ဌာနများသို့ အကြောင်းကြားတောင်းယူပြီး အဖွဲ့ဝင်ဦးရေ တိုးချဲ့ရန်၊

၂။ ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေး လုပ်ငန်းများကို အလွယ်တကူ ညှိနှိုင်းတိုင်ပင် ဆောင်ရွက်နိုင်ရေးအတွက် အလုပ်အမှုဆောင်ကော်မတီ (၁၅)ပါးကို ရွေးချယ်တင်မြှောက်ကြရန်၊

၃။ စုဆောင်းရရှိပြီး ရွှေကျင်ဆရာတော်ဘုရားကြီး၏ ကျမ်းစာများကို ရွှေကျင်နိကာယ ဗဟိုဌာန ပိဋကတိုက်ကျောင်း၌ စုပေါင်းထိန်းသိမ်း စောင့်ရှောက်ထားရန်၊

၄။ မရရှိသေးသော ကျမ်းစာများကို ရှာဖွေပေးပို့ကူညီနိုင်ရေးအတွက် (ရရှိပြီး, မရရှိသေးခွဲခြား၍) ရွှေကျင်နိကာယကျောင်းတိုက်များသို့ ဖြန့်ဝေထားရန်၊

၅။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဒသဓမ္မသုတ္တာလင်္ကာရ ဝဏ္ဏနာကျမ်းကို ပါဠိ မြန်မာနှစ်ဘာသာပူးတွဲ၍ ပုံနှိပ်ထုတ်ဝေရန်၊

၆။ ၎င်းကျမ်းကို မြန်မာပြန်ဆိုရန် အတွက် အဘယာရာမတိုက် ဦးသီလာနန္ဒာဘိဝံသ (ယခုအမေရိကန်ရောက်)အား တာဝန်ပေးအပ်ရန်၊

၇။ ရွှေကျင်နိကာယစာပေများကို ပြန်လည်ဖော်ထုတ်ရာ၌ စိစစ်တည်းဖြတ်ရေးအတွက် ဂန္ထဝိသောဓက ဆရာတော် ၁၁-ပါးကို ရွေးကောက်တင်မြှောက်ရန်၊

၈။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး အမှူးပြုသည့် ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက သမ္ဗုတိရ သံဃာ့ရာဇာ ဆရာတော်ကြီးများ၊ ရွှေကျင်နိကာယ ဥပဋ္ဌာကဆရာတော်ကြီးများ၏ (က) ကျမ်းစာများ၊ (ခ) လက်ရေးမူများ၊ (ဂ) ဓာတ်ပုံများ၊ (ဃ) ထေရုပ္ပတ္တိအကျဉ်းချုပ်များကို ရှာဖွေစုဆောင်းထားရန်၊

၉။ ရွှေကျင်နိကာယ ကျမ်းပြုပုဂ္ဂိုလ်များနှင့် ကျမ်းစာများကို ဇယားပြု၍ မှတ်တမ်းတင်ထားရန်၊

၁၀။ လိုအပ်ပါက အဖွဲ့ဝင်အားလုံးပါဝင်သည့် ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့

အစည်းအဝေးကြီးကို အမှုဆောင်အဖွဲ့က ပင့်ခေါ်ရန်၊

၁၁။ (က) ဒသဓမ္မသုတ္တာလင်္ကာရ ဝဏ္ဏနာပါဠိ စာမူကို လက်နှိပ်စက်ကော်ပီမှု ၅-စောင်ပွားရန်၊ (ဦးသြဒါတသိရီဘိဝံသအား တာဝန်ပေးအပ်သည်။)

(ခ) လင်္ကာသာသန ဝိသုဒ္ဓိကထာ စာမူကို တည်းဖြတ်၍ မြန်မာပြန်ဆိုရန်၊ (ဦးအဂ္ဂဉာဏာဘိဝံသအား တာဝန်ပေးအပ်သည်)

(ဂ) သီဟဠဗောဓိဒနှင့် သီဟဠမဟာသန္ဒေသကထာ စာမူများကို တည်းဖြတ်-အနက် မြန်မာပြန်ဆိုရန်၊ (ပတ္တမြား ဆရာတော် ဦးဝေပုလ္လာဘိဝံသအား တာဝန်ပေးအပ်သည်)

(ဃ) ရွှေကျင်ဆရာတော် မေတ္တာစာများကို စုဆောင်း တည်းဖြတ်ရန်၊ (စစ်ကိုင်း ဝေဇယန္တာ ဦးမဟောသဓပဏ္ဍိတအား တာဝန်ပေးအပ်သည်)

၁၂။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ပါဠိရေးကျမ်းစာတော်မူများကို မြန်မာပြန်ဆိုသည့်အခါ အနှစ်သာရလည်းမပျက်၊ စကားပြေလည်း ချောမွေ့အောင် ပြန်ဆိုကြရန်

အတည်ပြု ဆုံးဖြတ်ကြသည်။

ဤအတည်ပြုဆုံးဖြတ်ချက် ၁၂-ရပ်လုံးပင် အတည်ပြု ဆုံးဖြတ်ပြီးသည်နှင့်တပြိုင်နက် စတင် အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ အဋ္ဌကကမ္မဋ္ဌာန်း ကျမ်း၊ လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်း၊ ဒသဓမ္မသုတ္တာလင်္ကာရ ဝဏ္ဏနာကျမ်း (ပါဠိ၊ မြန်မာ နှစ်ဘာသာပူးတွဲ)စာများ ထွက်လာနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

ရွှေကျင်ဆရာတော်ဘုရားကြီး၏ ကျမ်းစာတော်မူများနှင့် ပတ်သက်၍ စာပေထိန်းသိမ်းရေးအဖွဲ့ကို စတင်ဖွဲ့စည်းစဉ်က-

၁။ ပုံနှိပ်မူ ၃၁-မူ၊
၂။ လက်ရေးမူ ၂-မူ၊
၃။ ပေမူ ၄-မူ၊
၄။ ပုရပိုက်မူ ၂-မူ၊

တွေ့ရှိပြီး (၃၉)မူနှင့် မတွေ့ရှိရသေး (၃၃)မူ အားလုံး ပေါင်း (၇၂)မူသာ ဖော်ထုတ်ပြနိုင်ခဲ့သည်။

၁၃၃၈-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂-ရက် (၁၇-၁၁-၇၆)နေ့၊ မန္တလေးမြို့ ရွှေကျင်နိကာယ ဗဟိုဌာနဖြစ်သည့် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ကျင်းပပြုလုပ်သည့် ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကြီး ရောက်ရှိသည့်အခါ တွေ့ရှိပြီးစာမူ (၇၅)မူ၊ မတွေ့ရှိရသေး ကျမ်းစာတော်မူ (၅၉)မူ၊ စုစုပေါင်း (၁၃၄)မူ ရှိကြောင်း စာရင်းဖော်ထုတ်နိုင်ခဲ့သည်။

တစ်နှစ်တာကာလအတွင်း ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့၏ အကောင်အထည်ဖော်ဆောင်မှုအပေါ် ခြိုင်၍ လေ့လာသုံးသပ်ကြည့်သည့်အခါ သူကို၏ နီးကြားတက်ကြွသော လှုပ်ရှားမှုအတိုင်းအတာ ပမာဏများမှာ အားရကျေနပ်ဖွယ်ရာ ကောင်းလှသည်။

ဤကိစ္စရပ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံ သာသနာဝင်နှင့် စာပေသမိုင်းတာပန် နှစ်ရပ်ကို ပေါင်းစပ်ထမ်းဆောင်ခြင်းပင်မည်ပေသည်။ ဤသို့ သမိုင်းပေး တာဝန်ကို တပြိုင်နက် ပေါင်းစပ်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုသည် မြင့်မြတ်သော အလုပ်ပင်ဖြစ်သည်။ သို့ပါ၍ ရွှေကျင်နိကာယဝင် လူပုဂ္ဂိုလ် အသီးသီးတို့သည် မြင့်မြတ်သော သမိုင်းတာဝန် အပြင်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီ အားပေးသင့်လှပေသည်။

လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာကျော်ခန့်မှ

ရွှေကျင်နိကာယစာပေကို တစေ့တစောင်း ချောင်းမြောင်းကြည့်ရှုရာ၌ ရွှေကျင်နိကာယ သမုဋ္ဌာပက ဖြစ်တော်မူသည့် ရွှေကျင်ဆရာတော် ဘုရားကြီးအပေါ် ကျော်လွှားကြည့်၍ ရွှေကျင် နိကာယစာပေကို မမြင်နိုင်၊ သို့ဖြစ်၍ ရှေးဦးစွာ ရွှေကျင်ဆရာတော်ကြီးကို ကြည်ကြည်လင်လင် မြင်အောင် ကြည့်ရှုဖူးမြင်မိသည်။

ရွှေကျင်နိကာယ သမုဋ္ဌာပက ရွှေကျင်ဆရာ တော်ဘုရားကြီးကို ကြည်ကြည်လင်လင်မြင်အောင် ကြည့်ရှုဖူးမြော်မည်ဆိုလျှင် လာမည့် တပို့တွဲလဆန်း ၁၀-ရက် (၂၀-၂-၉၄)နေ့မှ လပြည့် ကျော် ၂- ရက် (၂၆-၂-၉၄)နေ့အထိ ၇-ရက်တိုင်တိုင် ကျင်းပမည့် မန္တလေးမြို့ ရွှေကျင်သာသနာ့ နှစ်တစ်ရာ ပူဇော်ပွဲကြီးက များစွာအထောက်အကူပြုလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

စာပေနှင့် သမိုင်းဖြစ်ရပ်တို့ကို ရှာဖွေဖော်ထုတ်ကြရာ၌ လွယ်လင့်တကူ ထမြောက်အောင် မြင်လိမ့်မည်ဟု ယူဆရသော်လည်း သမိုင်းဖြစ်စဉ်နှင့် ရုပ်ဝတ္ထုပစ္စည်း တို့ကို ထိန်းသိမ်းစောင့်ရှောက်မှု၌ အလေ့အကျင့် နည်းပါးခဲ့၍ ယခုမှ ပြုစုပျိုးထောင်နေရဆဲ၊ မြန်မာ နိုင်ငံအဖို့ အထက်ဖော်ပြပါ ကိစ္စရပ်များမှာ လွယ် မယောင်နှင့်ခက်၍ တိမ်မယောင်နှင့် နက်ကောင်း နက်နေပေမည်။

မည်သို့ပင်ဆိုစေ စုပေါင်းခေါင်းဆောင် အကောင်အထည်ဖော်မှုဖြင့် အခက်အခဲဟူသမျှ မလွဲ မသွေ ကျော်လွှားနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့် မိသည်။ စာရေးသူအနေဖြင့် ရွှေကျင်နိကာယစာပေ ထိန်းသိမ်းရေးအဖွဲ့၏ လှုပ်ရှားမှုသတင်း အတိုအတွာ ကလေးများကို တစွန်းတစ ကြားမိရာမှ တစ်ချိန်က တစိမ်းပြင်ပြင် အကျွမ်းမဝင်ခဲ့သည့် ရွှေကျင်နိကာယ စာပေအပေါ် တစေ့တစောင်း ချောင်းမြောင်းကြည့်မိ သည်။

ဓေယျာဘုန်းညွန့်ဝေ

# လောကအာမိသညွတ်ကွင်း

❋ လင်းတသည် ကောင်းကင်ပျံလျက် ခွေးကောင်ပုပ်မှက်၍ မြေ၌ညွတ်ကွင်းမိရသည်။

❋ ငါးသည် ရေနက်ရာ၌ ကျက်စားလျက် တီမက်၍ ရေတိမ်၌ ငါးမျှားချိတ်မိရသည်။

❋ ရဟန်းသည် သာသနာနေလျက် လောကအာမိသမက်၍ မာရ်နတ်လက်တွင်း၌ ညွတ်ကွင်းမိရသည်။

ပထမရွှေကျင်ဆရာတော်ဘုရားကြီး

# အရေအတွက်မှ အရည်အသွေးသို့

အရှင်ပဏ္ဍိတာဘိဝံသ
ရွှေတောင်ကုန်းသာသနာ့ရိပ်သာ

ဗုဒ္ဓမြတ်စွာ၏ တရားအနှစ်ကို သိကြသဖြင့် လောကရှိ မြတ်နိုးဖွယ်ရာကောင်းသည့် အရာဟူသမျှတို့တွင် ဗုဒ္ဓသာသနာကို မြတ်နိုးဖွယ်ရာ အကောင်းဆုံးဟု နှလုံးပိုက်တော်မူကြသည့် သံဃာတော်အရှင်မြတ်တို့သည် မြန်မာနိုင်ငံနှင့် အခြားနိုင်ငံတို့ကပါ ကမ္ဘာတစ်ဝှမ်းလုံး၌ ဗုဒ္ဓသာသနာ တင့်တယ်စွာ ဂုဏ်သရေရှိစွာ တည်ရှိနေသည်ကိုသာ မြင်တော်မူလိုကြပေသည်။ ဗုဒ္ဓသာသနာတော်ကို မတင့်မတယ် ဂုဏ်မဲ့စွာ အသရေမဲ့စွာဖြင့် တည်ရှိနေမည်ကိုကား နည်းနည်းမှ လိုလားတော်မမူကြပေ။ ဗုဒ္ဓသာသနာ တင့်တယ်စွာ ဂုဏ်သရေရှိစွာ တည်ရှိနေစေရန် အမြော်အမြင်သန်သည့် အရှင်မြတ်တို့ကား ဗုဒ္ဓသာသနာ တင့်တယ်စွာ ဂုဏ်သရေရှိစွာ တည်ရှိစေဖို့အရေး မြော်တွေးတော်မူကြ၏။ လက်လှမ်းမီရာ၌ ဟောပြောပေးကြ၏။ ဗုဒ္ဓအဆုံးအမတွေကို ကိုယ်တော်တိုင် ကျင့်သုံးကာ လက်လှမ်းမီရာ ပုဂ္ဂိုလ်တို့အားလည်း "ဤသို့ ကျင့်သုံးကြ"ဟု ပြောပြရုံသာ ပြောပြနေသည်ထက် လေးနက်သည့်လက်တွေ့ကျင့်သုံးပြခြင်းဖြင့်အကောင်းဆုံးစံနမူနာကို ပေးတော်မူကြ၏။ ထိုကဲ့သို့သော သာသနာ့ခေါင်းဆောင် အရှင်မြတ်ကြီးများကို နောင်လာနောက်သား ရဟန်းငယ်, ရှင်ငယ်များကလည်း အကောင်း ဆုံး စံနမူနာအဖြစ် မှတ်ယူလိုကြပေ၏။ လေးစားလိုကြပေ၏။ အားထားလိုကြပေ၏။ အရယူကာ ကျင့်သုံးလိုကြပေ၏။ ရှေ့ကသာသနာ့ ခေါင်းဆောင်အရှင်မြတ်များက အားကျဖွယ်ရာ အတုယူဖွယ်ရာအဖြစ် ကျင့်သုံးပြကြပြီး နောင်လာ နောက်သား သာသနာ့ဝန်ဆောင် အရှင်မြတ်များကလည်း အားကျ, အတုယူကာ ကျင့်သုံးကြပါလျှင် မြတ်ဗုဒ္ဓ သာသနာသည် အစဉ်ထာဝရ တင့်တယ်စွာ ဂုဏ်သရေရှိစွာ ပြည်မြန်မာနှင့် ကမ္ဘာမှာတည်ရှိနေမည်မှာမလွဲပါပေ။

ဤ၌ သုတ္တန္တပိဋက, အင်္ဂုတ္တရနိကာယ, စတုက္ကနိပါတပါဠိ သောဘနသုတ္တန်ကို ဖော်ပြလိုပါသည်။ ထိုသောဘနသုတ္တန်၌ ဘုရားရှင် မိန့်ကြားတော်မူထားသည်မှာ ဤသို့ဖြစ်ပါ၏။

"ဘိက္ခုတို့၊ ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာဆိုတဲ့ ပရိသက်(၄)ပါးဟာ ဘုရားတပည့်အပေါင်းကို တင့်တယ်စေဖို့ရာ ဗုဒ္ဓသာသနာကို အသရေရှိစေဖို့ရာ -

၁။ ထက်မြတ်ထင်ရှားတဲ့ဉာဏ်ရှိရမယ်။
၂။ ကိုယ်, နှုတ်, စိတ် ယဉ်ကျေးသိမ်မွေ့ရမယ်။
၃။ ရဲရင့်ရွှင်ပြရမယ်။
၄။ အကြားအမြင်များရမယ်။
၅။ ဗုဒ္ဓတရားကို နှုတ်တွင်သာမက နှလုံးသား ထဲရောက်အောင် ဆောင်ထားရမယ်။
၆။ မဂ်, ဖိုလ်, နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်တရား ကျင့်ပွားရမယ်တဲ့။

ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာတို့ အရေအတွက်များရုံ သက်သက်မျှဖြင့် ဗုဒ္ဓသာသနာ့ အသရေကို မဆောင်နိုင်ပါ။ ထိုပုဂ္ဂိုလ် (၄)မျိုးလုံးမှာ ထိုအရည်အသွေး (၆)မျိုး ကိုယ်စီကိုယ်စီ ရှိရပါမည်။ တန်းတူညီမျှ ရှိရပါမည်။ "အရေအတွက်မှ အရည် အသွေးသို့" ဖြစ်လာအောင် ကြိုးစားကြရပါမည်။ သို့မှသာ ဘုရားတပည့်အပေါင်းဟာ တင့်တယ်လာ မည် ဖြစ်ပါသည်။ ဗုဒ္ဓသာသနာ အသရေရှိလာမည် ဖြစ်ပါသည်။

ကျေးဇူးတော်ရှင် ပထမရွှေကျင်ဆရာတော်ကြီး သည် သူ့အတိုင်းအတာနှင့်သူ သံဃာ့အသရေရှိရေး အရည်အသွေး (၆)မျိုး, ဗုဒ္ဓသာသနာ အသရေရှိရေး အရည်အသွေး (၆)မျိုးနှင့် ပြည့်စုံတော်မူခဲ့ပါသည်။ ထိုအရည်အသွေး (၆)မျိုးနှင့် ပြည့်စုံတော်မူသော ပထမရွှေကျင်ဆရာတော်ကြီးကြောင့် ဘုရားတပည့် အပေါင်း တင့်တယ်လာပါသည်။ ဗုဒ္ဓသာသနာ အသရေရှိလာပါသည်။

၁။ ရွှေကျင်ဆရာတော်ကြီးမှာ ထက်မြက် ထင်ရှားသော ဉာဏ်ရှိတော်မူပါသည်။

ရွှေကျင်ဆရာတော်ကြီး၏ အသိဉာဏ်မှာ မှုန် ဝါးမနေပါ။ တုံးမနေပါ။ ရွှေကျင်ဆရာတော်ကြီးမှာ အလုပ်ကိစ္စတစ်ခု မလုပ်ခင် စကားတစ်လုံးမပြော ခင် လုပ်တော့မယ့်အလုပ်, ပြောတော့မယ့်စကားဟာ အကျိုးရှိသလား, မရှိဘူးလား စဉ်းစားဝေဖန်နိုင်တဲ့ ဉာဏ် ရှိခဲ့ပါသည်။ အကျိုးရှိမှန်းသိသည့် ဉာဏ်အပြင် သင့်တော်,မတော်ကို ချင့်ချိန်သည့်ဉာဏ်လည်း ရှိခဲ့ ပါသည်။ ဗုဒ္ဓသာသနာ လုပ်ငန်းအဖြာဖြာသည် အကျိုးရှိမှန်း, သင့်တော်မှန်း ဆရာတော်ကြီး သိတော်မူသဖြင့် ဗုဒ္ဓသာသနာ လုပ်ငန်းအဖြာဖြာကို ထက်ထက်မြက်မြက် ထင်ထင်ရှားရှား ပြုလုပ်တော် မူခဲ့ပါသည်။

၂။ ရွှေကျင်ဆရာတော်ကြီး၏ ကိုယ်, နှုတ်, စိတ်တို့မှာ ယဉ်ကျေးသိမ်မွေ့တော်မူပါသည်။

ရွှေကျင်ဆရာတော်ကြီးသည် အကျိုးရှိ, မရှိ သင့်တော်, မတော်ကို ခွဲခြားသိနိုင်သည့် အခြေခံ အသိကို လက်တွေ့အကောင်အထည်ဖော်သည့်အနေ ဖြင့် အကျိုးမရှိ, မသင့်တော်တာတွေကို ရှောင်ရှား တော်မူခဲ့ပါသည်။ အကျိုးရှိ, သင့်တော်တာတွေကို ဆောင်ပွားတော်မူခဲ့ပါသည်။ ထိုသို့ ရှောင်သင့်တာ ရှောင်၊ ဆောင်သင့်တာ ဆောင်တော်မူသဖြင့် ဆရာ တော်ကြီး၏ ကိုယ်, နှုတ်, စိတ် (၃)ပါးလုံး အချိုး ကျ, အပိုးသေနေခဲ့ပါသည်။ ယဉ်ကျေးသိမ်မွေ့တော် မူခဲ့ပါသည်။ ကိုယ်, နှုတ်, စိတ် (၃)ပါးလုံး အချိုးကျ, အပိုးသေ, ယဉ်ကျေးသိမ်မွေ့တော်မူသော ရွှေကျင်ဆရာတော်ကြီးသည် ဗုဒ္ဓသာသနာကို အသရေရှိအောင် လုပ်ဆောင်တော်မူနိုင်ခဲ့ပါသည်။

၃။ ရွှေကျင်ဆရာတော်ကြီးသည် ရဲရင့် ရွှင်ပြတော်မူသည်။

ထက်မြက်ထင်ရှားသည့် ဉာဏ်နှင့် ကိုယ်, နှုတ်, စိတ် ယဉ်ကျေးသိမ်မွေ့မှု မရှိသူသည် ပြော ချင်ရာတွေ လျှောက်ပြောတတ်ကြပါသည်။ လုပ်ချင် ရာတွေ လျှောက်လုပ်တတ်ကြပါသည်။ တွေးချင် ရာတွေ လျှောက်တွေးတတ်ကြပါသည်။ ထိုသို့ လျှောက်ပြော, လျှောက်လုပ်, လျှောက်တွေးနေသူ တို့သည် ကောင်းရာဘဝ ရောက်ပါမည်လားဟု စဉ်းစားကြည့်သည့်အခါ အပါယ်ဘေးနှင့်စပ်သည့်

ကိလေသာတို့၏ အခြိမ်းအခြောက်ကို ခံနေကြရပါလိမ့်မည်။ အခြိမ်းအခြောက် ခံနေရလျှင် မရဲရင့်၊ မရွှင်ပျတော့ဘဲ ကြောက်ရွံ့ထိတ်လန့်နေပါလိမ့်မည်။ တစ်မဂ်၊ တစ်ဖိုလ်ရအောင် အားထုတ်ထားလျှင်ကား "ငါသေလျှင် အပါယ်မလားတော့ဘူး"ဟု တွေးကာ ရဲရင့်ရွှင်ပျ နေပါလိမ့်မည်။ ပယ်သင့်တာတွေကို ပယ်သည့်အတွက် ရွှင်ကြည်သည့် အသိဉာဏ်ဖြင့် ရဲရင့်အားရ နေပါလိမ့်မည်။ သတ္တိရှိနေပါလိမ့်မည်။ ထိုရဲရင့်မှု သတ္တိရှိမှုတို့သည် မိမိသူတစ်ပါးအကျိုးဆောင် ရွက်ရာတွင် အလွန်ပင်အကျိုးများလှပါသည်။ အများအကျိုးပြုလုပ်ငန်းတွင် မှန်ကန်သင့်တော်လျှင် လုပ်ရဲရပါမည်။ ရွှေကျင်ဆရာတော်ကြီးသည် ပယ်သင့်တာတွေကို ပယ်သည့်အတွက် ဆရာတော်ကြီး၏ အသိဉာဏ်မှာ ရွှင်ကြည်နေပါသည်။ ရဲရင့်နေပါသည်။ သတ္တိရှိနေပါသည်။ ထို့ကြောင့်ပင် ဆရာတော်ကြီး၏ အများအကျိုးပြုလုပ်ငန်းမှာ ပြောင်မြောက်စွာ သမိုင်းတွင် ကျန်နေရစ်ပါသည်။

၄။ ရွှေကျင်ဆရာတော်ကြီးသည် အကြားအမြင် များတော်မူပါသည်။

ရေးက အရည်အချင်း (၃)မျိုးကို ရဖို့ရန် ကျင့်နည်းမှန်ကို မသိသေးသူသည် ဆရာကောင်းတွေထံ ထိုကျင့်နည်းမှန်တို့ကို လေ့လာရပါမည်။ တစ်ကိုယ်ရေအတွက်သာမက အများအတွက်ပါ ဆောင်ရွက်လိုသူကား ဗဟုသုတ နယ်ချဲ့ရပါလိမ့်မည်။ မျက်မှောက်၊ တမလွန် (၂)တန်သော အကျိုးပွားတိုးစေနိုင်သည့် ဗုဒ္ဓစာပေတွေကို စာတွေ့ (အာဂမသုတ)၊ လက်တွေ့ (အဓိဂမသုတ) ရှိထားရပါမည်။

ရွှေကျင်ဆရာတော်ကြီးမှာ ဆရာကောင်းတို့ထံ ဗုဒ္ဓစာပေတွေကို စာတွေ့၊ လက်တွေ့ လေ့လာဆည်းပူးတော် မူခဲ့ပါသည်။ ထို့ကြောင့် ဆရာတော်ကြီးမှာ အကြားအမြင် များတော်မူခဲ့ပါသည်။ အကြားအမြင် များတော်မူသော ဆရာတော်ကြီး၏ ပရိယတ်၊ ပဋိပတ် သာသနာရေးရာ ဆောင်ရွက်မှုအဖြာဖြာကြောင့် ပြည်တွင်းမှာသာမက ပြည်ပသို့တိုင်အောင် ဗုဒ္ဓသာသနာ ကျယ်ပြန့်လျက်ရှိနေပါသည်။

၅။ ရွှေကျင်ဆရာတော်ကြီးသည် ဗုဒ္ဓတရားတို့ကို နှုတ်တွင်သာမက နှလုံးသားထဲရောက်အောင် မှတ်ယူဆောင်ထားတော်မူပါသည်။ မမေ့နိုင်လောက်အောင် စိတ်နှလုံးထဲ စွဲနေအောင် ဆောင်ထားတော်မူပါသည်။ ထိုသို့ ဆောင်ထားပြီး တပည့်တို့အား စာပေပို့ချပေးခြင်း၊ ဟောပြောသွန်သင်ပေးခြင်း ကျမ်းစာ ၂၀၀-ခန့် ရေးသားပေးခြင်းတို့ဖြင့် ဗုဒ္ဓသာသနာ့ အသရေ တိုးပွားစေခဲ့ပါသည်။ ရွှေကျင်ဆရာတော်ကြီးသည် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်တရားတွေကို ကျင့်ပွားတော်မူခဲ့ပါသည်။

၆။ ရွှေကျင်ဆရာတော်ကြီးသည် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်တရားတွေကို ကျင့်ပွားတော်မူခဲ့ပါသည်။

ဗုဒ္ဓတရားတော်တို့ကို သင်ယူရုံ၊ ရွတ်အံရုံ၊ ပို့ချရုံ၊ စဉ်းစားရုံ၊ ဆင်ခြင်ရုံမျှဖြင့် တရားထူးကို မရနိုင်သေးပါ။ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရကြောင်း သီလ၊ သမာဓိ၊ ပညာအကျင့်တွေကို ကျင့်မှသာလျှင် တရားထူးကို ရနိုင်ပါသည်။ ကျင့်သုံးမှု ပြီးဆုံးလျှင် ပန်းတိုင်သို့ ရောက်မည်ဖြစ်ပါသည်။

ရွှေကျင်ဆရာတော်ကြီးသည် ကိန္နရာတောင်၊ စေဥ္စကိုင်တောရ၊ ကုက္ကိုချောင်တောရ၊ နွားလန်တောင်တောရ၊ မင်းကွန်း ငွေတောင်တောရ စသည်များသို့လည်း ကြွရောက်တော်မူကာ ပဋိပတ်အလုပ်ကို အားထုတ်တော်မူခဲ့ပါသည်။ ရွှေကျင်ဆရာတော်ကြီး၏ ဘွဲ့တော်မှာ အရှင်ဇာဂရဖြစ်သည်နှင့်အညီ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာစွမ်းအားတို့ နိုးကြားလာအောင် ကြိုးစားတော်မူခဲ့ပါသည်။ "ဇာဂရ=နိုးကြားသူ"ဟူသော နာမည်နှင့်လိုက်ဖက်

အောင် သဒ္ဓါတရား နိုးကြားလာစေဖို့ ဗုဒ္ဓစာပေ အထွေထွေတို့ကို လေ့လာတော်မူခဲ့ပါသည်။ နာယူတော်မူခဲ့ပါသည်။ ဗုဒ္ဓတရားတွေကို လေ့လာနာယူခဲ့သဖြင့် ယုံကြည်စွမ်းအား (သဒ္ဓါ) နိုးကြားလာခဲ့ပါသည်။ နိုးကြားလာတဲ့ သဒ္ဓါတရားကိုလည်း ရေရှည်မှာ ညှိုးခြောက်မသွားရအောင် တရားအားထုတ်မှု အလုပ်ဖြင့်လည်း ပြုစုပျိုးထောင်ပေးတော် မူခဲ့ပါသည်။ ပန်းတိုင်မရောက်မချင်း သဒ္ဓါအရှိန် ကျမသွားအောင်၊ ခိုင်မြဲနေအောင်၊ တိုးတက်အောင်လည်း တရားအလုပ်ကို ဆက်လက်အားထုတ်တော်မူခဲ့ပါသည်။

သဒ္ဓါနိုးကြားလာသဖြင့် ဗုဒ္ဓတရားတွေကို သိလိုသည့် ဆန္ဒတွေ ပြင်းပြခဲ့ပါသည်။ ဆန္ဒပြင်းပြလာသဖြင့် အစပျိုး ကြိုးပမ်းအားထုတ်မှု၊ အပျင်းလွန်မြောက်သည့်အထိ ကြိုးပမ်းအားထုတ်မှု၊ ပန်းတိုင်ရောက်သည့်အထိ အဆင့်ဆင့်တိုး၍ ကြိုးပမ်းအားထုတ်မှု ဝီရိယစွမ်းအားတို့လည်း နိုးကြားလာခဲ့ပါသည်။

ကြိုးပမ်းအားထုတ်မှု ဝီရိယစွမ်းအား နိုးကြားလာသဖြင့် ရှုကွင်းရှုကွက် အာရုံအပေါ်မှာ စွဲမြဲစွာ အမှတ်ရသည့် သတိစွမ်းအားလည်း နိုးကြားလာခဲ့ပါသည်။

စွဲမြဲစွာအမှတ်ရမှု=သတိစွမ်းအား နိုးကြားလာသဖြင့် စွဲမြဲစွာ ရှုရာရှုရာ အာရုံအပေါ်မှာ ငြိမ်သက်တည်ကြည်မှု=သမာဓိစွမ်းအားလည်း နိုးကြားလာခဲ့ပါသည်။

ငြိမ်သက်တည်ကြည်မှု=သမာဓိစွမ်းအား နိုးကြားလာသဖြင့် ရှုးစိုက်မိရာအာရုံကို အခြေခံကစ၍ ပိုင်းပိုင်းခြားခြား ပြတ်ပြတ်သားသား သိမှု=ပညာစွမ်းအားလည်း နိုးကြားလာခဲ့ပါသည်။ ပညာစွမ်းအား နိုးကြားလာသည်နှင့်အမျှ သဒ္ဓါစွမ်းအားစသည်တို့လည်း တိုးတက်လာပြန်ပါသည်။

ရွှေကျင်ဆရာတော်ကြီး၏ သန္တာန်တော်တွင် ထိုစွမ်းအင် (၅)ပါးတို့ နိုးကြားနေသဖြင့် "ဇာဂရ=နိုးကြားသူ"ဟူသောအမည်သည် ရွှေကျင်ဆရာတော်ကြီးနှင့် အင်မတန်လိုက်ဖက်သောအမည် ဖြစ်နေပါသည်။ ရွှေကျင်ဆရာတော်ကြီးသည် သူကိုယ်တိုင်နိုးကြားတော်မူသကဲ့သို့ သူ့လက်လှမ်းမီရာ ရဟန်း၊ ရှင်၊ လူတို့၏ သန္တာန်၌လည်း ထိုစွမ်းအား (၅)ပါး နိုးကြားလာအောင် နှိုးကြားပေးတော်မူပါသေးသည်။ ထို့ကြောင့် ထိုစွမ်းအား (၅)ပါးတို့ နိုးကြားလာကြသည့် ရဟန်း၊ ရှင်၊ လူတွေများစွာ ပေါ်ထွန်းခဲ့ပါပေသည်။ ရွှေကျင်ဆရာတော်ကြီး၏ ဩဝါဒကို ခံယူကာကျင့်သုံးနေကြသည့် ယခုခေတ် ရဟန်း၊ ရှင်၊ လူတို့သည်လည်း ထိုစွမ်းအား (၅)ပါးတို့ နိုးကြားနေအောင် ကိုယ်စီကိုယ်စီ ကြိုးစားသင့်ကြပါသည်။ ကြိုးစားသင့်ကြပါပြီ။ ကိုယ်စီ ကိုယ်စီ ကြိုးစားသဖြင့် နိုးကြားနေကြပါလျှင် "သောဘနသုတ္တန်"နှင့်အညီ ဘုရားတပည့်အပေါင်းကို တင့်တယ်စေနိုင်သည့် ဗုဒ္ဓသာသနာကို အသရေရှိစေမည့် ပုဂ္ဂိုလ်တွေ ဖြစ်နေကြမည်သာ ဖြစ်ပါသတည်း။

အရှင်ပဏ္ဍိတာဘိဝံသ

ပဏ္ဍိတာရာမ၊

ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၊

ရန်ကုန်မြို့။

## ဤကိုယ်နှင့်နိဗ္ဗာန်

မမြဲသောဤကိုယ်ဖြင့်
မြဲသောနိဗ္ဗာန်ကို
မလဲလှယ်နိုင်ပြီလော?

**ပထမရွှေကျင်ဆရာတော်ဘုရားကြီး**



# ရွှေကျင်ဆရာတော်၏ ဝိနယဂရုကာရုဏ်

**ဦးသြဒါတသိရိဘိဝံသ** (အတုလဂုဏ်ရည်)

ကျေးရှူးရှင် ပဌမရွှေကျင်ဆရာတော်ဘုရားကြီးသည်ကား ဗုဒ္ဓမြတ်စွာသာသနာတော်ဝယ် ဝိနည်းတော်ကို အလွန်အလေးဂရုပြုကြသည့် အရှင် ဥပါလိ ရဟန္တာမထေရ်မြတ်ကြီးမှ အဆက်ဆက်ဆင်းသက်လာခဲ့သော ဂဏဝိမုတ် သီးလုံးဆရာတော်ကြီး၏ တပည့်ရင်း ဖြစ်ပေသည်။

သီးလုံးဆရာတော်ကြီးသည် ဝိနည်းလေးစားသည့်အရာ (ဝိနယဂရုကအရာ)တွင် ထင်ရှားကျော်ကြားသည့် ဆရာတော်ကြီးဖြစ်သကဲ့သို့ ပဋိပတ်ဖက်တွင်လည်း ဈာန်အဘိညာဉ်ရ ပုဂ္ဂိုလ်ကြီးအဖြစ် အသိအမှတ်ပြုခဲ့ရသော ဆရာတော်ကြီးဖြစ်ပေသည်။

ထို့ကြောင့် သီးလုံးဆရာတော်ကြီးကို ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးက သာသနာတော်ရေးအတွက် အလွန်အားကိုးအားထားပြုခဲ့ပေသည်။ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်၍ ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခဲ့သည်။

ရွှေကျင်ဆရာတော်သည် သီးလုံးဆရာတော်ကြီး၏ ပရိယတ်+ပဋိပတ် စွမ်းရည်နှစ်ရပ်ကို အပြည့်အဝ ရခဲ့ရုံသာမက သီးလုံးဆရာတော်ဘုရားကြီး၏ ဝိနယဂရုကမာတ်ကိုလည်း ရရှိတော်မူခဲ့သည်။ အရာရာဝွင် အမှတ်တမဲ့ ပြုလုပ်လေ့ သုံးဆောင်လေ့မရှိဘဲ အသေအချာမေးမြန်းပြီးမှ သံသယကင်းမှ ပြုလုပ်လေ့ သုံးဆောင်လေ့ရှိပေသည်။ သံသယမကင်းသောကိစ္စ အာဟာရများကို ဘုဉ်းပေးသုံးဆောင်လေ့ မရှိပါပေ။ ထိုသို့ အရာရာ၌ သတိသမ္ပဇဉ် အမြဲယှဉ်လေ့ရှိသောကြောင့် ကျေးဇူးရှင် သီးလုံးဆရာတော်ဘုရားကြီး ကိုယ်တိုင်ကပင် "ဒကာကြီး၏သား မောင်ပဥ္စင်းက အခြားပုဂ္ဂိုလ်တို့ထက် သာလွန်၍ ဝိနယဂရုက သိက္ခာကာမ ကုက္ကုစ္စသံသယ ရှိပေသည်" ဟု ရွှေကျင်ဆရာတော်၏ ခမည်းတော်ကြီး ဦးမောင်အား မိန့်ကြားဖူးသည်ဟု သိရပေသည်။

ရွှေကျင်ဆရာတော်သည် ဗုဒ္ဓသာသနာတော်

စင်ကြယ်သန့်ရှင်းစွာ ထွန်းပရေးအတွက် အစွမ်းရှိသမျှ ဆောင်ရွက်တော်မူခဲ့သည်။ ဝိနည်းသည် သာသနာ့အသက်ဖြစ်၍ ဝိနည်းတရား ထွန်းကားအောင် ဆောင်ရွက်တော်မူသည်။ ကိုယ်တော်တိုင် ဝိနည်းကို အထူးအလေးဂရုပြုသကဲ့သို့ တပည့်များကိုလည်း အထူးအလေးပြု လိုက်နာစေသည်။

ဆရာတော်သည် မိမိ၏တပည့်များ လဇ္ဇီသူတော်ကောင်းများဖြစ်၍ အများတကာတို့ ကြည်ညိုဖွယ် ဆောင်နိုင်အောင် စာရိတ္တအဆုံးအမတို့ကို ထုတ်ပြန်၍ လိုက်နာကျင့်သုံးစေတော်မူသည်။

ဆရာတော်ထုတ်ပြန်ခဲ့သော စာရိတ္တ အဆုံးအမတွင်–

(၁) အစိတ္တက အဝိသယဉာနမှတစ်ပါး အားကြီးသော ရန့်ရှင်းသော ဝီတိက္ကမ စေတနာဖြင့် အာပတ်ကို မလွန်မကျူးမိအောင် အထူးရှောင်ကြဉ်ပါမည်ဘုရား။

(၂) အာပတ်သင့်မှန်းသိလျက် တစ်နံနက် တစ်နေကုန် ဖုံးလွှမ်း၍မထား၊ အားလပ်စွမ်းနိုင်သည့်အခါ၌ ဆောလျင်စွာ သုတ်သင်ပါအံ့ဘုရား။

(၃) အကပ္ပိယ အဓမ္မိယပစ္စည်း အသုံးအဆောင် မှန်းသိလျက် တစ်နေ့တစ်နံနက်မျှ သုံးဆောင် သိမ်းမီး စားသောက်ခြင်းကိုမပြု၊ ရှောင်ကြဉ် စွန့်ပစ်ပါအံ့ဘုရား–စသည်ဖြင့် တပည့်ရဟန်းတော်အားလုံး လျှောက်ထား၍ အာပတ်မသင့်အောင် ဂရုပြုဖို့နှင့် သင့်ခဲ့လျှင် ဖုံးလွှမ်းမထားဘဲ မြန်မြန်ကုစားဖို့ ညွှန်ကြားခဲ့ပေသည်။

ထို့ပြင် အတိကုက္ကုစ္စက သိက္ခာကာမပုဂ္ဂိုလ်တို့ ကျင့်ဆောင်ရိုးအမှု ဂရုသို့လိုက်၍ ကျင့်ဆောင်လိုကုန်သော သဒ္ဓါသမ္ပန္နကုလပုတ္တ အမျိုးကောင်းသားတို့အတွက် ဝိနည်းတော်ကို အထူးဂရုပြု လိုက်နာနိုင်ကြစေရန် "ဝိနယဂရုဒီပနီ"ကျမ်းကို ရေးသား၍ ထုတ်ပြန်လိုက်နာစေတော်မူခဲ့ပေသည်။

ယင်း ဝိနယဂရုဒီပနီတွင် ရဟန်းတော်များ အလွယ်တကူ သင့်ရောက်နိုင်သော သိက္ခာပုဒ်အာပတ်များကို ထုတ်ပြန်ကာ သတိပြုရှောင်ကြဉ်ရမည့် အချက်များကို ထုတ်နုတ်ဖော်ပြထားတော်မူသည်။ ဥပမာ–ပါရာဇိက လေးပါးရှိသည့်အနက် လေးပါးလုံး ထုတ်ပြန်တော်မမူဘဲ အမှတ်တမဲ့ သင့်ရောက်တတ်သည့် ဒုတိယပါရာဇိက (ခိုးမှုပါရာဇိက) နှင့်စပ်၍ သတိပြုဖွယ် ရှောင်ကြဉ်ဖွယ်တို့ကို ပါဠိတော် အဋ္ဌကထာဋီကာတို့မှ ထုတ်နုတ်၍ ပြတော်မူထားပေသည်။ ထို့အတူ သံဃာဒိသိသ်သိက္ခာပုဒ် ၁၃–ပုဒ်ရှိသည်တွင် ရဟန်းတော်များအနေဖြင့် သင့်လွယ်သော သုက္ကဝိဿဋ္ဌိသိက္ခာပုဒ်နှင့် ကုလဒူသကသိက္ခာပုဒ်တို့ကိုသာ အကျယ်တဝင့် ရှင်းလင်းရေးသားညွှန်ပြထားပေသည်။

နိဿဂ္ဂိပါစိတ်လာ သိက္ခာပုဒ် သုံးဆယ်တို့တွင်လည်း သင်္ကန်း သပိတ် ပရိက္ခရာ ရွှေ ငွေ အနာမာသတို့နှင့်စပ်၍ အလွယ်တကူ အာပတ်သင့်စေနိုင်သော ပထမကထိနသိက္ခာပုဒ်၊ ဒုတိယကထိနသိက္ခာပုဒ်၊ ပတ္တဝဂ် ပထမသိက္ခာပုဒ်၊ ရာဇဘောဂ္ဂသိက္ခာပုဒ်တို့နှင့် စပ်ဆိုင်ရာ သတိပြုရမည့် အချက်များကို ထုတ်နုတ်ညွှန်ပြတော်မူသည်။

ဤသို့စသည်ဖြင့် တပည့်သံဃာများအား ဆုံးမတော်မူသည့်အပြင် မင်းအမတ်ကြီးစသော အာဏာပိုင်ပုဂ္ဂိုလ်များ အနေဖြင့်လည်း ရဟန်းတော်များနှင့် မအပ်မစပ်သော အမှုကိစ္စတို့ကို မင်းမိန့်ဖြင့် မဆောင်ရွက်စေရေး၊ ဒကာ ဒကာမများ အနေဖြင့်လည်း မိမိတို့အား သစ်သီး မုန့်ပဲသရေစာ ပေးသော ရဟန်း၊ မိမိတို့၏ လူမှုကိစ္စကို ဆောင်ရွက်ပေးသော ရဟန်းကိုမှ ကြည်ညိုကိုးကွယ်ဆည်းကပ်ခြင်း စသော နည်းမမှန်လမ်းမမှန်တို့ကို ရှောင်ကြည်ရေး၊ လူ့ဝတ်ကြောင်များအနေဖြင့် ရဟန်းတော်များကျင့်သုံးရသော ဝိနည်းတော်တို့ကို နားလည်ရေးတို့ကိုလည်း ဟောပြောဆုံးမတော်မူခဲ့သည်။

ဝိနည်းတော်ကို မည်မျှအလေးဂရုပြုသည်ကို ဖော်ပြပါ သာသနာ့လျှောက်ဖြင့်လည်း သိနိုင်ပေသည်။ ဤသာသနာလျှောက်မှာ မန္တလေး မဟာဓမ္မိကာရာမ ရွှေကျောင်တိုက်မကြီး၌ ညစဉ်ညတိုင်း သာမဏေငယ်၊ သူတော်ငယ်၊ ကျောင်းသားငယ်တို့က အလှည့်ကျ သံဃာတော်များအား ရွတ်ဆိုလျှောက်ရသော သာသနာလျှောက်ဖြစ်ပေသည်။ ဝိနည်းတော် လေးစားလိုက်နာရေးကို နေ့စဉ်နေ့တိုင်း သတိပေးတိုက်တွန်းနေသည့် သဘောဖြစ်ပေသည်။

သာသနာလျှောက် သြဝါဒစာတမ်းမှာ အနည်းငယ် ရှည်လျားသဖြင့် လိုရင်းအချက်အချို့ကိုသာ ကောက်နုတ်ဖော်ပြပါသည်။

### သာသနာလျှောက် သြဝါဒစာတမ်း

ဘုရားတပည့်တော် နန္ဒမဥ္ဇူ ရှိခိုးလျှောက်ကြား အသနားတော်မြတ် ခံပါသည် သံဃာတော်အရှင်မြတ်တို့ဘုရား။

အရှင်မြတ်တို့ ကျေးဇူးသခင် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည့်နေ့မှစ၍ ထားတော်မူခဲ့သော သာသနာတော်ငါးထောင်အနက် ယခုအခါ လွန်လေပြီးသော သာသနာတော်နှစ်ထောင့်လေးရာသုံးဆယ့်ခြောက်ခု လွန်ပါပြီဘုရား။ ကြွင်းသေးသော သာသနာတော်မြတ်သည်ကားနှစ်ထောင့်ငါးရာ ခြောက်ဆယ့်လေးခုမျှသာ ကြွင်းပါတော့သည်ဘုရား။ ယခုအခါ မြန်မာဝေါဟာ ကောဇာသက္ကရာဇ် နှစ်အရေအတွက်သော်ကား ၁၂၅၄–ခု၊ ဥတုဝသန္တ သီတင်းကျွတ်လဆန်း ၁၅ ရက် ဗုဒ္ဓဟူးနေ့ ဖြစ်ပါသည်ဘုရား။

ဤသို့လျှင် ဘုရားရှင်သာသနာ လွန်စွာဆုတ်ယုတ် လျော့သွားသည်ဖြစ်ရာ အရှင်မြတ်တို့သေရခြင်းတရားသည်လည်း တစ်နေ့ထက်တစ်နေ့အားကြီး၍လာသည်များကို စဉ်းစားဆင်ခြင်တော်မူကြပါကုန်သည်ဖြစ်၍ လည်းကောင်း၊ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခါနီးအခါ–

အာမန္တယာမိ ဝေါ ဘိက္ခဝေ၊

ပဋိဝေဒယာမိ ဝေါ ဘိက္ခဝေ၊

အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ။

မြွက်ဟမိန့်ကြားမှာထားတော်မူခဲ့သော ပစ္ဆိမဝစနမြတ်ဗုဒ္ဓအမိန့်တော်ကို ထိပ်ထက်သံမှို အမြဲသိတော်မူကြကုန်သည်ဖြစ်၍လည်းကောင်း။

ပါတိမောက္ခသံဝရသံဝုတာ ဟောထ၊

အဏုမတ္တေသု ဝဇ္ဇေသု ဘယ ဒဿာဝီ၊

သမာဒါယ သိက္ခထ သိက္ခာပဒေသု–

ဟူသော အနုကဝိနည်းသုတ် ဒေသနာတော်ကို အခါခါ နှလုံးပြုကြကုန်သည်ဖြစ်၍လည်းကောင်း၊ ယခုအခါ အာကာသဝေဟင်တွင် တင့်တယ်စွာ ထွန်းလင်းသော ရွှေလဝန်းကို မိုးတိမ်ပုပ်ဖုံးသကဲ့သို့ အလွန်စင်ကြယ်လှစွာသော ဘုရားရှင်သာသနာတော်ကို အချို့ပုဂ္ဂိုလ်တို့ ကျော်နင်းပြုမှားသော အနနုညာတ၊

မအပ်မရာ ဒါယကာတို့အား ပန်းသစ်သီးပေးခြင်း၊ ဆွမ်းတံ့ပေးခြင်း၊ ထမင်းကျွေးခြင်းစသော ကုလဒူသန အနေသနမှု၊

ဒါယကာတို့ကို တွေ့မြင်လျှင် ရှေးဦးဟင်၍ နုတ်ခွန်းဆက်ခြင်း ပုဗ္ဗဘာသိတာ မိစ္ဆာဇီဝ၊

လူတို့ချင်းကဲ့သို့ ပြုံးခြင်းရေးရှိသည်ဖြစ်၍ စကားပြောလေ့ရှိသော မိဟိတပုဗ္ဗင်္ဂမတာ မိစ္ဆာဇီဝ၊

ဒါယကာတို့အောက် မိမိကိုယ်ကို နှိမ့်ချ၍ ဗျာမွန် ကျွန်ုပ် ကျုပ် စသည်တို့ဖြင့် ပြောဆိုလေ့ရှိခြင်း ဝါတုကမျတာမိစ္ဆာဇီဝ၊

လူဟိုအမှုကို ရွက်ဆောင်သယ်ပိုးခြင်း ဂိဟိကမ္မ မိစ္ဆာဇီဝ။

လူဟိုကဲ့သို့ ရောင်းဝယ်ဖောက်ကားခြင်း၊ ရွှေငွေခံခြင်း၊ လှည်းစီး နွားမွေး ဆေးကုဆေးပေး ဆေးနည်းပေး သူနာမေးမှုကိုပြုခြင်း၊ အင်္ဂုရပ်ကိုးခြင်း စသော အလဇ္ဇီပါပမမှု။

အကြောင်းမရှိဘဲ နေ့ပွဲကွမ်းစား၊ အနာမရှိဘဲ ဆေးဝါး ဆေးသောက်၊ မြို့တွင်းရွာတွင်း ထီးဆောင်းဘိနပ်စီးခြင်း (ပ) လေးတောင်ယက်မက ပိုလွန်၍

ထိုထိုအရပ်သို့ ကြည့်ရှုလျက် ရွာတွင်း မြို့တွင်း သွားလာခြင်းကိုပြုသဖြင့် ဩကိဒ္ဓတ္တစက္ခု သိက္ခာပုဒ်တော်ကို အခါခါလွန်ကျူးကျော်နင်းခြင်း စသော အလဇ္ဇီပါပဓမ္မ ဟူသော မိုးတိမ်ပုပ်ဖုံးလွှမ်း၍ သာသနာတော် နေဝန်းလဝန်း ညှိုးနွမ်းပျက်စီး ရှိကြသည့် အရာများကို တရားသံဝေဂ ပြုတော်မူကုန်သည် ဖြစ်၍လည်းကောင်း၊

တင်လဲအိုးထဲ၌ သေဘေးဆိုက်ရသော ပိုးပရွက်များကဲ့သို့ မိမိတို့အလဇ္ဇီပါပကမ္မအတွက် ကိုးကွယ်ရာ သာသနာတော်မှ ဘေးကြီးလက်နက် မထိစေရ၊ လဇ္ဇီပေသလ ကုက္ကုစ္စက သိက္ခာကာမဂုဏ်တော်များနှင့် ပြည့်စုံ၍ ပါတိမောက္ခသံဝရသီလ လုံခြုံအောင် အမြဲသတိဆောင်တော်မူကြပါမည့် အကြောင်း၊

ဤအတိုင်း နေ့စဉ်မပြတ် သံဃာတော်တို့ ဝတ်တက်ဝတ်ကပ် အပြီးအဆုံး၌ သတိပေး လျှောက်ထားကြရမည်–ဟူသော ဆရာတော်ဘုရားကြီး၏ အမိန့်တော်များကို ဦးထိပ်ထားရပါသည့်အတိုင်း ဘုရားတပည့်တော်လူငယ် နန္ဒမဥ္ဇူ ရှိသေဝပ်တွား သတိပေးတရား လျှောက်ကြားဝံ့ပါသည် သံဃာတော် အရှင်မြတ်တို့ဘုရား။

## တစ်ချက်ခုတ်နှစ်ချက်ပြတ်

ရွှေကျင်ဆရာတော်သည် ဤသာသနာလျှောက်သြဝါဒ စာတမ်းကို ညစဉ်ဘုရားဝတ်ပြုပြီးတိုင်း သာမဏေငယ်၊ သူတော်ငယ်၊ ကျောင်းသားငယ်တို့ကို လျှောက်ကြားစေခြင်းဖြင့် ရဟန်းတော်များအား ဝိနည်းတော်တို့ကို အလေးဂရုထားကြရန် သတိပေးပြီး ဖြစ်သကဲ့သို့ ရဟန်းဖြစ်လတ္တံ့သော သာမဏေငယ်၊ သူတော်ငယ်၊ ကျောင်းသားငယ်တို့ကို ငယ်ငယ်ကလေးကပင် အလဇ္ဇီ ပါပဓမ္မတို့ကို သိနားလည်စေပြီး ဝိနည်းတရားတော်အတိုင်း နေထိုင်ကျင့်သုံးတတ်စေရန် သင်တန်းပေးပြီးသားလည်း ဖြစ်သဖြင့် လွန်စွာထိရောက်သော အစီအစဉ်ဖြစ်ပေသည်။

## ခမည်းတော်ကြီးကိုပင်သံသယရှိ

ရွှေကျင်ဆရာတော် ဝိနယကုက္ကုစ္စရှိပုံနှင့် စပ်လျဉ်း၍ ရွှေကျင်နိကာယ သာသနာဝင်တွင် ဖော်ပြထားသော အကြောင်းအရာကို ထုတ်နုတ်တင်ပြလိုပေသည်။

ရွှေကျင်ဆရာတော်သည် ပစ္စည်းလေးပါးတောင်းခံမှုနှင့်စပ်၍ အလွန်စိစစ် အလွန်ဆင်ခြင်တော်မူလေ့ရှိသည်။ တင်လဲအိုးထဲ၌ တင်လဲခဲကို မက်၍ သေဘေးဆိုက်ရသော ပိုးပရွက်များကဲ့သို့ ပစ္စည်းလေးပါးကို မစိစစ်မဆင်ခြင်ဘဲ သုံးဆောင်မိက မိမိတွင် ကိုယ်ကျိုးကြီးနည်းအောင် ဘေးဆိုက်တတ်သည်ကို အထူးသတိပြုတော်မူသည်။

ထို့ကြောင့် ရွှေမြို့တော်မရောက်မီ တောရွာများတွင် နေထိုင်သီတင်းသုံးရစဉ်က တစ်ခါတစ်ရံ လိုအပ်သော ပစ္စည်းများရှိက မယ်တော်ကြီး (ဒေါ်မိ) ထံတွင်သာ တောင်းလေ့ရှိသည်။ ခမည်းတော်ကြီး (ဥုးမောင်)ထံ တောင်းလေ့မရှိပေ။

ထိုကိစ္စနှင့်စပ်လျဉ်း၍ တစ်နေ့တွင် ရွှေကျင်ဆရာတော်က ခမည်းတော်ကြီးအား ပစ္စည်းလေးပါးတောင်းခံမှုနှင့်စပ်လျဉ်း၍ တရားဟောတော်မူသည်။

ရွှေကျင်ဆရာတော်က "ဒကာကြီး၊ ရဟန်းတော်များအဖို့ အမိဘက်က ဆွေ(၇)ဆက် အဖဖက်က ဆွေ(၇)ဆက် အမျိုးတော်သော ဉာတိပုဂ္ဂိုလ်များနှင့် ဆွေမျိုးမတော်သော်လည်း အလိုရှိသောအခါ ပစ္စည်းလေးပါး အမိန့်ရှိတော်မူပါဟု လျှောက်ထားသော ဒကာ–ဒကာမများထံသာ လိုအပ်သောပစ္စည်းတောင်းကောင်းသည်၊ ဆွေမျိုးမတော်သော ဒကာ–ဒကာမ၊ ပစ္စည်းလေးပါး ဖိတ်မထားသော ဒကာ–ဒကာမများထံ မတောင်းကောင်း၊ သို့ဖြစ်၍ ဦးဇင်းမှာ လိုအပ်သော ပစ္စည်းရှိလျှင် မယ်တော်ဒကာမကြီးထံ

သာ တောင်းရပါသည်။ ဒကာကြီးမှာမူ ပစ္စည်း လေးပါး ဖိတ်မထားသဖြင့် မတောင်းမိပါ"စသည် ဖြင့် အကျယ်တဝင့် ဟောတော်မူသည်။

ဆရာတော်၏ ဆိုလိုရင်းမှာ မိခင်မယ်တော်ကြီးမှာ အမေအရင်းဖြစ်၍ သံသယကင်းသည်။ ဖခင် ခမည်းတော်ကြီးမှာကား အဖအရင်းဟုတ်ချင်မှ ဟုတ်မည်ဟု သံသယရှိသဖြင့် အကယ်၍ ဖခင်အရင်းမဟုတ်ခဲ့လျှင် လိုအပ်သောပစ္စည်း တောင်းမိက အညာတကဝိညတ္တိသိက္ခာပုဒ်အရ အာပတ်သင့်နိုင်သည်။ ထို့ကြောင့် ဖခင်ခမည်းတော်ကြီးကို ပစ္စည်းများ တောင်းရမ်းလေ့ မရှိပါဟု ဆိုလိုခြင်းဖြစ်သည်။

ခမည်းတော်ကြီး ဦးမောင်မှာ လိမ္မာပါးနပ်သူဖြစ်၍ "မောင်ပဥ္စင်းကယခုဒကာကြီးအား ပဝါရိတဒါယကာအဖြစ် ဖိတ်ကြားစေလိုရိပ် ပြုသည့်မှာ သက်သက်အကျိုးရှိမည်မထင်။ ဘာ့ကြောင့်ဆိုလျှင် ဤကိစ္စမှာ ဒကာကြီးတာဝန်မဟုတ်ပါ။ အကယ်၍ မောင်ပဥ္စင်း ကျေကျေနပ်နပ် သံသယကုက္ကုစ္စကင်းလိုလျှင် မောင်ပဥ္စင်း၏ ဒကာမကြီးကိုသာ မေးမြန်းပါလေ။ မောင်ပဥ္စင်းကဲ့သို့ ရှာရှာဖွေဖွေ သံသယကုက္ကုစ္စ ရှိသောပုဂ္ဂိုလ်ကို ဒကာကြီးယခု အသက်အရွယ်တိုင်အောင် ယခင်ကမတွေ့မကြုံခဲ့ဘူးပါ။ ယခုကား ကြားဖူး မြင်ဖူးရုံမျှမဟုတ် ကိုယ့်သားအရင်းပင် ဖြစ်နေဘိတော့သည်"ဟု လျှောက်ထားသည် ဟူ၏။

## အရှင်သာရိပုတ္တရာထုံးနှလုံးမှု

ခမည်းတော် ဒကာကြီးက သံသယကုက္ကုစ္စ မရှိသင့်ရာ၌ သံသယကုက္ကုစ္စ ရှိပေသည်ဟု သားရဟန်းတော် (အရှင်ဇာဂရ)အား လျှောက်ထားရာ ရွှေကျင်ဆရာတော်က "ဒကာကြီး၊ ရှေးပညာရှိသူတော်ကောင်းတို့သည် သံသယကုက္ကုစ္စ ရှိလောက်သော နေရာ၌ သံသယကုက္ကုစ္စ ကြီးမားစွာပင် ရှိတော်မူကြသည်။ သံသယကုက္ကုစ္စ မရှိလောက်ရာမှာပင် သံသယရှိတော်မူကြသေးသည်။ သံသယကုက္ကုစ္စ မရှိဟု ဆိုရစေကာမူ ပညာရှိတို့ကဲ့ရဲ့အပ်သော အမှုတို့ကို အနည်းငယ်မျှ သေးသေးငယ်ငယ်ပင်ဖြစ်စေ မပြုမကျင့်အပ်ကြောင်း" စသည်ဖြင့် မိန့်ကြားတော်မူပြီး အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး အကြောင်းကို ဟောကြားပြောပြတော်မူသည်။

အရှင်သာရိပုတ္တရာ လေနာရောဂါ အပြင်း အထန်ဖြစ်ရာ အရှင်မောဂ္ဂလာန်က ယခင် ဘယ်ဆေး ဘယ်အစာဖြင့် ပျောက်ဖူးပါသနည်းဟု မေးရာ နွားနို့ထမင်းဖြင့် ပျောက်ဖူးကြောင်း မိန့်ကြားသည်။ ထိုစကားကို လိုဏ်ဂူအနီးရှိ သစ်ပင်စောင့်ရက္ခစိုးနတ်က ကြားသဖြင့် အရှင်မောဂ္ဂလာန်၏ ဆွမ်းခံအိမ်မှ ဒါယကာ၏သားကစ်ယောက်ကို ဝင်ပူးပြီး "နက်ဖြန်အရှင်မောဂ္ဂလာန် ဆွမ်းခံကြွလာသည့်အခါ နွားနို့ထမင်းလှူရမည်"ဟု ပြောသည်။ ရက္ခစိုး၏ ပြောကြားချက်ကြောင့် နောက်တစ်နေ့ အရှင်မောဂ္ဂလာန် ဆွမ်းခံလာသောအခါ အရှင်သာရိပုတ္တရာအတွက်ပါ နွားနို့ထမင်းကို လှူဒါန်းလိုက်သည်။

ထိုနွားနို့ထမင်းကို အရှင်မောဂ္ဂလာန် ယူဆောင်ခဲ့၍ အရှင်သာရိပုတ္တရာအား ဆက်ကပ်ရာ အရှင်သာရိပုတ္တရာက အကြောင်းကို ဆင်ခြင်သော် ရက္ခစိုးနတ်၏ပယောဂကြောင့် ရလာသောနွားနို့ဆွမ်းဖြစ်ကြောင်းသိသဖြင့် မသောက်တော့ဘဲ သွန်ပစ်လိုက်လေ၏။ နွားနို့ဆွမ်းမြေပေါ်ရောက်သည်နှင့် တစ်ပြိုင်နက် လေနာရောဂါလည်း ပျောက်လေ၏။

ဤကိစ္စ၌ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်ကို၎င်း ရက္ခစိုးနတ်မင်းသိပြီး သွားပြောပါစေဟု စေဟနာမရှိသောကြောင့် ရက္ခစိုးနတ် ပူးပြောခြင်းကြောင့် ဖြစ်ပေါ်လာသော နွားနို့ဆွမ်းသည် တစ်စုံတစ်ရာ အပြစ်မရှိပေ။ ဝင်ကြယ်လောက် သောဖော်သာဖြစ်သည်။ သို့သော် ရက္ခစိုးနတ်နှင့်ဆက်စပ်ဖြစ်ပေါ်လာရကား ဤနွားနို့ဆွမ်းကို [illegible] ပညာရှိသူတော်ကောင်းတို့ ကဲ့ရဲ့ဖွယ်ဖြစ်မည်စိုးသောကြောင့် ဤသို့ မကြည်းမပေးတော့ဘဲ စွန့်ပယ်လိုက်ခြင်း ဖြစ်ပေသည်။

ရွှေကျင်ဆရာတော်သည် ဤဇာတ်ကြောင်းကို ပြောပြပြီး သံသယကုက္ကုစ္စ မရှိလောက်သောအရာ မှာပင် ရေးပညာရှိသူတော်ကောင်းတို့သည် သူတော်ကောင်းတို့ ကဲ့ရဲ့ပြစ်တင်မှာ စိုးသောကြောင့် သံသယကုက္ကုစ္စ ဖြစ်ရကြောင်း ခမည်းတော်ဒကာကြီးအား ဟောကြားတော်မူသည်။

**သေးငယ်သော်လည်းကြောက်ရမည်**

ထို့နောက်စိုးရိမ်သင့်ရာ၌ စိုးရိမ်ရမည်၊ ကြောက်သင့်သည့်အရာ၌ ကြောက်ရမည်တို့ကိုလည်း ပုံဝတ္ထု သက်သေဖြင့် ဆက်လက်ဟောကြားတော်မူသည်။

အခါတစ်ပါး သမုဒ္ဒရာအနီး သစ်ပင်ကြီးတစ်ပင် ပေါ်သို့ ဂဠုန်တစ်ကောင်က နဂါးကိုသုတ်ချီကာ လာနား၏။ ဂဠုန်၏အရှိန် နဂါး၏အရှိန်ကြောင့် သစ်ပင်ကြီး သွက်သွက်ခါ လှုပ်ရမ်းသွားသော်လည်း ထိုသစ်ပင်စောင့်နတ်မင်းက စိုးရိမ်ကြောက်လန့်သည့်အမူအရာ မဖြစ်ပေါ်ပေ။

ထိုအခိုက် ငှက်မလေးတစ်ကောင်သည် အခြားအရပ်မှ လာရောက်ပြီး ထိုသစ်ပင်ကြီးပေါ် လာနားသောအခါ ရက္ခစိုးနတ်မင်းသည် ပြင်းထန်စွာ ကြောက်ရွံ့ထိတ်လန့် စိုးရိမ်ခြင်းဖြစ်လေသည်။

ထိုအခြင်းအရာကို ဂဠုန်ကမြင်သောအခါ ဂဠုန်က "အသင်ရက္ခစိုး၊ ကျွန်ုပ်လာနားသောအခါ သင်၏ သစ်ပင်ကြီး ပြိုလဲလုမတတ် လှုပ်ရှားယိမ်းယိုင်သွားသည်။ ထိုအခါ သင်၌ကြောက်ရွံ့ထိတ်လန့်မှုမရှိဘဲ ဤငှက်မကလေးက နားခါမှ အဘယ့်ကြောင့် ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်မှု ဖြစ်ရပါသနည်း" ဟု မေး၏။

ရက္ခစိုးက "အသင်ဂဠုန်ကြောင့် သစ်ပင်တုန်လှုပ်ရုံမျှသာ တုန်လှုပ်ပါသည်။ အနာဂတ် ဘေးအန္တရာယ် ဘာမျှမရှိပါ။ ဤငှက်မငယ်ကား အခြားအရပ်မှ ညောင်သီးကိုစား၍ ဤသစ်ပင်၌ ငှက်ချေးစွန့်ချခဲ့ပါမူ ညောင်ပင်တို့ ဓမ္မတာအတိုင်း ကြီးပွားလာပါက ဤသစ်ပင်ကိုမြို၍ ဤသစ်ပင်ပျက်စီးပါလျှင် ကျွန်ုပ်၏ ဘုံဗိမာန်လည်း ပြိုပျက်သွားပါမည်။ ထိုအခါ ကျွန်ုပ်မှာ ခိုကိုးရာမဲ့၍ ကြီးစွာသော ဆင်းရဲဒုက္ခ ရောက်ရပါမည်။ ထိုအနာဂတ် ဘေးရန်ကို ကြောက်သောကြောင့် ထိတ်လန့်တုန်လှုပ် ကြောက်ရွံ့မှု ဖြစ်ရကြောင်း" ပြန်ပြောလေ၏။

ထို့ကြောင့် "သံသယကုက္ကုစ္စ ဟူသည် ကြီးသည့်အရာမှာသာ ဖြစ်ရသည်မဟုတ် သေးငယ်သော ကိစ္စမှာပင် ဖြစ်ရပေသည်" ဟု ခမည်းတော်ဒကာကြီးအား မိန့်ကြားလေသည်။

ထိုအခါမှ ခမည်းတော်ဒကာကြီးက သားရဟန်းတော် သံသယကုက္ကုစ္စ ကင်းစေရန် ပဝါရိတဒကာအဖြစ် ပစ္စည်းလေးပါး ဖိတ်ကြားရတော့သည် ဟူ၏။

ကျေးဇူးရှင် ရွှေကျင်ဆရာတော်ဘုရားကြီးကား ဝိနည်းတော်ကို အလေးအမြတ်ပြုတော်မူ၍ မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီးကို ပြုစုစောင့်ရှောက်တော် မူခဲ့ရာ မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် အဖက်ဖက်က မှတ်ကျောက်တင်ခံနိုင်သော ရွှေကျင်နိကာယ= ရွှေကျင်ဂိုဏ်း သံဃာ့အဖွဲ့အစည်းကြီး ပေါ်ပေါက်ခဲ့ရပေသည်။

ရွှေကျင်နိကာယ=ရွှေကျင်ဂိုဏ်းကြီးသည် ရွှေကျင် ဆရာတော်၏ ဂိုဏ်းဂဏစိတ်ကြောင့် ဖြစ်ပေါ်လာသည်မဟုတ်ဘဲ စင်ကြယ်သန့်ရှင်းသော မြတ်ဗုဒ္ဓ သာသနာပွင့်လင်းထွန်းကားစေလိုသော သာသနာ့ ဒါယကာ ပဉ္စမသံဂါယနာတင် ဘဝရှင် မင်းတရားကြီး၏ ကောင်းမြတ်သောဆန္ဒကြောင့် သမိုင်းပေး အခြေအနေအရ ပေါ်ထွန်းလာသော သံဃာ့ အဖွဲ့အစည်းကြီး ဖြစ်ပေသည်။

ယနေ့ မြန်မာနိုင်ငံမှာသာမက ကမ္ဘာ့သမိုင်းမှာပင် ပေါ်လွင်ထင်ရှားနေသော ရွှေကျင်နိကာယကြီးကား ဝိနည်းသာသနာ ပွင့်လင်းထွန်းကားရေးကို အခြေခံခဲ့သဖြင့် ပညာရှိသူတော်ကောင်းတို့၏ အလယ်တွင် တင့်တယ်လျက်၊ မြတ်ဗုဒ္ဓ သာသနာတော်၏ အစစ်အမှန်သဘာဝကို လေ့လာလိုကြသော သုတေသီ ပညာရှင်တို့၏ မျက်စိကျရာ သံဃာ့ အဖွဲ့အစည်းကြီးတစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသတည်း။

ဦးဩဒါတသိရီဘိဝံသ
(အတုလဂုဏ်ရည်)

# အဘယဂိရိတောင်
# ဓိနော့ရသ သာစုပါမော့ဓသိမ်တော်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ရိမ္မကားဝုယဂါမဿ ပါယေပ္ပေ အရညာရာမေ သမ္မတာယ ဓိနော့ရသ သာစုပါမော့ဓ နာမိကာယ ဗဒ္ဓသီမာယကာရဏံ ယထာဘူတံ ပိဋ္ဌိပါသာဏေ ဒဋ္ဌေန လိခိဿာမိ။

ပဗ္ဗဇိတကာလတော ပဋ္ဌာယ တေစီဝရိက ဓုတင်္ဂ ပိဏ္ဍပါတိကဓုတင်္ဂဉ္စ နိစ္စံ။ ပဉ္စဝဿ ကာလတော ပဋ္ဌာယ အာရညိကဓုတင်္ဂ ခလုပစ္ဆာဘတ္တိကဓုတင်္ဂဉ္စ နိစ္စံ သေသာနိ နပဓုတင်္ဂါနိ အန္တရန္တရာ ဓာရဏသီလော သိက္ခာကာမော ပေသလော သဂါရဝေါ သပ္ပတိဿော ဟိရိမာ ဩတ္တပ္ပီ အာရဒ္ဓဝီရိယော ပညဝါ အာယသ္မာ ဓာဂရထေရော။

သုရသတ္တိသမ္ပန္နံ အရိမဒ္ဒနသမတ္ထံ။ ဟန်လင်းကြီး နဂရေဘောဇကံ။ မင်းတင်တန်ဆောင်တိနာမကံ။ အဿိကိဿရဗလံ။ ဥပနိဿာယ သီမသမုဟိကပ္ပံ အကာသိ။ သောဟိ အဿိကိဿရဗလော။ ရညော ခတ္တိယဿ မုဒ္ဒါဘိသိတ္တဿ ရာဇဂမ္ဘသမ္ပန္နဿ။ ခမဓာဂရိယုဋ္ဌာန သမ္ပန္နဿ။ သံဝိဘာဂ ဒယိက္ခန သမ္ပန္နဿ။သဒ္ဓမ္မစ္ဆိရိယ ဓာဂေဟိဓ။ မေတ္တမ္ဗုသေက ဝိမိနာဓ။ ဝေရိသမ္ပုဏ္ဏံ ဝိဓယန သီလဿ။ ဓိတြံဂါဓ ကေန နေမိရာဓာဝိယ ဓနကာသံ ဩဂါဒသီလဿ။ ဓောရာဒိကာနံ ပုဿီလမနုဿာနံ နိဂ္ဂဟိတွာ သီလ သမ္ပန္နာနံ ဥပါသကမနုဿာနံ နိဝါပဝုဋ္ဌေန ဓနကာယံ ရက္ခန သီလဿ။ ဒုမကုန္နံ ဘိက္ခုနံ နိဂ္ဂဟိတွာ ပေသလာနံ ဘိက္ခုနံ ဓတုပ္ပဟိပဇ္ဇယေဟိ အနုဂ္ဂဟေတွာ သာသနံ ရက္ခနသီလဿ။ သန္တိကံ ဂန္တွာ။ သတ္တ ဒဏ္ဍပမာဏံ ဘူမိပဒေသ သီမသမုတျတ္ထာယ အာရောစေတွာ ယာစဟိ။ သော ယံ ဝုတ္တဂုဏသမ္ပန္နော ရာဇာ။ တံ ဘူမိပဒေသံ ဘယံ ဝိသုံဂါမ ဟောတုတိ ပရိစ္စိန္ဒိတွာ အဿိကိဿရဗလဿ ဒေတိ။ ဝိသုံဂါမဿ သမန္တာ [illegible] ဘူမိပဒေသေ ဝသန္တာနံ [illegible] အဘယံပိ ဒေတိ။ အဿိကိဿရဗလော အဘယဒါနဉ္စာနံ [illegible] သမ္မုဟိ နိခနိတွာ ဝဝတ္ထပေတွာ ဝိသုံဂါမကာရုမံ သေရိမုခသဒိသံ ဝိသောဓေတွာ ပကတိဂါမခေတ္တေ ဝသန္တံ ဘိက္ခုသံဃံ အနုဝသေသံ ဝိသုံဂါမ ဘူမိံ အာနေတွာ။ ဒုရတောပိ သီလဂန္ဓေ။ သုတာမရေ သုတာသန္နိစ္စယေ ပညဝန္တေ ဉာတကေရေ။ တံ အာနေတွာ ဘောဓေတွာ ဒါနံ ဒတွာ။ ဂါမန္တရတော ဘိက္ခုနံ အာဂမနံ နိဝါရဏတ္ထာယ အာရက္ခံသိ။ ကတြာ ယံ အာရက္ခနဝိဓိ ပကတိဂါမ ခေတ္တသဟိ ဓတုသဒ္ဒိကာသု ဧကမေကသ္မိံ ဌာနေ အာပုဓ[illegible] ဗဟုပုရိသေ ဌပေတွာ ဝိသုံဂါမခေတ္တေပိ နဝုတိ ပုရိသေ ဌပေတွာ သတ္တပဉ္စရံ ကတွာ အာရက္ခံသိ။

ဝုတ္တဂုဏသမ္ပန္နော ပန အာယသ္မာ ဓာဂရ ထေရော ဝိသုံဂါမခေတ္တေ ဌိတသင်္ဃတိ မဇ္ဈဋ္ဌာနေ ဗန္ဓိတွာ ဧကမေက[illegible] မဇ္ဈဋ္ဌာနေ ဒသ ဒသ ဘိက္ခူ နိသီဒါပေတွာ [illegible] [illegible] [illegible] သာဝေတွာ။ မဇ္ဈ[illegible] [illegible] [illegible] [illegible]ရိဂါရေ

တွာ အနေကက္ခတ္တုံ ကမ္မဝါစံ သာဝေတွာ။ သဗ္ဗံ သမ္ပဟေန သတ္တသတဝါရံ သာဝေတွာ။ မဟာတာ ဘိက္ခုသံဃေန သဒ္ဓိံ ပုရာဏသီမံ သမူဟနတိ။ တတော ဒွိသတမတ္တေဟိ ဘိက္ခူဟိ သဒ္ဓိံ နဝက္ခတ္တုံ ဥဒက နိမိတ္တံ ကိတ္တေတွာ။ နဝက္ခတ္တုံ ကမ္မဝါစံ သာဝေတွာ နဝံသီမံ သမ္မန္နတိ။ တတြာယံ သီမ သမုကျာရာကာရော။

အာယသ္မတာ ဓာဂရထေရေန တသ္မိံ ဘိက္ခု သံဃေ သိက္ခာကာမေ ဗျတ္တိသမ္ပန္နေ ပရိယတ္တိ ဝိသာရဒေ အင္ဂါရသဘိက္ခူ ဥစ္စိနိတွာ။ တေသုပိ ဣန္ဒြိယသမ္ပယုတ္တေ။ ဥဇုဝိပ္ပန္နဓာတိကော။ မဟာပညော ဂဏာသာမိကော မဟာယသ္မာ သိရိထေရော။ အရညဝ သနသီလော ဂမ္ဘီရပညော ပရိယတ္တိဝိသာရဒေါ အာရဒ္ဓဝီပဿကော ဂဏပါမောက္ခော အာယသ္မာ မဟာပဒုမထေရော။ သဒ္ဓါဒိ ဣန္ဒြိယသမ္ပန္နော ဝနေဂဓောဝ သူရသတ္တိသမ္ပန္နော အာယသ္မာ နန္ဒထေရော။ ဒုမက္ခိနံ နိဂ္ဂဟိတွာ ပေသလာနံ ပဂ္ဂဟေတွာ သာသနံရက္ခနသီလော ဥဇုဓာတိကော မဟာပညော ပရိယတ္တိဝိသာရဒေါ စိတြဝါစကော သီဟနာဒံ နဒန္တော သံဃမဇ္ဈေ အဓိကရဏံ ဝိနိစ္ဆယနသီလော ဂဏာသာမိကော အာယသ္မာ သုဓာတထေရော-တိ။ ဣမေ- စတ္တာရော မဟာထေရေ ဝိနယဓရေဋ္ဌာနေ ဌပေတွာ။ အတိခုဒ္ဒကာ။ အတိမဟန္တီ။ ခဏ္ဍနိမိတ္တာ။ ဆာယာ နိမိတ္တာ။ အနိမိတ္တာ။ ဗဟိသီမေဋ္ဌိတ သမ္မတာ။ နဒီယာ သမ္မတာ။ သမုဒ္ဒေသမ္မတာ။ ဇာတဿရေ သမ္မတာ။ သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတာ။ သီမာယ သီမံ အဇ္ဈောတ္ထရန္တေန သမ္မတာ တိ။ ပုဗ္ဗေ ကောဒသဝိပ္ပတ္တိ သီမဒေါသေ အတိက္ကမိတွာ ပဗ္ဗတနိမိတ္တံ။ ပါသာဏနိမိတ္တံ။ ဝနနိမိတ္တံ။ ရုက္ခနိမိတ္တံ။ မဂ္ဂနိမိတ္တံ။ ဝမ္မိကနိမိတ္တံ။ နဒီနိမိတ္တံ။ ဥဒကနိမိတ္တံ။ ဝုတ္တေသု အဋ္ဌသုံ နိမိတ္တေသု ဥဒကနိမိတ္တံ ပုရတ္ထိမာယ ဒိသာယကံနိမိတ္တံ။ ဥဒကံ ဘန္တေ။ ဇော် ဥဒကနိမိတ္တံတိ အာဒိနာနယေန ဘိက္ခူ ပရိဝေတ္တေတွာ နဝက္ခတ္တုံ ကိတ္တာပေတွာ နိမိတ္တ သမ္မတ္တိယာစ ဒွိသတမတ္တေ ဘိက္ခူ ဟတ္ထပါသံ အာနေတွာ ပရိသ သမ္မတ္တိယာစ။ ပုဗ္ဗေ ဥစ္စိနိတွာ ဌပိတေသု အင္ဂါရသေသု ဘိက္ခူသု။ တယောဘိက္ခူ ဧကမေကံ။ ပဌမ ဒုတိယ တတိယ ကမ္မဝါစံ သာဝေတွာ။ ဆ ဘိက္ခူ ဒွေ ဒွေ စတုတ္ထ ပဉ္စမ ဆဋ္ဌကမ္မဝါစံ သာဝေတွာ။ နဝဘိက္ခူ တယော တယော သတ္တမ အဋ္ဌမ နဝမ ကမ္မဝါစံ သာဝေတွာ။ ကမ္မဝါစာ သမ္မတ္တိယာတိ။ တိဝိဓသမ္မတ္တိယုတ္တာ။ နိမိတ္တေန နိမိတ္တံ သမ္ဗန္ဓန္တေန သမ္မတာ အယံ ဗဒ္ဓသီမာ။

အမရပူရ ပဋ္ဌမကာလေ ဓိနစက္ကေ ချဉ္ဇာဂါရေ။ သက္ကရာဇေ သကခိပ္ပေ သမ္ပတ္တေ နဝါဟာနာဂတံ ကတ္တိကတေမာသိကပုဏ္ဏမံ။ အင်္ဂါရေ တိပ္ပဟာရဝေလာယံ ဖယ်ပတ္တော။ ပုနပိ တသ္မိံ ယေဝဒိဝသေ ဗျတ္တိသိက္ခာကာမေ ဓုတင်္ဂရေ ပညာသမတ္တေ ဘိက္ခူ ဥစ္စိနိတွာ။ ဥဒကနိမိတ္တံ တိက္ခတ္တုံ ကိတ္တေတွာ။ ကမ္မဝါစံ ဆက္ခတ္တုံ သာဝေတွာ သမ္မန္နတိ။ တတော တတိယဒိဝသေ ဂုရုဝါရသ္မိံ။ ပကတိဂါမ ခေတ္တဝသန္တံ ဘိက္ခုသံဃံ အနဝသေသံ ဝိသုံဂါမသီမံ အာနေတွာ။ ပုရိမနယေန ဂါမခေတ္တေ အာရက္ခံ ဌပေတွာ ဥဒကနိမိတ္တံ ဆက္ခတ္တုံ ကိတ္တေတွာ ကမ္မဝါစံ နဝက္ခတ္တုံ သာဝေတွာ ဒိယမှေဟိ ဘိက္ခူသတေဟိ သဒ္ဓိံ ပုနပိ သမ္မန္နတိ။ တသ္မိံဒိဝသေ ဘိက္ခူနံ ကမ္မပဋိက္ကောသန ကာရဏာ ဥပ္ပန္နံ မဟာအဓိကရဏဉ္စ တသ္မိံ သီမ မဏ္ဍလေ ဝိနိစ္ဆယံ လဘိတွာ ဝူပသမတိ။ မနုဿာနံ ကောဓာဟာဏ မုဂ္ဂေပကာရဏာ ဥပ္ပန္နအဓိကရဏဉ္စ တသ္မိံယေဝ သီမမဏ္ဍလေ အညမညံ ခမာပေတွာ။ မေတ္တဉ္စ ကရဏဉ္စ အာဝေတွာ ပဋိသန္ဓာရကတွာ ဝူပသမတိ။ ဒွေစကုလပုတ္တာ သာသနေ ပသီဒိတွာ တသ္မိံယေဝ သီမမဏ္ဍလေ ဥပသမ္ပာဒေန္တိ။ မနုဿာစ။

၃၁

တံ တံ အစ္ဆရိယံ ပဿိတွာ။ အစ္ဆရိယံ ဝတဘော ဝတွာ သာဓုကာရံ အကံသု။ ဂါမေစ ဒွေတိကဏ္ဍ ဃရာနိ အဂ္ဂိဥဟတိ။

ပဇ္ဇုန္နဒေဝတာ အာယာသမ္ပတာ ဓာဂရထေရေန သာသနဿ ပဋ္ဌဝဿ သဟဿကာလံ သီလဝန္တ ဘိက္ခူနံ အဝဿယံ အာယာမဝိတ္ထာရတော ပဋ္ဌဝိ သတိဟတ္ထပမာဏံ ပရိမဏ္ဍလတော ဟတ္ထသတ ပမာဏံ မဟာသီမံ ကတွာ ခမ္မိဿရညော မဟာရဋ္ဌ သောဘိတုံ ပဋိမဏ္ဍိတံ ဝတာတိဝတွာ သာဓုကာရံ ကတွာ ဒေဝဂတံ ဂါယန္တော ဝိယ။ တသ္မိံ ဒိဝသေပိ ပုရေပိ ပစ္ဆာပိ မဟာမေဃော ဥဋ္ဌဟိတွာ မဟာဗြဟ္မာ အမ္ဗောဋ္ဌေန္တော ဝိယ သဝိဇ္ဇုကံ မဟန္တံ မေဃသဒ္ဒံ ဥပဂဇ္ဇန္တော ထနယန္တော ပေါက္ခရဏီ တဠာက ကန္ဒရ ပဒရ သာခါပူရေန္တော အဘိဝဿိ။ တမ္ပလောဟ ဝဏ္ဏာ သဒိသာယ ဝဿော ဒကဓာရာယ ဝိဟာရ ကရဏတ္ထံ ဌပိတာ ဝေဠုယောတဋ္ဌာကံ ဝုယှန္တိ ဂါမေ ဥယျက္ကိစ ဂူပသမ္မတိ။ ယထာဝုတ္တာနိ အာကာ ရာနိ ဝိဇာနိတွာ ခိနော့ရသေဟိ သာဓူဟိ ပါမောဇ္ဇိ တတ္ထာစ နဝသမူဟတ္တာစ အင်္ဂါရရညော အာစရိယေန အင်္ဂါရဘိက္ခုနာ အင်္ဂါရေ သမ္မန္နိတတ္တာစ တဿ နာမံ အင်္ဂါရနာမ ယုတ္တံ။ နဝက္ခရ ပဋိမဏ္ဍိတဋ္ဌ ကတွာ ခိနော့ရသသာဓုပါမောဇ္ဇာတိ ပဏ္ဍိတာ ဝေါဟရန္တိ။

၁။ သာသနေ မာရတံဇေယံ၊
ပတ္ထယန္တေန ဘိက္ခုနာ။
ပဗ္ဗဇ္ဇာဒိ ကမ္မာကမ္မံ၊
ကတမေတ္ထ သုယုတ္တကံ။
၂။ ဇေဋ္ဌိသော သဂါရဝေါ
ဟိရိ ဩတ္တပ္ပ သမ္ပန္နော။
သပ္ပတိဿော သုပညာဝ၊
သဒ္ဓါဝိရိယ သမ္ပန္နော။
၃။ မာရသေနံ ဇယံပတွာ၊
စန္နိဟာဝိယ သာသနေ။
ဝုမ္ဘိံ ဝိရဠှိ ဝေပုလ္လံ၊
ဘဗ္ဗော အာပဇ္ဇိတုံ သဒါ။
၄။ မဟာသီမံ ကရိတွာန၊
ပေသလာန မဝဿယံ။
သံသရန္တောပိ သံသာရေ၊
ပေသလာန မဝဿယော။
၅။ မဟာသတ္တော ဘဂိယွာန၊
အတ္တဘာဝေစ အန္တိမေ။
ပညာဓိကံဝ ဗုဒ္ဓတ္တံ၊
ပါပုဏိဿံ အဝဿကံ။

## ပုထုဇဉ်တို့ဖြစ်အင်

ဤလောက၌ မြင်းတို့သည် ရန်သူမခိုးယူမီသာ ရန်သူကို ရှောင်သည်၊ ရန်သူ မိမိကျောပေါ်သို့ရောက်လျှင်ရောက်ချင်း ရန်သူက အထူး ယူဆောင်ဧ တော့သည် မဟုတ်။ ရန်သူကိစ္စကို မိမိကိစ္စလောက်ပြု၍ မရပ်မဆိုင်း မြင်းသချိုင်းသို့ ရန်သူနှင့်အတူတကွ ပြေးသွား၍ သေဘေးသို့ ဆောလျှင်စွာ ရောက်သကဲ့သို့၊ ပုထုဇဉ်ဟူက ကာမအာရုံနှင့် မတွေ့မရောက်မီ ကိလေသာ ပွားများမည့်အမှုဖြစ်သည်ဟု နှလုံးထား၍ ပကတိ ရှောင်ကြဉ်၍ပင် နေပါ သော်လည်း၊ ပညာကင်းလွတ် သတိချွတ်ခိုက် ကာမတဏှာဆိုက်ရောက်လာ ပျှင် အလွန်လွတ်အောင်ရှောင်ကြဉ်နိုင်ခဲရကား ကာမတဏှာမဝင်လာမီက သတိကြပ်ကြပ် ပြုစအပ်သည်ဟုလိုသည်။

သံဝိဂ္ဂေါ ပဏ္ဍိတော ဧဝံ၊ ဒုက္ခံ ဒုက္ခနိဒါနတံ။
ဇာနိတွာ တံ ပဟာနာယ၊ ဒုက္ခဿန္တံ ကရိဿတိ။

ဧဝံ=ဤသို့နှလုံးသွင်း၍။ သံဝိဂ္ဂေါ=ထိတ်လန့်တတ်သော။ ပဏ္ဍိတော= ပညာရှိသည်။ ဒုက္ခဥ္စ=ဒုက္ခကိုလည်းကောင်း။ ဒုက္ခနိဒါနဥ္စ=ဒုက္ခအကြောင်းကို လည်းကောင်း။ ဇာနိတွာ=သိ၍။ တံ=ထိုဒုက္ခ, ဒုက္ခ အကြောင်းကို။ ပဟာနာယ= ပယ်ခြင်းငှာ။ ဒုက္ခဿ=ဒုက္ခ၏။ အန္တံ=အဆုံးကို။ ကရိဿတိ=ပြုလတ္တံ့။ ။

သူခပ်သိမ်း ပညဝါတို့ သတိထားရန်။

[ရာဇောဝါဒ ပေမူမှ။]
ပထမရွှေကျင်ဆရာတော်ဘုရားကြီး

# အဘယဂီရိတောင်
# ဇိနောရသသာစုပါမောဇ္ဇသိမ်တော်

ဓေယျတု။ ။ရှိမူကား ရွာအနော့်အမြော့် ခေမာသီဝ အဘယဂီရိအမည်ရှိသော တောရကျောင်းတိုက်၏အနီး အဘယဂီရိအမည်ရှိ ဖြ တောင်ထိပ်၌ ကုသိုလ်တော်ပွား သမုတ်အပ် ဖြ ဇိနောရသသာစု ပါမောဇ္ဇအမည်ရှိဖြ ဘေးမဲ့သိမ်တော်၏ မော်ကွန်း အဋ္ဌုပ္ပတ္တိကို။ နော့်နော့်ဖြ လဇ္ဇီပေသလ သိက္ခာကာမ သီလဝန္တ ဓမ္မမွေ့လျော် သူတော်ကောင်းတို့သည်။ ဤသိမ်၌ ကံကြီးကံငယ်တို့ကို သံသယကုက္ကုစ္စကင်း၍ ပြုပါစေခြင်းအကျိုးငှာ ကျောက်ဖျာအပြင်၌ မတင် မစား မှုချအားဖြင့် ရေးသားလိုက်ဦးအံ့။ ။ရဟန်း ပြုသည်မှစ၍။ တိစီဝရိတ်ဓုတင် ပိဏ္ဍပါတ်ဓုတင်ကို အမြဲဆောင်ခြင်း။ ငါးဝါရသည်မှစ၍ အရညကင် ဓုတင်၊ ခလုပစ္ဆာဓုတင်ကို အမြဲဆောင်ခြင်း ကျွင်းဖြ ဓုတင်ကိုးပါးတို့ကို ရံခါရံခါဆောင်ခြင်း။ သဂါရဝ သပတိဿ ဟိရီ ဩတ္တပ္ပ ဝီရိယ ပညာ သဒ္ဓါစ ဖြ ဂုဏ်နှင့် ပြည့်စုံခြင်းရှိသည်ဖြစ်၍ တောကျောင်း၌သာ အခါမပြတ်နေလေ့ရှိဖြ အရှင်ဇာဂရမထေရ်သည်။ ။သုရသတ္တိနှင့် ပြည့်စုံသည်ဖြစ်၍ ရန်သူတော်ကို နှိမ်နင်းခြင်းငှာ စွမ်းနိုင်ဖြ ရတနာသိင်္ဂမြော့် လက်ရဲဘက်မင်းတပ်ဗိုလ် ဟန်လင်းမြို့စား မင်းတင်တန်ဆောင်ကို အမှီပြု၍ သိမသမုတိကံကို ပြု၏။ ထိုစကားကို အကျယ်ချဲ့၍ဆိုဦးအံ့။ ။ထို မြင်းတပ်ဗိုလ်သည် သာသနာတော်၌ မတုံမလှုပ် သက်ဝင်၍ကြည်ညိုခြင်း ရှိသည်ဖြစ်၍သိမသမုတိကံကို ပြုလိုသောကြောင့်။ ရာဇဓမ္မ ဆယ်ပါးကို ထိန်းသိမ်းစောင့်ရှောက်ခြင်း စဖြဂုဏ်နှင့် ပြည့်စုံဖြ ကေရာဇ်မင်းမြတ် အထံတော်သို့ ကပ်လေ၍။ အရှင်ဇာဂရမထေရ် သီတင်းသုံးနေဖြ ကောရကျောင်းတိုက်အတွင်း [၌သိမ်သမုတ်ပါရမည့်အကြောင်းကို သံတော်ဦးတင်လေ၏။ ထိုအခါကေရာဇ်မင်းမြတ်က အရှင်ဇာဂရထေရ် သီတင်းသုံးနေဖြ ကောရကျောင်းတိုက်အတွင်း] စတုရန်း ၇ တာစီ မြေအရပ်သည် ဝိသုံဂါမဖြစ်စေ။ ၎င်း ဝိသုံဂါမဖြစ်ပြီးဖြ မြေကိုလည်း ရတနာသိင်္ဂမြော့်လက်ရဲဘက် မြင်းတပ်ဗိုလ် ဟန်လင်းကြီးမြို့စား မင်းတင်တန်ဆောင်က ဝိသုံဂါမမြေစား အသနားတော်မြတ်ခံ၍။ ခဏ္ဍသိမ်သမုတ်ကိုးကွယ်စေ။ အရှင်ဇာဂရထေရ် သီတင်းသုံးနေဖြ ခေမာသီဝအဘယဂီရိတိုက်။ ဇိနောရသသာစု ပါမောဇ္ဇသိမ်တော်မှ။ ပတ်လည်ဝန်းကျင် စကုရန်းတာ ၅၀၀-စီ။ အရှေ့ကို ဧရာပတီမြစ်။ တောင်ကို သဲဖုတ်ကုန်း။ အနော့်ကို နွှာပင်ကြီး။ မြော့်ကို ထန်းပင်ကန်။ အရှေ့တောင်ထောင့် ရေမော်ကျောင်းဆိပ်။ အနော့်တောင်ထောင့် ကျော့်ရေကံ။ အနော့်မြော့်ထောင့် လိပ်ပုတ်တောင်။ အရှေ့မြော့်ထောင့်ရှိမူကား နယ်ဆုံးကမ်းထိပ်၌ ပေါက်ဖြ မဒူပင်။ ဤနယ် ၄ရပ် ၈ရပ်အတွင်း ခိုမှီရှိနေဖြရေပိုး ရေမွှားသားငှက် တိရစ္ဆာန်တို့ကို အဖမ်းအဆီး အပြစ်အခတ် အသတ်အပုတ် မရှိစေနှင့် လွတ်ကင်းချမ်းသာစေ။ ဘေးမဲ့ပေးတော်မူရာ အရပ်ကိုလည်း ကျော့်တိုင်စိုက်မှတ်၍ အပိုင်းအခြားထားစေဟု။ ၁၂၁၇ ခု၊ ဝါခေါင်လပြည့်နေ့.

## အရှေ့ဘက်မျက်နှာ [အဘယဂိရိတောင်–ခေမာသိဝ အဘယဂိရိ တိုက်တော်]

အမိန့်တော်ထုတ်လျှင် မြင်းတပ်ဗိုလ်မင်းတင် တန်ဆောင်ကလည်း ဘေးမဲ့ပေးတော်မူရာ အရပ်ကို အမိန့်တော်မြွတ်အတိုင်း ကျော်တိုင်စိုက်မှတ်၍။ ဝိသုံဂါမမြေကို စည်မျက်နှာကဲ့သို့ ညီညွတ်စွာ ပြုပြီးလျှင် ပကတိဂါမခေတ်၌နေဖြေ ရဟန်းတို့ကို အကုန်အစင် ဝိသုံဂါမမြေသို့ ပင့်ဆောင်၍။ အဝေးကျေးရွာမှလည်း သီလဝန္တ သိက္ခာကာမ သုတဓရ သုတသန္နိစ္စယဖြစ်၍ ထင်ရှားဖြေ မထေရ်တို့ကို ဝိသုံဂါမသို့ ပင့်ဆောင်ပြီးလျှင် သိမ်သမုတ်ဆဲကာလ၌ ရွာတပါးမှလာဖြေ လူသာမဏေ ရဟန်းတို့ကို ဤဂါမခေတ်အတွင်းသို့ မဝင်စေခြင်းအကျိုးငှာ ပကတိဂါမခေတ်၏ အရပ် ၄ မျက်နှာတို့တွင် တစ်မျက်နှာ တစ်မျက်နှာ၌ ၉ ဌာနစီ အစောင့်အရှောက်ထား၍။ ဝိသုံဂါမမြေ၌လည်း ၉ကျိပ်သော ယောက်ျားတို့ကိုထား၍။ သေနတ်စွဲကာ လှံကိုင်ကာနှင့် ပမာချိုင့်ဟံ ဝန်းရံလှည့်လည်၍ စောင့်စေ၏။ ရဟန်းကိုမူကား ဝဂ်ဖြစ်၍ ကံပျက်ရာဖြေကြောင့် စောင့်ရှောက်တစေ။ လူသာမဏေကို အဘယ့်ကြောင့် စောင့်ရှောက်သနည်းဟူညားအံ့။ ရဟန်းသိက္ခာကိုချ၍ လူသာမဏေပြုလုပ်ဖြေ သူတို့သည် သိက္ခာချစဉ် ကာလ၌ အင်္ဂါ ဖြေ ပါးနှင့် မပြည့်စုံလျှင် သိက္ခာမကျ ဖြေကြောင့် ရဟန်းကဲ့သို့ပင် ကံကိုဖျက်ဆီးနိုင်သည်။ ထို့ကြောင့် ဂါမခေတ်အတွင်း၌ရှိဖြေ ရဟန်းလူထွက်တို့ကို သိက္ခာချစေ၍ ရွာတပါးမှလာဖြေလူသာမဏေ တို့ကိုစောင့်သည်။ဝိသုံဂါမပေးသည်ဖြစ်လျက် ပကတိဂါမခေတ်နှင့်တကွ စောင့်ရှောက်သည်ဆိုသည်မှာ ဝိနယဂရုကဖြစ်စေခြင်းငှာ စောင့်ရှောက်သည်။ ထို့ကြောင့် ပညာရှိ ပုဂ္ဂိုလ်မြွတ်တို့က မကဲ့ရဲ့အပ်ဟူလို။

အရှင်ဇာဂရမထေရ်ကလည်း ဝိသုံဂါမမြေ၌ ၇၂ ခုဖြေ ညောင်စောင်းရာတို့ကိုဖွဲ့၍ တစ်ခုတစ်ခု ဖြေ ညောင်စောင်းရာ၌ တစ်ကျိပ်တစ်ကျိပ်ဖြေရဟန်းတို့ကို နေစေ၍။ တစ်ခုတစ်ခု ဖြေ ညောင်စောင်းရာ၌၊ ၉ကျိပ် ၉ကျိပ်စီ ကမ္ဗလဝါစာကို ဖတ်စေ၍ ညောင်စောင်းရာမှအပ၌လည်း ဝန်းရံလှည့်လည်၍ အလုံးစုံဖြေ ကမ္ဗဝါစာကို ပေါင်းသဖြင့် အကြိမ် ၇၀၀ ပြည့်အောင်ဖတ်စေ၍ ရှေးသိမ်ဟောင်းကို နှုတ်ပြီးလျှင်။ ၂၀၀–သော ရဟန်းတို့တွင် ဗျတ္တိဗလနှင့်ပြည့်စုံဖြေ ပရိယတ္တိဝိသာရဒ သုတဓရ သုတသန္နိစ္စယ သိက္ခာကာမဖြစ်ဖြေ တစ်ကျိပ်ရှစ်ရောက်ဖြေရဟန်းတို့ကို ရွေးကောက်၍။ ထိုတစ်ကျိပ်ရှစ်ရောက်ဖြေရဟန်းတို့တွင်လည်း သဒ္ဒါစဖြေက္ကန္ဓေနှင့် ပြည့်စုံဖြေ ဖြောင့်မတ်ဖြေသဘောရှိဖြေ။ ကြီးဖြေပညာရှိ ဖြေအရှင်သီရိအမည်ရှိဖြေ။ သစ္စိန့်ကြီး ဂိုဏ်းအုပ်ဆရာတော်။ တောကျောင်း၌နေလေ့ရှိဖြေ နက်နဲဖြေပညာရှိဖြေ ပရိယတ္တိ၌ရဲရင့်ဖြေ။ အားထုတ်အပ်သော ဝိပဿနာရှိဖြေ။ အရှင်မဟာပဒုမအမည်ရှိဖြေ။ သုမေဓာဂိုဏ်းအုပ်ဆြာတော်။ သဒ္ဒါစဖြေက္ကန္ဓေနှင့် ပြည့်စုံဖြေ။ ဝိနည်းကိုအလေးပြုတတ်ဖြေ။ ဆင်ပြောင်ကြီးကဲ့သို့ရဲရင့်ဖြေ၊ သတ္တိနှင့်ပြည့်စုံသော။ အရှင်နန္ဒအမည်ရှိဖြေ ခင်မွန်ဆြာတော်။ တောကျောင်း၌နေလေ့ရှိဖြေ ဒုမက်ရ ပုဂ္ဂိုလ်တို့ကိုနှိပ်၍ ပေသလပုဂ္ဂိုလ်တို့ကို ချီးမြှောက် ၍ သာသနာတော်ကို စောင့်တတ်ဖြေ။ ဖြောင့်မတ်ဖြေ သဘောရှိဖြေ။ ပရိယတ္တိ၌ ရဲရင့်ဖြေ၊ ဆန်းကြယ်ဖြေတရား စကားကိုဆိုတတ်ဖြေ။

ခြင်္သေ့မင်းကဲ့သို့ ရဲရင့်ဖြေ အသံကိုပြု၍ သဃာ၏အလယ်၌ အဓိကရဏ်းကို ဆုံးဖြတ်တတ်ဖြေ အရှင်သုဇာတအမည်ရှိသော မတ္တရာဂိုဏ်းအုပ်ဆြာတော်။ ဤဆရာတော် ၄ ပါးကို ဝိနည်းမိုရ်မကျ၌ထား၍ အတိခုဒ္ဒကစဖြေတစ်ဆယ့်တစ်ပါး ဖြေ ဝိပတ္တိသိမ်၏ အပြစ်တို့ကိုလွန်၍ ရဟန်းတို့ကို လဲလှယ်၍ ရေနိမိတ်ကို ၉ ကြိမ်ကြားစေပြီးလျှင် ရှေ့၌ ရွေးကောက်၍ထားသော။ တစ်ကျိပ်ရှစ်ရော်

သော ရဟန်းတို့တွင် ၃ ရော်ဖြရဟန်းတို့ကို ပဌမ–ဒုတိယ–တတိယ ကမ္မဝါစာကို ဖတ်စေ၍။ ၆ ရော်သော ရဟန်းတို့ကို နှစ်ပါးနှစ်ပါးစီတွဲ၍ စတုတ္ထ–ပဥ္စမ–ဆဋ္ဌကမ္မဝါစာကို ဖတ်စေ၍ ၉ ရော်ဖြရဟန်းတို့ကို ၃ပါး ၃ပါးစီတွဲ၍ သတ္တမ–အဋ္ဌမ–နဝမကမ္မဝါစာကိုဖတ်စေ၍ သမုတ်၏။ ဤသို့လျှင် ပရိသတ်၏ပြည့်စုံခြင်း။ နိမိတ်၏ပြည့်စုံခြင်း။ ကမ္မဝါစာ၏ပြည့်စုံခြင်းတည်းဟူသော သုံးပါးသော ပြည့်စုံခြင်းနှင့်ယှဉ်သည်ဖြစ်၍ သမုတ်အပ်သော ဤဗဒ္ဓသိမ်သည်။ အမရပူရ ပဥ္စမနန်းစံ ဘုန်းလျှံမင်းတရားကြီး လက်ထက်တော်၌။ သာသနာတော် ၂၃၉၉–နှစ် သက္ကရာဇ် ၁၂၁၇–ခု၊ သီတင်းကျွတ်လဆန်း ၆–ရက် အင်္ဂါနေ့ ၃–ချက်တီး အချိန်၌ အောင်မြင်ခြင်းသို့ရောက်၏။

ထိုအင်္ဂါနေ့၌ပင်လျှင် ညဉ့်အခါ၌ ငါးကျိပ်သော မှတင်ဆောင် ရဟန်းတို့ကို ရွေးကော်၍ ဝိသုံဂါမခေတ်ကိုသာ စောင့်ရှောက်၍။ ရေနိမိတ်ကို ၃ကြိမ် ကြားခြင်း။ ကမ္မဝါစာကို ၆ ကြိမ်ဖတ်ခြင်းဖြင့် ထပ်၍တစ်ဖန်သမုတ်ပြန်၏။ ၎င်းနော် ၃ရက် မြော်သော ကြာသပတေးနေ့၌။ ပကတိဂါမခေတ်–ဝိသုံဂါမခေတ် ၂–ပါးကိုပင် ရှေးနည်းအတူ အစောင့်အရှောက်ထား၍။ တရာ့ငါးကျိပ်သောရဟန်းတို့နှင့်တကွ ရေနိမိတ်ကို ၆ကြိမ်ကြားခြင်း။ ကမ္မဝါစာကို ၉ ကြိမ်ဖတ်ခြင်းဖြင့် ထပ်၍တစ်ဖန်သမုတ်ပြန်၏။ ထို ၃ကြိမ်မြော် နော်ဆုံးသမုတ်သော ကြာသပတေးနေ့၌ ဝိသဘာဂရဟန်းတို့သည် သီမသမုတ်ကံကို တားမြစ်ခြင်းကြောင့်ဖြစ်သော အဓိကရဏ်းသည်လည်း ဤသိမ်အပြင်၌ပင်။ အဆုံးအဖြတ်ကိုရ၍ ငြိမ်းလေ၏။ လူတို့သည်ဦးဆံကို ကိုင်ဆွဲခြင်းကြောင့်ဖြစ်သော အဓိကရဏ်းသည်လည်း။ ဤသိမ်အပြင်၌ပင် အချင်းချင်း ကန်တော့၍ မေတ္တာကရုဏာကို ပွားစေ၍ ငြိမ်းလေ၏။ အမျိုး ကောင်းသား ၂ရော်တို့သည်လည်း သာသနာတော်၌ ကြည်ညို၍ ဤသိမ်အပြင်၌ပင် ပဿင်းခံကျလေကုန်၏။ လူတို့သည်လည်း ထိုထိုသိမ်အောင်ခြင်း၏ အကြောင်း နိမိတ်ဖြစ်သော အံ့သြဖွယ်ကိုမြင်၍။ ကောင်းချီးပေးကြ လေကုန်၏။ ရွာ၌လည်း ၂အိမ် ၃အိမ်တို့ကို မီးလောင်လေ၏။ ပဒ္မုန် နတ်သားက။ အရှင်ဇာဂရမထေရ်သည် သာသနာ ၅၀၀၀ ကာလပတ်လုံး သီလဝန္တရဟန်း တို့၏ ကိုးကွယ်မှီခိုရာဖြစ်သော။ အလျားအနံ ၂၅ တောင်၊ အဝန်းအတောင်တစ်ရာ ပမာဏရှိသော သိမ် ကြီးကို သမုတ်၍ ရာဇမွေဆယ်ပါးနှင့် ပြည့်စုံခြင်း။ သီးခံခြင်း။ နှိုးကြားခြင်း။ ထကြွလုံ့လရှိခြင်း။ ခွဲခြမ်းဝေဖန်ခြင်း။ တိုင်းနေပြည်သူရှင်လူအပေါင်း တို့ကို သနားခြင်း။ တိုင်းနေသူရှင်လူအပေါင်းတို့၏ ချမ်းသာသည် မချမ်းသာသည်ကို ကြည့်ရှုခြင်း။

သစ္စ ဓမ္မ ဝီရိယ စာဂတည်းဟူသော တရား ၄ပါးတို့ဖြင့် ရန်သူအပေါင်းကိုအောင်ခြင်း ဆန်းကြယ်သောတရားစကားကို ဆိုသဖြင့် နေမိမင်းကြီးကဲ့သို့ တိုင်းနေပြည်သူလူအပေါင်းကို ဆုံးမခြင်း ခိုးသူစသောလူဒုဿီလ၊ လူ့ဗာလတို့ကိုနှိပ်၍။ သီလ ပညာနှင့်ပြည့်စုံသော။ လူသီလဝန္တ လူပဏ္ဍိတတို့ကို ရိက္ခာပေး၍ မွေးမြူသဖြင့် လူအပေါင်းကိုစောင့်ခြင်း။ သီလမရှိသော ရဟန်းတို့ကိုနှိပ်၍ သီလနှင့်ပြည့်စုံသော ရဟန်းတို့ကို ပစ္စည်းများဖြင့် ချီးမြှင့်၍ သာသနာတော်ကို စောင့်ခြင်း။ အက္ခရာ ပုဒ်ဗျည်းချွတ်ရှင်း သော ကျမ်းဂန်တို့ကို မှန်ကန်အောင် ပြင်စေ၍ ဓမ္မက္ခန္ဓာကို စောင့်ရှောက်ခြင်းစသော ဂုဏ်အပေါင်းနှင့် ပြည့်စုံခြင်းကြောင့်။ ရဏ္ဍားစီးခြင်း မင်းတကာတို့ထက်မြတ်သော။ အမရပူရ ပဥ္စမနန်းစံ ဘုန်းလျှံမင်းတရားကြီး၏ တိုင်းကြီးပြည် မြတ်ကို လျော်ပတ်တင့်တယ်စေခြင်းငှာ တန်ဆာဆင် ပေသည်တကားဟု နှစ်လုံးပြု၍ မိုယ်း သီခြင်းကို သီဘိသကဲ့သို့။ ထိုသိမ်အောင်သောနေ့၌၎င်း။ ရှေးနေ့ ၌၎င်း။ နော်နေ့၌၎င်း။ လျှပ်စစ်ရောင်နွယ်နှင့် တကွသော မိုယ်ကြီးသည်။ အရပ်၄ မြက်နှာမှ

အသံကဲ့သို့။ ကြီးစွာဖြစ်မိုးဃ်းသံကို ထစ်ကျိုး မြည်တန်းလျက် ၄ထောင့်ကံ။ တစ်ဖက်ဆည်ကန်။ ချောက်။ မြောင်းကြီး မြောင်းငယ်တို့ကို ပြည့်စေ၍ သည်းထန်စွာရွာလေ၏။ ကျောင်း၏အနီး၌ ကျောင်းဆောက်စရာအလို့ငှာထားဖြ ဝါးတို့သည်။ ကြေးနီအဆင်းနှင့်တူဖြ မိုးဃ်းရေအယဉ်ဖြင့် တစ်ဖက်ဆည်ကန်သို့ မျောလေကုန်၏။

ရွာ၌လောင်ဖြ မီးသည်လည်း ငြိမ်းလေ၏။ ထိုဆိုအပ်ခဲ့ပြီးဖြအကြောင်းတို့ကို သိသဖြင့်။ ငါးမာရ်အောင်မြင် ဘုရားရှင်၏ ရွှေရင်တော်နှစ်သားတော်စစ်ဖြစ်ကုန်ဖြ သူတော်ကောင်းတို့သည်။ နှစ်သက်ရွှင်လန်း ဝမ်းမြောက်အပ်သည်၏အဖြစ်ကြောင့်ငှင်း။ ၉ ခုအပေါင်းဖြစ်သောကြောင့်ငှင်း။ အင်္ဂါနေ့ဖွား။ မင်းတရား၏ဆရာ။ အင်္ဂါသားရဟန်းသည်။ အင်္ဂါနေ့၌ သမုတ်အပ်သည်၏အဖြစ်ကြောင့်ငှင်း။ ၉ လုံးဖြအက္ခရာတို့ဖြင့် တန်ဆာဆင်သည်ကိုငှင်း။ အင်္ဂါနာမ်နှင့် ယှဉ်သည်ကိုငှင်း ပြု၍ "ဓိနောရသသာဓုပါမောက္ခ"ဟု ခေါ်ဝေါ်ကြလေကုန်၏။ ဘေးမဲ့ပေးတော်မူသည်ကိုစွဲ၍။ ဤသိမ်သမုတ်ရာဖြစ် ဖြတောင်၏အမည်ကိုလည်း။ အဘယဂီရိတောင်ဟု ခေါ်ဝေါ်ကြလေကုန်၏။ သတ္တဝါအပေါင်းတို့ချမ်းသာသည်ကိုငှင်း။ အဘယဂီရိတောင်ဝှမ်း၌ တည်သည်ကိုငှင်း စွဲ၍ ကျောင်းတိုက်၏အမည်ကိုလည်း "ခေမာသိဝ အဘယာဂီရိ"တိုက်တော်ဟု ခေါ်ဝေါ်ကြလေကုန်၏။

## သီလ

* ရစ်မသည် ဥအတွက် အသေခံသည်။
စာမရီသားကောင်သည် အမြီးအတွက် အသေခံသည်။
ရဟန်းသည် သီလအတွက် အသေခံသည်။

* သီလစောင့်လျှင် ဘဝအဆက်ဆက်ချမ်းသာ၏။

* သီလရှိမှ ဒါနနှင့်ဘာဝနာ အကျိုးပေးသည်။

* ပုထုဇဉ်သော်လည်း သီလရှိလျှင် အရိယာနှင့်တူ၍ အပါယ်မရောက်။

ပထမရွှေကျင်ဆရာတော်ကြီး

# ပထမရွှေကျင်ဆရာတော်ဘုရားကြီး
## ရေးသားပြုပြင်စီရင်တော်မူအပ်သော
# ဂါထာစုဏ္ဏိယမာဂဓ–ပါဠိ–ဝိနိစ္ဆယ–ကထာများနှင့်
# မြန်မာဘာသာလင်္ကာသံပေါက်စာတမ်း
## ကျမ်းစာကြီးငယ်အသွယ်သွယ်အရပ်ရပ်များ၏ စာရင်း

၁။ ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတဒီပနီ။
၂။ ပဋိစ္စသမုပ္ပါဒဒီပနီ။
ဆင်ဖြူမရှင် မိဘုရားကြီးတောင်းပန်၍ ရေးတော်မူပါသည်။
၃။ ဇောဗျူဂ်ဒီပနီ။
၄။ ဝဋ္ဋနာဒီပနီ။
၅။ ဓမ္မောသဓဒီပနီ။
ရန်ကုန်မြို့ စူဠဂဏ္ဍိ၊ မဟာဂဏ္ဍိ (၂)ပက္ခဂိုဏ်း တောင်းပန်၍ ရေးတော်မူပါသည်။
၆။ သမ္ဗဇ္ဈဒေါသဒီပနီ။
၇။ အဋ္ဌိကကမ္မဋ္ဌာနဒီပနီ။
၈။ ပဋိပတ္တိပကာသနီ။
၉။ ကုလဒူသကဝိနိစ္ဆယဒီပနီ။
၁၀။ နိဿယမုတ္တကပဋိပတ္တိပကာသနီ။
၁၁။ သီလဝိသောဓနီ။
၁၂။ သာသနဝိသောဓနီ။
၁၃။ သာသနပဋ္ဌာနဒီပနီ။
၁၄။ ဝိနယဂရုဒီပနီ။
၁၅။ ဝိနယဓဇဒီပနီ။
၁၆။ သဒ္ဒမေဓနီ။
၁၇။ သမ္ဗန္ဓနယဒီပနီ။
၁၈။ ဂဏာဘေဒဒီပနီ။
၁၉။ သမာသဂဏ္ဍိ။
၂၀။ ရူပဘေဒဝိဘာဝနီပါဠိ။
၂၁။ ရူပဘေဒဝိဘာဝနီပါဠိနိဿယ။
၂၂။ ရွှေကျင်နိယံသစ်။

၂၃။ နေတ္တိလီနတ္ထသင်္ဂဟာဝဏ္ဏနာ။
၂၄။ နေတ္တိဟာရတ္ထဝိဘာဝနီ။
၂၅။ နိဿယင်္ဂဝိနိစ္ဆယပါဌ်။
၂၆။ နိဿယင်္ဂဝိနိစ္ဆယပါဌ်နိဿယချုနက်။
၂၇။ လင်္ကာသာသနဝိသုဒ္ဓိကထာ။
၂၈။ သိဟဠသိမာသင်္ကရဝိဝါဒစ္ဆေဒနီပါဌ်။
၂၉။ သိဟဠသိမာသင်္ကရဝိဝါဒစ္ဆေဒနီပါဌ်နိဿယ (နိဒါန်းမျှသာ)။
၃၀။ သိဟဠဝါဒဝါဒသန္နေသကထာပါဌ်။
၃၁။ ဒသဓမ္မသုတ္တာလင်္ကာရဝဏ္ဏနာ။
၃၂။ သိဟဠမဟာသန္နေသကထာပါဌ်။
၃၃။ ဒါရုက္ခန္ဓသုတ်နိဿယ။
၃၄။ ခတ္တိယောဝါဒဓမ္မကထာပါဌ်။
၃၅။ ရာဇောဝါဒဓမ္မကထာ။
၃၆။ စူဠသိဿကောဝါဒ။
၃၇။ မဟာသိဿကောဝါဒပါဌ်။
၃၈။ မဟာသိဿကောဝါဒပါဌ်နိဿယ။
၃၉။ ယွာဋီကာပါဌ်။
၄၀။ ဝိစိတြဝန္နနာပါဌ်အနက်။
၄၁။ အာစရိယသန္နေသာဘိယာစကထာပါဌ်အနက်။
၄၂။ ဇာဂရဂ္ဂသံယုတ်စာကိုယ်ပါဌ်အနက်။
၄၃။ ဇာဂရဂ္ဂသံယုတ္တဋီကာပါဌ်။
၄၄။ ဇာဂရဂ္ဂတ္ထဒီပကသန္နေသကထာပါဌ်အနက်။
၄၅။ နိက္ခမတ္ထဒီပနီပါဌ်အနက်။
၄၆။ ဂန္ဓာရောစနကထာလျှောက်ထုံး။
မဟာဗိုလ်ဆရာတော် ဘုရားကြီးသို့။
၄၇။ ဂန္ဓာရောစနကထာမှထုတ်နုတ်သောဂါထာများအနက်။
၄၈။ သိဟဠောဝါဒသန္နေသကထာဂါထာ (၆၀)ပါဌ်အနက်။
၄၉။ ဣန္ဒြိယောဝါဒကထာပါဌ်အနက်။
၅၀။ ဣန္ဒြိယရဋ္ဌိကရာဇိနိယာဝိသေသမေတ္တာဘာဝနာပါဌ်အနက်။
၅၁။ ဥဘာယရာဇရာဇိနီနံဝိသေသမေတ္တာဘာဝနာပါဌ်အနက်။
၅၂။ အင်္ဂလိသသေနာမေတ္တာဘာဝနာပါဌ်အနက်။
၅၃။ ရာဇမေတ္တာဘာဝနာပါဌ်အနက်။

၅၄။ ဒေဝီမာတာမေတ္တာဘာဝနာပါဠိအနက်။
၅၅။ ရာဇဒေဝီမေတ္တာဘာဝနာပါဠိအနက်။
၅၆။ တပ္ပကိဏ္ဍကမေတ္တာဘာဝနာပါဠိအနက်။
၅၇။ မြန်မာဒေသိယာဓိပတိမဟာမစ္စမေတ္တာဘာနာပါဠိအနက်။
၅၈။ ဣန္ဒြိယရဋ္ဌိကမဟာမစ္စမေတ္တာဘာဝနာပါဠိအနက်။
၅၉။ ရတနတ္တယဂုဏာပကာသနပုဗ္ဗင်္ဂမသစ္စဝစကဏ္ဍပါဠိအနက်။
၆၀။ သာသနသန္ဒေသကထာ။
၆၁။ မင်္ဂလောဝါဒကထာ။
၆၂။ ကေဝဋ္ဋောဝါဒကထာ။
၆၃။ သြဝါဒလင်္ကာရဓမ္မကထာ။
၆၄။ ဒသသီလဝိနိစ္ဆယသြဝါဒကထာ။
၆၅။ ကာမာဒီနဝကထာ။
၆၆။ နိဂ္ဂမောဝါဒစာတမ်း။
၆၇။ သိဿကောဝါဒစာတမ်း။
၆၈။ ဓမ္မောဝါဒစာတမ်း။
၆၉။ ဥပသကာစရိယကျမ်း။
၇၀။ သြဝါဒစာတမ်း။
၇၁။ သြဝါဒမေတ္တာစာတမ်း။
၇၂။ ဓမ္မတိသန္တာရကထာသြဝါဒမေတ္တာစာ (ပဌမ-ဒုတိယ)။
၇၃။ ဥပါသကောဝါဒရှုဘွယ်။
၇၄။ ဓမ္မပါလရှုဘွယ်။
၇၅။ လောကကြေးမုံ (ခေါ်) သညာ(၇)ပါးပွားပုံနည်းအမြွက်။
၇၆။ ခန္ဓာငါးပါးကမ္မဋ္ဌာန်းရှုနည်းအကျဉ်း။
၇၇။ ကမ္မဋ္ဌာန်းသံပေါက်လင်္ကာအမျိုးမျိုး။
၇၈။ ပစ္စဝေက္ခဏာသံပေါက်လင်္ကာ။
၇၉။ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ အနက်နှင့် အဓိပ္ပာယ်ကောက်။
၈၀။ နဝဂုဏဝန္ဒနာ–မြန်မာဘာသာသက်သက်၊ ဂုဏ်တော် ၉-ပါးဘုရားရှိခိုး။
၈၁။ ဘိုးသူတော် ကျောင်းသား ကပ္ပိယတို့ ကန်တော့ပုံနည်း။
၈၂။ မြန်မာဘာသာသက်သက်ဖြင့် ငါးပါး–ရှစ်ပါးသီလခံနည်းနှင့်ဆုတောင်း။
၈၃။ မြန်မာဘာသာသက်သက်ဖြင့် ဆွမ်း၊ ပန်း၊ ရေ၊ မီး၊ ပူဇော်လှူဒါန်းနည်းနှင့်ဆုတောင်း။
၈၄။ မြန်မာဘာသာသက်သက်ဖြင့် ပကတိသာဝကဆုပန်နည်း။
၈၅။ မင်းကြောင်ဇက အခွန်ဘဏ္ဍာတော်နှင့်စပ်လျဉ်း၍ မေးလျှောက်ရာ ဖြေဆိုတော်မူချက်။

၅

၈၆။ ပါတိမောက် အမေးအဖြေ။
၈၇။ ဝိနည်းသာသနာလျှောက် (၃)မျိုး။
၈၈။ ပထမောဝါဒ-ဒုတိယောဝါဒ။
၈၉။ ခင်ကြီးနံ့ ဆေးကျမ်း။
၉၀။ ခင်ကြီးပျက် ဆေးကျမ်း။
၉၁။ အဖိုးမထိုက် ခင်ကြီးဆေးကျမ်း။
၉၂။ ဘုန်းကြီးထိပေါက်ဆေးကျမ်း။
၉၃။ လူတို့ထိပေါက်ဆေးကျမ်း။
၉၄။ ဥဂ်ဖိုရ်ဆရာတော်ထံလျှောက်မေတ္တာစာ၊ ဥဂ်ဖိုလ်ဆရာတော်ထံမှတုန့်ပြန်ပေးမေတ္တာစာ။
၉၅။ လူသတ်မေတ္တာစာ။
(မြင်းတပ်ဖိုလ်-ဦးတုပ်ကြီးသို့)
၉၆။ ယုန်လိုက် မေတ္တာစာ။
(ရဟန်းလောင်း-မောင်မဋ္ဌုသို့)
၉၇။ ရွှေခဲပုံ့ မေတ္တာစာ ပထမ၊ ဒုတိယ။
(မတ္တရာ၊ ကွပ်ရှာ၊ တောင်ပြုံး ၂-မြို့ဝန်ဦးစံအုန်းသို့)
၉၈။ ဓမ္မဝိနယအမိန့်တော်ပြန်တမ်းကြီး။
၉၉။ ဥပဒေသကထာ။
၁၀၀။ နိဿယမုစ္စက ဥပဒေတော်။
၁၀၁။ သာသနာပြု(၉)ဌာန ဥပဒေတော်၊
၁၀၂။ ဇန့်ကျီတိုက်နယ် ဥပဒေ(၁၅)ချက်။
၁၀၃။ အလုံမြို့နယ် ဥပဒေ။
၁၀၄။ ရွှေဘိုမြို့နယ် ဥပဒေ။
၁၀၅။ မိုးကောင်းတိုက် ဥပဒေ။
၁၀၆။ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး ဥပဒေ။
၁၀၇။ ရွှေကျင် (၅)တိုက် ဥပဒေ။
၁၀၈။ ရွှေကျင် (၁၂)တိုက်-ဥပဒေ။
၁၀၉။ ရွှေကျင်ဂိုဏ်းကျင့်ထုံးကြီး။
၁၁၀။ ရွှေကျင်မဟာထေရုပ္ပတ္တိကျမ်း။
(မောင်းထောင်ဆရာတော် ရေးတော်မူပါသည်။)
၁၁၁။ အာစေရဝန္ဒနာပါဌ်-အနက်။
(မင်းကွန်းအလယ်တောရ ဥဒုမ္ဗရချောင်ပျော် ဆရာတော် ဦးပဏ္ဍဝံသက ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်များကို ချီးကျူးထောပနာ၍ ဝန္ဒနာပြုသည်။)
၁၁၂။ အာစေရဂုဏာလင်္ကာရာဒိကထာနှင့် နရာသီဟဂါထာပါဌ်-အနက်။
(ကွမ်းခြံကုန်း-သုံးခွ၊ မဟာဝုန်တောရဆရာတော်က ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်များကို ချီးကျူးဖော်ပြသည်။)

# THE THIRTEENTH SHWEGYIN NIKĀYA CONVENTION

1 & 2 MARCH 1992

## PRELUDE

THE THIRTEENTH Shwegyin Nikāya Convention was held on 1 & 2 March 1992 at the Shwe Hintha Tike Hit of the Sagaing hills, with an attendance of 431 theras plus 200 observer monks. The following were accomplished:

- 6 Elections to Various Vacancies in the Hierarchy
- 3 Resolutions were confirmed
- 5 Events were recorded
- 8 Resolutions were passed

It seems that all members of the Nikāya agreed to meet at a convention in every third year. Accordingly the conventions were held almost after three years. The following is a list of conventions together with dates when each one was held at which particular centre. One might notice that the conventions were held not so regularly as they wished. Discrepancies show periods of unrest when cultural pursuits should better wait.

| | | |
|---|---|---|
| Convention | I | 23 June 1923, Aung Myay Thazi, Mahāvisuddhārāma, Mandalay |
| | II | 20 June 1923, Aung Myay Thazi, Mahāvisuddhārāma, Mandalay |
| | III | 5 March 1928, Aung Myay Thazi, Mahāvisuddhārāma, Mandalay |
| | IV | 24, 25 & 26 April 1929 Bagan Taung monastery, Babe Dan, Mawlamyine |
| | V | 8, 9 & 10 June 1932 Aung Myay Thazi, Mahāvisuddhārāma, Mandalay |
| | VI | 15, 16 & 17 April 1935 Myoma National High School, Yangon |
| | VII | 3, 4, 5 & 6 March 1947 Taunggyi Southern Shan State |
| | VIII | 25, 26 & 27 February 1953 Mahāgandhārāma Gyaung, Sagaing Hills |
| | IX | 18, 19 & 20 February 1957 Kya Hkat Waing monastery, Bago |

X 18, 19&20 November 1963
Aung Myay Thazi, Mahāvisuddhārāma, Mandalay

XI 22, 23&24 November 1975
Kya Hkat Waing monastery, Bago

XII 6 & 7 December 1980
Visuddhārāma Myo Daung monastery, Taung-U

As each convention would have some particular problem to settle, this thirteenth one has three things of immediate concern, viz,

(1) to elect two Upaukkaṭha (Associate Presidents)
(2) to appoint a joint secretary of the All Monks Executive Committee
(3) To confirm the decisions made by the patrons of the All Monks Executive Comittee.

When the decisions were made, everyone concerned would expected a unanimous decision. Unanimity was all the more wanted because the continued solidarity of the whole organisation relied largely upon such coordinations.

The Nikāya had had its conventions during the following periods of administration. From the First to the Seventh, Conventions were carried out during the British colonial period. The Eighth and Ninth were convened in the AFPEL regime. The Tenth was in the time of the Revolutionary Council. The Eleventh and Twelveth were in the State Council rule of the party of Burmese Way to Socialism. Restoration Board. Except for last two conventions, all the former eleven ones were made when there was nothing like the State Saṅgha Mahā Nāyaka Council.

It is needless to say that the whole existence of the Nikāya owe its gratitude to these conventions. They are indeed props to the continued existence of the institution. For instance the first two conventions had saved the institution from being overwhelmed by popular but political organizations where Saṅghas took a somewhat dubious part. This Saṅgha Sāmaggī, of four to five thousand Saṅgha membership led by Bay Mè Sayadaw of great fame under the Myanmar kings and some more highly esteemed Sayadaws with Agga Mahā Paṇḍita titles conferred by the British rulers. The conventions had kept the Saṅgha to remain strictly religious. The Third to Sixth were nothing exceptional except for the fact that they kept the institution strong during the growing title of antiimperialism. The seventh one was remarkable in the sense that it could reorganize the Nikāya after the Second World War. The Eighth was the first convention held after the Myanmar political independence and it determined the

attitude of the Nikāya under the native rule. The Twelveth one was more important because the Nikāya has to say clearly where it stands in relation with the All Monks Council. In another words, all the conventions dealt successfully with current problems and steered the course clear for the Nikāya to remain to its original aims and ambitions laid down in 1860 when it was founded. Evidently the Nikāya continued its existence for the past one hundred and thirty years under the able leadership of Supreme Leaders known popularly as Thathanabines. There never was this exalted position left vacant. There were twelve and altogether with the present Thatha-nabine there are thirteen altogether.

Shwegyin and Vithokedā shared the first half century,

While Kyikekazan, Dabayin, Mon, Chantha, Hla Daw, Kyikalat, Kani and San Gin completed the centenary.

Myaungmya and Kyay Myint became in turn a custodian,

Making Shwehintha the present guardian.

Under the present leadership of the Shwehintha Sayadaw, the Nikāya has every hope to continue its existence for several more centuries to come with equal success.

A brief survey of the present conditions would show that the strength of the Nikāya is at its zenith. There are at present a total of 2,444 monasteries with 27,724 monks in residence. These monks are under 150 leaders who are nost devoted to their duties. All of them are responsible to the Supreme Leader (Thathanabine) and his five advicers, who together form the Head Council. The council has three secretaries and seven assistant secretaries. Nothing serious happens so far to impair the strength of the organization. And it is not mere optimism to say that they are strong enough to deal with any problem in the future.

The preparatory Committee of the thirteen Shwegyin Nikāya was formed with Pite Kyone Sayadaw as the chairman and U: Agghiya as the secretary. Its first meeting was held on 19 October 1991 at 1:30 pm. in the Mahāvisuddhārāma, Mandalay, which is now the Headquarters of the Shwegyin Nikāya. It was attended by local leaders from Amarapūra, Hsalin Gyi, Mandalay, Mingin, Monywa, Pathein Gyi, Sagaing, Wetlet and Yangoon. The committee decided

(1) to have the convention held during 29 February 1992 and 2 March 1992
(2) at the Shwehintha Tike Thit of Sagaing and
(3) a committee of twenty seven theras, to organize the convetion.

The Committee of Twenty Seven met on 22 October 1991 and appointed officers and assigned duties as:

Patrons: U: Vannitabhivamsa

U: Agghiya

Presidents: U: Tiloka

U: Vilāsa

U: Paññāsiribhivaṁsa

Secretaries: U: Koṇtaññabhivaṁsa

U: Mānitasirī

U: Odātasirībhivaṁsa

Finance Officer: U: Candobhāsabhivaṁsa

Members: U: Aggañānābhivaṁsa (MDY)

Sayadaw of Sagaing Gandhārāma (SGG)

Tike Ok Sayadaw of Shwehintha (SGG)

Mahāsubodhārāma Sayadaw (SGG)

Hanthathiri Sayadaw (SGG)

U: Indobhasābhivamsa (APA)

Mahavijitārāmma Saya daw (MDY)

Dahatto Sayadaw (MDY)

Mahamyine Sayadaw (MDY)

U: Kovida (MDY)

U: Visuddha (MDY)

U: Yasavanta (MDY)

U: Paññajotabhivaṁsa (MDY)

U: Sundara (MDY)

U: Candobhāsa (MDY)

U: Kosalla (MDY)

U: Kovida (MDY)

The duties assigned were:

(1) The President and Secretary to draw the Agenda of the Convention, to prepare the Invitation List; to write the Invitations; to send the Invitations; and to collect the List of Members at Each Shwegyin Monastery during the 1991 (27 July 1991 8 October 1991).

(2) In preparing the Invitation List, excepting the monks of the Sagaing Hills, there should be about 300 theras from
   (a) all the Vinaya Examination Centres
   (b) all townships
   (c) all members of the Central Executive Committee of the Shegyin Nikāya
   (d) all members of the Shwegyin Nikaya who are at present residing in 'Frontier areas'.

(3) All invitation should be posted on or before 19 January 1992.

(4) The two Patrons shall write the opening Address as well as the Concluding Address of the Convention.

(5) Funds shall be appropriated from the Treasury of the Shwegyin Nikaya Central Executive Committee and the said commmittee is requested to reaise necessary funds for this sole purpose of the Convention.

(6) Meetings of the Committee of Twenty Seven shall be convened by order of the President and Secretary of the Committee.

Letter dated 25 October 1991 asking the Address and Strength of Sangha at each Shwegyin Nikāya monastery in the country was sent by the committee with request to forward the answer not later than 6 December 1991 to U: Odātasiribhivamsa at Jayamedanī Wazo Monastery, New Mahāvisuddhārāma, East Daywun, Mandalay (SW). A note of caution was added that the reply should come by any means to ensure that it reaches the addressee without fail.

Another meeting of the Committee of Twenty Seven was met on 4 December 1991 to ask for more funds and to enlist help from the ministry of transport and communication to get the invitees reach Mandalay and finally to Sagaing without much difficulty, to arrange reception and local hospitalities and to provide evening lectures. The Committee was given Ks. 10,000 to defray expenses so far. Care should be taken that an invitee should come clad in robes prescribed by the Nikāya, bring his own bowl, sling for the bowl, a small seat and a complete set of bedding, accompanied by only one single male attedant. He shall report immediately to the Receptionist, and give his address, educational qualifications, etc. So that he might be called upon to some work during and after the Convention. The invittee list was declared on 25 February 1992. One U: Ñāninda of Damayatana, Haripinda Road, Gol, Sri Lankā, was in the list.

The third meeting of the Committee of Twenty Seven was held on 29 December 1991 to appoint a group to record the proceedings of the Convention.

U: Agghiya headed a group of Seven, viz.

U: Manitasirī
U: Aggañānābhivaṁsa
U: Odātasiribhivaṁsa
U: Kosalla
U: Kavisāra
U: Ñāyasāmi
U: Brahmāvaṁsa

The main item of next meeting held on 18 February 1992 was to check the notions proposed by the members of the Convention. Very convinienlly, another Sub-Committee was formed to scrutinize the proposal (with the exception of appointing a Upa Ukkatha) with the Pike Kyone Sayadaw as Chairman. Another committee on reception was appointed with U: Agghiya as Chairman. The Committee of Twenty Seven also acknowledged with thanks the receipt of Ks. 13,000 for the Convention from Shwegyin Sayadaw, Mogok Set Waing, Myawadi, Karen State.

The programme of the Shwegyin Nikāya Thirteenth Convention was declared as follows:

## First Day of the Convention

March 1992

First Period

8:00 am - 9.45 am

1. 8:00 am. The Convention is declared open.

2. All monks at the Convention joined in chanting the Sāsanassa ca lokassa up to arakkhaṁ gacchantu.
3. The Opening Address written by U: Paññasiri-bhivamsa, Maṅgala Bimhan, Mahāvisudha rāma, Mandalay is read by U: Ñānavara, Shwe U Min Gyaung, Sagaing Hills.
4. Ovada by the Shwehintha Sayadaw, Adhipati Ukkaṭtha Maha Nayaka, Thathanabine, Shwegyin Nikaya.
5. Request by Major Aung Kyaw Thein, Secretary, Law & Order Restoration Council, Sagaing Division.
6. Proposals.
7. Pike Kyon Sayadaw's reply on "Using Thalate to take meals."
8. On the qualification of the Rettaññū Maha Nāyaka, Shwegyin Nikāya.

## Second Period

1:00 pm - 3:20 pm

9. Ovāda by Pike Kyone Zalehtaw Sayadaw, Upa Ukkattha, Shwegyin Nikāya.
10. Ovāda by Shwe Bon Hsint Sayadaw, Hintha Gon, Bago.
11. Ovāda by Zalehtaw Sayadaw, Tawa Railway Station, Bago.
12. Ovāda by Ledi Sayadaw, Pathein.
13. Neikbana Wadi Sayadaw, Letpan, Gangaw, Magwe Division.
14. A discourse on unity sent by Zaya Mingala, Sagaing Hills.
15. Remonstrance from Puttarama Sayadaw, Bago.
16. Remonstrance from Shwegyin Damayon Sayadaw, Monywa.
17. Remonstrance on Publishing the List on Gana Santaka monasteries by U: Manitasirī.
18. Espitle on the Bali Water Evening Lecture by Ashin Lakkhana, Mya Setkya Gyaung Sayadaw, Sagaing Hills.

## Second Day of the Convention

2 March 1992

First Period

8:00 am - 9:45 am

19. Ovāda by Baranasi Sayadaw, Upa Ukkaṭtha, Shwegyin Nikaya.

20. Order on the Appointment of two Upa Ukkatthas.
21. Order permitting to read the list of Nikaya Executive Committee Members
22. Remonstrance by Pobbayon Sayadaw, Bago.

1:00 pm - 2:45 pm

23. Sandesakathā by Kan Gyi Sayadaw, Nyaung-Shwe, Upa Ukkattha, Shwegyin Nikaya.
24. Sagning the records of the Convention.
25. Ovāda dy Aung Myay Shwebon Sayadaw, Hsalingyi.
26. On successful Completion of the Convention.
27. On taking the Cream of the Cream Evening Lecture by Ashin Kuntalābhivamsa, Nāyaka Sayadaw, Mahagandhārama, Amarapura.

**Six Appointments**

**Appointment of Associate Supreme Leader(Twe Hpet Thathanabine), Upa Ukkattha Mahanayaka, Shwegyin Nikāya**

By Resolution No. 3 of the Twelveth Convention of All Shwegyin Nikāya, the present Ukkattha(President) and (two) Upa Ukkattha (Associate Presidents), made the selection and appointed

(1) Ashin Vāsetthabhivamsa (Thabyay Gan Sayadaw), aged 82 years, 62 years as an Ordained Monk, Gine Gyoke (Cheif Leader), Yangon Division, Shwegyin Nikāya, Shwegyin Monastery, Mingala Taung Nyunt, Yangon.

(2) Ashin Vimalābhivamsa (Nyaung shwe Kan Gyi Sayadaw), aged 81 years, 61 years as an Ordained Monk, Gine Gyoke (Chief Leader), Shan State, Shwegyin Nyaugshwe (Yaungshwe), Shan State.

as Upa Ukkatha Mahanāyaka (Twe Hpet Thathanabine, Associate Supreme Leader), Shwegyin Nikāya.

The following one hundred and thirty two are appointed Great Leaders of Large Experience and Great Knowledge (Rattannu Maha Nāyaka), Shwegyin Nikāya.

Ayeyarwady Division

1. U: Nandavamsa
2. U: Nanavamsa
3. U: Punnassanta
4. U: Janeyya
5. U: Kuwera
6. U: Paduma
7. U: Candobhāsa
8. U: Gandhasāra
9. U: Sonubodha
10. U: Vepulla
11. U: Vicitta

12. U: Panninda
13. U: Visuta
14. U: Dhammapiya
15. U: Jãgara
16. U: Ñanika
17. U: Sagara
18. U: Sumana
19. U: Sujata
20 U: Agganana
21. U: Pandava
22. U: Indavamsa
23. U: Acinna
24. U: Sōpaka
25. U: Tinnacara
26. U: Kusala

**Bago Division**

1. U: Kontañña
2. U: Acara
3. U: Pandita
4. U: Indacara
5. U: Lakkhana
6. U: Uttama
7. U: Pantawa
8. U: Nanika
9. U: Ukkamsa
10. U: Ganacara
11. U: Candobhasa
12. U: Panasami
13. U: Cakkinda
14. U: Kusala
15. U: Tejinda
16. U: Kusala
17. U: Kovida

**Kachin State**

1. U: Indacara

**Kayin State**

1. U: Sobhita
2. U: Jāgara
3. U: Vannasāmi
4. U: Gandhamā
5. U: Āsabha
6. U: Indaka
7. U: Vārinda

**Magwe Division**

1. U: Indaka
2. U: Gunalankara
3. U: Uttama
4. U: Tikkhacārinda
5. U: Issariya
6. U: Dīpadhaja

**Mandalay Division**

1. U: Kosalla
2. U: Tejiavanta
3. U: Sunanda
4. U: Tejaniya
5. U: Kusala
6. U: Vepullabhivamsa
7. U: Nana
8. U: Maladipa
9. U: Sunada
10. U: Candima
11. U: Silanandabhivamsa

**Mon State**

1. U: Naninda
2. U: Visuta
3. U: Kesara
4. U: Sujāta
5. U: Kesara
6. U: Panna

7. U: Uttama
8. U: Janeyya
9. U: Naginda
10. U: Nandavamsa
11. U: Janiya
12. U: Uttama
13. U: Vayama
14. U: Vasawa
15. U: Sobhita

**Sagaing Division**

1. U: Indaka
2. U: Tejinda
3. U: Sirikuntala
4. U: Jota
5. U: Meghinda
6. U: Siridhamma
7. U: Sirinanda
8. U: Pantava
9. U: Narinda
10. U: Paduma
11. U: Pannasami
12. U: Nemita
13. U: Sunanda
14. U: Panninda
15. U: Tiloka
16. U: Kovida
17. U: Cakkindacariya
18. U: Cintamani

**Shan State**

1. U: Jotika
2. U: Dhammananda
3. U: Revata
4. U: Lakkhanasami
5. U: Cinta
6. U: Sobhita
7. U: Kantasila

**Yekhine**

1. U: Vajirabuddhi
2. U: Pannavamsa
3. U: Pannasami
4. U: Pannavara

**Yangon**

1. U: Uttara
2. U: Ukkattha
3. U: Kesara
4. U: Nandamala
5. U: Cintakavi
6. U: Vilasa
7. U: Nanavara
8. U: Kheminda
9. U: Acinna
10. U: Gandhama
11. U: Kundala
12. U: Pandita

The total number of the Great Leaders of Large Experience and Great knowledge:

| | |
|---|---|
| Ayeyarwady | 26 |
| Bago | 17 |
| Kachin | 1 |
| Kayin | 7 |
| Magwe | 6 |
| Mandalay | 11 |
| Mon | 23* |
| Sagaing | 18 |
| Shan | 7 |
| Yakhine | 4 |
| Yangon | 12 |
| | 132 |

[*Only 15 in the detailed list.]

**Appointment of Central Executive Committee Members (Gine Lone Wun Hsaung Nàyaka)**

**Ayeyarwady Division**

1. U: Indavamsa
2. U: Kusala
3. U: Kumara
4. U: Vannita
5. U: Mahosadha
6. U: Vepulla
7. U: Nagavamsa
8. U: Pandita
9. U: Rajinda
10. U: Indaka

**Bago Division**

1. Baranasi Sayadaw (Associate Supreme Leader, Shwegyin Nikaya)
2. U: Visaradapandita
3. U: Uttamavamsa
4. U: Pannajota, Aggamahapandita
5. U: Jotipala, Aggamahapandita
6. U: Aggavamsabhivamsa
7. U: Vicittacara
8. U: Visuddha
9. U: Candimabhivamsa
10. U: Kundala
11. U: Caritta
12. U: Nagavamsa, Aggamahapandita
13. U: Nipaka

**Kachin State**

1. U: Gunitabhivamasa

**Kayin State**

1. U: Kitti
2. U: Sumana
3. U: Ariya
4. U: Sundara

**Magwe Division**

1. U: Tikkhanada
2. U: Sakiya
3. U: Vamsika
4. U: Sundarānada

**Mandalay Division**

1. Piky Kyone Sayadaw (Associate Supreme Leader, Shwegyin Nikàya)
2. U: Mahosadhapandita, Aggamahapandita
3. U: Indavaṁsa
4. U: Ariyavamsa
5. U: Dhammika
6. U: Wannitabhivaṁsa, Aggamahapandita
7. U: Agghiya
8. U: Kundala
9. U: Parama
10. U: Nandàsiri
11. U: Vilasa
12. U: Tiloka
13. U: Vicitta
14. U: Pannasiribhivamsa
15. U: Kondanabhivamsa
16. U: Manitasiri
17. U: Indacariya
18. U: Aggananabhivamsa
19. U: Candobhasabhivamsa
20. U: Odatasiribhivamsa

21. U: Vayama
22. U: Kovida
23. U: Pannajotabhivamsa
24. U: Candobhasa
25. U: Vivekabhivamsa
26. U: Pandita
27. U: Kosala
28. U: Sundara
29. U: Kovida
30. U: Sumangala
31. U: Khemindabhivamsa
32. U: Sujatasara, Aggamahapadita
33. U: Vicarindabhivamsa
34. U: Sajjanasara
35. U: Nayaka
36. U: Veluriya
37. U: Visuddha
38. U: Issarabhiv imsa
39. U: Mahinda
40. U: Indobhasabhivamsa
41. U: Kundalabhivamsa, Aggamahapandita

**Mon State**

1. U: Cakkinda
2. U: Pannita
3. U: Sumana
4. U: Kosiya
5. U: Sobhana
6. U: Pannajota
7. U: Khantisara
8. U: Pannavamsa

**Sagaing Division**

1. Shwehintha Sayadaw (Supreme Leader, Shwegyin Nikaya)
2. U: Nandaka
3. U: Pannananda
4. U: Dhammapala
5. U: Vimala
6. U: Pannananda
7. U: Tejavanta
8. U: Nayaka
9. U: Pannindabhivamsa, Aggamahapandita
10. U: Acinna, Aggamahapandita
11. U: Sajjanabhivamsa, Aggamahapandita
12. U: Narada, Aggamahapandita
13. U: Samvarabhivamsa, Aggamahapandita
14. U: Kesarindacariya
15. U: Nanissara
16. U: Lakkhana
17. U: Kavisara
18. U: Nayasami
19. U: Nandamalabhivamsa
20. U: Mahosadhapandita
21. U: Nandavamsa
22. U: Nandasabha
23. U: Lakkhana
24. U: Nanavara
25. U: Karunika
26. U: Adiccavamsa
27. U: Aggapandita
28. U: Nagavamsa
29. U: Aggasara
30. U: Lakkhana
31. U: Nandavamsa
32. U: Suriya
33. U: Nandobhasa
34. U: Sampajjalita
35. U: Indacakka
36. U: Visuta
37. U: Vayaminda

38. U: Karindācāra
39. U: Visuddhācāra
40. U: Chandādhika
41. U: Sujāta
42. U: Sajjana
43. U: Javanalaṅkāra
44. U: Sobhita
45. U: Mandala not 46

**Shan State**

1. U: Vimalabhivamsa, Associate Supreme Leader
2. U: Pannavamsa, Aggamahapandita
3. U: Ajeyya, Aggamahapandita
4. U: Nanindalankara
5. U: Dhammavara

**Yakhine State**

1. U: Nandamala
2. U: Candalankara

**Yangon Division**

1. U: Vasetthabhivamsa, Associate Supreme Leader, Abhidhajamaharatthaguru
2. U: Rajindabhivamsa
3. U: Dhammasami
4. U: Sumana
5. U: Kondanna
6. U: Sirindabhivamsa, Tipitakadhara, Aggamahapandita
7. U: Nimmalanana
8. U: Pandita
9. U: Sobhana
10. U: Ācinna
11. U: Jotika
12. U: Vijjotābhivaṁsa, Aggamahāpandita
13. U: Janakabhivaṁsa
14. U: Sumaṅgalalaṅkāra, Tipiṭakadhara, Aggamahapaṇḍita
15. U: Ñānavaṁsa
16. U: Sucittabhivamsa
17. U: Panditabhivamsa
18. U: Kumara, Aggamahapandita
19. U: Angisa
20. U: Revata

The total number of the members of the Central Executive Committee Members added up to 155

| | |
|---|---|
| Ayeyarwady | 10 |
| Bago | 13 |
| Kachin | 1 |
| Kaya | 1 |
| Kayin | 4 |
| Magwe | 4 |
| Mandalay | 41 |
| Mon | 8 |
| Sagaing | 46 |
| Shan | 5 |
| Yakhine | 2 |
| Yangon | 20 |
| | 155 |

[*In the name list there are only 45; therefore the total is 154.]

**Appointment of An Auxiliary Central Executive Committee, Shwegyin Nikāya**

1. U: Paññāsiribhivaṁsa
2. U: Kondaññābhivamsa
3. U: Mānitasirī
4. U: Candobhasabhivamsa
5. U: Odātasirībhivaṁsa
6. U: Kosalla
7. U: Candobhasa

**Appointment of a Committee to record the Proceedings of the Thirteenth Shwegyin Nikaya Convention.**

The Members are:

1. U: Samvarabhivamsa
2. U: Kavisara
3. U: Ñanasami
4. U: Brahmavamsa
5. U: Mānitasiri
6. U: Agganānabhivamsa
7. U: Odatasiribhivamsa
8. U: Kosalla
9. U: Ariyavamsa
10. U: Ādiccavamsa

The Resolutions made by the following meetings are confirmed.

a. Resolutions passed by the Taung U Shwegyin Nikaya Executive Committee in its meeting held on (7) December 1980
b. Resolutions passed by the Mandalay Mahavisuddharama Shwegyin Nikaya Executive Committee in its meeting held on (12) February 1983
c. Resolutions passed by the Mandalay Mahāvisuddhārama Shwegyin Nikaya Executive Committee in its meeting held on (27) June 1984
d. Resolutions passed by the Sagaing Shwehintha Executive Committe held on (28) October 1989

The Resolutions made by the Auxiliary Central Executive Committee at the Mandalay Mahā Visuddhārama New Monastic Establishment on (5) August 1986 by order of the Associate Supreme Leader Pike Kyone Sayadaw, are confirmed.

The List of Monastic Establishments which have been and/or are Gaṇasantaka (the Proprety of the Institude), Ganavekkiti (the Word of the Institute) and Ganagopita (the protege of the Institute), is confirmed.

* 1. Mahādhammikarama, main Shwegyin Nikaya Establishment, Mandalay NW
* 2. Htayangar, Mandalay NW
* 3. Myadaung, Mandalay NW
* 4. Mingin, Mandalay NW
* 5. Yamethin, Mandalay NW
* 6. Ngwedaung forest monastery, the Mingun Hills, Sagaing Township, Sagaing Division

+ 7. Yaw Min Gyi, Mandalay NW
+ 8. New Mahāvisuddharama, Mandalay NW

+9. New Mahāvisuddharāma, Mandalay SW

+10. Abhayārama Shwegu, Seinban, Mandalay SW

[ * As claimed in Resolution No. 1a of the Sixth Shwegyin Nikāya Convention

\+ Original four]

11. Vijjālankara, Seinban, Mandalay SW

On recommendation of U: Visuddhabhivamsa, Aggamahapandita, Secretary, Aramasamutthapaka, Sixth Buddhist Synod, the care of the building is now entrusted in the care of U: Chekinda and U: Kosalla

12. Visuddharum Shwebonwun Monastic Establishment, Seinban, Mandalay SW, The Nikaya owned it right from the beginning

13. Sein Ban New Monastic Establishment, Seinban, Mandalay SW, U Mala Aramasamutthapaka Sayadaw and U: Acara had been given charge of it

14. Paybin Hpaya Kyaung, West Thanlyak Maw, Mandalay SW; U: Mālā Āramasamutthapaka Sayadaw and U: Acara had been given charge of it..

15. Kyaung Daw Ya Shwegyin Monastic Establishment, Bahan, Yangon; the Nikāya owned it right from the beginning

16. Kya Hkat Sumanarama Monastery, Kya Hkat, Sagaing Township, Sagaing Division; under U: Mānitasiri's charge and he has deputed U: Soma to look after it on his belief.

17. Dhammavihāra Monastic Establishment, Shan On, Lin Yin Bauk Thauk, Sagaing Township, Sagaing Division; by pouring the water of libation, it was given to the Shwegyin Nikaya

18. May Myo Visuddharama Monastic Establishment, Pyin U Lwin, Mandalay Division; it is under the Shwegyin Nikaya from the beginning.

19. Kun Gyan Myaung Forest Monastery, Lon Gauk Village Tract, An Pass, Yakhine; by pouring the water of libation on 29 December 1990, it was given to the Shwegyin Nikaya.

20. Ngwe Chan Myaung Forest Monastery, North Village Tract, An Pass, Yakhine; by pouring the water of libation on 15 June 1990, it was given to the Shwegyin Nikaya.

21. Aye Thathana Yeiktha monastery, West Ward, An pass, Yakhine; by pouring the water of libation on 30 December 1990, it was given to the Shwegyin Nikāya

22. Thitsa Zaga Myine Forest Monastery, An pass, Yakhine; by pouring the water of libation on 23 January 1991, it was given to the Shwegyin Nikaya

23. Shwe Daung U Forest Monastery, Sandaya Tract, Kanbalu Town-

ship, Sagaing Division; it was Shwe Daung U Sayadaw, Āramasamutthāpaka, (Present Estate Warden) who handed it over to the Shwegyin Nikāya.

24. Myin Hkwa Taung Forest Monastery, Kambyu Tract, Kanbalu Township, Sagaing Division; it was Shwe Daung U Sayadaw, Āramasamutthāpaka (Present Estate Warden) who handed it over to the Shwegyin Nikāya.

25. Shwe Mutthaw Forest Monastery, Thityabin, Kanbalu Township, Sagaing Division; U: Sobhana the Owner, handed it over to the Shwegyin Nikāya.

26. Dhammasukha Forest Monastery, Leikhtu Tract, Kanbalu Township, Sagaing Division; U: Janeyya the Owner, handed it over to the Shwegyin Nikaya.

27. Myo Dwin Forest Monastery, Ye Dway, Htein Daw Tract, Kanbalu Township, Sagaing Division; it was Shwe Daung U Sayadaw, Aramasamutthapaka, (Present Estate Warden) who handed it over to the Shwegyin Nikaya.

28. Nat Yay Gan Forest Monastery, Htan Gon Railway Station, Htan Gon Tract, Kanbalu Township, Sagaing Division; it was Shwe Daung U Sayadaw, Aramasamutthapaka, (Present Estate Warden) who handed it over to the Shwegyin Nikāya.

29. Kandaw U Monastery, Kanbalu Township, Sagaing Division; it was Shwe Daung U Sayadaw, Āramasamutthāpaka, (Present Estate Warden) who handed it over to the Shwegyin Nikāya.

30. Uttarāma Monastic Establishment, Tau Bo, Kyun Hla Township, Sagaing Division; U; Kumuda the Owner, handed it over to the Shwegyin Nikāya.

31. Ywa Ma Monastery, Taung Ye Seik Ywa Ma, Kyun Hla, Sagaing Division; U: Kumuda the Owner, handed it over to the Shwegyin Nikaya.

32. Mahabodhi Taung Baw (monastery), Taung Ye Seik Tract, Kyun Hla Township, Sagaing Division; it was U; Indaka Aramasamutthāpaka, (Present Estate Warden) who handed it over to the Shwegyin Nikāya.

33. Dhammasukha Forest Monastery, Taung Dabaung, Kyun Hla township, Sagaing Division; it was Shwe Daung U Sayadaw, Aramasamutthāpaka, (Present Estate Warden) who handed it over to the Shwegyin Nikāya.

34. Yay Bya Aye Monastery, Kyun Hla, Sagaing Division; Shwe Daung U Sayadaw the Owner handed it over to the Shwegyin

Nikāya.

35. Thayetkon Monastery, Taung Zoon, Bilin Township, Mon State; it was made Gaṇa Santaka (the Property of the Institute) by pouring the water of libation.
36. Mahaparittārāma, Paleik, Singaing Township, Sale Mahāparittāram Sayadaw the Owner, gave it to the Shwegyin Nikāya.
37. Mahābodhi Monastic Establishment, Kyaikhto, Mon State; it was Gaṇa Santaka (the Property of the Institute) from the very beginning.
38. Meghavana Monastic Establishment, Kyaikhto, Mon State; it was Gaṇa Santaka (the Property of the Institute) from the very beginning.
39. Mahābodhi Monastic Establishment, Yangin Township, Yangoṇ; by the decision of the Vinicchaya Board fromed under Section (gha) of the Four Methods, it was handed over by the Department of Religious Affairs on 28 March 1979 to the Central Shwegyin Nikāya.

**Five Events were recorded.**

I. On the question of using (exclusively) the Bowl ( Thabait) for taking meals during the Convention, the Paik Kyone Sayadaw, Associate Supreme Leader, has written his advice dated 24 February 1992 as follows:
It is correct that the invitation to the Convention has a clause reminding each invitee to bring his own bowl (Thabait) for two reasons:
   1. It is the Shwegyin way to keep the tradition (that a monk always keeps with him the bowl)
   2. It is for being Sāmaṇa-sāruppa (fit for a mendicant) and for anyone who choose to keep that appearance during the Convention.
   Nevertheless the reception Committee would provide plates, etc. The decision is up to an individual and the Convention would not say for or against the use of Thabait during meals at the Convention.

II. Pike Kyone Sayadaw also sent a written answer (no date) to the query on 'barley water' (? effervesecent drink) whether monks could consume it after the noon when no food is allowed. He suggested to find out 'the food value' of a drink and decide accordingly.

III. Congratulatory Addresses by various Nāyaka (Local Leaders)

where Vinaya examination centres are located were read and acclaimed with thanks.

IV. By the Jeyya Mangala Address by Ashin Paññāsiribhivaṁsa, Mangala Biman, New Mahāvisuddhārāma Monastic Establishment, Mandalay, the Thirteenth Shwegyin Nikāya Convention was declared open at 8:00 am on 1 March 1992. In the closing paragraph of the Address, it is clearly stated that this Convention is concerned with only religious affairs with reference to the continued success of the Shwegyin Nikāya.

V. The receipt of Ks. 13,000 from U: Ariya of Mogok Setwaing Shwegyin Monastery, Myawady, Kayin State, to defray the expenses of the Thirteenth Convention, was recorded with acclamation.

**Eight Resolutions were passed.**

I. All the theras who were formerly Shwegyin Nikāya Central Executive Committee members, now made Great Leaders of Large Experience and Great Knowledge (Rattennū Mahānāyaka) cased to be the members of the Central Executive Committee from this time whe thhey become Great Leaders.

II. By the Resolution No. 3/28 of the Shwegyin Nikāya Twelveth Convention, the Supreme Leader (Nikāyadhipati Ukkaṭṭha Mahānayaka Thathanabine), the Associate Supreme Leader (Nikāya Upa Ukkaṭṭha Mahānāyaka Twe Hpet Thathanabine) and Central Executive Committee Members (Gine Lone Wun Hsaung Nāyaka Sayadaws) would be selected and appointed only at the great Convention like this from now onward.

III. Except for the Supreme Leader and one of the five Associate Leaders, the number of Central Executive Committee Members shall not exceed 150 (one hundred and fifty). A thera from any place which has not been represented in the Central Executive Committee should be given first preference to be a candidate for any vacance in the membership.

IV. Sayadaws of the Shwegyin Nikāya Headquarters shall made the following official seals in the name of the Shwegyin Nikāya, for use of the Supreme Leader and Associate Supreme Leaders

(a) "Shwegyin Nikāya Dhipati Ukkatha Mahā Nāyaka" shall be inscribed in the seal of the Supreme Leader, Thathanabine.

(b) "Shwegyin Nikāya Upa Ukkaṭha Mahā Nāyaka" shall be inscribed in the seal of the Associate Supreme Leader.

V. Each of the Shwegyin Nikāya Great Leader of Large Experience and Great Knowledge shall receive the Appointment Order Signed by the Supreme Leader and Associate Supreme Leaders.

VI. Whenever and Wherever a new monastic establishment decides to become one of the Shwegyin Nikāya, this Convention made a request to the Ministry of Religious Affairs to try the case by a court with only Shwegyin Nikāya judges appointed specifically for each particular case with members of the State Central Saṅgha Council of the Most learned in the Vinaya.

VIII. The Centenary of Shwegyin Nikāya would be held in 1994 at the Shwegyin Nikāya Headquarters located in the New Mahāvisuddhārāma, Mandalay.

(Sd) Ashin Paṇḍita Mahāthera, Chairman of the Convention

(Sd) U: Agghiya, Chief Secretary of the Convention

THAN TUN 18 JULY 1993

ရွှေကျင်နိကာယ ဂဏသမုဒ္ဒပက

၄ ပ ၀၀ မ   ၄ ၅ ၈

# ရွှေကျင်သရာတော်ကြီး

နှစ်တစ်ရာပြည့် အထိမ်းအမှတ်

တ ၆ တ င